https://www.thitsarparamisociety.com/



**မြောင်းမြမြို့**
**ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်**
**ကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်**
**ဝေဠုဝတီ ဆရာတော်ဘုရားကြီး "ရှင်မုနိန္ဒ"၏ ပုံတော်**

၁၃၃၁-ခု၊ နှောင်းတန်ခူးလဆန်း ၁၄-ရက်
(၁၂-၄-၁၉၇၆) တနင်္လာနေ့ည ၉-နာရီ ၁၅-မိနစ်အချိန်
သက်တော် ၇၈၊ ဝါတော် ၅၈ တွင် ပျံလွန်တော်မူသည်။

https://www.thitsarparamisociety.com/

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


၁။ ဝေဠုဝတီဆရာတော် ဖြစ်တော်စဉ်အကျဉ်းချုပ် ... ၁

၂။ ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာ ၁၃ ပုဒ် ... ၃၁

၃။ ၁၃၂၄-ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပထမအကြိမ်မြောက်
ဟောကြားတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်... ၃၇

၄။ ဝါဆိုလပြည့်ကျော် ၈-ရက်နေ့တွင် ဒုတိယအကြိမ်မြောက်
ဟောကြားတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်... ၆၅

၅။ ဝါဆိုလကွယ်နေ့တွင် တတိယအကြိမ်မြောက်
ဟောကြားတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်... ၉၁

၆။ ဝါခေါင်လဆန်း ၈-ရက် စတုတ္ထအကြိမ်မြောက်
ဟောကြားတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်...၁၂၅

၇။ ဝါခေါင်လပြည့်နေ့တွင် ပဉ္စမအကြိမ်မြောက်
ဟောကြားတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်...၁၆၂

၈။ ဝါခေါင်လပြည့်ကျော် ၈-ရက်နေ့တွင် ဆဋ္ဌမအကြိမ်မြောက်
ဟောကြားတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်...၂၀၆

၉။ ဝေဠုဝတီ ဆရာတော်ဘုရားကြီး၏ မေတ္တာပို့ဘာဝနာ ... ၂၄၂

https://www.thitsarparamisociety.com/



# ဝေဠုဝတီ
# ဖြစ်တော်စဉ်များ အကျဉ်း

လောကဝ္၌ ပုဂ္ဂိုလ်ထူး၏အကြောင်းအရာဖြစ်စဉ်ကို သိသင့်သိထိုက်လှပေ၏ဟု ဆရာမြတ်တို့မိန့်ဆိုခဲ့ကြပေသည်။ ထိုအမိန့်အတိုင်း ဝေဠုဝတီဝိပဿနာတရားတော်များကို နာကြားမှတ်သားကြည့်ရှုအားထုတ်သောသူများသည်လည်း ဝေဠုဝတီဆရာတော်၏ဖြစ်စဉ်များကို သိသင့်လှပေသည်။ သို့မှသာ ပုဂ္ဂိုလ်ခင်၍တရားမင်နိုင်မည်။ ထို့ကြောင့်ဤစာအုပ်၌ ဝေဠုဝတီဆရာတော်၏ဖြစ်စဉ်များကို အကျဉ်းမျှတင်ပြရပေသည်။

ဝေဠုဝတီဆရာတော်သည်ကား ပခန်းစီရင်စု ရေစကြိုမြို့နယ်နန်းဦးကျေးရွာ၌ ၁၂၆၀–ခုနှစ်၊ တော်သလင်းလဆန်း(၃)ရက် ကြာသပတေးနေ့နံနက် ၄–နာရီအချိန်တွင် လူအဖြစ်သို့ရောက်ခဲ့သည်။ မိဘများကား ဦးရွှေသွယ်၊ ဒေါ်အေးဒုတ်တို့ဖြစ်ကြသည်။ မွေးချင်းခြောက်ယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်သည်။ မွေးချင်းခြောက်ယောက်မှာ...

၁။ မောင်သံစုံ (လူဝတ်ကြောင်ဖြင့်နေသည်)၊
၂။ မောင်ဘိုးလုံ (ဝေဠုဝတီဆရာတော်)၊
၃။ မောင်ဘိုးချို (ငယ်စဉ်ကကွယ်လွန်သည်)၊
၄။ မောင်ဘထုံ (နောင်ရဟန်းဝတ်၍ ဦးပညာဒီပဟုခေါ်သည်)၊
၅။ မောင်ဘညွန့် (လူဝတ်ကြောင်ဖြင့် ဝေဠုဝတီမှာနေသည်)၊
၆။ မလှမြိုင် (ခေါ်) မအမိတို့ဖြစ်ကြသည်။

မောင်ဘိုးလုံ (၉)နှစ်အရွယ်တွင် အဘိုးဦးသာညဏ်ကျောင်း၌ မြန်မာစာကိုသင်ယူခဲ့သည်။ ၂–နှစ်ကျော်မျှကြာသည်။ ၁၁–နှစ်သားအရွယ်တွင် နန်းဦးမင်းကျောင်းဆရာတော် အရှင်ပဏ္ဍိတကိုဥပဇ္ဈာယ်ပြု၍ ကိုရင်ဝတ်ခဲ့သည်။ ဘွဲ့တော်ကား“**ရှင်မုနိန္ဒ**”တည်း။ ကိုရင်ဘဝဖြင့် မင်းကျောင်းဆရာ

https://www.thitsarparamisociety.com/



တော်ထံ၌ မဟာနမက္ကာရဘုရားရှိခိုး၊ ပရိတ်ကြီးစသောသူငယ်စာများ၊ သဒ္ဒါ၊ သင်္ဂြိုလ်၊ ညဝါစသော ပရိယတ်အခြေပြုကျမ်းစာများကိုသင်ယူခဲ့သည်။ ၎င်းက ကျော်တက်ပြီးသောအခါ စာသင်ဖက်ကျောင်းသားကိုရင်များအားသင်္ဂြိုလ်ကျမ်းကိုတဆင့်ပို့ချပေးရသည်။

၁၄–နှစ်သားအရွယ် ထိုးကွင်းထိုးရန် လူဝတ်လဲခဲ့သည်။ လူ့ဘောင်၌အနေကြာသဖြင့် သင်္ကန်းပြန်မဝတ်ဘဲ နေသည်။ မင်းကျောင်းဆရာတော်သည် ကိုရင်လူထွက် မောင်ဘိုးလုံ၏ပညာဉာဏ်ကိုသိသဖြင့် သင်္ကန်းပြန်ဝတ်ခိုင်းသည်၊ မရ။ အိမ်သို့ကြွလာသော မင်းကျောင်းဆရာတော်ကိုပင် အတွေ့မခံတော့ပေ။ သို့သော် မင်းကျောင်းဆရာတော်၏ကြိုးပမ်းမှုကြောင့် မောင်ဘိုးလုံတစ်ယောက် ကျောင်းသို့ရောက်ခဲ့ရသည်။ ကျောင်းစာရေး ရေးပြီးသောပေရွက်များကို စစ်ဆေးပေးရသည်။ တစ်နေ့ ပေရွက်ကြည့်ရှုနေစဉ် မင်းကျောင်းဆရာတော်က "ငရုပ်သီးပိုးဟာ ငရုပ်သီးထဲပျော်တာဘဲ၊ အသုံးမကျချင်တဲ့လူလည်း ရွာထဲပျော်တာဘဲ"ဟုမြည်တွန်ကာ မောင်ဘိုးလုံကို ကိုရင်ပြန်ဝတ်ပေးခဲ့သည်။ အသက် ၁၆–နှစ်အရွယ်ဖြစ်သည်။ ရှင်မုနိန္ဒသည် ကိုရင်ပြန်ဝတ်ပြီးနောက် မင်းကျောင်းဆရာတော်ထံ၌ပင် ပါဠိတော်၊ အဋ္ဌကထာများကို ဆက်လက်သင်ယူသည်။

ရှင်မုနိန္ဒ ၁၉–နှစ်သားအရွယ်တွင် မင်းကျောင်းဆရာတော် အရှင်ပဏ္ဍိတ ပျံလွန်တော်မူသည်။ ဆရာတော်ထံ၌ နောက်ဆုံးသင်ယူလိုက်သောကျမ်းကား ဝစ္စဝါစက သဒ္ဒါငယ်ကျမ်းဖြစ်သည်။ မင်းကျောင်း၌ အရှင်ပဏ္ဍိတ မရှိသည့်နောက် ကျိုက်လတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် စာချဆရာတော် အရှင်ကေတု ကြွရောက်သီတင်းသုံးသည်။ ထိုဆရာတော်ကား ရှင်မုနိန္ဒနှင့်ညီအစ်ကို နှစ်ဝမ်းကွဲတော်စပ်သည်။ နှစ်ပါးစလုံး အရှင်ပဏ္ဍိတ၏တပည့်များဖြစ်ကြသည်။

ရှင်မုနိန္ဒသည် ၁၂၇၉–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅–ရက်နေ့လည်အချိန်တွင် မင်းကျောင်းတိုက် (မြောက်ကျောင်း) ဆရာတော် အရှင်သုဇာတ

https://www.thitsarparamisociety.com/



ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ရောက်ခဲ့သည်။ ရဟန်းဒကာများကား နန်းဦးသူကြီးမင်း သွေးသောက်ဘွဲ့ရ ဦးမောင်မောင်၊ ဒေါ်တင်ပု သားသမီး တစ်စုတို့ဖြစ်ကြသည်။ ဦးမောင်မောင်ကား သီပေါမင်းလက်ထက်တွင် ရွှေ တိုက်စာရင်းဝင် သွေးသောက်ဘွဲ့ရ သူကြီးဖြစ်သည်။ အင်္ဂလိပ်တက်လာသော အခါ သူကြီး၁၀-ယောက်ပိုင်သူကြီးအဖြစ် ဆက်လက်အမှုထမ်းရသည်။ ရာ ထူးအရှိန်အဝါကြောင့် လူများစုသည် သူကြီးကခေါ်လျှင်"ဘုရား"ထူးရသည်။ အရှင်မုနိန္ဒ ကလေးဘဝက သူကြီးမင်းကခေါ်ရာ"ဘုရား"မထူးဘဲနေသည်။ လူကြီးများက"ဘုရားလို့ထူးလိုက်၊ ထူးလိုက်"ဟုခိုင်းရာ ဘာလို့ဘုရားထူး ရမှာလဲ၊ ဘုရားဆိုရင် တင်ပလ္လင်ခွေပြီး မျက်စိမှိတ်မှာပေါ့။ သူကလူဘဲ၊ သူလည်းလူ၊ ကိုယ်လည်းလူ၊ မထူးနိုင်ဘူးဟုပြန်ပြောခဲ့သည်။ ထိုကဲ့သို့ပြော သည်ကို ဦးမောင်မောင်ကသဘောကျသဖြင့် ရှင်မုနိန္ဒအသက်စေ့သောအခါ ရဟန်းခံပေးသည်ဟုဆိုသည်။

ရှင်မုနိန္ဒ ရဟန်းဖြစ်ပြီးနောက် မင်းကျောင်းဆရာတော် အရှင်ကေတု ထံမှာပင် ဝိနည်းငါးကျမ်းနှင့်တကွ ပိဋကတ်အခြေခံကျမ်းစာများကို ဆက်လက် သင်ယူသည်။ ရဟန်းသုံးဝါမျှကြာသည်။ အရှင်ကေတုသည် အရှင်မုနိန္ဒ၏ပညာ အရည်အချင်းကိုသိသဖြင့် မင်းခုနေ သကျသီဟ စာမေးပွဲဖြေခိုင်းရရင်တော့ ဖြစ်မှာဘဲ။ ဒါပေမယ့် ကိုယ်ချင်းစာပါတယ်၊ မဖြေခိုင်းတော့ပါဘူးဟု ပြော ကြားခဲ့သည်။ ဆရာတော်အရှင်ကေတုကား နောင်တစ်ချိန်တွင် မြန်မာပြည် မှာ အကျော်အမော်တစ်ပါးဖြစ်ရမည်ဟု ရည်ရွယ်ချက်ဖြင့်စာသင်သည်။ ၅- ဝါအရတွင် နေ့ဝါညဝါကုန်ဆုံးပြီး ဒုလာရောဂါစွဲကပ်သည်။ ထို့ကြောင့် ကိုယ်ချင်းစာသဖြင့် စာသင်သားများအား စာမေးပွဲဖြေမခိုင်းဟုဆိုသည်။ အ ရှင်မုနိန္ဒသည် ဆရာတော်ကေတုထံမှာစာလိုက်ရင်း ကျောင်းသားကိုရင်များ ကိုလည်း ထိန်းသိမ်းအုပ်ချုပ်ခဲ့ရသည်။ ဒကာ၊ ဒကာမများကိုလည်း တရား ဟောပေးရသည်။

၁၂၈၂-ခုနှစ် ရဟန်း၃-ဝါအရတွင် ပခုက္ကူမြို့ မဟာဝိဇယာရာမ (အရှေ့) တိုက်သို့ တေမျှော်တောင်ကျောင်းဆရာတော်၊ အရှင်တိသာသနလိုက်

https://www.thitsarparamisociety.com/



ပို့သဖြင့် ရောက်ခဲ့သည်။ ၁၂၈၃-ခုနှစ်ဝါဆိုလတွင် ဆရာတော်အရှင်ဇဝန (အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု)ထံ၌ သီလက္ခန် အဋ္ဌကထာကိုဆိုခွင့်ရသည်။ စာဆိုဖက်ကား လယ်တီ အရှင်ကုသုမ(တောင်ငူမြို့၊ ကေတုမတီ၊ သံတံတားဦးကျောင်း ဆရာတော်)ဖြစ်သည်။ အရှင်ကုသုမက မိမိဆိုခွင့်ရသောစာဝါကို အရှင်မုနိန္ဒအားပေးခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ (တပည့်တော် သီလက္ခန်အဋ္ဌကထာဆိုရတာ ဦးကုသုမကပေးလို့ ဆိုရတာ၊ သူဟာ တပည့်တော်ရဲ့ကျေးဇူးရှင်ဘဲ)ဟု ဝေဠုဝတီဆရာတော်ကမိန့်လေ့ရှိသည်။

၁၂၈၄-ခုနှစ် ရဟန်း ၅-ဝါအရတွင် သုတ်မဟာ ဝါအဋ္ဌကထာကို ဆိုရသည်။ "ဒီပုဂ္ဂိုလ် စာချခန့်သင့်ပြီ"ဟု စာသင်သားတို့၏လျှောက်ထားမှုကြောင့် စာချဖြစ်ခဲ့သည်။ ပခုက္ကူအရှေ့တိုက်၌ ထင်ရှားသော စာချဆရာတော်များတွင် အဦးဆုံးစာချဘုန်းကြီးဖြစ်ခဲ့သည်။ အရှင်မုနိန္ဒသည် စာချဘုန်းကြီးဖြစ်ပေမယ့် ဆရာတော်ကြီးထံ စာတစ်ဝါအမြဲဆိုရသည်။ ဆရာတော်ကြီးသည် အရှင်မုနိန္ဒစာဆိုလျှင် မိမိသက်သာသဖြင့် အမြဲဆိုခိုင်းသည်။ အရှင်မုနိန္ဒနေမကောင်းသဖြင့် စာဝါပျက်ပါက ဆရာတော်ကြီးမကြိုက်ပေ။ ထို့ကြောင့် အရှင်မုနိန္ဒသည် စာဝါမပျက်အောင် အထူးကြိုးစားရသည်။ ထိုအချိန်ကား အရှင်မုနိန္ဒ၌လေရောဂါဖြစ်နေသည်။ လေရောဂါကြောင့် စာဆိုလျှင်ဝမ်းဗိုက်အောင့်၍ သင်းပိုင်ခုကာစာဆိုရသည်။ အရှင်မုနိန္ဒ၏စာဆိုမှုကို ဆရာတော်ကြီးသဘောကျခြင်းမှာ စာမြင်ခြင်း၊ အသံအောင်ခြင်းတို့ကြောင့် ဖြစ်သည်။ အရှင်မုနိန္ဒသည် စာဆိုရာတွင် ဆရာတော်ကြီးရှေ့က အနက်တစ်နက် ပြောင်းချင်လို့(ဟင်)ဟုလုပ်လိုက်လျှင် အရှင်မုနိန္ဒက တစ်နက်ပြောင်းပြီးဆိုသည်။ နောက်(ဟင်)လုပ်ပြန်ပါက အနက်တစ်နက်ပြောင်းဆိုသည်။ ဤသို့ စာဆိုနိုင်သည်ကို စာလိုက်သံဃာများက "ဆရာတော်ကြီး၏အာဘော်ကို သိပါပေတယ်"ဟု ချီးကျူးကြသည်။ အရှင်မုနိန္ဒသည် ပခုက္ကူ စာချနည်းကို သီလက္ခန်အဋ္ဌကထာအကုန်တွင် ပိုင်နိုင်ခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍"ပခုက္ကူစာချနည်းက သဒ္ဒါတတ်ရင် မခက်ပါဘူး၊ တပည့်တော်တော့.... သီလက္ခန်အဋ္ဌကထာဘဲ ဆရာတော်ချပေးရတယ်။ နောက်စာဝါတွေကျတော့ ကိုယ့်ဟာကိုယ်ဆိုနိုင်သွားတာပါဘဲ"ဟု ဝေဠုဝတီဆရာတော်မိန့်လေ့ရှိသည်။

https://www.thitsarparamisociety.com/



အရှင်မုနိန္ဒစာဆိုစဉ်က အရှေ့တိုက်ဆရာတော်ကြီး၏ စာဝါ၌ စာလိုက်သံဃာ သုံးရာကျော်မျှ ရှိသည်ဟုဆိုသည်။ အရှင်မုနိန္ဒသည် ထိုသံဃာတွေအကုန်ကြား အောင်စာဆိုရသည်။ တခါတရံ မကြားပါက နောက်ကသံဃာတွေကြားအောင် ဆိုပေးဖို့ စာပစ်ခံရသည်။

အရှင်မုနိန္ဒသည် ပခုက္ကူနေစဉ်က စာချတာဝန်အပြင် တရားဟော တာဝန်ကိုလည်းယူရသည်။ ပခုက္ကူရောက်စနှစ် ဝါဆိုဦးတွင် ဥပုသ်ဇရပ်၌ တရားဟောခဲ့သည်။ ဆရာတော်ကြီးသိသဖြင့် သာရေးနာရေးများ၌ မိမိနှင့် တွဲကာ တရားဟောခိုင်းသည်။ တရားဟောကောင်းသဖြင့် ဆရာတော်ကြီး နှင့်အတူ တောရွာများပါမကျန် လိုက်ဟောရသည်။ ထိုသို့ နယ်ဘက်ထွက် ဟောရာတွင် သေယောက်နယ်ဘက်၌ အများဆုံးဖြစ်သည်။

တခါက သေယောက်နယ် ညတရားပွဲတစ်ခု၌ အရှင်မုနိန္ဒသည် ယှုပ်လှဲ့တရားကို အသံနေအသံထားနှင့်ဟောခဲ့သည်။ တရားဟောပြီးသော အခါ ဆရာတော်များက “ ဝိနည်းစည်းကမ်းနဲ့လည်းလွတ်အောင်၊ ကြားနာရ သူလည်း နာပျော်အောင် ဟောတတ်ပါပေတယ်”ဟုချီးကျူးကြသည်။ အရှေ့ တိုက်မှ အရှင်မုနိန္ဒကတရားဟောသလို အနောက်တိုက်မှ အရှင်အဂ္ဂဝံသနှင့် အရှင်ပုညတို့ကလည်း ဟောကြသည်။ ထိုအချိန်က ပခုက္ကူ၌ “အရှေ့ကတည် သည်၊ အနောက်ကညုသည်”ဟု ပြောလေ့ရှိကြသည်။ အရှေ့တိုက်မှ အရှင် မုနိန္ဒက တရားဟောလျှင် ပီပီသသနှင့်တည်တည်ဟောသည်။ အနောက်တိုက် မှ အရှင်ပုညက ဝင္ဂဝတ္ထုဘေဒနီ တရားစာအုပ်ပါဂါထာများကို သနားစဖွယ် ဖြစ်အောင် ညုသံနှင့်ဟောသည်ဟုဆိုသည်။ အရှင်အဂ္ဂဝံသကား အရှင်မုနိန္ဒ နှင့်သက်တူရွယ်တူဖြစ်သည်။

မန္တလေးအိမ်တော်ရာတန်ဆောင်း၌ အမြဲတရားဟောရသည့်ဓမ္မကထိ က တစ်ပါးဖြစ်သည်။ ဒေသနာ စိန်မြကုံးတရားစာဖြင့် ထင်ရှားသည်။ ထို အရှင်နှင့်အရှင်မုနိန္ဒတို့ မြို့ပေါ်၌တရားပြိုင်ဟောဖို့ ကိစ္စတစ်ခုကြုံခဲ့ဖူးသည်။ ပခုက္ကူမြို့ပေါ်မှဒကာတစ်ဦးက အရှေ့တိုက်နှင့်အနောက်တိုက်အတွင်း၌ ပိဋကတ်တိုက်တစ်လုံးစီဆောက်လုပ်လှူဒါန်းသည်။ ရေစက်ချပွဲကိုလည်း တ

https://www.thitsarparamisociety.com/



ချိန်တည်းကျင်းပသည်။ အနောက်တိုက်အတွက် အရှင်အဂ္ဂဝံသက တရားဟောရေစက်ချသည်။ အရှေ့တိုက်အတွက် အရှင်မုနိန္ဒကတရားဟောရေစက်ချသည်။ အရှင်နှစ်ပါး၏အစွမ်းကိုသိလို၍ တစ်ပြိုင်နက်ကျင်းပခြင်းဖြစ်သည်ဟုဆိုသည်။ အရှင်မုနိန္ဒသည် တရားဟောကိစ္စအပြင် သိမ်သမုတ်ခြင်း၊ ရဟန်းခံခြင်းစသောကိစ္စများကိုလည်း ဆောင်ရွက်ခဲ့ရသည်။

အရှင်မုနိန္ဒသည် ဘုံပျံကျောင်း၌ ၆-နှစ်တိုင်တိုင် ကျောင်းဘုန်းကြီးအဖြစ်ဖြင့် နေခဲ့ရသည်။ ဘုံပျံကျောင်းကို လွှထောင်ဦးဖေက ဆောက်လုပ်လှူဒါန်းသဖြင့် လွှထောင်ကျောင်းဟုလည်း ခေါ်သည်။ ဦးဖေသည် အရှင်မုနိန္ဒ အတွက် တိုက်ကျောင်းတစ်ဆောင် ဆောက်လုပ်ခဲ့သည်။ အရှင်မုနိန္ဒသည် တိုက်ကျောင်းမပြီးမီ အုတ်စီ၍ တံခါးပေါက် အရောက်တွင် နန်းဦးမင်းကျောင်းဆရာတော် အရှင်ကေတု၏ "ပခုက္ကူမှာ ဒါလောက်ဆို တော်ပါပြီ။ မန္တလေးသွားပါအုံး"ဟု မိန့်ကြားသောကြောင့် မန္တလေးသို့ပြောင်းရွှေ့ခဲ့ရသည်။ ၁၂၈၈-ခုနှစ် ရဟန်း(၉)ဝါအရတွင်ဖြစ်သည်။ အရှင်မုနိန္ဒနှင့်အတူ တွံတေးဆရာတော် အရှင်ကုသလ၊ အရှင်ကုသုမစသော သူငယ်ချင်းများလည်း လိုက်ခဲ့ကြသည်။

မန္တလေးမြို့ ဘုရားကြီးတိုက် ဦးငြိမ်းကျောင်း၊ တောင်ထီးလင်းတိုက် ခေမာသီဝံကျောင်း၊ အနောက်ပြင်တိုက်တော်၊ အေးကျောင်း၊ အရှေ့ပြင် ဗန်းမော်တိုက်၊ တောင်မြို့တို့၌ သီတင်းသုံးခဲ့သည်။ မန္တလေး၌နေစဉ် ထင်ရှားကျော်ကြားသော စာချဆရာတော်များထံတွင် စာဝါလိုက်ခဲ့သည်။ ထိုဆရာတော်များအနက် ဘုရားကြီးတိုက်ဆရာတော် ဦးဇာဂရကြီးထံ၌ ဘေဒစိတ္တာ သဒ္ဒါကျမ်း၊ ဆရာတော် အရှင်နာရဒထံ၌ မူလဋီကာ၊ ဆရာတော် ဦးပခန်း၊ ညောင်ကန်တိုက်ဆရာတော် အရှင်ဇ္ဇုန္ဒထံတွင် မန္တလေးစာသင်နည်းများကို သင်ယူခဲ့သည်။ အနောက်ပြင် ဆင်တဲတိုက်ဟောင်း၊ ထနောင်းတိုင်ဆရာတော် အရှင်လက္ခဏ၊ တောင်သမန်တိုက် မေဃဝတီကျောင်းဆရာတော် အရှင်ဝိမလတို့ထံ၌ ဋီကာကျော်ကို ထပ်ဆင့်သင်ယူခဲ့သည်။ ထနောင်းတိုင် ဆရာတော်ကား သဂြိုလ်သရုပ် အတော်ပိုင်နိုင်သည်။ ဋီကာကျော်တက်ရင်သဂြိုလ်

https://www.thitsarparamisociety.com/



သရုပ်တော့နိုင်မှဖြစ်မှာပေါ့ဟု မိန့်လေ့ရှိသည်။ အရှင်မုနိန္ဒသည် အရှင်ကုသလနှင့်တွဲကာ ဆန်းကျမ်း ပတ္ထရာခန်းအတွက် မိုးကောင်းဆင်တဲတိုက် ကံဦးဆရာတော်ထံ ဗေဒင်ပညာကို လက်ရိုးကုန်သည်အထိသင်ယူခဲ့သည်။ အရှင်ကုသလကား ဗေဒင်လက်ရိုးကို တစ်နှစ်နှင့်အပြီးသင်ယူသည်။ အခြားသူတွေ သုံးနှစ်သင်ရသည်ကို တစ်နှစ်ထဲနှင့်ကုန်သဖြင့် ကံဦးဆရာတော်က ချီးကျူးသည်။ အရှင်မုနိန္ဒကား ဗေဒင်ပညာကို ဂဏန်းတွက်တတ်ဖို့ အဓိကထား သင်ယူသည်။ ဗေဒင်သင်ပြီးနောက် အရှေ့ပြင် ဗန်းမော်တိုက်ဆရာတော်အရှင်အာသဘထံ ဆန်းကျမ်း၊ အလင်္ကာကျမ်းများကိုသင်ယူသည်၊ တစ်ဝါမျှကြာသည်။

ဘုံကျော်တိုက် ဒေါင်းကျောင်းဆရာတော် အရှင်ဃောသိတထံ၌ အဋ္ဌသာလိနီကျမ်းကို သင်ယူသည်။ ထိုဆရာတော်ကား အဋ္ဌသာလိနီ အဋ္ဌကထာ အကြောင်းပြောရင်း“နာမည်မှည့်ရင် ဋ္ဌတ္ထိလိင်နဲ့မှည့်ရတယ်၊ ဒါမှ စိုပြေတယ်”ဟု မိန်လေ့သည်။ ထိုမှတဖန် တောင်မြို့၌တစ်ဝါဆိုကာ ညဝါတက်ခဲ့သည်။ အရှင်မုနိန္ဒသည် လေးဝါမျှအကြာတွင် မန္တလေးနည်းကိုပိုင်နိုင်ခဲ့သည်။ ပခုက္ကူစာသင်နည်းနှင့်မန္တလေးစာသင်နည်းသည် တစ်မျိုးစီဖြစ်သည်။

အရှင်မုနိန္ဒမန္တလေးရောက်စက ဆရာတော်များက“ဘယ်မှာနေခဲ့ဖူးသလဲ”ဟုမေးသည်။ “ပခုက္ကူမှာနေခဲ့ပါတယ်ဘုရား”ဟုလျှောက်ရာ ပျက်ပြီပျက်ပြီဟု မိန့်လေ့ရှိသည်။ ဆရာတော်များ၏အာဘော်မှာ ပခုက္ကူနည်းသည် အနက်ကိုသာအဓိကထားပို့ချသဖြင့် စာကုန်ပေမယ့် အဓိပ္ပါယ်မသိ၍ စာမတတ်ဟုဆိုသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဝေဠုဝတီဆရာတော်က “တပည့်တော်တော့ မန္တလေးရောက်မှစာတတ်တာဘဲ၊ မန္တလေးနည်းက စာအဓိပ္ပါယ်ပိုမြင်တယ်”ဟု မိန့်လေ့ရှိတယ်။

အရှင်မုနိန္ဒသည် ၁၂-ဝါအရတွင် အနောက်ပြင်တိုက်တော် အေးကျောင်း၌ သီတင်းသုံးကာ အဋ္ဌသာလိနီအဋ္ဌကထာကို ပို့ချခဲ့သည်။ ၁၂၉၂-

https://www.thitsarparamisociety.com/



ခုနှစ်ဝါကျွတ်တွင် အရှေ့ပြင်ဘုန်းကြီးပျံသို့ တိုက်အုပ်ဆရာတော်နှင့်လိုက်သွားခဲ့သည်။ ထိုဘုန်းကြီးပျံ၌ သင်္ဃာတော်များသည် မိန်းမတွေနှင့်ရောကာ သေနတ်ပစ်ကစားနေကြသည်။ ထိုအချင်းအရာသည် "အော်…သံဃာတွေ ဒီလိုဖြစ်နေပါပေါ့လား၊ သာသနာတော်ကြီးတော့ ပျက်စီးပါပြီ၊ မကောင်းတော့ပါဘူး"ဟု အရှင်မုနိန္ဒအား သံဝေဂဖြစ်စေခဲ့သည်။ ထိုစိတ်ကိုဖျောက်လို့မရသည့်အဆုံး "သာသနာတော်မှာ ဒီအတိုင်းနေလို့တော့မဖြစ်တော့ဘူး။ လူရင်လဲထွက်မှဖြစ်မယ်၊ တောရင်လဲထွက်မှဖြစ်မယ်"ဟုကြံစည်မိသည်။ "လူထွက်လို့တော့မတော်ဘူး၊ တောထွက်မှဖြစ်မယ်"ဟု တောထွက်ဖို့ဆုံးဖြတ်ခဲ့သည်။

ဆုံးဖြတ်ပြီးနောက် တောထွက်လျှင် အစားအသောက်နှင့်ပတ်သက်၍ ကျင့်သားရအောင် ဟင်းမပါဘဲဆားနှင့်ဆွမ်းစားသည်။ ခုနစ်ရက် ကျင့်ယူရသည်။ ကျင့်သားရသောအခါ အရှင်ကုသလနှင့် တရားအားထုတ်ဖို့ နေရာလိုက်ရှာသည်။ စစ်ကိုင်းတောင်နှင့်မင်းကွန်းတဝိုက် အနှံ့ရောက်သည်။ စိတ်ကြိုက်နေရာမတွေ့ဟု ဆိုသည်။ တစ်နေ့ ရွှေရေးဆောင် ဆရာတော်ဦးကြည်ထံ စာလိုက်စဉ် "ညောင်လွန့် ဦးမေဓာဝီတို့တော့ ရဟန္တာဖြစ်ပြီလို့ ကြားရသဗျာ" ဟု… ဆရာတော်ဦးကြည်၏ ပြောသံကြားရသည်။ ထိုသတင်းအရ ညောင်လွန့်သို့သွားရန် ဆုံးဖြတ်ခဲ့သည်။ ညောင်လွန့်ဆရာတော်အရှင်မေဓာဝီသည်ကား ကိုရင်ဘဝကတည်းက အားထုတ်ခဲ့သည်။ မန္တလေးမြို့ဘုရားကြီးတိုက်၌စာသင်ပြီးနောက် မိုးနံကုန်းဆရာတော်ကြီးနှင့် တောထွက်ခဲ့သည်။ ရမည်းသင်းမြို့နယ် ညောင်လွန့်ဘူတာအနီး ပျော်ရွှာတောကျောင်း၌ သီတင်းသုံးခဲ့သည်။ မိုးနံကုန်းဆရာတော်ကြီးမရှိသည့်နောက် တိုက်တာကို ကိုအုပ်ချုပ်ကာ စာပေပို့ချရင်း တရားအားထုတ်ခဲ့သည်။ ထိုခေတ်က ရဟန္တာဟု ကျော်ကြားသည်။ မိမိထံသို့ တရားအားထုတ်ရန်လာသူများကို အထူးစောင့်ရှောက်သည်ဟု ဆိုသည်။

အရှင်မုနိန္ဒသည် အရှင်အာစာရ(ရွှေဥမင်)နှင့် မန္တလေးမှညောင်လွန့်သို့ ထွက်ခဲ့သည်။ ၁၃-ဝါအရတွင် ဖြစ်သည်။ ၁၂၉၂-ခုနှစ်၊ နတ်တော်လ

https://www.thitsarparamisociety.com/



ကွယ်နေ့တွင် ညောင်လွန့်ပျော်ရှာ တောကျောင်းသို့ရောက်သည်။ ကျောင်းတိုက်အတွင်းဝင်မိလျှင် အရှင်မုနိန္ဒ၏စိတ်များ အေးချမ်းသွားသည်၊ အော်... သာသနာအစစ်အမှန်ဆိုတာ ဒီမှာရှိပါသေးလား၊ အမှန်က သာသနာကမကောင်းတာမဟုတ်၊ ပုဂ္ဂိုလ်က မကောင်းတာပါလားဟု စိတ်ပြောင်းသွားခဲ့သည်။ သို့သော် ဆရာတော်ထံရောက်သောအခါ ကျောင်းတိုက်၌နေခွင့်မရပါချေ။ ထိုနှစ်က ရမည်းသင်းနယ်တစ်ဝိုက် မိုးခေါင်သဖြင့် အစားအစာအတော်ရှားသည်ဟုဆိုသည်။ ဆွမ်းအတွက်အခက်အခဲရှိမှုကြောင့် ညောင်လွန့်ဆရာတော်သည် သံဃာအသစ်များကိုလက်မခံဘဲ စာရင်းပိတ်ထားသည်၊ သို့အတွက်ကြောင့် အရှင်မုနိန္ဒတို့နေထိုင်ခွင့်မရခြင်းဖြစ်သည်။

အရှင်မုနိန္ဒတို့သည် နေခွင့်မရသဖြင့် စိတ်ပျက်မိကြသည်။ ညတွင် "ကိုယ်တော်ထွက်လာမှတော့ မန္တလေးမပြန်တော့ဘူး၊ တောကျောင်းတစ်ကျောင်းမှာနေပြီး ဝိသုဒ္ဓိမဂ်ကြည့်လုပ်မယ်"ဟု နှစ်ပါးတိုင်ပင်ကြသည်။ ထိုစကားကို ကျောင်းဘုန်းကြီးဦးအလက်ာကြားသဖြင့် ညောင်လွန့်ဆရာတော်အား လျှောက်ထားသည်။ ညောင်လွန့်ဆရာတော်ကြီးသည် ဝိသုဒ္ဓိမဂ်ကြည့်လုပ်မည်ဆိုသဖြင့် အရှင်မုနိန္ဒတို့အတွက်စိုးရိမ်ကာ "မနေ့ကကိုယ်တော်နှစ်ပါး လက်ခံထားလိုက်ဟု...အမိန့်ရှိသဖြင့် နေထိုင်ခွင့်ရခဲ့သည်။ ညောင်လွန့်ဆရာတော်သည် အရှင်မုနိန္ဒတို့ကိုခေါ်ကာ "ကိုယ်တော်တို့က မြို့ကလာတဲ့လူတွေမို့လက်မခံတာပါ၊ တပည့်တော်ဆီက အစားအသောက်ဆင်းရဲတယ်"ဟု ပြောပြီး၊ ဦးဇင်းကလေး စာမသန်နဲ့၊ စာအတိုင်းလုပ်လို့ဖြစ်မယ်ဆိုရင် ဒို့ဖြစ်တာကြာပြီ၊ သမထလေးဆယ် ဒို့မလုပ်ဖူးတာမရှိဘူးဟု အရှင်မုနိန္ဒအား သတိပေးလေသည်။ ဤသို့အမိန့်ရှိပြီးနောက် "တပည့်တော်များ လုပ်ထုံးကတခြားမဟုတ်ပါဘူး၊ ကိုယ်တော်တို့မြင်းခြံက စွန်းလွန်းဦးကဝိနည်းပါဘဲ၊ အာနာပါနရှုပေး၊ ဝင်သိထွက်သိ၊ ခန္ဓာကိုယ်ထဲဝေဒနာပေါ်လာရင် ဝေဒနာကိုသိပေးပေါ့"ဟုမိန့်လိုက်လေသည်။

အရှင်မုနိန္ဒတို့ကတော့ တရားပေးသည်ကိုပေးမှန်းမသိ၊ ဒို့တော့တိုက်ထဲနေခွင့်ရပြီ၊ ဘယ်တော့တရားပေးမလဲမသိဘူးဟုတွေးကာ နေကြ

https://www.thitsarparamisociety.com/



သည်။ တစ်ရက်နှစ်ရက်ကြာသောအခါ ညောင်လွန့်ဆရာတော်ထံ တရားပေးသနားဖို့ လျှောက်ထားကြသည်။ ထိုအခါ ညောင်လွန့်ဆရာတော်က“တရားလုပ်ဖို့ တနေ့ကပေးပြီးပြီဘဲ၊ ဘယ်နှစ်ခါပေးရအုံးမှာလဲ” ဟုပြောကာ ငေါက်လွှတ်လိုက်သည်။ ဒီတော့မှ“တနေ့ကပြောတာ တရားပေးတာပါလား”ဟု သိကြတော့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ “ဒို့ကစာသမားတွေဆိုတော့ တရားပေးတာ နားမလည်ဘူး”ဟု ဝေဠုဝတီဆရာတော် မိန့်လေ့ရှိသည်။

အရှင်မုနိန္ဒတို့သည် ထိုနေ့မှစ၍ တရားကိုကြိုးစားအားထုတ်ကြသည်။ အလွန်အေးချမ်းသောပြာသိုလမှာပင် ချွေးဒီးဒီးကျသည်ဟုဆိုသည်။ မိမိလုပ်သမျှကို (၇)-ရက်တစ်ခါ ဆရာတော်ကြီးအားဝတ်ပြုရင်း လျှောက်ထားရသည်။ အရှင်မုနိန္ဒသည် တရားအားထုတ်စက အာရုံထဲ၌ မဲမှောင်ပြီးအရောင်ထွက်သော သပိတ်လုံးလောက်ရှိသည့်အလုံးကြီးတစ်လုံးကိုတွေ့သည်။ ညောင်လွန့်ဆရာတော်အား လျှောက်ထားရာ“ အဲဒါ မောဟလုံးကွ မောဟအရိပ်အရောင်ထွက်တာ”ဟု အမိန့်ရှိလေသည်။ ညောင်လွန့်ဆရာတော်သည် လူတွေ့တိုင်း တရားအားမထုတ်ခိုင်း။ တကယ်လိုချင်ချင်နှင့် အားထုတ်သူကိုကား အထူးစောင့်ရှောက်သည်။

တရားအကြောင်းနှင့်ပတ်သက်၍ကား သံဃာတော်များအားမိန့်ကြားလေ့ရှိသည်။ တနေ့ဥပုသ်ပြုအပြီးတွင် “စိတ်တရားကို မမြင်ရဘူးလို့ပြောကြတယ်၊ လုပ်ကြည့်ပါ၊ မြင်ရပါတယ်”ဟု မိန့်လေသည်။ အရှင်မုနိန္ဒတို့ညောင်လွန့်ရောက်၍ တစ်လလောက်အကြာတွင် အရှင်အာစရ ပြန်ကြွသွားရသည်။ အရပ်ဆရာတော် နေမကောင်းသောကြောင့်ဖြစ်သည်။ အရှင်မုနိန္ဒသည် အရှင်အာစရပြန်သွားပြီးနောက် ကျောက်ပန်းတောင်းမှအရှင်စန္ဒနှင့်တွဲကာ တရားအားထုတ်ခဲ့သည်။ ထိုအရှင်သည်ပင် အရှင်မုနိန္ဒအား ညောင်လွန့်နေသမျှပတ်လုံး ဆွမ်းခံကျွေးခဲ့သည်။ ၁၂၉၂-ခုနှစ်၊ နွေဦးရောက်သောအခါ နေပူပြင်းမှုကြောင့် ညောင်လွန့်၌ သံဃာတော်များ မကျန်းမမာဖြစ်ကြသည်။

https://www.thitsarparamisociety.com/



သံဃာသုံးပါးမျှ ပျံလွန်တော်မူသည်။ ဤသို့ ရာသီဥတု ပူပြင်းမှုကြောင့် အရှင်မုနိန္ဒသည် သင့်တော်သောနေရာသို့သွားဖို့ ကြံစည်မိသည်၊ ဘီလူးကျွန်းမှအရှင်ခေမာက သူတို့ဆီလိုက်ဖို့ပင့်သဖြင့် လိုက်မည်ဟုပြောထားသည်။ ညောင်လွန့်ဆရာတော်အား လျှောက်သောအခါ "ဦးဇင်းတရားအားထုတ်တယ်ဆိုတာ တစ်နေရာထဲအားထုတ်ရတယ်၊ နေရာမရှာရဘူး။ ရောက်တဲ့နေရာမှာဘဲ လွန်မြောက်အောင်အားထုတ်ရတယ်။ နေရာဆိုတာ ပုဂ္ဂိုလ်ကြိုက်၊ စာတ်ကြိုက်လို့နှစ်မျိုးရှိတယ်။ ပုဂ္ဂိုလ်ကဆိတ်ငြိမ်တဲ့နေရာကြိုက်ပေမဲ့ အတွင်းဓါတ်ကမကြိုက်ဘူး။ အတွင်းဓါတ်ကမကြိုက်ဘဲနဲ့ ပုဂ္ဂိုလ်က ကြိုက်ချင်ကြိုက်နေရော။ ဒီတော့ တရားလုပ်လို့ကိုမဖြစ်ဘူး။ နေရာရှာနေရတာနဲ့ တရားမလုပ်ရတော့ဘူး။ ဟို...ထောင်ထဲမှာပျံလွန်တော်မူသွားတဲ့ဝိစာရကြီးဟာ အစကဒီကယောဂီဘဲ၊ နေရာရှာအုံးမယ်ဆိုထွက်သွားတာ နောက်တော့ နိုင်ငံရေးထဲရောက်သွားတယ်စသည်ဖြင့် အမိန့်ရှိလေသည်။

အရှင်မုနိန္ဒတို့သည် ညောင်လွန့်ဆရာတော်တားပေမယ့် ရာသီဥတုမမျှတမှုကြောင့် အရင်အကြံအစည်အတိုင်း ဘီလူးကျွန်းသို့ကြွခဲ့ကြသည်။ သုံးလကျော်မျှနေထိုင်ခဲ့သော ညောင်လွန့်မှပဲခူးအထိ ရထားစီးရသည်။ ပဲခူးသို့ရောက်သောအခါ မော်လမြိုင်ရထားကိုစောင့်ရင်း ၁၂၉၂-ခုနှစ်၊ ကဆုန်လဆုပ် ၉-ရက်နေ့က ငလျင်ဒဏ်ကြောင့် ပထမပစ္စယာအထိ ပြိုကျသွားသောရွှေမော်ဓောဘုရားကြီးကိုလည်း ဝင်ရောက်ဖူးခဲ့သည်။ ဘုရားဖူးပြီး ပဲခူးမှရထားလက်မှတ်အလျှုခံကာ မော်လမြိုင်သို့ခရီးထွက်ခဲ့သည်။ နောက်တနေ့ ဘီလူးကျွန်းကွမ်လှာရွာပေါ်ကျောင်းသို့ရောက်ခဲ့သည်။ ကွမ်လှာရွာပေါ်ကျောင်းသည် ထိုအချိန်က အလယ်တန်းကျောင်းဖွင့်ထားသည်။

တရားသမားများအဖို့ စိတ်ငြိမ်မှု မရပေ။ အများနှင့်မဆန့်ကျင်လိုသော အရှင်မုနိန္ဒအဖို့အခက်တွေ့ရသည်။ ကျောင်းဆရာများက မြန်မာစာသြဝါဒထူးပျို့လာ အခိပ္ပါယ်များကိုမေးကြသည်။ ဒီမှာနေပြီးမြန်မာစာပြပေးပါ၊ တလ ၅၀-ကျပ်ပေးပါမည်ဟုလျှောက်ထားသည်။ ရပ်ရွာမှ ဒါယကာဒါယိကာမများ၏ဆန္ဒအရ အလှူများတွင်တရားဟောရသည်၊ အရှင်မုနိန္ဒ၏

https://www.thitsarparamisociety.com/



ဘက်စုံပြည့်စုံမှုကိုသဘောကျသဖြင့် ကွမ်းလှာရွာပေါ်ကျောင်းဆရာတော် အရှင်နာရဒက ကျောင်းအပ်ဖို့ရွာသားတွေနှင့်တိုင်ပင်သည်။ အရှင်မုနိန္ဒသည် "ဦးဇင်းနေရာမရှာနဲ့ တရားသမား နေရာရှာလို့မတွေ့နိုင်ဘူး" ဟူသော ညောင်လွန့်ဆရာတော်၏စကားကိုသာ ကြားနေမိသည်။ တရားလုပ်၍ အဆင်မပြေသဖြင့် ၁၂၉၃-ခုနှစ် ဝါဆိုဦးတွင် ရေးမြို့ကလိန်စိတောင်၌ ကြွရောက်သီတင်းသုံးသည်။ သီတင်းသုံးဖေါ်များကား အရှင်ခေမာ၊ အရှင်သူရိယ၊ အရှင်သုမနတို့ဖြစ်ကြလေသည်။

အရှင်မုနိန္ဒသည် တစ်ဝါတွင်းလုံး တိစီဝရိတ်မှုတင်ဆောက်တည်၍ တရားအားထုတ်သည်။ တရားအားထုတ်မှုမပျက်စေရန်အတွက် မိဘ,ဆရာသမား နေမကောင်း၍သွားခြင်းမှတပါး ဘယ်လိုအကြောင်းကြောင့်နှင့်ဖြစ်ဖြစ် ခရီးမသွားကြရန် ကတိကဝတ်ပြုထားကြသည်။ တဝါတွင်းတွင် အရှင်မုနိန္ဒတို့အားလုံး အားထုတ်ကောင်းကြသည်။ အရှင်သူရိယတစ်ပါးသာ တရားကျောင်းထဲဝင် အာနာပါနရှုလိုက်က ဆဲဆဲလိုက်နေသဖြင့် တရားအားထုတ်လို့ အဆင်မပြေဖြစ်နေသည်။ အရှင်သူရိယကား အစက အရိုးစုကမ္မဋ္ဌာန်းကို အားထုတ်သည်။ အရှင်မုနိန္ဒရောက်လာမှ အာနာပါနပြောင်းလုပ်သည်။ အာနာပါနကမ္မဋ္ဌာန်းနှင့်အရိုးစုကမ္မဋ္ဌာန်းတို့၏ မတည့်မှုကြောင့် ဆဲခြင်းဖြစ်သည်ဟု ဆိုသည်။ အရှင်မုနိန္ဒသည် ထိုအကြောင်းကို ညောင်လွန့်ဆရာတော်ထံ စာရေးလျှောက်ထားသည်။ ညောင်လွန့်ဆရာတော်က ဂုဏ်တော်ကွန်ချာ ဂါထာတစ်ပုဒ်ရေးပေးသည်။ ထိုဂါထာရွတ်နေပါက ပျောက်လိမ့်မည် ဟုမှာလိုက်သည်။ သို့သော် အဆဲမပျောက်သဖြင့် ထိုနှစ်ဝါတွင်း အရှင်သူရိယ တရားကောင်းကောင်းမလုပ်ရပေ။

အရှင်မုနိန္ဒတို့ပရိတ်သတ်ထဲတွင် အရှင်သုမနဆိုသော ရဟန်းကလည်း တရားကို ပြင်းပြင်းထန်ထန်အားထုတ်သည်။ အရှင်မုနိန္ဒ၏ တရားပြသမှုကြောင့် တရားအမှန်ကိုအားထုတ်ရသည်ဆိုသည်။ ကျင့်ကြံဖို့ ဝိနည်း,သိက္ခာပုဒ်များကိုပြောပြလိုက်ပါက ဝမ်းသာအားရရှိလှသည်။ သိက္ခာပုဒ်တစ်ခုသိပြီ ကျင့်ရတော့မယ်၊ ကျင့်ရတော့မယ်ဟုပြောလေ့ရှိသည်။ အရှင်သုမနသည်

https://www.thitsarparamisociety.com/



လူဘဝက ဗုဒ္ဓဘာသာနှင့်အတော်ဝေးသည်။ သူ့အသက်သတ်လို့ အပြစ်ရှိမှန်း မသိပဟုဆိုသည်။ ရဟန်းဝတ်ပြီးနောက် ဥပဇ္ဈာယ်ဆရာက ဝိနည်းသင်ပေးသည်၊ အရှင်သုမနသည် ဝိနည်းသိက္ခာပုဒ်တစ်ခုသိတိုင်း ဝမ်းမြောက်ရသည်။ အခု အရှင်မုနိန္ဒနှင့်တွေ့၍ ဝိပဿနာအလုပ်အားထုတ်ရသောအခါ၌ကား အလွန် သဒ္ဓါတရား ဖြစ်ပွားခဲ့လေသည်။ ထိုအရှင်နှင့်ပတ်သက်၍ သူတို့ကလည်း သဒ္ဓါပဗ္ဗဇိတတွေဘဲ ကျင့်ဖို့ထက်သိဖို့အရေးကြီးတယ်။ သိက္ခာပုဒ်တစ်ခုသိရရင် ကျင့်ရတော့မယ်၊ ကျင့်ရတောမယ်နဲ့ ဝမ်းသာလို့မဆုံးဘူးဟု ဝေဠုဝတီဆရာ တော် မိန့်လေ့ရှိသည်။

အရှင်မုနိန္ဒသည် ရေးမြို့ရောက်ခါစက ကလိန်စိတောင်ပေါ်တက်ပြီး အရပ်လေးမျက်နှာကိုကြည့်သည်။ မိုးအခါဖြစ်သဖြင့် ဘာမှမြင်ရခြင်းမရှိ၊ တိမ် တိုက်တွေရွှေ့နေသည်ကိုသာ တွေ့မြင်ရသည်။ ထိုကြောင့် ကိုယ့်ရုပ်ကိုယ့် ရှာကိုလွှမ်းသလို တ,သလို ဖြစ်မိသည်ဟုဆိုသည်။ နောင်တရားပြင်းပြင်း ထန်ထန်အားထုတ်မိသောအခါ၌ကား မိဘဆွေမျိုးများနှင့်ဝေးကွာလေ အ နှောင်အဖွဲ့နည်းလေ တရားအားထုတ်ကောင်းလေဖြစ်လိမ့်မယ်လို့ တွေးမိ သည်။ သို့အတွက်ကြောင့် မိဘဆွေမျိုးများနှင့် ဝေးသထက်ဝေးအောင် ယိုးဒယားပြည်ဖက်သို့ သွားဖို့ပင်ကြံစည်ခဲ့သည်။ သို့သော် အထကားမမြောက် ပါချေ။

အညာမှ ဆရာတော်နေမကောင်းကြောင်း သံကြိုးစာရောက်လာသည်။ ဆရာသမားနေထိုင်မကောင်းပါက ပြုစုဖို့ဝတ္တရား တပည့်မှာရှိသည်၊ သို့အ တွက်ကြောင့် အညာပြန်ဖို့စီစဉ်ရသည်။ ရထားလက်မှတ်အတွက် အရှင်ခေ မာက အလှူခံပေးမည်ဟု ဆိုသည်။ အရှင်ခေမာက ဘာပစ္စည်းလိုလို သက်န်းရုံပြီး ဒကာ,ဒကာမအိမ်ရှေ့သွားရပ်လေ့ရှိသည်။ ထိုအခါကကျောင်း၌ လဘက် ခြောက်လိုသဖြင့် အရှင်ခေမာမြို့တွင်းသွားသည်၊ အပြန်တွင် ကိုယ် တော် ဒီလိုသွားရပ်ရတာ မရှက်ဘူးလားဟု အရှင်မုနိန္ဒကမေးရာ ဘာရှက် စရာရှိလို့လဲ။ ဒီလိုအလှူခံတာဟာ ဘုရားခွင့်ပြုထားတာဘဲဟု ဖြေလေ့ရှိ သည်။ အညာပြန်ဖို့ ရထားလက်မှတ်ကိုလည်း အရှင်ခေမာက အလှူခံပေး လိုက်သည်။

https://www.thitsarparamisociety.com/



ရုံပိုင်က ရေးမြို့မှမြင်းခြံအထိခရီးရှည်လက်မှတ်လုပ်ပေးလိုက်သည်။ အရှင်မုနိန္ဒနှင့်အတူ အရှင်သုမနလည်းလိုက်ပါသည်။ မင်းကျောင်းဆရာတော်၏သတင်းကို မြင်းခြံအထိစုံစမ်းလို့မရ၊ ပေါင်လောင်ရွာမြောက်ဘက်ရောက်မှ ပဲခင်းစောင့်နေသော လူတစ်ယောက်နှင့် တွေ့သဖြင့် ဆရာတော်ပျံလွန်တော်မူကြောင်း သိရသည်။ ပျံလွန်တော်မူသည်မှာ ၄–ရက်မျှရှိပြီဟုဆိုသည်။ ဤသတင်းကို မြင်းခြံလောက်ကသာကြားပါက ရေးသို့ပြန်သွားမည်ဟု ဆိုသည်။ အရှင်မုနိန္ဒတို့သည် နန်းဦးရွာ မင်းကျောင်းသို့ ၁၂၉၃–ခုနှစ်၊ တပို့တွဲလဆန်း ၆–ရက်တွင် ရောက်သည်။ ရွာရောက်ပြီးနောက် ဆရာတော်၏ စျာပနကို ဦးစီးချရသည်။

အရှင်မုနိန္ဒသည် ဆရာတော်အရှင်ကေတုမရှိသည့်နောက် မင်းကျောင်း၌ ကျောင်းထိုင်ဆရာတော်ဖြစ်လာသည်။ ဆရာတော်သည် ၁၂၉၄–ခုနှစ် တန်ခူးလောက်တွင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းသို့ကြွသည်။ စွန်းလွန်းသို့သွားခြင်းမှာ ညောင်လွန့်ဆရာတော်က တပည့်တော်တို့တရားက ဦးကဝိတရားပါဆိုသဖြင့် ကြွခြင်းဖြစ်သည်။ ဆရာတော်သည်ကိစ္စရှိသဖြင့် ဆင်ချောင်းရွာမှ လှည့်သွားသည်။ ဆင်ချောင်းဆရာတော် အရှင်ဝိမလကျောင်း၌ တစ်ညတည်းခိုသည်။ ညတွင် ဆရာတော်ဝိမလနှင့် ဓမ္မဂိုဏ်းအကြောင်းကို ပြောကြသည်။ ဓမ္မဂိုဏ်းဆိုသည်ကား ထိုခေတ်က သထုံမြို့နယ် တောင်စွန်းဘုတာအနီး ဓနုတောင်၌ ကရင်ဆရာဦးထွန်းအေးဆိုသူ ဦးဆောင်ပြသနေသည်။ ဦးထွန်းအေးသည် ဓမ္မတရားလုပ်နည်းကို သိုက်တူးရာက ရသည်ဟုဆိုသည်။ လုပ်နည်းမှာ ဘုရားရှေ့၌ ဓမ္မံ–ဓမ္မံနှင့်ရွတ်ဆိုနေရသည်၊ သမာဓိရလာသောအခါ လူစိတ်ပျောက်ခါ သူ့အလိုအလျောက် ပါဠိတော်များရွတ်ဆိုသည်။ ပရိက်ပြုစဉ်က ဘုရားရှိခိုးမည်ဆိုပါက ဘုရားရှိခိုးသည်။ တရားဟောမည်ဆိုပါက တရားဟောသည်။ နတ်စကားပြောမည်ဆိုပါက နတ်စကားပြောသည်။ ဆရာတော် အရှင်ဝိမလကိုယ်တိုင်လုပ်ဖူးသည်။ ငယ်ငယ်ကသင်ထားသော ပဋ္ဌာန်းပါဠိတော်များကို ရွတ်ဆိုနေသည်။ ထို့အပြင် ထိုတရားအားထုတ်သူများသည် သူတစ်ပါးစိတ်ကို အလိုလိုသိသည်။ ဘာမှမသိသေးသော ကလေးများမှာ အဖြစ်များသည် ဟုဆိုသည်။ နောင်တွင် လူအသွားအလာများသဖြင့် အင်္ဂလိပ်အစိုးရက ပိတ်ပစ်လိုက်သည်။

https://www.thitsarparamisociety.com/



ဆရာတော်သည် ဤသို့စကားပြောပြီးနောက် ကျောင်းအောက်၌အိပ်ကြသည်။ သံဃာတော်ငါးပါးလည်း အတူအိပ်ကြသည်။ ည,လူခြေတိတ်တွင် မိမိအား ပျံလွန်တော်မူသောဆရာတော်က လာနှိပ်ပေးနေသည်ဟု အိမ်မက်မက်သည်။ ဆရာတော်သည်လန့်နိုးပြီး စိတ်ထဲမှာလည်း အလွန်ကြောက်နေသည်။ ထိုကြောက်စိတ်ကို ရင်စိုက်လိုက်သောအခါ အကြောက်ပြေပြီး အသိဉာဏ်ပေါ်လာသည်။ အော်...ကြောက်တတ်တဲ့ပုဂ္ဂိုလ်လည်း ရုပ်နာမ်ဘဲ၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ ကြောက်စရာအာရုံလည်း ရုပ်နာမ်အစုအဝေးဘဲဟု အသိဉာဏ်ပေါ်နေသည်။ ဉာဏ်အမြင်နှင့် ငါကောင်,သူကောင် မရှိဟုသိသည်။ ထိုအချိန်မျိုးကို အတ္တဒိဋ္ဌိကွာသည်ဟုဆိုသည်။ သို့သော် တာရှည်မခံ၊ မနက် လဘက်ရည်သောက်သောအခါ သံဃာတော်များနှင့်စကားပြောသဖြင့် ပျောက်သွားသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ "ကြောက်စိတ်ဆုံးရင် အသိဉာဏ်ဖြစ်တယ်ဆိုတာ ဒီတစ်ခါဘဲ ထင်ရှားတယ်။ ဒါပေမဲ့ ကိုယ့်နေရာမဟုတ်တော့ မကြာပါဘူးပျောက်သွားတာဘဲ"ဟု ဝေဠုဝတီဆရာတော် မိန့်လေ့ရှိသည်။

ဆရာတော်သည် ဆင်ချောင်းမှ မြင်းခြံစွန်းလွန်းသို့ ကြွရောက်သည်။ စွန်းလွန်းဆရာတော် ဦးကဝိ၊ ဦးဝိဇယတို့ထံ၌ ဝေဒနာနုပဿနာလုပ်ငန်းကို ကျေနပ်လောက်အောင် အားထုတ်သည်။ စာပေသမား တစ်ယောက်အနေနှင့် စွန်းလွန်းဆရာတော်များ၏ နေထိုင်ပုံကို စာပေနှင့် ချိန်ကိုက်ကြည့်သည်။ တစ်နေ့သောညဘက် စွန်းလွန်းဆရာတော်များနှင့် စကားပြောနေစဉ်"အရှင်ဘုရားတို့ အိမ်မက်,မက်ပါသေးသလား"ဟုမေးကြည့်သည်၊ စွန်းလွန်းဆရာတော်များကား"တပည့်တော်များ နောင်ဖြစ်မယ့်ဟာတော့ မက်သေးတယ်၊ ဖြစ်ပြီးသားဟာတော့ မမက်တော့ဘူး"ဟု ဖြေကြားလေသည်။ စွန်းလွန်းဆရာတော်များနှင့်ပတ်သက်၍ ရဟန္တာဖြစ်တာမဖြစ်တာတော့ အသာထား၊ အသိဉာဏ်ကတော့ထူးတယ်။ ဦးကဝိ,သိတာတွေက ပဋိသမ္ဘိဒါဆန်တယ်။ ပဋိသမ္ဘိဒါခေတ်မဟုတ်လို့သာ ပဋိသမ္ဘိဒါပတ္တလို့မပြောနိုင်တာစသည်ဖြင့် ဝေဠုဝတီဆရာတော် မိန့်လေ့ရှိသည်။ ဆရာတော်သည် စွန်းလွန်း၌ နှစ်လကျော်လောက်ကြာသောအခါ ရဟန်းဒကာကြီးဦးမောင်မောင်

https://www.thitsarparamisociety.com/



လာပြီး တစ်လကျော်မျှတရားအားထုတ်သည်။ ဝါဆိုခါနီးသောအခါ ရွာဘက်သို့ ပြန်ဖို့လျှောက်သည်။ ဆရာတော်က စွန်းလွန်း၌ ဝါဆိုဖို့စိတ်ကူးထားသဖြင့် "မပြန်တော့ဘူး"ဟုမိန့်လိုက်သည်။ အရှင်ဘုရား ကျောင်းပြန်မနေဘူးဆိုရင် တပည့်တော်လည်းကျောင်းပြန်မကြည့်တော့ဘူးဟု ဦးမောင်မောင်က လျှောက်ထားသဖြင့် ဆရာတော်သည် ကျောင်းတိုက်အတွက်ကြောင့် နန်းဦးရွာသို့ ပြန်ကြွခဲ့ရသည်။ ၁၂၉၄-ခုနှစ် ဝါကို မင်းကျောင်း၌ ဝါဆိုသည်။

ကျောင်းတိုက်ကိစ္စအဝဝကိုကား အနောက်ကျောင်းကြီးပေါ်ရှိ အရှင်ဒေဝိန္ဒအား လွှဲအပ်ထားသည်။ မိမိကား အရှေ့ကျောင်းဝိုင်းထဲတွင် ကမ္မဋ္ဌာန်းကျောင်းငယ်ကလေးဆောက်ကာ သီတင်းသုံးသည်။ ထိုအချိန်မှစ၍ လူများအားလည်း တရားပြ၊ သံဃာများအားလည်း စာချသည်။ စာချစဉ်က သံဃာလေးငါးဆယ်ကျော်မျှရှိသည်။ ဆရာတော်တပည့်များထဲတွင် အရှင်ဓမ္မသာမိ ရွှေဘုံသာတိုက်အလယ်ကျောင်း မြင်းခြံဆရာတော်တို့သည် ထင်ရှားသည်။ ၁၂၉၅-ခုနှစ်၊ နယုန်လတွင် ဦးသင်၊ ဒေါ်ကြာနှင်းတို့က ဆရာတော်တပည့် ရှင်ပုညနှင့်ရှင်နန္ဒကို ရဟန်းခံ၊ ကျောင်းသား ၅-ယောက်ကို ရှင်ပြု၊ သမီးမသန်းကိုနားသပြုလုပ်သည်။ ဒကာကြီး ဦးမောင်မောင်၏ဆန္ဒအရ ပခုက္ကူအရှေ့တိုက် ဆရာတော်ကြီးကိုလည်းပင့်သည်။ ပခုက္ကူဆရာတော်ကြီးကိုယ်တိုင်ကြွရောက်သည်။ ဆရာတော်ကြီးသည် ဆရာတော်ကို ပခုက္ကူသို့ပြန်ခေါ်သည်။ ခေါ်၍မရသဖြင့် ပြန်ခါနီးတွင်"ငါ့သား၊ ငါနှမျော၊ တောနဲ့မတန်"ဟု အမိန့်ရှိသွားသည်။ ဆရာတော်သည် ၁၂၉၆-ခုနှစ်မှစ၍ ဝါပတွင် တောကျောင်း၌ကြွရောက်သီတင်းသုံးလေသည်။ထိုသို့ သီတင်းသုံးခြင်းမှာ ၃၆-နှစ်တွင်သေကိန်းမြင်သောကြောင့် ဖြစ်သည်။ ဆရာတော်၏ ဘကြီးဘုန်းကြီး အရှင်ပဏ္ဍိတသည် ၅၆-နှစ်တွင် ပျံလွန်တော်မူသည်။ နောင်တော် အရှင်ကေတုကား ၄၆-နှစ်တွင် ပျံလွန်တော်မူသည်။ "ငါလည်း ၃၆-နှစ်ကျသေမှာဘဲ။ မသေခင် တရားအားထုတ်ထားမှ ဖြစ်မယ်"ဟူသော ရည်ရွယ်ချက်ဖြင့် တောကျောင်းနေခြင်းဖြစ်သည်ဟု ဆိုသည်။

၁၂၉၉-ခုနှစ်တွင် ချုံစွန်းဆရာတော်ဦးဝိဇယကိုပင့်ကာ တစ်ဝါတွင်း

https://www.thitsarparamisociety.com/



လုံး တရားအားထုတ်ခဲ့သည်။ ဆရာတော်ဦးဝိဇယသည်လည်း လုပ်အားသန် ဆရာတော်တစ်ပါးဖြစ်သည်။ ဝေဒနာပေါ်လာပါက ကုလားထိုင်မှလိမ့်ကျ သည်အထိ ဝေဒနာကိုမလွှတ်ဘဲအားထုတ်သည်။ ဆရာတော်လိမ့်ကျသံကြား ၍ သံဃာတော်များကြွလာသဖြင့် အလုပ်ပျက်သွားသည်။ နောင်တွင် မလာ ဖို့ မှာထားလေသည်။ ဆရာတော်သည် ၁၂၉၉–ခုနှစ် တန်ဆောင်မုန်းလ ပြည့်ကျော် ၃–ရက်နေ့တွင် ဆားလင်းကြီးတောင်ကြားတောရသို့ ကြွရောက် သီတင်းသုံးသည်။ ဆရာတော်နှင့်အတူ ချုံစွန်းဆရာတော်ဦးဝိဇယ၊ အရှင် ဓမ္မသာမိ(မြင်းခြံ)၊ အရှင်ပုည၊ အရှင်နိယမ၊ အရှင်တိက္ခ၊ အရှင်သောမန (ပျော်ဘွယ်)တို့လိုက်ပါကြသည်။ ကပ္ပိယအဖြစ်ဦးသံစုလည်း လိုက်ခဲ့သည်။ ဆရာတော်တို့ကို နန်းဦးရွာမှရေစကြိုအထိ ဦးဘညွန့်နှင့်ဦးအောင်မင်းတို့က လှေနှင့်လိုက်ပို့ကြသည်။ ရေစကြိုမြို့ ဦးချင်းတိုက်ကြီး၌ တစ်ညအိပ်ကြသည်။ တိုက်အုပ်ဆရာတော်ဦးပုညက သူတို့ဆီလာနေဖို့ခေါ်သည်။ "ဒီမှာနေလို့ မဖြစ်ပါဘူး၊ နေချင်းနေ ပခုက္ကူမှာနေရမှာပါ"ဟု ပြောကာလက်မခံပေ။ စာ ချဆရာတော်ဦးသူရိယက "ဆရာ စာချတာနဲ့တရားလုပ်တာ ဘယ်ဟာက ကောင်းသလဲ"ဟု မေးလေသည်။ သာသနာတော်အစွန့်ရှည်စေချင်ရင် စာ ချတာက ကောင်းတယ်။ ကိုယ့်အကျိုးဆိုရင်တော့ တရားလုပ်တာကောင်း တယ်"ဟု အဖြေပေးခဲ့သည်။

ဆရာတော်တို့သည် ရေစကြိုမှစတုံးအထိ သဘောင်္စီးကာ ဆားလင်း ကြီးသို့သွားခဲ့သည်။ တောင်ကြားတောရသို့ နောက်တနေ့မနက်တွင်ရောက် သည်။ ကျောင်းဒကာ ဦးဘိုးဟန်နှင့်ဒေါ်တေတို့သည် ဆရာတော်တို့ကို အထူးစောင့်ရှောက်သည်။ ဆားလင်းကြီးတောရသည် မြို့နှင့်ဝေးသောတောရ ကျောင်း ဖြစ်သည်။ မြေဧက ၈–ဧကမျှ ကျယ်ဝန်းသည်။ နေ့လည် ၁၂– နာရီကျော်လျှင် ကြက်သွန်သံသာကြားရသည်။ တရားသမားတို့အဖို့ အလွန် သင့်တော်သော နေရာဖြစ်သည်။ တောရလက္ခဏာနှင့်ညီသဖြင့် ဆရာတော် တို့ သဘောကျသည်။ ဆရာတော်သည် တောထွက်ချိန်မှစ၍ ဆားလင်း ကြီးတောရရောက်သည့်အချိန်အထိ တစ်ပါးထဲ မအိပ်ရဲ၊ အဖော်နှင့်သာအိပ် ရသည်။ တစ်နေ့ "ကြောက်ခြင်းဟာ မာရ်မင်းရဲ့ခြောက်ခုမြောက် စစ်သည်

https://www.thitsarparamisociety.com/



ဖြစ်သည်။ ငါ့မှာ ဒီစစ်သည်အတိုက်ခံနေရပါပေါ့လား။ ယောဂီလုပ်နေပြီး တစ်ယောက်ထဲမအိပ်ရဲတာ နေရာမကျသေးပါဘူး”ဟုတွေးမိသည်၊ ထို့ကြောင့် ဆားလင်းကြီးတောရအစွန် တောင်စောင်းတစ်ခုမှာ တစ်ပါးထဲအိပ်လေသည်။ ထိုအချိန်မှစ၍ မာရ်မင်းရဲ့ ၆–ခုမြောက်စစ်သည်ကို နိုင်ခဲ့သည်ဟုဆိုသည်။

ဆရာတော်တို့ ဆားလင်းကြီး၌ တစ်လကျော်ကြာသောအခါ အရှင်ဥတ္တရလိုက်လာသည်။ လိုက်လာခြင်း၏အကြောင်းမှာ အောက်ပြည်မှ ကိုဘလုံ နေမကောင်းသဖြင့် ဒေါ်အေးဒုတ်ကအပင့်ခိုင်းသောကြောင့် ဖြစ်သည်၊ ဆရာတော်သည်“အေးကွာ၊ လူမမာက ဒီလောက်ဆို သေချင်လည်းသေလောက်ပါပြီ၊ ရှင်ချင်လည်းရှင်မှာပါ။ ဒို့ရောက်တုန်း မိုးညှင်းဆက်သွားကြရအောင်”ဟု အမိန့်ရှိကာ မိုးညှင်းသို့ဆက်ကြွသည်။ နတ်တော်လဆုတ် ၁၀–ရက်နေ့တွင် မိုးညှင်းသို့ရောက်သည်။ မိုးညှင်းဆရာတော်ထံ၌ တရားတစ်ပါတ် နာယူရသည်။ တရားတစ်ပါတ်မှာ ၁၅–ရက်ကြာသည်။ ဆရာတော်၏အကြောင်းကို မသိကြသဖြင့် ပရိတ်သတ်က လေးစားမှုမရှိလှဟုဆိုသည်။ ထိုကဲ့သို့ဖြစ်သည်ကို ဆရာတော်၏တပည့်များက မကြိုက်ကြ။ ဦးပုညအား သီးခံရန် အထူးဆုံးမရသည်။ တစ်နေ့သောညတရားပွဲတွင် မိုးညှင်းဆရာတော်ကြီးသည် ပရိသတ်အား ပုစ္ဆာမေးသည်။ ပုစ္ဆာကား “ရဟန္တာများ အိမ်မက်,မက်ပါသလား” ဖြစ်သည်။ ထိုအမေးကို ရုတ်တရက် မည်သူမှမဖြေနိုင်။ ထိုအခါ ဆရာတော်က “ရဟန္တာများ အိမ်မက်,မမက်ပါဘုရား”ဟု ဖြေလိုက်သည်။ မိုးညှင်းဆရာတော်က “ဘာကြောင့်ပါလဲ”ဟု ထပ်ဆင့်မေးရာ“ဝိပ္ပလ္လာသ ကင်းပြီးသောကြောင့်ပါဘုရား”ဟု ဆရာတော်က ဖြေလိုက်သည်။ မိုးညှင်းဆရာတော်ကြီးက“ကိုယ်တော်ဘယ်ကလဲ”ဟု မေးပြန်သည်။ တပည့်တော် သဲအင်းကပါဘုရားဟု ဆရာတော်ကဖြေလိုက်သည်။ မိုးညှင်းဆရာတော်ကြီးက “အော်...သဲအင်းဆက် ရှိသေးသကိုး”ဟု အမိန့်ရှိကာ ဆရာတော်အားရှေ့ခေါ်၍ တရားနာခိုင်းသည်။ နောက်တစ်နေ့တွင် မိုးညှင်းဆရာတော်ကြီးသည် ဆရာတော်အား ခေါ်၍ “ဦးမုနိန္ဒ တရားဟောချင်ဟောပါ၊ မဟောချင်လည်း နေနိုင်ပါတယ်။ အရှင်ဘုရားတို့လိုပုဂ္ဂိုလ် တပည့်တော်ဆီရှိရင် ကျေးဇူးများပါတယ်”ဟု မိန့်လေသည်။ ဆရာတော်သည် တရားတစ်ပါတ်ပြီးသောအခါ “ဆရာတော်များ တရားလုပ်ထုံးရှိပါသလား”

https://www.thitsarparamisociety.com/



ဟုလျှောက်ထားရာ ဆရာတော်ကြီးက "ရှိပါတယ်၊ တပည့်တော်တရားက တခြားမဟုတ်ပါဘူး၊ လယ်တီဆရာတော်ကြီးတရားပါဘဲ။ တပည့်တော် လက်ထက်မှ အဟောပါလို့ ထင်ရှား လာတာပါ"ဟု အမိန့်ရှိကာ ဓါတ်ခြောက်ပါးတရားလုပ်ထုံးကို ပေးလေသည်။

ဆရာတော်သည် မိုးညှင်း၌ တရားတပါတ် ၁၅-ရက်အားထုတ်ပြီးနောက်၊ နန်းဦးရွာသို့ ပြန်ခဲ့သည်။ ပြာသိုလဆုတ် ၁၀-ရက်နေ့ဖြစ်သည်။ နန်းဦးရွာရောက်သောအခါ ဒေါ်အေးဒုတ်က အောက်ပြည်ကြွဖို့လျှောက်ထားသည်။ ဆရာတော်သည် ဒီတခါ တခြားထွက်ဖို့အခွင့်ဘဲဟု ကြံစည်ကာ အောက်ပြည်သို့ အရှင်ဥတ္တရနှင့်ကြွရောက်ခဲ့သည်။ ခရီးထွက်ခါနီး ဒါယကာ ဒါယိကာမက "ကိုယ်တော် အောက်ပြည်မှာ ကြာရှည်မနေနဲ့နော်"ဟု လျှောက်ထားရာ "အို...အောက်ပြည် ကိုယ့်အမေရွာမှတ်လို့ ဘယ်ကြာရှည်နေပါ့မလဲ" ဟု မိန့်ခဲ့သေးသည်။

ဆရာတော်သည် ၁၃၀၀-ပြည့်နှစ်ဝါကို မော်လမြိုင်ကျွန်းမြို့နယ်၊ မြတ်သာကျွန်းကြီးရွာ အောင်လှိုင်ချောင်းကျောင်း၌ ဝါကပ်သည်။ ဆရာတော်နှင့်အတူ အရှင်ကုသလ(တွံတေးဆရာတော်)၊ အရှင်သောဘိတ၊ အရှင်ဥတ္တမတို့လည်း ဝါဆိုကြသည်။

ထိုနှစ် ဝါကျွတ်ကထိန်ပွဲကို ဒေါ်ဖွားမိသားစုဦးဆောင်သော ကျွန်းကြီး ရွာသူရွာသားများကပြုလုပ်သည်။ ကထိန်အလှူသို့ မဟာဝတ္ထုကံဆရာတော် အရှင်ပုည၊ တိုက်အုပ်ဆရာတော် အရှင်ဝါယမိန္ဒတို့ကြွရောက်သည်။ ကထိန်ခင်းချိန်တွင် အရှင်ကုသလက ကမ္မဝါဖတ်၍ ဆရာတော်ကခင်းသည်။ ကထိန်တရားကို ဆရာတော်ကိုယ်တိုင်ဟောသည်။ ကထိန်တရားဦးကို ကျွန်းကြီးသူကျွန်းကြီးသားတို့ အလွန်ကြိုက်ကြသည်။ ပြိုင်ပြိုင် ဘယ်ဒါနမှ ယှဉ်လို့မနိုင်ဟု ဆရာတော်ဟောသံကြားရသဖြင့် နောက်နှစ် တစ်ယောက်ထဲခင်းပါရစေဟု လျှောက်ထားသူလည်းမရှားဟုဆိုသည်။ ထိုနှစ် နတ်တော်ပြာသိုလလောက်တွင် အရှင်ကုသလနှင့်အရှင်ဥတ္တရတို့လည်း ပေကုန်းသို့ ပြန်ကြွသွားကြသည်။

https://www.thitsarparamisociety.com/



ဆရာတော်ကျွန်းကြီးရောက်စက မယ်ဇလီရွာမှကထိန်တရားဟော ပင့်ကြသည်။ ရွာသားများက ကျွန်းကြီးဘုန်းကြီးကို တရားဟောပင့်လိုကြောင်း မယ်ဇလီဆရာတော်ကြီးအား လျှောက်ထားသည်။ မယ်ဇလီဆရာ တော်ကြီးက မင်းတို့ဘုန်းကြီး ငါ့ထက်ဘာထူးလို့လဲ တရားဟောပင့်ဖို့ကတော့ မင်းတို့ သဘောဘဲဟု အမိန့်ရှိသည်။ ရွာသားများသည် ဆရာတော်ကို တရားဟော ပင့်ကြသည်။ ထိုကထိန်၌ မဟာဝတ္ထုကံဆရာတော်နှင့်တိုက်အုပ်ဆရာတော် တို့လည်းပါသည်။ ဆရာတော်သည် တရားဟောချိန်မရောက်ခင် သံဃာ ပရိသတ်သို့မကြွဘဲ အပြင်မှာစကြံလျှောက်နေသည်။ သံဃာတော်များ သီလပေး ပရိတ်ရွတ်ပြီးမှ တရားဟောပလ္လင်သို့တက်ကာ တရားဟောသည်။ ဆရာတော် တရားဟောချိန်တွင်ပရိတ်သတ်အားလုံး ငြိမ်နေသည်။ တရား ဟောပြီးသောအခါ ရေစက်ချပါ၊ ဆက်လုပ်ပါရန် မဟာဝတ္ထုကံကျောင်းတိုက် တိုက်အုပ်ဆရာ တော်က လျှောက်ထားသဖြင့် ရေစက်ချပေးခဲ့ရသည်။ မယ်ဇလီဆရာတော်ကြီးကား ဆရာတော်ဟောပုံကို အလွန်နှစ်သက်သွားသည်။ သို့အတွက် အရှင်ဘုရား ဒီမှာနေပြီးသာသနာပြုပါ။ လိုတာရှိပါက တပည့် တော်တို့ကူညီပါ့မယ်ဟု မိန့်လေသည်။ ဤသို့ဖြင့် ဆရာတော်သည် ဆရာ တော်ကြီးများ၏အားပေးမှုဖြင့် ကျွန်းကြီး၌ ၈-နှစ်မျှ သီတင်းသုံးကာ သာ သနာပြုခဲ့သည်။

၁၃၀၇-ခုနှစ် ဝါဆိုဦးတွင် မော်လမြိုင်ကျွန်းသို့ ပြောင်းရွှေ့ရသည်။ အကြောင်းမှာ ခေတ်ပျက်သဖြင့် ဆရာတော်၏ကျောင်းဒကာ ကျောင်းအမ များသည် မော်လမြိုင်ကျွန်းမြို့သို့ ပြောင်းရွှေ့ကြရသည်။ ကျောင်းအမများ သည် မိမိတို့ပြောင်းသဖြင့် ဒီခေတ်ပျက်ကြီးထဲ ကိုယ်တော် ဒီမှာမနေခဲ့ပါ နဲ့ဟုလျှောက်ကာ ဆရာတော်ကိုပါပင့်သွားကြသည်။ ဆရာတော်သည်ထိုနှစ် ဝါကို မဟာဝတ္ထုကံကျောင်းတိုက်၌ ဝါဆိုသည်။ ဒေးဒရဲမှဦးဘတုံသည်သား မောင်ကျော်မြင့်နှင့်အတူလာ၍ ကပ္ပိယလုပ်သည်။ ဦးဘတုံသည် ဒေါ်ဖွား တို့အိမ်မှ နေ့စဉ်ဆွမ်းအုပ်ယူရသည်။ ဆရာတော်ဆွမ်းစားပြီးက သင့်တော် သောဟင်းကို ချန်ထားသည်။ နောက်တစ်နေ့ ဆက်ကပ်သည်။ ဆရာတော် မစားပေ၊ တစ်ခါနှစ်ခါရှိသောအခါ ဆရာတော်အကြောင်းကို သိလာသဖြင့်

https://www.thitsarparamisociety.com/



ဆက်မကပ်တော့ပါ။ ဆရာတော်ကား သိုမှိုးသိမ်းဆည်းထားသောပစ္စည်းကို ရှောင်ကြဉ်သောကြောင့်ဖြစ်သည်။

ဆရာတော်သည် ထိုနှစ်ဝါတွင်းတွင် မဟာဝတ္ထုကံဆရာတော်က ကိုယ်တော် တရားလုပ်မှကုသိုလ်ရတာမဟုတ်ပါဘူး၊ စာချလည်း ကုသိုလ်ရပါတယ်၊ စာတစ်ဝါလောက်ချပေးပါအုံးဟုပြောသဖြင့် ပါရာဇိကံ အဋ္ဌကထာကို ပို့ချခဲ့သည်။ ဆရာတော်သည် ဤသို့ စာပေပို့ချနေသော်လည်း မဟာဝတ္ထုကံကျောင်း၌ မပျော်ပါချေ။ တရားအလုပ်တွင်ကျယ်မည့်နေရာမျိုး၌ နေထိုင်ရန် စိတ်အားထက်သန်နေသည်။ ထို့ကြောင့် ဒေါ်ဖွားတို့နှင့်တွေ့တိုင်း ကိုယ်ပိုင်ကျောင်းတစ်ကျောင်းတော့ ရအောင်ရှာမှဖြစ်မယ်ဟု ပြောလေ့ရှိသည်။ ဆရာတော်ကျောင်းရှာဘို့စိတ်ကူးနေချိန်တွင်မြောင်းမြသို့ ကြွရန်အကြောင်းပေါ်ခဲ့သည်။ အကြောင်းကား မဟာဝတ္ထုကံဆရာတော်၏ကိစ္စဖြစ်သည်။ မဟာဝတ္ထုကံဆရာတော်သည် မြောင်းမြ မင်းကျောင်းဘုန်းကြီးပျံကို ကျင်းပပေးရန်တာဝန်ယူထားသည်။ ထိုကိစ္စအတွက် မြောင်းမြသို့ကြွခြင်းဖြစ်သည်။ ဆရာတော်သည် မဟာဝတ္ထုကံဆရာတော်ကခေါ်သဖြင့် မြောင်းမြသို့လိုက်ခဲ့သည်။ နတ်တော်လလောက်တွင် ဖြစ်သည်။

မြောင်းမြသို့ရောက်သောအခါ ဦးမောင်ပု၊ ဦးမောင်တင်စသောဒကာများက မဟာဝတ္ထုကံဆရာတော်အား တရားဟောရန်လျှောက်ထားကြသည်။ မဟာဝတ္ထုကံဆရာတော်က ဒီဒကာတွေကို တရားဟောလိုက်ပါ၊ သူတို့ဟာ တပည့်တော်ရဲ့ဒကာတွေပါဟု ဆရာတော်အားတဆင့်ခိုင်းသည်၊ ဆရာတော်သည် မဟာဝတ္ထုကံဆရာတော်၏တာဝန်ပေးချက်အရ ရွှေသာလျှောင်းဘုရားတန်ဆောင်း၌တရားဟောရသည်။ တရားပွဲပြီးသောအခါ တပည့်တော်တို့ဆီ တစ်ဝါတစ်ချီ သီတင်းသုံးပေးပါဦးဟု လျှောက်ထားကြသည်။ မဟာဝတ္ထုကံဆရာတော်ကလည်း တစ်ဝါတစ်ချီ နေဖို့တိုက်တွန်းသည်။ ဆရာတော်က သီတင်းသုံးဖို့ လျှောက်တာတော့ဟုတ်ပြီ၊ အေးအေးဆေးဆေး တရားလုပ်ရမယ်ဆိုရင်တော့ နေတာပေါ့ဟု ကတိပေးလိုက်သည်။ မြောင်းမြနေဖို့ အလွယ်တကူလက်ခံလိုက်ခြင်းမှာ အညာနှင့်မြေအနေအထားတူသောကြောင့် ဖြစ်သည်။

https://www.thitsarparamisociety.com/



ဆရာတော်တို့သည် ဘုန်းကြီးပျံကိစ္စပြီးသောအခါ မော်လမြိုင်ကျွန်းသို့ ပြန်ကြွခဲ့ကြသည်။ ဆရာတော်သည် မော်လမြိုင်ကျွန်းရောက်သောအခါ မြောင်းမြသို့သွားဖို့ စီစဉ်ရသည်။ ဦးဘတုံနှင့်မောင်ကျော်မြင့်တို့လည်း ဒေးဒရဲသို့ ပြန်သွားသည်။ ဆရာတော်နှင့်အတူ မြောင်းမြသို့ သူဌေးကျောင်းဆရာတော်၊ မဟာဝတ္ထုကံ ဆရာတော်၊ ဖျာလိပ်ဆရာတော်၊ အရှင်အာစာရနှင့်ဦးပဥ္စင်းသုံးပါးတို့လည်း လိုက်ဖို့စီစဉ်ကြသည်၊ တောထွက်မည့် သံဃာတော် ရ-ပါးကို ဆရာတော်ကဦးဆောင်ကြွမည်။ ထို့ကြောင့် မြောင်းမြသို့ကြွခါနီးတွင် မဟာဝတ္ထုကံဆရာတော်က တပည့်တော်များ တောထွက်ရင်သုံးဖို့ ဒီသားရေနွယ်နဲ့သားရေလွယ်အိတ်ကို သိမ်းထားပါတယ်၊ ခုတော့ ကျွန်းကြီးဘုန်းကြီးက တပည့်တော်တို့အဖွဲ့ကိုဦးဆောင်ပြီး တောထွက်တော့ ကျွန်းကြီးဘုန်းကြီးကိုဘဲ လှူလိုက်ပါ့မယ်။ အလှူခံပါ ဟုပြောပြီး သားရေနွယ်တစ်ချပ်နှင့် သားရေအိတ်တစ်လုံးကို ဆရာတော်အားလှူလိုက်သည်။ ဆရာတော်သည် ၁၃၀၇-ခု၊ တပို့တွဲလဆုတ် ၁၀-ရက်နေ့နံနက်တွင် ရန်နိုင်အမည်ရှိသော မော်တော်ကလေးဖြင့် မြောင်းမြသို့ထွက်ခဲ့သည်။ ဆရာတော်နှင့်အတူ အရှင်ဓမ္မိကစသော သံဃာလေးပါးပါသည်။ မဟာဝတ္ထုကံဆရာတော်တို့ကား နောက်တစ်နေ့မှ လိုက်လာသည်။ မြောင်းမြအသွား ဆရာတော်မှာ သားရေနွယ်တစ်ချပ်၊ ပုခုံးလွယ် သားရေအိတ်တစ်လုံးပါသည်။ သားရေအိတ်ထဲတွင် ဆေးပြင်းလိပ် နှစ်လိပ်သာပါသည်။ ဆရာတော်သည် ပင်ကိုက ဆေးလိပ်သောက်သည်။

မြောင်းမြရောက်ပါက အနေပြောင်းရမည်ဖြစ်သဖြင့် မော်တော်ဆိပ်ဆင်းကထဲက ဆေးလိပ်ဖြတ်ခဲ့သည်။ လမ်းတွင် ဆေးလိပ်သောက်ချင်ပါကဆေးပြင်းလိပ်ကိုချေ၍ ငုံသည်။ ဆရာတော်သည် မြောင်းမြသို့ တပို့တွဲလဆုတ် ၁၈-ရက်နေ့ညနေတွင်ရောက်သည်။ ပါစကယ်ကုန်း ဥယျာဉ်ကျောင်း၌ သီတင်းသုံးရသည်။ ဥယျာဉ်ကျောင်းကား ယာယီကျောင်းမျှသာ ဖြစ်သည်။ ဥယျာဉ်အတွင်း၌ သရက်၊ ပိန္နဲ၊ ကံ့ကော်ပင်တို့ပေါသည်။ ဆရာတော်တို့ကား ကံ့ကော်ခြံဘက်တွင် သီတင်းသုံးသည်။

https://www.thitsarparamisociety.com/



ထို့ကြောင့် ဆရာတော်သည် မိမိနေသောကျောင်းကို ကံ့ကော်မြိုင်ကျောင်းဟု အမည်မှည့်သည်။ ဆရာတော်များသည် မြောင်းမြမှာနေမယ်ဆိုရင် တစ်မျိုးပြောင်းမှဖြစ်မယ်။ ဒီတော့ တရားကိုတွင်တွင်ကျယ်ကျယ် အားထုတ်နိုင်အောင် အလှူအတန်း အပင့်အဖိတ်မလိုက်ဘဲနေမှ ကောင်းမယ်ဟု သဘောတူဆုံးဖြတ်ကာနေထိုင်ခဲ့သည်။ ဆွမ်းအတွက်ထိုင်အိမ်မထားဘဲ ရပ်ဆွမ်းဖြင့် မျှတခဲ့သည်။ ဆရာတော်သည် မြောင်းမြရောက်စက ဒါယကာဒါယိကာမတို့အား တရားဟောခြင်း၊ တရားပြသခြင်းတို့ကို အဆက်မပြတ်ပြုလုပ်ခဲ့သည်။ ထိုအချိန်က မြန်မာပြည်သူပြည်သားများသည် စစ်ဘေးစစ်ဒဏ်ခံထားရသဖြင့် ကုသိုလ်တရားကို ပိုမိုအားထုတ်ကြသည်။ ထိုအထဲတွင် မြောင်းမြပရိတ်သတ်လည်း အပါအဝင်ဖြစ်သည်။ သေဘေး မြင်သဖြင့် ဘာဝနာတရားကို ကြိုးစားအားထုတ်သည်။ ဆရာတော်ထံသို့ နှစ်လသုံးလအတွင်း ယောဂီများများ တော်တော်လာရောက်အားထုတ်ကြသည်။ ဦးအေးမောင်စသော မြေတိုင်းအရာရှိများ၊ ရုံးသူရုံးသား၊ ဈေးသူဈေးသားပါမကျန်အားထုတ်ကြသည်။ ထိုယောဂီများအနက် ဒေါ်ကျင်လှိုင်ဆိုသောယောဂီသည် မိမိခင်ပွန်းကွယ်လွန်သဖြင့် သောကရောက်နေစဉ် မိုးရေစက်ကလေးတွေကို ကြည့်ပြီး သံဝေဂဖြစ်ခဲ့သည်။ သံဝေဂကား "အော်...သတ္တဝါတွေဟာလည်း ဒီမိုးရေမိုးပေါက်ကလေးတွေလို ဖြစ်ပြီးပျက်သွားကြပါလား၊ ငါလည်း ပျက်ရအုံးမှာပါလား"ဟူ၍ ဖြစ်သည်။ ထိုသို့စိတ်ဖြစ်သဖြင့် ရင်းနှီးသူများ၏လမ်းညွှန်မှုဖြင့် ဆရာတော်ထံသို့ရောက်ကာ တရားအားထုတ်သည်။ ၉-ရက်ကြာသည်။ တရားအမြဲအားထုတ်နိုင်ရန် ၂၅၀-ကျပ်တန် ကမ္မဋ္ဌာန်းကျောင်းကလေးတစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။

ကျောင်းရေစက်ချကို ထိုနှစ်တန်ခူးလ သကြ်န်ရက်တွင်ပြုလုပ်သည်။ ကျောင်းရေစက်ချမည့်အချိန် ပရိတ်သတ်စုံသောအခါ သူဌေးဆရာတော်၊ မဟာဝတ္ထုကံဆရာတော်၊ ဖျာလိပ်ဆရာတော်တို့ ရှေးဦးစွာကြွလာသည်။ ထိုအထဲတွင် ဖျာလိပ်ဆရာတော် အသွားအလာ ညင်သာစွာဖြင့် ဣန္ဒြေရရရှိလှသည်။ ဒေါ်ကျင်လှိုင်ကား ထိုဆရာတော်ကိုကြည်ညိုသည်။ ထိုနောက်မှ ထုံးကြီးဆရာတော်ကြွလာသည်။ ဆရာတော်ကား ပင်ကိုယ်အတိုင်း ခပ်ကြမ်း

ကြမ်း ကျောင်းပေါ်သို့တက်လာသည်။ ဒေါ်ကျင်လှိုင်ကား ဆရာတော်ကိုကြည့်ကာ“အလိုတော်...ဒီဘုန်းကြီးက ဘယ်လိုဘုန်းကြီးလဲ၊ ကြမ်းကြမ်းတမ်းတမ်း” နဲ့ဟု ကြံမိသည်။ ပရိတ်သတ်စုံသောအခါ မဟာဝတ္ထုကံဆရာတော်ကား ကဲလွန်းပြီး ဘုန်းကြီးရေစက်ချတရားဟောပါဟုတိုက်တွန်းသည်။ ကိုယ်တော်ခိုင်းရင် ဟောတာပေါ့ဟုပြောကာ ရေစက်ချတရားဟောသည်။ တရားပွဲပြီးသောအခါ ဒေါ်ကျင်လှိုင်တစ်ယောက်ဆရာတော်ကို အထူးကြည်ညိုသွားသည်။ ထိုအခါမှစ၍ ဆရာရင်းတစ်ပါးဟုသတ်မှတ်ကာ ကိုးကွယ်ခဲ့သည်။

ဆရာတော်သည် ၁၃၀၈-ခုနှစ်ဝါကို ဉယျာဉ်တိုက် ကံ့ကော်မြိုင်ကျောင်း၌ဝါကပ်သည်။ ထိုနှစ်ဝါကျွတ်ကထိန်၌ မြို့တွင်းသံဃာတော်အားလုံးနီးပါးပင့်သည်။ ကထိန်ရေစက်ချတရားဟောချိန်၌“တပည့်တော်များဒီလာတာဟာ တရားအားထုတ်ဖို့လာတာပါ။ အရှင်ဘုရားတို့ဆီ အလှူဖြစ်ရင်လည်း တပည့်တော်များကိုမပင့်ပါနဲ့။ တပည့်တော်များဆီကလည်း ရကောင်းစေ မအောင့်မေ့ပါနဲ့၊ တပည့်တော်များ ရှိတဲ့ပရိတ်သတ်နဲ့ဘဲလုပ်ပါရစေ၊ သံဃာတော်က ပင့်ဖိတ်လို့မကြွပါကမကောင်းပါဘူး။ ဒါကြောင့် မပင့်ကြပါနဲ့၊ တပည့်တော်များ အေးအေးဆေးဆေး တရားအားထုတ်ပါရစေ” ဟု သံဃာတော်များအား လျှောက်ထားခဲ့သည်။ ထိုအချိန်မှစ၍ ယခုအချိန်အထိ ဆရာတော်နှင့် တပည့်ယောဂီများသည် အလှူအတန်းမလိုက်ဘဲ တရားအားထုတ်ခဲ့သည်။ မြောင်းမြသံဃာတော်များကလည်း လျှောက်ထားချက်အတိုင်း အပင့်အဖိတ်မရှိပေ။ လူပုဂ္ဂိုလ်များကတော့ လာပင့်တတ်သည်။ ထိုသူများအား“မလိုက်ပါရစေနဲ့၊ အသွားလောဘနဲ့၊ အပြန်ဒေါသနဲ့မို့ မလိုက်ပါရစေနဲ့” ဟု ပြောလိုက်သည်။ တချို့ကိုတော့“ဒို့က ပျင်းလို့ဘုန်းကြီးလုပ်တာ၊ မင်းတို့ပင့်ရာကို ဘယ်လိုက်နိုင်မတုန်း”ဟု ပြောလွှတ်လိုက်သည်။

ဆရာတော်သည် ၁၃၁၀-ခုနှစ် ဝါကျွတ်တွင် မော်လမြိုင်ကျွန်းသို့ ပြန်ကြွသွားခဲ့သည်။ သွားစက တူမမခင်ကြည်က“တပည့်တော်မနေမကောင်းလို့ တရားအားထုတ်ချင်ပါတယ် ဆရာတော်ကြွပါ” ဟုပင့်သဖြင့် ကြွခြင်းဖြစ်သည်။ တစ်လကျော်နှစ်လလောက်ကြာသောအခါ မြောင်းမြမှယောဂီအ

https://www.thitsarparamisociety.com/



ချို့ လိုက်ပင့်သည်။ မရ။ ဥယျာဉ်ကျောင်းသည် ယာယီမျှသာဖြစ်သဖြင့် ဆက်မနေလိုသောကြောင့်ဖြစ်သည်။ နောက်တစ်ကြိမ် ဒေါ်ကျင်လှိုင်ဦးဆောင်သောယောဂီငါးယောက်တို့ လိုက်ပင့်ကြပြန်သည်။ "ခေတ်ပျက်ကြီးထဲမှာ တောဖက် ကြွေးတောင်းသွားရပါမယ်။ သေမလား၊ ရှင်မလားမသိပါ။ မသေခင် ဆရာတော်နဲ့တရားအားထုတ်ချင်လို့ပါ" ဟု ဒေါ်ကျင်လှိုင်၏လျှောက်ထားမှုကြောင့် မြောင်းမြသို့ပြန်ကြွခဲ့သည်၊

ဆရာတော်ပြန်ကြွလာသောအခါ ဦးတက်ထွန်းက မြေ ၂-ဧကကို လှူသည်။ ဒေါ်ကျင်လှိုင်ဦးဆောင်သောယောဂီများသည် ထိုမြေပေါ်၌ ယာယီကျောင်းများဆောက်ကာ ဆရာတော်အားလှူသည်။ ဆရာတော်သည် ၁၃၁၀ ခုနှစ်၊ နတ်တော်လမှစ၍ ယာယီကျောင်း၌သီတင်းသုံးသည်။ ကျောင်းတိုက် အမည်ကိုလည်း"ဝေဠုဝတီချောင်"ဟု အမည်မှည့်သည်။ ဝေဠုဝတီချောင် ဟူသောအမည်ကို ၁၃၁၅-ခုနှစ်လောက်အထိ ဆရာတော်ရေးသောစာများတွင် တွေ့ရသည်။နောက်ပိုင်းမှ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်တည်နေရာဥယျာဉ်သည် ခရင်းဝါများအထူးပေါသည်။ ဂျပန်ခေတ်တွင် ခြံပိုင်ရှင်က ထင်းခုတ်ရောင်းစားသဖြင့် သစ်ပင်ကြီးကြီးမားမား မရှိ၊ ဝါးပင်နှင့်ကြိမ်ပင်များသာ ရှိသည်။ ထိုဝါးပင်များကိုအစွဲပြု၍ ဝေဠုဝတီ(ဝါးရှိသောကျောင်းတိုက်)ဟု မှည့်ခေါ်ခြင်း ဖြစ်သည်။ အမှန်မှာ ဝါးတောဥယျာဉ်မှာကျောင်းတိုက်တည်သဖြင့် ဝေဠုဝန (ဝေဠုဝန်)ဟု မှည့်ခေါ်ရမည်။ သို့သော် မြို့ထဲ၌ ဝေဠုဝန်ဟူသောကျောင်း ရှိခြင်း၊ အမည်မှည့်လျှင် ဣတ္ထိလိင်နှင့်မှည့်ရမည်ဟူသော ဆရာသမားများ၏မိန့်ကြားချက်ရှိခြင်း၊ ဤအကြောင်းများကြောင့် ဆရာတော်သည်မိမိကျောင်းတိုက်ကို"ဝေဠုဝတီ"ဟု မှည့်ခေါ်ခြင်းဖြစ်သည်။

ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်သည် ယခုအချိန်တွင် မြေ ၇-ဧကမျှကျယ်ဝန်းသည်။ ကျောင်းကြီးကျောင်းငယ် ၆၀-ကျော်မျှရှိသည်။ ယခုမြင်တွေ့ရသော ကျောင်းတိုက်ကြီးအဖြစ်သို့ရောက်အောင် ဦးအေးမောင်ဦးဆောင်သော မြေတိုင်းနှင့် မြောင်းမြမြို့မှယောဂီကြီးငယ်တို့၏ခုတ်ထွင်ရှင်းလင်းမှုကြောင့် ဖြစ်သည်။ ကျောင်းတိုက်ရှင်းလင်းရာတွင် အမျိုးသားယောဂီများနှင့်တန်းတူပါ

https://www.thitsarparamisociety.com/



ဝင်ရှင်းလင်းခဲ့သော အမျိုးသမီးယောဂီကား ဒေါ်ကျင်လှိုင်ဖြစ်သည်။ ဒေါ်ကျင်လှိုင်ဦးဆောင်သောယောဂီများသည် ဝေဠုဝတီတောင်ကုန်းထိပ်၌ ဝါဆိုကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။ ၁၃၁၁–ခုနှစ် ဝါမှစ၍ ဆရာတော်သည် ဝေဠုဝတီကျောင်းတိုက်၌ဝါကပ်တော်မူသည်။ ထိုအချိန်က ဝေဠုဝတီ၌ ထိုဝါဆိုကျောင်းမှတပါး ယာယီကျောင်းများသာရှိသည်။ ဆရာတော်ကလည်း လေးပင်တိုင်ကျောင်းကလေးများကိုသာ ဆောက်ခွင့်ပြုသည်။ တရားအားထုတ်သောယောဂီများသည် သစ်ပင်အောက် ချုံကြိုချုံကြား၌ အားထုတ်ကြရသည်။ ခြင်ပေါသည့် အခါ ဒိုးနွယ်ကိုပုဆိုးချုပ်ပြီး ခြင်ထောင်လုပ်ရသည်။ နေ့ဖြစ်စေ၊ ညဖြစ်စေ၊ ဝေဠုဝတီပတ်ဝန်းကျင်၌လူသံမကြားရ၊ ခွေးအ,အော်သံ၊ တောဝက်မြည်သံ၊ ကြက်ပင့်ကူမြည်သံများကိုသာကြားရသည်။ တရားအားထုတ်သူတို့အဖို့ ဤသို့တိတ်ဆိတ်ခြင်းသည်ပင်လျှင် မွေ့လျော်ဖွယ်ရာဖြစ်ပေသည်။ ဝေဠုဝတီတောရိပ်တောင်ရိပ်က ယောဂီပုဂ္ဂိုလ်အားပျော်မွေ့စေသည်။ တိုက်ထဲဝင်လာပါက သစ်ပင်များကနှုတ်ဆက်သလို ပြန်သွားပါက မသွားပါနဲ့ဟုပြောသလို ထင်ရသည်။ ထိုအဖြစ်မျိုးကို ကိုယ်တိုင်ခံစားခဲ့ရသော ယောဂီတစ်ဦးက ဤကဲ့သို့ဂါထာဖြင့် မှတ်တမ်းတင်ခဲ့သည်။

> အတ္တယန္တေဝ ပက္ကန္တံ၊ သာခါ ပတ္တာ သမီရိတာ။
> ရမယန္တေဝ အာဂန္တံ၊ မောဒယန္တိ နိဝါသိနံ။

သာခါပတ္တာ သမီရိတာ၊ သစ်ရွက်သစ်ခက်ကလေးတို့ လေသွေးကာ ထိခိုက်သဖြင့် အလိုက်သင့်ဖြစ်ပေါ်၍လာသော သစ်ရွက်သံကလေးတို့သည်။ ပက္ကန္တံ၊ ဝေဠုဝတီကို မျက်နှာလွှဲ၍ ကိုယ့်ရပ်ရွာ ကိုယ့်ဌာနသို့ ပြန်ကြမည့် ဆဲဆဲဖြစ်ကြသော ယောဂီအပေါင်းကို။ အတ္တယန္တေဝ၊ မသွားပါနှင့်၊ အသင်ဒီမှာပျော်ပျော်ကြီး နေထိုင်စမ်းပါဟု သာယာနှုတ်ချိုလှမ်း၍ ခေါ်လိုက်သလို ထင်ရကုန်၏။

အာဂန္တံ၊ ဝေဠုဝတီ တောမှိုဆောင်နှင်း ချောင်အတွင်းသို့ သက်

https://www.thitsarparamisociety.com/



ဆင်းဝင်ရောက်၍လာသော ယောဂီအပေါင်းကို၊ ရမယဋ္ဌေဝ၊ ချုံကြီးချုံငယ် ယှက်နွယ်ပိတ်ဖုံး တောင်ကုန်းနှင့်စမ်း၊ ကျောင်းသခ်မ်းတို့က ရှင်လန်းနှစ်မြို့ ကိုယ်မြို့ကိုယ့်ထံ မပြန်နိုင်အောင်၊ သံပြိုင်ကျော့ကျော့၊ ချော့မော့သလို ထင်ရကုန်၏။

နိဝါသိန်၊ ဂူမင်တခန်း၊ ကျောင်းသခ်မ်းနှင့်၊ ရှင်လန်းပျော်မွေ့၊ အမြဲနေလေ့ရှိသော ယောဂီအပေါင်းကိုလည်း။ မောဒယန္တိ၊ မခွဲနိုင်ပါမခွာ ရက်ဘဲ လွှန်ကဲနှစ်သက် သဒ္ဓါထက်အောင် စွဲမက်ဝမ်းမြောက် နိုင်ကြစေ ကုန်၏။

ဆရာတော်သည် မိမိထံမှောက်သို့ တရားအားထုတ်ရန် ရောက်လာသူတို့အား အထူးအလေးထားကာ တရားပြခဲ့သည်။ တရားအားထုတ်သူ၏ စားဝတ်နေရေးကိုကား တာဝန်မယူပေ။ လူယောဂီများ တရားအားထုတ်ချင်လို့ လာလျှောက်လျှင်လည်း "ကိုယ့်နေရာကိုယ်ရှာ အားထုတ်ကြ"ဟုပြောလိုက်သည်။ တချို့ကလည်း ကျောင်းကလေးဆောက်ပြီး အားထုတ်ပါရစေဟုလျှောက်သဖြင့် ခွင့်ပြုရသည်။ သို့သော် ကျောင်းကြီးကြီးဆောက်လုပ်မှုကိုကား ခွင့်မပြု၊ ကျောင်းကြီးပြီးပါက ဧည့်သည်လာသဖြင့် တရားအလုပ်ပျက်သောကြောင့်ဖြစ်သည်။ ရဟန်းယောဂီများအတွက်လည်း စားဝတ်နေရေးကို တာဝန်မယူ။ တရားအတွက်သာတာဝန်ယူသည်။ သို့သော် ဒို့ရှိတာတော့ စားရမယ်၊ ဒို့ရှိတာတော့ မျှဝတ်မယ်ဟုမိန့်လေ့ရှိသည်။

ဆရာတော်သည် တရားတိုက်၌ လူစည်ကားသည်ကိုမလိုလားပေ။ လူအချို့ကား ကျောင်းတိုက်ကိုစည်ကားအောင် လုပ်လိုကြသည်။ ထိုသူများအား "မင်းတို့ကျောင်း အဆောက်အဦးများမယ်၊ လူစည်ကားမယ်ဆိုရင် မကြာဘူး ပျက်ပြီသာမှတ်" ဟုမိန့်လေ့ရှိသည်။ စာသင်တိုက်သည် စာလုပ်သူရှိမှ တိုးတက်သည်။ တရားတိုက်သည် တရားလုပ်သူရှိမှ တိုးတက်စည်ကားသည်။ အဆောက်အဦး ကောင်းမကောင်းနှင့်မဆိုင်၊ အဆောက်အဦးကောင်းပါက အဆောက်အဦးလာကြည့်တာနှင့် တရားအလုပ်ပျက်သည်ဟု ဆရာတော်ကား ခံယူထားသည်။ ဆရာတော်သည် မိမိတရားတိုက်အတွင်း၌ ဘာ

https://www.thitsarparamisociety.com/



အဖွဲ့အစည်းကိုမှ ပြုလုပ်ခွင့်မပေးပေ။ ၁၃၁၁-ခုနှစ်၊တပေါင်းလတွင် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံမှ ဓာတ်တော်များကြွလာသည်။ ဝေဠုဝတီယောဂီများသည် ဓာတ်တော်ကြိုဆိုရေးအဖွဲ့ကို ဖွဲ့ကြသည်။ ဒီအကြောင်းကို ဆရာတော်သိသဖြင့် "မင်းတို့တိုက်တာထဲမှာ မဖွဲ့ကြနဲ့၊ သမုဒယပယ်ဖို့ လုပ်နေကြတာ၊ အဖွဲ့လုပ်ပြီး ဟိုကြွပါအုံး၊ ဒီကြွပါအုံးနဲ့ဆိုရင် ငါမသွားနိုင်ဘူး"ဟု မိန့်ကြားတားမြစ်ခဲ့သည်။

ဆရာတော်သည် ဝေဠုဝတီတိုက်တာ တည်ပြီးနောက် လူအတော်စည်ကားလာသောအခါ ယောဂီများကို အချိန်နှင့်ခိုင်းရသည်။ ဤအချိန်သတ်မှတ်ထားခြင်းသည်ပင် ဝေဠုဝတီ၏တစ်နေ့တာလုပ်ငန်းစဉ်ဖြစ်သည်။ တစ်နေ့တာလုပ်ငန်းစဉ်ကား နံနက်အာရုံဆွမ်းစားပြီးနောက် ယောဂီများတရားနာ၊ တရားစစ်ခဲ့ရသည်။ ယောဂီအချို့သည် ၈-နာရီအထိတရားထိုင်၊ စင်္ကြံလျှောက်ကြသည်။ ၈-နာရီထိုးလျှင် တရားဖြုတ်ကာ ချက်ပြုတ်ကြရသည်။ နေ့လယ် ၁၂-နာရီမှ ၁-နာရီအထိ စင်္ကြံလျှောက်ရသည်။ စင်္ကြံအပြီးတွင် ဘုရားရှိခိုးကြသည်။ ဘုရားရှိခိုးချိန်ကို ၁၃၂၇-ခုနှစ်နောက်ပိုင်းတွင် ညနေ၆-နာရီသို့ပြောင်းလိုက်သည်။ ယောဂီများသည် စင်္ကြံကဆင်းပြီးတရားထိုင်ရသည်။ တရားထိုင်ရာတွင် ဆွမ်းစားကျောင်းပေါ်၌ တချို့ထိုင်ကြသည်။ တရားဝင်နေသူများအဖို့ မိမိတို့ကျောင်း၌လည်း ထိုင်နိုင်သည်။ လူယောဂီများ ဆင်းသွားပြီးနောက် သံဃာတော်များ နေ့လည် ၁-နာရီမှ ၃-နာရီအထိ စင်္ကြံလျှောက်ကြရသည်။ သံဃာတော်များတွင် တချို့ကား ၂-နာရီခွဲ၊ တချို့ကား ၃-နာရီ၊ စင်္ကြံမှဆင်းကာ မိမိတို့ကျောင်း၌ တရားထိုင်ကြရသည်။ တရားထိုင်သည့်အခါ ယောဂီတိုင်း ဘယ်လောက်ထိုင်ရမယ်လို့ မသတ်မှတ်။ မိမိထိုင်ကောင်းသလောက် တရားဆုံးသည့်တိုင်အောင် ထိုင်ရသည်။ အများစုအတွက် ညနေ ၄-နာရီတွင် ခေါင်းလောင်းတီးပေးသည်။ ထိုအချိန်တွင်းကို နေ့တရားချိန်ဟုခေါ်သည်။ ၁၂-နာရီမှ ၄-နာရီအထိဖြစ်သည်။ ယောဂီများသည် ၅-နာရီတွင် တရားအစစ်ခံရသည်။ တရားစစ်ပြီးနောက် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ တရားဟောလေ့ရှိသည်။ ညနေ၅-နာရီမှ ၈-နာရီအတွင်း သံဃာတော်များ စင်္ကြံလျှောက်ရသည်။ ထိုအချိန်အတွင်း ယောဂီများ ညတရားနာရသည်။ ည ၈-နာရီမှ ၉-နာရီအထိ စင်္ကြံလျှောက်ပြီးထိုင်ရသည်။

https://www.thitsarparamisociety.com/



ဆရာတော်သည် တစ်နေ့တာတရားလုပ်ချိန်အတွင်း သူတစ်ပါးအား ပြသခြင်း၊ ကိုယ်တိုင်အားထုတ်ခြင်းများကို ပြုလုပ်လေ့ရှိသည်။ တရားအား ထုတ်သူမှန်သမျှကို ပစ်မထားဘဲ အမြဲစောင့်ရှောက်သည်။ ထိုစောင့်ရှောက်မှုနှင့်ပတ်သက်၍ "ကမ္မဋ္ဌာန်းဆရာဟာ ဆေးဆရာနဲ့တူတယ်၊ သူတို့အတွက် အမြဲကြောင့်ကြနေရတယ်"ဟု ဝေဠုဝတီဆရာတော် မိန့်လေ့ရှိသည်။

ဆရာတော်သည် မြောင်းမြရောက်သည့်အချိန်ကစ၍ လောကုတ္တရာရေးကိုသာ စောက်ချလုပ်သွားသည်။ လောကကြီးပွားရေးအလုပ်ကို မည်သည့်အလုပ်မှ မလုပ်ခဲ့ပေ။ မိမိနှင့်ပတ်သက်၍ လောကကြီးပွားရေးအတွက် လုပ်လိုသူများကို လက်မခံ၊ ငေါက်ပစ်လေ့ရှိသည်။ တိုးလုပ်ပါက "မင်းတို့ ဒီလိုလုပ်ရင် ဒီနေရာမှာ ငါ,မနေတော့ဘူး၊ လွတ်ရာသွားတော့မယ်" ဟု မိန့်လေ့ရှိသည်။

ဆရာတော်သည် ၁၃၂၂-ခုနှစ် နောက်ပိုင်းမှစ၍ မော်လမြိုင်ကျွန်း မဟာဝတ္ထုကံတိုက်၊ မဟာသတိပဋ္ဌာန်ရိပ်သာ၊ ဘိုကလေးမြို့ သဒ္ဓမ္မဝတီကျောင်းသို့ ကြွရောက်သီတင်းသုံးလေ့ရှိသည်။ ၁၃၃၁-ခုနှစ် တန်ဆောင်မုန်းလတွင် ဘိုကလေးမြို့ သဒ္ဓမ္မဝတီကျောင်းသို့ ကြွရောက်စဉ်က နှလုံးရောဂါရကာ ဆေးကုသခံခဲ့ရသည်။ ၁၃၃၂-ခုနှစ် ဝါတွင်း ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်တရားတော် နောက်ဆုံးဟောကြားခဲ့သည်။ ထိုနှစ်နောက်ပိုင်း၌ တရားမဟောတော့ပေ။ ၁၃၃၆-ခုနှစ် တပေါင်းလဆန်း ၈-ရက်နေ့ ညနေဘက်တွင် မန်ကျီးဖျော်ရည် သောက်မိသဖြင့် ရောဂါ ပြန်ဖြစ်သည်။ နောက်တစ်နေ့တွင် သက်သာသလို ရှိသော်လည်း " ဓါတ်တစ်ခါပျက်ရင် တော်တော်နဲ့မကောင်းဘူး " ဟု မိန့်လေ့ရှိသည်။ ၁၃၃၆-ခုနှစ် တပေါင်းလဆန်း ၁၄-ရက်ညတွင် ဦးလှရှိန်မိသားစု ရဟန်းခံနှင့်ပတ်သက်၍ မနက်ဖန် ရဟန်းခံအတွက် မြို့ထဲကလူတွေ ဖိတ်သေးသလား၊ တရားတိုက်မှာ လူတွေဖိတ်ပြီး ကျွေးမွေးတဲ့အလုပ် မလုပ်ကြပါနဲ့။ ဒီအလုပ်တွေက လောကီ အလုပ်တွေပါ။ ဒီလို အလုပ်တွေကို မနှစ်သက်ဘူးလား ဆိုတော့ ငါလည်း လူသားတစ်ယောက်ဘဲ နှစ်သက်တာပေါ့။

https://www.thitsarparamisociety.com/



ဒါပေမဲ့ ကိုယ့်ကိုယ်ကို ပြန်ဆုံးမရတယ်။ "မင်းတရားတိုက် ထောင်စဉ်က လောကုတ္တရာ အလုပ်သက်သက်ကိုသာ လုပ်မယ်လို့ ရည်ရွယ်ပြီး တည်ထောင်ခဲ့တယ်။ နဂို ရည်ရွယ်ချက် မပျောက်စေနဲ့လို့ ဆုံးမရတယ်" စသည်ဖြင့် မိန့်ကြားခဲ့သည်။ ဒါယကာ၊ ဒါယိကာမများတို့အား ဆုံးမခြင်းကား ဤတရားသည် နောက်ဆုံးဖြစ်သည်။ ၁၃၃၆-ခုနှစ် တပေါင်းလပြည့်နေ့တွင် နှလုံးရောဂါ အပြင်းအထန် ပြန်ဖြစ်သည်။ ၁၃-လမျှ ကြာသည်။ ၁၃၃၇-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄- ရက်ည ၉-နာရီ ၁၅-မိနစ် အချိန်တွင် မြောင်းမြမြို့ သံဃာဆေးရုံ၌ နှလုံးရောဂါဖြစ်ပင် ပျံလွန်တော်မူသည်။

ဆရာတော်မရှိသည့်နောက် တရားတော်များကို မပျောက်ပျက်စေရန် အငြိမ်းစားပညာအုပ်ဦးသိန်းမောင်က စာအုပ်အဖြစ်ရောက်အောင် လုပ်ဆောင်ခဲ့သည်။ ထို တရားစာအုပ်များဖြင့်ပင် ဆရာတော်၏ လောကုတ္တရာ အရည်အသွေးကို သိနိုင်လောက်ပေပြီ။ ထို့ကြောင့် ဝေဠုဝတီဖြစ်တော်စဉ်များကိုသိရှိပြီး ဝေဠုဝတီတရားတော်များကိုလည်း ကြိုးစားအားထုတ်နိုင်ပါစေဟု...ဆန္ဒပြုလျှက်။

၁၃၄၂-ခုနှစ် ပြာသိုလဆုတ် ၉-ရက်

**အရှင်သိရိနန္ဒာစာရ (မြင်းခြံ)။**

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

"စကြံ" "အာနာ" "ဝေဒနာ" "ရင်စိုက်" လေးခု၌
"**သိ**"လိုက်၍သာနေရမည်။

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



# ပဋိစ္စသမုပ္ပါဒ် လင်္ကာ

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ)

၁။ ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရရှိဦးခလျက် ဘဝသုံးပါး ဟုန်းဟုန်းသွားသည် ရထားသံသာ ယာဉ်စကြာ၏ ချင်းရာထုပ္ပတ် သမုပ္ပါဒ်ကို အတပ်သိရန် နိဒါန်းပြန်ပိမ့် အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကြလျက် ဘဝမြုံသိုက် ရှိန်ရှိန်အိုက်သား အမှိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့် ဘဝနောင်ခါ သံသရာဝယ် လူ့ရွာနတ်ငြမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ငြိလျက် ဂတိနောင်ကို ကောင်းစေလိုဟု ကုသိုလ်အရိုး အမျိုးမျိုးကို ကြိုးကြိုးစားစား ပြုတုံပြားက ဆယ်ပါးပုည အာနေဥ္စဟု ဘဝနှီးရင်း ပွားတုံလျှင်းသည် ဝဋ္ဋခင်းဝဋ္ဋနွယ် ရှည်သတည်း။

## သင်္ခါရပစ္စယာ ဝိညာဏံ (သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ)

၂။ ဝဋ္ဋခင်းဝဋ္ဋနွယ် ရှည်ကြောင်းရွယ်သား ဆယ်ဖြာပုည အပုညနှင့် ဘဝနှီးရင်း ပွားတုံလျှင်းသော် လေးသင်းပါယ်ရွာ အဖြာဖြာလျှင် ဗြဟ္မာ လူ နတ် ဘုံသုံးရပ်၌ ဓာတ် ပဓာန ပြဋ္ဌာန်းလှသား ဒွါရသခင် ခြောက်ဝိညာဏ်ဟု အရှင်ဓာတ်မင်း ပေါ်တုံလျှင်း၍ ကိုယ်တွင်းကိုယ်ပြင် ထွက်ဝင်တံခါး အင်ခြောက်ပါး၌ အများရုပ်နာမ် အတန်တန်လျှင် ဝန်းရံဖြိုးဖြိုး အမျိုးမျိုးကို အုပ်စိုးဆောင်ရွက် လျှမ်းလျှမ်းတက်လျှင် ထက်မြက်တေဇာ သူ့ရှိန်ဝါကြောင့် ငါငါ သူသူ လူဘဲနတ်ဘဲ အထင်လွဲလျက် ငရဲအပါယ် အသွယ်သွယ်လျှင် ဝဋ္ဋနွယ်ရှည်လျား တမားမားသည်……….ခြောက်ပါးဝိညာဏ် စွမ်းရည်တည်း။

https://www.thitsarparamisociety.com/



## ဝိညာဏပစ္စယာ နာမရူပံ (ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ)

၃။ ခြောက်ပါးဝိညာဉ် စွမ်းရည်အင်ကြောင့် မီးတွင်ရှိန်ဝါ ထက်ကြပ်ပါသို့ မဂ္ဂါတူကွ ဖြစ်ပေါ်ကြသား ဖဿ,ဝေဒနာ စေတနာနှင့် သညာဝိတက် ရောင်စုံယှက်သည် အမျက်ကြောင်ဝယ် ကြိုးစုံချယ်သို့ အသွယ်အသွယ် အနွယ်နွယ်လျှင် ဆန်းကြယ်စွာလှ နာမ်ကာယနှင့် ဘူတပဟူပေ ရေ မြေ လေ မီး ဓာတ်ကြီးလေးတန် အမာခံလျက် အရံရုပ်သေး နှစ်ဆယ့်လေးတည့် ပေါင်းထွေးမျှညီ အဋ္ဌဝီသ ရုပ်ကာယဟု နာမရူပ ဓမ္မအပြား ဤနှစ်ပါးလည်း ထင်ရှားစုံစွာ ပေါ်တုံလာ၍ နာနာကာယ အနန္တလျှင် ရူပရုပ်ဟန် သဏ္ဌာန်အမူ ဇာတ်မတူသည် လူအရပ်ရပ် နတ်အထွေထွေ ရေမျိုးကုန်းမျိုး ကောင်းဆိုးယုတ်ညံ့ အကန့်လန့်လျှင် ခြားသန့်ပေါ်ဝယ် သောသောကြွယ်သည်...နှစ်သွယ်နာမ်ရုပ် စွမ်းရည်တည်း။

## နာမရူပပစ္စယာ သဠာယတနံ (နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ)

၄။ ထင်ရှားစေ့စုံ အဖုံဖုံလျှင် တည်တုံနာမ်ရုပ် ကိုယ်သမုတ်သား အထုတ်အထည် ကြီးငယ်ကာယ ပေါ်ပြန်ကလည်း ဒွါရတွင်မည် ဖိတ်ဖိတ်လည်သည် အကြည်ခြောက်မျိုး ကိုယ်လုံးဖြိုးလျက် အရိုးစီစဉ် အမြင်စက္ခုကြားမှုသောတ ဃာနအနံ့ လျက်ရန်ဇိဝှာ ကာယာတွေ့ထိ အသိမနော မရောမယှက် တလက်လက်လျှင် အမျက်စိန်ရည် လဲ့လဲ့ကြည်သို့ ခြောက်မည်အာရုံ အလုံးစုံလည်း ပုံသဏ္ဌာန်ရိပ် နိမိတ်အသွင် အကုန်ထင်၍ ဤရှင်ဤလူ ဤမူနေလ ရူပသဏ္ဌာန် အသံအမျိုး အခိုးလှိုင်ပျံ့ ရနံ့ထိုထို အချိုအချဉ် ဤလျှင်အပူ ဤမူအအေး အတွေးအသိ ပြည့်စုံဘိ၍ ငါ၏ဤကိုယ် ငါမင်းပျိုဟု အဆိုအထင် အမြင်မှောက်မှား စိတ်နေကြွားသို့ တံခါးခြောက်သင်း ကိုယ်လုံးလင်းသည်...ခြောက်စင်းဓာတ်မှန် စွမ်းရည်တည်း။

https://www.thitsarparamisociety.com/



## သဠာယတနပစ္စယာ ဖဿော (သဠာယတနကြောင့် ဖဿဖြစ်ပုံ)

၅။ ဓာတ်မှန်အကြည် ခြောက်မျိုးတည်က ခြောက်မည်အာရုံ အလုံးစုံလည်း ပုံသဏ္ဍာန်ရိပ် နိမိတ်အသွင် ကိုယ်လုံးထင်လျှက် ဝိညာဏ်ခြောက်ဆင့် ဖွားဖွားပွင့်က နှိုင်းသင့်တူမျှ ပမာပြမှု သိကြားခက်ရှိန် လက်လက်ထိန်သား ဝရဇိန်သွား ရှပ်ရှပ်ဝါးသို့ ခြောက်ပါးဖဿ ဖြန်းဖြန်းထ၍ ရသခြောက်မည် အာရုံရည်ကို ကြိတ်နယ်သောအား တွေ့ထိပြားက ဤကားဇ္ဈာဋ္ဌ အနိဋ္ဌနှင့် ဤမျှမကောင်း ဤမျှကောင်းဟု အကြောင်းသွေးဆော် အရေးပေါ်လျှက် ခြောက်ဖော်အာရုံ ရသဂုဏ်တို့ အကုန်ပေါ်ထွက် ရှမ်းရှမ်းတက်၍ မက်ဖွယ်မုန်းဖွယ် အနှုန်းခြယ်သည် ခြောက်ဖွယ်ဖဿ စွမ်းရည်တည်း။

## ဖဿပစ္စယာ ဝေဒနာ (ဖဿကြောင့် ဝေဒနာဖြစ်ပုံ)

၆။ ဖဿခြောက်မည် သူ့စွမ်းရည်ဖြင့် ကြိတ်လည်သောအား စက်ရှိန်ဝါး၍ ခြောက်ပါးအာရုံ မြေ့မြေ့တုန်လျှက် ခြောက်ဆုံရသ အနိဋ္ဌနှင့် ဣဋ္ဌဟူသည် အရည်စီးစီး ယိုထွက်စီးသော် ဓာတ်သီးခြောက်ဖြာ ဝေဒနာဟု ထွေလာအထူး ထွက်ပေါ်မြူး၍ ခြောက်ဦးရှမ်းစည် အာရုံရည်ကို မည်မည်ရရ ခံစံကြမှ သုဘသုဘာ သာမသာနှင့် ထွေလာများတောင်း ကောင်းမကောင်းလည်း ထောင်းထောင်းငေါ်ငေါ် သိထင်ပေါ်၍ ကောင်းသော်စိတ်ဝမ်း ဖိတ်ဖိတ်လျှမ်းလျှင် ရှင်လန်းနှလုံး စွင့်စွင့်ပြုံး၏ မုန်းဖွယ်တွေ့က ခြောက်သွေ့နွမ်းညှိုး နှလုံးစိုး၍ အခိုးလူလူ ပွက်ပွက်ဆူမျှ ပူပူပင်ပင် မရှင်မလန်း စိတ်ကုန်ခမ်း၏ ချမ်းသာသုခ တစ်ခုမျှ၌ လောကအထု အကုန်စု၏ ပုပုရွရွ မြင်သမျှလည်း သုခဘုံချည်း လုံ့လသည်း၏ အရည်းသူမြတ် ပရမတ်ကို ချန်လှပ်ထား၍ အများလောက ရှိသမျှကို ဒုက္ခပွားမှု များစွာပြုသည်... သုခဝေဒနာ စွမ်းရည်တည်း။

https://www.thitsarparamisociety.com/



## ဝေဒနာပစ္စယာ တဏှာ (ဝေဒနာကြောင့် တဏှာဖြစ်ပုံ)

၇။ သုခဝေဒနာ စွမ်းရည်ဖြာသည် ရသာမြိန်ရှမ်း အစိမ့်မွမ်းက သွန်းသွန်းဆူကြွ ထိုသုခ၌ ပီယတူသား အချစ်ပွား၍ ခြောက်ပါးဝေဒနာ မြိန်ယှက်စွာကို လွယ်ကာမနှေး လိုတိုင်းပေးသည် သူဌေးရတနာ ပမာအလား ကြင်မယားနှင့် ဝတ်စားရွှေငွေ လယ်မြေလုပ်ခင်း ထမင်းဘောဇဉ် သဘင် ပွဲလမ်း အခဏ်းခဏ်းတည်း ပန်းမျိုးနံ့သာ အဖြာဖြာလျှင် ရူပါရမ္မဏ စသည် အပုံ ပဥ္စရုံနှင့် ခြောက်ဖုံဖဿ စက္ခုစသား ဒွါရခြောက်မည် အကြည်အလင်း ကိုယ်တွင်းဓါတ်နု တစ်ခုခုလျှင် ဗဟုဘေဒါ များပြားစွာသည် ဓမ္မရမ္မဏ ကာမဝတ္ထု အစုအပုံ ခြောက်အာရုံ၌ ခုံတမင်မင် ခင်တများများ နေ့စဉ်ပွား၍ တရားအချက် သဘောနက်ကို အိပ်မက်တွင်မျှ မမြင်ကြဘဲ ကာမထောင်တွင်း ခန္ဓာကင်းသည်...ခြောက်သင်းတဏှာ စွမ်းရည်တည်း။

## တဏှာပစ္စယာ ဥပါဒါန် (တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ)

၈။ တဏှာခြောက်မည် အရင်းတည်လျက် အရှည်များလျှား အစဉ် ပွားက လေးပါးအမှန် ဥပါဒါန်သည် ခန္ဓာအရင်း အစွဲပြင်း၏ အသင်းပွားများ သားမယားက စသည်ဖြာဖြာ မဆုံးရာသား ကာမဝတ္ထု စွဲလမ်းပြုသည် ကာ မုပါဒါန် တဖန်ထို့ပြင် မိစ္ဆာညာဉ်ဖြင့် အမြင်ပြားသည် ဒိဋ္ဌိစင်မှ ဂေါသီလ ကို ဝင်္ငမှုထုတ်တတ် စွဲထင်မှတ်သည် သီလဗ္ဗတုပါဒါန် ခန္ဓာငါးပါး တရားအ စု ဓာတ်အနုကို ကိုယ်ဟုစွဲကပ် အမြဲမှတ်သည် အတ္တဝါဒုပါဒါန် အထန်အ ပြင်း အစွဲကင်း၍ ဝဋ္ဋခင်းဝဋ္ဋနွယ် ဝဋ္ဋပင်လယ်မှ လွတ်သွယ်မအား တမား မားသည်...လေးပါးဥပါဒါန် စွမ်းရည်တည်း။

https://www.thitsarparamisociety.com/



## ဥပါဒါနပစ္စယာ ဘဝေါ (ဥပါဒါန်ကြောင့်ဘဝ ဖြစ်ပုံ)

၉။ စွမ်းရည်ပြင်းထန် ဥပါဒါန်ဖြင့် ခန္ဓာဓမ္မ ကိုယ်ကာယ၌ အတ္တအစွဲ မြဲကြီးမြဲ၍ ရဲရဲရက်ရက် ကိုယ့်အတွက်ကြောင့် သက်သတ်ခိုးမှု စသည်ပြုလျက် အကုသလ ကာမဆယ်တန် အပြစ်လျှံ၍ တဖန်နောက်နှောင်း ငါလျှင်ကောင်းစိမ့် အကြောင်းရည်ရော် အရှည်မျှော်လျက် သူတော်ဓလေ့ ရသေ့ ရဟန်း လှူဒါန်းဝေငှ ပဉ္စင်္ဂနှင့် အင်္ဂါ ဒသင်္ဂတည့် လေးလိမြဲမြဲပဟ္မဝိဟာရစျာန် ဆယ်တန်ကသိုဏ်း အလိုင်းများစွာ ဘာဝနာဟု ဆယ်ဖြာပုညကုသလကို လုံ့လကြိုးစား ကောင်းကျိုးပွား၏ နှစ်ပါးကုသိုလ် အကုသိုလ်ဟု ထိုထိုဘဝ ဖြစ်သမျှ၌ ဗီဇပြည့်ဖြိုး အမျိုးမျိုးကြောင့် အကျိုးတရား အရှည်ပွားသည်... နှစ်ပါးဘဝ စွမ်းရည်တည်း။

## ဘဝပစ္စယာ ဇာတိ (ဘဝကြောင့်ဇာတိ ဖြစ်ပုံ)

၁၀။ ဘဝစွမ်းရည် ကံနှစ်ထွေကြောင့် သဗ္ဗေသတ္တာ သတ္တဝါကိုဖြစ်ရာဘဝ ဆုံပြန်ကလျှင် ဧကစတု ငါးခုခန္ဓာ ကံချရာ၌ ဓမ္မတာစစ် သစ်တလဲလဲ အနဲနဲလျှင် ဖြစ်မြဲဇာတိ သန္ဓေငြိ၍ တြိဘုံပြင် နယ်တစ်ခွင်၌ အစဉ်ပြည့်ပွား အစားစားလျှင် မားမားမတ်မတ် ဇာတ်အမျိုးမျိုး တန်ခိုးထင်တိမ် ဂုဏ်သိရိနိမ့်မြင့် အကျင့်ဆိုးကောင်း အပေါင်းများစွာ သတ္တဝါဟု နာနာကာယ ဖြစ်ပြန်ကြသည်... လေးဝဇာတိ စွမ်းရည်တည်း။

## ဇာတိပစ္စယာ ဇရာမရဏံ (ဇာတိကြောင့်ဇရာမရဏ ဖြစ်ပုံ)

၁၁။ သန္ဓေဇာတိ တဖန်ငြိ၍ တြိဘုံသူ အဆူဆူလျှင် လူလူနတ်နတ် အရပ်ရပ်တည့် မတ်မတ်မားမား ဖြစ်ပြန်ပြားသော် သုံးပါးအရွယ် စလယ် အဆုံး ရှိမြဲထုံးဖြင့် အနှုန်းစဉ်စီ သန္ဓေချီက နာရီစဉ်သင့် အဆင့်

https://www.thitsarparamisociety.com/



ဆင့်လျှင် ရင့်မြဲရော်မြဲ တသဲသဲတည့် မစဲနေ့ည တရွှရွှလျှင် ခဏသန္တတိ အဂ္ဂိဇရာ နှစ်ဖြာလောင်မီး ရှိန်ရှိန်ညီး၍ အကြီးအငယ် အရွယ်ခြားနား အစားစားလျှင် အသွားတွင်တွင် မစဲနိုင်၏ လေးအင်သေမှု တစ်ခုခုလည်း ဗဟုအန္တရာယ် အသွယ်သွယ်နှင့် နှီးနွှယ်ရုံးစည်း တစ်လုံးတည်းလျှင် ကြီး ကြီးငယ်ငယ် အရွယ်မထောက် အချိန်ရောက်က ချုပ်ပျောက်ခန္ဓာ မငြင်း သာသည်... ဇရာမရဏ စွမ်းရည်တည်း။

## သောကပရိဒေဝဒုက္ခဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊

၁၂။ သန္ဓေဇာတိ ခန္ဓာရှိက ဉာတိဘောဂ စသည်သင်းပင်း ကွေ ကွင်းခြင်းနှင့် မကင်းစသာ ကြုံကြိုက်လာသော် ပူဆာသောက ယူထဝဋ် ကြွေး သက်မွေးဝန်ထမ်း ပူချမ်းဒုက္ခ အနိဋ္ဌကြောင့် စိတ်ကမကြည် မဆည်ငင် ရှိုက် အလှိုက်အလှဲ ဆင်းရဲငါးပါး အကျဉ်းအားတည်း ကျယ်ပွားအနန္တ တွေ့ ကြုံရသည် မူလဇာတိ အနှုန်းတည်း။

## ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ

၁၃။ ဝဋ်သံသရာ ရှည်မင်းစွာ၌ သူငါဘဝ ဖြစ်သမျှကား သတ္တမ ဟုတ် ဇာတ်မှန်ထုတ်သော် ရုပ်နာမ်နှစ်သင်း အမြင်လင်းလော အရင်းအဝိဇ္ဇာ ထိုမှဖြာ၍ ဇရာမရဏ အဆုံးကျသည် ဓမ္မအပြား ဆယ့်နှစ်ပါးကို ဤကား လူပင် ဤလျှင်နတ်ဘဲ အထင်လွဲလျက် တဝဲလည်လည် ဝဋ်နွှယ်စည်၏ ရှည်လေသမျှ အနန္တကား သုခဟူသည် မြူမျှမကွက် အဆက်ဆက်လျှင် သက်သက်ဒုက္ခ ဇာတ်မှန်ရသည်...ဘဝဤကိုယ် ဖြစ်ထုံးတည်း။

ပဋိစ္စသမုပ္ပါဒ်ပျို့ လင်္ကာအကျဉ်းချုပ် (၁၃) ပုဒ် ပြီး၏။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

https://www.thitsarparamisociety.com/



၁၃၂၄-ခု၊ ဝါဆိုလပြည့်နေ့တွင် မြောင်းမြမြို့
ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌ ကျေးဇူးရှင် ဝေဠုဝတီ
ဆရာတော်ဘုရားကြီးသည် တပည့်အပေါင်းတို့အား
ဟောကြားတော်မူအပ်သော

# ပဋိစ္စသမုပ္ပါဒ် တရားတော်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ်အခါက လူငါးယောက် တရားနာလာကြသည်။ ဘုရားတို့မည်သည် ခြင်္သေ့မင်းကြီးနဲ့တူတယ်တဲ့။ ကေသရာဇာ ခြင်္သေ့မင်းသည် သားကောင်ကလေးငယ်ငယ်ဖမ်းလည်း အားကုန်လွှတ်ဖမ်းတယ်။ အကောင်ကလေး ငယ်တယ်လို့ မလျှော့ဘူးတဲ့။ ဘုရားတို့မည်သည် အဲဒီလိုဘဲ။ ပရိတ်သတ်အများကြီးကို တရားဟောလည်းဘဲ ကိုယ်တော်မြတ် အားရှိသလောက်ဟောတော်မူတယ်၊ တစ်ယောက်နှစ်ယောက်ဟောလည်းဘဲ ကိုယ်တော်မြတ် အားရှိသလောက် ဟောတော်မူတယ်၊ ဒါကြောင့် ဘုရားတို့မည်သည် ခြင်္သေ့မင်းနဲ့တူတယ် နော်။

သတ္တဝါတို့အကျိုးဌာ ဘုရားဖြစ်လာတော့ သတ္တဝါတို့အကျိုးအတွက် ဆောင်ရွက်ရမယ်ဆိုရင် ကိုယ်တော်မြတ်က ပင်ပန်းခြင်းကို ငဲ့ကွက်တော်မမူဘူးတဲ့၊ ခု တရားနာလာတဲ့လူတွေဟာ ဒီလိုအပင်ပန်းခံပြီးတော့ ဟောထိုက်တဲ့ လူစားတွေလားလို့ဆိုတော့ မဟုတ်ဘူး။ မြတ်စွာဘုရားက တရားကို နင်လားငါလား အားထုတ်ကြိုးပမ်းဟောပေမယ်လို့ ပဌမလူကငိုက်နေတယ်။ ဒုတိယလူက မြေကြီးကိုခြစ်နေတယ်။ တတိယလူက သစ်ပင်ကို လက်နဲ့ဆွဲလှုပ်နေတယ်။ စတုတ္ထလူက ကောင်းကင်ကိုမော့ကြည့်နေတယ်။ အဲဒီလေးယောက်ဟာ မြတ်စွာဘုရား၏တရားကို နားမစိုက်ကြဘူး။

https://www.thitsarparamisociety.com/



ပဉ္စမလူတစ်ယောက်ထဲသာ ကြိုးစားပမ်းစား တရားကိုနာတယ်။ အေး...ဒို့ ပရိတ်သတ်ကကော ငါးယောက်တစ်ယောက်မှ ပါပါ့မလား။

အဲဒီတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားတဲ့။ အရှင်ဘုရား တရားဟောတော်မူလိုက်တာကလည်း အင်မတန်မှ အားထုတ်ကြိုးပမ်း ဟောတော်မူပါတယ်။ တပည့်တော်များမှာတော့ အရေထူ အရေပါး အကြောအသား ရိုးတွင်းခြင်ဆီခိုက်သွားအောင် အရှင်ဘုရားဟောတဲ့တရား အင်မတန်မှ ကောင်းပါတယ်။ ထိုတရားနာတဲ့လူတွေမှာတော့ တစ်ယောက်မှစွဲပုံမရဘူး။

တစ်ယောက်ကလည်း ငိုက်လို့၊ တစ်ယောက်ကလည်း မြေကြီးလက်နဲ့ခြစ်လို့၊ တစ်ယောက်ကလည်း သစ်ပင်လက်နဲ့ဆွဲလှုပ်လို့၊ တစ်ယောက်ကလည်း ကောင်းကင်မော့ကြည့်လို့၊ တစ်ယောက်ထဲ ကျကျနနနာတာ တပည့်တော် တွေ့ပါတယ်လို့ လျှောက်သတဲ့။ လျှောက်တော့ ဘုရားရှင်က အဲဒီလူတွေရဲ့ ဝါသနာအလေ့အကျင့်ကို ဟောတော်မူတယ်။

**“ဝါသနာဘာဂီ ဆက်တိုင်းမှီ”** ဆိုတဲ့ စကားကို မကြားဖူးဘူးလား၊ အဲဒီစကားဟာ ယခုဘဝသာမဟုတ်ဘူး၊ သတ္တဝါတို့၏ ဘဝအဆက်ဆက်က ပါလာတယ်လို့ ဆိုလိုတယ်။

၁။ ယခုတရားနာလာတဲ့ လူငါးယောက်တို့တွင် ငိုက်နေတဲ့လူက နဂါးဘဝကလာတယ်၊ နဂါးဘဝမှာ ဘဝငါးရာဖြစ်ခဲ့တယ်။ မြွေများ၊ နဂါးများဟာ အင်မတန် အအိပ်ကြီးသတဲ့။ မြွေဘဝ နဂါးဘဝကလာခြင်းကြောင့် တရားနာရင်း ငိုက်နေတယ်တဲ့။ ကဲ...ကြည့်စမ်း၊ ဒို့တရားနာပရိတ်သတ်ထဲ ဘယ်နှစ်ယောက်တွေ့သလဲ၊ မြွေဘဝကလာတဲ့လူလေ။ တရားနာရင်းငိုက်နေရင် နဂါးဘဝကလာလို့ဘဲ မှတ်ပေတော့။

၂။ မြေကြီးလက်နဲ့ခြစ်တဲ့လူက တီဘဝမှာ ဘဝငါးရာဖြစ်ခဲ့တယ်၊

https://www.thitsarparamisociety.com/



ဒါကြောင့် သူ့လူဖြစ်လာတော့လည်းဘဲ မြေကြီးလက်နဲ့ခြစ်နေတာ။ သည့်ပြင်အချိန်အခါမပြောနဲ့၊ တရားနာတဲ့အချိန်အခါမှာတောင် မြေကြီးလက်နဲ့ခြစ်နေတယ်။ ဘယ်ဘဝကလာလို့လဲ၊ တီ ဘဝကလာလို့။ တီ ဆိုတဲ့အကောင်မျိုးဟာ မြေကြီးစားနေတာကိုး။

၃။ သစ်ပင်ဆွဲလှုပ်နေတဲ့လူက မျောက်ဘဝမှာ ဘဝငါးရာဖြစ်ခဲ့တယ်။ ဘဝငါးရာဖြစ်ခဲ့တော့ မျောက်ဆိုတာ အင်မတန်ဆော့တာကိုး။ သူလည်းဘဲ သည့်ပြင်အချိန်တော့ မပြောနဲ့တော့။ တရားနာတဲ့အချိန်မှာတောင် လက်အငြိမ်နေလို့ မရဘူးတဲ့။ သစ်ပင်ဆွဲလှုပ်နေတယ်။

၄။ ကောင်းကင်မော့ကြည့်နေတဲ့လူက နက္ခတ်ကြည့်တဲ့ပုဏ္ဏားဘဝကလာတယ်တဲ့။ ဘဝငါးရာပတ်လုံး နက္ခတ်ကြည့်တဲ့ပုဏ္ဏား ဖြစ်ခဲ့တယ်။ ဒီတော့ " ဝါသနာဘာဂီ ဆက်တိုင်းမှီ " ဆိုတဲ့အတိုင်း ဘဝါဘဝက ဖြစ်လာခဲ့တာတွေဟာ ယခု...ကိုယ်ဖြစ်ပုံ ကိုယ်ပြန်ပြီးစဉ်းစားခဲ့သော် နည်းနည်းမရိပ်မိနိုင်ဘူးလား (ရိပ်မိနိုင်ပါတယ်ဘုရား)။

၅။ တစ်ယောက်သောသူက ဗေဒင်သုံးပုံကို ကမ်းတစ်ဖက်ရောက်အောင်တတ်တဲ့ပုဏ္ဏားဘဝမှာ ဘဝငါးရာဖြစ်ခဲ့တယ်တဲ့။ ဗေဒင်သုံးပုံကို ဘယ်ထိ အောင်တတ်တယ်။ ပါရံဂစ္ဆတီတိ ပါရဂူလို့ဆိုတဲ့အတိုင်း၊ ကမ်းတစ်ဖက်ရောက်အောင် ဗေဒင်သုံးပုံကိုတတ်မြောက်တဲ့ ပုဏ္ဏားဘဝမှာ ဘဝပေါင်းငါးရာဖြစ်ခဲ့တယ်တဲ့။ ဒီတော့ သူက ဗဟုသုတ အဆည်းအပူးများတော့ သူများပြောတဲ့စကားကို အကောင်းအဆိုးဝေဖန်ပြီးတော့ နားထောင်လေ့ရှိတယ်။ ပညာကိုလိုက်စားတဲ့ပုဂ္ဂိုလ်ကိုး။ သူများပြောတဲ့စကားကို အကောင်းအဆိုးဝေဖန်ပြီး နားထောင်လေ့ရှိတော့ မြတ်စွာဘုရားရှေ့ရောက်တဲ့အခါ မြတ်စွာဘုရား၏စကားတော်ကို ဝေဖန်ပြီးနားထောင်တယ်။ အဲဒီပုဂ္ဂိုလ်ကတော့ သောတာပန် ဖြစ်သွားသတဲ့။ ဒီတော့ ငါးယောက်တစ်ယောက် စွဲသွားတာပေါ့။

ဝါသနာဆိုတာ ဘဝအဆက်ဆက် လိုက်တတ်တယ်နော်။ ဝေသာ

https://www.thitsarparamisociety.com/



လိပြည်က "သုနက္ခတ္တ" အမည်ရှိသော လိစ္ဆဝီမင်းသားဟာ ရဟန်းပြုသတဲ့။ ရဟန်းပြုပြီးတော့ မြတ်စွာဘုရားကလည်း အလုပ်အကျွေး မမြဲသေးတဲ့အခါဖြစ်လို့ မြတ်စွာဘုရားရဲ့သပိတ်,သင်္ကန်းကို လွယ်ပြီးတော့ ဘုရားနောက်က လိုက်တယ်။ အဲဒီ သုနက္ခတ္တ အမည်ရှိသော လိစ္ဆဝီမင်းသားကို ရဟန်းပြုတော့လည်း "သုနက္ခတ္တရဟန်း"လို့ဘဲ ခေါ်တယ်။ အဲဒီ သုနက္ခတ္တရဟန်းဟာ မြတ်စွာဘုရားနောက်က သပိတ်,သင်္ကန်းလွယ်ပြီးလိုက်ရာမှာ ကောရခတ္တိယ အမည်ရှိသော တိတ္ထိကြီးနဲ့တွေ့တယ်။ အဲဒီ တိတ္ထိကြီးက ကုက္ကုရသီလ-ကုက္ကုရဝတ၊ ခွေးအလေ့-ခွေးအကျင့်ကို ကျင့်သတဲ့။ ခွေးအလေ့ ခွေးအကျင့်ကိုတော့ သီလဗ္ဗတပရာမာသ သံယောဇဉ်ပေါ့။ နွားအလေ့နွားအကျင့်ကိုကျင့်တော့ ဂေါသီလ-ဂေါဝတ ခေါ်တယ်။ ဂေါက-နွား၊ သီလက အလေ့။ ဂေါသီလ-နွားအလေ့၊ ဂေါက နွား၊ ဝတက အကျင့်၊ ဂေါဝတ နွားအကျင့်။ အဲဒီ ဂေါသီလ ဂေါဝတလည်းဘဲ သီလဗ္ဗတပရာမာသသံယောဇဉ်ဘဲ။

ခွေးအလေ့ ခွေးအကျင့်ကို ကျင့်တော့ ကုက္ကုရသီလ ကုက္ကုရဝတ ခေါ်တယ်။ ကုက္ကုရက ခွေး။ သီလက အလေ့။ ကုက္ကုရသီလ ခွေးအလေ့၊ ကုက္ကုရက ခွေး၊ ဝတက အကျင့်။ ကုက္ကုရဝတ ခွေးအကျင့်။ အဲဒီ ကုက္ကုရဝတ အကျင့်မျိုးဟာလည်း သီလဗ္ဗတပရမာသ သံယောဇဉ်ဘဲတဲ့။ တရားကိုယ်ကတော့ ဒိဋ္ဌိ။

သဟာဝဿ ဒဿန သမ္ပဒါယ။
တယဿုဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ။

သီလဗ္ဗတံဝါပိ ယဒတ္ထိကိဉ္စိ လို့ ပရိတ်ကြီးမှာ ဒီလိုမရှိဘူးလား။ သက္ကာယဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်ရယ်၊ အဲဒီ သုံးပါးကို သောတာပန်ဖြစ်တော့မှ ပယ်နိုင်တယ်။ သောတာပန်မဖြစ်လို့ ပုထုဇဉ်ဆိုရင်တော့ ဒီဘဝမကျင့်ပေမယ်လို့ ဟိုဘဝကျင့်မှာဘဲ။ ပုထုဇဉ်ဘဝဟာ အလွန်ခက်တယ်နော်။ တရားကိုယ်ကသာ ဒိဋ္ဌိ။ သူ့နာမည်က သီ

https://www.thitsarparamisociety.com/



လဗ္ဗတပရာမာသ တဲ့။ သီလဆိုတာ အလေ့။ ဝတ,ဆိုတာ အကျင့်။ အဲဒီ အလေ့အကျင့်ကို များသောအားဖြင့် သုံးသပ်ပြီး လေ့ကျင့်သောကြောင့် သီလဗ္ဗတပရာမာသ...တဲ့။

ခွေးလိုကျင့်တာ၊ နွားလိုကျင့်တာ အကျင့်နှစ်မျိုးရှိတယ်။ ဒီအကျင့် ပေတဲ့ သာမည မအောက်မေ့နဲ့။ ခွေးလို အဝတ်မဝတ်ဘဲ မီးဖိုပြာပုံထဲ ယက်အိပ်တယ်။ ခွေးလို လေးဘက်ထောက် စားတယ်။ ခွေးလို ကျင်ကြီး စွန့်တယ်။ ခွေးလို ကျင်ငယ်စွန့်တယ်။ လူပင်ဖြစ်သော်လည်း ခွေးအလေ့ ခွေးအကျင့်ကို ကျင့်တယ်နော်။ လူပင်ဖြစ်သော်လည်း နွားအလေ့ နွားအ ကျင့်ကို ကျင့်တယ်။ မတ်တပ်ရပ် ချေးယိုတယ်။ မတ်တပ်ရပ် သေးပေါက် တယ်။ အကုန်လုံး နွားကိုဆရာတင်ပြီးတော့ နွားအတုခိုးတာပေါ့။ နွားဆရာ တင်၊ နွားအတုခိုးပြီးကျင့်တော့ ဂေါသီလ၊ ဂေါဝတ။ ခွေးဆရာတင်ပြီး ခွေးလိုကျင့်တော့ ကုက္ကုရသီလ ကုက္ကုရဝတ။ အဲဒီ နှစ်ခုစလုံး သီလဗ္ဗတ ပရာမာသ ခေါ်တယ်နော်။

အဲဒီ ဂေါသီလ ဂေါဝတ၊ ကုက္ကုရသီလ ကုက္ကုရဝတဆိုတဲ့ အကျင့် မျိုးကို ဘယ်လိုရည်စူးချက်နဲ့ကျင့်သလဲ။ ရည်စူးချက်ကလေးက ဒီလိုတဲ့။ ခွေးလိုနွားလို အပင်ပန်းခံပြီးကျင့်လျှင် နောက်နောက်ကပြုခဲ့တဲ့ အကုသိုလ် တွေလည်း အကုန်လုံးစင်ကြယ်တယ်။ ရှေ့လည်း အကုသိုလ်အသစ်မဖြစ် ဘူး။ ဒါကြောင့် နိဗ္ဗာန်ရောက်တယ်တဲ့။ ရည်စူးချက်ကမဆိုးဘူး။ သီလဗ္ဗတ ပရာမာသ သံယောဇဉ်ဆိုတာ ဒီလိုအယူရှိတဲ့ပုဂ္ဂိုလ်များကျင့်တတ်တယ်။ အဲလိုကျင့်တော့ ဘယ်လိုဘုံဌာန ရောက်သလဲဆိုရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ အပါယ်လေးဘုံရှိတယ်။ အဲဒီ အပါယ်လေးဘုံထဲက အသူ ရကာယ်ဆိုတာ ကာလကဉ္စိက အသူရာလို့ခေါ်တာ။ လောကန္တရိက်ငရဲကို အသူရကာယ်ခေါ်တယ်။ ကာလကဉ္စိကပြိတ္တာမျိုးကို ကာလကဉ္စိက အသူ ရကာယ်လို့ ခေါ်တယ်။ ဟို...မြင့်မိုရ်တောင်အောက်မှာရှိတဲ့ သိကြားနဲ့စစ် တိုက်တဲ့အသူရာကို နတ်အသူရကာယ်လို့ ခေါ်တယ်။ အဲဒီလို အသူရကာယ် အမျိုးမျိုးရှိတဲ့အနက် ကာလကဉ္စိကဆိုတဲ့ ပြိတ္တာမျိုးဟာ အသူရကယ်ဘဲ။

https://www.thitsarparamisociety.com/



အဲဒီ သီလဗ္ဗတပရာမာသ ခေါ်တဲ့ ဂေါသီလ၊ ဂေါဝတ၊ ကုက္ကုရ သီလ၊ ကုက္ကုရဝတ အကျင့်မျိုးကို ခွေးလိုပျော့ပျော့ကျင့်ရင် ခွေးဖြစ်တယ်။ နွားလို ပျော့ပျော့ကျင့်ရင် နွားဖြစ်တယ်။ ခွေးလိုနွားလို သန်သန်ကျင့်ရင် ကာလကဉ္စိက အသူရကာယ် ဖြစ်တယ်။

ကာလကဉ္စိက အသူရကာယ်ဆိုတာ ခန္ဓာကိုယ်က သုံးဂါဝုတ်ရှိတယ်။ မျက်လုံးက ထိပ်မှာတစ်လုံးတည်းပေါက်တယ်။ ပါးစပ်က အပ်နဖါးပေါက် လောက်ရှိတယ်။ ဒီတော့ ဘယ့်နှယ်လုပ် သူအစာဝအောင်စားရမလဲ။ မစား ရဘူး။ အစာရှာတော့လည်း မျက်လုံးက ထိပ်မှာပေါက်လို့ ခေါင်းငုံ့ပြီးရှာရ တယ်။ အဲဒါမျိုးကို ကာလကဉ္စိကအသူရကာယ် ခေါ်တယ်။ အဲဒီ ကာလကဉ္စိ ကခေါ်တဲ့ အသူရကာယ်မျိုးဟာ ဘယ်အကျင့်ကိုကျင့်လို့ဖြစ်သလဲလို့ စိစစ် ရင် သီလဗ္ဗတပရာမာသ အကျင့်ကိုကျင့်လို့ဖြစ်တယ်တဲ့။ သို့သော် သူတို့ ရည်ရွယ်ချက်ကတော့ နိဗ္ဗာန်ရောက်တယ်ဆိုပြီးကျင့်တာ။ ဘယ်လောက်ကွာ ခြားနေသလဲလို့။ အမှန်မသိလို့...နော်။

ကောရခတ္တိယ အမည်ရှိသောတိတ္ထိကြီးသည် ခွေးလိုပြာပုံထဲယက် ပြီးအိပ်တယ်။ သုနက္ခတ္တရဟန်းက မြတ်စွာဘုရားနောက်က သပိတ်,သင်္ကန်း လွယ်ပြီးလိုက်တော့ မြတ်စွာဘုရားကလည်း အဲဒီအနားကလျှောက်သွားပြီး "အော် ဒီကောင်ကြီးနှယ် ပင်ပန်းဆင်းရဲရှာလိုက်တာ"လို့ အောက်မေ့တယ်။ သုနက္ခတ္တရဟန်းကတော့ "အောင်မလေး၊ အကျင့်ကောင်းလိုက်တဲ့ရဟန္တာ ကိုယ်တော်မြတ်ကြီး ဒါမှရဟန္တာအစစ်ဘဲလို့ အောက်မေ့သတဲ့။ အဲဒီအခါ မြတ်စွာဘုရားက "ဟဲ့...သုနက္ခတ္တ၊ မင်း မတော်တာမကြံနဲ့လို့"မိန့်တော်မူ တော့ မြတ်စွာဘုရားကို သူကဘယ့်နှယ်ပြန်ပြောသလဲ။ "ကိုယ်တော်မြတ်က ဘာဖြစ်လို့ သူများကောင်းစားတာ မနာလိုရတာလဲ"...တဲ့။ သုနက္ခတ္တရဟန်းက ဘုရားပြန်ပြောတာ။ ဟဲ့...ငါ မနာလိုတာမဟုတ်ဘူး။ သူ့ကကို မှားနေတာ။

မင်း...မယုံကြည့်။ နောက်ခုနစ်ရက်ကြာရင် စားပိုးနင့်တဲ့ရောဂါနဲ့ သေလိမ့်မယ်။ သေတဲ့အခါ ပြိန်းမြက်တောသင်္ချိုင်းချရမယ်။ အဲဒီ ပြိန်းမြက်

https://www.thitsarparamisociety.com/



တောသင်္ချိုင်းချပြီးတဲ့အခါ သူ့ကိုလက်နဲ့ခေါက်ပြီးတော့ "ကောရခတ္တိယကြီး ခင်ဗျား ဘယ်ဘဝရောက်နေသလဲ"လို့…မေးရင်၊ "ငါ့,ဘယ်ဘဝရောက်နေ တယ်ဆိုတာ ရောက်ရာဘဝကလာပြီး သူပူးပြောလိမ့်မယ်"…လို့ မြတ်စွာဘု ရားက ဒီလိုအတပ်ဟောတော့ သုနက္ခတ္တရဟန်းက ကိုယ့်လူသူ့ဘက်သား လူကတော့ ဘုရားလူပေါ့။ ဘက်သားကတော့ ကောရခတ္တိယဘက်သား။

အဲဒီကောရခတ္တိယကြီးရဲ့ဘက်သားဖြစ်တဲ့ သုနက္ခတ္တရဟန်းဟာ ဘု ရားမရှိတဲ့အခိုက် ကောရခတ္တိယကြီးဆီပြေးသွားပြီး ဂေါတမဘုရားက ခင်ဗျား နောက်ခုနစ်ရက်ရှိရင် စားပိုးနင့်တဲ့ရောဂါနဲ့သေမယ်ဆိုတယ်။ အဲဒီခုနစ်ရက် အတွင်းမှာ အစာမစားပါနဲ့လို့ သူကသွားပြောတော့ ကောရခတ္တိယကြီးက မင်း…စိတ်သာချ။ ငါမစားဘူး။ နောက်တစ်နေ့ကျတော့ သုနက္ခတ္တရဟန်းက တစ်ရက်ရှိသွားပြီ။ နှစ်ရက်ရှိသွားပြီ။ သုံးရက်ရှိသွားပြီ။ လေးရက်ရှိသွားပြီဗျ။ နောက်တစ်နေ့ကျတော့ ငါးရက်ရှိသွားပြီဗျ။ နောက်တစ်နေ့ကျတော့ ခြောက် ရက်ရှိသွားပြီဗျ။ သူကနေ့တိုင်းသွားသွားပြီးတော့ သတိပေးသတဲ့။ ခုနစ်ရက် စေ့တဲ့နေ့ကျတော့ ကောရခတ္တိယကြီးကိုကိုးကွယ်တဲ့ အင်မတန်ကြည်ညိုတဲ့ ဒကာတစ်ယောက်က ဒို့ဆရာဘုရားလည်း အိမ်ကြွမလာတာ ကြာပြီလေ။ ကနေ့တော့ ငါဆွမ်းသွားပို့လေအုံးမှဘဲလို့ဆိုပြီး ဝက်သားတွေချက်ပြီး လာ ပို့တော့ ကောရခတ္တိယကြီးက ထမင်းမစားရတာလည်း ခုနစ်ရက်တောင် ရှိနေမှကိုး။ ဂေါတမစကား မှန်ချင်မှန်၊ မှားချင်မှား၊ သေလည်းဝဝစားသေ ရတာကောင်းတယ်ဆိုပြီး ဝက်သားတွေတုတ်ပါရော။ တုတ်တော့ ညကျတော့ စားပိုးနင့်တဲ့ရောဂါနဲ့သေရော၊ စားပိုးနင့်တဲ့ရောဂါနဲ့သေတော့ ဂေါတမ ပြောတဲ့စကားတစ်ခွန်းတော့ မှန်ပြီပေါ့။

ဒီတစ်ခွန်းမှန်ပေမယ့် နောက်တစ်ခွန်းတော့ လွဲရမယ်ကွာ။ ပြိန်း မြက်တောသင်္ချိုင်းကိုမချဘူးဆိုပြီး အလောင်းထမ်းသွားတော့ မျက်စိလည် ပြီး ပြိန်းမြက်တောသင်္ချိုင်း ချမိပြန်ရော။ ရောက်လို့ချမိခါမှ ပြိန်းမြက်တော မှန်းသိတော့ ဟာ…ဒီ သင်္ချိုင်းကိုတော့ မချကိုမချဘူး။ သည့်ပြင်သင်္ချိုင်း သွားမယ်ဆိုပြီး အလောင်းကိုပြန်မတော့ မ,မရတော့ဘူး။ မရရင်ရှိပေစေ တော့ကွာ။ ဒီနှစ်ခုတော့မှန်သွားပြီ။ နောက်တစ်ခု အလောင်းကိုသွားပြီးမေး

https://www.thitsarparamisociety.com/



ရင်ပြောတယ်ဆိုတာ၊ ဒါတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။ ဒါအမှားဖြစ်ရမယ်ဆိုပြီး သုနက္ခတ္တက အလောင်းသွားခေါက်ပြီး "ကောရခတ္တိယကြီး၊ အခု ခင်ဗျားဘယ်ရောက်နေသလဲ" လို့မေးတော့ အလောင်းကိုပူးပြီး အလောင်းကထပြီး ကာလကဥ္စိကအသူရကာယ် ဖြစ်နေပါတယ်လို့ လာပြောတယ်။ အဲဒီအခါကျတော့မှ သုနက္ခတ္တရဟန်း ထွက်ပြေးတော့တာကိုး။

အဲဒီ သုနက္ခတ္တရဟန်းဟာ ဘာဖြစ်လို့ မိစ္ဆာဒိဋ္ဌိအယူကို စွဲသလဲ။ ရှေးအကြောင်းသိရဲ့လား။ ဟို...နာဒရဇာတ်တော်မှာ ကဿပအနွယ်၌ဖြစ်သော ဂုဏ,အမည်ရှိသော မိစ္ဆာဒိဋ္ဌိဆရာကြီးဆိုတာ သူဘဲ။ အဲဒီ မိစ္ဆာဒိဋ္ဌိဆရာကြီးအဖြစ်နဲ့ သုနက္ခတ္တရဟန်း။ ဒီတော့ ဘဝဆက်တိုင်းက မိစ္ဆာဒိဋ္ဌိအယူကို ယူလာသည့်အတွက်ကြောင့် ဒီဘဝမှာ မှားသောအကျင့်,ကျင့်နေတဲ့ပုဂ္ဂိုလ်မြင်တဲ့အခါ သူ့,အထူးကြည်ညိုတာ။

သတ္တဝါတို့သဘောဟာ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် ရှေးအတိတ်ဘဝက ပါလာတတ်တယ်။ အဲဒီလို အတိတ်ဘဝက ပါလာတတ်ပြီး အသိဉာဏ်ကလည်းမရှိကြတော့ ဒိဋ္ဌိတွေဖြစ်နေတတ်တယ်။

အဲဒီ ဒိဋ္ဌိနဲ့ပတ်သက်ပြီး စိတ္တသူကြွယ်က ဣသိဒတ္တမထေရ်ကို အရှင်ဘုရား။ အားလုံးကုန်သော ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိတို့သည် ဘယ်ကိုမှီပြီးဖြစ်ပါသလဲလို့ မေးတယ်။ စိတ္တသူကြွယ်က မသိလို့မေးတယ်မှတ်သလား။ စိတ္တသူကြွယ်ဆိုတာ အနာဂါမ်၊ ပဋိသမ္ဘိဒါပတ္တ၊ ပိဋကတ်သုံးပုံဆောင်၊ သာသနာတော်ကိုအင်မတန်ကြည်ညိုလို့ သာသနာတော်ပျံ့ပွားစေရန်အလို့ငှာမေးတာ။ သူမသိလို့ မေးတာမဟုတ်ဘူး။

ဒီတော့ ဣသိဒတ္တမထေရ်က ဒကာ...သက္ကာယဒိဋ္ဌိကိုမှီတယ်။ သက္ကာယဒိဋ္ဌိ အရင်းခံရှိခြင်းကြောင့် ခြောက်ဆယ့်နှစ်ပါးသောမိစ္ဆာဒိဋ္ဌိ ဖြစ်တယ်။ သက္ကာယဒိဋ္ဌိသာမရှိရင် မဖြစ်ဘူးလို့ ဒီလိုအဖြေပေးလိုက်တယ်။

https://www.thitsarparamisociety.com/



ဒီတော့ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် မရောက်သေးသရွေ့ ကာလပတ်လုံး သည့်ပြင်ဒိဋ္ဌိ မဖြစ်ဘူးဆိုပေမယ်လို့ သက္ကာယဒိဋ္ဌိကတော့ ဖြစ်မှာဘဲ။

“**အနာနဲ့ဆေး၊ သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ**”လို့အဆိုရှိတဲ့အတိုင်း သက္ကာယမိစ္ဆာဒိဋ္ဌိမှာ အဲဒီသက္ကာယဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိနာကို ပျောက်စေနိုင်တဲ့ဆေးက ပဋိစ္စသမုပ္ပါဒ်။ ပဋိစ္စသမုပ္ပါဒ်ကိုသိတဲ့ဉာဏ်သည် သက္ကာယဒိဋ္ဌိနာကိုပျောက်စေနိုင်တယ်။

အားလုံးကုန်သောသတ္တဝါတွေဟာ သက္ကာယဒိဋ္ဌိနာ စွဲကပ်ပြီးတော့ နေကြတဲ့ လူမမာတွေချည်းမဟုတ်လား။ လူမမာတွေချည်း ဖြစ်နေတော့ သက္ကာယဒိဋ္ဌိဆိုတဲ့အနာကိုပျောက်ဖို့ရာ ဆေးစွမ်းကောင်းဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် အသိဉာဏ်ကို ရှာဖွေဖို့လိုတယ်။

သက္ကာယဒိဋ္ဌိသိဖို့က ဘယ်လိုလဲ။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ ခန္ဓာငါးပါး။ ရုပ်ကရူပက္ခန္ဓာ။ ဝေဒနာက ဝေဒနက္ခန္ဓာ၊ သညာက သညက္ခန္ဓာ၊ သင်္ခါရက သင်္ခါရက္ခန္ဓာ၊ ဝိညာဏ်က ဝိညာဏက္ခန္ဓာ။

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာလေးပါးက နာမ်။ ရူပက္ခန္ဓာတစ်ပါးက ရုပ်။ နှစ်ခုပေါင်းလိုက်တော့ ရုပ်နဲ့နာမ်။ ခွဲလိုက်တော့ ခန္ဓာငါးပါးဘဲ မရပါလား။

အဲဒီ **သက္ကာယဒိဋ္ဌိဟာ ရုပ်နာမ်ခန္ဓာပေါ်မှာစွဲတယ်တဲ့။** စွဲပုံက...

၁။ ရုပ်သည် သတ္တဝါကောင်၊ သတ္တဝါကောင်ဆိုတာ ရုပ်။ ရုပ်လည်းဘဲ သတ္တဝါကောင်၊ သတ္တဝါကောင်လည်းဘဲ ရုပ်။ အဲဒါ တစ်ပါးစွဲ သက္ကာယဒိဋ္ဌိ ခေါ်တယ်။ ရုပ်တစ်ပါးတည်းကို သက္ကာယဒိဋ္ဌိကစွဲတယ်။ သတ္တဝါကောင်ဆိုတာ တခြားမရှိဘူး။ ရုပ်ကိုပင် သတ္တဝါကောင် ခေါ်တယ်

https://www.thitsarparamisociety.com/



လို့ ဒီလိုစွဲတယ်။ ဥပမာ...မီးလျှံနဲ့အဆင်းကဲ့သို့၊ မီးလျှံသည်ပင် အဆင်း၊ အဆင်းသည်ပင်လျှင် မီးလျှံ၊ မီးလျှံနဲ့အဆင်းကို အတူတူစွဲယူသကဲ့သို့ ရုပ်နဲ့သတ္တဝါကောင်ကို အတူတူစွဲတယ်တဲ့။ ဒါ ပထမအစွဲ။

၂။ ရုပ်ရှိသော သတ္တဝါကောင်၊ ဒါက ဒုတိယအစွဲ။ သစ်ပင်မှာ အရိပ်မရှိဘူးလား၊ သစ်ပင်မှာ အရိပ်ရှိတော့ သစ်ပင်တခြား၊ အရိပ်တခြား စွဲတာကို။ ဒီမှာလည်း ရုပ်ရှိသော သတ္တဝါကောင်လို့ဆိုတော့ ရုပ်တခြား။ သတ္တဝါကောင်တခြား ဖြစ်ဖြစ်နေတယ်။ အဲဒီတော့ သတ္တဝါကောင်ဆိုတာက ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ နာမ်တရားတွေကို သတ္တဝါကောင်အနေနဲ့စွဲတယ်။ ဒီ ဒုတိယအစွဲကိုတော့ လေးပါးစွဲ သက္ကာယဒိဋ္ဌိလို့ခေါ်တယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် အဲဒီ နာမ်ခန္ဓာလေးပါးဟူသော သတ္တဝါကောင်မှာ ရုပ်ရှိတယ်လို့စွဲတာ။ ဒီတော့ ရုပ်သည် သတ္တဝါကောင်၊ ရုပ်ရှိသော သတ္တဝါကောင် ရုပ်ကိုလက်မလွှတ်နဲ့။

၃။ နောက်တတိယအစွဲကျတော့ သတ္တဝါကောင်၌ ရုပ်တည်၏။ ပန်း၌အနံ့တည်၏၊ ပန်းမှာရှိတဲ့အနံ့သည် ပန်း၌တည်တယ်ဆိုသကဲ့သို့ သတ္တဝါကောင်၌ ရုပ်တည်တယ်။ ဒီတော့ ပထမအစွဲက ရုပ်သည်သတ္တဝါကောင်၊ ဒုတိယအစွဲက ရုပ်ရှိသော သတ္တဝါကောင်၊ တတိယအစွဲက သတ္တဝါကောင်၌ ရုပ်တည်၏။

၄။ စတုတ္ထအစွဲက ရုပ်၌သတ္တဝါကောင်တည်၏။ ကြုတ်ထဲ၌ပတ္တမြားရှိသကဲ့သို့ ရုပ်၌ သတ္တဝါကောင်တည်တယ်လို့ စွဲယူတယ်မဟုတ်လား။ ဒီတော့ ရုပ်မှာ သက္ကာယဒိဋ္ဌိ လေးမျိုးခွဲထားတယ်။ ပထမအမျိုးကတစ်ပါးစွဲ၊ နောက် ဒုတိယ၊ တတိယ၊ စတုတ္ထ သုံးမျိုးဟာ လေးပါးစွဲ။ ရုပ်တစ်ပါးကို ချန်တော့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာလေးပါးကို သတ္တဝါအနေနဲ့ စွဲထားတယ်။

ဒီတော့ ရူပက္ခန္ဓာ တစ်ပါးထဲမှာစွဲတဲ့ သက္ကာယဒိဋ္ဌိလေးမျိုးထဲက

https://www.thitsarparamisociety.com/



ငါ့မှာ ဘယ်အစွဲများရှိသလဲလို့ ကိုယ့်ကိုယ်ကိုယ် ကြည့်။ ရုပ်ဟာ ငါဘဲလို့ ထင်တဲ့လူက ထင်လိမ့်မယ်။ ငါ့မှာ ရုပ်ရှိတယ်လို့ ထင်တဲ့လူက ထင်လိမ့်မယ်။ ငါ၌ ရုပ်တည်တယ်လို့ ထင်တဲ့လူကလည်း ထင်လိမ့်မယ်။ ရုပ်၌ ငါတည်တယ်လို့ ထင်တဲ့လူကလည်း ထင်လိမ့်မယ်။ အဲဒီတော့ လေးမျိုးထဲက တစ်ပါးပါးတော့စွဲကြမှာဘဲ။ ဒီတော့ ဒိဋ္ဌိနာတန်းလန်းကြီးရှိမနေဘူးလား။ ရှိနေတယ်။

ရူပက္ခန္ဓာပြီးတော့ ဝေဒနက္ခန္ဓာ သွား။ (၁)ဝေဒနာသည် သတ္တဝါကောင်။ (၂)ဝေဒနာရှိသော သတ္တဝါကောင်။ (၃)သတ္တဝါကောင်၌ ဝေဒနာတည်၏။ (၄)ဝေဒနာ၌ သတ္တဝါကောင်တည်၏။ ပထမ ရူပက္ခန္ဓာကိုရရင် ဘာ,ခက်တော့သ...လဲ။ ရူပက္ခန္ဓာက ရုပ်သည် သတ္တဝါကောင်၊ ရုပ်ရှိသော သတ္တဝါကောင်၊ သတ္တဝါကောင်၌ ရုပ်တည်၏။ ရုပ်၌ သတ္တဝါကောင်တည်၏။ အဲဒီဟာရရင် ဝေဒနာလည်းအတူတူဘဲ။ ဝေဒနာသည် သတ္တဝါကောင်၊ သတ္တဝါကောင်၌ ဝေဒနာတည်၏။ ဝေဒနာ၌ သတ္တဝါကောင်တည်၏။ အဲဒါလည်း စစ်ကြည့်စမ်း။ ကိုယ့်ကိုယ်ကို ငါနာတယ်။ ငါကျင်တယ်၊ ငါကိုက်တယ်။ ငါခဲတယ်။ ငါချမ်းသာတယ်၊ ငါဆင်းရဲတယ် ဆိုပြန်တော့ ဝေဒနာသည် သတ္တဝါကောင် ဖြစ်မနေဘူးလား။ ဟာ...ငါ့မှာ ချမ်းသာခြင်းရှိတယ်၊ ဆင်းရဲခြင်းရှိတယ်ဆိုပြန်တော့ သတ္တဝါကောင်မှာ ဝေဒနာရှိတယ်ဖြစ်ပြန်ရော။

ဒီတော့ သတ္တဝါကောင်၌ ဝေဒနာတည်တယ်။ ဝေဒနာ၌ သတ္တဝါကောင်တည်တယ် ဆိုတဲ့အစွဲကလည်း ရှိတာဘဲ။ လေးပါးလုံး စွဲမနေကြဘူးလား။ များသောအားဖြင့် အဲဒီဝေဒနာမှာစွဲတာများတယ်။

ဒါဖြင့် သညာကျတော့ကော၊ သညာသည် သတ္တဝါကောင်၊ သညာဆိုတာ ဘာလဲ။ လောကမှာ အမှတ်သညာကောင်းတဲ့လူရယ်လို့ ရှိပါတယ်၊ အဲဒီ အမှတ်သညာကိုပြောတာ။

https://www.thitsarparamisociety.com/



၁။ အမှတ်သညာသည် သတ္တဝါကောင်
၂။ အမှတ်သညာရှိသော သတ္တဝါကောင်
၃။ သတ္တဝါကောင်၌ အမှတ်သညာတည်၏
၄။ အမှတ်သညာ၌ သတ္တဝါကောင်တည်၏။
လေးမျိုးမနေဘူးလား။ ရုပ်၊ ဝေဒနာ၊ သညာ ပြီးတော့ သင်္ခါရနော်။

၁။ သင်္ခါရသည် သတ္တဝါကောင်
၂။ သင်္ခါရရှိသော သတ္တဝါကောင်
၃။ သတ္တဝါကောင်၌ သင်္ခါရတည်၏
၄။ သင်္ခါရ၌ သတ္တဝါကောင်တည်၏။
တစ်ခုရရင် တူပါတယ်။
ကိုင်း...ဝိညာဏ်သွား...
၁။ ဝိညာဏ်သည် သတ္တဝါကောင်
၂။ ဝိညာဏ်ရှိသော သတ္တဝါကောင်
၃။ သတ္တဝါကောင်၌ ဝိညာဏ်တည်၏
၄။ ဝိညာဏ်၌ သတ္တဝါကောင်တည်၏။ လေးမျိုး မဟုတ်လား။

ဒီတော့ ရုပ်မှာလည်း လေးမျိုး။ ဝေဒနာမှာလည်း လေးမျိုး။ သညာမှာလည်း လေးမျိုး။ သင်္ခါရမှာလည်း လေးမျိုး။ ဝိညာဏ်မှာလည်း လေးမျိုး။ ခန္ဓာငါးပါးမှာ တစ်ပါးလျှင် လေးမျိုး။ လေးမျိုးစီရှိသောကြောင့် လေးငါးလီ နှစ်ဆယ်။

ပဏ္ဏမရယ်၊ ပဏ္ဏမိတဗ္ဗရယ်၊ မဏ္ဏမပဟေတုရယ်၊ သုံးမျိုးရှိတယ်၊ စာစကားပြောရအုံးမယ်။ ဘုန်းကြီးဆိုတဲ့လူမျိုးဟာ စာမပါရင် စကားပြောတာ မဟုတ်ဘဲကိုး။ ဘုန်းကြီးလူထွက်များ နွားမောင်းတာတောင် စာနဲ့မောင်းတယ်ဆိုဘဲ။ ဤနွားကထိုနွားကို မှီအောင်လိုက်လဟဲ့ ဆိုသတဲ့။ စာသံပေသံ ပါအောင် ပြောရတာကိုး။ ပဏ္ဏမဆိုတာ ရှိခိုးခြင်း။ ပဏ္ဏမိတဗ္ဗ ဆိုတာ ရှိခိုးအပ်တဲ့ပုဂ္ဂိုလ်၊ ပဏ္ဏမပဟေတု ဆိုတာ ရှိခိုးခြင်း၏အကြောင်း၊ ရှိခိုးထိုက်

https://www.thitsarparamisociety.com/



တဲ့အကြောင်း။ ဒီလက်ာလေးက ပဏာမဟေတု ဆိုတဲ့ ရှိခိုးခြင်း၏အကြောင်း ပဏာမိတဗ္ဗဆိုတဲ့ ရှိခိုးအပ်တဲ့ပုဂ္ဂိုလ်၊ ပဏာမ ဆိုတဲ့ ရှိခိုးခြင်း၊ ဒီသုံးမျိုးကို စုံအောင်ပြတာ။

"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား" ဆိုတဲ့ဂုဏ်ကို ပဏာမဟေတု ခေါ်တယ်။ "နတ်ဝိသုဒ္ဓိ တုမရှိအား" က ပဏာမိတဗ္ဗ၊ ဘုရားကိုခေါ်တယ်။" တြိဒွါရ ရှိခိုးခလျက် " ဆိုတာက ရှိခိုးခြင်း ပဏာမကို ခေါ်တယ်။ ဒီတော့ ရှိခိုးခြင်းက ပဏာမ၊ ရှိခိုးအပ်တဲ့ ဘုရားက ပဏာမိတဗ္ဗ၊ ရှိခိုးကြောင်းဖြစ်တဲ့ဂုဏ်က ပဏာမဟေတု၊ သုံးမျိုး နော်။

ရှိခိုးအပ်တဲ့ပုဂ္ဂိုလ်က ဘာ၊ ပဏာမိတဗ္ဗ။ ရှိခိုးအပ်တဲ့ပုဂ္ဂိုလ်မှာရှိတဲ့ ဂုဏ်က ပဏာမဟေတု၊ ရှိခိုးခြင်း၏အကြောင်းတဲ့။ ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်ကို ရှိခိုးမှ အကျိုးရှိတယ်။ ဂုဏ်မရှိတဲ့ပုဂ္ဂိုလ်ကို ရှိခိုးလို့ အကျိုးမရှိဘူး။ ဒါကြောင့် ရှိခိုးတဲ့အရာမှာ ရှိခိုးခြင်း၏အကြောင်းရယ်၊ ရှိခိုးအပ်တဲ့ပုဂ္ဂိုလ်ရယ်၊ ရှိခိုးခြင်းရယ်၊ သုံးမျိုးပြတယ် မဟုတ်လား၊ ကိုင်း...ပြီးသွားပြီ။

"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရ ရှိဦးခလျက် ဘဝသုံးပါး ဟုန်းဟုန်းသွားသည့် ရထားသံသာ ယာဉ်စကြာဖြင့် ချင်းရာထုပ္ပတ် သမုပ္ပါဒ်ကို အတတ်သိရန် နိဒါန်းပြန်ပိမ့်"

ဒါ ပဋ္ဌိညာဉ်ခေါ်တယ်။ ပဋ္ဌိစ္စသမုပ္ပါဒ်၏ အချင်းအရာနှင့်တကွ အစကစပြီး ငါပြမယ်လို့ ပဋ္ဌိညာဉ် ဝန်ခံလိုက်တာနော်။ ပဋ္ဌိစ္စသမုပ္ပါဒ် ဆိုတာ ဘာလဲဆိုတော့ ဘဝသုံးပါးတဲ့။ ဘဝသုံးပါးက ဘာလဲ။ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ။ "ဟုန်ဟုန်းသွားသည့် ရထားသံသာ ယာဉ်စကြာ၏" ဆိုတာက ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတည်းဟူသော ဘဝသုံးပါးမှာ တဟုန်းဟုန်းသွားတဲ့ သံသရာရထားနဲ့တူတဲ့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါက

https://www.thitsarparamisociety.com/



ဝဋ္ဋတည်းဟူသော ယာဉ်စကြာတဲ့။ ဟုန်းဟုန်းဆိုတာက လျှင်မြန်တာကိုပြော တာ။ သံသရာယာဉ်စကြာသာ လျှင်မြန်တယ်တဲ့။

ခုတင်က စကြာမင်းရဲ့ စကြာရတနာကြီးဟာ တစ်မနက်ခင်းနဲ့ လေးကျွန်းလုံး လှည့်လို့ ပြီးတယ်မဟုတ်လား။ ဒီထက် အဆပေါင်းများစွာ သံသရာယာဉ်စကြာက ပိုလျှင်မြန်တယ်။ ဒါကြောင့် ဟုန်းဟုန်း ဟုန်းဟုန်း နဲ့ အားကြီးမြန်တယ်လို့ ဆိုလိုတယ်။

"ခန္ဓာငါးမှာ လေးလီဖြာ သက္ကာနှစ်ဆယ်ဖြစ်" သက္ကာယဒိဋ္ဌိ နှစ်ဆယ်လေ။ မရနိုင်ဘူးလား။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ အဲဒါ ဘာခေါ်တယ်။ ခန္ဓာငါးပါး။ အဲဒီတော့ ရုပ်စွဲသက္ကာယဒိဋ္ဌိ၊ ဝေဒနာစွဲသက္ကာယဒိဋ္ဌိ၊ သညာစွဲ သက္ကာယဒိဋ္ဌိ၊ သင်္ခါရစွဲသက္ကာယဒိဋ္ဌိ၊ ဝိညာဏ်စွဲသက္ကာယဒိဋ္ဌိ၊ အေး...ခန္ဓာငါး ပါးမှာသက္ကာယဒိဋ္ဌိ လေးမျိုးစီ လေးမျိုးစီစွဲတော့ကာ ခန္ဓာငါးပါး၌ သက္ကာ ယဒိဋ္ဌိ နှစ်ဆယ်ဖြစ်တယ်။ အေး...ဝတ္ထုနှစ်ဆယ်ရှိသော သက္ကာယဒိဋ္ဌိတဲ့။

အဲဒီ သက္ကာယဒိဋ္ဌိ မကင်းသရွေ့ကာလပတ်လုံး ဘယ်ဒိဋ္ဌိတော့ မဖြစ်ဘူးလို့ မဆိုနိုင်ဘူး။ ဇာလိဒတ္တမထေရ်ကို စိတ္တသူကြွယ်က လျှောက် ထားတဲ့အခါ ဘယ်လို ဖြေတော်မူတယ်။ အားလုံးကုန်ရှိရှိသမျှ ဒိဋ္ဌိတွေဟာ သက္ကာယဒိဋ္ဌိ အရင်းခံပါတယ် ဒကာတော်လို့ စိတ္တသူကြွယ်ကို အဖြေပေး တော်မူသတဲ့။ ဒီတော့ သည့်ပြင် ဒိဋ္ဌိမရှိဘူးဆိုပေမယ့်လို့ ဒို့လူစုမှာသက္ကာယ ဒိဋ္ဌိနာ မကင်းနိုင်ကြဘူး။ သက္ကာယဒိဋ္ဌိနာ မကင်းရင် ဘယ်ဆေးနဲ့ကုမှ ပျောက်မယ်။ ပဋိစ္စသမုပ္ပါဒ်ကိုသိတဲ့ ဉာဏ်ဆေးနဲ့ကုမှ ပျောက်မယ်။

ဒါကြောင့် ဒီဝါတွင်းမှာ ဒို့က ပဋိစ္စသမုပ္ပါဒ်ဟောဘို့ စိတ်ကူးတာ ကိုး။ ပဋိစ္စသမုပ္ပါဒ် ဟောတယ်ဆိုပေမယ်လို့ လယ်တီဆရာတော်ကြီးရေးတဲ့ ပဋိစ္စသမုပ္ပါဒ်လင်္ကာ ၁၃–ပိုဒ်ကို အရင်းတည်ပြီးတော့ ဟောမယ်အောက် မေ့တယ်။ သူကလွယ်တာကိုး။ သည့်ပြင်ပဋိစ္စသမုပ္ပါဒ်က ခက်တယ်။

https://www.thitsarparamisociety.com/



"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရ ရှိဦးခလျက်" ဒီတွင်ထားပါအုံး။

ကျမ်းရေးဆရာတို့မည်သည် ပထမ ပဏာမ ရေးတယ်။ ပဏာမ ရေးပြီးတော့မှ ပဋိညာဉ် ရေးရတယ်။ ပဋိညာဉ်ဆိုတာ ဘာလဲ။ ဝန်ခံချက်နဲ့ ငါဘာကိုလုပ်မယ်။ ဒီလိုစကားပြောတာ ဝန်ခံစကားမဟုတ်ဘူးလား၊ အဲဒီ ဝန်ခံစကားမရေးခင် ရှိခိုးခြင်းပဏာမကို ရေးရတယ်။ ကျမ်းဦးမှာ ပဏာမစကား ပဋိညာဉ်စကားရယ်လို့ နှစ်မျိုးရှိတယ်။ ဒီတော့ "ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရ ရှိဦးခလျက်"လို့ဆိုတော့ ဒါဘုရားရှိခိုးနော်။ တြိ,ဆိုတာသုံး။ ဒွါရဆိုတာက ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ။

အဲဒီ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရဟူသော ဒွါရသုံးပါးဖြင့် ရှိခိုးပါတယ်။ ဦးချပါတယ်လို့ ဆိုလိုတယ်။ ဘယ်သူ့ကို ရှိခိုးသလဲ။ ဒီလို မမေးထိုက်ဘူးလား။ နတ်ဝိသုဒ္ဓိ တုမရှိအား ဝိသုဒ္ဓိနတ်ဖြစ်တဲ့ အတုမရှိသော မြတ်စွာဘုရားအား ရှိခိုးတယ်တဲ့။

နတ်ကဘယ်နှစ်မျိုးရှိသလဲ။ နတ်စင်သွားကြည့်ရင်တော့ မရေတွက်နိုင်ဘူး။ ဒါပေမယ့် စာကတော့ သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်လို့ နတ်သုံးမျိုးပါဘဲ။ အဲဒီလိုလည်း သိကြစမ်းပါအုံး။

သမ္မုတိနတ်ဆိုတာ လောကမှာ တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ကို သမ္မုတိနတ် ခေါ်တယ်တဲ့။ ဥပပတ္တိနတ် ဆိုတာ ဥပပတ္တိ ပဋိသန္ဓေနေတဲ့နတ်ကို ခေါ်တယ်။

"ဘုမ္မစိုးလုပ် ကြွင်းနတ်နိဗ္ဗာ၊ ငရဲခွာ၊ တစ်သာဥပပတ်" လို့ပြည်မှာရှိတဲ့ ဘုမ္မစိုး၊ ရုက္ခစိုး ဆိုတဲ့ အဲဒီနတ်တွေကတော့ ပဋိသန္ဓေ လေးမျိုးလုံးရှိတယ်။ ဂဗ္ဘသေယျကလည်းရှိတယ်။ အဏ္ဍဇ၊ ဇလာဗုဇဆိုတာ ဂဗ္ဘသေယျကပေါ့။ သံသေဒဇလည်း ရှိတယ်။ ဥပပတ္တိလည်း ရှိတယ်။

https://www.thitsarparamisociety.com/



ဒါကြောင့် ဘုမ္မစိုးလုပ်ဆိုတဲ့အတွက် ဘုမ္မစိုးကို ချန်ထားပါတဲ့။ ဘုမ္မစိုးချန်ထားတော့ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီ ဆိုတဲ့ အထက်မှာ နတ်ပြည်ခြောက်ထပ်၊ အဲဒီ ခြောက်ထပ်ကနတ်တွေဟာ ဥပပတ္တိနတ်တွေ ခေါ်တယ်။ ဥပပတ္တိ ပဋိသန္ဓေ နေကြတယ်။

ဘုမ္မစိုးလုပ်၊ ကြွင်းနတ်နိဗ္ဗာ ငရဲရွာ တစ်သာဥပပတ် ဆိုတဲ့အတိုင်း ဘုမ္မစိုးကို ဖယ်ထား ကြွင်းတဲ့နတ်သည် ဥပပတ္တိပဋိသန္ဓေ၊ ပြီးတော့ နိဗ္ဗာ မဏ္ဍိုက ပြိတ္တာတဲ့။ ပြိတ္တာမျိုးအများထဲက ကိုယ်မှာအမြဲမပြတ် မီးလောင်ခံ နေရတဲ့ နိဗ္ဗာမတဏ္ဍိုကပြိတ္တာမျိုးကလည်း ဥပပတ္တိ၊ သူက အမြဲမပြတ်မီး လောင်ခံနေရတော့ သူဘယ်ဗိုက်ထဲ ဝင်လို့ဖြစ်အုံးမှာလဲ...နော်။ ဒီတော့ နိဗ္ဗာမတဏ္ဍိုကပြိတ္တာကား ဥပပတ္တိပဋိသန္ဓေ။

ပြီးတော့မှ သိဥ္စိုင်း၊ ကာလသုတ် အစရှိသော ငရဲကြီးရှစ်ထပ် ကော မီးမလောင်နေဘူးလား။ အဲဒီငရဲ သတ္တဝါတွေလည်း ဥပပတ္တိ ဘဲ။ ဥပပတ္တိပဋိသန္ဓေ နေပေမယ်လို့ တချို့နတ်နဲ့လူတွေ မပါဘူး။ ဒို့မော်ကျွန်း နယ်ထဲက ကျွန်းကြီးရွာမှာနေတုန်းက ဆရာဦးမြဆိုတာ ပြောဖူးတယ်။ ကိုယ်တော် ဘာလို့နတ်ခေါ်တယ် အောက်မေ့တုန်းတဲ့။ နတ်ဆိုတာ လူထက် နတ်လို့ နတ်ခေါ်တာတဲ့။ သူတို့က ကန်တော့ပွဲစားနေတာ ကြည့်ပါလားတဲ့၊ ဥပပတ္တိပဋိသန္ဓေ နေတိုင်းလည်း နတ်မဟုတ်ဘူးပေါ့။

အထက်နတ်ပြည်ကနတ်တွေဟာ ဥပပတ္တိနတ်တွေပေါ့။ လူပြည် အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်တွေကတော့ သမ္မုတိနတ်။

"အကြွင်းဂတိ လေးယောနိ ရဏ်ပုံသေမှတ်" ကြွင်းတဲ့ဂတိတွေဟာ ယောနိလေးပါးလုံး အကုန်ရတယ်။

ယောနိလေးပါးဆိုတာ ဘာလဲ။ ပဋိသန္ဓေနေတာ ပြောတာ။ လူတွေ ကလည်း ဥပပတ္တိပဋိသန္ဓေမရှိဘူးလား။ ရှိပါတယ်။ ကမ္ဘာဦးက လူတွေဟာ

https://www.thitsarparamisociety.com/



ဘယ်သူ့မှ မွေးမဲ့သူမရှိတော့ သူ့ဟာသူ ဥပပတ္တိပဋိသန္ဓေနဲ့ဖြစ်ရတာဘဲ။ ဒါဖြင့် သံသေဒဇကော မဖြစ်ဘူးလားဆိုတော့ ပဒုမ္မဒေဝီနဲ့ပေါက္ခသာတိ ပုဏ္ဏား ကြားဖူးတဲ့အထဲက ပဒုမ္မဝတီ၊ စိဥ္စမာဏဝိက မကျီးပင်က၊ ပုဂံပြည်မှာ ဝေဠုဝတီမင်းသမီး ဝါးထဲက၊ ရွှေတိဂုံသမိုင်းမှာ မယ်လမု၊ လမုပင်က မဟုတ်လား။ အဲဒီတော့ ဥပပတ္တိလည်းရှိတယ်၊ သံသေဒဇလည်း ရှိတယ်နော်။

အဏ္ဍဇ ဆိုတာ ဥခွံထဲကပေါက်တာ၊ ကောန္တပုတ္တမထေရ် ဥကပေါက်တာဘဲ။ ဂဗ္ဘသေယျက,ကတော့ ခုမျက်မြင်ပေါ့။ ဇလာဗုဇဆိုတာက အချင်းအိမ်ထဲက မွေးတာ။ မွေးလာတော့ အချင်းပါလာတယ်။ အေး...ချက်မြှုပ်ဆိုတာ အဲဒီအချင်းမြှုပ်တာကို ပြောတာ။ အဲဒီအချင်းအိမ်ထဲကဟာက ဇလာဗုဇ၊ ဥခွံထဲကဟာက အဏ္ဍဇ။

အဲဒီ အဏ္ဍဇ၊ ဇလာဗုဇ နှစ်မျိုးလုံးဟာ ဂဗ္ဘသေယျက ပဋိသန္ဓေချည်းဘဲ။ အဲဒီတော့ ဒါတွေဟာ စပ်မိလို့သာပြောရပါတယ်၊ လိုရင်းက နတ်သုံးမျိုးကို ပြောချင်တာ။ လူ့ပြည် အုပ်ချုပ်မင်းလုပ်တဲ့နတ်က သမ္မုတိနတ်၊ ဥပပတ်ပဋိသန္ဓေ နေတဲ့ အထက်နတ်တွေက ဥပပတ္တိနတ်၊ ဘုရားရဟန္တာများက ဝိသုဒ္ဓိနတ်၊ ဘုရားရဟန္တာကို ဘာလို့ ဝိသုဒ္ဓိနတ် ခေါ်တယ်၊ ကိလေသာစင်ကြယ်လို့။

နတ်ဆိုတာ နာထ သဒ္ဒါကလာတာ။ နာထ ဆိုတာ ကိုးကွယ်ရာ၊ နာထ သဒ္ဒါကတဆင့် တ,ကိုသတ်ပြီးတော့ ရေးလိုက်တော့မှ နတ်ဖြစ်တာ။ ဒီတော့ မြတ်စွာဘုရားဟာဘာနတ်၊ ဝိသုဒ္ဓိနတ်။ အေး...ဒါကြောင့် နတ်ဝိသုဒ္ဓိ လို့ဆိုတာ။ တခါ ဝိသုဒ္ဓိနတ်တွေ အများကြီးရှိတဲ့အနက်က မြတ်စွာဘုရားဆိုတဲ့ ဝိသုဒ္ဓိနတ်ဟာ အတုမရှိသောကြောင့် နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရ ဦးနှိမ်ခလျက်လို့ လင်္ကာက ဆက်ပြတယ်။ အဲဒီ အတုမရှိဖြစ်တဲ့ ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော မြတ်စွာဘုရားအား သုံးပါးသောဒွါရဖြင့် ရှိခိုးပါ၏ ဒီလိုဆိုလိုရင်းဘဲ။

https://www.thitsarparamisociety.com/



ဘုရားရှိခိုးတဲ့ မြတ်စွာဘုရားမှာ ဘာဂုဏ်များ ရှိပါသလဲတဲ့။ ဂုဏ်မရှိတဲ့ပုဂ္ဂိုလ်ကို ရှိခိုးလို့ ဘာအကျိုးရှိမလဲလို့ မေးစရာရှိတဲ့အတွက်...

"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား" ဆိုတဲ့ ရှေးလင်္ကာပိုဒ်ဖြင့် မြတ်စွာဘုရား၏ဂုဏ်တော်ကို ပြရပြန်တယ်။

ယာနတီတိယာဉ်၊ စက္ကတီတိစက်၊ သွားတတ်သောကြောင့်ယာဉ်။ လည်တတ်သောကြောင့် စကြာ။ နှစ်ခုပေါင်းလိုက်တော့ ယာဉ်စကြာနော်။ စကြာဟာ ထန်းရွက်နဲ့လုပ်တဲ့စကြာမျိုးလည်း ရှိတယ်။

အေး...လေးကျွန်းးလုံးကိုအစိုးရတဲ့ စကြာမင်းရဲ့ယာဉ်စကြာကတော့ ဒါမျိုးမဟုတ်ဘူး။ ပုံတောင်းက ဣန္ဒနီလာ ပတ္တမြားရတနာနဲ့ ပြီးတယ်တဲ့။ ဒါကြောင့် ပုံတောင်းရတနာယာဉ်စကြာလို့ ဆိုတာပေါ့။ အကန့်ပေါင်းက တစ်ထောင်ရှိတယ်တဲ့။ အဲဒီလို အကန့်တွေ ဒေါက်တွေက ရတနာခုနစ်ပါးဖြင့် ပြီးတယ်။ အပြင်ကကွပ်ထားတာက သန္တာ။ သန္တာ ဆိုတာက ရဲရဲနီနေတဲ့ ကျောက်မျိုးပေါ့။

ဒီတော့ ပုံတောင်းရော၊ ဒေါက်အကန့်တွေရော၊ ဘေးကကွပ်ထားတဲ့ အကွပ်ရော၊ စကြာကြီးတစ်ခုလုံးမှာ ရတနာတွေချည်း မဟုတ်လား။ ဒါကြောင့် စကြာမင်းကြီးရဲ့ စကြာယာဉ်ကို ယာဉ်ရတနာလို့ ခေါ်တယ်။ အဲဒီ ယာဉ်စကြာရတနာကြီးကို စိုးပိုင်တော်မူသောကြောင့် စကြာမင်းနော်။ ယာဉ်စကြာ ရတနာကြီးကိုစိုးပိုင်တဲ့ စကြာမင်းဟာ ယာဉ်စကြာရတနာကြီး ဆိုက်ရောက်တဲ့အခါ ယာဉ်စကြာရတနာကြီးကို အဘိသိက်သွန်းရသေးတယ်။ အဘိသိက်သွန်းပြီးတဲ့နောက်မှ ဒီယာဉ်စကြာရတနာကြီးကို ကိုယ်အလိုရှိရာ ပြောလို့ရတယ်။ အကြင်စကြာရတနာကြီး အကျွန်ုပ် ဘယ်ကိုသွားလိုပါတယ်လို့ ပြောတော့မှ ရှင်ဘုရင့်စိတ်အတိုင်း စကြာရတနာကြီးက သွားရတာကိုး၊ ရှင်ဘုရင် စကြာရတနာနဲ့လွှတ်တဲ့အခါက ဆယ့်နှစ်ယူဇနာရှိသော မင်းပရိ

https://www.thitsarparamisociety.com/



သတ်နဲ့တကွ သမုဒ္ဒရာရေပြင်ခရီးအတိုင်း အရှေ့ကျွန်းကို အရင်ကြွတယ်။ အရှေ့ကျွန်းကြွပြီးတော့မှ အနောက်ကျွန်း တန်းပြီးတော့ဆင်းတယ်၊ လက်ျာလှည့်မလို့ကိုး။ အနောက်ကျွန်းမှ မြောက်ကျွန်း၊ မြောက်ကျွန်းမှ အရှေ့ကျွန်း အရှေ့ကျွန်းကမှ တောင်ကျွန်း၊ ထိုအရှေ့ကျွန်းက နှစ်ခါရောက်ဖြစ်တာပေါ့။ အဲဒီ လေးကျွန်းလုံးကို လှည့်လိုက်တာဟာ အချိန်ဘယ်လောက်ကြာသလဲဆိုတော့ နာရီပိုင်းကလေးဘဲတဲ့။ နံနက်ထမင်းစားမှီ နန်းတော်ပြန်ရောက်တယ်ဆိုတာကိုး။

ဒီတော့ ကွေးတဲ့လက်မဆန့်ခင် ဗြဟ္မာပြည်က ဗြဟ္မာကြီး လူ့ပြည်ရောက်နိုင်တယ်။ ဆန့်တဲ့လက်မကွေးခင် လူ့ပြည်ကဗြဟ္မာပြည် ရောက်အောင် ပြန်တက်နိုင်တယ်။ ဒါဖြင့် စိတ်နဲ့ဘာထူးသေးသလဲ။ စိတ်ရောက်ရင် ရုပ်ရောက်သွားတာဘဲ မဟုတ်လား။ တန်ခိုးဆိုတာ အလိုရှိသလို ပြည့်စုံနိုင်တယ် နော်။ အဲဒီနတ်တွေ ဗြဟ္မာတွေ တန်ခိုးရှိသလို စကြာရတနာကြီးမှာလည်း တန်ခိုးရှိတယ်။ တန်ခိုးရှိတော့ လျှင်မြန်တယ်။ အဲဒီ လျှင်မြန်တဲ့ တန်ခိုးရှိတဲ့စကြာရတနာကြီးကိုစိုးပိုင်တဲ့အတွက် ဒီမင်းကို စကြာမင်းလို့ ခေါ်တယ်။

ဒီတော့ စကြာမင်းရဲ့စကြာရတနာကြီးကို ရတနာယာဉ်စကြာလို့ခေါ်သကဲ့သို့ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်ကိုလည်း စကြာရတနာနှင့်တူသောကြောင့် ဗောဓိရတနာယာဉ်စကြာ လို့ခေါ်တယ်တဲ့။

အရဟတ္တမဂ်ဉာဏ်တော်နဲ့စကြာရတနာ၊ သစ္စာလေးပါးနဲ့ကျွန်းကြီးလေးကျွန်း၊ ဒီလို ဥပမာခိုင်းထားတယ် မဟုတ်လား။ လောကမှာ ပကတိစကြာမင်းကြီးသည် စကြာရတနာဖြင့် ကျွန်းကြီးလေးကျွန်းကို လှည့်ဘိသကဲ့သို့ ဒို့တရားစကြာမင်းကြီးဖြစ်တော်မူသော မြတ်စွာဘုရားကလည်းဘဲ အရဟတ္တမဂ်တည်းဟူသော စကြာရတနာကြီးဖြင့် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာလေးပါးကျွန်းကြီးလေးရပ်ကို လှည့်ပတ်တော်မူပါတယ်တဲ့။ ငါ ရှိခိုးတဲ့ဘုရားဟာ ဂုဏ်ထူးဝိသေသရှိတဲ့ ဘုရားပေါ့...လို့ ဒီလိုဆိုတာ မဟုတ်ဘူးလား။

https://www.thitsarparamisociety.com/



"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား" ဆိုတဲ့ မြတ်စွာဘုရားရဲ့ဂုဏ်တော်ကို ပြတာ။ အင်မတန်ကြီးကျယ်တဲ့ဉာဏ်တော်နော်။ "နတ်ဝိသုဒ္ဓိ တုမရှိအား"ဆိုတာ ဝိသုဒ္ဓိနတ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားအား "တြိဒ္ဝါရ ရှိဦးခလျက်"ဆိုတာ ဒွါရသုံးပါးဖြင့် ရှိခိုးပါတယ် လို့ဆိုတာ မဟုတ်လား။ အဲဒါ ပဏာမစကား။

ပဋိစ္စသမုပ္ပါဒ်မှာ အင်္ဂါဆယ့်နှစ်ပါး ရှိတယ်။ လူပြိန်းတွေပါသိအောင် ဒီလိုမှတ်။

"နှစ်ငါးသုံးနှစ်၊ ပေါင်းတုံလစ်၊ ဖြစ်၏အင်္ဂါ ဆယ့်နှစ်ဖြာ"ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ပါးဟာ ဒီလင်္ကာကလေးနဲ့ ရရော။ ပထမက နှစ်၊ ဒုတိယက ငါး၊ တတိယက သုံး၊ စတုတ္ထက နှစ်။ အဲဒါဘဲရှိတယ်။

"နှစ်ငါးသုံးနှစ်၊ ပေါင်းတုံလစ်၊ ဖြစ်၏အင်္ဂါ ဆယ့်နှစ်ဖြာ" နော်။ နှစ်ဆိုတာဘာလဲ။ အဝိဇ္ဇာ၊ သင်္ခါရ။ ငါးကဘာ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ အေး...နှစ်ငါးပြီးတော့ သုံးက တဏှာ၊ ဥပါဒါန်၊ ဘဝ။ နောက်နှစ်က ဇာတိ၊ ဇရာ မရဏ။ ဇာတိကတစ်ပါး၊ ဇရာ မရဏက တစ်ပါးဘဲ။ ဇရာ,မရဏက နှစ်ပါးလိုလိုနဲ့ တစ်ပါးတည်းဘဲ။ ဇရာဆိုတာ ဘာလဲ။ အိုတယ်။ မရဏဆိုတာ သေတယ်။ ဒီတော့ ဒီလူ ဇရာဖြစ်ပြီဆို လျှင် မပြောကောင်းမဆိုကောင်း မရဏနဲ့တော့ကပ်နေပြီ မဟုတ်လား။ အဲဒီတော့ ဇရာနဲ့မရဏက ခွဲလို့ရပါတော့မလား။ ဒါကြောင့် ဇရာနဲ့မရဏ က စကားနှစ်လုံးပေမယ်လို့ အင်္ဂါကတော့တစ်ခုထဲ ယူရတယ်။ ဇာတိက တစ်ပါး။ ဇရာမရဏက တစ်ပါး။ ဒီလိုယူပါတဲ့။

အေး...ပထမ နှစ်က အဝိဇ္ဇာ သင်္ခါရ။ ဒုတိယ ငါးက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ တတိယ သုံးက တဏှာ၊ ဥပါဒါန်၊ ဘဝ။ စတုတ္ထ နှစ်က ဇာတိ၊ ဇရာ,မရဏ။ ဒီတော့ နှစ်ပါးရယ်၊ ငါးပါးရယ်၊ သုံးပါးရယ်၊ နှစ်ပါးရယ် လေးခုပေါင်းလိုက်တော့ တစ်ဆယ့်နှစ်ပါး။ ဒါ ဘာခေါ်တယ်။ အင်္ဂါတစ်ဆယ့်နှစ်ပါး ခေါ်တယ်။

https://www.thitsarparamisociety.com/



အဲဒီ အင်္ဂါတစ်ဆယ့်နှစ်ပါးမှာ အစဖြစ်တဲ့ နှစ်နဲ့ငါး ပေါင်းလိုက်တော့ ခုနစ်။ အဲဒီခုနစ်က ပုဗ္ဗန္တဘဝစက်။ နောက်ကျန်တဲ့ သုံးနဲ့နှစ် ပေါင်းတော့ ငါး။ အဲဒီငါးက အပရန္တဘဝစက်။ အဲဒီ ပုဗ္ဗန္တဘဝစက်၊ အပရန္တဘဝစက် ဆိုတဲ့ စက်နှစ်စက်ဟာ သတိထားကြည့်ကြစမ်းပါ။ သတ္တဝါတစ်ဦးရဲ့ဖြစ်ဆဲဘဝကလေးမှာ ရှေးအတိတ်အကြောင်းနှင့် ယခုပစ္စုပ္ပန်အကျိုး ပေါင်းဆုံမိကြတယ်။ ယခုပစ္စုပ္ပန်အကြောင်းနဲ့ နောင်အနာဂတ်အကျိုးလည်း ပေါင်းဆုံမိကြတယ်။

ရှေးအတိတ်အကြောင်းနှင့် ယခုပစ္စုပ္ပန်အကျိုးဆိုတာ (နှစ်နဲ့ငါး)။ ယခုပစ္စုပ္ပန်အကြောင်းနဲ့ နောင်အနာဂတ်အကျိုးဆိုတာ (သုံးနဲ့နှစ်)။ ဒီတော့ ဖြစ်ဆဲဘဝကလေးမှာ ပုဗ္ဗန္တဘဝစက်၊ အပရန္တဘဝစက် ဆိုတဲ့စက်နှစ်ခုဟာ မရေမတွက်နိုင်အောင် ဖြစ်တယ်။ ဒီတော့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ သွားခြင်းဟာ ခုတင်က စကြာရတနာကြီးသွားခြင်းထက် အဆပေါင်းများစွာ လျင်မြန်တယ်လို့ မဆိုနိုင်ဘူးလား။ ဒါကြောင့် ဘဝသုံးပါး ဟုန်းဟုန်းသွားသည် ဟုတ်လား။ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဆိုတဲ့ ဘဝသုံးပါးမှာ အင်မတန်လျှင်လျှင်မြန်မြန် တဟုန်းဟုန်းဖြစ်အောင် သွားတဲ့ရထားသံသာယာဉ်စကြာ၏ ဒီလိုမဟုတ်လား။

သံသာဆိုတာဘာလဲ။ သံပုနပ္ပုန် သရတိ ဂစ္ဆတီတိသံသာရော။ အဖန်ဖန် အထပ်ထပ်ဖြစ်တာ သံသရာခေါ်တယ်။ အဲဒီ သံသရာဆိုတာဘာလဲ။ ဝဋ်။ ဝဋ်ကဘယ်နှစ်ပါးလဲ။ သုံးပါး။

"ကိလေ၊ ကမ္မ၊ ဝိပါက၊ မှတ်ကြ ဝဋ်သုံးဖြာ"ကိလေသာက ကိလေသာဝဋ်၊ ကမ္မက ကမ္မဝဋ်။ ဝိပါက,က ဝိပါကဝဋ်။ ဒီဝဋ်သုံးပါး မဟုတ်လား။ အဲဒီ ဝဋ်သုံးပါးဖြစ်ပုံပြောစမ်းပါဆိုရင် "လိုချင်တော့လုပ်တယ်။ လုပ်တော့ရတယ်"။ လိုချင်တော့ဆိုတာ ကိလေသာ။ လုပ်တော့ဆိုတာ ကံ။ ရတယ်ဆိုတာ ဝိပါက်။ ကိုင်း...ဒီသုံးခု ခွဲလို့ရသလား။ မရဘူး။

https://www.thitsarparamisociety.com/



ကိလေသာ၊ ကံ၊ ဝိပါက် ဆိုတဲ့ ဝဋ်သုံးပါးနဲ့ကိုက်နေတယ်။ ဘယ်သူ့မှာမဆို၊ အချင်းခပ်သိမ်း ရှိမနေဘူးလား။ ရှိနေတယ်။ လိုချင်လို့ လုပ်။ လုပ်တော့ရတယ်။ လိုချင်တာက ကိလေသဝဋ်၊ လုပ်တာက ကမ္မဝဋ်၊ ရတာက ဝိပါကဝဋ်။ အဲဒီ ဝဋ်သုံးပါးဟာ အချိန်မရွေးဖြစ်နေတယ်။ အချိန်မရွေး ဖြစ်နေတဲ့ ဝဋ်သုံးပါးသည်ပင်လျှင် ရထားဘဲတဲ့။ ကာမဘုံ၊ ရူပါဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံးပါးမှာ သံသရာရထားကြီးဆိုတာ ဒီဝဋ်သုံးပါး။ အဲဒီ ဝဋ်သုံးပါးဟူသော သံသရာရထားကြီး၏ ဖြစ်ပုံအချင်းအရာ အတ္တုပ္ပတ္တိကို နိဒါန်းပြန်ပိမ့် ဆိုတော့ အစကနေပြီး ငါပြမယ်ဟေ့...လို့ဆိုတာ ပဋိညာဉ် ဝန်ခံချက် မဟုတ်လား။

ဒီမှာလည်း ပဋိညာ၊ ပဋိညာတဗ္ဗ၊ ပဋိညာဟေတုလို့ သုံးချက်ရတယ်။ "အတပ်သိရန် နိဒါန်းပြန်ပိမ့်"။ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံကို အတပ်သိအောင် ငါ နိဒါန်းကစပြီး ပြမယ်ဆိုတဲ့စကားဟာ ပဋိညာဉ် ဝန်ခံစကား။ ပဋိညာဉ် ဝန်ခံတဲ့စကားရှိရင် ပဋိညာတဗ္ဗ ဝန်ခံအပ်တဲ့စကား ရှိရအုံးမယ်။ ချင်းရာထုပ္ပတ်၊ သမုပ္ပာဒ်ကိုဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံအချင်းအရာက ပဋိညာတဗ္ဗ၊ ပဋိညာဟေတု ဝန်ခံခြင်း၏အကြောင်းက မသိသေးတဲ့သတ္တဝါတွေကိုသနားလို့။ ပဋိညာမှာလည်း သုံးမျိုး။ သေသေချာချာ မှတ်ထားကြ။

"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရရှိဦးခလျက် ဘဝသုံးပါး ဟုန်းဟုန်းသွားသည် ရထားသံသာ ယာဉ်စကြာ၏ ချင်းရာထုပ္ပတ် သမုပ္ပါဒ်ကို အတပ်သိရန် နိဒါန်းပြန်ပိမ့်" ဆိုတာ...

ပဋိစ္စသမုပ္ပါဒ်လင်္ကာ ၁၃ ပိုဒ်ကိုရေးမလို့ ကျမ်းဦးမှာအစချီလိုက်တာပေါ့။ ပြီးတော့မှ "အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကျလျက်" လို့ မရေးဘူးလား။ အဲဒါ အဝိဇ္ဇာပစ္စယာသင်္ခါရာ ဆိုတဲ့ပါဠိကိုကြည့်ပြီးတော့မှ ရေးတာ။ ဘယ်လောက်ကြီးတဲ့ဉာဏ်လဲ။ အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတဲ့ပါဠိကို ကြည့်ပြီးတော့ကာ

https://www.thitsarparamisociety.com/



ဒီလင်္ကာကို ဘယ့်နှယ်ကြောင့် ရေးနိုင်သလဲဆိုတော့ နိဒ္ဒေသပါဠိတော်ကျတော့ တတ္ထကတမာအဝိဇ္ဇာ၊ တတ္ထ။ ထို အဝိဇ္ဇာပစ္စယာသင်္ခါရာဟူသော ပါဠိ၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတာ ကတမာ။ ဘယ်လိုဟာမျိုးလဲလို့ ပုစ္ဆာထုတ်လာတယ်။

အဝိဇ္ဇာဆိုတာ ဘာကိုခေါ်သလဲလို့ ပုစ္ဆာထုတ်လိုက်တယ်။ ဒါကတော့ လူတွေအတွက်သာ ပုစ္ဆာခေါ်တာ။ ဖြေလို့ရှိမေးတာ။ ပြီးတော့မှ ဒုက္ခေအညာဏံ၊ ဒုက္ခသမုဒယေအညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယအညာဏံ၊ အယံ ဝုစ္စတိအဝိဇ္ဇာ လို့ဖြေတယ်။ **ဒုက္ခကိုမသိခြင်း။ သမုဒယကိုမသိခြင်း။ ဒုက္ခချုပ်ရာ နိဗ္ဗာန်ကိုမသိခြင်း။ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့အကျင့်ကို မသိခြင်း** ဆိုတဲ့ ဒီမသိခြင်းလေးမျိုးကိုပင် အဝိဇ္ဇာခေါ်တာလို့ နိဒ္ဒေသပါဠိတော်ကျတော့ ဒီလိုမဟောဘူးလား။ ဒါကြောင့် "အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာ"လို့ ရေးတာ။ အဝိဇ္ဇာဆိုတာ ဘာကိုဖုံးသလဲ။ သစ္စာလေးပါးကိုဖုံးတာ...တဲ့။ ဘာလို့ သစ္စာလေးပါးကို ဖုံးတာလို့ဆိုနိုင်သလဲဆိုတော့ နိဒ္ဒေသပါဠိတော်ကိုကြည့်ပြီး ဆိုတာနော်။

ဒီတော့ အမှန်ဆိုတာဘာလဲ။ သစ္စာ။ ဒါဖြင့် အမှန်ဟာ ဘယ်နှစ်ချက်ရှိသလဲ။ အမှန်လေးချက် မဟုတ်လား။ အမှန်လေးချက်ဆိုတာ အကောင်အထည် သဏ္ဌာန်ဒြပ်လား။ သဘာဝလားလို့မေးလျှင် အကောင်အထည် သဏ္ဌာန် မရှိပါဘူးကွယ်တဲ့။ သဘာဝသက်သက်ပါ။ ဒုက္ခလည်း သဘာဝသက်သက်။ သမုဒယလည်း သဘာဝသက်သက်။ နိရောဓလည်း သဘာဝသက်သက်။ မဂ္ဂလည်း သဘာဝသက်သက်ဘဲ။ အေး...အကောင်အထည် သဏ္ဌာန် ဒြပ် မရှိပေမယ်လို့ ဒို့လူစုထင်နေကြတာက ဒုက္ခဟာ အကောင်အထည်ကြီးနဲ့လို့ ထင်နေကြတယ်။ ဒုက္ခဆင်းရဲတယ်။ ဘယ်သူ ဆင်းရဲတယ်။ ငါဆင်းရဲတယ်၊ အဲဒီလို ဒုက္ခကို အကောင်အထည်ကြီး ထင်မနေဘူးလား။ သတ္တဝါတို့ ထင်နေတဲ့ဆင်းရဲဟာ ဒုက္ခသစ္စာအစစ်မဟုတ်ဘူး။ ဒုက္ခအစစ်က ဘာလဲဆိုတော့ သဘာဝသက်သက်နော်။ သဘာဝသက်သက်ဖြင့် တိမ်သလား၊ နက်သလားဆိုတော့ နက်တယ်တဲ့။

https://www.thitsarparamisociety.com/



ဒါကြောင့် အမှန်လေးချက် သဘောနက်ကို...လို့ လင်္ကာက ရေးတာ။ ဒါဖြင့် အကောင်အထည် သဏ္ဍာန် ဒြပ်မရှိတဲ့ နက်နဲသောသဘာဝ သက်သက်ဆိုရင် သူ့ကို ဘယ်လိုခေါ်မယ်။ ရုပ်နဲ့နာမ်လို့...ခေါ်။ ဟော... ရုပ်နဲ့နာမ်...တဲ့။ ကိုင်း...ရုပ်ဆိုတာ အကျဉ်းအားဖြင့် ဘယ်လိုပြောမယ်။

"ခက်မာဖွဲ့စေး၊ ပူအေးထောက်ကန်၊ ဤလေးတန် မှတ်ရန်လက္ခဏာ"

ခက်မာခြင်းသဘော၊ ဖွဲ့စေးခြင်းသဘော၊ ပူအေးခြင်းသဘော၊ တွန်းကန်ခြင်းသဘော လို့ သဘောလေးမျိုး။ ဒီသဘောလေးမျိုးကို ရုပ်။ ဒီသဘောလေးမျိုးကို ဘာလို့ ရုပ်ခေါ်သလဲ။ ခဏခဏ ပြောင်းလဲမှုရှိလို့။ ဒီသဘောလေးမျိုးဟာ ခဏခဏပြောင်းလဲခြင်းကြောင့် ရုပ်။

ရုပ်ဆိုတဲ့စကားဟာ ခဏခဏပြောင်းလဲမှုကို ခေါ်တာတဲ့။ ခဏခဏပြောင်းလဲမှုက ရုပ်။ အဲဒီ ရုပ်ဆိုတဲ့စကားနဲ့ ခဏခဏပြောင်းလဲမှုဆိုတဲ့စကားဟာ အတူတူဘဲတဲ့။ ဒီတော့ တစ်လောကလုံးမှာ "ခက်မာဖွဲ့စေး၊ ပူအေးထောက်ကန်၊ ဤလေးတန်၊ မှတ်ရန်လက္ခဏာ"ဆိုတဲ့ လက္ခဏာလေးပါးနဲ့ပြည့်စုံတဲ့ မဟာဘုတ်လေးပါးဟာ အမြဲမပြတ်ပြောင်းလဲပြီးနေသောကြောင့် ရုပ်။ ဒီလို မဟုတ်လား။

အဲဒီရုပ်သဘောတွေဟာ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးတို့ကြောင့် သူ့သဘာဝအတိုင်း အမြဲမပြတ်ဖြစ်ပြီးတော့ ပြောင်းလဲရုံသာ ပြောင်းလဲနေတယ်။ နာမ်ဆိုတဲ့တရားက ဘာထူးလာပြန်သလဲဆိုတော့ မျက်စိထဲက မြင်မှုမပေါ်ဘူးလား။ မျက်စိထဲက မြင်မှုအတိုင်း အာရုံဆီကိုရောက်သကဲ့သို့ မထင်ရဘူးလား။ ထင်ရတယ်နော်။ အဲဒါကြောင့် မြင်မှုကို နာမ်၊ ကြားမှုကို နာမ်၊ နံမှုကို နာမ်၊ စားမှုကို နာမ်၊ ထိမှုကို နာမ်၊ သိမှုကို နာမ်၊ အေး...မြင်မှု ကြားမှု နံမှု စားမှု သိမှု ထိမှုဆိုတဲ့ ဒီအမှု ခြောက်မျိုးဟာ အာရုံနဲ့ကင်းလို့ မဖြစ်နိုင်သောကြောင့် ဒီခြောက်မျိုးကို နာမ်။ ခုတင်က ခက်မာမှု၊ ဖွဲ့စေးမှု၊ ပူအေးမှု၊ ထောက်ကန်မှုက ရုပ် ဟုတ်လား။

https://www.thitsarparamisociety.com/



ဒီတော့ သဝိညာဏက သတ္တဝါရဲ့သန္တာန်မှာ နာမ်ရုပ်။ အဝိညာဏက တောတောင် ရေမြေ သမုဒ္ဒရာမှာတော့ ရုပ်သက်သက်။ ဒီတော့ ရုပ်သက်သက်ရယ်၊ ရုပ်နဲ့နာမ်ရယ်နော်။ ရုပ်သက်သက်က ဩကာသလောက၊ ရုပ်နဲ့နာမ်က သတ္တလောက၊ ဒီတော့ တစ်လောကလုံးဟာ ရုပ်နဲ့နာမ်ကလွဲရင် ဘာရှိသေးသလဲ။ ဒါဖြင့် ရုပ်ကအမြဲမပြတ် ဖြစ်ပျက်ပြောင်းလဲနေတယ်။ နာမ်က အမြဲမပြတ် သူ့အာရုံနဲ့သူ မှီမှီပြီးတော့ပေါ်နေတယ်။ ဘယ်တုန်းက စပေါ်လာတာလဲလို့ စစ်လိုက်စမ်း။ အနမတဂ္ဂအစမထင်သော သံသရာက ပေါ်လာခဲ့တယ်။ အဲဒီ အစမထင်သံသရာကပေါ်လာတဲ့ ရုပ်နာမ်ဟာ ဘယ်အခါများ ဘယ်လောက်ကြာကြာရပ်တယ်လို့ အောက်မေ့သလဲ။ ဘယ်အခါမှမရပ်ပါဘူး။ ဘဝကူးပြောင်းတဲ့အချိန်လေးမှာတောင် မရပ်ဘူး။ ဒီဘဝဟောင်းကစုတိနဲ့ ဘဝသစ်ကပဋိသန္ဓေဟာ ဘယ်လောက်ခြားတယ် အောက်မေ့သလဲ။ ဘယ်လောက်မှမခြားဘူး။ ယခု ရုပ်နာမ် ဖြစ်နေသလိုဘဲ ဘဝဟောင်းနဲ့ဘဝသစ်ဟာ ကူးပြောင်းသွားတယ်။ ရုပ်နာမ်သဘောက ခြားမှုမရှိဘူး။

ဒီတော့ အနမတဂ္ဂ သံသရာမှစ၍ ယနေ့အထိတိုင်အောင် ကြားထဲမှာ အပြတ်အလပ်မရှိဘဲနဲ့ ရုပ်နာမ်နှစ်ပါးဟာမလာခဲ့ဘူးလား။ အဲဒီမပြတ်မလပ်လာခဲ့တဲ့ ရုပ်နာမ်နှစ်ပါးဟာ အချိန်မရွေး နာရီစက္ကန့် မရေမတွက်နိုင်အောင် တဖြစ်ထဲဖြစ်ဖြစ်မနေဘူးလား။ ဒါဖြင့် မရေတွက်နိုင်အောင် ဖြစ်ဖြစ်နေတဲ့တရားဟာ မြဲတဲ့တရားခေါ်မလား။ မမြဲဘူး...နော်။

အနိစ္စတာနာမ မရဏံ မရဏတော ဥတ္တရိ ဒုက္ခံနာမနတ္ထိ။ အနိစ္စတာနာမ၊ မမြဲသောအဖြစ်မည်သည်။ မရဏံ၊ သေခြင်းပင်တည်း။ မမြဲဆိုတာ သေတာပြောတာကွဲ...တဲ့။ ဘယ်မင်္ဂလာရှိအုံးမလဲ။ မရဏတော၊ သေခြင်းထက်။ ဥတ္တရိ၊ လွန်ကဲသော။ ဒုက္ခံနာမ၊ ဆင်းရဲမည်သည်။ နတ္ထိ၊ မရှိ။ လောကမှာ သေတာထက်ဆင်းရဲတာ ရှိအုံးမလား။

ဒီတော့ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်မှုသည် ဘယ်လောက်ကလေးမှ မမြဲဘူး။ ဘယ်လောက်ကလေးမှ မမြဲခြင်းကြောင့် တစ်နာရီ တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်းမရေမတွက်နိုင်အောင် ဖြစ်တယ်။ အကြိမ်ပေါင်း

https://www.thitsarparamisociety.com/



မရေမတွက်နိုင်အောင်ဖြစ်တဲ့ ရုပ်နာမ်ဓမ္မကို မြဲတယ်လို့ခေါ်မလား။ မခေါ်နိုင်ဘူးနော်။ အဲဒီ မမြဲတဲ့အနိစ္စသဘောကို ချမ်းသာတယ်လို့ ခေါ်မလား။ ဘာခေါ်မယ်၊ ဆင်းရဲတယ်လို့ခေါ်မယ်။ ဆင်းရဲတယ်ဆိုတော့ ဒီဆင်းရဲဟာ အမှားလား၊ အမှန်လား။ အမှန်။ သူဆင်းရဲတယ်၊ ငါဆင်းရဲတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ဆင်းရဲတယ်ဆိုတာ အမှား။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အစဉ်မပြတ်ဖြစ်နေခြင်းသည် ဆင်းရဲတယ်ဆိုတာ အမှန်။ ဒါ ဒုက္ခသစ္စာ။

အဲဒီ ဒုက္ခသစ္စာ အမှန်မြင်တဲ့သဘာဝသည် မနက်နဲဘူးလား။ နက်နဲပါတယ်။ ဒီလောက်နက်နဲတဲ့၊ ဒီလောက်ဆင်းရဲတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရဆိုတဲ့ ဒုက္ခသစ္စာကိုဖြစ်အောင် လုပ်နေတဲ့တရားကဘယ်သူလဲလို့ အကြောင်းရင်းရှာလိုက်တော့ ဘဝတဏှာ။ ဒီဘဝ ရုပ်နာမ်နှစ်ပါး ဖြစ်နေရတာ ဘဝကြောင့်။ နောက်တစ်ဘဝ တစ်ခါဆက်ဖြစ်ရပြန်တော့လည်း ဘဝတဏှာကြောင့်။ မပြတ်ဒလစပ် သံသရာမှာ ဘဝကူးပြောင်းပြီးဖြစ်နေတာဟာ အကြောင်းရင်းက ဘဝတဏှာဘဲ။ ဘာဖြစ်လို့လဲ။ အဝိဇ္ဇာကလိမ်တယ်၊ အမယ်လေးဗျာ၊ ဒီဘဝလေးဟာ ကောင်းလိုက်တာ ချမ်းသာလိုက်တာလို့ ဘဝကို အကောင်းထင်အောင် ဘယ်သူကလိမ်တယ်။ အဝိဇ္ဇာ။ အဝိဇ္ဇာကလိမ်တော့ တဏှာက ဒီဘဝကလေးကိုလိုချင်လှချည်ရဲ့ ဖြစ်တာကိုး။ ဖြစ်တော့ တဏှာလိုချင်တဲ့ဘဝကို ကံကပစ်ချရတယ်။ ကိုင်း...မင်းလိုချင်ရင်ပေးမယ်၊ သဘောကလေး။ အဝိဇ္ဇာဖုံးလွှမ်းလို့ အကောင်းလို့ထင်တဲ့အခါ အဝိဇ္ဇာကလိမ်မိတဲ့အခါ တဏှာက ဒီဘဝကိုလိုချင်တယ်။

အဲဒီ ဘဝတဏှာ မပြတ်သရွေ့ကာလပတ်လုံး ဘဝတိုင်းဘဝတိုင်း ဒီရုပ်နာမ်နှစ်ပါး ဆက်ဖြစ်ရတယ်။ ဒါဖြင့် ရုပ်နာမ်နှစ်ပါးဆိုတဲ့ ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်းရင်းဟာ ဘဝတဏှာဆိုတဲ့ လောဘ ဖြစ်မနေဘူးလား။ အဲဒီလောဘဟာ သမုဒယသစ္စာ၊ ရုပ်နာမ်နှစ်ပါးက ဒုက္ခသစ္စာ။ ဒါဖြင့် ဒုက္ခသစ္စာကော မနက်နဲဘူးလား။ သမုဒယသစ္စာကကော မနက်နဲဘူးလား။ နက်နဲပါတယ်။ ဒါဖြင့် ဒုက္ခရော၊ သမုဒယရော အကောင်အထည် သဏ္ဌာန်ဒြပ်ရှိသလား၊ မရှိဘူး။ သဘောသက်သက်ဘဲ။ အင်မတန်နက်နဲတဲ့ဒုက္ခသစ္စာ

https://www.thitsarparamisociety.com/



သဘောသက်သက်၊ အင်မတန်နက်နဲတဲ့ သမုဒယသစ္စာ သဘောသက်သက်ကို မသိမမြင်နိုင်အောင် ဘယ်သူကဖုံးသလဲ၊ အဝိဇ္ဇာကဖုံးတယ်။ မသိမမြင်နိုင်အောင် အဝိဇ္ဇာကဖုံးလွှမ်းပြီးထားခြင်းကြောင့် သတ္တဝါတွေဟာ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ မလုပ်ဘူးလား။ အဲဒီ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေက,ဘာ၊ သင်္ခါရ။

အဲဒါကို အဝိဇ္ဇာပစ္စယာ သင်္ခါရာ...ဟုတ်လား။ အဝိဇ္ဇာပစ္စယာ၊ အင်မတန်နက်နဲတဲ့သစ္စာလေးပါးကို မသိနိုင်အောင် ဖုံးလွှမ်းတဲ့အဝိဇ္ဇာ ရင်ထဲနှလုံးထဲမှာရှိနေခြင်းကြောင့်။ သင်္ခါရာ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့သည်။ သမ္ဘဝန္တိ၊ တဖြစ်ထဲဖြစ်ပွား၍ နေကြလေကုန်၏။ အဝိဇ္ဇာပစ္စယာ သင်္ခါရကို မြတ်စွာဘုရားက ဒီလိုဟောတယ်။

အဲဒီ မြတ်စွာဘုရားဟောတဲ့ အဝိဇ္ဇာပစ္စယာသင်္ခါရာ အပိုဒ်ကလေးကို အရင်းတည်ပြီးတော့ လယ်တီဆရာတော်ဘုရားကြီးက...

“အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကြလျှက် ဘဝမြုံသိုက် ရှိန်ရှိန်အိုက်သား အမှိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့် ဘဝနောင်ခါ သံသရာဝယ် လူ့ရွာနတ်ငြိမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ငြိလျှက် ဂတိနောင်ကို ကောင်းစေလိုဟု ကုသိုလ်အရိုး အမျိုးမျိုးကို ကြိုးကြိုးစားစား ပြုတုံငြားက ဆယ်ပါးပုည အာနေဉ္ဇဟု ဘဝနှီးရင်း ပွားတုံလျှင်းသည် ဝဋ္ဋခင်းဝဋ္ဋနွယ် ရှည်သတည်း”။ ဆိုတဲ့ လင်္ကာကလေးကို ရေးတာ။

ဒီတော့ အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှု အဝိဇ္ဇာရှိနေလို့။ သင်္ခါရာ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားကြကုန်၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံဖြစ်တာ ဘယ်သူရှိနေလို့။ အဝိဇ္ဇာရှိနေလို့။ အဝိဇ္ဇာမကင်း

https://www.thitsarparamisociety.com/



သရွေ့ကာလပတ်လုံး ကုသိုလ်ကံ၊ အကုသိုလ်ကံနဲ့ကင်းလို့မရကြဘူး...နော်။ ဒီတော့ သံသရာဝဋ်ဆင်းရဲက မကျွတ်လွတ်သေးဘဲ ဒုက္ခအမျိုးမျိုးခံနေရတာဟာ အဝိဇ္ဇာနဲ့တဏှာ။ ဒီလိုမဟုတ်လား။ အဝိဇ္ဇာကမသိအောင်လိမ်၊ အဝိဇ္ဇာလိမ်လို့ အလိမ်မိတဲ့အခါကျတော့ သတ္တဝါတွေက ကောင်းကံ,ဆိုးကံတွေလုပ်၊ ကောင်းကံ,ဆိုးကံတွေလုပ်တာကို သင်္ခါရခေါ်တယ်။ တဏှာလိုချင်လို့ ကုသိုလ်၊ အကုသိုလ်ဖြစ်တာ။ ထိုအဝိဇ္ဇာကြောင့် ကုသိုလ်၊ အကုသိုလ်ဖြစ်တယ်လို့ ဘာလို့ဆိုရသလဲ။ တဏှာကလိုချင်တာဖြစ်ပါလျက်နဲ့ အဝိဇ္ဇာကြောင့်ဖြစ်တယ်လို့ ဘာလို့ခေါ်ရသလဲ...နော်။ အကြောင်းဆက်ကို ကြည့်စမ်းပါ။

တဏှာက ဘာလို့လိုချင်ရသလဲ။ အဝိဇ္ဇာအလိမ်မိလို့ တဏှာက လိုချင်ရရှာတာ။ ဒီတော့ တဏှာဖြစ်ခြင်း၏အကြောင်းရင်းကိုက အဝိဇ္ဇာဖြစ်မနေဘူးလား။ ဒါကြောင့် အကြောင်းရင်းကိုလိုက်တာ။ အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှု။ အဝိဇ္ဇာ၊ ရင်ထဲနှလုံးထဲမှာ ရှိနေခြင်းကြောင့်။ သင်္ခါရာ၊ ကုသိုလ်၊ အကုသိုလ်ကံတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားၡလာကုန်၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံ သတ္တဝါတွေသန္တာန်မှာ ရှိတာဟာ ဘာရှိလို့။ (အဝိဇ္ဇာရှိလို့ပါဘုရား)။ အေး...အဝိဇ္ဇာရှိလို့။ ဒီအဝိဇ္ဇာမရှိရင် ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကုန်ရော။ ဒီအဝိဇ္ဇာကဘယ်တော့မှမရှိမယ်၊ ဘုရားရဟန္တာဖြစ်မှ မရှိမယ်။

ဒီတော့ ဒို့လူတွေဟာ အဝိဇ္ဇာကုန်နိုင်ပါ့မလား။(မကုန်နိုင်ပါဘုရား) မကုန်နိုင်တဲ့အတူတူ၊ အလကားအမိုက်ခံ လုပ်မနေကြနဲ့။ မိုက်လက်စနဲ့သာ မိုက်ကြဟုတ်လား။ ဤသည်ကား သုတ္တန်ဒေသနာဖြစ်သည်။

ဤသို့ သုတ္တန်ဒေသနာကိုကြားနာကြရသော ဓမ္မသဝန ကုသိုလ်ကံစေတနာတို့ကြောင့် နိဗ္ဗာန်ကိုမြန်မြန်ကြီး ရောက်ရပါလိုသော်...ဟု ဆုတောင်းကြကုန်။

သာဓု- သာဓု- သာဓု ပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

https://www.thitsarparamisociety.com/



၁၃၂၄-ခု ဝါဆိုလပြည့်ကျော် ၈-ရက်နေ့တွင်
ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌ ကျေးဇူးရှင်
ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
တပည့်အပေါင်းတို့အား
ဒုတိယအကြိမ် ဟောကြားဆုံးမတော်မူအပ်သော

## ပဋိစ္စသမုပ္ပါဒ် တရားတော်

ဦးဘိုးထင် အနာက ဘာနာ။ ဒိဋ္ဌိနာ။ ဆေးက ပဋိစ္စသမုပ္ပါဒ်။ အေး...ဒိဋ္ဌိနာ စွဲကပ်ပြီးနေကြတဲ့ လူမမာတွေဟာ ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဆေးကိုစားကြမှ ဒိဋ္ဌိနာကင်းပျောက်မှာဘဲ။ ဒီဒိဋ္ဌိနာက ပဋိစ္စသမုပ္ပါဒ် ဆေးကိုမစားရင် မကင်းပျောက်နိုင်ဘူးတဲ့...နော်။

ပါဠိက ပဋိစ္စသမုပ္ပါဒ၊ ပဋိစ္စက အကျိုးတရားကို စွဲမှီ၍၊ သမုပ္ပါဒ်က ဖြစ်ရာအကြောင်းတရား။ နှစ်ရပ်ပေါင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ၊ အကျိုးတရားကို စွဲမှီ၍ဖြစ်ရာ အကြောင်းတရား။ ပဋိစ္စသမုပ္ပါဒဆိုတဲ့ ပါဠိမှာဒွေးလေးကိုသတ်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်လို့ ဒီလိုခေါ်တယ်။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ စာစကားကို မြန်မာလိုပြန်ရင် အကျိုးတရားကိုစွဲမှီ၍ ဖြစ်ရာအကြောင်းလို့ ပြန်ရမယ်။ အဲဒီတော့ အကြောင်းမှန်သမျှ ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အဆန်းမဟုတ်ဘူး။ အကြောင်းကိုသိရင် ပဋိစ္စသမုပ္ပါဒ်ပါဘဲ။

ယခုဒို့လူစု သက္ကာယဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိနာစွဲကပ်နေကြတာ အကြောင်းမှန်ကို မသိလို့တဲ့။ အကြောင်းမှန်ကိုသိရင် သက္ကာယဒိဋ္ဌိဆိုတဲ့ဒိဋ္ဌိနာ ကင်းပျောက်မယ်ပေါ့။ ဒီတော့ အဝိဇ္ဇာဆိုတာဘာလဲ။ အမှန်ကိုမသိတာ။ သတ္တဝါ

https://www.thitsarparamisociety.com/



ရယ်လို့ဆိုမှတော့ စိတ်မရှိကြဘူးလား၊ စိတ်ရှိလို့ရှိရင်ဖြင့် သိကြမှာချည်းဘဲ မဟုတ်လားဦးဘိုးထင်ရဲ့။ သိပင်သိသော်လည်း အမှန်သိ,အမှားသိ ခွဲခြားရမယ်။ အမှားသိတော့ အဝိဇ္ဇာ။ အမှန်သိတော့ဝိဇ္ဇာ။ အေး...ဝိဇ္ဇာဆိုတဲ့ အမှန်သိရောက်ဖို့ အင်မတန်မှခဲယဉ်းတယ်။

အဝိဇ္ဇာဆိုတဲ့ အမှားကိုချည်းသိနေတယ် မဟုတ်လား။ အဝိဇ္ဇာ တဏှာ မကင်းသေးတဲ့သူများဟာ ဘာနဲ့တူသလဲဆိုတော့ နတ်ပယောဂ၊ စုန်းပယောဂစွဲကပ်တဲ့ လူမမာနဲ့တူတယ်။ နတ်ပယောဂ၊ စုန်းပယောဂစွဲကပ်တဲ့လူမမာဟာ နတ်တို့စုန်းတို့ တကယ်ဝင်လာရင် လူစိတ်ပျောက်ပြီးတော့ နတ်စကား စုန်းစကားပြောတယ်။ တကယ်မဝင်ဘဲနဲ့ အဝေးကနေပြီး သူတို့ပညာနဲ့ အမှောင့်ပယောဂ မကင်းရုံကလေး လူတို့၏စိတ်ကို နှောက်ယှက်ပြီးထားတော့ ပယောဂရှိတဲ့လူမမာဟာ လူစိတ်တော့မပျောက်ဘူး၊ မပျောက်ပေမယ်လို့ အခိုးအငွေ့ မကင်းဘူးပေါ့။ အခိုးအငွေ့ သင့်ပြီးတော့ လေးတေးတေး၊ ငေးတေးတေး၊ ထိုင်းတိုင်းတိုင်း၊ မှိုင်းတိုင်းတိုင်း၊ ငိုင်တိုင်တိုင်နဲ့မနေဘူးလား။

ဒီတော့ ပူးချင်တဲ့အခါ ပူးလာလိုက်၊ မပူးဘဲ ခွာပြီးနေတဲ့အခါလဲ ပယောဂနာရှိတဲ့လူဟာ ကြည်ကြည်လင်လင် မနေရဘူးတဲ့။ အေး...အဲဒီလိုဘဲ။ အဝိဇ္ဇာတဏှာဆိုတဲ့ ကိလေသာပယောဂဟာ သူတို့တကယ်ပူးတဲ့အခါ လူစိတ်ပျောက်ပြီး အဝိဇ္ဇာစိတ်၊ တဏှာစိတ်ဘဲ ဖြစ်တော့တာဘဲ။ သူတို့တကယ်မပူးလို့ ကုသိုလ်ကောင်းမှု လုပ်နေတဲ့အခါလည်းဘဲ ကြည်ကြည်လင်လင် ရှင်းရှင်းလင်းလင်းကြီး မရှိဘူး။ အဝိဇ္ဇာအခိုး တဏှာအခိုး သင့်လျက်ဘဲကိုး။ အကုသိုလ်မှု ပြုနေတဲ့အခါသာလျှင် အဝိဇ္ဇာတဏှာ ရှိတယ်။ ခုလိုကုသိုလ်ကောင်းမှု ပြုနေတဲ့အခါကျတော့ အဝိဇ္ဇာတဏှာ မရှိဘူး။ ဒီလိုမအောက်မေ့နဲ့။

ကုသိုလ်ကောင်းမှု လုပ်နေတဲ့အခါလည်းဘဲ အဝိဇ္ဇာခိုး၊ တဏှာခိုးဟာ သင့်လျက်ဘဲ။ ကုသိုလ်ကောင်းမှု လုပ်နေလဲ အဝိဇ္ဇာခိုး၊ တဏှာခိုးကတော့ မကင်းဘူး။ ရှင်းရှင်းလင်းလင်း ကြည်ကြည်လင်လင်ကြီး မရှိဘူးတဲ့။

https://www.thitsarparamisociety.com/



ဒီတော့ နတ်စုန်းဆိုတဲ့ ပယောဂနဲ့ အဝိဇ္ဇာတဏှာဆိုတဲ့ ကိလေသာနဲ့မတူဘူးလား။ တူပါတယ်။ ကိလေသာ မကင်းသေးတဲ့ သတ္တဝါတွေဟာ အဝိဇ္ဇာတဏှာ တကယ်ပူးတဲ့အခါ လူစိတ်ပျောက်တယ်။ အဝိဇ္ဇာစိတ်၊ တဏှာစိတ်ချည်းဘဲ ရှိတယ်။

အဲဒီလို အကုသိုလ် မဖြစ်လို့ ကုသိုလ်ကောင်းမှုပြုနေတဲ့အခါကျတော့ကော အဝိဇ္ဇာခိုး၊ တဏှာခိုးက သင့်လျက်ဘဲ။ ကြည်ကြည်လင်လင် မရှိကြဘူး။ အေး...အဲဒီလိုဘဲ ဒိဋ္ဌိနာစွဲကပ်ပြီးနေကြတဲ့လူတွေဖြစ်ခြင်းကြောင့် ၎င်းဒိဋ္ဌိနာကို ပျောက်အောင် ဘာဆေးစားရမယ်။ ပဋိစ္စသမုပ္ပါဒ် ဆေးကို စားရမယ်။

ပဋိစ္စသမုပ္ပါဒ် ဆိုတာ အကျိုးတရားတို့၏စွဲမှီ၍ဖြစ်ရာ အကြောင်းတရား၊ ဒီလိုမဟုတ်လား။ အဲဒီတော့ ပါဠိတော်မှာ အဝိဇ္ဇာပစ္စယာ၊ သင်္ခါရပစ္စယာ၊ ဝိညာဏပစ္စယာ၊ နာမရူပပစ္စယာ၊ သဠာယတနပစ္စယာ၊ ဖဿပစ္စယာ၊ ဝေဒနာပစ္စယာ၊ တဏှာပစ္စယာ၊ ဥပါဒါနပစ္စယာ၊ ဘဝပစ္စယာ၊ ဇာတိပစ္စယာ၊ လို့ အဲဒီပစ္စယာပါတဲ့ပုဒ်တွေဟာ ပဋိစ္စသမုပ္ပါဒ် အစစ်ဘဲနော်။ ပစ္စယာက အကြောင်းမဟုတ်လား။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာအကြောင်းခံကြောင့်။ သင်္ခါရပစ္စယာ၊ သင်္ခါရအကြောင်းခံကြောင့်။ ဝိညာဏပစ္စယာ၊ ဝိညာဏ အကြောင်းခံကြောင့်။ ဒီလို ပစ္စယာပုဒ်ပါမှ အကြောင်းပေးနိုင်တာကိုး။ ပစ္စယာပုဒ်မပါရင် အကျိုးဘဲ။ ဒီတော့ အဝိဇ္ဇာပစ္စယာ၊ သင်္ခါရပစ္စယာ၊ ဝိညာဏပစ္စယာ၊ နာမရူပပစ္စယာလို့။ အဲဒီ ပစ္စယာပုဒ်နဲ့ဟောသမျှတွေဟာ အကြောင်းတရားချည်းဘဲ။ အဲဒီလို ပဋိစ္စသမုပ္ပါဒ်ပါဠိတော်က ပြတဲ့အကြောင်းကို သိမှသာလျှင် ပဋိစ္စသမုပ္ပါဒ်ကို သိတာမဟုတ်ပါဘူး။ လောကမှာလဲ ဘာဘဲဖြစ်ဖြစ်၊ ဖြစ်လေသမျှအကြောင်းမှန်သိရင် ပဋိစ္စသမုပ္ပါဒ်သိတာပါဘဲ။ ဒီလိုမဟုတ်လား။

ကံကြောင့်ဖြစ်တယ်၊ စိတ်ကြောင့်ဖြစ်တယ်၊ ဥတုကြောင့်ဖြစ်တယ်၊ အာဟာရကြောင့်ဖြစ်တယ်၊ ဒီလိုမရှိဘူးလား။ ဥတုမကောင်းဘူးကွာ၊ ကနေ့တယ်ဆိုးဝါးသကွ၊ ဒါကြောင့် နေမကောင်းဘူး...ဟော့၊ ဒါဥတုကြောင့် ဖြစ်

https://www.thitsarparamisociety.com/



တာ မဟုတ်ဘူးလား။ ကနေ့ အစားမှားသွားသကွာ၊ ဘာစားမိလို့။ ကနေ့ နေမကောင်းဘူးဟေ့။ ဒါ အစားကြောင့်ဖြစ်တာ မဟုတ်ဘူးလား။ အေး... ကနေ့ စိတ်မကောင်းဘူးကွာ၊ ဘာတွေ သွားတွေးပြီးတော့ ဘာတွေပြောဆိုမိမှန်း မသိဘူး။ ကနေ့ ငါစိတ်ကြည်ကြည်လင်လင် မရှိဘူး။ နေမကောင်းဘူး။ ဒါစိတ်ကြောင့်ဖြစ်တာ မဟုတ်ဘူးလား။ အဲဒီတော့ ကံကြောင့်ဖြစ်ဖြစ်၊ စိတ်ကြောင့်ဖြစ်ဖြစ်၊ ဥတုကြောင့်ဖြစ်ဖြစ်၊ အာဟာရကြောင့်ဖြစ်ဖြစ်၊ ဖြစ်လေသမျှအကြောင်းခံဟာ ပဋိစ္စသမုပ္ပါဒ်ချည်းဘဲဟာ၊ ရေချိုးမှားလို့ဖျားတယ်ဟေ့၊ အစားမှားလို့ ဖျားတယ်ဟေ့၊ ဘာလုပ်မိလို့ကွာ၊ လောကမှာအကြောင်းတွေ အများကြီးမရှိဘူးလား။ ရှိပါတယ်။ အဲဒီလို အကြောင်းမှန်သမျှဟာ ပဋိစ္စသမုပ္ပါဒ်။

ဒို့လူစု အကြောင်းအကျိုးတောင် ခွဲခြားပြီး သိကြတာမဟုတ်ဘူး။ ဒီလောက်ရိုင်းကြတာ။ (ဘာကြောင့် ဖြစ်တယ်ဆိုရင်) ဘာကြောင့်ဆိုတာ အကြောင်း။ ဖြစ်တယ်ဆိုတာ အကျိုး။ အေး...အဲဒီလို အကြောင်းအကျိုးခွဲသိတဲ့ဉာဏ်ဟာ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ဘဲ။ အရာရာမှာ အကြောင်းကိုသိရတယ်၊ ပြီးတော့ အကြောင်းကိုသိပြန်တော့လည်း အကြောင်းမှန်ကိုသိရတယ်၊ ဒီလိုတခါ မလာပြန်ဘူးလား။ အေး...အမှားသိပြန်တော့လည်း သိရာမကျဘူး။ အမှန်ကိုသိမှနော်။

ဒို့ နာရဒဇာတ်တော်မှာ အလာတစစ်သူကြီးဆိုတာ ရှိတယ်။ အလာတ ဆိုတာ မိစ္ဆာကိုပြောတာ။ လူကောင်းမဟုတ်ပါဘူး။ ဟိုး...ရှေးရှေးက သူနွားသတ်သမား ဖြစ်ခဲ့တယ်...တဲ့။ အဲဒီ နွားသတ်သမား ဖြစ်ခဲ့တာကို ဇာတိဿရဉာဏ်နဲ့ ငါဟိုဘဝက နွားသတ်သမား ဖြစ်ခဲ့တယ်။ ယခုဘဝမှာလာပြီးတော့ စစ်သူကြီးလာပြီးတော့ဖြစ်တယ်။ ဒီလိုမသိဘူးလား။ ဒီတော့ သူသိတာ အကြောင်းမှန်ဟုတ်ရဲ့လား။ မမှန်ဘူး။

စစ်သူကြီးလာဖြစ်တာ ဘာဖြစ်လို့လဲဆိုတော့ ကဿပမြတ်စွာဘုရား၏စေတီတော်ကို အနော်ဇာပန်းကုံး သူလှူခဲ့ဘူးလို့တဲ့။ စစ်သူကြီးဖြစ်တဲ့ ကုသိုလ်ကလေ။ အဲဒီ ကဿပ မြတ်စွာဘုရား၏ စေတီတော်ကို အနော်ဇာ

https://www.thitsarparamisociety.com/



ပန်းကုံး ပူဇော်ခဲ့တဲ့အကြောင်းကိုမသိဘဲနဲ့ န္ဒားသတ်သမားဘဝကို ဇာတိဿရဉာဏ်နဲ့ ပြန်မြင်တော့ နွားသတ်တဲ့အကုသိုလ်ဟာ အကျိုးပေးဘူး။ ဒီလို မယူဘူးလား။ ယူတယ်။ အေး...အဲဒီအကြောင်းမှားလေ။ အကယ်၍သာ အနော်ဇာပန်းကုံးလှူသောကြောင့် ဖြစ်တယ်လို့ ဒီလိုသာသိရင် ဒီအလာတ စစ်သူကြီးဟာ အယူမှားနိုင်ပါ့မလား။ မမှားနိုင်ဘူး။ ဂုဏ အမည်ရှိသော မိစ္ဆာဒိဋ္ဌိဆရာကြီးကျောင်းမှာ ဥပုသ်စောင့်နေတဲ့ ဗီဇကဆိုတဲ့ကျွန်က ရှေးက သူဌေးကြီးဖြစ်ခဲ့တယ်တဲ့။ ကုသိုလ်ကောင်းမှုတွေလည်း သူအများကြီးလုပ် ခဲ့တယ်တဲ့။ အဲဒါကို ဇာတိဿရဉာဏ်နဲ့မြင်သတဲ့။ မြင်တော့ သူလည်း အကြောင်းမှန်မသိဘူးပေါ့။

ဟိုတုန်းက သူဌေးကြီးဖြစ်ပြီးတော့ ငါကုသိုလ်ကောင်းမှုတွေ လုပ် ခဲ့တယ်။ ယခု ငါသူများအခိုင်းအစေ ကျွန်ဖြစ်ရတယ်ဆိုတော့ သူလည်း အကြောင်းမှန် မသိဘူး။ ကျွန်စွဲဖြစ်နေရတာက ကဿပမြတ်စွာဘုရား သာ သနာတုန်းက ရဟန်းတစ်ပါးကို ကျွန်မျိုးလို့ ဆိုခဲ့ဖူးသတဲ့။ အဲဒီလို ဆိုခဲ့ ဘူးတဲ့ အကုသိုလ်ကံကြောင့် ယခုဘဝကျွန်ဖြစ်နေရတာ သူမမြင်ဘူး။ သူ မြင်တာက ရှေးဘဝက သူဌေးကြီးဖြစ်ခဲ့တာ သူမြင်တယ်။

နောက်ပြီး အင်္ဂတိမင်းကြီး၏သမီး၊ အရှင်အာနန္ဒာရဲ့အလောင်း ရုစာမင်းသမီးကတော့ လွန်ခဲ့တဲ့ခုနစ်ဘဝ၊ ရှေ့ဖြစ်မဲ့ခုနစ်ဘဝကို တာဝတိံ သာနတ်ပြည်မှာ သူနတ်သမီးဖြစ်စဉ်ကတဲက မြင်ခဲ့တယ်တဲ့။ ငါဘယ်ဘဝက လာ၊ ဘာဖြစ်လိမ့်မယ်လို့ သူ့ဘဝကိုသူပြန်ပြီး ဇာတိဿရဉာဏ်နဲ့ကြည့် လိုက်တဲ့အခါကျတော့ ရှေးခုနစ်ဘဝကို သူမြင်တယ်တဲ့။ ရွှေပန်းတိမ်သည် ဖြစ်စဉ်အခါက သူတစ်ပါးရဲ့သားမယားကိုပြစ်မှားတဲ့ ပရဒါရကံကိုလည်း ကျူး လွန်တာ သူမြင်တယ်တဲ့။ ရွှေပန်းတိမ်သည်ဘဝက သူတစ်ပါး၏သားမယား ကိုကျူးလွန်တဲ့ ပရဒါရအကုသိုလ်ကံကိုပြုပြားသော်လည်း ရွှေပန်းတိမ်သည် ဘဝကသေတဲ့အခါကျတော့ သူဌေးသားဖြစ်တာကိုလည်း သူတွေ့တယ်တဲ့။ သူလည်း မဖောက်ပြန်ဘူးလား။ သို့ပေမယ်လို့ သူကတော့ အမှန်မြင်တယ်၊ ရွှေပန်းတိမ်သည်ဘဝက ပရဒါရကံကျူးလွန်ပေမယ်လို့ သေတဲ့အခါကျတော့ သူဌေးသားဘဝရောက်တယ်ဆိုရင် အယူမှားစရာပေါ့။

https://www.thitsarparamisociety.com/



ဒီတင်မဟုတ်သေးဘူး၊ သူက ရှေ့ဆက်လက်ပြီးတော့ ရွှေပန်းတိမ်သည်ဘဝက ပရဒါရကံကျူးလွန်တဲ့ အကုသိုလ်ကြောင့် သူဌေးသားဘဝက သေတဲ့အခါကျတော့ ရောရုဝငရဲ ကျတယ်တဲ့။ အဲဒီ ရောရုဝငရဲကျတာကို လည်း သူမြင်တယ်။ ရောရုဝငရဲက တက်လာတဲ့အခါကျတော့ ဆိတ်ဖြစ် လို့ သင်းကွပ်ခံရတယ်။ နောက်တစ်ဘဝ မျောက်ဖြစ်လို့ သင်းကွပ်ခံရတယ်။ နောက်တစ်ဘဝ နွားဖြစ်လို့ သင်းကွပ်ခံရတယ်။ ရောရုဝငရဲတစ်ဘဝ၊ ဆိတ် ဖြစ်လို့ သင်းကွပ်ခံရတာက တစ်ဘဝ၊ မျောက်ဖြစ်လို့ သင်းကွပ်ခံရတာက တစ်ဘဝ၊ ပရဒါရကံကြောင့်ခံရတာ လေးဘဝမရှိဘူးလား။ ပြီးတော့ သူဌေး မျိုးမှာ ယောက်ျားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်၊ နပုံးပဏ္ဍုက် သွားဖြစ် တယ်တဲ့။ နပုံးဆိုတဲ့လူမျိုးဟာ သူ့ကို ယောက်ျားလို့လည်းမခေါ်နိုင်ဘူး၊ မိန်းမလို့လည်း မခေါ်နိုင်ဘူး။ အဲဒါ ပရဒါရကံကြောင့် ခံရတာ။

အဲဒီတော့ နတ်သမီးဘဝကနေပြီးကြည့်လိုက်တော့ ရွှေပန်းတိမ် သည်တစ်ဘဝ၊ သူဌေးသားတစ်ဘဝ၊ ရောရုဝငရဲတစ်ဘဝ၊ ဆိတ်တစ်ဘဝ၊ မျောက်တစ်ဘဝ၊ နွားတစ်ဘဝ၊ နပုံးပဏ္ဍုက်တစ်ဘဝ လို့ တာဝတိံသာနတ် ပြည်မရောက်ခင် ခုနစ်ဘဝကိုသူမြင်တယ်။ တာဝတိံသာနတ်ပြည် ရောက်ပြီး သည့်နောက် ငါဘာများဖြစ်ပါအုံးမလဲလို့ ကြည့်လိုက်တဲ့အခါ သိကြားမင်း၏ အလုပ်အကျွေး သုံးဘဝ၊ နတ်သမီးချည်းဘဲ။ နောက် ဇနဝသဘ နတ်သားရဲ့ နတ်မိဖုရားတစ်ဘဝ၊ အားလုံးပေါင်း နတ်သမီးချည်း ငါးဘဝမနေဘူးလား။ အဲဒီ နတ်သမီးချည်းငါးဘဝ ဖြစ်ပြီးသည့်နောက်၊ ရုစာမင်းသမီးတစ်ဘဝ ငါ ဖြစ်ရအုံးမယ်၊ ဟိုနတ်သမီးဘဝတုန်းကလှမ်းမြင်တာ၊ အဲဒီ ရုစာမင်းသမီး ဘဝကသေတဲ့အခါကျတော့မှ တာဝတိံသာနတ်ပြည်မှာ တန်ခိုးကြီးတဲ့နတ် သား ငါဖြစ်ရမယ်၊ ဒီအခါကျမှ ပရဒါရကံရဲ့အကျိုးက ငါလုံးလုံးကြီးလွတ် တော့မယ်ဆိုတာ ရုစာမင်းသမီးက ရှေ့ခုနစ်ဘဝ၊ နောက်ခုနစ်ဘဝမြင်တယ်။

ဒီတော့ ရှေ့ခုနစ်ဘဝ၊ နောက်ခုနစ်ဘဝ အကြောင်းအကျိုးနဲ့ သေ သေချာချာမြင်တဲ့ပုဂ္ဂိုလ်ကတော့ အယူမှားနိုင်ပါအုံးမလား။ မမှားနိုင်ဘူး။ ဟိုအလာတ စစ်သူကြီးနဲ့ ဗိဇကကျွန်ကတော့ကာ အကြောင်းအကျိုး သေသေ

https://www.thitsarparamisociety.com/



ချာချာမမြင်ဘဲနဲ့ သူတို့မြင်ချင်ရာ တစ်စိတ်တစ်ဒေသတွေ မြင်နေတော့ သူတို့အယူမှားတာပေါ့။ ဒီတော့ သိတယ်။ သိတယ်ဆိုပေမယ်လို့ ဆိုတိုင်း မဟုတ်သေးဘူး။

ဒီတော့ ပုဂ္ဂိုလ်သတ္တဝါတို့မည်သည် မသိတဲ့သတ္တဝါရယ်လို့မရှိဘူး။ သတ္တဝါတိုင်း သိကြတာချည်းဘဲ။ သိပင်သိသော်လည်း အမှန်သိလား၊ အမှားသိလား။ အမှားသိတွေဖြစ်နေတော့ ဒိဋ္ဌိအယူယူကြတာပေါ့။ ဒိဋ္ဌိအယူနဲ့မကင်းနိုင်ကြဘူးပေါ့။ ဒီသက္ကာယဒိဋ္ဌိအယူဟာ သူရှိနေသရွေ့ကာလပတ်လုံး မဂ်ဖိုလ် မရစကောင်းဘူး။ သက္ကာယဒိဋ္ဌိအယူရှိနေတဲ့ပုဂ္ဂိုလ် မဂ်ဖိုလ်မရနိုင်ဘူး။ နတ်ပြည်တော့မတားမြစ်ပါဘူး။ ငါကောင်သူကောင်အနေနဲ့ ကုသိုလ်ကောင်းမှုပြုတော့ ဒီကုသိုလ်ကောင်းမှုဟာ နတ်ပြည်အကျိုးမပေးနိုင်ဘူးလား။ ပေးနိုင်ပါတယ်။ ဒီတော့ သက္ကာယဒိဋ္ဌိဟာ နတ်ပြည်ကိုတော့မတားနိုင်ဘူး။ မဂ်ဖိုလ်ကိုတော့ တားတယ်။ ဒီတော့ မဂ်ဖိုလ်ရချင်တဲ့ပုဂ္ဂိုလ်ဟာ သက္ကာယဒိဋ္ဌိနာ ပျောက်အောင်လုပ်ရမှာပေါ့။ သက္ကာယဒိဋ္ဌိနာမပျောက်သရွေ့ကာလပတ်လုံး မဂ်ဖိုလ်ရနိုင်သလား။ မရနိုင်ဘူး။ သက္ကာယဒိဋ္ဌိပျောက်မှ ရမယ်။

ဒို့ အရင်ဥပုသ်တုန်းက သက္ကာယဒိဋ္ဌိနှစ်ဆယ် ပြောခဲ့တယ် မဟုတ်လား။ ရုပ်စွဲသက္ကာယဒိဋ္ဌိတစ်ပါး၊ နာမ်စွဲသက္ကာယဒိဋ္ဌိခုနစ်ပါး။ ရုပ်နာမ် နှစ်ပါးစွဲ သက္ကာယဒိဋ္ဌိက ဆယ့်နှစ်ပါး။ အားလုံးပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိ နှစ်ဆယ်။

ရုပ်စွဲ သက္ကာယဒိဋ္ဌိဆိုတာ ဘာလဲ။ ရုပ်သည်ငါ၊ ငါသည်ရုပ်၊ ရုပ်နဲ့ ငါအတူတူစွဲတယ်။ ငါဟာရုပ်ဘဲ။ ရုပ်ဟာ ငါဘဲ။ ဒီရုပ်ကောင်ကြီးအပြင် ငါ မရှိတော့ဘူး။ ငါဆိုတာ ရုပ်ကောင်ကြီးကိုခေါ်တာဘဲ။ ဒီလိုစွဲရင် ရုပ်စွဲ သက္ကာယဒိဋ္ဌိပေါ့။ ရုပ်သည်ငါ၊ ငါသည်ရုပ်ဆိုတော့ ရုပ်နဲ့ငါ ခွဲမရဘူး။ အေး...ဒီလိုစွဲတဲ့ သက္ကာယဒိဋ္ဌိကို ရုပ်စွဲသက္ကာယဒိဋ္ဌိ ခေါ်တယ်။ ဒီလို ရုပ်စွဲ သက္ကာယဒိဋ္ဌိစွဲတဲ့ပုဂ္ဂိုလ်ကော မရှိနိုင်ပေဘူးလား။ ဒီလူတွေထဲမှာလေ။ ရှိပါတယ်။

https://www.thitsarparamisociety.com/



အေး...ရှိလို့ ကုပ်နေရင်ကုပ်နေမယ်၊ ပါတော့ပါမှာဘဲ။ နာမ်စွဲ သက္ကာယဒိဋ္ဌိကျတော့ ရုပ်ရှိသောငါ၊ အရိပ်ရှိသောသစ်ပင် လို့ဆိုတာလို၊ သစ်ပင်တခြား အရိပ်တခြား မဟုတ်လား။ အေး...ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ နာမ်တရားက ငါ။ ရုပ်က ငါ့မှာရှိတာ။ ဒီတော့ ရုပ်ရှိတယ်ဆိုတဲ့အစွဲဟာ နာမ်စွဲ သက္ကာယဒိဋ္ဌိ။ ရုပ်ကို ငါလို့မစွဲဘူး။ ရုပ်ရှိသောငါလို့ စွဲတယ်။ ငါ့မှာ ရုပ်ရှိတယ်ပေါ့။ ရုပ်ရှိသောငါလို့ဆိုရင် သက္ကာယဒိဋ္ဌိ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့နာမ်တရားပေါ် ရောက်နေတယ်။ ဒီတော့ ရုပ်ရှိသောငါဆိုတဲ့ သက္ကာယဒိဋ္ဌိဟာ နာမ်စွဲသက္ကာယဒိဋ္ဌိ၊ ရုပ်သည်ငါလို့စွဲတော့ ရုပ်စွဲသက္ကာယဒိဋ္ဌိ၊ ငါ၌ ရုပ်တည်၏၊ ဒီလိုစွဲတော့နာမ်စွဲ သက္ကယဒိဋ္ဌိဘဲ။ ငါဆိုတာ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို ငါလို့စွဲတယ်။ အဲဒီ ငါဆိုတဲ့အပေါ်မှာ ရုပ်ကလာတည်တယ်။

ရုပ်၌ငါတည်၏ ဆိုတာလည်းဘဲ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကိုဘဲ ငါလို့ဆိုပြန်တယ်။ ရုပ်၌ငါတည်၏လို့ စွဲတဲ့အစွဲက ကြုတ်ထဲ၌ ပတ္တမြားတည်၏လို့ဆိုဘိသကဲ့သို့ ကြုတ်တခြား၊ ပတ္တမြားတခြား၊ ဒီလိုစွဲတာတဲ့။ ဒီတော့ ရုပ်ကဘာနဲ့တူတယ်၊ ကြုတ်နဲ့တူတယ်။ ငါက ပတ္တမြားနဲ့တူတယ်။ ငါ၌ရုပ်တည်၏ဆိုတဲ့အစွဲက ပန်း၌အနံ့တည်၏ဟု ဆိုတာနဲ့တူတယ်။ ပန်း၌အနံတည်တဲ့အခါကျတော့ ပန်းတစ်ပွင့်လုံးမှာ အနံ့တွေနှံ့နေသလို ငါဆိုတဲ့သတ္တဝါကောင်၌ တစ်ကိုယ်လုံးတစ်ကောင်လုံး ရုပ်တွေနှံ့နေတယ်။ ဒီလိုဆိုတော့ ငါ၌ရုပ်တည်၏ဆိုတာ ပန်း၌အနံ့တည်၏ဆိုတာနဲ့ တူသတဲ့။

ဒီတော့ ရုပ်သည်ငါဆိုတာက ရုပ်စွဲ။ ရုပ်ရှိသောငါ ဆိုတာကနာမ်စွဲ။ ငါ၌ရုပ်တည်၏ဆိုတာက နာမ်စွဲ။ ရုပ်၌ငါတည်၏ဆိုတာက နာမ်စွဲ။ အဲဒီတော့ ဒီရူပက္ခန္ဓာမှာ ရုပ်စွဲတစ်ပါး၊ နာမ်စွဲသုံးပါး မနေဘူးလား။ ပြီးတော့မှ ဝေဒနာသည်ငါ၊ သညာသည်ငါ၊ သင်္ခါရသည်ငါ၊ ဝိညာဏ်သည်ငါ၊ ဟော ဒီလေးပါးက နာမ်စွဲချည်းဘဲ။ ခုနက ရူပက္ခန္ဓာက နာမ်စွဲသုံးပါးနဲ့ပေါင်းလိုက်တော့ နာမ်စွဲခုနစ်ပါးမနေဘူးလား။ ရုပ်စွဲက တစ်ပါး။ နာမ်စွဲက ခုနစ်ပါး။ ရုပ်နာမ်စွဲက ၁၂–ပါး။

https://www.thitsarparamisociety.com/



ရုပ်နာမ်စွဲ ၁၂ ပါးက ဘယ်လိုဖြစ်သလဲ။ ဝေဒနာရှိသောငါ၊ ဝေဒနာကို သတ္တဝါလို့ မစွဲဘူး။ အရိပ်ရှိသော သစ်ပင်လို့ ဆိုလိုသလိုပေါ့။ သစ် ပင်တခြား၊ အရိပ်တခြား မဟုတ်လား။ ဒီမှာလည်း ဝေဒနာရှိသောငါလို့ ဆိုတော့ ဝေဒနာဟာ သတ္တဝါလည်းမပါဘူး။ ရုပ်ရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ ဝိညာဏ်ရယ်။ ကျန်တဲ့ခန္ဓာလေးပါးက ရုပ်နာမ်နှစ်ပါး မကျန်ဘူးလား။ အဲဒီကျန်တဲ့တရားတွေကို ငါလို့စွဲတယ်။ ဒီတော့ ဝေဒနာရှိသောငါဆိုတာ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိပေါ့။

ငါ၌ ဝေဒနာတည်၏။ ဒါလည်း ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိဘဲ။ ဝေဒနာ၌ ငါတည်၏။ ဒါလည်း ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိဘဲ။ ငါဆိုတဲ့အစွဲက ရုပ်နာမ်ကိုး။ သညာရှိသောငါ၊ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ။ ငါ၌ သညာတည်၏။ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ။ သညာ၌ ငါတည်၏။ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ။ သင်္ခါရရှိသောငါ။ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ။ ငါ၌ သင်္ခါရတည်၏။ ရုပ်နာမ်စွဲသက္ကာယဒိဋ္ဌိ။ သင်္ခါရ၌ ငါတည်၏။ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ။ ဝိညာဏ်ရှိသောငါ၊ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ။ ငါ၌ ဝိညာဏ်တည်၏။ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ။ ဝိညာဏ်၌ ငါတည်၏။ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ။ ဟောဒီတော့ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ တစ်ပါး။ နာမ်စွဲ သက္ကာယဒိဋ္ဌိ (၇)ပါး။ ရုပ်နာမ်စွဲ သက္ကာယဒိဋ္ဌိ (၁၂) ပါး။ အားလုံးပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိနှစ်ဆယ်တဲ့။

အဲဒီ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဟာ တစ်ပါးပါးတော့ မစွဲဘဲနေမလား လို့။ ဒီ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ထဲက တစ်ပါးပါးတော့ စွဲကြမှာဘဲ။ အင်း... ရုပ်သည်ငါ၊ ဝေဒနာသည်ငါ၊ သညာသည်ငါ၊ သင်္ခါရသည်ငါ၊ ဝိညာဏ်သည် ငါ အကျဉ်းအားဖြင့် ပြောကြပါစို့။ တချို့က ရုပ်ကောင်ကြီးကို ငါမှတ်မယ်။ တချို့က ဝေဒနာငါမှတ်မယ်။ ဟုတ်ဘူးလား။ အမလေး...နာလိုက်တာ၊ ကျင်လိုက်တာ၊ ကိုက်လိုက်တာ၊ ခဲလိုက်တာ၊ ဘယ်သူလဲ (ငါ)။ ဒါဝေဒနာ မှတ်တာလေ။ ငါ အမှတ်အသားကောင်းတယ်။ ငါ့မှာ သညာရှိတယ်ဆိုပြန်တော့ သင်္ခါရကို ငါမှတ်တာ။ ငါသိတယ်ဆိုပြန်တော့ ဝိညာဏ်ကို ငါမှတ်တာ။

ဒီတော့ သေသေချာချာ ခွဲပြီးတော့ မပြောတတ်ပေမယ်လို့ အစွဲကတော့ သူ့ဘာသာသူ၊ သဘာဝအားဖြင့် အလိုလိုစွဲလျက်မနေဘူးလား။ ဒီလိုအစွဲရှိရင် ဒီပုဂ္ဂိုလ် သက္ကာယဒိဋ္ဌိနာ ကင်းရဲ့လား။ မကင်းဘူး။ သက္ကာယဒိဋ္ဌိနာ မကင်းခဲ့သည်ရှိသော် ဘာဆေးဝါးမှ ပျောက်မယ်။ ပဋိစ္စသမုပ္ပါဒ် ဆေးဝါးမှ ပျောက်မယ်တဲ့။ ပဋိစ္စသမုပ္ပါဒ် ဆိုတာလည်း တခြားမဟုတ်ပါဘူး။ အရာရာမှာ အကြောင်းအကျိုးဆက်စပ်ပြီးသိသွားရင် ပြီးတာပါဘဲ။ ဒို့လူစုအမြဲဖြစ်နေတဲ့ အသက်ရှူတာကိုကြည့်။ အသက်ရှူကြတာ ဘာလို့အမြဲရှူနေကြသလဲ။ စိတ်ရှိလို့။ စိတ်ရှိမှသာလျှင် အသက်ရှူဖြစ်နိုင်တယ်။ ဒီလိုမဟုတ်ဘူးလား။ သေတဲ့သူများ အသက်ရှူသေးလား။ မရှူပါဘူး။ ဘာဖြစ်လို့။ စိတ်မရှိလို့။ အေး...စိတ်မရှိလို့။ အကြောင်းကင်းသွားလို့နော်။ ဒီတော့ ထွက်သိ-ဝင်သိ ရှူနေလို့ရှိရင် စိတ်ရှိလို့သာရှူနိုင်တယ်ဆိုတာ မသိနိုင်ဘူးလား။

အဲဒီတော့ စိတ်ရှိလို့သာ ရှူနိုင်တယ်ဆိုရင် စိတ်ကအကြောင်း။ အသက်ရှူမှုက အကျိုး။ အဲဒီလို အကြောင်းအကျိုးဆက်စပ်မိရင် ပဋိစ္စသမုပ္ပါဒ် မသိဘူးလားလို့။ အဲဒီလို အရာရာမှာ အကြောင်းအကျိုးဆက်စပ်ပြီး သိသွားရင် ဒါပဋိစ္စသမုပ္ပါဒ်ဉာဏ် ရတာပါဘဲ။ ခုဟာကတော့ ကြားဖူးနားဝရှိပါစေတော့လို့ ပါဠိမိဖြစ်၊ ကုသိုလ်ဖြစ် အပင်ပန်းခံပြီးဟောနေရတာ။

ဘာကိုအရင်းတည်ပြီး ဟောမယ်လို့ပြောထားတယ်။ လယ်တီဆရာတော်ရေးတဲ့ ပဋိစ္စသမုပ္ပါဒ်လင်္ကာ ၁၃-ပုဒ်ကို အရင်းတည်ပြီး ဟောမယ်လို့ အရင်သီတင်းကပြောလိုက်တယ်မဟုတ်လား။ ပြောလိုက်တော့ သူ့ကိုဘဲ အရင်းပြန်ပြီးတည်ရအုံးမှာပေါ့။

"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား နတ်ဝိသုဒ္ဓိ တုမရှိအား တိဒ္ဓိရရှိဦးခလျှက်" ဒါက ဘုရားရှိခိုးတာလေ။

"ဘဝသုံးပါး ဟုန်းဟုန်းသွားသည် ရထားသံသာ ယာဉ်စကြာ၏ ခြင်းရာထုပ္ပတ် သမုပ္ပါဒ်ကို အတပ်သိရန် နိဒါန်းပြန်ပိမ့်" ဒါက ပဋိညာဉ်စကား။

https://www.thitsarparamisociety.com/



"အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကျလျက် ဘဝမြုံသိုက် ရှိန်ရှိန်အိုက်သား အမှိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့် ဘဝနောင်ခါ သံသရာဝယ် လူ့ရွာနတ်ငြမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ငြိလျက် ဂတိနောင်ကို ကောင်းစေလိုဟု ကုသိုလ်အရိုး အမျိုးမျိုးကို ကြိုးကြိုးစားစား ပြုတုံငြားက ဆယ်ပါးပုည အာနေဥ္စဟု ဘဝနိုးရင်း ပွားတုံလျှင်းသည် ဝဋ္ဋခင်းဝဋ္ဋနွယ် ရှည်သတည်း"။

ဒါက ပထမလင်္ကာပိုဒ်။ ဘာကို အကြောင်းပြုရေးတယ်။ အဝိဇ္ဇာပစ္စယာသင်္ခါရာတဲ့။

အဲဒီတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာကို ဘယ်လိုမေးမယ်။ အဝိဇ္ဇာပစ္စယာ "အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကျသောကြောင့် သင်္ခါရာ ဘဝမြုံသိုက် ရှိန်ရှိန်အိုက်သား အမှိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညာဘိသင်္ခါရာတို့သည်။ သမ္ဘဝန္တိ၊ ဘဝအရင်းအနှီးအနေနှင့် ဖြစ်ပွား၍နေကြလေကုန်၏။ ဒီလိုပေးရမယ်။ သူ့လင်္ကာအတိုင်းဆိုရင်လေ။

အဲဒီတော့ ဒီမှာသိဘို့ရာက ဘာအရေးကြီးသလဲ။ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး အမှန်တရားကို မသိတာ (အဝိဇ္ဇာ)။ ဒီအဝိဇ္ဇာကို သိပြီးသားဖြစ်နေရော။ သင်္ခါရက ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိ သင်္ခါရလို့ သုံးမျိုးကိုသိဖို့ အရေးကြီးတယ်။ ဒီတော့ ပုညာဘိသင်္ခါရမှာ သင်္ခါရကိုဘဲ အရင်သိရအုံးမယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာက ပုညတွေ၊ အပုညတွေ၊ အာနေဥ္စတွေမပါဘူး။ အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတော့ သင်္ခါရလို့ဘဲ ပါဠိကရှိတယ်။ အဲဒီ သင်္ခါရကိုဘဲသိဖို့ရာ အရေးကြီးတယ်။ သင်္ခါရကိုဘဲ အမျိုးမျိုးခွဲပြီးသိကြစမ်းပါအုံး။ ဘယ်လိုလဲ။

https://www.thitsarparamisociety.com/



၁။ ကုသိုလ်ကံ၊ အကုသိုလ်ကံသင်္ခါရ

၂။ ကုသိုလ်ကံ၊ အကုသိုလ်ကံကိုလည်း သင်္ခါရခေါ်တယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံရဲ့ ကောင်းကျိုးဆိုးကျိုးကိုလည်း သင်္ခါရခေါ်တယ်။

၃။ ယခု နေ့မအားညမအား အားထုတ်ပြီးပြုလုပ်နေကြတဲ့ လုပ်ကိုင်မှုတို့ကိုလည်း သင်္ခါရခေါ်တယ်။

၄။ ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့ကြောင့် တဖြစ်ထဲ ဖြစ်နေတဲ့ အကျိုးတရားတွေကိုလည်း သင်္ခါရ ခေါ်တယ်။ (နော်) ဦးဘိုးထင်၊ သင်္ခါရအမျိုးမျိုးလေ။

သဗ္ဗေသင်္ခါရာ အနိစ္စာ၊ အလုံးစုံဖြစ်သမျှ ပျက်ကြကုန်၏။ မိုးညှင်းဆရာတော်ကြီး ဟောကြားတဲ့တရားလေ။ သဗ္ဗေက အလုံးစုံ၊ သင်္ခါရက ဖြစ်သမျှ၊ အနိစ္စကပျက်ကြကုန်၏။ ဒီလိုမဟုတ်လား။ ဒါဖြင့် သင်္ခါရနဲ့အနိစ္စ ကွဲပြီလား။ ဖြစ်သင်္ခါရ၊ ပျက်အနိစ္စ၊ ဒီတော့ သင်္ခါရဆိုတာဖြစ်မှုကို သင်္ခါရ ခေါ်တယ်။ ဒီလိုမဟုတ်လား။

ကံ စိတ် ဥတု အာဟာရတို့ကြောင့် မို့မို့မဲမဲ တစ်လောကလုံးတဖြစ်ထဲဖြစ်နေတဲ့တရားတွေကို သင်္ခတသင်္ခါရ ခေါ်တယ်။ ခု နေ့မအားညမအား အသက်မွေးဝမ်းကျောင်းအတွက်နဲ့လုပ်ကြကိုင်ကြတဲ့ အားထုတ်မှုတွေကိုတော့ ပယောဂါဘိသင်္ခါရ ခေါ်တယ်။

ကျောင်းထိုင်ဘုန်းကြီးရဲ့ သင်္ခါရဒုက္ခဆိုတာ ကြားဘူးတယ် မဟုတ်လား။ လူမပြောနဲ့၊ ဘုန်းကြီးတောင်မှ ဘယ်လောက်ဒုက္ခရောက်သလဲ။ မဟုတ်လား။ ခုတော့ ရှိလားမရှိလားမသိဘူး။ အညာမှာတော့ ရှေးရှေးကရှိတယ်။ ညနေ အလှူအတန်းလာပင့်လို့ရှိရင် ကျောင်းသားကထမ်းတောင်းကို ပြင်ရတယ်။ ထမ်းတောင်းကလေးနဲ့ကျောင်းသားက နောက်ကလိုက်ရတယ်။ ဟိုကရတဲ့ ဆန်ကလေး၊ ပဲကလေးတွေ ထမ်းပြီးတော့ ပြန်ရမှာကိုး။

https://www.thitsarparamisociety.com/



ငါ့,ငယ်ငယ်ကထဲက အဲဒါရှက်တယ်၊ ဘုန်းကြီးလုပ်နေပြီး ထမ်းတောင်းနဲ့ သွားရတာလေ။ ဟိုကဒကာတစ်ယောက် အပင့်လာတယ်ဆို ကျောင်းသားက ဒီကထမ်းတောင်းပြင်ရပြီ။ ထမ်းပိုးကောက်ကလေးနဲ့ ပြင်ရပြီ။

ဒကာတစ်ယောက်လာပြီး အပင့်လာတဲ့အခါကျတော့ ဘုန်းကြီးက ကျောင်းသားကို ခိုင်းတယ်တဲ့။ ဟဲ့...ကောင်လေး ထမ်းတောင်းပြင် ဟုတ်လား။ အုန်းပင်ကို ရှဥ့်ကလာစားတော့ အုန်းပင်ကလည်း ခလောက်နဲ့ဆွဲရတာကိုး။ ခလောက်နဲ့ဆွဲတော့ ဂလောက်,ဂလောက်ဆိုရင် ရှဥ့်ကမပြေးဘူးလား။

ထမ်းတောင်းကိုပြင် အုန်းပင်ကိုရှဥ့်ချောက်၊ ဟင်...ရှေးကဘုန်းကြီးတွေက စနစ်တကျကိုး။ ဆွမ်းတွေပိုရင် သွန်မပစ်ဘူး။ ထမင်းခြောက်လှမ်းသတဲ့။ အဲဒီတော့ ငါက ပရိတ်ရွတ်ပင့်တာသွားရမယ်၊ မင်းထမင်းခြောက်ဖျာကိုမွှေကိုး။

ထမ်းတောင်းကိုပြင်၊ အုန်းပင်ကို ရှဥ့်ချောက်၊ ထမင်းခြောက်ကိုမွှေ၊ သားရေနယ်ကလည်း နေပူလှမ်းထားတော့ "ဟဲ့...ဟိုကောင်လေး၊ သားရေနယ် ဟိုနားတိုး၊ ကျောင်းသားကလေးတစ်ယောက်ကလည်း ပျဥ်ထောင်ကိုဓါးနဲ့ထိုးနေပြန်တော့ ဟဲ့...ကောင်လေး ပျဥ်ထောင် ဓားနဲ့မထိုးနဲ့။ ဒီလိုပြောနေတုန်း နွားကလည်းချေချင်ပြန်တော့၊ ဟပ်ချိုးလို့ချေလိုက်တယ်။ တခါ ချောင်းကလည်းဆိုးချင်ပြန်တော့၊ အဟမ်းအဟမ်းနဲ့ အဟမ်းခတ်လိုက်ရတယ်၊ ဒီအခါ လေလည်ချင်ပြန်တော့"ဘွတ်"ဆိုပါသွားရော။ ကျောင်းထိုင်ဘုန်းကြီးသင်္ခါရဒုက္ခများပုံကို ပြောပါတယ်။ ဟိုမှာ ပရိတ်ရွတ် သွားခါနီးတန်းလန်း ကျောင်းသားကို ဘုန်းကြီးကမှာနေတာ ပြောပါတယ်။

ဒီတော့ ဘုန်းကြီးတောင်မှ သင်္ခါရဒုက္ခဒီလောက်များနေရင် လူတွေကော သက်သာမလား။ မသက်သာကြဘူးလား။ ဒီနေရာမှာ ပြောလိုရင်းက ဘာလဲ။ လုပ်ရကိုင်ရ ကြောင့်ကျအားထုတ်ရတာတွေကိုလည်းဘဲ သင်္ခါရ

https://www.thitsarparamisociety.com/



ခေါ်တယ်။ အေး...ဒါလောက်ဆိုရင် သင်္ခါရအမျိုးမျိုးလည်း နားလည်လောက်ပါပြီ။

ကုသိုလ်ကံ၊ အကုသိုလ်ကံကို အဘိသင်္ခရဏ သင်္ခါရခေါ်တယ်။ တော်တော်အခေါ်ခက်တယ်၊ အခေါ်ရလွယ်အောင် ကုသိုလ်ကံ,အကုသိုလ်ကံကို သင်္ခါရခေါ်တယ်လို့မှတ်လိုက်ပါတော့။ ဘာဖြစ်လို့လဲ၊ ကုသိုလ်ကံက ကောင်းကြိုးဖြစ်အောင် ပြုလုပ်စီမံမယ်။ အကုသိုလ်ကံက မကောင်းကျိုးဖြစ်အောင် ပြုလုပ်စီမံမယ်။ အဲဒီလို ကောင်းကျိုးဖြစ်အောင်၊ မကောင်းကျိုးဖြစ်အောင် ပြုလုပ်စီမံခြင်းကို သင်္ခါရခေါ်တယ်။

အဲဒီ စီမံပြုလုပ်ခြင်းဟာ ကုသိုလ်ကံ,အကုသိုလ်ကံမှာ ရှိတယ်။ ဒါကြောင့် သင်္ခရောန္တီတိ သင်္ခါရာ။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ သင်္ခရောန္တိ၊ ပြုပြင်စီရင်တတ်ကုန်၏။ ဣတိ၊ ထိုသို့ ပြုပြင်စီရင်တတ်သောကြောင့်။ တေဓမ္မာ၊ ထိုကုသိုလ်ကံ,အကုသိုလ်ကံတရားတို့သည်။ သင်္ခါရာ၊ သင်္ခါရတို့မည်ကုန်၏။

သင်္ခရောန္တီတိ သင်္ခါရာ။

ဒါက ကုသိုလ်ကံ၊ အကုသိုလ်ကံကို သင်္ခါရခေါ်ပုံ။ နောက်တနည်းက သင်္ခရိယန္တေတိ သင်္ခါရာ။ ယေဓမ္မာ၊ အကြင်တရားတို့ကို။ သင်္ခရိယန္တေ၊ ပြုလုပ်စီမံအပ်ကုန်၏။ ဣတိ၊ ထိုသို့ ပြုလုပ်စီမံအပ်သောကြောင့်။ သင်္ခါရာ၊ သင်္ခါရတို့မည်ကုန်၏။ ဒီကျတော့ အကျိုးတရားကို သင်္ခါရခေါ်တယ်။

ကုသိုလ်ကံ၊ အကုသိုလ်ကံက ပြုလုပ်စီမံတတ်သောကြောင့်၊ သင်္ခါရ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ၏ ကောင်းကျိုး၊ ဆိုးကျိုးကပြုလုပ်စီမံအပ်သောကြောင့် သင်္ခါရ၊ တတ်နဲ့အပ်ဘဲကွာတယ် မဟုတ်လား။ ယခုလောကမှာ လုပ်ကိုင်ကြရတာတွေက အားထုတ်မှုကြောင့် သင်္ခါရ။ ဒီတော့ ကံသင်္ခါရ၊ အားထုတ်မှု သင်္ခါရ၊ အားလုံးကုန် တစ်လောကလုံး ကံ စိတ် ဥတု အဟာရ အစရှိသော အကြောင်းတရားတွေကြောင့်ဖြစ်ဖြစ်နေတဲ့ ဖြစ်သမျှသင်္ခါရတွေ

https://www.thitsarparamisociety.com/



က သင်္ခတသင်္ခါရခေါ်တယ်။ သင်္ခတသင်္ခါရာ အနိစ္စာ၊ အလုံးစုံဖြစ်သမျှ ပျက်ကြကုန်၏...ဆိုတဲ့သင်္ခါရဟာ အသင်္ခတသင်္ခါရကိုပြောတာ။

အဲဒီလို သင်္ခါရအမျိုးမျိုးလည်း ခွဲပြီးတော့မှတ်ထား။ သင်္ခါရဆိုရင် အတူတူချည်းဘဲလို့ ဒီလိုမအောက်မေ့နဲ့။ ဒီတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ ဆိုတဲ့ ပုဒ်မှာပါတဲ့ သင်္ခါရကဘာလဲ။ ကုသိုလ်၊ အကုသိုလ်ကို သင်္ခါရခေါ် တယ်တဲ့။

ဒီတော့ (ပုညသင်္ခါရ) ပုညက ကုသိုလ်၊ သင်္ခါရက သင်္ခါရ၊ နှစ်ခု ပေါင်းလိုက်တော့ ကုသိုလ်သင်္ခါရပေါ့။ (အပုညသင်္ခါရ) အပုညက အကုသိုလ် သင်္ခါရက သင်္ခါရ။ နှစ်ခုပေါင်းလိုက်တော့ အကုသိုလ်သင်္ခါရ။ ကုသိုလ် သင်္ခါရကို ပုညသင်္ခါရ။ အကုသိုလ်သင်္ခါရကို အပုညသင်္ခါရ။ ဒီကုသိုလ်ထဲ ကလည်းဘဲ အရူပကုသိုလ်ဆိုတာ ကာမာဝစရကုသိုလ်လို ရူပါဝစရကုသိုလ် လို မဟုတ်ဘူး။ အင်မတန်ခိုင်မြဲပြီး တုန်လှုပ်ခြင်းကင်းတဲ့ သဘောရှိခြင်း ကြောင့် အရူပကုသိုလ်ကို အာနေဉ္စသင်္ခါရခေါ်တယ်။

ဒီတော့ ကာမကုသိုလ်နှင့်ရူပစျာန်ကုသိုလ်က ပုညသင်္ခါရ၊ အရူပစျာန် ကုသိုလ်က အာနေဉ္စသင်္ခါရ၊ အကုသိုလ်က အပုညသင်္ခါရ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ သင်္ခါရကိုသုံးမျိုးခွဲပြီးပြတယ်။ ဒီတော့ အကုသိုလ်ကိုအကျဉ်း အားဖြင့် လောဘအကုသိုလ်၊ ဒေါသအကုသိုလ်၊ မောဟအကုသိုလ်လို့ ဒီ လိုမှတ်။ လောဘ၊ ဒေါသ၊ မောဟဟာ အကုသိုလ်ဖြစ်ရာမှာ အရင်းခံတရား တဲ့။ အရင်းခံဆိုတာဘာလဲ(မူလ)။

ဟေတုပစ္စယော၊ ရေသောက်မြစ်လျှင် ယင်းသစ်ပင်ကို စိမ်းရှင်ညွန့် ဝေ စည်ပင်စေက ထောက်ပံ့မ,သို့။ သစ်ပင်ရဲ့ရေသောက်မြစ်ဆိုတော့ အမြစ် ကို ပါဠိလို ဘယ်လိုခေါ်တယ်။ "မူလ"ပေါ့။ ဒါကြောင့် လောဘ၊ ဒေါသ မောဟဆိုတဲ့တရားသုံးပါးဟာ အကုသိုလ်ဖြစ်ရာမှာ သူ့မူလဘဲတဲ့။ သစ်ပင် မှာ ရေသောက်မြစ်နဲ့တူတယ်တဲ့။

https://www.thitsarparamisociety.com/



သစ်ပင်ရှင်ရှင်လန်းလန်းဖြစ်အောင် သစ်ပင်စည်ကားအောင် ဘယ်သူ ထောက်ပံ့တယ်။ ရေသောက်မြစ်က ထောက်ပံ့တယ်တဲ့။ လောဘအကုသိုလ်ဖြစ်ရမှာ လောဘက စည်စည်ကားကားဖြစ်အောင် ထောက်ပံ့တယ်။ ဒေါသအကုသိုလ်ဖြစ်ရမှာ ဒေါသက စည်စည်ကားကားဖြစ်အောင် ထောက်ပံ့တယ်။ မောဟအကုသိုလ်ဖြစ်ရမှာ မောဟက စည်စည်ကားကားဖြစ်အောင် ထောက်ပံ့တယ်။

ဒီတော့ လောဘရေသောက်မြစ်၊ ဒေါသရေသောက်မြစ်၊ မောဟရေသောက်မြစ်လို့ အမြစ်သုံးမျိုးရှိတယ်။ ပဋ္ဌာန်း၂၄–ပစ္စည်းမှာ ပစ္စည်းက သူ့အမျိုးနဲ့သူ ယူရတယ်။

ဟေတုပစ္စည်းဆိုတာ သဟဇာတမျိုး။ သဟဇာတမျိုးဆိုတာ အကြောင်းနဲ့အကျိုး အတူတကွဖြစ်တာ။ အကြောင်းနဲ့အကျိုး အတူတကွဖြစ်တာကို သဟဇာတခေါ်တယ် ဦးဘိုးထင်ရဲ့။ ဒီတော့က လောဘအကုသိုလ်ဖြစ်ပြီဆိုပါစို့။ ရင်ထဲနှလုံးထဲမှာ လောဘတွေ ထလာပြီ၊ ကြွလာပြီ၊ လောဘတွေ တလုံးကြီးလိုချင်လိုက်တာနော်။ ကိုင်း...ရင်ထဲနှလုံးထဲမှာ လောဘတွေဖြစ်လာတဲ့အခါကျရင် ဒီလောဘဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ရုပ်ကိုကြည့်စမ်း။ ကိုယ်အမူအရာကတမျိုး။ လောဘဖြစ်တဲ့သူရဲ့ စကားနားထောင်စမ်း၊ နှုတ်အမူအရာကတမျိုး။ သူ့ရင်ထဲလောဘဖြစ်နေတာ သူမသိဘူးလား၊ သိပါတယ်။ ကိုယ်အမူအရာ နှုတ်အမူအရာတွေကော လောဘနဲ့အတူတကွ တစ်ကိုယ်လုံး,တစ်ကောင်လုံးအနှံ့ ဖြစ်မနေဘူးလား။ ရင်ထဲနှလုံးထဲ လောဘဖြစ်နေတဲ့သူမှာလေ။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတွေကော သူ့သဏ္ဍာန်ပေါ်မနေဘူးလား။ အေး...ဒါလောက်ဆို နားလည်ပြီနော်။ အဲဒီလောဘဖြစ်နေတဲ့အခိုက်အခါလေးမှာ လောဘက အရင်းမူလဖြစ်သော ဟေတုပစ္စည်း။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာဆိုတဲ့ ရုပ်တွေနာမ်တွေက ဟေတုပစ္စည်းရဲ့အကျိုး။ ပစ္စယုပ္ပန်။ အဲဒီအခါမှာ လောဘကအကြောင်း။

https://www.thitsarparamisociety.com/



ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေက အကျိုး။ ဒါလည်းပဋိစ္စသမုပ္ပါဒ်ဘဲ။ သို့ပေမယ်လို့ ဒီပဋိစ္စသမုပ္ပါဒ်က ပဌာန်း။ အကြောင်းအကျိုးဆက်စပ်မှုရှိတော့ သူကပိုပြီးစိပ်သွားတယ်။ ပြီးတော့မှ (ဒေါသ)၊ မခံမရပ်နိုင်အောင် စိတ်ဆိုးနေတဲ့အချိန်အခါမှာ သူ့ရုပ်ကိုကြည့်လိုက်စမ်း။ သူစိတ်ဆိုးနေတယ်ဆိုတာ မသိနိုင်ဘူးလား။ သိနိုင်ပါတယ်။ သူ့ပါးစပ်က ထွက်လာတဲ့ နှုတ်အမူအရာကို နားထောင်ရင်ကော သိနိုင်ပါတယ်။ ဒီတော့ ကိုယ်အမူအရာလည်းဖောက်ပြန်တယ်၊ နှုတ်အမူအရာလည်းဖောက်ပြန်တယ်။ စိတ်ဆိုးနေတဲ့အချိန်အခါမှာ ဒေါသနှင့်တကွ ကိုယ်အမူအရာ၊ စိတ်အမူအရာ၊ နှုတ်အမူအရာတွေဟာ ဖောက်ဖောက်ပြန်ပြန် ဖြစ်မနေဘူးလား။ ဖြစ်ပါတယ်။ အဲဒီလို စိတ်ဆိုးနေတဲ့အခါကလေးမှာ ဒေါသက အကြောင်းရင်းမူလ ဟေတုပစ္စည်း။ ဒီခဏမှာ ဖြစ်ပေါ်နေတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့က ဟေတုပစ္စည်းရဲ့ အကျိုးပစ္စယုပ္ပန်လေ။ လောဘအကုသိုလ် ဖြစ်ဆဲခဏမှာ လောဘကအကြောင်းရင်းဖြစ်တယ်။ ဒါကြောင့်လောဘအရင်းခံပြီး ဖြစ်သမျှအကုသိုလ်တွေကို လောဘအကုသိုလ်လို့ အကျဉ်းအားဖြင့် ခေါ်လိုက်တာ။ ဒေါသအရင်းခံပြီး ဖြစ်သမျှအကုသိုလ်တွေကို ဒေါသအကုသိုလ်လို့ အကျဉ်းအားဖြင့် ခေါ်လိုက်တာ။

လောဘအကုသိုလ် ဖြစ်တဲ့အခိုက်၊ ဒေါသအကုသိုလ် ဖြစ်တဲ့အခိုက်မှာ သူတို့နဲ့ယှဉ်ဖော်ယှဉ်ဘက် အကုသိုလ်တွေ အများကြီးပါသေးတယ်၊ ပြီးတော့ မောဟအကုသိုလ်ကျတော့ စိတ်မငြိမ်သက်၊ ပျံ့လွင့်နေတယ်၊ စိတ် ဟိုရောက်ဒီရောက် ဖြစ်တယ်။ ဒါဘာလဲ (ဥဒ္ဓစ္စ)။ သို့လောသို့လော တွေးတော ယုံမှားမကင်းဘူးဆိုရင် (ဝိစိကိစ္ဆာ)။ ဒီတော့ စိတ်မငြိမ်သက်တဲ့ပုဂ္ဂိုလ်၊ သို့လောသို့လော ယုံမှာမကင်းတဲ့ပုဂ္ဂိုလ်ရဲ့ မျက်နှာကြည့်စမ်း။ ငိုင်တိုင်တိုင်၊ ငေးတေးတေး၊ မှိုင်တိုင်တိုင်နဲ့မနေဘူးလားလို့။

အဲဒီတော့ ဥဒ္ဓစ္စတို့၊ ဝိစိကိစ္ဆာတို့ ဖြစ်နေတဲ့အခါမျိုးမှာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဟာ တမျိုးဖြစ်တယ်။ အဲဒီအခါမျိုးမှာ မောဟအကြောင်းရင်း။ မောဟက အရင်းမူလဖြစ်တယ်တဲ့။

https://www.thitsarparamisociety.com/



ဒါကြောင့် လောဘအကုသိုလ်၊ ဒေါသအကုသိုလ်၊ မောဟအကုသိုလ် လို့ အကုသိုလ်သုံးမျိုး၊ အကျဉ်းအားဖြင့်ပြောတာ။ သို့ပေမယ်လို့ လောဘ တို့၊ ဒေါသတို့၊ မောဟတို့ဟာ စင်စစ်အားဖြင့် ကိလေသာလောဘနဲ့ယှဉ် ဖေါ်ယှဉ်ဘက်စေတနာ။ ဒေါသနဲ့ယှဉ်ဖော်ယှဉ်ဘက်စေတနာ။ မောဟနဲ့ယှဉ် ဖေါ်ဖော်ယှဉ်ဘက်စေတနာကိုသာ အကုသိုလ်ခေါ်တယ်။ အဲဒီအကုသိုလ်မှာ အပုည၊ အဲဒီအပုညသာလျှင် အကုသိုလ်သဒ္ဒါရပေါ့။ လောဘအကုသိုလ်၊ ဒေါသအကုသိုလ်၊ မောဟအကုသိုလ်ဖြစ်နေတဲ့ပုဂ္ဂိုလ်ရဲ့ ရင်ထဲနှလုံးထဲမှာ ဖြူစင်နေမလား၊ ညစ်ပတ်နေမလား။ ညစ်ပတ်နေမယ်။ မဖြူစင်ဘူးပေါ့။ မဖြူစင်သောကြောင့် အပုည။

လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ အလို မပြည့်နိုင်ဘူး။ အလို မပြည့်နိုင်သောကြောင့် အပုည။ အကုသိုလ် အပုည ခေါ်တာလေ။ ပုဂ္ဂိုလ်သတ္တဝါကို မဖြူစင်စေတတ်တဲ့ လူ့အလိုကို မပြည့် စေနိုင်တဲ့ အပုညဆိုတဲ့ အကုသိုလ်က သူရဲ့မကောင်းသော အနိဋ္ဌအကျိုး တွေကို ဖြစ်ပေါ်အောင် သူကပြုလုပ်၊ စီမံတတ်သောကြောင့် သင်္ခါရ။ မ ဖြူစင်သောကြောင့် အပုည။ နှစ်ခုပေါင်းလိုက်တော့မှ အပုညသင်္ခါရ။ အဲဒီ အပုညနဲ့သင်္ခါရ နှစ်ခုပေါင်းရာမှာ သူ၏အကျိုးကိုမဖြစ်အောင် ပြုလုပ်စီမံ ရာ၌ အထူးသဖြင့် ပြုလုပ်စီမံတတ်သောကြောင့် အဘိ,ကလေး တစ်လုံး တိုးပြီးတော့ အဘိသင်္ခါရ လို့ တခါခေါ်ပြန်တယ်။ ပင်ရင်းက သင်္ခါရ၊ အ ဘိကလေး တစ်လုံးတိုးတာက အထူးအားဖြင့် ပြုလုပ်စီမံတတ်တယ်တဲ့။

အကုသိုလ်က သူ၏အကျိုးတရားဖြစ်ပေါ်အောင် အထူးအားဖြင့် ပြုလုပ်စီမံတတ်တယ်။ အထူးအားဖြင့်က အဘိ။ ပြုလုပ်စီမံတတ်တာက သင်္ခါရ။ နှစ်ခုပေါင်းလိုက်တော့မှ အဘိသင်္ခါရ။ ဒီတော့ အပုညခေါ်တဲ့ မကောင်းမှုကလည်းဘဲ သူ့အကျိုးကို အထူးပြုလုပ်စီမံတတ်တဲ့သဘောရှိလို့ အပုညာဘိသင်္ခါရ။

https://www.thitsarparamisociety.com/



ဒါဖြင့် ကုသိုလ်ကျတော့လည်း ပုညအဘိသင်္ခါရပေါ့။ ပုညဆိုတာက ကုသိုလ်ဖြစ်နေတဲ့လူရဲ့ ရင်ထဲကြည်စမ်းပါ။ ကုသိုလ်စိတ်ဖြစ်နေတဲ့အချိန်အခါကလေးမှာ ဒီပုဂ္ဂိုလ်ရဲ့ရင်ထဲနှလုံးထဲ ဖြူစင်နေတယ်။ အဲဒီလို ရင်ထဲနှလုံးထဲမှာဖြူစင်ပြီးနေသောကြောင့် ပုည။ အဲဒီကုသိုလ်တွေ များများကြီးဖြစ်နေတဲ့ပုဂ္ဂိုလ်ဟာ ဘာဖြစ်ဖြစ် အလိုဆန္ဒ လွယ်လွယ်ကလေးနဲ့ ပြည့်ဝစေနိုင်တယ်။ ဒီတော့ သူ့ရဲ့အလိုဆန္ဒကိုပြည့်ဝစေနိုင်သောကြောင့် ကုသိုလ်ကို ပုည။ သူ့ကိုဖြူစင်စေတတ်သောကြောင့် ပုည။ အဲဒီပုညခေါ်တဲ့ကုသိုလ်တရားက သူ၏ကောင်းကျိုးတရားကို ပြုလုပ်စီမံတတ်သောကြောင့် အဘိသင်္ခါရ။ ဒါကြောင့် ပုညနဲ့တွဲလိုက်တော့ ပုညအဘိသင်္ခါရ။

အကုသိုလ် အပုညနဲ့အဘိသင်္ခါရတွဲလိုက်တော့ အပုညအဘိသင်္ခါရ၊ ကုသိုလ်ပုညနဲ့အဘိသင်္ခါရတွဲလိုက်တော့ ပုညအဘိသင်္ခါရ။ ဒီတော့ အဘိသင်္ခါရဆိုတဲ့စကားဟာ အထူးသဖြင့် ပြုလုပ်စီမံခြင်းသဘောကိုပင် အဘိသင်္ခါရခေါ်တယ်။

အကုသိုလ်ကတော့ လောဘအကုသိုလ်၊ ဒေါသလောဘအကုသိုလ်၊ မောဟလောဘအကုသိုလ် သိပြီးပြီနော်။ ကုသိုလ်ကျတော့ ကာမကုသိုလ်ရှစ်ပါး။ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ ကုသိုလ်လေးပါး။ ငြိမ်ငြိမ်သက်သက်ဖြစ်တဲ့ ကုသိုလ်လေးပါး။ နှစ်ရပ်ပေါင်းလိုက်တော့ ရှစ်ပါး။ အဲဒါကို ကာမကုသိုလ်ရှစ်ပါးလို့ ခေါ်တယ်။ မိမိရင်ထဲနှလုံးထဲမှာ ကုသိုလ်ဖြစ်တာကိုပြန်ပြီး စဉ်းစားကြည့်။ တခါတလေ ဝမ်းမြောက်ဝမ်းသာကုသိုလ်ဖြစ်တယ်။ တခါတလေ ငြိမ်ငြိမ်သက်သက်ကုသိုလ်ဖြစ်တယ်။

ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝဘာသိတာ။ ဥပေက္ခာ၊ ဥပေက္ခာဝေဒနာကို။ သန္တဝုတ္တိတ္တာ၊ ငြိမ်သက်သော ဖြစ်ခြင်းရှိခြင်းကြောင့်။ သုခမိစ္စေဝ၊ သုခဟူ၍သာလျှင်။ ဘာသိတာ၊ ဆိုအပ်၏။ ဟုဆိုသော ဋီကာစကားအတိုင်း။ ဥပေက္ခာနဲ့ဖြစ်တဲ့ကုသိုလ်ကို ငြိမ်ငြိမ်သက်သက်ဖြစ်တယ်လို့ ပြောရတယ်။ သောမနဿနဲ့ဖြစ်တဲ့ ကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်

https://www.thitsarparamisociety.com/



တယ်လို့ ပြောရမယ်။ ဒီတော့ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ကုသိုလ် လေးမျိုး၊ ငြိမ်ငြိမ်သက်သက်ဖြစ်တဲ့ကုသိုလ် လေးမျိုး။ နှစ်ခုပေါင်းလိုက်တော့ ရှစ်မျိုး။ အဲဒါ ကာမာဝစရ ကုသိုလ်ခေါ်တယ်။ ဒါနပြုတဲ့အခါ၊ သီလဆောက်တည်တဲ့အခါ၊ တရားနာတဲ့အခါ၊ ကုသိုလ်ကောင်းမှု ပြုလုပ်နေတဲ့အခါမှာ ဝမ်းမြောက်ပြီးတော့ဖြစ်တာ ငြိမ်ငြိမ်သက်သက်နဲ့ဖြစ်တာ ဒီနှစ်မျိုးဘဲရှိတယ်။

တနည်းအားဖြင့် ဉာဏ်ယှဉ်ပြီးဖြစ်တာ လေးမျိုး။ ဉာဏ်မယှဉ်ဘဲဖြစ်တာ လေးမျိုး။ နှစ်ခုပေါင်းလိုက်တော့ ရှစ်မျိုး။ အဲဒီလိုဘဲ ကုသိုလ်ရှစ်မျိုးရှိတယ်တဲ့။ တချို့ကုသိုလ်က အသိဉာဏ်ပါတယ်။ တချို့ကုသိုလ်က အသိဉာဏ် မပါဘူး။ သူများလုပ်လို့သာ လုပ်ရတယ်။ ဒီတော့ အသိဉာဏ်ပါတဲ့ကုသိုလ်က လေးမျိုး။ အသိဉာဏ်မပါတဲ့ကုသိုလ်က လေးမျိုး။ ဟောဒါက ကာမာဝစရကုသိုလ်တဲ့။ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်၊ အော်...ငါဒီကုသိုလ်လုပ်တာဟာ ဒီကုသိုလ်ရဲ့အကျိုးကို ငါခံစားရလိမ့်မယ်၊ ဒီကုသိုလ်ကြောင့် ငါ့မှာကောင်းကျိုးချမ်းသာ ရလိမ့်မယ်လို့ ဒီလိုကံ,ကံ၏အကျိုးကို မျှော်ကိုးပြီးလုပ်တဲ့ကုသိုလ်မျိုးဟာ ဉာဏသမ္ပယုတ်ကုသိုလ် ခေါ်တယ်။ ဉာဏ်ယှဉ်တဲ့ကုသိုလ်လေ။ အဲဒီလို အကျိုးကိုမမျှော်ဘူး၊ သူများလုပ်လို့ လုပ်လိုက်တာဘဲဆိုရင် ဒါ ဉာဏဝိပ္ပယုတ်ကုသိုလ်ခေါ်တယ်။ အနည်းဆုံးအားဖြင့် ကံ,ကံ၏အကျိုးကိုသိပြီးတော့ ယုံကြည်ပြီးတော့ လုပ်ရတယ်။ ဒါမှ ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်တယ်။

"အကျိုးနှင့်ကံ၊ သိသူမှန်၊ မှတ်ရန်ဉာဏသမ္ပယုတ္တ"

မိုးညှင်းဆရာတော်ကြီးကလေ။ အကျိုးအားဖြင့် ဒီကုသိုလ်ကြောင့် ငါဒီအကျိုး ဖြစ်လိမ့်မယ်လို့ ဒီလိုမျှော်ကိုးနိုင်တဲ့ဉာဏ်ရှိသူဟာ ဉာဏသမ္ပယုတ်ကုသိုလ်လို့ပြောတယ်။ ဒီလိုကံ,ကံ၏အကျိုးကိုမမျှော်ကိုးဘဲနဲ့ အမှတ်တမဲ့လုပ်လိုက်ရင် ဉာဏဝိပ္ပယုတ်။ ဒီတော့ ဉာဏ်ယှဉ်ပြီးတော့လုပ်တဲ့ကုသိုလ်လေးမျိုး။ ဉာဏ်မယှဉ်ဘဲ လုပ်တဲ့ကုသိုလ်လေးမျိုး။ အဲဒီလိုဘဲ ကာမာဝစရကုသိုလ် ရှစ်မျိုးရှိတယ်တဲ့။

https://www.thitsarparamisociety.com/



ပြီးတော့မှ အသင်္ခါရိက မတိုက်တွန်းရဘဲ ဖြစ်တဲ့ကုသိုလ်လေးမျိုး၊ သသင်္ခါရိက တိုက်တွန်းလို့ ဖြစ်တဲ့ကုသိုလ်လေးမျိုး။ အဲဒီလိုလဲဘဲ ရှစ်မျိုး ရှိတယ်နော်။ ဒါနပြုရာမှာ၊ သီလဆောက်တည်ရာ၊ တရားနာရာအချိန်အခါမှာ ကိုယ့်ကိုယ်ကိုလည်း စဉ်းစားကြည့်ကြပေါ့။ သူများမတိုက်တွန်းရဘူး ဆိုပေမယ့် တချို့ ကိုယ့်ကိုယ်ကိုလည်းတိုက်တွန်းရတာ မရှိဘူးလား။ ကိုယ့်ကိုယ်ကိုတိုက်တွန်းရင်လည်း သသင်္ခါရိကဘဲ။ သူတပါး နှိုးဆော်တိုက်တွန်းရင်လည်းဘဲ သသင်္ခါရိကဘဲ။ မတိုက်တွန်းမနှိုးဆော်ရဘဲနဲ့ စိတ်အားထက်သန်စွာဖြစ်တဲ့ အသင်္ခါရိကမှသာလျှင် အကျိုးပေးထက်သန်တာ။ တိုက်တိုက်တွန်းတွန်းနဲ့ ဖြစ်ရတဲ့ သသင်္ခါရိက ကုသိုလ်မျိုးကျတော့ အကျိုးပေးပင်ပေးငြားသော်လည်းဘဲ နုံ့နှေးသပေါ့။ ကိုယ့်ကိုက စိတ်အင်မတန်ထက်သန်နေတဲ့ပုဂ္ဂိုလ်မျိုးကို သူတပါးတိုက်တွန်းဖို့ လိုနေသေးသလား၊ မလိုပါဘူး။ မလိုရင် ဘာကုသိုလ်ခေါ်မယ်။ (အသင်္ခါရိက)။ ဒီတော့ မတိုက်တွန်းဘဲလုပ်တဲ့ ကုသိုလ်လေးမျိုး၊ တိုက်တွန်းလို့လုပ်တဲ့ကုသိုလ် လေးမျိုး၊ ပေါင်း ရှစ်မျိုးဘဲတဲ့။

"သော-ဉ-သမ်-ဝိပ်၊ ခွဲစိပ်အသ၊ ဤရှစ်ဝ၊ မှတ်ကြမြတ်ကုသိုလ်"

သော,က သောမနဿ၊ ဉ,က ဉပေက္ခာ၊ သမ်,က သမ္ပယုတ်၊ ဝိပ်,က ဝိပ္ပယုတ်၊ အ,က အသင်္ခါရိက၊ သ,က သသင်္ခါရိက လို့ ကာမာဝစရက ပုညတမျိုး၊ ပုညကနှစ်မျိုးလေ။ ကာမကုသိုလ်ပုည၊ ရူပကုသိုလ်ပုည၊ ဟော...ရူပကုသိုလ်ပုညက သာတောင်လွယ်သေးတယ်။ ပ-ဒု-တ-စ၊ ပဥ္စမ၊ ရူပစျာန်ကုသိုလ်။

ပ,က ပထမစျာန်ကုသိုလ်။

ဒု,က ဒုတိယစျာန်ကုသိုလ်။

တ,က တတိယစျာန်ကုသိုလ်။

စ,က စတုတ္ထစျာန်ကုသိုလ်။

ပဥ္စမ,က ပဥ္စမစျာန်ကုသိုလ်။ စျာန်ငါးပါး မဟုတ်လားဦးဘိုးထင်။

https://www.thitsarparamisociety.com/



အဲဒီရူပဈာန်ကုသိုလ် ငါးမျိုးလည်းဘဲ ပုညာဘိသင်္ခါရ။ ကာမကုသိုလ် ရှစ်မျိုးလည်းဘဲ ပုညာဘိသင်္ခါရ။ ပုညာဘိသင်္ခါရက နှစ်ရပ်ပေါင်းရင် ၁၃ပါး ရှိတယ်။

အရူပကုသိုလ် လေးမျိုးကျတော့....

အာကာဝိညာ၊ အာကိံနေဝ၊ အရူပ၊ မှတ်ကြအာနေဉ္ဇာ။ အာကာ,က အာကာသာနဉ္စာယတန၊ ဝိညာ,က ဝိညာနဉ္စာယတန၊ အာကိံ,က အာကိဉ္စညာယတန။ နေဝ,က နေဝသညာနာသညာယတန...တဲ့။ အေး...အဲဒါ အရူပကုသိုလ်လေးပါး ခေါ်တယ်။ အာကာသာနဉ္စာယတန အရူပကုသိုလ်၊ ဝိညာနဉ္စာယတန အရူပကုသိုလ်၊ အာကိဉ္စညာယတန အရူပကုသိုလ်၊ နေဝသညာနာသညာယတန အရူပကုသိုလ်၊ အဲဒီ အရူပကုသိုလ်လေးမျိုးကို အာနေဉ္ဇာဘိသင်္ခါရ လို့ခေါ်တယ်။

အဲဒီ အရူပကုသိုလ်လေးမျိုးကို ဘာဖြစ်လို့ အာနေဉ္ဇာဘိသင်္ခါရခေါ်သလဲ၊ ဦးဘိုးထင်ရဲ့။ မတုန်မလှုပ်တဲ့ကုသိုလ်ဖြစ်သောကြောင့်၊ ကာမကုသိုလ် ရူပကုသိုလ်တွေလို မဟုတ်ဘူးတဲ့။ အရူပကုသိုလ် သမာဓိက အင်မတန်ခိုင်မြဲတယ်။ အဲဒီလို မတုန်မလှုပ်သောကြောင့် အာနေဉ္ဇခေါ်တယ်၊ အေး...မတုန်မလှုပ်လို့၊ တုန်လှုပ်ခြင်းကင်းလို့၊ အရူပကုသိုလ်ကို အာနေဉ္ဇကုသိုလ် လေးပါး ခေါ်တယ်။ ဒီတော့ အပုညာဘိသင်္ခါရက အကုသိုလ်ကံကိုခေါ်တယ်။ ပုညာဘိသင်္ခါရက ကာမကုသိုလ်ကံနဲ့ရူပကုသိုလ်ကံကိုခေါ်တယ်။ (ဒီတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ) အဝိဇ္ဇာပစ္စယာ၊ အမှန်ကိုမသိနေတဲ့ အဝိဇ္ဇာ ဟူသောအကြောင်းခံရှိနေသောကြောင့်။ သင်္ခါရာ၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွား၍နေကြလေကုန်၏။ အကုသိုလ်ရယ်၊ ကာမကုသိုလ်ရယ်၊ ရူပကုသိုလ်ရယ်၊ အရူပကုသိုလ်ရယ်၊ ဒီကုသိုလ်,အကုသိုလ်တွေဖြစ်နေတာဟာ အဝိဇ္ဇာအကြောင်းခံလို့ဖြစ်နေတာတဲ့။

အဝိဇ္ဇာအကြောင်းခံထားသောကြောင့် ဘယ်သူတွေ ဖြစ်နေတယ်။ ကုသိုလ်တွေ အကုသိုလ်တွေ ဖြစ်နေတယ်။ ဒီကုသိုလ် အကုသိုလ်တွေဟာ

https://www.thitsarparamisociety.com/



သင်္ခါရတွေဘဲ။ အဲဒီ သင်္ခါရထဲမှာ ကုသိုလ် အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ သင်္ခါရတွေ ပြုလုပ်အားထုတ်မှု၊ ပယောဂါဘိ သင်္ခါရတွေ၊ ကံ စိတ် ဥတု အာဟာရ စသော အကြောင်းတရားတို့ကြောင့် ဖြစ်နေတဲ့ သင်္ခတအကျိုး သင်္ခါရတွေ၊ အဲဒီ သင်္ခါရတွေဟာ ဒီအထဲမပါဘူးနော်။ အဝိဇ္ဇာပစ္စယာထဲပါတဲ့ သင်္ခါရကဘာလဲ။ ပုည၊ အပုည၊ အာနေဉ္စ သုံးမျိုးပါဘဲ။

ပုညက ကာမကုသိုလ်ရှစ်၊ ရူပကုသိုလ်ငါး၊ နှစ်ခုပေါင်းလိုက်တော့ ၁၃ ပါး။ အဲဒီ ၁၃ ပါးကိုဘဲ ပုညခေါ်တယ်။ အပုညကတော့ ဆယ့်နှစ်ပါး။

"လောဘရှစ်၊ ဒေါနှစ်၊ မောလည်းနှစ်၊ ဆယ့်နှစ်အကုသိုလ်" အဲဒါ အပုညပေါ့။ လောဘအကုသိုလ်က ရှစ်ပါး၊ ဒေါသအကုသိုလ်ကနှစ်ပါး။ မောဟအကုသိုလ်က နှစ်ပါး။ ပေါင်းလိုက်တော့ ၁၂-ပါး။ အဲဒီ ၁၂-ပါးကို အပုညခေါ်တယ်။ ဒီတော့ အပုညက ၁၂-ပါး။ ပုညက ၁၃-ပါး။ အာနေဉ္စက အာကာသာနဉ္စာယတန၊ ဝိညာနဉ္စာယတန၊ အာကိဉ္စာယတန၊ နေဝသညာ နာသညာယတနလို့ လေးပါး။

အပုညရယ်၊ ပုညရယ်၊ အာနေဉ္စရယ်၊ သိပြီမဟုတ်လား ဦးဘိုးထင်။ ပြီးတော့တခါ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ၊ ဒီလိုမဆိုပြန်ဘူးလား။ အကုသိုလ်ပြုလုပ်တဲ့အခါမှာ ကိုယ်နဲ့ပြုလုပ်တယ်၊ ပါးစပ်နဲ့ပြောဆိုတယ်။ စိတ်ထဲက ကြံစည်စဉ်းစားတယ်။ အကုသိုလ်မှာ ကိုယ်ကြောင့်ဖြစ်တဲ့အကုသိုလ်။ နှုတ်ကြောင့်ဖြစ်တဲ့ အကုသိုလ်၊ စိတ်ကြောင့်ဖြစ်တဲ့ အကုသိုလ် သုံးမျိုးဘဲရှိတယ်။ ဒီတော့ အပုညာဘိသင်္ခါရကိုပင် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ခေါ်ပြန်တယ်။ တခြားမဟုတ်ပါဘူး။ ကိုယ်နဲ့ဖြစ်တဲ့အကုသိုလ် ကာယသင်္ခါရ၊ နှုတ်နဲ့ဖြစ်တဲ့အကုသိုလ်-ဝစီသင်္ခါရ၊ စိတ်ထဲကဖြစ်တဲ့အကုသိုလ် စိတ္တသင်္ခါရ လို့...ခေါ်ပြန်တာဘဲ။

ဒီတော့ အပုညာဘိသင်္ခါရမှာ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ရယ်လို့ သုံးမျိုးရသလို၊ ကာမပုညာဘိသင်္ခါရမှာလည်းဘဲ ကိုယ်နဲ့လုပ်တဲ့ကု

https://www.thitsarparamisociety.com/



သိုလ်၊ နှုတ်နဲ့လုပ်တဲ့ကုသိုလ်၊ စိတ်ထဲကလုပ်တဲ့ကုသိုလ်လို့ သုံးမျိုးရှိပါတယ်။ ဒီတော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဟာ ပုညကုသိုလ်ကိုလည်းခေါ်တာပါဘဲ။ ရူပကုသိုလ်ငါးပါး၊ အာနေဉ္စကုသိုလ်လေးပါးကျတော့ကာ စိတ္တသင်္ခါရတစ်ပါးထဲဘဲရတယ်။

စျာန်ကုသိုလ်ကို ကိုယ်နဲ့လုပ်လို့လည်းမဖြစ်၊ နှုတ်နဲ့ပြောလို့လည်းမဖြစ်၊ စိတ်ထဲတွင် ဖြစ်ပွားတာကို စျာန်ဆိုတာ။ ဒီတော့ ရူပပုညာဘိသင်္ခါရနဲ့ အာနေဉ္စာဘိသင်္ခါရကတော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ မဖြစ်နိုင်ဘူး၊ စိတ္တ သင်္ခါရ တစ်ပါးတည်းဖြစ်ရမယ်။ ဒါတွေ ဒီလောက်အပင်ပန်းခံပြီးပြောနေတာ တခြားကြောင့်မဟုတ်ဘူး။ ဟိုလက်ာမှာ အပုညရယ်၊ ပုညရယ်၊ အာနေဉ္စ ရယ်ပါနေလို့ လူသာမန်နားလည်ပါစေဆိုပြီး ဒီမှာပြောနေတာ။

"အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကျလျက်" မဟာဆိုတာ ကြီးတယ်။ တမ,ဆိုတာ မှောင်။ မဟာတမဆိုတဲ့ ပါဠိကို ဗမာလိုခေါ်တော့ မှောင်ကြီးမဲမဲ ကျနေတယ်။ ကိုယ့်လက်ကိုယ့်ခြေကိုတောင်မှ မမြင်ရဘူး။ အဲဒီမှောင်ကြီးမဲမဲနဲ့ အဝိဇ္ဇာနဲ့ တူတယ်တဲ့။ မှောင်ကြီးနဲ့တူတဲ့အဝိဇ္ဇာ ဖုံးလွှမ်း၍ ထားသောကြောင့် "ဘဝမြို့သိုက် ရှိန်ရှိန်အိုက်သား အမှိုက်မီးစာ ဤခန္ဓာကို" ယခုလက်ရှိခန္ဓာ၊ ခုသတ္တဝါတွေမှာ ရုပ်နာမ်တွေ၊ ခန္ဓာတွေ၊ လက်ရှိမဟုတ်လား။ အဲဒီ ရုပ်နာမ်တွေ၊ ခန္ဓာတွေမှာ ဘာမီးတွေလောင်နေသလဲ။ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး၊ ဒီမီးဆယ့်တစ်ပါး အမြဲလောင်မနေဘူးလား။ ဒီလက်ရှိခန္ဓာမှာ မီးဆယ့်တစ်ပါး အမြဲလောင်နေရင် ဒီခန္ဓာကိုယ်ဟာ အေးချမ်းနိုင်ပါအုံးမလား။ ရှိန်ရှိန်အိုက်မနေဘူးလား။ အဲဒီလို အေးချမ်းနိုင်အောင် ရှိန်ရှိန်အိုက်နေအောင် ဇာတိအစရှိသော မီးဆယ့်တစ်ပါး အမြဲလောင်နေတဲ့ လောင်စာရုပ်နာမ်ခန္ဓာဆိုတာ အမှိုက်သရိုက်တွေ။

ဒီလောင်စာအမှိုက်သရိုက်တွေဆိုတဲ့ ခန္ဓာငါးပါးကို မီးလောင်စာ မှန်းမသိဘူး။

https://www.thitsarparamisociety.com/



"ဘဝမြုံသိုက် ရှိန်ရှိန်အိုက်သား အမှိုက်မီးစာ"တဲ့။ ဒီခန္ဓာဟာ အမှိုက်မီးစာ။ ဒီလိုမဟုတ်လား။ ဤခန္ဓာကိုယ် တွယ်တာသမှု အကြောင်းပြု၍ အကောင်ကြီးထင်ပြီးတော့ အမှိုက်မှန်းမသိ၊ မီးစာမှန်းမသိ၊ ကိုယ်ခန္ဓာတွယ်တာမှုအတွက် အကုသိုလ်အမျိုးမျိုးတွေ ပြုလုပ်ကြတယ်။ အေး...အမှိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည်တဲ့။ ကာယကံအကုသိုလ်၊ ဝစီကံအကုသိုလ်၊ မနောကံအကုသိုလ်တွေကို နေ့စဉ်နေ့တိုင်းလုပ်မနေဘူးလား။ "ပယ်လမ်းဗီဇ အပုည" ဆိုတာက ဒီကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုအကုသိုလ်တွေကို အမြဲမပြတ်လုပ်နေတာဟာ အပါယ်လမ်းသွားဖို့၊ မျိုးစေ့က အပါယ်မျိုးစေ့တဲ့။

အပါယ်လမ်းသွားဘို့ အပါယ်မျိုးစေ့တွေကို နေ့ရှိသရွေ့လုပ်နေကြတော့ ဒီလူတွေသေရင် ဘယ်သွားမလဲလို့မေးရင် အပါယ်လမ်းသွားမယ်လို့ ကွယ်ရာမှာဆိုရင်တော့ ပြောသင့်ပါတယ်။ ရှေ့တင်ပြောတော့လည်းမတော်ဘူးပေါ့။ ရိုင်းစိုင်းရာ ကျတယ်နော်။

အကုသိုလ် ကာယကံမှု၊ အကုသိုလ် ဝစီကံမှု၊ အကုသိုလ် မနောကံမှုတွေဟာ အပုညာဘိသင်္ခါရတွေ။ အဲဒီ အပုညာဘိသင်္ခါရတွေဟာ အပါယ်လမ်း အပါယ်မျိုးစေ့တွေ။

"ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍" ဘာကိုတွယ်တာသလဲ။ တွယ်တာ တာကလေ။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာလေးပါးကို မသိအောင် အဝိဇ္ဇာက ဖုံးလွှမ်းတယ်။ အဝိဇ္ဇာက ဖုံးလွှမ်းရုံလားဆိုတော့ မဟုတ်သေးဘူးတဲ့။ လက်ရှိဒီခန္ဓာကို အကောင်းထင်အောင်လည်း အဝိဇ္ဇာက လိမ်ပြတယ်။ အဝိဇ္ဇာကလိမ်ပြတော့ တဏှာက အကောင်းထင်တယ်။ တဏှာက အကောင်းထင်တော့ မနှစ်သက်ဘူးလား။ နှစ်သက်တော့ လက်ရှိခန္ဓာဖြစ်တဲ့ မောင်မင်းကြီးသားတွေ ကျေနပ်၊ မယ်မင်းကြီးမတွေ နှစ်သက်အောင် နေ့နေ့ညည

https://www.thitsarparamisociety.com/



ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေဟာ ဘာလမ်း။ အပါယ်လမ်း။ အပါယ်ဗီဇ၊ အပါယ်မျိုးစေ့ဖြစ်တဲ့ အကုသိုလ်တွေကို အပုည။ အဲဒီအပုညကိုပင်လျှင် အဘိသင်္ခါရနဲ့တွဲလိုက်တော့ အပုညာဘိသင်္ခါရ။ အဲဒီ အပုညာဘိသင်္ခါရသည် ပင်လျှင် ကိုယ်ကြောင့်ဖြစ်တော့ ကာယသင်္ခါရ၊ နှုတ်ကြောင့်ဖြစ်တော့ ဝစီသင်္ခါရ၊ စိတ်ကြောင့်ဖြစ်တော့ စိတ္တသင်္ခါရ၊ အဲဒါတွေ ဖြစ်ကုန်ကြမှာဘဲတဲ့။ ပုညာဘိသင်္ခါရခေါ်တဲ့ ကုသိုလ်တွေ၊ အာနေဉ္စာဘိသင်္ခါရခေါ်တဲ့ အရူပစျာန်တွေ ရှေ့လျှောက်အများကြီး၊ အခုမှ စခါရှိသေးတယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ပုဒ်နဲ့ အခုရွတ်တဲ့ "အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကျလျက်" ဆိုတဲ့ ပထမလင်္ကာ အပိုဒ်ကလေးနဲ့ တစ်ဝါတွင်းလုံး အထပ်ထပ်သွားနေရမှာဘဲ။ ရှေ့သွားနိုင်ဖို့တောင် သိပ်မလွယ်ဘူး။

ဤသို့ ကြားနာရသော ဓမ္မသဝန ကုသိုလ်တို့ကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာမြတ်ကို လျှင်မြန်စောစွာ ရရ ရောက်ရပါလို၏ဟု ဆုတောင်းကြကုန်။

သာဓု-သာဓု-သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

# ၁၃၂၄-ခု ဝါဆိုလကွယ် နေ့တွင် ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌ ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည် တပည့်အပေါင်းတို့အား တတိယအကြိမ် ဟောကြားဆုံးမတော်မူအပ်သော

## ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်

အောင်သိဒ္ဓိထီဆိုင်၊ အောင်စကြာထီဆိုင်တို့က ထီပေါက်တာထက် ဝေဠုဝတီထီဆိုင်က တရားထီပေါက်လျှင် သာကောင်းမယ်။ သူတို့ထီဆိုင်က ၂-ကျပ်ထိုးရသလို ဒို့ဝေဠုဝတီထီဆိုင်ကလည်း ၂-ကျပ်ဘဲထိုးရမယ်။ (**ဝီရိယနဲ့ခန္တီ**)။ စိတ်အားတက်ကြွမှု ဝီရိယ၊ သည်းခံမှု ခန္တီ၊ တရားနာတဲ့အခိုက်ညောင်းညာကိုက်ခဲမှုတွေ၊ ဘာတွေ၊ ညာတွေ၊ သည်းခံပြီးတော့ မမှတ်မိ့မှတ်မိအောင် မရ,ရအောင်၊ မသိ,သိအောင် ကြိုးစားနာမဟဲ့...ဆိုတဲ့စိတ်နဲ့ အဲဒီလိုနာရင် ဒို့ထီဆိုင်က အလွတ်မရှိပါဘူး။ အနည်းနဲ့အများပေါက်မှာချည်းဘဲ။ ဟိုထီဆိုင်တွေက ပေါက်ချင်တဲ့သူမှပေါက်မှာ။ ဒို့ထီဆိုင်ကတော့ အလွတ်မရှိပါဘူး။

တရားထီပေါက်တာက ယခုလောကထီပေါက်တာထက် အပုံကြီးသာတယ်နော်။ လောကထီပေါက်တာက တစ်ဘဝအတွက်မဟုတ်လား။ တချို့ တစ်ဘဝတောင် သုံးရရဲ့လား။ မသုံးရဘူး။ တရားထီပေါက်ရင် တစ်သံသရာလုံး သုံးလို့မကုန်ဘူး။ တရားထီက ပိုပြီးတော့ အရေးကြီးတယ်။

ဒို့မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါတုန်းက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ညနေချမ်းအခါ မြတ်စွာဘုရားက တရားဟောပြီးလို့ တော်တော်ကလေး နေကုန်တော့ ခုဒီလူတွေလိုဘဲ တရားနာပြီးအိမ်

https://www.thitsarparamisociety.com/



ပြန်ကြတယ်။ လူတွေက အိမ်ပြန်ကြတဲ့အခါကျတော့ ရဟန်းတော်တွေ မြတ်စွာဘုရားနား ဆည်းကပ်ကြတယ်။ အဲဒီတော့ မြတ်စွာဘုရားက ရဟန်းတော်တွေနဲ့သင့်တော်တဲ့ နိဗ္ဗာန်တရားဟောကြားပြီးနေသ...တဲ့။

ဒီအခါမှာ ပုနဗ္ဗသုမာတာ အမည်ရှိသော ပြိတ္တာမကြီးတစ်ယောက် ရှိသတဲ့။ ပုနဗ္ဗသုဆိုတာ လူသား။ ပုနဗ္ဗသုရဲ့အမေပေါ့။ အေး...သားကို အစွဲပြုပြီးတော့ အမေနာမည်ရတယ်။ အေး.........ပုနဗ္ဗသုမာတာ အမည်ရှိတဲ့ ပြိတ္တာမကြီးက နို့ညှာသားကလေး ပုနဗ္ဗသုကို လက်ဆွဲလို့ နို့စို့ဥတ္တရာခေါ်တဲ့သမီးကလေးကို ရင်ခွင်ပိုက်ပြီးတော့ ဘာလုပ်သလဲဆိုတော့ ပြိတ္တာတို့သဘာဝအတိုင်း လူတွေစွန့်ပစ်တဲ့ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ ချွဲခန်း၊ ထမင်းဖတ်၊ ဟင်းဖတ်တွေ လည်ပြီးရှာစားရတဲ့ ပြိတ္တာကိုး။ အဲဒီ ပုနဗ္ဗသုမာတာ အမည်ရှိတဲ့ပြိတ္တာမကြီးက ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား ရဟန်းတော်တွေကိုတရားဟောနေတော့ အဝေးကနေမြင်တယ်။ မြင်တော့ သူကဘယ်လိုအောက်မေ့သလဲ။ အော်...ကိုယ်တော်မြတ်တွေဟာ စတုမဓုတွေ၊ ပျားသကာ၊ ထောပတ်တွေ ဝေခြမ်းပြီးတော့ ဘုန်းပေးနေကြတယ် ထင်ပါရဲ့။ အဲဒီ စတုမဓု၊ ပျားတကာတွေ၊ ထောပတ်တွေ ဝေခြမ်း ဘုန်းပေးနေလို့ နဲနဲပါးပါး အစက်ကလေးဘာလေးများကျရင် ဒို့စားရရဲ့လို့ ငတ်ငတ်နဲ့ ပြိတ္တာတွေး,တွေးပြီးတော့ ရဟန်းတော်တွေစုဝေးနေတဲ့နေရာ သားကလေးလက်ဆွဲ၊ သမီးကလေးရင်ခွင်ပိုက်၊ သားကလေးက ဘယ်သူ၊ ပုနဗ္ဗသု။ အေး...ပုနဗ္ဗသု သူကနို့ညှာကလေး သားကလေးလက်ဆွဲလို့ သမီးကလေးဥတ္တရာ ရင်ခွင်ပိုက်ပြီး ရဟန်းတော်တွေစုဝေးတဲ့နေရာ အနီးအပါး ချဉ်းကပ်လို့လာသတဲ့။ ရဟန်းတော်တွေ စည်းဝေးတဲ့နေရာအနီးအပါး ချဉ်းကပ်လာတော့ ဘုရားကိုယ်တော်မြတ်က ရဟန်းတော်တွေကို နိဗ္ဗာန်တရားဟောနေတယ်။ နိဗ္ဗာန်တရားဟောနေတော့ သူ့ရည်ရွယ်ချက်ကတမျိုး၊ ရဟန်းတော်တွေကိုဟောနေတဲ့နိဗ္ဗာန်တရားက တမျိုး၊ တမျိုးပေမဲ့ ပါရမီနှုိးဆော်လို့ ထိပေါက်ချင်တဲ့ပြိတ္တာမကြီးဖြစ်တော့ သူ့အစာအဟာရကို အမှတ်မရတော့ဘူး။ မြတ်စွာဘုရားဟောတော်မူတဲ့တရားကို နားစိုက်ပြီး တရားနာတယ်။ မြတ်စွာဘုရားက ရဟန်းတော်တွေကို ဟောတော်မူတဲ့တရားကို နားစိုက်ပြီး

https://www.thitsarparamisociety.com/



တရားနာနေတော့ သားကလေး သမီးကလေးက ပူဆာကြတယ်။ အမေ ဘာဖြစ်လို့ငိုင်နေတာလဲ။ ကျွန်တော်တို့ ကျွန်မတို့ဆာလှပြီ။ ဒီနေရာ ရပ်မနေပါနဲ့၊ သွားပါ။ အစာအဟာရ ရှာပါ။ သားကလေးနဲ့သမီးကလေးက အမေပြိတ္တာမကြီးကို ပူဆာကြတယ်။ ဒီတော့ ပြိတ္တာမကြီးက သားတို့သမီးတို့ မြတ်စွာဘုရားဟောကြားတော်မူတဲ့တရားတော်ကို နာနေသမျှကာလပတ်လုံး အသာအေးအေးတိတ်တိတ် နေကြပါကွယ်တို့။ ငါ့သားငါ့သမီးတို့ကို အမေ သိပ်ချစ်ပါတယ်။ သို့ပေမဲ့တရားနာရဖို့အခါ အင်မတန်ကြုံခဲတယ်။ ဒါကြောင့် သည်းခံပြီးတော့ ငါ့သားငါ့သမီးတို့ နေကြစမ်းပါလို့ သားနဲ့သမီးကို ပုနဗ္ဗသုမာတာ အမည်ရှိသော ပြိတ္တာမကြီးကချော့သတဲ့။

တုဏှီ ဥတ္တရိကေ ဟောတိ၊ တုဏှီ ဟောတိ ပုနဗ္ဗသု၊
ယာဝါဟံ ဗုဒ္ဓသေဋ္ဌဿ၊ ဓမ္မံ သောဿာမိ သတ္ထုနော။

ဥတ္တရိကေ၊ ချစ်သမီးဥတ္တရာ။ တုဏှီ ဟောတိ၊ တိတ်တိတ်ကလေး နေစမ်းပါလော့။ ပုနဗ္ဗသု၊ ချစ်သား ပုနဗ္ဗသု။ တွံပိ၊ သင်လည်းဘဲ။ တုဏှီ ဟောတိ၊ ဆိတ်ဆိတ်နေစမ်းပါလော့။ ယာဝ၊ အကြင်မျှလောက်။ အဟံ၊ ငါ မယ်တော်သည်။ သတ္ထုနော၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရား၏။ ဓမ္မံ၊ တရားတော်ကို။ သောဿာမိ၊ ကြားနာ၍ နေ၏။ တာဝ၊ ထိုမျှလောက်။ တုမှေ၊ သင်သားနဲ့သမီးတို့သည်။ တုဏှီဟောတိ၊ တိတ်တိတ်ဆိတ်ဆိတ် နေကြစမ်းပါလော့။ အမေ တရားနာ:ထောင်လို့ ကောင်းလွန်းလို့ကွယ်။ မဆူကြစမ်းပါနဲ့။ စကားမပြောကြစမ်းပါနဲ့။ ခဏကလေး ဆိုင်းပြီးတော့ နေကြစမ်းပါ၊ တရားနာပါရစေလို့ သားနဲ့သမီးကို ချော့မော့ပြီးတော့တရားနာသတဲ့။ အဲဒီလို ချော့မော့တဲ့အခါကျတော့ သားလုပ်တဲ့သူက ပါရမီရှင်ကလေးလည်းဖြစ်၊ တော်တော်ကြီးတဲ့သူကတော့ သိတတ်တာပေါ့ကိုး။ သမီး ဥတ္တရာကတော့ နို့စို့အရွယ်ဖြစ်ခြင်းကြောင့် ကောင်းကောင်းကြီးမသိတတ်သေးဘူးပေါ့လေ။ နို့ညှာကလေးက တော်တော် ကလေးသိတတ်လို့ အမေကိုပြန်ပြောသတဲ့။

https://www.thitsarparamisociety.com/



နအမ္မာ ဗျာဟရဿာမိ၊ တဏှိ ဘူတာယ ဥတ္တရာ၊
ဓမ္မမေဝ နိသာမေယာိ၊ နညာ ဒုက္ခ ဘဝါမသေ။

အမ္မာ၊ အို...မိခင်။ နဗျာဟရိဿာမိ၊ ကျွန်တော်စကားမပြောတော့ပါ။ အမေအလိုရှိသလိုဘဲ နာပါ။ ကျွန်တော်စကားမပြောတော့ပါဘူးတဲ့။ အယံဥတ္တရာပိ၊ ဤညီမလေး ဥတ္တရာလည်းဘဲ။ တုဏှိဘူတာ၊ စကားမပြောဘဲ နေရှာပြီ။ ကျွန်တော်လည်း စကားမပြောတော့ပါဘူး။ ညီမဥတ္တရာကလည်း စကားမပြောပါဘူး။ ဓမ္မမေဝ၊ တရားကိုသာလျှင်။ နိသာမေယာိ၊ စူးစူးစိုက်စိုက် နာပါတဲ့။ ကျွန်တော်တို့အတွက် ကြောင့်ကြမစိုက်ပါနဲ့တဲ့။ မယံ၊ ကျွန်တော်တို့သည်။ နညာ၊ တရားကိုမသိခြင်းကြောင့်။ ဒုက္ခ၊ ဆင်းဆင်းရဲရဲ။ ဘဝါမသေ၊ ပြိတ္တာဖြစ်၍ နေကြရပါကုန်၏။ ပါရမီရှင်ကလေးဖြစ်တော့ မေမေ ကျွန်တော်တို့ဆင်းဆင်းရဲရဲ ပြိတ္တာဖြစ်ကြတာဟာ တခြားအကြောင်းကြောင့်မဟုတ်ဘူး။ တရားမသိလို့ ဆင်းရဲနေကြတာ။ ဒီတော့ ယခုတရားပွဲနဲ့ တွေ့ကြုံတဲ့အခါ ကျွန်တော်တို့ တိတ်တိတ်ဆိတ်ဆိတ် နေပါမယ်။ တရားကိုသာ စူးစိုက်နာပါလို့ ပုနဗ္ဗသုအမည်ရှိသော သားလိမ္မာကလေးက မယ်တော်ကို ပြောသတဲ့။

ဘယ်လောက်လိမ္မာတဲ့ကလေးလဲ။ တရားမသိလို့ ကျွန်တော်တို့ဆင်းရဲပြီးနေပါတယ်။ အမေ စိတ်ချလက်ချ တရားနာပါလို့၊ အဲဒီလို ပြန်ပြောတဲ့အခါကျတော့ မြတ်စွာဘုရားက သူတို့ဆီ စိတ်ရောက်သွားတယ်။ ဟာ... ပြိတ္တာမသားအမိ လာပြီးတရားနာနေပါကလား။ သူတို့လည်းဘဲ တရားရနိုင်တဲ့ပုဂ္ဂိုလ်တွေဘဲ။ ပဝတ္တိအကျိုးပေးညံ့လွန်းလို့ ပြိတ္တာကဲ့သို့ ရုပ်အဆင်းကလည်း မကောင်း၊ အစာအဟာရကလည်း မကောင်း၊ အဲဒါတွေ ရှာဖွေပြီး စားနေရတာ။ ပဋိသန္ဓေကတော့ တိဟိတ်။ ဘုမ္မစိုးနတ်ထဲ အပါအဝင်ဘဲ။ ပဋိသန္ဓေအားဖြင့် သူတို့နတ်ဘဲ။ သို့ပေမယ်လို့ ပဝတ္တိအကျိုးပေးညံ့လွန်းလို့ ပြိတ္တာကဲ့သို့ ဆင်းရဲပြီးနေကြရရှာတယ်တဲ့။

https://www.thitsarparamisociety.com/



သူတို့သာအမိနှစ်ယောက် စကားပြောတာ သတိထားလိုက်တော့ တရားစူးစိုက်နာနေပါကလားဆိုပြီး နိဗ္ဗာန်တရားဟောနေရာက သစ္စာလေးပါး လှည့်ဟောလိုက်တယ်။ ပြိတ္တာမကြီး သားအမိတရားရဖို့လေ။ သစ္စာလေးပါးတရားကို လှည့်ဟောလိုက်တဲ့အခါကျတော့ အမိဖြစ်တဲ့ ပုနဗ္ဗသုမာတာ ပြိတ္တာမကြီးနဲ့သားဖြစ်တဲ့ ပုနဗ္ဗသုပြိတ္တာကလေး သားအမိနှစ်ယောက်တို့ဟာ သစ္စာတရားလေးပါး သိသွားကြတယ်။ ဟို...ဥတ္တရာဆိုတဲ့ သမီးကလေးကတော့ အင်မတန်ငယ်လွန်းလို့ တရားသိနိုင်တဲ့အရွယ်မဟုတ်လို့ မသိနိုင်ရှာဘူးတဲ့။

ဒီတော့ တရားထိပေါက်မသွားဘူးလား။ တရားထိပေါက်တော့ ဘယ်လိုဖြစ်လာသလဲ။ ချက်ချင်း ပြိတ္တာအဆင်းတွေ ကွယ်ပျောက်၊ နတ်အဆင်း ချက်ချင်းရောက်လာသတဲ့။ တရားထိပေါက်လိုက်တာလေ။ ဟော... ခုတင်က မကောင်းဆိုးဝါးတွေရှာပြီးစားရတဲ့ ပြိတ္တာတွေဟာ ယခုနတ်သြဇာစားရတဲ့အဖြစ်ကို ရောက်လာတယ်။

ဒီတော့ ပြိတ္တာမကြီးက ဝမ်းသာလွန်းလို့... ပုနဗ္ဗသု၊ ချစ်သား ပုနဗ္ဗသု။ တွံ၊ သင်ချစ်သားသည်။ သုခီဟောတိ၊ အမေနဲ့မခြား သူဌေးသား ပမာ ချမ်းသာပါလော့။ အဇ္ဇအဟံပိ၊ ယနေ့ ငါအမေလည်းဘဲ။ သမုဂ္ဂတာ၊ ပြိတ္တာဘဝမှ လုံးလုံးကင်းလွတ်သည်။ အမို၊ ဖြစ်ပြီ။ ကြည့်စမ်းဟဲ့...သားရဲ့ အမေဟာ နဂိုရုပ်ရည် ဟုတ်သေးရဲ့လား၊ နဂိုရုပ်ရည် မဟုတ်တော့ဘူး။ ရုပ်ရည်ပြောင်းလာပြီ။ ပြိတ္တာအဖြစ်ကနေပြီးတော့ နတ်အဖြစ်ကို ချက်ချင်း ရောက်လာတယ်။ အေး...အမေကို ကြည့်စမ်းပါအုံး။ အမေ ပြိတ္တာအဖြစ်က လွတ်ကင်းသွားပြီ။ ငါ့သားလည်း အမေ့လို ချမ်းသာပြီ မဟုတ်လား။ ဘာကြောင့်လဲ။

အရိယသစ္စာနိ၊ အရိယာသစ္စာလေးပါးတို့ကို။ အမှေဟိ၊ ငါတို့သည်။ ဒိဋ္ဌာနိ၊ တွေ့မြင်အပ်ကုန်ပြီ။ ဒို့သားအမိနှစ်ယောက် သစ္စာလေးပါးသိပြီကွဲ့။ ဒါကြောင့် ပြိတ္တာအဖြစ်က ဒို့သားအမိနှစ်ယောက် လွတ်ပြီ။ မေ၊ ငါ၏။

https://www.thitsarparamisociety.com/



ဥတ္တရာပိ၊ သမီးကလေး ဥတ္တရာလည်းဘဲ။ သုဏောဟိ၊ အမေပြောသောစကားကို နားထောင်စမ်းပါလော့။ သမီး၊ ဥတ္တရာ၊ ဒို့ပြောတဲ့စကား သင်… နားထောင်စမ်းပါတဲ့။ ငါ့သမီးလည်း တရားရသည်နှင့်တပြိုင်နက်ထဲဘဲ ပြိတ္တာဘဝကလွတ်ရပြီလို့ မောင်နဲ့အမေကပြောသတဲ့။ အဲဒီ ပုနဗ္ဗသုမာတာ အမည်ရှိသော ပြိတ္တာမကြီးဟာ ဘာဖြစ်သွားတယ်။ တရားထိပေါက်သွားတယ်၊ တရားထိပေါက်သွားတော့ ချက်ချင်း အင်မတန်ဆင်းရဲတဲ့ပြိတ္တာဘဝကနေပြီး ဘာဘဝကူးပြောင်းသွားတယ်၊ နတ်ဘဝကူးပြောင်းသွားတယ်။

နတ်ဘဝသို့ရောက်သကာလ မြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက်အနီး သစ်ပင်တစ်ပင်မှာ နေရသတဲ့။ ဂန္ဓကုဋိတိုက်အနီး သစ်ပင်တစ်ပင်မှာ ပုနဗ္ဗသုမာတာအမည်ရှိသော နတ်သမီးပေါ့။ ခုတင်က ပြိတ္တာမကြီး ယခုဘာဖြစ်သွားတယ်။ နတ်သမီးဖြစ်သွားတယ်။ အေး…မြတ်စွာဘုရား ဂန္ဓကုဋိတိုက်အနီးအပါးမှာနေရတော့ အခါခပ်သိမ်း တရားတော်ကိုလည်းနာရတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုလည်း ဖူးမျှော်ရတယ်။

လူ့ပြည်ကသိန်းထိပေါက်တာနဲ့ ပုနဗ္ဗသုမာတာပြိတ္တာမကြီး တရားထိပေါက်တာနဲ့ ဘယ့်နှယ်တုန်း။ မကွာခြားဘူးလား။ ကွာခြားတယ်။ အင်မတန်ငတ်မွတ်ခေါင်းပါးလို့ သူတစ်ပါးစွန့်ပစ်တဲ့ နှပ်၊ တံတွေးကို လည်းပြီးကောက်စားရတဲ့ ပြိတ္တာမတောင်မှ တရားထိပေါက်နိုင်သေးတာဘဲ။ ဒို့တတွေမှာ လူဖြစ်နေကြတယ်။ ဒီလောက်လည်း မဆင်းရဲဘူး။ ဒို့ကြိုးစားပြီး နာမယ်။ ကြိုးစားပြီးတော့လုပ်မယ်ဆိုရင် တရားထိပေါက်ပြီး သံသရာမှာ ဒို့စားလို့မကုန်နိုင်တော့ဘူးလို့ ဒီလိုစိတ်မျိုးနဲ့ သဒ္ဓါတရားတက်ပြီးတော့ ကြိုးစားအားထုတ်နိုင်ကြပါစေလို့…ဒီဝတ္ထုကြောင်းကလေးက ပြောပါတယ်။

တကယ်သာ အားထုတ်ကြစမ်းပါ။ ယခုဘဝမပေါက်ရင် နောင်ဘဝပေါက်မှာပေါ့။ သာသနာတော်ကြီးဟာ အချည်းနှီး မဖြစ်နိုင်ပါဘူး။ အေး… သာသနာတော်ကြီးနဲ့ကြုံကြိုက်နေတဲ့ပုဂ္ဂိုလ်တွေဟာ ခုလောကီမှာ စွဲလမ်းနေတဲ့စိတ်တွေသုံးပုံ,ပုံလို့ တစ်ပုံလောက်များ တရားဘက်စိတ်လည်းရင် ဒီ

https://www.thitsarparamisociety.com/



ပုဂ္ဂိုလ်ဖြစ်နိုင်ပါတယ်။ အဲဒီ ၃-ပုံ ၁-ပုံတောင်မှ စိတ်မပါကြလို့ ခက်နေတာ။ ယခုလောကသိန်းထီထက် တရားထီပေါက်လို့ရှိရင်ဖြင့် ဘယ်မှာသံသရာ သုံးလို့ကုန်နိုင်တော့မှာလဲ။ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါ တရားထီပေါက်ဖို့ကလည်း မခက်ပါဘူး။ ပေါက်ချင်တဲ့စိတ်သာ အရေးကြီးပါတယ်။ ပေါက်ချင်တဲ့စိတ်ရှိလို့လုပ်ရင် ယခုမသေခင်စပ်ကြား တစ်ချိန်ချိန်မှာပေါက်ကြမှာပေါ့ ဦးမောင်ခရဲ့။ အကယ်၍သာ မပေါက်ခဲ့သည်ရှိသော် သေပြီးသည့်နောက် နတ်ပြည်မှာပေါက်ကြလိမ့်မယ်။

အေး…တကယ်အားထုတ်တဲ့ပုဂ္ဂိုလ်မှာ ဒီသာသနာကတော့ မလွန်တော့ပါဘူး။ မပေါက်ချင်ကြဘူးလား ဦးဘိုးထင်ရဲ့။ ပေါက်ချင်ပါတယ်၊ ပါးစပ်ကလား။ အဲဒါကလေးတော့ ထည့်ပါ။ ပါးစပ်ကချည်းဘဲ ဖြစ်မှာဘဲ။ ဒီလူတွေ တကယ်လုပ်မဲ့လူစားတွေ မဟုတ်ပါဘူးနော်။ အဲဒီတော့ ယခုဟောကြားတဲ့ပဋိစ္စသမုပ္ပါဒ်တရားဆိုတာလည်း ထီပေါက်နိုင်တဲ့တရားမဟုတ်လား။ အေး…ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ ထီပေါက်နိုင်တဲ့တရားပါ။ပဋိစ္စသမုပ္ပါဒ်တရားကိုမသိခြင်းကြောင့် ဒီသက္ကာယဒိဋ္ဌိတွေ စွဲနေကြတယ်။

သက္ကာယဒိဋ္ဌိ ဘယ်နှစ်ဆယ်၊ နှစ်ဆယ်ပါဘုရား။ သက္ကာယဒိဋ္ဌိနှစ်ဆယ်မှာ ဥစ္ဆေဒဒိဋ္ဌိငါးပါး၊ သဿတဒိဋ္ဌိဆယ့်ငါးပါး။ ရုပ်သည်ငါ၊ ဝေဒနာသည်ငါ၊ သညာသည်ငါ၊ သင်္ခါရသည်ငါ၊ ဝိညာဏ်သည်ငါ၊ ဟောတာ ဥစ္ဆေဒဒိဋ္ဌိခေါ်တယ်။ ဘာဖြစ်လို့လဲ။ ရုပ်ဟာငါဘဲ၊ ငါဟာရုပ်ဘဲ၊ ဝေဒနာဟာငါဘဲ၊ ငါဟာဝေဒနာဘဲ၊ သညာဟာငါဘဲ၊ ငါဟာသညာဘဲ၊ သင်္ခါရဟာငါဘဲ၊ ငါဟာသင်္ခါရဘဲ၊ ဝိညာဏ်ဟာငါဘဲ၊ ငါဟာဝိညာဏ်ဘဲလို့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့နဲ့ ငါကောင်နဲ့ အတူတူတွဲထားတော့ကာ ရုပ်ပျက်စီးတဲ့အခါ ငါကောင်ကျန်နေနိုင်ပါအုံးမလား။ မကျန်ဘူး။ ဒီတော့ ဥစ္ဆေဒဒိဋ္ဌိမဖြစ်ဘူးလား။ ဖြစ်တယ်။

အေး…ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့သင်္ခါရငါးပါးကို ငါလို့စွဲတဲ့ သက္ကာယစွဲငါးပါးဟာ ဘာဒိဋ္ဌိ။ ဥစ္ဆေဒဒိဋ္ဌိ။ ရုပ်ရှိသောငါ၊ ငါ၌ရုပ်တည်၏။ ရုပ်၌ငါတည်၏။ အေး…အဲဒီအစွဲ ၃-ပါးက သဿတ၊ ဘာဖြစ်

https://www.thitsarparamisociety.com/



လို့လဲ၊ ရုပ်ရှိသောငါဆိုတော့ ရုပ်ကိုဒီဘဝထားခဲ့ပြီးတော့ ငါဟိုဘဝပြောင်း သွားတယ်လို့ မယူဘူးလား။ ငါဟိုဘဝပြောင်းသွားတော့ ဒီငါဟာ ပျက်စီး သေးသလား။ မပျက်စီးတော့ဘူး။ အေး...ဘဝသံသရာမှာ ဆက်သွားရော။ အဲဒါ သဿတဒိဋ္ဌိ၊ ငါ၌ရုပ်တည်၏။ ရုပ်၌ငါတည်၏။ ဒီလို ရုပ်တခြား၊ ငါ ခြားခဲ့ရင် ရုပ်ကိုဒီဘဝထားခဲ့ပြီးတော့ ငါက ဟိုဘဝပြောင်းမသွားဘူးလား။ ပြောင်းသွားတော့ ဒီ ငါ ပျက်စီးသေးရဲ့လား။ မပျက်စီးဘူး။ မပျက်စီးရင် သဿတ ဒီလိုမဟုတ်လား။

ရုပ်သည်ငါ၊ ငါသည်ရုပ်လို့ စွဲထားတဲ့ပုဂ္ဂိုလ်ကတော့ ရုပ်ပျက်စီး ရင် ငါပါ ပါသွားတယ်။ ဒါကြောင့် ဥစ္ဆေဒ၊ ရုပ်ရှိသောငါ၊ ငါ၌ရုပ်တည်၏၊ ရုပ်၌ငါတည်၏ ဆိုသော သဿတ၊ ဝေဒနာသည်ငါ၊ ဥစ္ဆေဒ။ ဝေဒနာရှိ သောငါ၊ ငါ၌ဝေဒနာတည်၏။ ဝေဒနာ၌ငါတည်၏။ သဿတ။ သညာသည် ငါ၊ ဥစ္ဆေဒ၊ သညာရှိသောငါ၊ ငါ၌သညာတည်၏၊ သဿတ။ သင်္ခါရသည်ငါ၊ ဥစ္ဆေဒ။ သင်္ခါရရှိသောငါ၊ ငါ၌သင်္ခါရတည်၏၊ သဿတ။ ဝိညာဏ်သည်ငါ ဥစ္ဆေဒ။ ဝိညာဏ်ရှိသောငါ။ ငါ၌ဝိညာဏ်တည်၏။ ဝိညာဏ်၌ငါတည်၏။ သဿတ။ ဒီတော့ သက္ကာယဒိဋ္ဌိနှစ်ဆယ်မှာ ဥစ္ဆေဒဒိဋ္ဌိက ဘယ်နှစ်ပါး။ ငါးပါး။ သဿတဒိဋ္ဌိက ဆယ့်ငါးပါး။ ပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိနှစ်ဆယ်။ ဒသဝတ္ထုက ဒိဋ္ဌိဆယ်ပါး။ အန္တဂ္ဂါဟိကဒိဋ္ဌိဆယ်ပါး။ ဒွါသဋ္ဌိဒိဋ္ဌိ ခြောက်ဆယ် နှစ်ပါး။ နိယတမိစ္ဆာဒိဋ္ဌိသုံးပါး။ ဒိဋ္ဌိတွေ မများဘူးလား။ အားလုံးရှိရှိသမျှ ဒိဋ္ဌိတွေဟာ ဘယ်မှာလာပြီးဆုံကြသလဲဆိုတော့ သဿတနဲ့ဥစ္ဆေဒ နှစ်ပါး မှာ လာဆုံကြတယ်။

ဒါကြောင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးသည် ရှိရှိသမျှဒိဋ္ဌိတွေ၏ ခစားရာဖြစ်သောကြောင့် ဘုရင်နှစ်ပါးတဲ့။ ဟော......သက္ကာယဒိဋ္ဌိမလည်း ဥစ္ဆေဒနဲ့သဿတဘဲ။ ဒသဝတ္ထုကဒိဋ္ဌိမှာလည်း ဥစ္ဆေဒနဲ့သဿတဘဲ။ အန္တဂ္ဂါဟိကဒိဋ္ဌိမှာလည်း ဥစ္ဆေဒနဲ့သဿတဘဲ။ ဒွါသဋ္ဌိ ခြောက်ဆယ်နှစ်ပါးသော ဒိဋ္ဌိမှာလည်း ဥစ္ဆေဒနဲ့သဿတဘဲ။ နိယတမိစ္ဆာဒိဋ္ဌိကြီး သုံးပါးမှာလည်း ဥစ္ဆေဒနဲ့သဿတဘဲ။ ဒီတော့ အားလုံးရှိရှိသမျှဒိဋ္ဌိတွေဟာ အကျဉ်းချုံးလိုက်

https://www.thitsarparamisociety.com/



လို့ရှိရင် ဥစ္စာဒနဲ့သဃတဘဲ ကျန်တယ်တဲ့။ ဒါကြောင့် ဒီဒိဋ္ဌိနှစ်ပါးဟာ ဘုရင်မင်းနှစ်ပါးနဲ့တူတဲ့အတွက်...

မာတရံ ပိတရံ ဟံတွာ၊ ရာဇာနော ဒွေစ ခတ္တိယေ။
ရဋ္ဌံ သာနုစရံ ဟံတွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

လို့ လကုဏ္ဍလဘဒ္ဒိယ ဝတ္ထုမှာ မြတ်စွာဘုရား ဟောတော်မူတယ်။ လကုဏ္ဍလဘဒ္ဒိယမထေရ်ဆိုတာ ခုနစ်နှစ်သား ရှစ်နှစ်သား ကိုရင်ကလေး လောက်ရှိတယ်။ ပုပုကလေး ကြက်တမော့ဘဲအရပ်ရှိတယ်။ အာဂန္တုရဟန်းတွေ မြတ်စွာဘုရားကျောင်းကို ဘုရားဖူးလာကြတဲ့အခါကျတော့ လကုဏ္ဍလဘဒ္ဒိယမထေရ်ဆိုတဲ့ ကိုယ်တော်မြတ်က မြတ်စွာဘုရားအနား ခစားပြီး ကြွသွားရုံကလေးရှိသေး၊ ဟိုက အာဂန္တုရဟန်းတွေကလည်း မြတ်စွာဘုရား ကျောင်းကိုအရောက် ခုနစ်နှစ်သားရှစ်နှစ်သား ကိုရင်ကလေးဘဲလို့အောက်မေ့ပြီး အရေးမလုပ်ဘဲနဲ့ မြတ်စွာဘုရားဆီ တောက်လျှောက်လာကြတယ်။ မြတ်စွာဘုရားဆီ တောက်လျှောက်လာခဲ့၍ ထိုင်ပြီးဝတ်ချတော့ မြတ်စွာဘုရားက နှုတ်ခွန်းဆက်သပြီး ချစ်သားတို့...ဟိုကျောင်းအောက်နားမှာ မထေရ်ကြီးတစ်ပါး မတွေ့ခဲ့ဘူးလားလို့မေးသတဲ့။ မှန်ပါ့ မတွေ့ခဲ့ပါဘုရားလို့ လျှောက်သတဲ့။ မင်းတို့ ဘာများတွေ့ခဲ့သလဲလို့ ဆက်လက်ပြီးမေးတော်မူတော့ ဟိုကိုရင်ငယ်ငယ် တစ်ပါးတော့ တပည့်တော်တို့ တွေ့ခဲ့ပါတယ်ဘုရားလို့ လျှောက်သတဲ့။ အဲဒါမင်းတို့ ကိုရင်ကလေးအောက်မေ့လို့လား။ ကိုရင်ကလေး မဟုတ်ဘူး...ဟဲ့။ မထေရ်ကြီးလို့ မြတ်စွာဘုရားက ဆိုသတဲ့။ အောင်မလေး ဘုရား၊ မထေရ်ကြီးကလည်း သေးငယ်လွန်းလှချည်လားဘုရားလို့...အာဂန္တုရဟန်းတွေက ဘုရားကိုလျှောက်သတဲ့။ ဩော်...ခေါင်းဖြူမှ၊ သွားကျိုးမှ၊ ခါးကိုင်းမှ၊ နားထိုင်းမှ၊ အရေတွန့်လိပ်မှ၊ မင်းတို့ မထေရ်ကြီးလို့ အောက်မေ့သလား။ မောဃဇိဏ္ဏရင်ထဲမှာ မြဲမြံခိုင်ခံ့တဲ့ ထိရမည်သောတရား မကိန်းဝပ်ရင် ခေါင်းဖြူသည်ဖြစ်စေ၊ သွားကျိုးသည်ဖြစ်စေ၊ ခါးကိုင်းသည် ဖြစ်စေ၊ နားထိုင်းသည်ဖြစ်စေ၊ အချိုးနှိုးအလကား အိုနေတဲ့ ဆန်ကုန်မြေလေး လူအိုကြီးကွာ။ ဒါ မထေရ်ကြီးမခေါ်ဘူး။ အရွယ်ကြီးရင် မင်းတို့က မထေရ်ကြီး မှတ်သလားတဲ့။

https://www.thitsarparamisociety.com/



ယဿ၊ အကြင်သူ၏။ သိရော၊ ဦးခေါင်း၌။ ပလိတံ၊ ဆံဖြူပေါက်၏။ တေနံ၊ ထိုဆံဖြူ ပေါက်ခြင်းဖြင့်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ထေရော၊ မထေရ်ကြီးမည်သည်။ နဟောတိ၊ မဖြစ်နိုင်။ ခေါင်းဖြူလို့လည်း မထေရ်ကြီး မဖြစ်ပါဘူး။ သွားကျိုးလို့လည်း မထေရ်ကြီး မဖြစ်ပါဘူး။ ဘာဖြစ်သလဲဆိုတော့ အချိုးနှိုး အလကား အိုနေတဲ့ ဆန်ကုန်မြေလေး အဘိုးကြီးဘဲ ဖြစ်သပေါ့ကွာ။ အိုလို့ မထေရ်ကြီး မခေါ်နိုင်ဘူးတဲ့။ ယမှိ၊ အကြင်ပုဂ္ဂိုလ်၌။ သစ္စဉ္စ၊ လေးပါးသော သစ္စာတရားကို သိခြင်းသည်၎င်း။ ဓမ္မောစ၊ ကိုးပါးသော လောကုတ္တရာ တရားသည်၎င်း။ အဟိံသာစ၊ သူတစ်ပါးကို မညှင်းဆဲခြင်း။ အဟိံသတရားသည်၎င်း။ သံယမောစ၊ သီလ သီတင်း စောင့်သုံးခြင်းသည်၎င်း။ ဓမ္မောစ၊ ဣန္ဒြေကိုဆုံးမခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ဝန္တမလော၊ ကိလေသာကို စွန့်ပစ်အပ်ပြီးသော။ မိရော၊ ပညာရှိသော။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်မျိုးကို။ ထေရော ဣတိ၊ မထေရ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ရင်ထဲနှလုံးထဲမှာ သစ္စာတရား၊ လောကုတ္တရာတရား၊ သူတစ်ပါးကို မညှင်းဆဲတဲ့ အဟိံသတရား၊ သီလသီတင်း စောင့်သုံးတဲ့တရား၊ ဣန္ဒြေကို ဆုံးမတဲ့တရား။ အဲဒီတရားတွေ ရင်ထဲနှလုံးထဲ ရောက်လို့ရှိလျှင် ကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ မထေရ်ကြီးကွဲ့ ဟုတ်လား။ ဒီတရားတွေ မရှိပဲနဲ့ ဗိုက်ထဲ ချီးချည်းရှိတဲ့အကောင်ဟာ အိုပေမယ်လို့ မထေရ်ကြီး မဖြစ်ပါဘူးတဲ့။ တရားရင်ထဲနှလုံးထဲရှိမှ မထေရ်ကြီး ဖြစ်တယ်လို့ ဒီလို မြတ်စွာဘုရားက ဟောတော်မူတယ်။

အဲဒီလို ဟောတော်မူပြီးတဲ့နောက် ဘာဆက်ပြီးတော့ ပြောပြန်သလဲ။ အဲဒီ ခုတင်ကသွားတဲ့ လကုဏ္ဍကဘဒ္ဒိယ ဆိုတဲ့ မထေရ်ဟာ အမေနဲ့အဖေကို သတ်ပြီးသည်ကစ၍ သူသည် ချမ်းချမ်းသာသာ နေထိုင်သွားရတယ်လို့ မြတ်စွာဘုရားက မိန့်တော်မူတော့ အာဂန္တုရဟန်းတွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မြတ်စွာဘုရား ဘယ်လိုမိန့်တော်မူပါလိမ့်လို့ သံသယဖြစ်ပြီး လျှောက်ထားကြတော့....

https://www.thitsarparamisociety.com/



မာတရံ ပိတရံ ဟံတွာ၊ ရာဇာနော ဒွေစ ခတ္တိယေ။
ရဋ္ဌံ သာနုစရံ ဟံတွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

ဆိုတဲ့ ဂါထာကို ဟောတယ်။ ဘိက္ခဝေ၊ ရဟန်းတို့။ မာတရံ၊ အမိနဲ့တူသော တဏှာကိုင်း။ ပိတရံ၊ အဖနဲ့တူသော မာနကိုင်း။ ရာဇာနော ဒွေစခတ္တိယေ၊ အားလုံးကုန် ဒိဋ္ဌိဟူသမျှခစားရတဲ့ မင်းနှစ်ပါးနှင့်တူသော သဿတ ဥစ္ဆေဒ ဒိဋ္ဌိနှစ်ပါးတို့ကိုင်း။ ဟံတွာ၊ သတ်ဖြတ်ပြီး၍။ သာနုစရံ၊ အခွန်ထိန်းနဲ့တူတဲ့ နန္ဒီရာဂနှင့်တကွသော။ ရဋ္ဌံ၊ အာယတန ၁၂-ပါးတည်း ဟူသော တစ်တိုင်းလုံးတစ်ပြည်လုံးကို။ ဟံတွာ၊ ဖျက်ဆီးပြီး၍။ အနီဃော၊ ဆင်းရဲကင်းသော။ ဗြာဟ္မဏော၊ ရဟန္တာပုဂ္ဂိုလ်သည်။ ယာတိ၊ နိဗ္ဗာန်နန်းသို့ စံမြန်းရသည့်တိုင်အောင် ကြွသွားတော်မူလေ၏။

တဏှာသည် အမေနဲ့တူတယ်တဲ့။ (တဏှာဇနေတိ ပုရိသံ)၊ ပုရိသံ၊ သတ္တဝါကို။ တဏှာ၊ တဏှာသည်။ ဇနေတိ၊ ဖြစ်စေ၏။ သတ္တဝါဟာ ဘယ်က ပေါက်ဖွားလာသလဲဆိုတော့ တဏှာကပေါက်ဖွားလာတာ။ လောဘတဏှာဟာ သမုဒယသစ္စာ၊ လောဘတဏှာ သမုဒယသစ္စာကနေပြီးတော့ ရုပ်နာမ်ခန္ဓာဆိုတဲ့ သတ္တဝါတွေ ပေါက်ဖွားရတယ်။ ဒါကြောင့် လောဘတဏှာဟာ ဘာနဲ့တူတယ်။ သတ္တဝါတို့ရဲ့ အမိနဲ့တူတယ်။ မာန်တက်တဲ့အခါကျတော့ ငါက ဘယ်မင်းရဲ့သားကွ။ ငါက ဘယ်အမတ်ကြီးရဲ့သားကွ၊ အဖေကိုအစွဲပြုပြီးတော့ မာန်တက်ကြတယ်မဟုတ်လား။ အဲဒါကြောင့် မာနဟာ အဖနဲ့တူတယ်တဲ့။ အမိနဲ့တူတဲ့ တဏှာကိုင်း။ အဖနဲ့တူတဲ့ မာနကိုင်း။ ဟံတွာ၊ သတ်ဖြတ်၍။ ဒါဘဲလားဆိုတော့ ရာဇာနော ဒွေစခတ္တိယေ၊ အားလုံးကုန် ဒိဋ္ဌိဟူသမျှတို့ ခံစားရာဖြစ်တဲ့ သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ ဆိုတဲ့ မင်းနှစ်ပါးကိုလည်း သတ်တယ်တဲ့။ ဒါဘဲလားဆိုတော့ သာနုစရံ၊ အခွန်ထိန်းအမတ်နဲ့တူတယ်တဲ့။ နန္ဒီရာဂနှင့်တကွသော ဘာလဲ။ နန္ဒီရာဂ။ နန္ဒီ ဆိုတာ နှစ်သက်တယ်။ ရာဂဆိုတာ တပ်မက်တယ်။ နှစ်သက်ခြင်း တပ်မက်ခြင်းဆိုတဲ့ တရားကို ဘာခေါ်တယ်။ နန္ဒီရာဂ။

https://www.thitsarparamisociety.com/



အဲဒီ နှစ်သက်ခြင်း၊ တပ်မက်ခြင်း နန္ဒီရာဂနှင့်တကွသော စက္ခု။ သောတ,အစရှိသော အာယတန (၁၂) ပါးနဲ့တည်ထောင်ထားတဲ့ တိုင်းပြည်ကြီးကို ဖျက်ဆီးပြီးတော့ ရဟန္တာပုဂ္ဂိုလ်ဟာ ချမ်းချမ်းသာသာ နိဗ္ဗာန်ကြွသွားတယ်တဲ့။ အေး...အဲဒါကြောင့် တရားလိုချင်ကြရင် မိဘနှစ်ပါးကိုသတ်ရမယ်နော်။ ဒီလိုဆိုလိုတာပေါ့။ ဝှက်တဲ့စကားအနက် မသိရင်တော့ အမေသတ်ရမယ်၊ အဖေသတ်ရမယ် ဖြစ်မနေဘူးလား။ မဟုတ်ပါဘူး။ အမေနဲ့တူတဲ့တဏှာ၊ အဖေနဲ့တူတဲ့မာန၊ မင်းနှစ်ပါးနဲ့တူတဲ့ သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိကို သတ်ရမယ်တဲ့။

သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိကို သတ်ရမယ်ဆိုတော့ ဘယ်တရားနဲ့ သတ်ရမလဲ။ ပဋိစ္စသမုပ္ပါဒ်တရားနဲ့ သတ်ရမယ်တဲ့။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒီနှစ်ကစပြီးတော့ နားလည်ကြပါစေလို့ ဟောတော့ဟောတာဘဲ။ နားမလည်တာတော့ ဒို့တာဝန် မဟုတ်ဘူးပေါ့နော်။

(အဝိဇ္ဇာပစ္စယာ သင်္ခါရ သမ္ဘဝန္တိ) ဟို ပါဠိမှာတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရတင် ရှိတယ်မဟုတ်လား။ သမ္ဘဝန္တိဆိုတဲ့ ပုဒ်ကလေး ထည့်လိုက်။ ဒီလင်္ကာက အဲဒီဟာကြည့်ပြီး ရေးထားတာ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာပစ္စယာ၊ အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမမှောင်ကြီးကျခြင်း ဟူသောအကြောင်းကြောင့် ဆိုတဲ့စကားက အဝိဇ္ဇာပစ္စယာ ဆိုတဲ့ ပါဠိအတွက် ရေးတာ။ သင်္ခါရာ၊ ပုည၊ အပုည၊ အာနဉ္စာဟူသော သင်္ခါရတို့သည်...

ဟို လင်္ကာထဲမှာ ဘဝမြုံသိုက် ရှုန်ရှုန်အိုက်သား အမှိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့်လို့ အပုညဘိသင်္ခါရ အတွက်ရေးတယ်။ ဘဝနောင်ခါ သံသရာဝယ် လူ့ရွာနတ်ညမ်းစည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ငြိလျှက် ဂတိနောင်ကို ကောင်းစေလိုဟု ကုသိုလ်အရိုး အမျိုးမျိုးကို ကြိုးကြိုးစားစား ပြုတုံငြားက ဆယ်ပါးပုညလို့ ပုညာဘိသင်္ခါရအတွက် ရေးတယ်။ အရူပစျာန်ပွားများပြန်က အာနေဉ္စဟု

https://www.thitsarparamisociety.com/



အဲဒါကလေးထည့်လိုက်လျှင် ပိုကောင်းတယ်။ အာနေဉ္ဇာ ဟူသော သင်္ခါရ တို့သည် အကုန်လုံးယူမယ်ဆိုရင်လေ၊ အဖျားချည်း ဆွတ်ယူမယ်ဆိုလျှင် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတို့သည် အကုန်လုံး ထည့်ဆိုလျှင် ဆိုနိုင်တယ်။ သမ္ဘဝန္တိ၊ အရင်းအနှီး စုဆောင်းမိသောအားဖြင့် တဖွားဖွား ဖြစ်၍နေကြလေကုန်၏။

သတ္တဝါသန္တာန်မှာ အကုသိုလ်အပုညာဘိသင်္ခါရ ကုသိုလ်ပုညာဘိသင်္ခါရ၊ အရူပကုသိုလ်အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရတရားတွေဖြစ်နေတာဟာ ဘဝအရင်းအနှီးစုဆောင်းတာတဲ့။ သမ္ဘဝန္တိကြိယာက အဲဒီလင်္ကာထဲမှာပါနေလို့ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ အဖျားက ဘာထည့်ရမယ်။ သမ္ဘဝန္တိနော်။ တိုတိုပေးရင်တော့ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာအကြောင်းခံကြောင့်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွား၍နေကုန်၏။ ဒီလိုတိုတိုပေးလည်းရတယ်၊ ရှည်ရှည်ပေးရင်လည်း အဲဒီလင်္ကာကြည့်ပေါ့။ အင်း...ဒီတရားပွဲမှာတော့ ဒီအနက်ဘဲ ပေးရမယ်။ သည့်ပြင်အနက် မပေးနိုင်ဘူး၊ အမှန်မသိတာ အဝိဇ္ဇာ။ အမှားသိတာ အဝိဇ္ဇာ။ ဟော...မှန်တာမသိတာလည်း အဝိဇ္ဇာဘဲ။ အမှားသိတာလည်း အဝိဇ္ဇာဘဲ။ ဒီတော့ အဝိဇ္ဇာတော့သိပြီ ထားပါတော့။

သင်္ခါရကိုတော့ နဲနဲကလေးသတိထားလိုက်ကြစမ်းပါ။ ဘာဖြစ်လို့လဲ။ ဒီသင်္ခါရဟာ တော်တော်ရှုတ်ထွေးတယ်။ လူတွေအသိများတတ်တယ်၊ သင်္ခါရ ဘယ်နှစ်မျိုးရှိတယ်။ ဟိုကတော့ ပုညာဘိ၊ အပုညာဘိ၊ အာနေဉ္ဇာဘိနဲ့တွဲထားတယ်။ ဒီမှာတော့ ကံကို အဘိသင်္ခါရလို့ သာမညခေါ်၊ အဘိသင်္ခါရတမျိုးနော်။ ကံ၏အကျိုးကိုတော့ အဘိသင်္ခတသင်္ခါရလို့ခေါ်။ သူကကံပြုပြင်စီမံတဲ့အတိုင်းဖြစ်နေရတယ်။ ကိုယ်ဖြင့်အားထုတ်မှု ကာယိကဝိရိယ၊ စိတ်ဖြင့် အားထုတ်မှု စေတသိကဝိရိယကိုတော့ ပယောဂါဘိသင်္ခါရလို့ခေါ်။

(၁) အဘိသင်္ခါရ (ကံ)။ (၂) အဘိသင်္ခတသင်္ခါရက (ကံ၏အကျိုး)။ (၃) ပယောဂါဘိသင်္ခါရက (ဝိရိယ)။ (၄) နိဗ္ဗာန်မှတစ်ပါး တစ်လောကလုံး တဖြစ်ထဲဖြစ်နေတဲ့ တရားတွေက (သင်္ခတသင်္ခါရ)။ ဘယ်နှစ်မျိုး ရှိသွားပြီလဲ။ လေးမျိုးရှိသွားပြီနော်။

https://www.thitsarparamisociety.com/



(၁)အဿာသ ပဿာသာ ကာယသင်္ခါရာ၊ ထွက်လေဝင်လေကိုကာယ သင်္ခါရခေါ်တယ်။

(၂) ဝိတက္ကဝိစာရ ဝစီသင်္ခါရာ၊ ဝိတက်နှင့်ဝိစာရကို ဝစီသင်္ခါရ ခေါ်တယ်။

(၃) သေသစေတသိကာ စိတ္တသင်္ခါရာ၊ ဝိတက်ဝိစာရမှ ကြွင်းကျန်တဲ့ စေတသိက်တွေကို စိတ္တသင်္ခါရ ခေါ်တယ်။

အဲဒီက သုံးမျိုးမဟုတ်လား။ ခုတင်က လေးမျိုးနဲ့ဒီက သုံးမျိုးနဲ့ ပေါင်းလိုက်တော့(၇) မျိုး။ အဲဒီ သင်္ခါရ(၇) မျိုးကို အမြဲစွဲမှတ်ထားကြစမ်းပါ။

အဲဒီ သင်္ခါရ(၇)မျိုးထဲက အဝိဇ္ဇာပစ္စယာသင်္ခါရာ ဆိုတဲ့ သင်္ခါရဟာ အဘိသင်္ခါရ ခေါ်တဲ့ ကံသင်္ခါရကိုပြောတာ။ ကျန်တဲ့သင်္ခါရ (၆)မျိုးဟာ ဒီပုဒ်ထဲမှာ မပါဘူး။ အဘိသင်္ခါရတမျိုးထဲသာ ပါတယ်။

ဒီသင်္ခါရ နားမလည်ရင် စကားပြောမှားတတ်တယ်။ အေး...တချို့ ယောဂီတွေ သင်္ခါရ ချုပ်ငြိမ်းတယ်လို့ ဆိုကြတယ်။ ဘာသင်္ခါရ ချုပ်ငြိမ်းတာ ပြောကြတာလဲလို့ မေးလို့လည်း ဘာသင်္ခါရမှန်း မသိဘူး။ အေး...အဲဒီလို သင်္ခါရအမျိုးမျိုးကွဲပြားအောင် နားလည်ထားကြတဲ့အခါကျတော့ ဘာ, သင်္ခါရဆိုတာ နားမလည်နိုင်ဘူးလား။ အဝိဇ္ဇာပစ္စယာသင်္ခါရာ မှာပါတဲ့ သင်္ခါရက ဘာ,သင်္ခါရတဲ့။ (အဘိသင်္ခါရ)။ အေး...အဘိသင်္ခါရ သိလောက်ပြီနော်။

အေး...အဲဒီ အဘိသင်္ခါရဟာ အကုသိုလ်အဘိသင်္ခါရ၊ ကုသိုလ်အဘိသင်္ခါရ အကျဉ်းအားဖြင့်ခေါ်လျှင် ဒီနှစ်မျိုးဘဲရမယ်။ ဒီတော့ အကုသိုလ် အဘိသင်္ခါရဆိုတော့ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့် ဒီလို သာမည မဆိုဘူးလား။ အကုသလ ဓမ္မညစ်ဆိုး ဆိုတာ အလုပ်ကဘာလဲ။ ကာယကံ သုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးအားဖြင့် ဒုစရိုက်ဆယ်ပါး ခေါ်တဲ့

https://www.thitsarparamisociety.com/



အကုသလ ကမ္မပထတရား ဆယ်ပါးလေ။ ကာယကံသုံးပါးကို ကျူးလွန်တယ်၊ ဝစီကံလေးပါးကို ကျူးလွန်တယ်။ မနောကံသုံးပါးကို ကျူးလွန်တယ်။ ကျူးလွန်တော့မှ ဖြစ်ပေါ်လာတဲ့တရားက လောဘအကုသိုလ်၊ ဒေါသအကုသိုလ်၊ မောဟအကုသိုလ်ဆိုတဲ့ ဆယ့်နှစ်ပါးဖြစ်တာ။

အလုပ်ကတခြား ဖြစ်တာကတခြား မဟုတ်လား။ အေး...ဒီတော့ ဒုစရိုက်ဆယ်ပါးလည်း ခေါ်တယ်။ အေး...ဒီတော့ အင်္ဂါပယောဂနဲ့ ညီညွတ်လို့ ကံအထမြောက်လျှင် ကမ္မပထလို့ခေါ်တယ်။ ပါဏော၊ ပါဏသညိတာ၊ ဝဓကစေတနာ၊ ပရက္ကမောတေနမရဏံ ဆိုတဲ့အတိုင်း ပါဏာတိပါတကံ အထမြောက်တယ် ဆိုတာ သတ္တဝါလည်း ဟုတ်ရမယ်။ သတ္တဝါလို့လည်း အမှတ်ရှိရမယ်။ သေစေလိုသော စိတ်လည်းရှိရမယ်။ သတ်လည်းသတ်ရမယ်။ သေလည်းသေရမယ်၊ ဒီအင်္ဂါငါးပါး ပြည့်စုံမှသာလျှင် ပါဏာတိပါတကံ အထမြောက်တယ် မဟုတ်လား။ အဲဒီအကုသိုလ် အထမြောက်တဲ့အခါကျတော့ အကုသိုလ်ကမ္မပထ ခေါ်တယ်။ အထမမြောက်ဘူး၊ ရိုက်ရုံဘဲရိုက်လိုက်တယ်။ ညှင်းဆဲရုံဘဲ ညှင်းဆဲလိုက်တယ်ဆိုလျှင် ကာယဒုစရိုက်ခေါ်တယ်။

ကံအထမြောက်လျှင် ဒုစရိုက်၊ အထမမြောက်လျှင် ကမ္မပထ။ အဲဒီတော့ ဒီတရားဆယ်ပါးကို ကမ္မပထ ဆယ်ပါးလည်း ခေါ်တယ်။ ဒုစရိုက်ဆယ်ပါးလည်း ခေါ်တယ်။ အဲဒီ အကုသလကမ္မပထ ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါးကို ကျူးလွန်ပြုလုပ်မိတဲ့အခါ ဘယ်စိတ်နဲ့လုပ်ရတယ်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ဒီတော့ စိတ်ကတမျိုး၊ အလုပ်ကတမျိုး၊ နှစ်မျိုးမဖြစ်ဘူးလား ဦးဘိုးထင်ရဲ့။ ဒီတော့ ကာယကံသုံးပါး နားလည်ကြရဲ့လား။ သက်သတ်ခိုးမှု ကာမေသု သုံးခုကာယကံ။ ဘာနားမလည်စရာရှိသလဲ။ အဲဒီထိပေါက်မဲ့ဟာကျတော့ လုပ်ကိုမလုပ်ချင်ဘူး။ အေး...သေသေချာချာ ဂဃနဏ ကျတော့မလွယ်ဘူးနော်။ အမှတ်တမဲ့သာလွယ်တယ်။ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ ကာယကံသုံးပါး။

https://www.thitsarparamisociety.com/



မုသားဂုန်းချော ဆိုပြောကြမ်းခြင်း ပိန်ဖျင်းစကား
နေ့စဉ်ပွား လေးပါးဝစီကံ။ ဒါကျတော့ ခက်လာပြီ။

မုသားဆိုတာ မုသာဝါဒ၊ ဂုန်းချောစကားဆိုတာ ပိသုဏဝါစာ၊ ဆို ပြောကြမ်းခြင်းက ဖရုသဝါစာ၊ ပိန်ဖျင်းစကားက သမ္ဖပ္ပလာပ၊ ဒီတော့ဝစီကံ ဘယ်နှစ်ပါးလဲ။ လေးပါး။ အဲဒါကိုဆိုလိုတာ။

မုသားကလိမ်ပြောတာ၊ ဂုန်းချောတာကဂုန်းတိုက်တာ။ ဆိုပြောကြမ်း ခြင်းက ဖရုသဝါစာ၊ ပိန်ဖျင်းစကားက ပိန်ဖျင်းသောစကား။ အနက်အထည် ကိုယ်မရှိတဲ့စကား။ အဖျင်းစကားကိုပြောတာ။

သမ္ဖံပလတီတိ သမ္ဖပ္ပလာပေါ။ သမ္ဖံ၊ ပိန်ဖျင်းသောစကားကို။ ပလတိ၊ ပြောဆို၏။ ဣတိ၊ ထို့ကြောင့်။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပမည်၏။ သမ္ဖက ပိန်ဖျင်းတယ်။ ပလာပက ပြောဆိုခြင်း။ အေး...ပိန်ဖျင်းသောစကားကိုပြော ဆိုခြင်းသည် သမ္ဖပ္ပလာပ။

မုသာဝါဒမှာ ဝါစာပါသလား။ မပါဘူး။ ပိသုဏဝါစာ၊ ဖရုသဝါစာက ဝါစာပါတယ်။ သမ္ဖပ္ပလာပကျတော့ ဝါစာမပါရဘူး။ အဲဒါ ဝစီကံလေးပါး ခေါ်တယ်။

မနောကံသုံးပါးကျတော့ အကျဉ်းအားဖြင့် ဒီလိုမှတ်။ သူ့ပစ္စည်းကို ငါရလိုမှု၊ သူ့အသက်ကို သေစေလိုမှု၊ အယူမှောက်မှား ထိုသုံးပါး မှတ်သား မနောကံ။ ခုလောကမှာ သူ့ပစ္စည်းငါရဘို့ဘဲ လုပ်နေကြတာ။ သူ့အိတ်ထဲ ကပိုက်ဆံ ငါဘယ်လိုလုပ် ယူရမလဲ။ ဒါဘာလဲ။ အဘိဇ္ဈာ။ သူသေသွားရင် ဖြင့် ဒီကြွေးငါမပေးရတော့ဘူး။ ဒါဘာတုန်း။ ဗျာပါဒ။ ဟုတ်လား။ ပစ္စည်းရှိတဲ့လူတွေ သေပါစေ ဆုတောင်းခံရမယ်နော်။ အယူမှောက်မှားဆို တာဘာလဲ။ ကံ ကံ၏အကျိုးကို မယုံကြည်ဘူးတဲ့။ အကုသိုလ်မှုကို ပြုပေ မဲ့ မကောင်းကျိုး မပေးဘူး။ ကုသိုလ်ကောင်းမှုပြုပေမယ့် ကောင်းကျိုးမ ပေးဘူး။ ဒီလိုပုဂ္ဂိုလ်တွေဟာ ကံ,ကံ၏အကျိုးကို ယုံကြည်ပါ့မလား။ မယုံ

https://www.thitsarparamisociety.com/



ကြည်လျှင် အယူမမှောက်မှားဘူးလား။ အယူမှောက်မှားလျှင် ဘာလဲ။ မိစ္ဆာဒိဋ္ဌိ။ ဒီတော့ မနောကံသုံးပါးက အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိပေါ့။

အေး...မနောကံသုံးပါးကို ဘာစိတ်နဲ့လုပ်ရမယ်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ဟုတ်ပြီလား။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေနဲ့ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး ဆိုတဲ့ ဒုစရိုက်ဆယ်ပါး ခေါ်တဲ့ အကုသလကမ္မပထတရားတွေကို ပြုလုပ်တော့ကာ၊ အကုသလ၊ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့်လို့ဆိုတဲ့အတိုင်း အပုညာဘိသင်္ခါရ ဖြစ်မသွားဘူးလား။ ဖြစ်သွားပါတယ်။ အေး...ဒီလောက်ဆိုလျှင် နားလည်လောက်ပါပြီ။

ကိုင်း...ပုညာဘိသင်္ခါရကျတော့ ဘဝနောင်ခါ သံသရာဝယ် လူ့ရွာနတ်ငြိမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ငြိလျက် ဂတိနောင်ကို ကောင်းစေလိုဟု ကုသိုလ်အရိုး အမျိုးမျိုးကို ကြိုးကြိုးစားစား ပြုတုံငြားက ဆိုတဲ့ လင်္ကာပိုဒ်က ကုသိုလ်အရိုးလို့ ဆိုတယ်မဟုတ်လား။ ကုသိုလ်အရိုးဆိုတော့ အဆန်းရှိရမယ်။

သာသနာတော်ကြီးနဲ့တွေ့တဲ့အခါမှ ဖြစ်တဲ့ကုသိုလ်မျိုး မဟုတ်ဘူးတဲ့။ ကမ္ဘာ့ဓမ္မတာအားဖြင့် ပြုလုပ်ကြတဲ့ကုသိုလ်တဲ့။ ကမ္ဘာကြီးမှာ အရူပဘုံမရှိဘူးလား။ ရှိတယ်။ အရူပဘုံရှိတော့ အရူပဘုံရောက်ကြောင်း အရူပစျာန်ကုသိုလ် မလုပ်ရဘူးလား။ လုပ်ရတယ်။

ကမ္ဘာကြီးမှာ ရူပဗြဟ္မာကော မရှိဘူးလား၊ ရှိတယ်။ ရူပဗြဟ္မာရှိတော့ ရူပဗြဟ္မာဖြစ်ဘို့ရာ ရူပစျာန်ကုသိုလ် မလုပ်ရဘူးလား။ ကမ္ဘာကြီးမှာ လူ့လောက၊ နတ်လောကမရှိဘူးလား။ ရှိတယ်။ ရှိတော့ လူ့ပြည်နတ်ပြည်ရောက်အောင် ကာမာဝစရကုသိုလ်တွေကော မလုပ်ရဘူးလား။

https://www.thitsarparamisociety.com/



အဲဒီလို လူ့ပြည်နတ်ပြည်ရောက်ကြောင်းဖြစ်တဲ့ ကာမာဝစရကုသိုလ်၊ ရူပဗြဟ္မာဘုံရောက်ကြောင်းဖြစ်တဲ့ ရူပါဝစရကုသိုလ်၊ အရူပဗြဟ္မာဘုံရောက်ကြောင်းဖြစ်တဲ့ အရူပါဝစရကုသိုလ်တွေဟာ ကုသိုလ်အရိုးတွေ မဟုတ်လား။ သာသနာနဲ့တွေ့ကြုံတဲ့အခါ ဒီကုသိုလ်တွေကို အခြေခံပြီးတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ထိအောင် သွားရတယ်။ သာသနာနဲ့မတွေ့ကြုံလျှင်တော့ ဒါတွေနဲ့ဘဲ အဆုံးသတ်ကြရတယ်။ ဒါကြောင့် ကုသိုလ်အရိုးလို့ဆိုတာ။ ကိုင်း...အမျိုးမျိုးကို ဆိုလိုတာက ဘယ်လိုလဲ။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ ဆိုတဲ့ ပုညကြိယာဝတ္ထုဆယ်ပါးကို ကုသိုလ်အရိုး အမျိုးမျိုးလို့ ပြောတာ။

ခုတင်က ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးဆိုတဲ့ ဒုစရိုက်ဆယ်ပါးကို ရှောင်ကျဉ်လို့ရှိလျှင် သုစရိုက်ဆယ်ပါး ပြန်ဖြစ်တယ်။ ဒါလည်း ကုသိုလ်အရိုးအမျိုးမျိုးထဲကဘဲ။ ဘာဖြစ်လို့ ဒီလင်္ကာကိုရေးသလဲဆိုတော့ တတ္တ ကတမော ပုညာဘိသင်္ခါရော၊ ကုသလာစေတနာ ကာမာဝစရာ၊ ရူပါဝစရာ၊ ဒါနမယာ၊ သီလမယာ၊ ဘာဝနာမယာ၊ အယံ ဝုစ္စတိ ပုညာဘိသင်္ခါရောလို့ ပါဠိတော်က ဒီလိုဆိုတာကိုး။ အဲဒါကြောင့် ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မဆိုတာ အကျဉ်းချုံးလိုက်တော့ ဒါန၊ သီလ၊ ဘာဝနာဘဲ ဒီလို မဟုတ်ဘူးလား။

အပစာယနနဲ့ ဝေယျာဝစ္စ,က(သီလ)အရိုအသေပေးတယ်။ ဝေယျာဝစ္စ ရွက်ဆောင်တယ်ဆိုတာ ဘာကုသိုလ်၊ သီလကုသိုလ်နော်။ ပတ္တိဒါနနဲ့ ပတ္တာနုမောဒနက (ဒါန)။ ဓမ္မဿဝနနဲ့ဓမ္မဒေသနာက (ဘာဝနာ)။ ဒိဋ္ဌိဇုကမ္မက အကုန်လုံးနဲ့ဆိုင်တယ်နော်။ ဘာဖြစ်လို့လဲ။ ဒိဋ္ဌိ,က အယူ။ ဥဇုက ဖြောင့်ဖြောင့်။ ကမ္မ,က ပြုတယ်။ အယူကို ဖြောင့်စွာပြုတယ်။ အယူကို ဖြောင့်စွာမပြုဘဲနဲ့ ဒါန၊ သီလ၊ ဘာဝနာ လုပ်နိုင်မလား။ မလုပ်နိုင်ပါဘူး။ အဲဒါကြောင့် အယူကိုဖြောင့်စွာပြုမှု ဒိဋ္ဌိဇုကမ္မဟာ ဒါန၊ သီလ၊ ဘာဝနာ

https://www.thitsarparamisociety.com/



အားလုံးနဲ့ဆိုင်တယ်လို့ ဆိုရတာ။ အဲဒီအဓိပ္ပါယ်ကိုရည်ရွယ်၍ ဒီလင်္ကာလေးကို ဆရာတော်ကြီး ရေးတော်မူတာ။ ကုသိုလ်အရိုးအမျိုးမျိုးကို ကြိုးကြိုးစားစား ပြုတုံငြားက ဆယ်ပါးပုည မူလလင်္ကာက ဒီလိုမဟုတ်လား။ ဒီတော့ ဒို့က အာနေဥ္စပါအောင် အရူပစျာန်ပွားများပြန်က အာနေဥ္စဟုလို့ အဲဒါ ကလေးထည့်လိုက်တယ်။ စင်စစ်တော့ ဒီအာနေဥ္စဟာ ဘာဝနာထဲကဘဲ။ ဘာဝနာထဲကပေမယ့် သူက ဘာဝနာအထူးဖြစ်လို့ နောက်ပိုင်းက အဲဒါ ကလေးတစ်လုံးနှစ်လုံး တိုးလိုက်တယ်။ နငယ် အမြီးရှည်လိုက်တယ်ဆိုပါတော့။

အပုညာဘိသင်္ခါရကတော့ အကုသလကမ္မပထတရား ဆယ်ပါးကို ခေါ်တယ်။ ပုညာဘိသင်္ခါရကတော့ ပုညကြိယာဝတ္ထုဆယ်ပါးကို ခေါ်တယ်။ အဲဒီ ပုညကြိယာဝတ္ထုဆယ်ပါးကို စိတ်က ဘယ်စိတ်နဲ့လုပ်ရမယ်။ ကာမာဝစရ ကုသိုလ်စိတ်ပေါ့။ ဘာဝနာမှာလည်း စျာန်တရားကိုမရောက်ခင်စပ်ကြား ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ လက်ထက်မှာ ကာမာဝစရဘဲ။ ပဋိဘာဂနိမိတ်ကျတောင်မှ ဥပစာရစျာန်ခဏမှာ ကာမာဝစရဘဲရှိသေးတယ်။ အပ္ပနာစျာန်ဘက်သွားမှ ရူပါဝစရ၊ အရူပါဝစရ ဖြစ်တာ။ ဒီလိုမဟုတ်လား။

ဒီတော့ ဒါနလည်းဘဲ ကာမာဝစရ၊ သီလလည်းဘဲ ကာမာဝစရ၊ ဘာဝနာကတော့ ကာမာဝစရ၊ ရူပါဝါစရ၊ အရူပါဝစရ၊ သုံးမျိုးနဲ့ဆိုင်တယ်။ အဲဒီတော့ကာ အလုပ်က ပုညကြိယာဝတ္ထုဆယ်ပါး၊ စိတ်က ကာမကုသိုလ်စိတ်၊ ရူပကုသိုလ်စိတ်၊ အရူပကုသိုလ်စိတ်။ ဟို အာနေဥ္စာဘိသင်္ခါရကျတော့မှ အရူပစျာန်ကို သူ့အာရုံနဲ့သူ ပွားများရတယ်။ ကောင်းကင် အာရုံကို ပွားများလျှင် အာကာသနဥ္စာယတန၊ ပထမအရူပစျာန် ခေါ်တယ်။ အာကာသာနဥ္စာယတနကို ပွားများလျှင် ဝိညာနဥ္စာယတနစျာန်။ ၎င်းပထမစိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြုလျှင် အာကိဉ္စညာယတနစျာန်၊ တတိယစျာန်စိတ်ကို အာရုံပြုလျှင် နေဝသညာနာသညာယတနစျာန်၊ အဲဒီလို အရူပစျာန်ကျတော့ သူ့အာရုံနဲ့သူတက်ရတယ် မဟုတ်လား။ စိတ်က အရူပစျာန်စိတ်၊ သင်္ခါရကတော့ အာနေဥ္စာဘိသင်္ခါရ။

https://www.thitsarparamisociety.com/



ဒီတော့ အပုညာဘိသင်္ခါရဘဲ ဖြစ်ဖြစ်၊ ပုညာဘိသင်္ခါရဘဲ ဖြစ်ဖြစ်၊ ဘယ်သူ့အကြောင်းရင်းခံကြောင့် ဖြစ်တယ်။ အဝိဇ္ဇာ မဟုတ်ပါလား။ ဒါကြောင့် အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာအကြောင်းရင်းခံကြောင့်။ သင်္ခါရာ၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဘဝအရင်းအနှီး စုဆောင်းမိသောအားဖြင့် ဖြစ်ပွား၍နေကြလေကုန်၏။ အကုသိုလ်လုပ်တာ၊ ကုသိုလ်လုပ်တာ၊ ဈာန်လုပ်တာတွေဟာ ဘဝအရင်းအနှီးစုဆောင်းတာတဲ့။ နောင်ဘဝသွားစရာမရှိမှာစိုးလို့ ရိက္ခာယူထားတယ် ဆိုပါတော့။

ဒါကြောင့် သမ္ဘဝန္တိ၊ အရင်းအနှီး စုဆောင်းမိသောအားဖြင့် သတ္တဝါတို့သန္တာန်မှာ ဖြစ်ပွား၍ နေကြကုန်၏။ အေး…အဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်တာဟာ ဘယ်လိုလဲဆိုလျှင် မြတ်စွာဘုရား ဇေတဝန်ကျောင်းမှာသီတင်းသုံးတော်မူစဉ်အခါတုန်းက သာဝတ္ထိပြည်မှာ ကောကအမည်ရှိသော ခွေးမုဆိုးတစ်ယောက်ရှိတယ်။ စာကတော့ သုနခလုဒ္ဒ ခေါ်တယ်။ အဲဒီကောကအမည်ရှိသောခွေးမုဆိုးသည် မြို့ထဲကခွေးတွေနဲ့ အမဲရှာထွက်လာတဲ့အခါ လမ်းမှာ ဆွမ်းခံဝင်တဲ့ရဟန်းနဲ့တွေ့တော့ ကနေ့ ငါ့မင်္ဂလာမရှိဘူး။ ငါကနေ့တော့ ဘာကောင်မှရမှာမဟုတ်ဘူး၊ သူ့မင်္ဂလာနဲ့သူကိုး။ ရဟန်းမြင်တော့ အတိတ်မကောင်းဘူးပေါ့။ အတိတ်မကောင်းလို့ရှိလျှင်ဖြင့် အကျိုးပေးမကောင်းတော့ဘူး။ သူ့အယူကလေ။ ၃၆–ကောင်ထိုးသလို အတိတ်ကလည်းယူရသေးတာကိုး။ ၃၆–ကောင်ထိုးတော့ အတိတ်ယူရသေးတယ် မဟုတ်လား။

အေး…မိန်းမနှစ်ယောက် လမ်းကိုရောက် ဆေးလိပ်သောက်၍ သွားလေပြီတဲ့။ ၃၆–ကောင် အတိတ်ပေးပုံကလေ။ ပြီးတော့ ဘယ်လမ်းကြည့်ထိုး။ အေး…၃၆–ကောင်ဟာ အတိတ်နဲ့ထိုးရတယ် မဟုတ်လား။ မုဆိုးကလည်း အတိတ်နဲ့ ခွေးတွေတပြုံကြီးနဲ့ မြို့ထဲကထွက်လာ လမ်းမှာဆွမ်းခံဝင်တဲ့ရဟန်းတစ်ပါးနဲ့တွေ့တဲ့အခါကျတော့ စိတ်မကောင်းဘူး။ သူယုတ်မာနဲ့ တွေ့တယ်၊ ဦးပြည်းခေါင်းတုံးနဲ့ တွေ့တယ်။ ငါ ကနေ့တော့ ဘာကောင်မှရမှာမဟုတ်တော့ပါဘူးလို့ မုဆိုးကစိတ်ဆိုးပြီး တောထဲခွေးတွေတပြုံကြီး

https://www.thitsarparamisociety.com/



နဲ့ အမဲလျှောက်လိုက်တဲ့အခါကျတော့ သူထင်တဲ့အတိုင်းဘဲ သားကောင်တစ်ကောင်မှ မရခဲ့ဘူး။ စိတ်ညစ်ညစ်နဲ့ လှည့်ပြန်လာတဲ့အခါ ဒီရဟန်းက လည်း မြို့ထဲမှာ ဆွမ်းခံပြီးလို့ ဆွမ်းပါစားသောက်ပြီး မြို့ထဲကကျောင်းပြန်လာတဲ့အခါ တွေ့ကြပြန်ရော။ အသွားတုန်းကလည်း သူနဲ့တွေ့လို့ ဘာကောင်မှ မရဘူး။ ယခု သူနဲ့တစ်ခါတွေ့ပြန်ပြီ။ သူ့တော့ဖြင့် ဒီအတိုင်းထားလို့ မဖြစ်ဘူး။ ခွေးစာကျွေးမှဘဲလို့ ခွေးတွေနဲ့ တခါထဲလိုက်တယ်။ ကိုင်း... ကိုက်ကြဟေ့။ ဒီရဟန်းသူယုတ်မာကို မင်းတို့ကိုက်စားကြ။ မင်းတို့ကို ငါအစာကျွေးတာဘဲဆိုပြီး ခွေးတွေနဲ့တိုက်တယ်။ မလုပ်ပါနဲ့တကာ။ မလုပ်ပါနဲ့လို့ တောင်းပန်ရှာတယ်။ သူက သိပ်စိတ်ဆိုးပြီး ဒေါသထနေတဲ့အတွက် အတင်းအဓမ္မ ခွေးနဲ့တိုက်တော့ ရဟန်းကိုယ်တော်မြတ်က သစ်ပင်ငွကြား တသူမြင့်တဲ့အရပ်ကိုတက်ပြေးတယ်။ တသူ့ဆိုတာ လက်ခုပ်တစ်ဖောင် ဟုတ်လား။ လက်ခုပ်တစ်ဖောင်လောက် မြင့်တဲ့သစ်ပင်ငွကြားတက်ပြီး နေတော့ သစ်ပင်ပေါ်တက်ပြီးနေတဲ့ကြောင်ကို ခွေးဝိုင်းသလို သစ်ပင်ပေါ်တက်နေတဲ့ ရဟန်းကို အောက်ကမုဆိုးခွေးတွေက ဝိုင်းဝိုင်းလည်လို့ ကိုက်မယ်၊ ခဲမယ်၊ စားမယ် ဖြစ်နေတာကိုး။ ဒီတော့ မုဆိုးက အောင်မယ်...သစ်ပင်ပေါ်တက်ပြေးတော့ လွတ်စတမ်းလားဆိုပြီးတော့ မြားဦးနဲ့ ခြေဖဝါးကိုထိုးတယ်တဲ့။ မြားဦးနဲ့ခြေဖဝါးကိုထိုးတော့ မလုပ်ပါနဲ့တကာရယ်လို့ပြောတော့ ပြောလို့လည်းမရ။ နာတာနဲ့ခြေထောက်တစ်ဖက်ကို အပေါ်တင်တော့ ကျန်တဲ့ခြေထောက်တစ်ဖက်ကို တဖန်ထိုးပြန်တယ်။ ဒီတော့ ခြေထောက်နှစ်ဖက်စလုံး မြားနဲ့ထိုးထားတော့ ကိုယ်တော်မြတ်မှာ မသက်သာဘူး။

မြားဒဏ်ရာကအင်မတန်ပြင်းထန်တော့ သတိမေ့ပြီးတော့ အဲဒီ ရုံထားတဲ့သင်္ကန်းတွေကကွာကျတယ်။ ရုံထားတဲ့သင်္ကန်းကွာကျတော့ ဒီသင်္ကန်းက တစ်ခါထဲ မုဆိုးခေါင်းပေါ်အုပ်ကျတာဘဲ။ မုဆိုးခေါင်းပေါ် အုပ်ကျတော့ ခွေးတွေက ရဟန်းလိမ့်ကျလာပြီမှတ်ပြီးတော့ အဲဒီ သင်္ကန်းထဲဝင်ပြီးတွယ်ပါရော။ ဟင်...ယောရောရှိ၊ ယောရောရှိပေါ့ ဟုတ်လား။ ဘယ်လောက်ကောင်းသလဲလို့ ဟာ...စားလိုက်ကြတာ ဘာပြောကောင်းမလဲ။ အရိုးသာကျန်တော့တယ်။ အရိုးကျန်တော့မှ သင်္ကန်းထဲက ပြန်ထွက်လာတော့ အပေါ်ကရဟန်းက သစ်ကိုင်းခြောက်ချိုးပြီး ခွေးတွေကို ခြောက်တယ်။ ဒီအ

https://www.thitsarparamisociety.com/



ခါကျတော့ ဒို့သခင် ဒို့စားမိပြီလို့သိတော့ ခွေးတွေ တခါထဲ တောထဲဝင် သွားတယ်။

ခွေးတွေ တောထဲဝင်သွားတဲ့အခါကျတော့မှ ရဟန်းက သစ်ပင် ပေါ်က ဆင်းလာပြီး ငါ့သက်န်းအတွက်နဲ့ ဒီမုဆိုးသေရရှာတယ်။ ငါ့မှာ သီလမှ ရှိပါသေးရဲ့လား။ ငါ ရဟန်းမှ ဟုတ်ပါသေးရဲ့လားလို့ ကုက္ကုစ္စ သံသယ ဖြစ်ပြီးတော့ မြတ်စွာဘုရားထံ လျှောက်တယ်တဲ့။ အရှင်ဘုရား... တပည့်တော် ဒီလို ဒီအကြောင်း ဖြစ်ခဲ့ပါတယ်ဘုရား။ တပည့်တော် သက်န်း အတွက်နဲ့ ဒီမုဆိုးဟာ အသက်ဆုံးရှုံး သွားပါတယ်။ တပည့်တော်၏သီလ ကောင်းမှကောင်းပါသေးရဲ့လား။ တပည့်တော် ရဟန်းမှဟုတ်ပါသေးရဲ့လား။ အဲဒီလို လျှောက်ထားတော့ ချစ်သားတဲ့...။ မင်းမှာ ဘာအပြစ်မှ မရှိပါဘူး။ ဒီမုဆိုးဟာ ယခုမှသာလျှင် မင်းကို ညှင်းဆဲနှိပ်စက်တာမဟုတ်ဘူး။ ရှေးအ တိတ်ကလည်း ညှင်းဆဲနှိပ်စက် ခဲ့ဖူးပါတယ်တဲ့။

ဒီမုဆိုးဟာ ရှေးအတိတ်တုန်းက ဆေးဆရာဖြစ်ခဲ့ဖူးပါတယ်။ ဆေး ဆရာဖြစ်တော့ ရွာတစ်ရွာဝင်ပြီး ဆေးကုရအောင်သွား၊ လူမာကလည်းရှား ပါးတဲ့အချိန်အခါဖြစ်နေတော့ ဆေးကလည်းမကုခဲ့ရ၊ ထမင်းကလည်းဆာ၊ ငါ့ထမင်းစားဖို့ ဘယ်လိုလုပ်ရပါ့မလဲလို့ စိတ်ကူးပြီး ရွာပြင်ထွက်လာတော့ သစ်ပင်အောက်မှာ ကလေးတွေစုပြီး ကစားနေကြတယ်တဲ့။ သစ်ခေါင်းထဲ ကမြွေက ခေါင်းကလေးအပြင်ထွက်ပြီးတော့ ထောင်ကြည့်တယ်တဲ့။ ခေါင်း ကလေးအပြင်ထွက်ပြီး ထောင်ကြည့်နေတော့ ငါတော့ထမင်းစားရပေါက် ရတော့မယ်။ ကောင်လေးတွေမြွေကိုက်လို့ ငါဆေးကုရရင် ငါ့ထမင်းစား ရမယ်ကိုး။ ဟေ့...ကောင်လေးတွေ ဟောဟိုမှာ ကြက်တူရွေးကလေးတွေ သစ်ခေါင်းထဲကထွက်နေတယ်။ တွေ့သလားဆိုတော့ ကလေးတွေက အ ဟုတ်မှတ်တာပေါ့။ ကလေးတစ်ယောက်က တက်ကရော၊ တက်ပြီးတော့ လည်ပင်းဆွဲဆုပ်ပြီး ထုတ်လာတော့ ကြက်တူရွေး မဟုတ်ဘူး။ မြွေဖြစ် နေတယ်။ ဟာ...မြွေဖြစ်တော့ ကလေးကလန့်အော်ပြီး ပစ်ချလိုက်တော့ အဲဒီဆေးဆရာပုခုံးပေါ်ကျတယ်။ ပုခုံးပေါ်ကျတဲ့အခါကျတော့ တခါထဲ လည်ပင်းပတ်ပြီးတော့ မြွေက မလွတ်တမ်းကိုက်လိုက်တော့ ဆေးဆရာ သေရော။

https://www.thitsarparamisociety.com/



ဟော…အခုဒီဘဝမှာ ကောကအမည်ရှိသော ခွေးမုဆိုး ဖြစ်တာ ဒီဆေးဆရာဘဲတဲ့။ သူက ဘဝဆက်တိုင်း ဆိုးလာတာတဲ့။ ယော၊ အကြင် သူသည်။ အပ္ပဒုဋ္ဌဿ၊ တစ်စုံတစ်ယောက်သော သူကိုမှ မပြစ်မှားသော။ သုဒ္ဓဿ၊ ကိလေသာမှ စင်ကြယ်သော။ အနင်္ဂဏဿ၊ ကိလေသာမှကင်းသော။ နရဿ ပေါသဿ၊ သူတော်ကောင်းအား။ ဒုဿတိ၊ ပြစ်မှား၏။ ပါပံ၊ မ ကောင်းမှုကံသည်။ တမေဝဗာလံ၊ ထိုလူမိုက်သို့သာလျှင်။ ပစ္စေတိ၊ ပတိတေ၊ တဖန်ပြန်၍ရောက်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း။ ပဋိဝါတံ၊ လေညာသို့။ ခိတ္တော၊ ပစ်အပ်သော။ သုခုမောရဇောဣဝ၊ မြူမှုံကဲ့သို့တည်း။ ဟော…… လက်နဲ့ဆုပ်ပြီး မြူမှုံကို လေညာပစ်လိုက်တဲ့အခါကျတော့ ဒီမြူမှုံဟာ ကိုယ့် ပြန်ပြီးထိသကဲ့သို့ ဘယ်သူကိုမှ မပြစ်မှားသော သူတော်ကောင်းတစ်ယောက် ကို ပြစ်မှားတဲ့လူမိုက်ဟာ ဒီအပြစ်ဟာ သူ့ဘဲပြန်ပေးတာတဲ့။

သူများကိုညှင်းဆဲလို့ရှိလျှင် သူများမကောင်းကြံလျှင် ကိုယ့်မှာ ဘေး ဆိုးထိတတ်တာပေါ့။ ဒီဆေးဆရာဟာ ကလေးတွေ မြွေကိုက်မခံရ၊ သူမြွေ ကိုက်ခံရပြီး သေရတယ်မဟုတ်လား။ မုဆိုးလည်း ရဟန်းခွေးစားမခံရဘဲနဲ့ သူ့ခွေးစားခံရတယ် မဟုတ်လား။ အဲဒီရဟန်းဟာ မြတ်စွာဘုရား အဲဒီ တရားဟောတော်မူခြင်းကြောင့် ရဟန္တာ ဖြစ်သွားသတဲ့။

အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှု အဝိဇ္ဇာကြောင့်။ သင်္ခါရာ၊ ရဟန်းတွေ ကို ခွေးနဲ့တိုက်တဲ့သင်္ခါရ၊ ရဟန်းခြေဖဝါးကို မြှားနဲ့ထိုးတဲ့ အကုသိုလ် သင်္ခါရတို့သည်။ သမ္ဘဝတိ၊ ဖြစ်ပွားပေါ်ပေါက်လာကုန်၏။ အဲဒီ မုဆိုးမိုက် မှားတာကို အကြောင်းခံလို့ အကုသိုလ်သင်္ခါရ ဖြစ်ရတာလည်း အဝိဇ္ဇာကို အကြောင်းခံလို့ ဖြစ်တာမဟုတ်လား။

ဒွါရဝတီပြည်က အင်္ဂုရအမှူးပြုတဲ့ ကုန်သည်တွေ တိုင်းတပါးကို ကုန်ရောင်းသွားကြတော့ လမ်းမှာအစာရေစာပြတ်ပြီးတော့ တောထဲရောက် သွားတယ်။ သစ်ပင်ကြီးတစ်ပင်အောက်ကျတော့ ရေကလည်းငတ်၊ ထမင်း ကလည်းဆာ၊ ဒီတော့ သူတို့ကဘယ်လိုအောက်မေ့သလဲ။ သြော်……ဒီသစ်

https://www.thitsarparamisociety.com/



ပင်ကြီးမှာ တန်ခိုးကြီးတဲ့နတ်များရှိပါမူ ဒို့ကို စောင့်ရှောက်ကယ်မ,ပါစေ သားလို့ အဲဒီလိုအောက်မေ့တယ်။ အဲဒီတော့ ရုက္ခစိုးနတ်မင်းကြီး သစ်ပင်ကထွက်လာပြီးတော့ သင်တို့ ဘာအလိုရှိသလဲလို့မေးတယ်။

အရှင်နတ်မင်းကြီး ကယ်မနိုင်လျှင် ကယ်မတော်မူပါ။ ကျွန်ုပ်တို့ ရေငတ်လွန်းလို့ သေရချည်ရဲ့လို့ပြောတော့ ဒီလိုဆို လက်ညှိုးက ရေကျစေသတည်းလို့ ရေတွေ ချလိုက်တယ်။ ရေတွေ တခါထဲ ကျလာတယ်။ လှည်းကုန်သည်ငါးရာ သောက်လို့မကုန်ဘူး။ ချိုးချင်တိုင်းချိုး၊ ကုန်သည်တွေ သောက်လောက်အောင် ချိုးလောက်အောင်ပေါ့လေ။

ကိုင်း...ရေတော့ ချိုးသောက်ပြီးပြီ။ အစာအဟာရများ စားရလျှင် ကောင်းလေစွ နတ်မင်းကြီးရယ် ကယ်မ,ပါအုံး။ ကျွန်တော်တို့ အားပြတ်ကုန်ပြီ ဆိုတော့ ဒီလက်ညှိုးကနေပြီးတော့ ထမင်း၊ မုန့်၊ ငါးအစရှိတဲ့ ကောင်းပေ့ဆိုတဲ့ အစာအဟာရတွေ ချပေးလိုက်တယ်။ အဲဒီတော့မှ စားချင်တိုင်းစား၊ ရေမိုးချိုးပြီး အိပ်ရာနေရာကောင်းများ ရလျှင်ဖြင့် စိတ်ကူးပြီ နတ်မင်းကြီး ကျွန်ုပ်တို့ကို အိပ်ဖို့နေရာများ မ,စနိုင်ရင် မ,စတော်မူပါလို့ဆိုတော့ သင်ဖြူး၊ ခေါင်းအုံး၊ ခြင်ထောင်၊ စောင် အစရှိသည်တို့ကို လက်ညှိုးကနေပြီး ချလိုက်တယ်။ ခေါင်းအုံး၊ ခြင်ထောင်တို့ ဘာမှကို လိုလေသေးမရှိ။ သစ်ပင်အောက်မှာ ဒီကုန်သည်တွေ အကုန်လုံး အိပ်လောက်တယ်။

အားရအောင် အိပ်ပြီးတဲ့အခါကျတော့မှ အရှင်နတ်မင်းကြီး...။ အရှင်နတ်မင်းကြီး တန်ခိုးကြီးလှပါပေတယ်။ အရှင်နတ်မင်းကြီးဟာ တာဝတိံသာနတ်ပြည်က သိကြားမင်းကြီးပါလား။ စတုမဟာရာဇ် နတ်မင်းကြီးလေး ယောက်ထဲကပါလား။ အရှင်နတ်မင်းကြီးရဲ့အမျိုးဇာတိကို ကျွန်တော်တို့ကို ပြောပြပါဆိုတော့ ငါဘယ်နတ်ပြည်ကမှ နတ်မင်းကြီး မဟုတ်ဘူး။ ငါဒီသစ်ပင်က ရုက္ခစိုးနတ်ဘဲ။ သစ်ပင်က ရုက္ခစိုးနတ်ဆိုလျှင်ဖြင့် ရှေးအတိတ်ဘဝက ပြုခဲ့တဲ့ကောင်းမှုများ ကျွန်ုပ်တို့ကို သနားသဖြင့် ပြောကြားပါလို့ဆို

https://www.thitsarparamisociety.com/



တော့...။ ကပ်ကပ်သပ်သပ် မမေးကြနဲ့ကွယ်။ ရှက်စရာကြီး မပြောချင်ဘူး လို့ ဆိုသတဲ့။ ဘာဖြစ်လို့လည်းဆိုတော့ ငါပြုခဲ့တဲ့ကုသိုလ်ကလေးက နည်းနည်းလေးဘဲ။ ဒါကြောင့် ကုသိုလ် သေးငယ်သည့်အတွက်ကြောင့် မပြောချင်ဘူး။ ရှက်တယ်။ သေးသေး,ကြီးကြီး ကုသိုလ်ဆိုတာ ပြောကောင်းပါတယ် အရှင်နတ်မင်း၊ ကျွန်ုပ်တို့လည်း အတုခိုးရအောင် ပြောတော်မူပါ။

အေး...မင်းတို့တောင်းပန်လို့ရှိလျှင် ငါပြောတာပေါ့ကွာ။ ရှေးအခါ တုန်းက ဝိသယှသူဌေး ဆိုတာရှိသကွာ။ အဲဒီ ဝိသယှ သူဌေးမင်းဟာ ထမင်းရေ ချောင်းစီးအောင် အလှူကြီးပေးတဲ့အခါကျတော့ အလှူခံပုဂ္ဂိုလ် တွေ လာကြတယ်။ အဲဒီ ဝိသယှသူဌေးရဲ့ အလှူမဏ္ဍပ်၊ အလှူတင်းကုတ် ကို မသိကြလို့ ငါ့ကိုမေးကြတယ်။ ဝိသယှသူဌေးရဲ့မဏ္ဍပ်ကို ဘယ်ကသွား ရသလဲမေးတော့ ငါကကောင်းကောင်းမွန်မွန် ကြည်ကြည်သာသာ ရွှင်ရွှင် ပြုံပြုံနဲ့ ဟေ့...ဟောဒီလမ်းကသွားကြ အမောင်တို့လို့ အဲဒီလို လက်ညှိုး ထိုးပြီး ပြခဲ့တဲ့ကုသိုလ်လေးအတွက်နဲ့ ဒီလက်ညှိုးဟာ အကျိုးပေးနေတာ။ အဲဒါကြောင့် ကုသိုလ်လေးက သေးငယ်လွန်းလို့ ငါ,ရှက်လွန်းလို့ မပြော ပါရစေနဲ့လို့ ပြောသတဲ့။

ဒီတော့ ကုသိုလ်လေးဟာ မသေးငယ်ဘူးလား။ ပေးတဲ့ကုသိုလ်က မကြီးကျယ်ဘူးလား။ အဲဒါကြောင့် ကုသိုလ်ဆိုတာ နည်းတယ်မအောက်မေ့ ပါနဲ့။ တံစက်မိတ်အောက် ထားတဲ့ရေအိုးဟာ တစ်စက်တစ်စက် မိုးပေါက် ကျပါများတော့ အိုးပင်ကြီးသော်လည်း ရေမပြည့်ဘူးလား။ အေး...ထိုနည်း တူစွာ ကုသိုလ်ဆိုတာ နည်းတယ်များတယ် မအောက်မေ့နဲ့။ နည်းရောင်း များရောင်း တောင်ပြည့်ဆိုသလို နည်းနည်းကလေးလည်းပြု။ များများကြီး လည်းပြု။ ကြပ်ကြပ်ပြုပါ။ များတဲ့အခါကျတော့ ဒီကုသိုလ်တွေဟာ ပြည့် လျှံပြီးတော့ လာပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက...

မာဝမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒု နိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။

https://www.thitsarparamisociety.com/



ဓိရောပူရတိ ပုညဿ၊ ထောကံ ထောကံပိ အာစိနံ။ လို့...ဟော တော်မူတယ်။

မန္ဒံ၊ အနည်းငယ်သော။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ နအာဂ မိဿတိ၊ အကျိုးပေးလိမ့်မည် မဟုတ်။ ဣတိ၊ ဤသို့။ ပုညဿ၊ ကုသိုလ် ကောင်းမှုကို။ မာဝမညေထ၊ မအောက်မေ့ကြပါလင့်။ ဒီကုသိုလ်ငယ်ငယ် ကလေးဟာ အကျိုးကောင်းကောင်းပေးမှာ မဟုတ်ဘူးလို့ ဒီလိုမအောက် မေ့ပါနဲ့။ ဥဒဗိန္ဒုနိပါတေန၊ ရေပေါက်ကျပါများသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသော်မှလည်း။ ပူရတိယထာ၊ ပြည့်လာသကဲ့သို့။ ဇေ၀တထာ၊ ထို့အတူ။ ထောကံထောကံ၊ အတန်ငယ် အတန်ငယ်။ အာစိနံ၊ ဆည်းပူး ပါများသည်ရှိသော်။ ဓိရော၊ ပညာရှိသည်။ ပုညဿ၊ ကုသိုလ်ကောင်းမှု ဖြင့်။ ပူရတိ၊ ပြည့်လျှံ၍ လာနိုင်၏။ မြတ်စွာဘုရားက ဒီလိုဆုံးမခဲ့တယ် မဟုတ်လား။ အဲ...ကုသိုလ်ကောင်းမှုဆိုတာ ငယ်တယ် နည်းတယ် များတယ် ဒီလို မအောက်မေ့နဲ့တဲ့။

အဲဒီတော့ ဒီ ရက္ခစိုးနတ်မင်းကြီးဝတ္ထုမှာ ဝိသယှသူဌေး၏ အလှူ မဏ္ဍပ်ကို သွားရာလမ်းခရီးကို ဒီလမ်းကို သွားကြလို့ ကုသိုလ်စိတ်နဲ့ လက် ညှိုးညွှန်ပြခဲ့တာ၊ အဲဒီ လက်ညှိုးညွှန်ပြခဲ့တဲ့လူ့ရဲ့ ဝမ်းထဲမှာ အဝိဇ္ဇာမရှိဘူး လား။ ရှိပါတယ်။ အဝိဇ္ဇာရှိတော့ အဲဒီ အဝိဇ္ဇာတန်းလန်းကြီးနဲ့ ဒီကိုသွား ကြပေ့...လို့ လက်ညှိုးညွှန်ပြလိုက်တဲ့အခါ အဝိဇ္ဇာဟူသောအကြောင်းကြောင့် လက်ညှိုးညွှန်ပြတဲ့ ပုညာဘိသင်္ခါရ မဖြစ်ဘူးလား။ ကာယကံကုသိုလ် မခေါ်နိုင်ဘူးလား။

ဒါကြောင့် အဝိဇ္ဇာကြောင့်လည်း ပုညာဘိသင်္ခါရ ဖြစ်တယ်။ အဝိဇ္ဇာ ကြောင့်လည်း အပုညာဘိသင်္ခါရ အကုသိုလ်ဖြစ်တယ်။ ဒီလိုမဟုတ်လား။ ကုသိုလ်ဖြစ်ရာ အကုသိုလ်ဖြစ်ရာ အားလုံးကုန်မှာ အဝိဇ္ဇာအကြောင်းရင်းခံ လို့ ဖြစ်ကြတာတဲ့။ ဒီလို သာသနာပ ဗာဟိရအခါမျိုးမှာ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ်၊ ဘာတုန်း။ အဝိဇ္ဇာအကြောင်းရင်းခံလို့ သင်္ခါရဖြစ်တယ်။ အဝိဇ္ဇာအကြောင်းရင်းခံလို့ အကုသိုလ်သင်္ခါရ ဖြစ်တာတော့ ထားပါတော့။

https://www.thitsarparamisociety.com/



ကုသိုလ်သင်္ခါရကျတော့ သာသနာပဗာဟိရက အဝိဇ္ဇာ အကြောင်းရင်းခံလို့ ကုသိုလ်သင်္ခါရ ဖြစ်တာနဲ့ ယခု သာသနာတော်တွင်းမှာ ကုသိုလ်သင်္ခါရဖြစ်တာ ရောနေကြတယ်။

တချို့ပုဂ္ဂိုလ်တွေက မင်းတို့ဒါနတွေလုပ်၊ သင်္ခါရဖြစ်မှာပေါ့။ မင်းတို့သင်္ခါရနယ်ထဲက လွတ်နိုင်ပါ့မလား။ ဒီလိုပြောကြတယ်။ သာသနာပ၊ သာသနာတွင်းတော့ မစဉ်းစားဘူး။ သာသနာတွင်းမှာ သင်္ခါရ ဖြစ်ပေမယ်လို့ သာသနာတွင်းဖြစ်တဲ့ သင်္ခါရက ဘာနဲ့ဆက်သွယ်တယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်နဲ့ဆက်သွယ်တယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်မရောက်မီစပ်ကြား လူ့ဘဝ၊ နတ်ဘဝတွေကို နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုတယ်။ လူ့ပြည် နတ်ပြည် ရောက်နိုင်တယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ဆိုတဲ့ လောကုတ္တရာတရားကျတော့ ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်။ ဒီတော့ သာသနာတွင်းသင်္ခါရက ကြောက်စရာလားလို့၊ သာသနာတွင်းသင်္ခါရက ကြောက်စရာမဟုတ်ပါဘူး။

ဒီ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်နဲ့ဆက်သွယ်မိတဲ့ သင်္ခါရမျိုးကိုမှ မပြုဘဲနဲ့ လူ့စည်းစိမ် နတ်စည်းစိမ်ရဖို့၊ လူနတ်ဖြစ်ဖို့လောက်၊ ဘုံသုံးပါးမှာ ဖြစ်ဖို့လောက်ကို အာရုံပြုနေလျှင်တော့ဖြင့် သင်္ခါရလောက်ဘဲ နေမှာပေါ့။ ယခု ပြုကြတာကတော့ ဒီလိုမဟုတ်ပါဘူး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ဆုတောင်းလို့ စိတ်ထဲကမလိုချင်သော်လည်း လူကြားကောင်းအောင်တော့ ဟို နောက်ဆုံးပိတ် ခံစား,စံစားလို့ ဆုံးတဲ့ဘဝကျတော့ နိဗ္ဗာန်ကို ရရပါလို၏ဘုရားလို့ မတောင်းလား။ အေး...သာသနာပမှာ ဒီလိုတောင်းရမှန်း သိပါ့မလား။ မသိပါဘူး။ အေး...ဒီတော့ သာသနာတော်တွင်မှာ ပြုပြုသမျှ ကုသိုလ်တွေဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရဖို့ချည်း ပြုကြတာ မဟုတ်ဘူးလား။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချည်း ပြုကြသော် သင်္ခါရပေမယ်လို့ ကြောက်စရာဟုတ်ပါ့မလား။

ပင်လယ်ထဲမှာ သင်္ဘောပျက်လို့ ထောက်ရတည်ရာမရတဲ့ လူတစ်ယောက်အနားကို ဆင်သေကောင်ပုပ်ကြီး မျောလာတယ်ဆိုပါတော့။ ပုပ်စော်

https://www.thitsarparamisociety.com/



နံ့လို့ တက်မစီးဘူးဆိုလျှင် သေဘို့ဘဲ ရှိတာပေါ့။ နံ့ချင်နံ့ပါစေ။ တက်သာစီး၊ တက်စီးလျှင် ရေမနစ်တော့ဘူးပေါ့။ ဒီ ဆင်သေကောင်ပုပ်ကြီးနဲ့ ပင်လယ်ထဲ လျှောက်မလည်စေနဲ့။ ကမ်းနားကို ရောက်အောင် မြန်မြန်ယက်သွား၊ ဒီတော့ သင်္ခါရကုသိုလ် ဆိုတဲ့ ဆင်သေကောင်ပုပ်ကြီး စီးပြီးတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုတဲ့ကမ်းနားကို မြန်မြန်ယက်သွားလျှင် ကောင်းတာပေါ့။ မြန်မြန်ယက်မသွားဘဲနဲ့ ဒီအထဲမှာချည်းဘဲ ဆင်သေကောင်ပုပ်ကြီး စီးပြီးတော့ လည်နေလျှင်၊ တော်တော်ကြာတော့ ဆင်သေကောင်ပုပ်ကြီး ပျက်ပြီးတော့ ပင်လယ်ထဲနစ်အုံးမှာဘဲ။

ဥမ္မာဒန္တီ အရှုံးမ ဆင်စီးမှားသလို မလုပ်ကြနဲ့တဲ့။ ရှေးဆရာတော်ကြီးတွေ ဆုံးမခဲ့တယ်။ အဲဒီစကားက ဘယ်လိုဟာလဲ။ ပုညာဘိသင်္ခါရ သက်နှံးကပ်လှူတဲ့ကုသိုလ်ဟာ ဆင်သေကောင်ပုပ်ကြီးပေါ့။ သက်နှံးကပ်လှူတဲ့ ကုသိုလ်တည်းဟူသော ပုညာဘိသင်္ခါရ ဆင်သေကောင်ပုပ်ကြီးကို ဥမ္မာဒန္တီလောင်းက နှစ်နှစ်သက်သက်နဲ့ ဆုတောင်းပြီး ပြုခဲ့တာကိုး။ သူ့ဆုတောင်းက ဘယ်လိုလဲ။ အရှင်ဘုရား ဤသက်နှံးကပ်လှူသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်မကို မြင်သမျှယောကျ်ားတွေ အကုန်လုံး အရှုံးဖြစ်အောင် လှတဲ့ ထိပ်သီးမကလေး ဖြစ်ရပါစေသားတဲ့။ မကောင်းဘူးလား သူ့ဆုတောင်းက။

ဒီတော့ သူ့ရဲ့သက်နှံးလှူရတဲ့သင်္ခါရဟာ ဆင်သေကောင်ပုပ်သင်္ခါရ မဟုတ်ဘူးလား။ အဲဒီ ဆင်သေကောင်ပုပ်သင်္ခါရကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ရောက်ရပါစေသား...လို့ ဆုတောင်းမထားတော့ ပုညာဘိသင်္ခါရ ဆင်စီးမမှားဘူးလားလို့။ အေး...ဥမ္မာဒန္တီအရှုံးမ ဆင်စီးမှားသလို မလုပ်ကြနဲ့လို့ ရှေးဆရာတော်ကြီးများက ဆုံးမကြတာလေ။ အဲ...သူ့ဆုတောင်းအတိုင်း ဥမ္မာဒန္တီဟာ ရှုံးလောက်အောင်ဘဲ လှတယ်ဆို။

သိဝိတိုင်းမှာ တိရိဋ္ဌိဝစ္ဆ အမည်ရှိသော သူဌေးကြီးမှာ ဥမ္မာဒန္တီ အမည်ရှိတဲ့ သမီးတစ်ယောက်ရှိတယ်။ သမီးဥမ္မာဒန္တီဟာ သူရှုံးတာမဟုတ်

https://www.thitsarparamisociety.com/



ဘူး။ သူ့မြင်တဲ့ယောကျ်ားတွေ ရူးတာ။ သူ့မြင်တဲ့ယောကျ်ားတွေ ရူးလောက်အောင် လှသောကြောင့် သူဌေးကြီးက သူ့သမီးကို ဥမ္မာဒန္တီ လို့ အမည်မှည့်တယ်။ ဘုရားလက်ထက်က အဲဒီလိုနာမည်တွေဟာ မှည့်ရိုးရှိတယ်။ တကာမကြီးတစ်ယောက်က သူ့သမီးကို ကာဏာလို့ မှည့်တယ်။ မြန်မာလိုက အကန်းမ။ ဘာဖြစ်လို့လဲ။ ယောကျ်ားတွေဟာ ဒီမိန်းမကိုမြင်လျှင် ဘာမှ မသိတော့ဘူး။ အကန်းလို ဖြစ်သွားတယ် မဟုတ်လား။ ယောကျ်ားတွေ မြင်လိုက်လျှင် အကန်းလိုဖြစ်သွားအောင် အဲဒီလောက်လှတဲ့မိန်းမဖြစ်ခြင်းကြောင့် သူ့သမီးကို ကာဏာ,အကန်းမလို့ မှည့်သတဲ့။ ရှေးက မှည့်ရိုးထုံးစံကလေ။ ဥမ္မာဒန္တီအရူးမဆိုတာ ဥမ္မာဒန္တီ ရူးတာမဟုတ်ဘူး။ သူ့မြင်တဲ့ယောကျ်ားတွေ ရူးတာ။

အေး…တိရိဋ္ဌိဝစ္ဆ အမည်ရှိတဲ့ သူဌေးကြီး၏သမီး ချောတယ်။ လှတယ်လို့ ရှင်ဘုရင်ရွှေနားတော် မကြားပေဘူးလား။ အဲဒီသိဝိမင်းကြီး ရွှေနားတော်ကြားတော့ ပုဏ္ဏားလေးယောက်လွှတ်လိုက်၊ တိရိဋ္ဌိဝစ္ဆသူဌေးကြီး၏သမီး ဥမ္မာဒန္တီ ချောတယ် လှတယ်လို့ ငါ့ရွှေနားတော် ကြားရတယ်။ ကိုင်း…ပုဏ္ဏားတော်များ သွားပြီးတော့ လက္ခဏာကြည့်စမ်းချေ။ ရှင်ဘုရင်က ပုဏ္ဏားလေးယောက်ကို ဥမ္မာဒန္တီရဲ့လက္ခဏာ သွားအကြည့်ခိုင်းတယ်။

ဒီတော့ သူဌေးကြီးက သူ့သမီးကို လက္ခဏာဖတ်လာတဲ့ပုဏ္ဏားတွေ ရှင်ဘုရင်က လွှတ်လိုက်တယ်။ ငါ့သမီးတော့ မိဖုရားဖြစ်ရတော့မှာဘဲ၊ ငါတော့ ရှင်ဘုရင်ယောက္ခမ ဖြစ်ရတော့မှာဘဲဆိုပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ပုဏ္ဏားတွေ ညှော့ခံသကိုး။ ပုဏ္ဏားတွေ ကျွေးမွေးညှော့ခံနေတုန်း ဗြုန်းဆို ဥမ္မာဒန္တီ အခန်းထဲကထွက်လာတယ်။ ဗြုန်းဆို ဥမ္မာဒန္တီ အခန်းထဲကထွက်လာတော့ ပုဏ္ဏားလေးယောက်စလုံး အူကြောင်ကြောင်ဖြစ်နေတယ်။ အောင်ကြူကြူလေ။

တစ်ယောက်ကဘယ့်နှယ်လုပ် ပါးစပ်ကြီးဟပြီး ထမင်းလုပ် ခေါင်းပေါ် ခွံ့၊ တစ်ယောက်က ထမင်းလုပ်ကို တပုတ်ပုတ်နဲ့ ပုတ်နေတယ်။ တစ်

https://www.thitsarparamisociety.com/



ယောက်ကလည်း ပုဇွန်မျက်စေ့လို ပြူးထွက်မတတ်(ခေါ်တောကြည့်)ကြည့်တယ်။ ငေးပြီးတော့ ပုဏ္ဏားလေးယောက် အူကြောင်ကြောင် ဖြစ်မနေကုန်ဘူးလား။

ဒီတော့ ဥမ္မာဒန္တီက ဩော်...ဒါလက္ခဏာဖတ်မဲ့ ပုဏ္ဏားတွေတဲ့လား။ လက္ခဏာဖတ်မဲ့ ပုဏ္ဏားတွေကလည်း တစ်ယောက်မှ အကောင်းမပါဘူး။ အရူးချည်းဘဲ၊ သွား...ငါ့အိမ်ပေါ်မှာမနေနဲ့လို့ ဥမ္မာဒန္တီကနှင်ချတယ်။ နှင်ချတော့ ရှင်ဘုရင်ပုရောဟိတ် ပုဏ္ဏားတွေ အင်မတန်မှ အထက်တန်းကျတဲ့ အထက်တန်းလွှာတွေက ရှက်သွားတယ်။ ရှက်သွားပြီး တခါထဲ ပြန်ဆင်းသွား။ ရှင်ဘုရင်ဆီရောက်တော့ ဘယ်နှယ်လဲ ပုဏ္ဏားတွေ...လို့ ရှင်ဘုရင်ကမေးတော့...လှပါတယ် ဘုရား။ သို့ပေမယ်လို့ ကြက်သရေမရှိပါဘူး၊ အယုတ်မာမလေးပါလို့ ပုဏ္ဏားတွေက သံတော်ဦးတင်တော့ ရှင်ဘုရင်က အဲဒါကို ယုံကြည်ပြီးတော့ မသိမ်းပိုက်တော့ဘူး။ မိဖုရားအဖြစ်နဲ့ မကောက်တော့ဘူး။

မကောက်တော့မှ အဘိပါရက စစ်သူကြီးက,ကောက်လို့ စစ်သူကြီးကတော် ဖြစ်သွားရော။ စစ်သူကြီးကတော် ဖြစ်သွားတဲ့နောက် ရှင်ဘုရင်က ဆင်စီးပြီးမြို့လှည့်တယ်။ ဥမ္မာဒန္တီက အခဲမကြေဘူး။ ဒီပုဏ္ဏားတွေ သံတော်ဦးတင်တာ ဒီရှင်ဘုရင် ယုံရမလား၊ သိစေမယ်ဟဲ့...လို့ ဥမ္မာဒန္တီက ရှင်ဘုရင်အပေါ်မှာ အငြိုးထားတယ်။ ဆင်စီးပြီးတော့ မြို့လှည့်လို့ စစ်သူကြီးအိမ်ရှေ့ရောက်တဲ့အခါကျတော့ ပြူတင်းပေါက်ကလေးဖွင့်ပြီးတော့ ဆင်ပေါ်ကရှင်ဘုရင်ကို ပန်းနဲ့ပက်တယ်။ ပန်းနဲ့ပက်ပြီး မြန်းဆို ပြူတင်းပေါက်ပြန်ပိတ်လိုက်တယ်။ ဟာ...ရှင်ဘုရင်ဟာ ဆင်ပေါ်မှာ မူမေ့သွားတယ်။ မူးမေ့သွားပြီးတော့ ဆက်ပြီး မြို့မလှည့်နိုင်တော့ဘူး။ နန်းတော့ ကတိုက်ကရိုက်နဲ့ပြန်၊ နန်းတော် ကတိုက်ကရိုက်နဲ့ပြန်ပြီး မြွားမှန်တဲ့သမင်လို အိပ်ယာထဲမှာ လူးလိမ့်နေရသတဲ့။ အောင်မလေး...ငါ့ကို ရူးအောင်လုပ်တဲ့ကလေးမ...ဟဲ့။ ရှင်ဘုရင်ကလေ မုဆိုးကြီးမျက်နှာကို သမင်ကြည့်သလို ငါ့ကို မရဲတရဲနဲ့ကြည့်တဲ့ သူငယ်မ...ဟဲ့။ သိဝိမင်းကြီး ရူးပုံပြောတာ။

https://www.thitsarparamisociety.com/



ခုနေ သိကြားမင်းကြီးကလာပြီးတော့ ဆုများပေးမယ်ဆိုလျှင် ငါဘယ်ဆုမှ မလိုချင်တော့ပါဘူး။ ဒီကလေးမကိုသာ အလိုရှိတယ်။ သိဝိမင်းမင်းကြီး ရူးနေတာပြောတာ။ ဟော……ယခုကာလ စစ်သားတွေ ပစ်နေတဲ့ ခြောက်လုံးပြူးဟာ ခြောက်ချက်ဘဲ ထွက်မယ်မဟုတ်လား။ ဥမ္မာဒန္တီက အာရုံခြောက်ပါးနဲ့ပစ်လိုက်တဲ့ခြောက်လုံးပြူးဟာ စိတ်ကူးတိုင်းထွက်နေတယ်။ တဒိန်းဒိန်းနဲ့မှန်နေတာဘဲ။ သိဝိမင်းကြီး ဖြစ်ရပုံပြောတယ်။ အဲဒီလို ဥမ္မာဒန္တီဟာ ဆုတောင်းမမှားခဲ့ဘူးလားလို့။

ရှေးဘဝက ဘာလုပ်ခဲ့သလဲဆိုတော့ အင်မတန်မှ ဆင်းရဲတဲ့ ဆင်းရဲသားရဲ့ သမီးဆိုတော့ အဝတ်နီနီကလေး ဝတ်ပန်းပုဆိုး ဝတ်ချင်လှချည်ရဲ့လို့ ပူဆာတယ်။ ဒို့တော့ ဝတ်ပန်းပုဆိုး မပေးနိုင်ဘူးသမီးရယ်…လို့ ဆိုတော့ သူ့ဟာသူ ဝတ်ပန်းပုဆိုးရရာရကြောင်းရှာတယ်။ ပစ္စည်းရှိတဲ့အိမ်မှာ သွားပြီး ရလိုကြောင်းပြောတော့ ဝတ်ပန်းပုဆိုးဆိုတာ အင်မတန်အဘိုးတန်တယ် သမီးရေ။ ဒို့အိမ်မှာ သုံးနှစ်ကျွန်ခံနိုင်လျှင် ဒီဝတ်ပန်းပုဆိုးပေးမယ်လို့ ပစ္စည်းရှိတဲ့လူကပြောတော့၊ ဟာ…ဒီအဝတ်မျိုးသာဝတ်ရလျှင် သုံးနှစ်ကျွန်ခံပါ့မယ်…လို့။ ဒီ ဝတ်ပန်းပုဆိုးကိုလိုချင်လွန်းလို့ ဥမ္မာဒန္တီလောင်းဟာ သုံးနှစ်ကျွန်ခံသတဲ့။ အဲ…သုံးနှစ်ကျွန်ခံလို့စေ့တဲ့အခါ ဝတ်ပန်းပုဆိုးရတော့ ရေမိုးချိုးပြီးတော့ ဝတ်ပန်းပုဆိုးဝတ်မယ်လို့ မြစ်ဆိပ်သွားတဲ့အခါ ကိုယ်တော်တစ်ပါးက သင်္ကန်းကို ခိုးသူလုယူလိုက်လို့ သစ်ခက်တွေ စီးပြီးတော့ မြစ်ကမ်းနား ရောက်လာတယ်။ သစ်ခက်တွေစီးပြီး မြစ်ကမ်းနားရောက်လာတော့ ဩော်…ဘဝ ဘဝက ကုသိုလ်ကောင်းမှု မပြုခဲ့သည့်အတွက် ဒီဝတ်ပန်းပုဆိုးလေးကြောင့် သုံးနှစ်တိုင်တိုင် ငါ,ကျွန်ခံရတယ်။ ယခု ဒီကိုယ်တော်မှာလည်း သင်္ကန်းကို သူခိုးလုယူလိုက်လို့ သင်္ကန်းလည်း မပါရှာဘူး။ ငါ, မဝတ်တော့ပါဘူး။ ဒီသင်္ကန်း ငါ,လှူပါတော့မယ်လို့ ဝတ်ချင်တဲ့အာသီသကို ဖြတ်ပြီးတော့ ကိုယ်တော်ကို သင်္ကန်းလှူသတဲ့။

ဝတ်ပန်းပုဆိုးကို အာသာဖြတ်ပြီးတော့ သင်္ကန်းလှူတော့ ဒီကြားထဲမှာ ဘာအပြစ်ရှိသလဲ။ ဘာအပြစ်မှ မရှိဘူး။ အဲဒီအခါမှာ သစ်ရွက်တွေ ပယ်ပြီးတော့ ဥမ္မာဒန္တီလှူတဲ့ ဝတ်ပန်းပုဆိုးကို တစ်ထည်ဝတ် တစ်ထည်ရုံ

https://www.thitsarparamisociety.com/



လိုက်တဲ့အခါ နေလုလင် ထွက်လာဘိသကဲ့သို့ ကိုယ်တော်ကလည်း နဂိုက ခပ်ချောချော၊ (ဒို့လိုနဲ့တူပါတယ်)။ သူ့မျက်စိထဲမှာ ဒီဝတ်ပန်းပုဆိုးလေးနဲ့ဒီ ကိုယ်တော်ကလေးဟာ လိုက်,လိုက်တာကိုး။ အဲဒီတော့မှ သူ့ဝမ်းသာဝမ်း မြောက်ဖြစ်ပြီးတော့ ဤသင်္ကန်းလှူရတဲ့ ကုသိုလ်ကောင်းမှုကြောင့် တပည့် တော်မသည် ဖြစ်လေရာရာ ဘဝသံသရာမှာ ဘဝအဆက်ဆက်၌ ယောကျ်ား မြင်တိုင်း ရူးလောက်တဲ့ အလှဘုရင်မကလေး ဖြစ်ရပါစေသား...ဘုရားလို့ ဆုတောင်းသတဲ့။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တော့ မတောင်းဘူး။ သင်္ခါရ ဆင် သေကောင်ပုပ်ကို တောင့်တ,သတဲ့။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ထိအောင် တော့မတောင်းဘဲနဲ့ သံသရာထဲမှာ အကျိုးပေးဖို့လောက်ကိုတောင်းမိတယ်။ ဟော...ခရမ်းချဉ်သီးကို ပတ္တမြားထင်တဲ့လူနဲ့ မတူဘူးလား။ ခရမ်းချဉ်သီး မှဲ့ဟာ အရည်ကောင်းတော့ မလှဘူးလား။ ပတ္တမြားနဲ့တူတယ် မဟုတ်လား။

အေး...ပွဲထဲက မင်းသားရူးပြောသလို ငွေတစ်သောင်းခိုးပြီး အိမ်က ထွက်သွား၊ ထွက်သွားတော့ သူဌေးကြီးက တယ်...ဒီကောင်မိုက်ပါလား၊ ငွေတွေ အလကားဖြုံးပစ်နေတယ်။ ဒီအကောင်လိုသာ ဖြုန်းနေလျှင် ငါတော့ မွဲတော့မှာဘဲ။ မင်းတော်တော်မိုက်ပါလား။ မင်းယူသွားတဲ့ ငွေတစ်သောင်း ဘယ်မှာလဲ။ အဖေက သားကိုပြောတော့ ကျွန်တော်ယူသွားတဲ့ငွေ တစ် သောင်းဟာ အလကားမဟုတ်ပါဘူး ဖေဖေရယ်။ ဘာဖြစ်သလဲ။ အမလေး အရည်ကကောင်းပါဘိနဲ့တော့ ရောမ ပတ္တမြားကြီးတစ်လုံး ကျွန်တော်ဝယ် ခဲ့တယ်။ တစ်သောင်းပေးရတယ်။ ဟာ...အတော်ဘဲငါ့သား။ ယူခဲ့စမ်းပတ္တမြား။ ကျွန်တော် ရာဖြုတ်သွားပြတယ် ဖေဖေရဲ့။ ရာဖြုတ်က မင်းဟာ ပတ္တမြားမ ဟုတ်ဘူး။ ခရမ်းချဉ်သီးလို့ပြောတာနဲ့ ကျွန်တော်ငပိနဲ့နယ်စားပစ်လိုက်ပြီ လို့ ပြောသတဲ့။ ဒီတော့ ခရမ်းချဉ်သီးအမှဲ့ကို ပတ္တမြားထင်တဲ့ လူကဲ့သို့ ဥမ္မာဒန္တီလောင်းဟာလေ ဘာမှမဟုတ်တဲ့ အလှဆုကလေးကို အကောင်း ကြီးထင်ပြီး တောင်းလိုက်တာ။

https://www.thitsarparamisociety.com/



ဒါကြောင့် ရှေးဆရာတော်ကြီးတွေက ဘယ်လိုပြောတယ်။ ဥမ္မာဒန္တီ အရူးမ ဆင်စီးမှားသလို မလုပ်ကြနဲ့...တဲ့။ ဟုတ်ဘူးလား။ ဒီတော့ ယခုလူတွေဟာ ဘာလုပ်ကြမလဲ။ ဒါနပြုပြု၊ သီလပြုပြု၊ ဘာလုပ်လုပ် လုပ်လေသမျှကုသိုလ်လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ နိဗ္ဗာန်တောင်းသာတောင်း မဟုတ်ဘူးလား။ အေး...ကိုယ်အလိုရှိတာလည်း တောင်းတော့တောင်းသေးတာပေါ့လေ။ ကိုယ်အလိုရှိတာတောင်းပြီးတော့မှ နိဗ္ဗာန်တော့ လက်မလွှတ်ကြနဲ့။ ဘာဖြစ်လို့လဲ။ သာသနာတွင်းကြီးမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်အထိတောင်းပြီး လုပ်မှသာလျှင် ဒီသခါရကုသိုလ်က သာသနာနဲ့တွေ့ကြုံရကျိုးနပ်မှာပေါ့။ ဒီလိုမဟုတ်လို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်မတောင်းဘဲနဲ့ ပြုရိုးပြုစဉ်အတိုင်း လူ့စည်းစိမ်,နတ်စည်းစိမ်လောက်သာ အလိုရှိပြီးလုပ်လျှင် သာသနာပကုသိုလ်နဲ့ ထူးအုံးမလား၊ မထူးဘူး။

အေး...သာသနာတွင်း လူဖြစ်ရကျိုးနပ်အောင် ဘာကုသိုလ်ဘဲလုပ်လုပ်၊ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးကင်းတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ချမ်းသာရောက်ရပါစေသား။ ဒီလို ဆုတောင်းလုပ်ရမှာကိုး။ ဒီလိုမဟုတ်ဘူးလား။

ဘယ်လောက်ကြီး ချမ်းသာချမ်းသာ၊ ဘယ်လောက်ကြီး ကောင်းစားကောင်းစား၊ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီး လက်ကလွှတ်နိုင်ကြပါ့မလား။ မလွှတ်ပါဘူး။ အိုရမယ်၊ နာရမယ်၊ သေရမယ် မဟုတ်လား။ အနာမဲ့သူ၊ အသေမဲ့သူများ ရှိသေးသလား။ မရှိပါဘူး။ အေး...... အဝိဇ္ဇာက ကြောင်တောင်လိမ်တာ၊ ကိုယ့်ရှေ့တွင် နာပြ၊ ကိုယ့်ရှေ့တွင် သေပြ၊ ကိုယ့်ရှေ့တွင် ဒုက္ခအမျိုးမျိုးရောက်မပြဘူးလား။ ကိုယ်နဲ့ပေါင်းသင်းဆက်ဆံနေတဲ့သူတွေကလည်း အမျိုးမျိုး အိုပြ၊ နာပြ၊ ဖြစ်ပြ၊ ပျက်စီးပြပေမယ်လို့ ငါနဲ့မဆိုင်၊ အဝိဇ္ဇာ လိမ်ထားတာ၊ နန်နဲကမှ ထိတ်လန့်ရဲ့လားလို့ မထိတ်လန့်ဘူး။

အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီး၊ ဆိုတဲ့ ဘေးအမျိုးမျိုး လက်အောက်မှာ နေကြရတာ၊ ဘယ်လောက်ကြီး ကောင်းစား

https://www.thitsarparamisociety.com/



ကောင်းစား၊ ဘယ်လောက်ကြီး ချမ်းသာချမ်းသာ၊ ဘယ်လောက်ကြီး အထက် တန်းကျကျ၊ ဇရာ မရဏ၏ ခြေဖဝါးအောက်မှာ နေကြရတာ။ ဇရာဆိုတာ အိုတယ်၊ မရဏဆိုတာ သေတယ်။ အဲဒီ ဇရာမရဏဆိုတဲ့ သေခြင်းတရား၊ အိုခြင်းတရားက သတ္တဝါတို့ရဲ့ ခေါင်းပေါ်မှာ၊ ဒီလိုမဟုတ်လား။ ဟော...... အိုချိန်ကျမှ အိုခြင်းတရား ရောက်လာတယ်။ သေချိန်ကျမှ သေခြင်းတရား ရောက်လာတယ်၊ ဒီလိုမထင်ဘူးလား ဦးဘိုးထင်ရဲ့။ အဲဒီလို ထင်လျှင် မှားတယ်။

မြေကြီးထဲက ထွက်လာတဲ့ မှိုကလေးများဟာ မှိုကလေးထိပ် သေ သေချာချာ ကြည့်စမ်း။ မြေမှုံကလေးတွေ မပါဘူးလား။ ပါပါတယ်၊ ဟော မြေကြီးထဲက ထွက်လာတဲ့ မှိုကလေးဟာ မြေမှုံကလေးတွေကို ထိပ်နဲ့ရွက် ပြီး ထွက်လာဘိသကဲ့သို့ သတ္တဝါရယ်လို့ ဖြစ်လာသည်နှင့် တပြိုင်နက်ထဲ ဇရာနဲ့မရဏဟာ တခါထဲ ပါလာတယ်။ အိုခြင်းတရား၊ သေခြင်းတရား၊ ခေါင်းပေါ်မှာရွက်လာတာ၊ သတ္တဝါသန္တာန်မှာ အိုစိတ်၊ နာစိတ်၊ သေစိတ် ပါနေတယ်။ ငါ ငယ်ပါသေးတယ်လို့ မအောက်မေ့နဲ့။ သေခြင်းတရားရှိပါ တယ်။ ခေါင်းဖြူစွယ်ကျိုး အမယ်ကြီးတွေတော့ နေပါစေ၊ သူတို့ကတော့ အရွယ်လွန်ကုန်ပြီ။ ဆုံးမလို့ မရတော့ဘူး။ အဲဒီလူငယ်တွေက ကြပ်ကြပ် သတိ သံဝေဂ ရှိကြပါစေ။ ငယ်တယ်လို့ မအောက်မေ့ကြပါနဲ့နော်။

အေး...လူ့ဘဝလာပြီးတော့ သာသနာတော်ကြီးနဲ့ တွေ့ကြုံတဲ့အခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုတဲ့တရားနဲ့ ဆက်မိအောင် သာသနာတွင်း ကုသိုလ်ကို ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု–သာဓု–သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

https://www.thitsarparamisociety.com/



၁၃၂၄-ခု၊ ဝါခေါင်လဆန်း(၈) နေ့တွင်
ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌ ကျေးဇူးရှင်
ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
တပည့်အပေါင်းတို့အား
စတုတ္ထအကြိမ် ဟောကြားဆုံးမတော်မူအပ်သော

## ပဋိစ္စသမုပ္ပါဒ် တရားတော်

ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းတရားတို့ ညီညွတ်မှ ဖြစ်သော ရုပ်နဲ့နာမ်ကို ဆိုခြင်းကြောင့် အကြောင်းတရားတို့က ပဋိစ္စသမုပ္ပါဒ်။ ရုပ်နဲ့နာမ်က ပဋိစ္စသမုပ္ပန်။ ပဋိစ္စသမုပ္ပါဒဆိုတာ အကြောင်းတရားကို ပြောတာ။ ပဋိစ္စသမုပ္ပန္န ဆိုတာ အကျိုးတရားကို ပြောတာ။ အကြောင်းတရားတို့ ညီညွတ်မှဖြစ်ပေါ်လာတဲ့ ရုပ်နဲ့နာမ်ဟာ အကြောင်းကင်းပြီးတော့ ဖြစ်သလား။ မဖြစ်ဘူး။

အဲဒီတော့ အကြောင်းတရားဟာ ပဋိစ္စသမုပ္ပါဒ်။ ဒီတော့ တစ်ကိုယ်လုံး တစ်ကောင်လုံးဟာ ရုပ်နာမ်ကင်းတဲ့နေရာ ရှိရဲ့လား။ မရှိဘူး။ တစ်ကိုယ်လုံး တစ်ကောင်လုံး ရုပ်နဲ့နာမ်ချည်းဘဲ။ အဲဒီ တစ်ကိုယ်လုံး တစ်ကောင်လုံးရှိတဲ့ ရုပ်တွေနာမ်တွေဟာ ဘယ်သူ့ကြောင့်ဖြစ်နေတာလဲ...လို့ အကြောင်းရှာလိုက်တော့ ကံ စိတ် ဥတု အာဟာရကြောင့် ဖြစ်နေတယ်။ ကံကြောင့်ဖြစ်တယ်၊ စိတ်ကြောင့်ဖြစ်တယ်၊ ဥတုကြောင့်ဖြစ်တယ်၊ အာဟာရကြောင့် ဖြစ်တယ်မဟုတ်လား။ ဒီတော့ ကံ စိတ် ဥတု အာဟာရတို့ဟာ ပဋိစ္စသမုပ္ပါဒ် အကြောင်းတရား။

https://www.thitsarparamisociety.com/



ရုပ်နဲ့နာမ်က ပဋိစ္စသမုပ္ပန္န အကျိုးတရား။ အကြောင်းနဲ့အကျိုးကွဲပြီပေါ့။ အကြောင်းက ပဋိစ္စသမုပ္ပါဒ်၊ အကျိုးက ပဋိစ္စသမုပ္ပန္နနော်။ သင်္ခါရ (၇)ပါးကိုလည်း ခွဲခြားပြီးတော့ မှတ်ကြပါ။ သင်္ခါရ (၇)ပါးဟာ ခွဲခြားပြီးမှတ်သင့်တဲ့တရားနော်။ ဘာဖြစ်လို့လဲ။ လူတွေရဲ့ပါးစပ်မှာ သင်္ခါရ,သင်္ခါရလို့ အမြဲသုံးမနေဘူးလား။ သုံးနေပေတဲ့ ဘယ်သင်္ခါရကိုသုံးတယ်လို့ ဒီလို ရင်ထဲနှလုံးထဲကနေပြီးသုံးမှ ကောင်းတာကိုး။

၁။ ကုသိုလ်ကံ အကုသိုလ်ကံကို အဘိသင်္ခါရ ခေါ်တယ်။ သူလည်း သင်္ခါရတမျိုးဘဲ။

၂။ ကုသိုလ်ကံ အကုသိုလ်ကံ၏အကျိုးကို အဘိသင်္ခတ သင်္ခါရခေါ်တယ်။ သူလည်း သင်္ခါရတမျိုး။

၃။ အမှုကိစ္စပြုလုပ်ကြတဲ့ လုံ့လယောဂက ပယောဂါဘိသင်္ခါရ ခေါ်တယ်။ တမျိုးစီနော်။

၄။ နိဗ္ဗာန်မှတပါး ဖြစ်ဖြစ်သမျှ တရားတွေကို သင်္ခတသင်္ခါရ ခေါ်တယ်။ လေးမျိုးမရှိဘူးလား။ ကံက အဘိသင်္ခါရ။ ကံ၏အကျိုးက အဘိသင်္ခတသင်္ခါရ။ အမှုကိစ္စပြုလုပ်ကြတဲ့ လုံ့လဝိရိယက ပယောဂါဘိသင်္ခါရ။ နိဗ္ဗာန်မှတပါး ဖြစ်ဖြစ်သမျှ တရားတွေက သင်္ခတသင်္ခါရ။ သင်္ခါရအမျိုးမျိုးနော်။

၅။ ပြီးတော့မှ အဿာသပဿာသာ ကာယသင်္ခါရာ။ ထွက်လေ,ဝင်လေ အာနာပါနတရားက ကာယသင်္ခါရ။

၆။ ဝိတက္ကဝိစာရ ဝစီသင်္ခါရာ၊ စိတ်ကူးကြံစည်စဉ်းစားတဲ့ ဝိတက်ဝိစာရက ဝစီသင်္ခါရ။ စိတ်ကူးမှု၊ ကြံစည်မှု၊ စဉ်းစားမှု၊ အရင်းမတည်ဘဲနဲ့ စကားပြောလို့ ဖြစ်သလား။ မဖြစ်ဘူး။ စိတ်ကူးမှု၊ ကြံစည်မှု၊ စဉ်းစားမှု အရင်းတည်ပြီးမှ စကားပြောလို့ဖြစ်တာ။ ဒီတော့ စကားပြောတဲ့ နှုတ်အမှုအရာကို ဘယ်သူကပြုပြင်သလဲ၊ ဝိတက်,ဝိစာရ က။ အေး...ဒါကြောင့် ဝိတက်ဝိစာရကို ဝစီသင်္ခါရ ခေါ်တယ်။ ထွက်လေ ဝင်လေကို ကာယသင်္ခါရ ခေါ်တယ်။

https://www.thitsarparamisociety.com/



၇။ သေသစေတသိကာ၊ စိတ္တာသင်္ခါရာ၊ ဝိတက်,ဝိစာရမှ ကြွင်းကျန်တဲ့ ဖဿ ဝေဒနာအစရှိသော စေတသိက်တွေက စိတ္တသင်္ခါရတဲ့။

စိတ်ကိုပြုပြင်တဲ့တရားဟာ ဘယ်သူ။ စေတသိက်။ ဒါကြောင့် ဝိတက်,ဝိစာရမှတစ်ပါးသော စေတသိက်များကို စိတ္တသင်္ခါရ။ ဝိတက် ဝိစာရကို ဝစီသင်္ခါရ။ ထွက်လေ ဝင်လေကို ကာယသင်္ခါရ။ နိဗ္ဗာန်မှတစ်ပါး ဖြစ်ဖြစ်သမျှတရားတွေကို သင်္ခတ သင်္ခါရ။ ကံ၏အကျိုးကို အဘိသင်္ခတ သင်္ခါရ။ ကံကို အဘိသင်္ခါရလို့။ အေး...အဲဒီသင်္ခါရ (၇) မျိုးကို ခွဲခြားပြီးမှတ်ထား။

လူတို့၏ပါးစပ်မှာ သင်္ခါရ သင်္ခါရလို့ အမြဲသုံးတယ်။ ဘယ်သင်္ခါရကိုသုံးတယ်လို့ ဒီလိုသိပြီး သုံးမှကောင်းတာ မဟုတ်လား။

အဝိဇ္ဇာပစ္စယာ သင်္ခါရဆိုတဲ့ သင်္ခါရက အဘိသင်္ခါရ တစ်ပါးတည်းနဲ့ဆိုင်တယ်။ သည့်ပြင် သင်္ခါရ(၆) ပါးနဲ့ မဆိုင်ဘူးနော်။ အဲဒီတော့ သင်္ခါရ (၇) မျိုးထဲက ယခု အာနာပါနအလုပ်ကို အားထုတ်ကြတယ်။ အဲဒီ ထွက်လေ ဝင်လေဆိုတဲ့ အာနာပါနဟာ ဘာလဲ။ စိတ္တဇရုပ်။ စိတ်ကြောင့် ဖြစ်တယ်တဲ့။ လူသေကောင်မှာ ထွက်လေ ဝင်လေ ရှိသေးသလား မရှိပါဘူး။ ဘာဖြစ်လို့၊ စိတ်မရှိလို့။ အေး...စိတ်မရှိလို့ ထွက်လေ ဝင်လေ မရှိတာ။ စိတ်ရှိလျှင် ထွက်လေ ဝင်လေ ရှိရမယ်။

စိတ်ရှိရက်သားနဲ့ ထွက်လေ ဝင်လေမရှိတဲ့ပုဂ္ဂိုလ်က စတုတ္ထဈာန်ဝင်စားနေတဲ့ပုဂ္ဂိုလ်များ၊ ထွက်လေဝင်လေ မရှိဘူး။ အမေ့ဗိုက်ထဲမှာ ပဋိသန္ဓေတည်နေတဲ့ကလေး ထွက်လေ ဝင်လေ မရှိဘူး။ ရေထဲငုတ်နေတဲ့လူ ထွက်လေဝင်လေ မရှိဘူး။ ရေထဲငုတ်နေတုန်း အသက်ရှူလျှင် မွန်းမှာပေါ့။ တွေဝေမိန်းမောနေတဲ့လူ သစ်ပင်ပေါ်စသည်ကကျတဲ့သူများ မေ့နေလို့ အသက်မရှူဘူး။ လူသေကောင် ထွက်လေ ဝင်လေ မရှိဘူး။ ဗြဟ္မာပြည်က ဗြဟ္မာတွေ ထွက်လေ ဝင်လေ မရှိဘူး။ နိရောဓသမာပတ်ဝင်စားနေတဲ့ အနာဂါမ် ရဟန္တာတွေ ထွက်လေ ဝင်လေ မရှိဘူး။ အဲဒါကလွဲလျှင် ဘယ်ဘဝဖြစ်ဖြစ် ထွက်လေ ဝင်လေ ရှိကြတယ်နော်။

https://www.thitsarparamisociety.com/



အဲဒီတော့ ဟိုဘဝသံသရာက လူတွေ နတ်တွေ ဖြစ်လာပေမယ့် လို့ ထွက်လေ ဝင်လေမရှူဘဲ နေခဲ့သလား။ မနေခဲ့ပါဘူး။ ခုဘဝမှာလည်း အမေမွေးလာသည်ကစ၍ ယခုထက်တိုင်အောင် ထွက်လေ ဝင်လေမရှူဘဲ နေသလား။ ရှူနေတာပါဘဲ။ အဲဒီတော့ ထွက်လေ ဝင်လေဟာ ဘယ်အခါ မဆို အမြဲရှူနေတယ်။ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်နော်။ အမြဲရှူနေတဲ့ စိတ္တဇရုပ် ဖြစ်လေတော့ကာ လောဘဖြစ်တုန်းတန်းလန်းလည်းဘဲ မရှူဘဲ နေလို့လား။ ရှူတာပါဘဲ။ မောဟဖြစ်တုန်းတန်းလန်းလည်းဘဲ မရှူဘဲ နေ သလား။ ရှူတာပါဘဲ။ မာနဖြစ်တုန်းတန်းလန်းလည်းဘဲ မရှူဘဲနေသလား။ ရှူတာပါဘဲ။

ဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန အစရှိသော ကိလေသာ စိတ်တွေနဲ့ အာနာပါနရှူနေကြတယ်ဆိုလျှင် ဒီအာနာပါနက ခန္ဓာကိုယ်ကို ပြုပြင်တတ်တဲ့တရားဖြစ်လို့ ဒီလောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်နဲ့ ရှူတဲ့ ထွက်လေ ဝင်လေက ခန္ဓာကိုယ်ကိုပြုပြင်တော့ကာ ဒီခန္ဓာကိုယ်ကကော ကောင်းသောကိုယ် ဖြစ်ပါအုံးမလား။ မကောင်းတော့ဘူး။

အဲဒါကြောင့် အာနာပါနတရားဟာ အင်မတန်မှ ခက်တယ် မလွယ် ဘူး။ ပြောတော့သာ ဝင်သိ၊ ထွက်သိ။ ဝင်သိထွက်သိ လွယ်လွယ်ကလေး မဟုတ်လား။ အေး...မလွယ်ဘူး။ အာနာပါနဟာ အင်မတန်မှ ခက်တယ်။ ဘာဖြစ်လို့လဲ။ လောဘနဲ့ရှူ၊ ဒေါသနဲ့ရှူ၊ မာနနဲ့ရှူ၊ စိတ်အမျိုးမျိုးနဲ့ရှူလာ ကြတော့ကာ ခန္ဓာကိုယ်မှာ မကောင်းတဲ့ဓာတ်တွေ ကိန်းမနေဘူးလား။ ကိန်းနေတယ်။ ခုတရားအားထုတ်ဖို့ အာနာပါန ရှူကြတော့လို့ အရှူခိုင်း လိုက်တဲ့အခါကျတော့ ကိုယ်ရှူသလို မဖြစ်ဘဲနဲ့ နဂိုကရှူနေကျ အနေမျိုး ဖြစ်လာတတ်တယ်။ ဖြစ်လာကြတော့ကာ ဒီယောဂီမှာ တရားလုပ်ရင်း လောဘဖြစ်၊ တရားလုပ်ရင်း ဒေါသဖြစ်၊ တရားလုပ်ရင်း မောဟဖြစ်၊ တရားလုပ်ရင်း ဣဿာမစ္ဆရိယဖြစ်၊ နဂိုက ဓာတ်ဟောင်းတွေ ပေါ်လာတတ် တယ်။ အဲဒီယောဂီက ဘာဖြစ်လာတယ်။ ငါကုသိုလ်ကောင်းမှု လုပ်နေတာ ဘယ်လိုစိတ်တွေ ဖြစ်လာပါလိမ့်၊ ငါ့မှာ အကုသိုလ်တွေပေါ်နေပြီ၊ တရား လုပ်ရင်း အကုသိုလ်ဖြစ်နေပြီလို့ထင်တတ်တယ်။ အဲဒါ အသိလိုတယ်နော်။

https://www.thitsarparamisociety.com/



ဘယ်လို လိုသလဲ။ အသစ်ဖြစ်သလား။ အဟောင်းပေါ်သလား။ နောက်နောက်က ကိုယ်လုပ်ခဲ့တဲ့ အဟောင်းတွေပေါ်ရမယ်။ ဘာ,အဟောင်းပေါ်၊ ရှေ့ကို အသစ်မဖြစ်စေနဲ့။ ယောဂီပုဂ္ဂိုလ်ဟာ ရှေ့ကို လောဘ၊ ဒေါသ၊ အစရှိသော အမှုတွေ အသစ်ပြုလုပ်ကြရင် သီလထိခိုက်တယ်။ ယောဂီဟာအသစ်အကုသိုလ် မလုပ်နဲ့။ အဟောင်းအကုသိုလ်ကတော့ ပေါ်မှကောင်းတယ်။ (သတိမထားကြဘူး)။

မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်ရအောင် သတိနဲ့တား။ ဒီခါမရှိဘူးလား။ ရှိပါတယ်။ ဖြစ်ပြီးသားအကုသိုလ်ပပျောက်အောင် သတိနဲ့ဖျောက်လို့ ဆိုတော့ကာ တားရာမှာလွယ်တယ်။ ဖျောက်ရာမှာမလွယ်ဘူး။ အဲဒါကိုလည်း သတိရှိကြပါနော်။ တရားလုပ်လျှင် အဟောင်းတော့ ပေါ်ပါစေ။ အသစ်တော့ မဖြစ်စေနဲ့။ နားလည်ပြီလား။ ဘာနဲ့တူတယ်။ အဝတ်ဖွတ်တာနဲ့တူတယ်။ အဝတ်ဖွတ်တော့ ချေးမထွက်ဘူးလား၊ ထွက်ပါတယ်။

တရားလုပ်လျှင် နောက်နောက်က ဖြစ်ခဲ့တဲ့ ငယ်ငယ်နှောင်းနှောင်း ဖက်ပင်ကျောင်းက ပေတေလေလာတဲ့ ဟာတွေဟာ ပေါ်မှကောင်းတယ်။ သိသလား။ တရားသမား စိတ်မလေရဘူး၊ စိတ်မလွင့်ရဘူး၊ စိတ်ငြိမ်ရမယ်လို့ ဒီလိုမထင်ဘူးလား။ အဲဒါအမှား။ ဘာဖြစ်လို့လဲ။ စိတ်မလေဘူး၊ စိတ်ငြိမ်သက်တယ်။

တရားသမားဆိုတာ အင်မတန် သိမ်မွေ့တယ်ဆိုတာ အထမြောက်ပြီးသော ပုဂ္ဂိုလ်ဆိုတာ၊ ခု ကိလေသာတုံးကြီးက ငြိမ်မလားလို့။ ငြိမ်သွားလည်း မကောင်းဘူး။ ဘာဖြစ်လို့လဲ။ ငြိမ်သက်အောင်ဓါတ်ခံ ကိုယ့်သန္တာန်မှာ မရှိသေးဘူး။

တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ငြိမ်လောက်အောင် ဓာတ်ခံမရှိသေးဘဲနဲ့ ငြိမ်သွားလျှင် အဲဒီတရားဟာ လမ်းမမှန်ဘူး။ ဘာနဲ့တူတယ်။ တိုင်ကီကိုဆေးသုတ်ချင်တဲ့အခါကျတော့ သံချေးမတိုက်ရဘူးလား၊ တိုက်ရတယ်။ အဲဒီ သံချေးကိုစင်အောင်မတိုက်ဘဲနဲ့ ဆေးသုတ်ရင် ဒီတိုင်

https://www.thitsarparamisociety.com/



ကီဟာ တော်တော်ကြာတော့ သံချေးပွထ,မလာဘူးလား။ ပွထလာတော့ ပိုမဆိုးဘူးလား။ ဆေးဟာ အကွက်အကွက်တွေ ဖြစ်ကုန်ရော။ အဲဒီလိုဘဲတဲ့။ ချေးကို စင်အောင်မထုတ်ဘဲနဲ့ ငြိမ်ပြီးတော့ အသိဉာဏ်တွေပေါ်လာရင် ဒီတရားဟာ တာရှည်မခံဘူး။

အသိသုံးမျိုးရှိတယ်။ ဗဟုသုတသိ၊ စာပေပရိယတ္တိ လိုက်စားလို့သိတယ်။ တရားနာလို့ သိတယ်။ ဒါ ဗဟုသုတ သိမဟုတ်လား။ အေး...... သမာဓိအားကောင်းလို့ စိတ်ငြိမ်ပြီးတော့ သိတဲ့ သမာဓိသိ။ အေး...အဲဒီ သမာဓိသိဟာ ပညာသိနဲ့အင်မတန်တူတယ်။ သို့ပေမယ်လို့ သူက ကိလေသာကို မသိဘူး။ သံချေးကို စင်အောင်မတိုက်ဘဲ အပေါ်ကဆေးသုတ်တာနဲ့အလွန်တူတယ်။ သမာဓိနဲ့အင်မတန်မှလည်း ငြိမ်နေတယ်။ အသိဉာဏ်တွေကလည်း တဖွားဖွားပေါ်နေတယ်။ ဒီတော့ ငါ,တရားရပြီလို့ ထင်တတ်တယ်။ အဲဒါ မှားတယ်။ **အဓိမာန**ဆိုတာ အဲဒါဘဲ။

မဟာနာဂမထေရ် ဝတ္ထုကြည့်၊ မဟာနာဂဆိုတဲ့မထေရ်ကြီး ကြားဖူးတယ် မဟုတ်လား။ အေး...မဟာနဂဆိုတဲ့မထေရ်ကြီးဟာ ပိဋကသုံးပုံ နှုတ်ငုံဆောင် တစ်ဆယ့်ရှစ်ရပ်သောဂိုဏ်းမှာ စာပေပို့ချတဲ့ဆရာတော်ကြီး။ စာလည်းချ၊ ကမ္မဋ္ဌာန်းပြပြီးတော့ တစ်ဆယ့်ရှစ်ရပ်သောဂိုဏ်းက သံဃာတွေကို ဦးဆောင်ပြီးနေတယ်။ ဒီတော့ အထင်မှားစရာက သူမသိတဲ့တရား ဘာ,တစ်ခုမှ မရှိဘူး။ သမာဓိကလည်း အားကောင်းတော့ ကိလေသာနီဝရဏဆိုတာ တစ်ခါမှကို ဖြစ်တယ်မရှိဘူး။ သူ့အထင်မှားပုံ ပြောတယ်။ ကိုယ့်ကိုယ်ကို ငါတရားရပြီ။ ငါ ရဟန္တာဘဲလို့ ထင်သ...တဲ့။ သူ့ဆီမှာ တရားအားထုတ်လို့ ရဟန္တာဖြစ်တဲ့ ရဟန္တာပေါင်းကလည်း သုံးသောင်းရှိတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဆိုတာ မရေနိုင်ဘူးတဲ့။ ဒီတော့ အသိတရားဖြင့်ရော၊ သမာဓိအားဖြင့်ရော သူ့မှာဘာမှ လိုလေသေးမရှိဘူး။ သမာဓိဆိုတာကလည်း ဈာန်အဘိဉာဏ် တန်ခိုး ဖန်ဆင်းနိုင်လောက်အောင် သမာဓိကကောင်းတာကိုး။ ပြီးတော့ ကိလေသာနီဝရဏလည်း သူ့မှာဖြစ်ခွင့်မရှိဘူး။ အဲဒီတော့ နောက်ဆုံးပိတ် ရဟန္တာဖြစ်တဲ့ ဓမ္မဒိန္န မထေရ်က အော်...ဒို့

https://www.thitsarparamisociety.com/



ဆရာကြီးဟာ သာသနာမှာ အကျိုးများပါပေတယ်။ သူ့အမိုပြုပြီးတော့ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်တွေလည်း သုံးသောင်းတောင် ရှိသွားပြီ။ သူကိုယ်တိုင်များ ရဟန္တာဟုတ်ပါလေရဲ့လား လို့ စေတောပရိယအဘိညာဏ်နဲ့ သူ့ရဲ့စိတ်ကို အဝေးက လှမ်းကြည့်တယ်တဲ့။ ဘာကို ကြည့်သလဲ။ နှလုံးသွေးကို စကြည့်တယ်။

နီမြန်းရာဂ၊ ဒေါသမြည်းပြာ၊ သားဆေးရေမောဟ၊ တက္ကပုန်းရည်၊ ဝါသည်သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတမြက်အသွင်၊ ဖြူစင်လွန်းတဲ့ လက်စွန်းခွဲမှ နှလုံးသွေးလေ၊ အဲဒီတော့ ရာဂမကင်းသေးတဲ့ပုဂ္ဂိုလ်ရဲ့ နှလုံးသွေးက နီတာပေါ့။ ဒေါသမကင်းသေးတဲ့ပုဂ္ဂိုလ်ဟာ နှလုံးသွေးနက်တာပေါ့။ အဲဒီနှလုံးသွေးကနေပြီးတော့ သူ့၏စိတ်အခြေအနေကို ကြည့်လိုက်တဲ့အခါကျတော့ ဒေါသလွန်ကဲတဲ့ ဆရာကြီး ဖြစ်နေတယ်။ ဟင်…ကိုယ်ကျိုးနည်းကုန်ပါကောလား။ ဒို့ဆရာကြီးဟာ ဘယ်မှာ မဂ်ဖိုလ်ရသေးလို့လဲ။ ပုထုဇဉ်ပါလား။ သူ့ကိုယ်သူတော့ ရဟန္တာထင်နေတာဘဲ၊ ငါမသွားရင်တော့ ကိုယ်ကျိုးနည်းရှာတော့မယ် ဆိုပြီးတော့ နေ့လည်ကြီး သူ့ဆရာ အရှင်မဟာနာဂ ဆီသွားသ…တဲ့။ ဟာ…ငါ့ရှင် နေ့လည်ကြီး ဘာလာလုပ်သလဲ။ နေကပူပါဘိတော့နဲ့။ တပည့်တော် ပုစ္ဆာကလေးတစ်ခုမေးချင်လို့ လာပါတယ်ဘုရား။ ကဲ…ကဲ…မေးလို့ပြောတော့ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ပတ်သက်တဲ့ပုစ္ဆာတွေချည်း မေးလိုက်တာ။ မေးတဲ့ပုဂ္ဂိုလ်ပါးစပ်မပိတ်ခင် ဟိုကအဖြေထွက်တယ်။ ဘယ်လောက်များ အသိညာဏ်ကောင်းနေသလဲလို့။ နဂိုကလည်း ပရိယတ္တိလုံလောက်၊ သမာဓိကလည်းအားကောင်းတော့ သူ့မသိတာ ဘာတစ်ခုမှမရှိဘူး။

ဟင်…ဒီနည်းနဲ့တော့ သူ့ကိုမရသေးဘူး။ သူ့အဇ္ဈတ္တ သန္တာန်မှာ ဝပ်နေတဲ့ နီဝရဏ ငါဆွပေးမှဘဲတဲ့။ အရှင်ဘုရား သမာဓိများ လေ့လာပါရဲ့လား လို့ တစ်ခါလျှောက်တယ်။ မခဲယဉ်းပါဘူးကွယ် လို့ပြောတော့…မခဲယဉ်းလို့ရှိလျှင် ယခု အရှင်ဘုရားနဲ့ တပည့်တော်နဲ့ ထိုင်နေတဲ့ရှေ့နားမှာ ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ ရေကန်ကြီးတစ်ခု ဖန်ဆင်းပြစမ်းပါ။ စတုတ္ထစျာန်

https://www.thitsarparamisociety.com/



ဝင်စားပြီး မိဋ္ဌာန်လိုက်တယ်။ ဘွားကနဲ့ဆို ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ ရေအိုင်ကြီး ပေါ်လာတယ်။ အောင်မလေး......ဘုရား။ အံ့ဩစရာကောင်းလိုက်တာ။ အရှင်ဘုရားရဲ့ သမာဓိအားကောင်းပါပေတယ်။ အရှင်ဘုရား တန်ခိုးကြီးပါပေတယ် လို့ ချီးမွမ်းလိုက်သ...တဲ့။

ကိုင်း...ဒါဖြင့်ဘုရား။ အဲဒီ ရေအိုင်ကြီးထဲက ဆင်ပြောင်ကြီးတစ်ကောင် ကရဝိတ်ကြိုးကြာသံမြည်ပြီးတော့ အရှင်ဘုရားနဲ့တပည့်တော် ထိုင်တဲ့ဆီကို တက်ပြေးလာပုံ ဖန်ဆင်းစမ်းပါ...လို့ လျှောက်လိုက်တော့ အဲဒီ ရေအိုင်ကြီးထဲကဆင်ပြောင်ကြီးဟာ ကရဝိတ်ကြိုးကြာသံမြည်ပြီးတော့ ပါးစပ်ထဲ နှာမောင်းကြီးသွင်းပြီး နားရွက်ကြီးပေပြီး သူတို့နှစ်ပါးထိုင်နေရာသို့ ပြေးလာတယ်။ ပြေးလာတော့ ဘာဖြစ်သလဲ။ သူဖန်ဆင်းတဲ့ဆင် သူပြန်ကြောက်ပြီး ထ,ပြေးမယ်လုပ်ကော၊ ပေါ်လာတာကိုး ဝပ်နေတဲ့နီဝရဏက။ ဒီတော့မှ သက်န်းဆွဲထားတယ်။ အရှင်ဘုရား **ရဟန္တာများ ကြောက်ပါသေးသလား**...လို့ မေးတယ်။

သိပြီငါ့ရှင်တဲ့။ ငါ့ရှင်သည် ငါ၏ကိုးကွယ်ရာ ဖြစ်ပါလို့ ပြောတော့ မစိုးရိမ်ပါနဲ့ဘုရား။ တပည့်တော် ဒီကိစ္စအတွက် လာခဲ့တာပါဘဲ ဆိုပြီး ဆရာတော်ကို တရားဟောတယ်။ အဲဒီအခါ ရှင်မဟာနာဂ မထေရ်လည်း ကမ္မဋ္ဌာန်းတရားယူ၍ စင်္ကြံတက် တရားအားထုတ်လိုက်တာ သုံးကြိမ်မြောက် ဖဝါးလှမ်းမှာ ရဟန္တာဖြစ်သွားတယ်...တဲ့။

ဒီဝတ္ထုမှာ ဘာကိုဆိုသလဲ၊ သမာဓိကောင်းပြီးတော့ အသိဉာဏ် ဗဟုသုတတွေ အားကြီးတော့ မသိတာကလည်း ဘာမှမရှိ။ သမာဓိကောင်းတဲ့အတွက် ကိလေသာနီဝရဏကလည်း မကြွ။ ဒီတော့သူ့ကိုယ်သူ ရဟန္တာထင်မနေဘူးလား။ ထင်နေတယ်။ အဲဒီတော့ ချေးကိုစင်အောင်မလုပ်ဘဲနဲ့ သတိကို အထမြောက်အောင် မလုပ်ဘဲနဲ့ စိတ်ငြိမ်အောင်လုပ်လို့ ငြိမ်သွားပြီး အသိဉာဏ်တွေ ဝင်လာလျှင် ဒီပုဂ္ဂိုလ် အထင်မှားတတ်တယ်နော်။ အဲဒီလိုလည်း သတိထားကြပါအုံး။

https://www.thitsarparamisociety.com/



ငါတရားရပြီလို့ ထင်ရော၊ ထင်တော့ အိမ်ပြန်သွားရော၊ အိမ်ကျတော့ ဘိုင်စကုတ် သွားရော၊ ဒါယောဂီတဲ့လားတော်လို့ မေးထိုးခံရရော၊ တရားသမား အချိုးမကျတာပြောပါတယ်၊ အဲဒါ ဘာဖြစ်လို့လဲ။ သတိလုပ်ရမှာ သတိမလုပ်ဘဲ သမာဓိလုပ်တော့ ငြိမ်သွားတာပေါ့။ အမှန်က သတိလုပ်ရမှာ။ သတိဆိုတာ ဘာလဲ။ သတိဆိုတာ အာရုံတွေကို သိတာ။ ဟို... စိတ်ရောက်သွားလည်းသိ၊ ဒီစိတ်ရောက်သွားလည်းသိ၊ အာရုံအမျိုးမျိုးပေါ်လာသမျှ အကုန်လုံးသိထားတာ၊ သတိအလုပ်။ သမာဓိအလုပ်ဆိုတာ အာရုံတစ်ခုကို တည်ငြိမ်အောင်လုပ်တာ သမာဓိ။

ဒီတော့ စလုပ်စပုဂ္ဂိုလ်က အာရုံတစ်ခုကို တည်ငြိမ်အောင် မလုပ်နဲ့။ ငြိမ်ချင်ငြိမ်၊ မငြိမ်ချင်နေ၊ လုပ်ဖို့သာ ကိုယ့်တာဝန်၊ ခုတော့ တရားလုပ်ခါစရှိသေးတယ်၊ စိတ်ငြိမ်ချင်တာက အရင်။ တရားဖြင့်လုပ်တာ ဘာမှ မကြာသေးဘူး။ မဂ်ဖိုလ်လိုချင်တာက အရင်၊ သောတာပန် ဖြစ်ချင်တာက အရင်၊ လုပ်တာနဲ့လိုချင်တာနဲ့ ဘယ့်နှယ် ဖြစ်နေသလဲ။ လုပ်တာက နည်းပြီးတော့ လိုချင်တာက များမနေဘူးလား။ အဲဒါကြောင့် ကိုးယိုးကားယားဖြစ်နေတာ။ ဒီတော့ အကုသိုလ်အဟောင်းကတော့ ပေါ်ပါစေ။ အသစ်တော့ မလုပ်ပါနဲ့။ လုပ်ပြီးသား အဟောင်းတော့ သည်းခံပြီးတော့ ပေါ်လေလုပ်လေ လုပ်ပေါ့။

အဝတ်ဖွတ်တဲ့အခါ ချေးထွက်တော့ကာ မဖွတ်ဘဲထားသလား။ တိုးဖွတ်သလား။ တိုးဖွတ်ပါတယ်။ အေး...အဲဒီလိုဘဲ။ တရားလုပ်တဲ့ယောဂီဟာ ဘာဖြစ်ဖြစ်၊ ဖြစ်တာကိုယ့်တာဝန်မဟုတ်ဘူး။ လုပ်ဖို့သာ ကိုယ့်တာဝန်။ ဖြစ်ချင်တာဖြစ် မလျှော့နဲ့။ လုပ်တာလုပ်။ တော်တော်ကြာတော့ လွန်မြောက်မသွားဘူးလား။ လွန်မြောက်သွားတယ်။ လွန်မြောက်သွားတော့ ဘာဖြစ်လာသလဲ။ ဥပဋ္ဌိတ သတိ ထင်မြင်လာတယ်။ (ဥပဋ္ဌိတ) သတိ ထင်မြင်လာဘို့ ဘာကအရင် စဖြစ်ရမလဲ။ သဒ္ဓါ၊ ဝိရိယ၊ ခန္တီ၊ သတိ၊ ပညာ၊ အဲဒီသံဝရတရား ငါးပါးက စဖြစ်ရမယ်။ ဒီသံဝရတရား ငါးပါးဟာ သီလနယ်က...နော်။ ဘယ်အခါဖြစ်ရမလဲ။ တရားလုပ်နေတုန်းဖြစ်တာ မလိုဘူး။ အပြင်မှာတရား

https://www.thitsarparamisociety.com/



မလုပ်ဘဲ တရားလွှတ်ပြီးထွက်တဲ့အခါ စိတ်အင်မတန်ကြည်လင်တယ်။ ချမ်းသာတယ်။ ကုသိုလ်ကောင်းမှုနှင့် ပတ်သက်လို့ စိတ်အားထက်သန်တယ်။ အရာရာမှာ သည်းခံနိုင်တယ်။ ဘာလုပ်လုပ် ကိုယ်က **သတိ** မထားရဘူး။ သူ့ဟာသူ စိတ်က အမှတ်ရနေတယ်။ သိသင့်သိထိုက်တဲ့ သဘာဝကို မတွေ့မဝေ သိတယ်။

နည်းနည်းသတိထားဘို့က ကိုယ်လုပ်လို့ ဖြစ်တာလား။ သူ့ဟာသူ ဖြစ်တာလား။ သတိထားစမ်းပါ။ လုပ်နေတုန်းဖြစ်တာဘာလဲ။ လုပ်လို့ဖြစ်တာ။ အလုပ်လွှတ်လိုက်တဲ့အခါကျတော့ သူ့ဟာသူဖြစ်တာ။ သူ့ဟာသူ ဖြစ်မှ မှန်တယ်။ ကိုယ်လုပ်နေလို့ ဖြစ်တာက လွှတ်လိုက်လျှင် မရှိတော့ဘူး။ ဒီတော့ သူ့ဟာသူဖြစ်တဲ့အနေရောက်အောင် လုပ်ရမယ်။ သဒ္ဓါတရားလည်း သူ့ဟာသူပေါ်လာရမယ်။ ဝီရိယလည်း သူ့ဟာသူ ထက်သန်နေရမယ်၊ ခန္တီကလည်း အလိုလိုသည်းခံနိုင်ရမယ်။ ခုအရေးကြီးတာက ယောဂီတွေမှာ ဘာအရေးကြီးသလဲ။ ခန္တီ အရေးကြီးတယ်၊ ဒီလိုမဟုတ်လား။ အဲဒီ ခန္တီ တရားလက်ကိုင်မထားကြလို့ ကမ္မဋ္ဌာန်းတိုက်တွေမှာ လူတွေကွဲ ကွဲနေကြတယ်။ ဒီလိုမဟုတ်ဘူးလား။ ဘာမှ တစ်ယောက်နဲ့တစ်ယောက် သည်းမခံနိုင်ဘူး။ ဒီတော့ ခန္တီမရှိလို့ မဟုတ်လား။

အဲဒီတော့ သဒ္ဓါတို့ ဝီရိယတို့ဆိုတဲ့တရားတွေမှ ရင်ထဲနှလုံးထဲ ရောက်အောင်မလုပ်နိုင်လျှင် ဒီကမ္မဋ္ဌာန်းတိုက်ပျက်မှာဘဲ။ ခုခေတ် ဖြစ်နေကြတာက သမာဓိက အရင်ဖြစ်နေတယ်။ ပညာက အရင်ဖြစ်နေတယ်။ အရင်ဖြစ်ရမဲ့ သဒ္ဓါ၊ ဝီရိယ၊ ခန္တီ၊ သတိ၊ ပညာဆိုတဲ့ သံဝရတရားငါးပါးက နောက်ကျန်နေတယ်။ အဲဒီ သံဝရတရားငါးပါးက ပုဆိုးနဲ့တူတယ်။ သမာဓိက အကျီနဲ့တူတယ်။ ပညာက မောင်ကြက်သရေခေါင်းပေါင်းကြီးနဲ့တူတယ်။ ဒီလိုမဟုတ်လား။ ဒီတော့ အောက်ကဖြင့် ပုဆိုးမပါဘူး။ အပေါ်က မောင့်ကြက်သရေခေါင်းပေါင်းက ပေါင်းချင်တယ်။ ခု ဖြစ်နေကြတာကလေ။

https://www.thitsarparamisociety.com/



ဒီတော့ ခေါင်းပေါင်းမပါချင်လည်း နေပါစေ၊ အင်္ကျီမပါချင်လည်း နေပါစေ၊ ပုဆိုးတော့ လုံအောင်ဝတ်ကြပါ။ မဟုတ်ဘူးလား။ ဘာအရင် ရအောင်လုပ်ရမယ်။ သဒ္ဓါ၊ ဝီရိယ၊ ခန္တီ၊ သတိ၊ ပညာ အဲဒီ သံဝရတရား ငါးပါး အရင်ရအောင် လုပ်ရမယ်၊ မှတ်ပြီလား။ သဒ္ဓါ၊ ဝီရိယ၊ ခန္တီ၊ သတိ၊ ပညာဆိုတဲ့ သံဝရတရား ငါးပါးဟာ သီလနယ်က၊ သူ အခြေခံလုံလောက် လို့ရှိရင် ရှေ့ဘာမှမခက်တော့ဘူး။ အခြေခံမလုံလောက်ဘဲနဲ့ တက်တက် နေကြလို့ ခု လိမ့်ကျနေကြတာ။

ဒီတော့ အခြေခံလုံလောက်အောင် ဘယ်လိုလုပ်ရမယ်။ တရား လုပ်တဲ့အခါ သတိကို လေးစားလုပ်။ သမာဓိကို လေးစားမလုပ်နဲ့။ စိတ် ငြိမ်ချင်ငြိမ်၊ မငြိမ်ချင်နေ၊ ဘယ်လိုအောက်မေ့ရမယ်။ ပေါ်လာတဲ့ အာရုံ တိုင်း ငါ သတိထားမယ်။ စိတ်လွင့်ရင် လွင့်မှန်းသိရမယ်။ စိတ်ငြိမ်လျှင် လည်း ငြိမ်မှန်းသိရမယ်။ ထွက်လျှင်လည်း ထွက်မှန်းသိရမယ်။ ဝင်လျှင် လည်း ဝင်မှန်းသိရမယ်။ ဒီလိုမဟုတ်လား။ အဲဒီလို သတိအမြဲမပြတ် ဖြစ် ပြီးလို့ရှိလျှင် တော်တော်ကြာ သဒ္ဓါ၊ ဝီရိယ၊ ခန္တီ၊ သတိ၊ ပညာဆိုတာ လိုက်လာတာဘဲ။

ဒီတော့ မူလပင်ရင်းဖြစ်တဲ့ ထွက်လေဝင်လေသည် စိတ်ကြောင့် ဖြစ်တယ်ဆိုတာ မထင်ရှားဘူးလား။ စိတ်ကအကြောင်း၊ ထွက်လေ ဝင်လေ က အကျိုး။ ပဋိစ္စသမုပ္ပါဒ် ဖြစ်နေတာမဟုတ်ဘူးလား။ စာပေ ပဋိစ္စသမုပ္ပါဒ် ကတမျိုး၊ မိမိခန္ဓာမှာ တရားအားထုတ်ရင်း ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်က တမျိုး။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ လိုရင်းကတော့ အကြောင်းကြောင့် ဖြစ်နေ တဲ့ အကျိုးတရားတွေ။ အေး...အကြောင်းကြောင့် ဖြစ်နေတဲ့ အကျိုးတရား တွေကို ပဋိစ္စသမုပ္ပါဒ် ခေါ်တယ်တဲ့။ ဒီတော့ စိတ်ကြောင့် ထွက်လေဝင် လေ ဖြစ်တယ်။ ထွက်လေ ဝင်လေကြောင့် တစ်ကိုယ်လုံးတစ်ကောင်လုံး ဖြစ်တယ်။ သတိ၊ သမာဓိအားသေးလို့သာ မသိကြတယ်။ မျက်စေ့က ဖြစ် လိုက်လျှင် တစ်ကိုယ်လုံး တစ်ကောင်လုံး နှံ့သွားအောင် ဖြစ်တာဘဲ။ နား ကကြားလိုက်လျှင် တစ်ကိုယ်လုံး တစ်ကောင်လုံး နှံ့သွားတာဘဲ။ နှာခေါင်း ကနံလိုက်လျှင်လည်း တစ်ကိုယ်လုံး တစ်ကောင်လုံး နှံ့သွားတာဘဲ။ ခန္ဓာ

https://www.thitsarparamisociety.com/



ကိုယ်တစ်နေရာက တွေ့ထိလိုက်လျှင်လည်း တစ်ကိုယ်လုံး တစ်ကောင်လုံး နှံ့သွားတာဘဲ။ စိတ်ကူး၊ စဉ်းစား၊ တွေးတော၊ ကြံစည်လိုက်လျှင်လည်း တစ်ကိုယ်လုံး တစ်ကောင်လုံး ခြေဆုံး ခေါင်းဆုံး အာရုံနဲ့တွေ့တိုင်း နှံ့နှံ့ သွားတယ်။

ဒီတော့ ထွက်လေ ဝင်လေအားထုတ်ရာမှာလည်း တစ်ကိုယ်လုံး တစ်ကောင်လုံး နှံ့အောင်ရောက်သွားတာဟာ ဘာကြောင့်ဖြစ်သလဲ ဆိုတော့ ထွက်လေဝင်လေကြောင့် ဖြစ်တာ။ ဒီတော့ အကြောင်းအကျိုး ဆက်လက် ပြီးတော့ မနေဘူးလား။ နေပါတယ်။ ပဋိစ္စသမုပ္ပါဒ် ဆိုတာ ခဲယဉ်းသည် မဟုတ်။ အကြောင်းကြောင့် ဖြစ်ပေါ်နေသော အကျိုးတရားတွေ။ အကြောင်း ကြောင့် ဆိုတာက ပဋိစ္စသမုပ္ပါဒ်၊ အကျိုးတရားတွေက ပဋိစ္စသမုပ္ပန်။

ထွက်လေဝင်လေ အားထုတ်ရာမှာ စိတ်က ပဋိစ္စသမုပ္ပါဒ်။ ထွက် လေ ဝင်လေက ပဋိစ္စသမုပ္ပန်။ ထွက်လေဝင်လေက ပဋိစ္စသမုပ္ပါဒ်၊ တစ် ကိုယ်လုံး တစ်ကောင်လုံးက ပဋိစ္စသမုပ္ပန်။ ဒီလို အကြောင်းအကျိုး ဆက် မသွားဘူးလား။ စိတ်ကြောင့် ထွက်လေဝင်လေ ဖြစ်တယ်။ ထွက်လေ ဝင်လေကြောင့် ခန္ဓာကိုယ်မှာ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတော့ သွားတယ်။ ဒီ တော့ အကြောင်းအကျိုး ဆက်သွားတယ်။ အဲဒီ အကြောင်းအကျိုး ဆက် သွားလေသမျှ ပဋိစ္စသမုပ္ပါဒ်ချည်းဘဲ။ **အကြောင်းအကျိုး ဆက်ပြီးတော့ မသွားတဲ့အချိန်အခါရယ်လို့ မရှိဘူး။** အမြဲမပြတ် အကြောင်းအကျိုး ဆက်လက်ပြီးတော့ သွားနေတာဘဲ။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ် အမူအရာတွေဟာ နေ့ရှိသရွေ့ နာရီရှိသရွေ့၊ အချိန်ရှိသရွေ့၊ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ အကြောင်းအကျိုး အမြဲဆက်လက် မနေဘူးလား။ အဲဒီ ဆက်လက်နေတာ ပဋိစ္စသမုပ္ပါဒ်တရားတွေ ဖြစ်နေတာဘဲ။ အကြောင်းကို ပဋိစ္စသမုပ္ပါဒ်။ အကျိုးကို ပဋိစ္စသမုပ္ပန်။

ခေါင်း၊ ကိုယ်၊ ခြေ၊ လက်ဆိုတဲ့ သူကောင်၊ ငါကောင်၊ သတ္တဝါ ကောင် ဆိုတာမရှိဘူး။ အကြောင်းအကျိုး အမြဲမပြတ် ဆက်လက်ဖြစ်နေ တဲ့ ဖြစ်မှုသာရှိတယ်...တဲ့။ မရှိတာကို အရှိထင်မနေဘူးလား...လို့။ အေး

https://www.thitsarparamisociety.com/



မရှိတာကို အရှိထင်နေလို့ သံသရာထဲ တဝဲလည်လည် နေကြတာနော်။ အဲဒီတော့ ထွက်လေ ဝင်လေကို အမြဲသတိထားပြီးတော့ ဝင် ဝင်မှန်းသိ၊ ထွက် ထွက်မှန်းသိအောင် အမြဲမပြတ် ရှုနေတော့ကာ၊ သြော်...အကြောင်း အကျိုး ဆက်လက်ပြီးတော့ အမြဲမပြတ် ဖြစ်နေတာပါလားဆိုတာ သဘော မပေါက်နိုင်ဘူးလား။ ထွက်လေဝင်လေသည် အကြောင်းအကျိုး ဆက်လက် ပြီးတော့ အမြဲမပြတ် ဖြစ်နေတယ်တဲ့။ ငါ့ တစ်ကိုယ်လုံး တစ်ကောင်လုံး လည်းဘဲ အမြဲမပြတ် ဖြစ်နေတာဘဲ။ တစ်လောကလုံးလည်း ဒီလိုဘဲ အ မြဲမပြတ် ဖြစ်နေကြတာဘဲလို့ အကြောင်းအကျိုး ဆက်လက်ဖြစ်မှုကို သဘောပေါက်သွားလျှင် ဒါ ပဋိစ္စသမုပ္ပါဒ်ဉာဏ် ပေါက်တာဘဲမဟုတ်လား။

ဒီတော့ ထွက်လေ ဝင်လေဟာ ပဋိစ္စသမုပ္ပါဒ် ဉာဏ်ကိုပေါက်စေ နိုင်တဲ့ အလုပ်ဘဲ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံလို့ စာ ဆိုတာက ပဋိစ္စသမုပ္ပါဒ်ဉာဏ် မပေါက်နိုင်ဘူး။ ဗဟုသုတသိ လောက်ဘဲရှိ တယ်။ သမာဓိရှိပြီးတော့ တရားလုပ်လို့ အသိဉာဏ်ပေါ်လာလျှင် သမာဓိ သိဘဲ။ အဲဒီ သုံးမျိုးတို့တွင် ဉာဏ်သိရောက်မှ တရားဟုတ်တယ်။

ဒီတော့ **ဉာဏ်သိမရောက်သရွေ့ တရားမဟုတ်ဘူး**။ ဘယ်လိုကွာ ကြသလဲ။ ဉာဏ်သိက မြဲတယ်။ သမာဓိက မမြဲဘူး။ လွှတ်လိုက်သည်နှင့် တပြိုင်နက်ထဲ မသိတော့ဘူး။ ည အိမ်မက်,မက်တာ မနက်ကျတော့ စဉ်း စားမရသလိုပေါ့။ သမာဓိသိကလေး သိတုန်းကလည်း အသိသား။ အဲ... လွှတ်လဲ လွှတ်လိုက်ရော ဘယ်ရောက်မှန်းမသိဘူး။ သိပုံချင်းကတော့ ခပ် ဆင်ဆင်ဘဲ။

အဲဒီ ဉာဏ်ကို ရောက်ဖို့ဟာကလည်း ဘယ်က အခြေခံရမယ်။ **သတိ** က အခြေခံရတယ်နော်။ သမာဓိ အခြေမခံနဲ့အုံး။ အဲဒီတော့ ထွက် ထွက်မှန်းသိ၊ ဝင် ဝင်မှန်းသိကို ဘာနဲ့လုပ်ရမယ်။ ခန္တီနဲ့ သည်းခံပြီးလုပ်ရ မယ်။ ဘာဖြစ်လို့လဲ။ ကိုယ့်ခန္ဓာကိုယ်က မသန့်ရှင်းသေးဘူး။ မသန့်ရှင်း တော့ တရားအားထုတ်ရင်း ဖောက်ဖောက်ပြန်ပြန်တွေ မရှိလေဘူးလား။

https://www.thitsarparamisociety.com/



ကိုယ်ရဲ့ဖောက်ပြန်မှု၊ စိတ်ရဲ့ဖောက်ပြန်မှု ရှိမယ်။ အဲဒီဖောက်ပြန်မှုတွေရှိလာတာကို သည်းခံပြီးတော့ လုပ်ရမယ်။ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ယားတယ်၊ ယံတယ်၊ လောဘဖြစ်တယ်၊ ဒေါသဖြစ်တယ် စသည်ဖြင့် တရားအားထုတ်ရင်း တရားနဲ့မဆိုင်တဲ့ အဖြစ်တွေ ဖြစ်လာလိမ့်မယ်နော်။ ဖြစ်လာပေမယ့် လျှော့မပေးနဲ့။ ဖြစ်တာက ဖြစ်တာဘဲ၊ ကိုယ့်အလုပ်က ကိုယ့်အလုပ်ဘဲ၊ ဒီလိုမဟုတ်လား။ အေး...**ကိုယ့်အလုပ်သာ ကိုယ်စိုက်လုပ်သွား၊ တစ်နေ့ကျတော့ လွန်မြောက်သွားမှာဘဲ**။

ဟာ...ဒီလို ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်တာတွေ မခံချင်ပါဘူး၊ သိမ်သိမ်မွေ့မွေ့ ငြိမ်ငြိမ်သက်သက် ဖြစ်အောင် လုပ်မှာဘဲလို့ ဒီလို လမ်းလွဲလုပ်လျှင်လည်း ဖြစ်ပြန်တယ်။ ဖြစ်ပြန်တော့ ခန္ဓာကိုယ်ထဲ ချေးက မစင်ဘူး။ အဲဒီချေးမစင်ဘဲနဲ့ တရားလမ်းသွားနေလို့ရှိလျှင် ခရီးမရောက်နိုင်ဘူးနော်။ တော်တော်လည်း အချိန်လင့်သွားပြီ၊ တရားမဟောရသေးဘူး။

“ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သား” အဲဒါအစဘဲ။ စကြာမင်းသည် ရတနာယာဉ်စကြာကြီးဖြင့် အရှေ့ အနောက် တောင် မြောက် ဆိုတဲ့ ကျွန်းကြီးလေးကျွန်းကို လှည့်ပတ်သကဲ့သို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကလည်းဘဲ အရဟတ္တမဂ် တည်းဟူသော ဗောဓိဉာဏ်တော်ဖြင့် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ တည်းဟူသော သစ္စာလေးပါးကို ပဋိဝေဓကိစ္စအားဖြင့် လှည့်ပတ်တော်မူနိုင်သတဲ့။ ဒါကိုဘဲ ဆိုလိုတယ်။ နတ်ဝိသုဒ္ဓိ၊ တုမရှိအား ဆိုတဲ့ လင်္ကာပိုဒ်မှာ သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်လို့ နတ်က သုံးမျိုးပါတယ်။ အေး...တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်ကို သမ္မုတိနတ် ခေါ်တယ်။ ဥပပတ္တိပဋိသန္ဓေနေတဲ့နတ်ကို ဥပပတ္တိနတ် ခေါ်တယ်။ ရဟန္တာကို ဝိသုဒ္ဓိနတ် ခေါ်တယ်။ အေး...သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ် ဟူသော နတ်သုံးမျိုးတို့တွင် မြတ်စွာဘုရားသည် ဘယ်နတ်ဖြစ်သလဲ။ ဝိသုဒ္ဓိနတ် ဖြစ်တော်မူတယ်။ ဝိသုဒ္ဓိနတ်ဖြစ်တဲ့ ကိုယ်တော်မြတ်ကြီးကို တုနိုင် ပြိုင်နိုင်တဲ့ လူရှိသလား။ မရှိဘူး။

https://www.thitsarparamisociety.com/



ဒါကြောင့် အရဟတ္တမဂ်တည်းဟူသော ဗောဓိညောင်တော်ကြီးဖြင့် သစ္စာလေးပါးကို လှည့်ပတ်တော်မူနိုင်တဲ့ နတ်ဝိသုဒ္ဓိ အတုမရှိတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား ရှိခိုးဦးခလျှက် တြိဒွါရဆိုတော့ကာ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ ဒွါရသုံးပါးလေ။ ကာယဝိညတ်ရုပ်က ကာယဒွါရ၊ ဝစီဝိညတ်ရုပ်က ဝစီဒွါရ၊ ပဏာမဇောစိတ်က မနောဒွါရ။ အေး... ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတည်းဟူသော ဒွါရသုံးပါးဖြင့် ရှိခိုးဦးချ ခယဝပ်တွားပါ၏။ ရှိ,က ရှိခိုး။ ဦး,က ဦးချ။ ခ,က ခယဝပ်တွားတယ်...တဲ့။ မြတ်စွာဘုရား ရတနာကြီးကို ပဏာမရခဲ့တာ၊ ဒါ...ပဏာမစကားလေ။

"ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်၊ ရထားသံသာ"ဆိုတဲ့ လင်္ကာပိုဒ်က ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ တည်းဟူသော ရထားကြီးသည် သံသရာခရီး၌ တဟုန်းဟုန်း သွား၍နေသတဲ့။

ဘယ်ကိုသွားသလဲ။ မြင်ဆဲခဏ၊ ကြားဆဲခဏ၊ နံဆဲခဏ၊ စားဆဲခဏ၊ ထိဆဲခဏ၊ သိဆဲခဏ အဲဒီ ခဏတိုင်းမှာ ရှေးအတိတ်အကြောင်းနဲ့ ယခု ပစ္စုပ္ပန်အကျိုး မြင်ဆဲခဏမှာ စပ်မိပါတယ်။ ယခု ပစ္စုပ္ပန်အကြောင်းနဲ့ နောင်အနာဂတ် အကျိုး၊ အဲဒီမြင်ဆဲခဏမှာ အကြောင်းအကျိုးနှစ်ရပ် စပ်မိတယ်။ ကြားဆဲခဏမှာလည်း စပ်မိတယ်။ နံဆဲခဏမှာလည်း စပ်မိတယ်၊ စားဆဲခဏမှာလည်း စပ်မိတယ်။ ထိဆဲခဏမှာလည်း စပ်မိတယ်။ သိဆဲခဏမှာလည်း စပ်မိတယ်။ ခဏတိုင်း ခဏတိုင်း အကြောင်းအကျိုး စပ်စပ်ပြီးတော့ သွားတာကို သံသရာရထား ခေါ်တာ။ ယခု မြင်နေတဲ့နေဟာ အသွားဘယ်လောက် မြန်သလဲဆိုတော့ မြန်မာနာရီ တစ်နာရီကို ယူဇနာငါးသောင်းသွားတယ်။ မြန်မာနာရီ တစ်နာရီဆိုတာ ခု စက်နာရီနဲ့ (၂၄) မိနစ်ရှိတယ်။ အဲဒီ (၂၄) မိနစ်ရှိတဲ့ မြန်မာနာရီ တစ်နာရီကို ယူဇနာပေါင်း ငါးသောင်း သွားနေတဲ့နေကို ပြိုင်လို့၍ နေရှေ့က ပြေးသွားတဲ့ နတ်သားများက နေထက်မြန်သေးတယ်တဲ့။

ဒေဝါ ခိပ္ပတရံ အာယုသင်္ခါရာ၊ ခိယန္တိဒေဝါ၊ ထိုနေရှေ့ကပြေးသွားသော နတ်သားများထက် ခိပ္ပတရံ၊ အထူးသဖြင့် လျှင်မြန်စွာ။ အာယု

သင်္ခါရာ၊ သတ္တဝါတို့သန္တာန်၌ အာယုသင်္ခါရ ဖြစ်ခြင်းတို့သည်။ ဒီယန္တိ၊ ကုန်ခန်းကြကုန်၏။ ယခု သတ္တဝါတို့သန္တာန်မှာ မြင်ဆဲခဏ၊ ကြားဆဲခဏ၊ နံ့ဆဲခဏ၊ စားဆဲခဏ၊ ထိဆဲခဏ၊ သိဆဲခဏ ဆိုတဲ့ ခဏတိုင်း ခဏတိုင်း တဖြစ်ထဲ ဖြစ်ဖြစ်နေတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်မှုကား နတ်သားတို့၏ လျှင်မြန်ခြင်းထက် ပိုမို လျှင်မြန်တယ်လို့ ဆိုတယ်မဟုတ်လား။ အဲဒီလောက် လျှင်မြန်စွာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ တည်းဟူသော ဘဝသုံးပါး ရထားကြီးသည် သံသရာခရီးမှာ တဟုန်းဟုန်း သွားနေတယ်တဲ့။

အဲဒီ သံသရာခရီးမှာ တဟုန်းဟုန်းသွားနေတဲ့ သံသရာရထားကြီး၏ ဖြစ်ပုံအချင်းအရာကိုပင် ပဋိစ္စသမုပ္ပါဒ်ခေါ်ပါတယ်။ အဲဒီ ပဋိစ္စသမုပ္ပါဒ်ကို အရင်းကစပြီးတော့ တပ်အပ်သေချာ သိနိုင်လောက်အောင် ငါရေးပြမယ်လို့ ဒီလို ပဋိညာဉ် ဝန်ခံခြင်းဘဲ။ မူလအပိုဒ်ကလေ ဗောဓိရတနာ၊ ယာဉ်စကြာဖြင့် သစ္စာလေးရပ်၊ လေးကျွန်းပတ်သား၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ တြိဒွါရ၊ ရှိဦးခလျက်၊ ဒါက ပဏာမ။ ဘဝသုံးပါး ဟုန်းဟုန်းသွားသည် ရထားသံသာယာဉ်စကြာ၏ ချင်းရာထုပ္ပတ် သမုပ္ပါဒ်ကို အတပ်သိရန် နိဒါန်းပြန်ပိမ့်။ အစကစပြီးတော့ ပြမယ်လို့ ဆိုတယ်။ နိဒါန်းဆိုတာ အစ။ နိဂုံးဆိုတာ အဆုံး မဟုတ်လား။

အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကြလျက်၊ မဟာတမ ဆိုတာ ဘာလဲ။ သန်းကောင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါထက်၊ နင်ကားရာထောင်၊ မကမှောင်၏။ လယ်တီဆရာတော်၏ ဆုံးမစာမှာလေ။ သန်းကောင်အချိန်လည်း ဖြစ်ရမယ်၊ လကွယ်နေ့လည်း ကြုံရမယ်၊ တောအုပ်အလယ်ခေါင်လည်း ကျရမယ်၊ မိုးမှောင်လည်း ကျရမယ်။ အင်္ဂါဘယ်နှစ်ပါးလဲ။ လေးပါး။ အဲဒီ အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ အမိုက်တိုက်ကြီးကို မဟာတမ၊ အင်မတန်မှောင်တဲ့ မှောင်ကြီးကျတယ်လို့ ခေါ်တယ်။ အဲဒီ အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ မဟာတမ အမိုက်မှောင်တိုက်ကြီးကဲ့သို့ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာ

https://www.thitsarparamisociety.com/



လေးပါးတရားကို ဖုံးလွှမ်းတဲ့ အဝိဇ္ဇာကြီးဟာ မှောင်တယ်တဲ့။ သစ္စာလေးပါးတရား ဖုံးလွှမ်းတဲ့အဝိဇ္ဇာကြီးဟာ ဘာနဲ့တူတယ်။ မဟာတမမှောင်ကြီးနဲ့ တူသတဲ့။

အေး…အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ မှောင်ကြီးဟာ ကိုယ့်ခြေကိုယ့်လက်တောင် မမြင်နိုင်အောင် မှောင်မဲနေတယ်။ အေး…အဲဒီမှောင်ကြီးဟာ ဘယ်လောက်ပင် မှောင်ပါတယ်ဆိုပေမယ်လို့ မီးရောင်၊ နေရောင်၊ အစရှိသည်တို့ဖြင့် ဖျောက်လျှင် မပျောက်နိုင်ဘူးလား။ တကယ်လို့ မှောင်စေကာမူ တစ်ညသာ မှောင်နိုင်မယ်။ မနက်နေထွက်လာတော့ မှောင်နိုင်အုံးမလား။ မမှောင်နိုင်ဘူး။ အဲဒီ မဟာတမဆိုတဲ့ မှောင်ကြီးထက် အဝိဇ္ဇာဆိုတဲ့ မှောင်က ပိုပြီးကြီးတယ်။ ဘာဖြစ်လို့လဲ။ တစ်သံသရာလုံးက ကျလာတဲ့မှောင်ဟာ ယခုထက်ထိ မလင်းသေးဘူး။ သတ္တဝါတွေရဲ့ ရင်ထဲနှလုံးထဲမှာလေ။ အဲဒီတော့ အဝိဇ္ဇာမှောင်က မဟာတမ ဆိုတဲ့ လောကမှောင်ကြီးထက် ပိုပြီးတော့ မှောင်တယ်။ သို့ပေမယ်လို့ နှိုင်းခိုင်းစရာ ဥပမာမရှိလို့ အဲဒါနဲ့ဘဲ နှိုင်းရတာ။

အဲဒီတော့ ဒီအဓိပ္ပါယ်လည်း ပေါ်လာပြီ မဟုတ်လား။ အမှန်လေးချက်၊ သဘောနက်ကို ဆိုတဲ့အပိုဒ်မှာ အမှန်ဆိုတာက သစ္စာ၊ လေးချက်ဆိုတာက လေးပါး။ သဘောနက်ဆိုတာက သစ္စာလေးပါးဆိုတာ။ အကောင်အထည် သဏ္ဌာန် ဒြပ် မရှိဘူးပေါ့။ သဘောသက်သက်ဘဲတဲ့။ သဘောသက်သက်ပေမယ်လို့ မတိမ်ဘူးကွ၊ နက်တယ်တဲ့။ သစ္စာလေးပါး တရားသဘောဟာ အင်မတန် နက်နဲတယ်တဲ့။ အင်မတန် နက်နဲတဲ့ သစ္စာလေးပါး သဘောတရားကို အဝိဇ္ဇာကဖုံးလွှမ်းတယ်။ အဲဒီ သစ္စာလေးပါးကို ဖုံးလွှမ်းတဲ့ မောဟအဝိဇ္ဇာကြီးဟာ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ မဟာတမ ဆိုတဲ့ မှောင်ကြီးနဲ့တူသတဲ့။ အေး…မဟာတမဆိုတဲ့ မှောင်ကြီးနဲ့တူတဲ့ အဝိဇ္ဇာ ဖုံးလွှမ်း၍ ထားသောကြောင့် ရှေ့ဆက်လိုက်၊ ဘဝမြဲသိုက်၊ ရှိန်ရှိန်အိုက်သားတဲ့။

https://www.thitsarparamisociety.com/



ဘဝမြုံ့သိုက်ဆိုတာ ကြက်ကလေးတွေ ပေါက်တဲ့တောင်းကို ကြက်မြုံ့၊ ငှက်ကလေးတွေ ပေါက်တဲ့အသိုက်ကို ငှက်သိုက်၊ ဒီတော့ ကြက်ပေါက်ရာဌာနကို ကြက်မြုံ့၊ ငှက်ပေါက်ရာဌာနကို ငှက်မြုံ့၊ လူဖြစ်ရာဌာနကို လူမြုံ့လူအသိုက်၊ နတ်ဖြစ်ရာဌာနကို နတ်မြုံ့ နတ်အသိုက်၊ ဒီလိုမဟုတ်လား။ ဥပမာတွေနဲ့ ဆက်ဆက်ပြီးသွားတာ၊ စကားကိုက တော်တော်ခက်နေတာ၊ ဘယ်နားလည်နိုင်မှာလဲ။ အဲဒီ လူ့ဘုံ လူ့ဘဝတည်းဟူသော လူရဲ့အမြုံ့၊ လူ့ရဲ့အသိုက်ဟာ အေးအေးချမ်းချမ်း မဟုတ်ဘူးတဲ့။ တရှိန်ရှိန် အိုက်နေတယ်။ ဒါကြောင့် ဘဝမြုံ့သိုက်၊ ရှိန်ရှိန်အိုက်သား...လို့ ဆရာတော်ကြီးက ရေးတာ။ ဘာဖြစ်လို့ အိုက်ရသလဲဆိုတော့...

အမှိုက်မီးစာ ဤခန္ဓာကိုယ်တဲ့။ သတ္တဝါတွေရဲ့ သန္တာန်မှာ ရုပ်တွေ၊ နာမ်တွေ ရှိတယ်။ အဲဒီ သတ္တဝါ သန္တာန်မှာရှိတဲ့ ရုပ်တွေ၊ နာမ်တွေ၊ ခန္ဓာကိုယ်တွေဟာ ဇာတိ ဇရာ မရဏ အစရှိသော မီး (၁၁)ပါးက အမြဲမပြတ် အလောင်ခံနေရတဲ့ ရုပ် နာမ် ခန္ဓာတေါဟာ မီးစာတွေ အမှိုက်သရိုက်တွေ ဖြစ်နေတာပေါ့။ အဲဒီလို ဇာတိ ဇရာ,မရဏ အစရှိသော မီး(၁၁)ပါး တဟုန်းဟုန်း တောက်လောင်နေတော့ကာ ဒီလူ့ဘဝမြုံ့၊ လူ့ဘဝသိုက်ဟာ အေးနိုင်ပါအုံးမလား...လို့။ မအေးနိုင်တော့ဘူး။

ဒါကြောင့် ဘဝမြုံ့သိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကိုယ်လို့ စပ်ဆိုတော်မူတာ။ ဘာမှ အသိဉာဏ် မရှိလို့၊ အဝိဇ္ဇာမောဟ ဖုံးထားလို့သာ အကောင်းထင်နေကြတာ။ အေးတယ်၊ ချမ်းသာတယ်၊ ထင်နေကြတာ၊ တွယ်တာသမှု အကြောင်းပြု၍ ဆိုတဲ့အတိုင်း ပူမှန်း အိုက်မှန်း မသိတော့ ဒီလက်ရှိခန္ဓာကိုယ်လို့ စပ်ဆိုတော်မူတာ။ ဘာမှ အသိဉာဏ် မရှိတော့ ခန္ဓာကို မတွယ်တာဘူးလား။ တွယ်တာတယ်။ အဲဒီ ရုပ် နာမ် ခန္ဓာဖြစ်တဲ့ လက်ရှိခန္ဓာကိုယ်တွယ်တာခြင်းကို အကြောင်းပြု ဘာဖြစ်သလဲ။

အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို ဆိုတဲ့အတိုင်း အကုသိုလ်စိတ်တွေနဲ့ ပါဏာတိပါတ၊ အဒိန္နာဒါန အစရှိတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ပြုလုပ်ကျူးလွန်ပြီးနေကြတယ်။

https://www.thitsarparamisociety.com/



သူများအိတ်ထဲကပိုက်ဆံ ငါ့အိတ်ထဲရောက်အောင် ဘယ့်နှယ်လုပ်ရပါ့မလဲ၊ အမျိုးမျိုး ကြံစည်မနေကြဘူးလား။ ကြံစည်နေကြတယ်။ တိုက်ယူတန် ယူမယ်၊ ခိုးယူတန်ယူမယ်၊ စသည်ဖြင့် ပါဏာတိပါတ၊ အဒိန္နာဒါန အစရှိတဲ့ ကာယကံ သုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး၊ အဲဒီ ဒုစရိုက် (၁၀) ပါး၊ အကုသလ ကမ္မပထ တရားတွေကို လောဘ အကုသိုလ်စိတ်၊ ဒေါသ အကုသိုလ်စိတ်၊ မောဟ အကုသိုလ်စိတ်တွေနဲ့ နေ့ရှိသရွေ့ ကြိုးကြိုးပမ်းပမ်း လုံးပမ်းနေကြတာဟာ အဲဒီ အပါယ်လမ်း၊ အပါယ်ဗီဇ၊ အပါယ်မျိုးစေ့တွေတဲ့နော်။

အပါယ်လမ်း၊ အပါယ်ဗီဇ၊ အပါယ်မျိုးစေ့ ဖြစ်တဲ့ အကုသိုလ်တွေဟာ ဘာလဲဆိုတော့(အပုည)၊ စောစောက သင်္ခါရ (၇)ပါး ခွဲတတ်တယ် မဟုတ်လား။ အဘိသင်္ခါရ ဆိုတဲ့ဟာနဲ့ အပုညဆိုတဲ့ အကုသိုလ်နဲ့တွဲလိုက်တော့ အပုညအဘိသင်္ခါရ၊ သဒ္ဒါနည်းနဲ့ နှစ်ခုပေါင်း ခေါ်လိုက်တော့ အပုညာဘိသင်္ခါရခေါ်တယ်။ သေသေချာချာ ခွဲခေါ်လိုက်တော့ အပုညအဘိသင်္ခါရ၊ ကံဖြစ်သောကြောင့် အဘိသင်္ခါရ၊ အကုသိုလ်ဖြစ်သောကြောင့် အပုည၊ ဒီတော့ အပုညာဘိသင်္ခါရဆိုတာ မသိနိုင်ဘူးလား။ သိနိုင်ပါတယ်။ ဘာတွေလဲ၊ ပါဏာတိပါတ အစရှိသော မကောင်းမှုကံတွေ၊ အဲဒီ မကောင်းမှုကံတွေကို ဘာဖြစ်လို့ ဒီလူတွေလုပ်နေကြသလဲ။ အင်မတန် ပူတဲ့ အိုက်တဲ့ လောင်တဲ့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ အစရှိသော မီး(၁၁)ပါးတို့၏ လောင်စာဖြစ်တဲ့ ရုပ်နာမ် ခန္ဓာ အမှိုက်သရိုက်တွေကို မီးကအမြဲမပြတ်လောင်နေတော့ ဒီလူ့ဘဝ၊ လူ့မြုံ၊ လူ့သိုက်ဟာ တရှိန်ရှိန်အိုက်မနေဘူးလား။ အိုက်နေတယ်။ အိုက်ပူနေပေမယ့်လည်း အိုက်မှန်း ပူမှန်း သိကြရဲ့လား။ မသိဘူး။ မသိတော့ ခုလက်ရှိ ခန္ဓာကို တွယ်တာတယ်။ လက်ရှိခန္ဓာ တွယ်တာတော့ လက်ရှိခန္ဓာကောင်းစားအောင်ဟဲ့...ဆိုပြီးတော့ လက်ရှိခန္ဓာ ချမ်းသာချင်လွန်းလို့ မကောင်းမှုကံတွေကို ပြုနေကြတယ်။

လောကမှာ ချမ်းသာဆင်းရဲ နှစ်မျိုးရှိတယ်။ ချမ်းသာဆင်းရဲ နှစ်မျိုးရှိရာမှာ သတ္တဝါတို့က ဆင်းရဲကိုကြောက်ပြီးတော့ ချမ်းသာကို လိုချင်

https://www.thitsarparamisociety.com/



ကြတယ်။ သတ္တဝါတို့ သဘောဟာ တစ်သံသရာလုံးက ဒီအတိုင်းလာခဲ့တာ ဘဲ မဟုတ်လား။ ဒီတော့ ဆင်းရဲကင်းပြီးတော့ ချမ်းသာခြင်းနှင့်ပြည့်စုံ အောင် လိုက်စားကြတယ်။ အယုတ်သဖြင့် ကိုယ့်ကိုယ်ကို သတ်သေတဲ့ လူဟာ ဆင်းရဲချင်လို့ သတ်သေတာမဟုတ်။ ချမ်းသာချင်လို့သတ်သေတာ။ ဘာဖြစ်လို့လဲ။ ယခုလို ဆင်းရဲဒုက္ခနဲ့ နေရမှာအတူတူဖြင့် သေရတာမှ ချမ်းသာပါလိမ့်အုံးမယ်ဆိုတဲ့ ဒီလိုစိတ်မျိုးပေါက်ပြီးတော့ သတ်သေတာ။

ဒီတော့ သည့်ပြင်ဟာကိုမပြောနဲ့။ ကိုယ့်ကိုယ်ကို သတ်သေတဲ့လူ တောင်မှ ချမ်းသာချင်လို့ မဟုတ်လား။ အဲဒီတော့ ဆင်းရဲကင်း၍ ချမ်းသာ ခြင်းနှင့်ပြည့်စုံအောင် ဆိုပြီးတော့ အကုသိုလ်ဒုစရိုက်တွေကို လိုက်စားကြ သတဲ့။

မဓုဝ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ပါပံ၊ ဗာလေ ဒုက္ခံ နိဂစ္ဆတိ၊

ယာဝ၊ ကြင်မျှလောက်။ ပါပံ၊ မကောင်းမှုကံသည်။ နပစ္စတိ၊ အ ကျိုးမပေးသေး။ တာဝ၊ ထိုမကောင်းမှုကံ အကျိုးမပေးမီကာလပတ်လုံး။ ဗာလော၊ လူမိုက်သည်။ ပါပံ၊ မကောင်းမှုကံကို။ မဓုဝ၊ ချိုမြိန်လှစွာ ပျား သကာသို့။ မညတိ၊ အောက်မေ့မှတ်ထင်၏။ ဟော...အကုသိုလ်မှုပြုတဲ့ လူဟာလေ မိမိပြုတဲ့ အကုသိုလ်အကျိုးမပေးမချင်း ကာလပတ်လုံး ဒီအ ကုသိုလ်ကို အင်မတန်နှစ်သက် အင်မတန်ကျေနပ်နေတယ်။ ကောင်းလိုက် တာကွာ၊ ဘယ်လိုကောင်းမှန်းမသိဘူး။ ပျော်လိုက်တာကွာ၊ အကုသိုလ်ကို စိတ်ထဲက ကျေနပ်နေတာပြောတယ်။

ယဒါ၊ အကြင်အခါ၌။ ပါပံ၊ မကောင်းမှုကံသည်။ ပစ္စတိ၊ အကျိုး ပေး၏။ တဒါ၊ ထို မကောင်းမှုကံ အကျိုးပေးသောအခါ၌။ ဗာလော၊ လူ မိုက်သည်။ ဒုက္ခံ၊ ဆင်းရဲသို့။ နိဂစ္ဆတိ၊ ကျရောက်ရလေ၏။ မကောင်းမှုကံ အကျိုးပေးလျှင် ဘာဖြစ်သွားလဲ။ ဆင်းရဲတာပေါ့။ ဒီလိုသာအစက မကောင်း

https://www.thitsarparamisociety.com/



မှုကံရဲ့အကျိုးဟာ ဆင်းရဲဒုက္ခပေးလိမ့်မယ်လို့ သိလျှင် လုပ်ရဲပါ့မလား။ မလုပ်ရဲပါဘူး။ မသိလို့လုပ်တာ။ ဒါဖြင့် ကိုယ်လုပ်တဲ့အကုသိုလ် ကိုယ်မသိဘူးလား။ ငါ သူ့အသက်သတ်တယ်၊ ငါ သူ့ဥစ္စာခိုးတယ်လို့ သိတယ်မဟုတ်လား။ ဒီအသိမျိုးကို အသိမခေါ်ဘူး။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ အစရှိသော အကုသိုလ်မှုကိုပြုခြင်းကြောင့် ငါ့မှာ ဆင်းရဲဒုက္ခရောက်ရလိမ့်မယ် ဆိုတဲ့ အသိမျိုးသိလို့ရှိလျှင် အပုညာဘိသင်္ခါရ ခေါ်တဲ့ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို ပြုလုပ်နိုင်ကြပါအုံးမလား၊ မပြုလုပ်နိုင်ဘူးနော်။

ဒို့ မြတ်စွာဘုရားလက်ထက်က ရဟန်းယောကျ်ားတွေမှာလည်း အရှင်သာရိပုတ္တရာ အစရှိတဲ့ လက်ယာတော်ရံ၊ အရှင်မဟာမောဂ္ဂလန် အစရှိသော လက်ဝဲတော်ရံ၊ မရှိဘူးလား။ ရှိပါတယ်။ အဲဒီ ရဟန်းယောကျ်ားတွေမှာ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ၊ ရှိသကဲ့သို့ ရဟန်းမိန်မတွေမှာလည်း လက်ယာတော်ရံ၊ လက်ဝဲတော်ရံ ရှိတယ်။ ခေမာ ဆိုတဲ့ ဘိက္ခုနီမက လက်ယာတော်ရံ၊ ပညာအရာ ဧတဒဂ် ရတယ်။ ဥပ္ပလဝဏ် ဆိုတဲ့ ဘိက္ခုနီမက လက်ဝဲတော်ရံ၊ တန်ခိုးအရာ ဧတဒဂ်ရတယ်။ ဘိက္ခုနီ မထဲကလေ။ အေး...ရဟန်းယောကျ်ားသာလျှင် လက်ယာတော်ရံ၊ လက်ဝဲတော်ရံ ရှိသည်မဟုတ်၊ ပညာအရာ တန်ခိုးအရာ ဧတဒဂ်ရသည်မဟုတ်။ ဘိက္ခုနီမတွေလည်းဘဲ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ၊ ပညာအရာ၊ တန်ခိုးအရာ ဧတဒဂ်ရတဲ့ ပုဂ္ဂိုလ်တွေရှိကြတယ်။

အဲဒီ ဧတဒဂ်ရ ပုဂ္ဂိုလ်တွေထဲက ဥပ္ပလဝဏ်ထေရီမ ဟာ တန်ခိုးအရာမှာ ဧတဒဂ် ရတယ်။ လက်ဝဲတော်ရံ နော်။ အဲဒီ ဥပ္ပလဝဏ်ထေရီမဟာ ဘဝသံသရာ ကျင်လည်ပြီး လာခဲ့ရာမှာ အင်မတန်ချောတဲ့ လှတဲ့ မိန်းမဟေ့၊ ဒီလိုအဖြစ်မျိုးနဲ့များ သံသရာ ကျင်လည်ရမယ်ဆိုလျှင် ဘယ်လောက် သံသရာကျင်လည်စရာ ကောင်းလဲလို့။ ပဒုမ္မဒေဝီ ဆိုတာ ဘယ်သူလဲ။ ဥပ္ပလဝဏ်ထေရီလောင်း။ တနေ့ကဟောတဲ့ ဥမ္မာဒန္တီဟာ ဥပ္ပလဝဏ်ထေရီအလောင်း။ ဟို ဝေဿန္တရာဇာတ်တော်မှာ ကဏှာဇိန် မင်းသမီးဟာ ဥပ္ပလဝဏ်ထေရီလောင်း။ အဲဒီ ဥပ္ပလဝဏ်ထေရီမ,လောင်းဟာ ဘဝသံသရာ ဖြစ်လေရာမှာ မိန်းမချည်းဘဲ ဖြစ်ပြီးလာခဲ့သတဲ့။

https://www.thitsarparamisociety.com/



ယခုနောက်ဆုံးပိတ်ဘဝမှာ သာဝတ္ထိပြည်မှာ သူဌေးသမီး ဖြစ်လာတယ်။ ဥပ္ပလ ဆိုတာ ကြာညိုပန်း။ ကြာညိုပန်းမှာ အထဲက ဝတ်ဆံကလေးဟာ ဝါဝါကလေး မဟုတ်လား။ ကြာညိုပန်းအထဲက ဝတ်ဆံဝါဝါကလေးကဲ့သို့ ဒီကလေးမရဲ့အဆင်းဟာ ဝါဝါဝင်းသတဲ့။ ဒီတော့ ဥပ္ပလဝဏ္ဏ မခေါ်ဘဲနဲ့ ခေတ်အားလျော်စွာ ခေါ်လျှင် ဝါဝါဝင်းရွှေ လို့ ခေါ်ရလိမ့်မယ်ထင်တယ်။ ကြာညိုပန်းအထဲက အဆင်းကဲ့သို့ ဝါဝင်းသော ကိုယ်ရေကိုယ်သား ရှိခြင်းကြောင့် ဒီကလေးမကို ဥပ္ပလဝဏ္ဏ။ ဝဏ္ဏကို ဏကြီးကလေးသတ်လိုက်တော့ သူဌေးသမီးရဲ့နာမည် ဥပ္ပလဝဏ်တဲ့။

ဘယ်လောက်များလှသလဲဆိုတော့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ရှိသမျှမင်းတွေ၊ ရှိသမျှသူဌေးတွေဟာ ဥပ္ပလဝဏ်ရဲ့ဖခင်ထံသို့ သဝဏ်လွှာလာမပေးတဲ့ပုဂ္ဂိုလ် မရှိဘူးတဲ့။ သူဌေးကြီး သင့်သမီးကို ဒို့နဲ့လက်မလွှတ်ပါစေနဲ့လို့ ဥပ္ပလဝဏ်ကို လာလာပြီးတော့ စပ်ကြသတဲ့။ ဒီတော့ သူဌေးကြီးက သမီးကလည်း တစ်ယောက်ထဲ၊ ဟိုမင်းပေးပြန်လည်း ဒီမင်းနဲ့မျက်နှာပျက်မယ်။ ဟိုသူဌေးပေးပြန်လည်း ဒီသူဌေးနဲ့ မျက်နှာပျက်မယ်။ ငါတော့ အခက်ကြုံနေပြီ။ သမီးရှင်သူဌေးကြီးမှာလေ။ တောင်းတဲ့လူတွေကများပြီး သမီးက တစ်ယောက်ထဲ။ ဘယ့်နှယ်မှ မလုပ်တတ်တော့ဘူး။

အဲဒီတော့ သမီးကလည်း ပါရမီရှင်ဖြစ်၊ အဖေကြီးကလည်း အကြံကောင်းပေါက်တော့ ဘိက္ခုနီမ လုပ်ခိုင်းရလျှင် ကောင်းမှာဘဲ လို့ သမီးခေါ်ပြီးတော့ ပြောတယ်။ ချစ်သမီး ဘိက္ခုနီမ မလုပ်နိုင်ဘူးလားလို့ မေးတော့ ပစ္ဆိမဘဝိက လက်ဝဲတော်ရံ တန်ခိုးအရာမှာ ဧတဒဂ် ရမယ့် ရဲရဲတောက် အမျိုးသမီးလေးကိုး။ ဒီတော့ လောကီအာရုံကို သူ့ဘယ်အလိုရှိမလဲ။ ဒီစကားကြားလိုက်တော့ ဖီလိမ်းထားတဲ့ကလေးမကို ပန်းလာပြီးပေးသကဲ့သို့ ဖီလိမ်ထားတဲ့ကလေးမကို ပန်းလာပေးတော့ ပန်းပန်ရတာသူ့စိတ်ထဲမှာ မကျေနပ်ဘူးလား။ အဲဒီလိုဘဲ ဥပ္ပလဝဏ် ဆိုတဲ့သူဌေးသမီးလေးကို အဖေကခေါ်ပြီးတော့ ချစ်သမီး ဘိက္ခုနီမ မလုပ်ချင်ဘူးလား ဆိုတော့ အောင်မလေး...ဝမ်းမြောက်ဝမ်းသာနဲ့ ကျွန်မ ဘိက္ခုနီမ လုပ်ချင်နေ

https://www.thitsarparamisociety.com/



တာ ကြာလှပြီ၊ အဖေတို့ကိုပြောရမှာ ခက်လို့။ ဒီလိုဖြင့် နေရာကျလိုက်တာသမီးရယ်ဆိုပြီးတော့ အခမ်းအနားနဲ့ အကြီးအကြယ် ဘိက္ခုနီမကျောင်းပို့သတဲ့။

အခမ်းအနားနဲ့ ဘိက္ခုနီမကျောင်း ပို့ပြီးတော့ ယခုခေတ်နဲ့ ကြည့်ပြောရလျှင်တော့ မိန်းမရှင်ပြုပေါ့။ အေး...ဘိက္ခုနီမကျောင်း ပို့ပြီး ရှင်ပြုပြီးတော့ ရဟန်းခံ၊ ရဟန်းခံပြီးတော့ မကြာမီဘဲ ပါရမီထူးကလည်း ပါတဲ့ပုဂ္ဂိုလ် ဖြစ်လေတော့ တစ်နေ့သောအခါ ဥပုသ်အိမ်မှာ သူ့အလှည့်နဲ့ကြုံကြိုက်လို့ ဥပုသ်အိမ် သိမ်အပြင်မှာ ဆီမီးထွန်းရင်း အဲဒီ ဆီမီးရောင် အလင်းကို ကြည့်ပြီးတော့ တေဇောကသိုဏ်း ဝင်စားတယ်။ အဲဒီ တေဇောကသိုဏ်း ဝင်စားရာကနေပြီးတော့ ဈာန်ရ၊ အဲဒီဈာန်ကို တခါခွာ၍ ဝိပဿနာတက်ပြီး အဘိညာဏ်-၆-ပါးနှင့်တကွ ရဟန္တာမဖြစ်သွားတယ်။

အဲဒီ ရဟန္တာမ ဖြစ်သွားတဲ့ ဥပ္ပလဝဏ် ထေရီမဟာ အန္ဓဝနမိုက်တော တောကျောင်းမှာ နေသတဲ့။ အဲဒီအခါတုန်းက ဘိက္ခုနီမများ တောကျောင်းမနေရဘူးလို့ သိက္ခာပုဒ် ပညတ်ချက် မရှိသေးဘူး။ အဲဒီမိုက်တောမှာ အကြောင်းတစ်ခု ပေါ်လာတာက ဥပ္ပလဝဏ် ထေရီမရဲ့ အမေနဲ့မောင်နှမတော်တဲ့ဦးကြီးရဲ့သား နန္ဒဆိုတဲ့ သတို့သားက ဥပ္ပလဝဏ် ထေရီမကိုသူက တိတ်တိတ်ပုန်း ကြိုက်နေတာကိုး။ မောင်နှမချင်းလည်း ဖြစ်တယ်၊ ရဟန်းမလည်း ဖြစ်တယ်။ ဘယ်လောက်များ ဆိုးသလဲလို့ ဒီကိလေသာဟာ။

ဥပ္ပလဝဏ်ါ ထေရီမ တောကျောင်းမှာ သီတင်းသုံးပြီး ဆွမ်းခံကြွသွားတဲ့အခါ ဥပ္ပလဝဏ်ထေရီမရဲ့ ညောင်စောင်းအောက် ဝင်ပြီးတော့ ပုန်းနေတယ်။ ဥပ္ပလဝဏ်ထေရီမက အမှတ်တမဲ့နဲ့ ပြန်လာ၍ ကျောင်းတံခါးပိတ်ပြီး ညောင်စောင်းပေါ် လှဲလိုက်တဲ့အခါ ညောင်စောင်းအောက်က ထွက်လာပြီး မတော်တရော် ပြုကျင့်တယ်။ ဟဲ့...အမိုက်ကောင် မလုပ်နဲ့။ ဟဲ့အမိုက်ကောင် မလုပ်နဲ့လို့ တားမြစ်ရင်းတန်းလန်း သူ့အထမြောက်အောင်

https://www.thitsarparamisociety.com/



ပြုကျင့်တယ်။ ဖြစ်ပုံပြောပါတယ်။ ဟော...ပြုကျင့်လို့ သူကိစ္စပြီးတဲ့အခါ ကျတော့မှ ထွက်သွားတယ်။

ကျောင်းအပြင်ရောက်တဲ့အခါကျတော့ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် မြင့်မိုရ်သတ္တရဘန် အစရှိသော ထိုထို ဝန်ကြီးတွေကို ရွက်ဆောင်နိုင်သော်လည်းဘဲ၊ ဒီလောက်တောင် မိုက်ကန်းတဲ့ သတ္တဝါကို မြေကြီးပေါ်မှာ မထားနိုင်ဘူးဆိုပြီး မြေခွဲမြိုလို့ အဝီစိကျသွားရော။ အဲဒီ သတို့သားရဲ့နာမည်က နန္ဒတဲ့။ အဲဒီ နန္ဒဆိုတဲ့ နာမည်ဟာ မမှည့်တာကောင်းတယ်။ အင်မတန်ဆိုးဝါးတယ်။ အရှင်သာရိ ပုတ္တရာခေါင်း လက်သီးနဲ့ထိုးတဲ့ ဘီလူးလည်း နန္ဒဘဲ။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ခေါင်းကလေး ပြောင်အောင်ရိတ်ပြီးတော့ တပေါ ဒချောင်မှာ နိရောဓသမာပတ် ဝင်စားနေတော်မူတဲ့အခါ သမ္မာဘီလူးနဲ့ မိစ္ဆာဘီလူးနှစ်ယောက် လမ်းလျှောက်လာတော့ ခေါင်းမှာလရောင်ကလေး ထိုးပြီး ပြောင်နေတာကို မိစ္ဆာဘီလူးကမြင်သတဲ့။ သူငယ်ချင်းရာ ငါ့ဒီခေါင်း လက်သီးနဲ့ထိုးချင်လိုက်တာ ဆိုသတဲ့။ အကျိုးမဲ့မလုပ်နဲ့...ဟေ့။ မြတ်စွာဘု ရားကလွဲလျှင် လောကကြီးမှာ သူအကြီးဆုံးဘဲ သူ့သွားလုပ်လျှင်တော့ မင်းဒုက္ခရောက်မှာကေန္တဘဲ။

ဟာ...မထိုးဘဲမနေနိုင်ဘူး။ ကိုင်း...မင်းမထိုးဘဲ မနေနိုင်ရင် မင်း ဟာမင်း လုပ်ချင်တာလုပ်၊ မလုပ်ချင်နေ၊ ငါတော့မကြည့်ရဲဘူးဆိုပြီး သမ္မာ ဘီလူးက ဖနောင့်နဲ့တင်ပါး တစ်သားတည်း နေအောင်ထွက်ပြေးတယ်။ ဒီ တော့မှ အရှင်သာရိပုတ္တရာခေါင်းကို လက်သီးနဲ့ထိုးသ...တဲ့။ တောင်ကိုများ ထိုးလိုက်ရင် ဒီတောင်ဟာ အစိပ်စိပ် အမွှာမွှာ ကွဲကျသွားမတဲ့။ သူ့လက် သီးဟာ ဒီလောက်ပြင်းတယ်။ ဟိုမှာ နိရောဓသမာပတ် ဝင်စားနေတဲ့ပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့်သာ ခံနိုင်တာ။ အဲ...သူလည်းဘဲ အရှင်သာရိပုတ္တရာခေါင်း ကို လက်သီးနဲ့ထိုးပြီးရော မြေလည်းမြိုသွားတာဘဲ။

ဒီတော့ နန္ဒသတို့သား ဥပ္ပလဝဏ်ထေရီမကို ပြစ်မှားတာ၊ နန္ဒဘီ လူး အရှင်သာရိပုတ္တရာဦးခေါင်းကို လက်သီးနဲ့ထိုးတာ ဘာ...သခ်ါရ။

https://www.thitsarparamisociety.com/



(အပုညာဘိသင်္ခါရ)။ အဲဒီ အပုညာဘိသင်္ခါရတွေကြောင့် အဝီစိမှာ ပဋိသန္ဓေ ဝိညာဏ်သွားဖြစ်နေတော့ကာ သင်္ခါရပစ္စယာ ဝိညာဏံ၊ သင်္ခါရပစ္စယာ၊ မကောင်းမှု အကုသိုလ်ကို ပြုလုပ်နေကြတဲ့ နန္ဒဘီလူး၊ နန္ဒ သတို့သားတို့မှာ ဒီမကောင်းမှု အကုသိုလ်သင်္ခါရကြောင့်။ ဝိညာဏံ၊ အဝီစိငရဲ၌ ပဋိသန္ဓေ ဝိညာဏ်သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားပေါ်ပေါက်၍ လာလေ၏။ အင်မတန် မိုက်လုံးကြီးတဲ့အကောင်တွေ၊ သူတို့အကုသိုလ်ကံက ချက်ချင်း မြေမြို့ပြီးတော့ ဘယ်ထိအောင်သွားရတယ်။ အဝီစိငရဲထိအောင် သွားရတယ်။

ဒီကြားထဲမှာ အံ့ဩစရာကောင်းတာက ရဟန္တာများဟာ ဘယ်အံ့ဩစရာကောင်းသလဲနော်။ အဲ...တနေ့က ဟောခဲ့တုန်းက ကောကမည်သော ခွေးမုဆိုးသည် ရဟန်းခြေထောက်ကို မြှားနဲ့ထိုးတယ် မဟုတ်လား။ ရဟန်းခြေထောက်ကို မြှားနဲ့ထိုးတဲ့အခါ သစ်ပင်ပေါ်က ရဟန်းက ကိုယ့်သင်္ကန်းကို မနိုင်လို့ သင်္ကန်းကျွတ်ကျသွားတော့ မုဆိုးခေါင်းအုပ်မိတယ်။ မုဆိုးခေါင်း အုပ်မိတော့ ရဟန်းသစ်ပင်ပေါ်က လိမ့်ကျလာတယ် ထင်ပြီးတော့ သူ့ခွေးတွေက သူ့ပြန်စားတယ်။ အဲဒီအခါမှာ ပုထုဇဉ်ဖြစ်နေတော့ ဘယ်လိုဖြစ်ရတယ်။ ကိုယ့်ပယောဂလည်းမပါဘဲနဲ့ ငါ့သင်္ကန်းကြောင့် ဒီမုဆိုးသေပြီ၊ ငါ့မှာသီလများ ရှိပါသေးရဲ့လား၊ ငါရဟန်းမှ ဟုတ်ပါသေးရဲ့လား...လို့ ကုက္ကုစ္စသံသယ ဖြစ်တယ်မဟုတ်လား။

ဥပ္ပလဝဏ် ထေရီမက ရဟန္တာဖြစ်ခြင်းကြောင့် ဒီနန္ဒသတို့သား အပြစ်မှားခံရပေမယ်လို့ ငါသီလမှ ရှိပါသေးရဲ့လား၊ ငါ,ရဟန်းမှ ဟုတ်ပါသေးရဲ့လား့ ဒီလို ကုက္ကုစ္စ သံသယမဝင်ဘူး။ ဒါမဆန်းဘူးလား။ တကယ်ဆိုလျှင် ဘိက္ခုနီမတို့မည်သည် ရဟန်းယောကျ်ားထက်ပိုပြီး သိက္ခာပုဒ်ကျဉ်းကြပ်တယ်။ ဒူးအထက် ညှပ်ရိုးနှစ်ဘက်အောက် ယောကျ်ားအကိုင်ခံလျှင် ပါရာဇိက ကျတယ်။ ဘိက္ခုနီမဆိုတာ အဲဒီလောက်ကျဉ်းကြပ်တယ်။ အဲဒီလောက် ကျဉ်းကြပ်ပေမယ်လို့ ဘိက္ခုနီမက ရဟန္တာမ ဖြစ်နေပြီ။ ဒါကြောင့် ငါ့မှာ သီလရှိပါသေးရဲ့လား၊ ငါရဟန်းမှ ဟုတ်ပါသေးရဲ့လား။ ဒီလို ကုက္ကစ္စ သံသယ မဝင်ဘူး။ ဘာလို့မဝင်သလဲ။ ရဟန္တာ ဖြစ်နေတော့ သင်္ခါရမှ မရှိ

https://www.thitsarparamisociety.com/



ဘဲကိုး။ အဝိဇ္ဇာကင်းချုပ်သွားပြီ။ အဝိဇ္ဇာကင်းချုပ်တော့ အကုသိုလ်မှုနဲ့ ကြုံသော်လည်း အကုသိုလ်အဝိဇ္ဇာကင်းချုပ် မဖြစ်ဘူး။ ကုသိုလ်မှုနဲ့ ကြုံသော်လည်းဘဲ ကုသိုလ်သင်္ခါရ မဖြစ်တော့ဘူး။ ရေကို မီးမလောင်ကောင်း သလို ရဟန္တာပုဂ္ဂိုလ်များမှာ အကုသိုလ်လည်း မဖြစ်စကောင်းဘူး။ ကုသိုလ် လည်း မဖြစ်စကောင်းဘူးနော်။

နောက်အကြောင်းတစ်ခုနဲ့ ဆုံမိတဲ့အခါကျတော့ ဥပ္ပလဝဏ်ထေရီ မက ဘိက္ခုနီမတွေကို ဒီအကြောင်းပြောကြတယ်။ ဘိက္ခုနီမတွေက ရဟန်း ယောက်ျားတွေကို လျှောက်ထားတယ်။ ရဟန်းယောက်ျားတွေက မြတ်စွာ ဘုရားကို တဆင့်လျှောက်ထားသတဲ့။ ဒီတော့မှ မြတ်စွာဘုရားက အဲဒါ နဲ့ ပတ်သက်ပြီးတော့ မဓုဝ မညတိ ဗာလော၊ ယာဝ ပါပံ နပစ္စတိ၊ ယ ဒါဝ ပစ္စတီပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ ဆိုတဲ့ ဒီဂါထာကို ဟောတော်မူ တာ၊ လူမိုက်တို့မည်သည် ကိုယ်ပြုကျင့်တဲ့မကောင်းမှု အကျိုးမပေးခင်စပ် ကြား သူတို့မကောင်းမှုကိုသူတို့ ပျားသကာကဲ့သို့မှတ်ထင်ကြတယ်။ ကိုယ် ပြုကျင့်တဲ့မကောင်းမှု အကျိုးပေးတဲ့အခါကျတော့မှ ဆင်းရဲဒုက္ခရောက်တယ်။

အဲဒီတော့ မြို့ထဲရွာထဲမှာဒီစကားဟာပျံ့သွားတော့ ရဟန္တာယောက်ျား ရဟန္တာမိန်းမတို့ဟာ ကာမဂုဏ်မှီဝဲသလား။ ကာမဂုဏ်မမှီဝဲဘူးလား။ ကာမ ဂုဏ်ကိုသာယာသလား။ မသာယာဘူးလား။ အမေးဖြစ်လာကြတယ်။ ရပ် စကား ရွာစကားလေ။ ဒီတော့ ဘယ်လိုဖြစ်လာကြသလဲ။ သူတို့လည်း သစ်ခေါင်းတောင်ပို့ မဟုတ်ဘူး။ စိုစွတ်တဲ့အသားအရေရှိတယ်။ သူတို့လည်း ကာမဂုဏ်ကိုသာယာမှာပေါ့၊ ကာမဂုဏ်ကို မှီဝဲမှာပေါ့။ သူတို့အထင်နဲ့ပြော နေကြတာ၊ ဘာမှမသိကြဘဲကိုး။

အဲဒီစကား မြတ်စွာဘုရားထံ ရောက်သွားတော့မှ မဟုတ်ဘူး...တဲ့။ ဝါရိပေါက္ခရ ပတ္တေဝ၊ အာရဂ္ဂေရိဝ သာသပေါ၊ ယောနလိမ္ပတိ ကာမေသု ဘမဟံ ဗြူမိဗြဟ္မဏံ ဆိုတဲ့ ဂါထာကို ဟောတော်မူတယ်။ ကြာဖက်ပေါ်မှာ

https://www.thitsarparamisociety.com/



ကျတဲ့ ရေပေါက်တို့သည် ကြာဖက်ကိုလည်းမစိုဘဲနဲ့ ကြာဖက်ပေါ်လည်း မတင်ဘဲနဲ့ လိမ့်ကျသွားဘိသကဲ့သို့ ပွတ်ဆောက်ဖျားပေါ်မှာ မုန်ညှင်းစေ့ တင်တော့ ဒီမုန်ညှင်းစေ့ဟာ ပွတ်ဆောက်ဖျားပေါ်မှာ ကပ်မနေဘူး။ လိမ့်ကျသွားဘိသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်များဟာ လောကီအာရုံ ကာမဂုဏ်တို့နှင့် ဘယ်လိုပင် ကြုံသော်လည်းဘဲ၊ သူတို့စိတ်မှာ နှစ်သက်ခြင်း၊ မြတ်နိုးခြင်း မရှိဘူးတဲ့၊ နှစ်သက်ခြင်း၊ မြတ်နိုးခြင်းမရှိရုံလား ဆိုတော့ မဟုတ်သေးဘူး။ စိတ်မချမ်းမသာခြင်းလည်း မဖြစ်ဘူး။ စိတ်မချမ်းသာခြင်းဖြစ်လျှင် ဒေါသ ဖြစ်ရမှာပေါ့။

ဒီတော့ လောဘလည်းမဖြစ်ဘူး။ ဒေါသလည်း မဖြစ်ဘူးနော်။ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ သတိပဋ္ဌာန် ပါဠိတော်က၊ တရားလိုချင်တယ်၊ တရားလိုချင်တယ်ဆိုတာ ဘယ်လိုဟာလည်းလို့ သိကြဘို့နော်။ ချမ်းသာနဲ့တွေ့လို့လည်း ဝမ်းမသာ၊ ဆင်းရဲနဲ့တွေ့လို့လည်း စိတ်မပျက် ဒါတရားဘဲ။ ချမ်းသာနဲ့တွေ့လို့လည်း သောမနဿ မဖြစ်၊ ဆင်းရဲနဲ့တွေ့လို့လည်း ဒေါမနဿမဖြစ်၊ ဒါတရားဘဲ။ ဟော...ဒို့စွန်းလွန်း ဦးကဝိကတော့ ပြောလေ့ရှိတယ်။

"ဟ...သွေးနဲ့ကိုယ် သားနဲ့ကိုယ် ဖြစ်စရာရှိတာ ဖြစ်မှာပေါ့တဲ့"။ သွေးနဲ့ကိုယ် သားနဲ့ကိုယ် ဆင်းရဲချမ်းသာ ဆိုတာ ဘာဖြစ်ဖြစ် အကြောင်းအားလျော်စွာ ဖြစ်ရမှာဘဲ။ သို့ပေမယ်လို့ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း ကင်းရမယ်တဲ့။ ဒီတော့ နှစ်သက်ခြင်း မနှစ်သက်ခြင်း ကင်းတဲ့စိတ်သာ လိုရင်းတဲ့။ ဒုက္ခဒေါမနဿာနံ၊ ဒုက္ခ ဒေါမနဿတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းခြင်းငှာ။ ဉာယဿ၊ မဂ်ဖိုလ်ကို။ အဓိဂမာယ၊ သိခြင်းငှာ။ နိဗ္ဗာနဿ၊ သစ္ဆိကရိယာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ သောမနဿ ဒေါမနဿကင်းလျှင် မကြာဘူး ဒီပုဂ္ဂိုလ် နိဗ္ဗာန်ရတော့မယ်။

ယခုအားထုတ်တဲ့ယောဂီပုဂ္ဂိုလ်တွေက တရားသာအားထုတ်တယ်။ ချမ်းသာက တယ်,လိုချင်ကြတာကိုး။ တရားအားထုတ်တာ ကောင်းလိုက်တာ၊

https://www.thitsarparamisociety.com/



ချမ်းသာလိုက်တာ၊ ဒီလိုကိုး။ ဒီလို ချမ်းသာကို သာယာနှစ်သက်နေသေးရင် ဟုတ်နိုင်ပါအုံးမလားလို့၊ ချမ်းသာကိုလည်း မနှစ်သက်ရဘူး၊ ဆင်းရဲကိုလည်း မကြောက်ရဘူး။ တရားအားထုတ်ရတာ ပင်ပန်းလိုက်တာ ဘယ်အားထုတ်နိုင်မလဲ။ ပင်ပန်းမှာလည်းကြောက်တယ်၊ ချမ်းသာကိုလည်း လိုချင်တယ်။ ဒီလိုမဟုတ်လား။ တရားက ပင်ပန်းမှာလည်း မကြောက်ရဘူး၊ ချမ်းသာကိုလည်း မနှစ်သက်ရဘူး။ ချမ်းသာချင်လည်းချမ်းသာ၊ ပင်ပန်းချင်လည်းပင်ပန်း။ ချမ်းသာမှု ပင်ပန်းမှုဟာ သူ့သဘောအတိုင်းသူဖြစ်တာ အားထုတ်ဖို့သာ ကိုယ့်တာဝန် မဟုတ်လား။ **အဲဒီလို ဆင်းရဲမှုနဲ့သာယာမှု ကင်းတဲ့အနေရောက်မှ တရားရကြမှာ...နော်။**

ခုတော့ ပြောလိုရင်းကဘာလဲ။ အင်မတန်မိုက်မဲတဲ့ နန္ဒသတို့သား ၏ အပုညာဘိသင်္ခါရက အဝီစိအကျိုးပေးသွားတယ်။ ဥပ္ပလဝဏ်ထေရီမ သည် ရဟန္တာမဖြစ်ခြင်းကြောင့် ဒီလိုမတော်မလျော်ပြုကျင့်ခံရသော်လည်း သီလကို မထိခိုက်ဘူး။ နှစ်သက်ခြင်း ပြစ်မှားခြင်း ကင်းတဲ့စိတ် ဥပ္ပလဝဏ် ထေရီမမှာ ဖြစ်တယ်။ အဲဒါ လိုရင်းပါ။

အဲဒီတော့ အကုသိုလ် အပုညာဘိသင်္ခါရကြောင့် ချက်ချင်းလက်ငင်း နန္ဒသတို့သားဟာ အဝီစိရဲကို ကျသွားသ...တဲ့။ အဲဒီ အဝီစိငရဲ မြေခွဲမြို့ပြီးတော့ မကြာခင်စပ်ကြားကာလမှာ သူပြုတဲ့မကောင်းမှု၊ သူအင်မတန်သာယာ၊ အင်မတန်နှစ်သက်၊ အင်မတန်သဘောကျနေတာပေါ့။ ကျောင်းဝိုင်းအပြင်ဘက်လည်းရောက်ရော မြေကြီးက သူ့ကိုမြေပေါ်မထားတော့ဘူး။ ဒီလိုမဟုတ်လား။

ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ လက်ရှိခန္ဓာ တွယ်တာတဲ့အတွက် လက်ရှိခန္ဓာ ချမ်းသာကို မျှော်လင့်ပြီးတော့ ချမ်းသာရာချမ်းသာကြောင်းရယ်လို့ လိုက်စားတာကိုး။ ချမ်းသာရာချမ်းသာကြောင်း လိုက်စားပေမယ့် ဆင်းရဲဒုက္ခနဲ့ မတိုးဘူးလား။ တိုးတယ်။ ခုတင်က ပြောသလိုပေါ့။ ကိုယ့်ကိုယ်ကို သတ်

https://www.thitsarparamisociety.com/



သေတဲ့ လူတောင်မှ ချမ်းသာချင်လို့ သတ်သေတာ။ ဆင်းရဲချင်လို့ သတ်သေတယ် မအောက်မေ့နဲ့။ ဒီလို ဆင်းရဲဒုက္ခကြီးနဲ့ ကြုံနေရမှာဖြင့် သေရတာမှ ချမ်းသာပါလိမ့်အုံးမယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့ သေတာ။ ဒီတော့ သတ္တဝါမည်သည် ဆင်းရဲကိုကြောက်တယ်။ ချမ်းသာကို လိုချင်တယ်။

အဲဒီတော့ ဆင်းရဲကိုကြောက်ပြီးတော့ ချမ်းသာကို လိုချင်တာ အကြောင်းရင်းက ဘာကြောင့်လဲလို့ စစ်လိုက်တော့ လက်ရှိ ရုပ်နာမ် ခန္ဓာကို တွယ်တာတဲ့ တဏှာကြောင့်။ ဒါဖြင့် တဏှာကြောင့် အကုသိုလ်ဖြစ်တယ်။ ဟိုက ပဋိစ္စသမုပ္ပါဒ်က အဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်တယ်လို့ ဒီလိုဟောတယ်။ ခု ဖြစ်နေတာက တဏှာကြောင့် ဖြစ်တယ်လို့နော်။ အကြောင်းတရားဆိုတာ ပဓာန လိုရင်းအကြောင်း မူလအကြောင်းလို့ ဒီလိုလည်း ရှိသေးတယ်။ တဏှာကြောင့် အကုသိုလ် ဖြစ်တယ်။ အဝိဇ္ဇာကြောင့် တဏှာ ဖြစ်တယ်။ အဝိဇ္ဇာက ဒီရုပ်ဒီနာမ်၏ မကောင်းမှုကို မသိရအောင် ဖုံးလွှမ်းထားတော့ ဒီရုပ် ဒီနာမ် ကောင်းတယ်လို့မထင်ဘူးလား။ ထင်တယ်။ ထင်တော့မှ နှစ်သက်ရတယ်မဟုတ်လား။

ဒီတော့ တဏှာဖြစ်ခြင်း၏အကြောင်းရင်းကား အဝိဇ္ဇာ၊ အဲဒီတော့ တဏှာကြောင့် သင်္ခါရဖြစ်၊ အဝိဇ္ဇာကြောင့်တဏှာဖြစ်၊ အကြောင်းရင်းလိုက်တော့လေ။ ငါးပွက်လို့ သစ်ကိုင်းညွတ်၊ ရေထဲမှာရှိတဲ့ငါးက ပွက်လိုက်တော့ ကမ်းနားမှာရှိတဲ့သစ်ကိုင်းက ညွတ်ကျလာတယ်တဲ့။ ငါးပွက်လို့ သစ်ကိုင်းညွတ်လေ။ ဒါဘယ်လိုလဲ၊ ငါးပွက်တော့ သစ်ကိုင်းပေါ်မှာ ဗျိုင်းနား၊ ဗျိုင်းနားတော့ သစ်ကိုင်းညွတ်တာကိုး။ ဒီတော့ ဗျိုင်းနားတာကိုချန်ပြီးတော့ ငါးပွက်လို့ သစ်ကိုင်းညွတ် ဒီစကားမျိုးလိုပေါ့။

အဝိဇ္ဇာ အသိမိုက်မဲမှုကြောင့် တဏှာဖြစ်၊ တဏှာကြောင့် အကုသိုလ်ပြု။ ဒီလိုဆက်ရမှာ။ ဒီတော့ တဏှာမြှုပ်ထားပြီးတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ။ မသိမိုက်မဲမှု အဝိဇ္ဇာကြောင့် အကုသိုလ်သင်္ခါရ ဖြစ်၊ ဒီလို မဟုတ်လား။ အေး...ဒါ ပဓာနကြောင်း၊ လိုရင်းအကြောင်း၊ မူလအရင်းအမြစ်ကြောင်းကို ဖော်ပြီးတော့ ဟောတာ။ ဒီတော့ တဏှာကြောင့်အကုသိုလ် သင်္ခါရဖြစ်၊

https://www.thitsarparamisociety.com/



အဝိဇ္ဇာကြောင့် တဏှာဖြစ်၊ အဲဒီလို ပေါ်လာတယ်။ ဒီလိုပေါ်စေလိုလို့ ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဣခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍ လို့ဆိုတာ မဟုတ်လား။

အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ် ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်။ အဲဒီ အပုညကို အဘိသင်္ခါရနဲ့စပ် လိုက်တော့ အပုညာဘိသင်္ခါရ။

ဒီလင်္ကာပိုဒ် ပြီးသွားရောမဟုတ်လား။ ကနေ့တော့ အိမ်ပြန်ကြရ တော့မယ် မထင်ဘူး။ ခုမှ ဘာမှမပြီးသေးဘူး။

ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်၊ ဆိုတဲ့လင်္ကာနဲ့ ဆက်စပ်မိအောင် ဟိုကလိုက် ခဲ့ရမယ်။ အမှန်လေးချက်၊ သဘောနက်ကို ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်၊ ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ ကြီးထင်တာ ဘယ်သူ့ကြောင့်လဲ။ အဝိဇ္ဇာ ဖုံးလွှမ်းလို့ပေါ့။ ဒါကြောင့် ဟိုကစကားနဲ့ လိုက်ခဲ့ရမယ်ပြောတာ။

ဘာလဲ စည်းစိမ်သွမ်းဆိုတာ၊ အသွမ်းတဲ့၊ အသဉ်းတဲ့၊ အကာတဲ့၊ အမှိုက်သရိုက်တဲ့၊ အတူတူဘဲ။ စကားတွေဟာ ပေါရာဏ၊ လူ့ဘဝ၊ နတ် ဘဝ၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဆိုတာ အသွမ်းတွေ အသဉ်းတွေ အမှိုက်သရိုက် တွေ အကာတွေ တစ်ခုမှ အသုံးကျတာ ရှာမရဘူးတဲ့။ နတ်ငြိမ်းဆိုတာ ဘာလဲ။ ငြိမ်းဆိုတာ မှီရာပေါ့။ နတ်ဘဝဟာ နတ်တို့ရဲ့မှီရာ မဖြစ်ဘူးလား။ လူ့ဘဝဆိုတာ လူတို့မှီရာ မဖြစ်ဘူးလား။ ဖြစ်ပါတယ်။ အေး...ငြိမ်းဆိုတာ မှီရာ။ဒါကြောင့် လူ့ရွာနတ်ငြိမ်း စည်းစိမ်သွမ်းကို၊ စည်းစိမ်အသွမ်း၊ အသဉ်း၊ အကာ၊ အမှိုက်သရိုက်၊ အလကားဟာ။ ဒီလိုဆိုလိုတာ မဟုတ်လား။ အဲဒါ ကို ချမ်းသာအတိ၊ အထင်ငြိလျက်၊ တကယ့်ချမ်းသာကြီးလို့ ထင်မနေဘူး လား။ ဘာလို့ထင်နေရတာလဲ။ အဝိဇ္ဇာဖုံးလွှမ်းလို့။ အဲဒီလို ထင်တော့

https://www.thitsarparamisociety.com/



ဘာဖြစ်သလဲ။ ဂတိနှောင်ကို၊ ကောင်းစေလိုဟု၊ နှောင်,လားရာဂတိ ကောင်းစေဖို့ပေ့...လို့ ရည်ရွယ်ပြီး ကုသိုလ်အရိုး အမျိုးမျိုးကို ကုသိုလ်အရိုးတဲ့ အဆန်းမဟုတ်ဘူး။

ဘယ်လိုလဲ ကုသိုလ်အရိုး၊ ကမ္ဘာဓမ္မတာအားဖြင့် သုစရိုက်(၁၀)ပါး၊ ဒါန သီလ အစရှိသော ပုညကြိယာဝတ္ထု (၁၀)ပါး၊ ဒါတွေဟာ မပြုကြရဘူးလား။ ပြုရတယ်။ လူ့ပြည်နတ်ပြည်ရှိတော့ လူ့ပြည်နတ်ပြည် ရောက်ကြောင်း ကာမကုသိုလ်ပြုရမယ်ပေါ့။ ဗြဟ္မာပြည်ရှိတော့ ဗြဟ္မာပြည်ရောက်ကြောင်း ရူပကုသိုလ် ပြုရမယ်ပေါ့။ အရူပဘုံရှိတော့ အရူပရောက်ကြောင်း အရူပကုသိုလ် ပြုမယ်ပေါ့။ ဘုံကရှိနေတာကိုး။ ဘုံကရှိနေတော့ ဒီဘုံကို ရောက်ရာရောက်ကြောင်း ဖြစ်တဲ့ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်တွေ အားထုတ်ကြရမယ်ပေါ့။ ဒါကို ကုသိုလ်အရိုး ခေါ်တယ်။

ဒီတော့ ကုသိုလ်အရိုးဟာ အမျိုးမျိုးရှိမနေဘူးလား။ ရှိပါတယ်။ ဘယ်လိုအမျိုးမျိုးလဲ။ ကာမကုသိုလ်တမျိုး၊ ရူပကုသိုလ်တမျိုး၊ အရူပကုသိုလ်တမျိုး၊ အမျိုးမျိုးရှိတယ်နော်။ ကြိုးကြိုးစားစား ပြုတုံပြားက ဘာဖြစ်သလဲ။ (၁၀)ပါး ပုညဖြစ်ပါတယ်။ ဆယ်ပါးဆိုတာက သုစရိုက်(၁၀)ပါး၊ ပုညကြိယာဝတ္ထု (၁၀)ပါးကို ရည်ရွယ်တယ်နော်။ ကာယကံ သုံးပါးမှရှောင်ကျဉ်ခြင်း၊ ဝစီကံ လေးပါးမှ ရှောင်ကျဉ်ခြင်း၊ မနောကံသုံးပါးမှ ရှောင်ကျဉ်ခြင်း၊ သုစရိုက် ၁၀ ပါး။ ဒီလိုတမျိုး။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ၊ ပုညကြိယာဝတ္ထု ဆယ်ပါး။ အဲဒီသုစရိုက်ဆယ်ပါးနဲ့ပုညကြိယာဝတ္ထုဆယ်ပါးကို ဆယ်ပါးလို့ ဆိုလိုတယ်။

ကုသလကမ္မပထကတော့ ကုသိုလ်တို့မည်သည် ဘယ်ကုသိုလ်မဆို ကံမမြောက်တဲ့ကုသိုလ် မရှိဘူး။ သုစရိုက် ၁၀ ပါးလည်း ကုသလကမ္မပထဘဲ။ ကုသိုလ်ဟာ ကံမမြောက်တယ်လို့ မရှိဘူး။ အကုသိုလ်မှာသာ ပါဏာတိပါတသည် အင်္ဂါပယောဂညီညွတ်မှ ကံမြောက်တယ်။ အင်္ဂါပယောဂ မညီ

https://www.thitsarparamisociety.com/



ညွတ်လျှင် ဒုစရိုက်သာဖြစ်တယ်၊ အဒိန္နာဒါနာကတော့ ထိုနည်းတူစွာ အင်္ဂါ ပယောဂ ပြည့်စုံရင်ကံမြောက်တယ်။ အင်္ဂါပယောဂ မပြည့်စုံရင် ဒုစရိုက်သာ ဖြစ်တယ်။

ဒီတော့ အကုသိုလ်ကျတော့ ဒုစရိုက်နဲ့ ကမ္မပထနှစ်မျိုးခွဲရတယ်။ ကုသိုလ်ကျတော့ သုစရိုက်လည်း ကမ္မပထဘဲ။ ပုညကြိယာဝတ္ထုလည်း ကမ္မပထဘဲ။ ကုသိုလ်ကံမမြောက်တဲ့ ကုသိုလ်ရယ်လို့ မရှိစကောင်းဘူးနော်၊ ကာမကုသိုလ် ပုညာဘိသင်္ခါရကို ပြုခြင်းကြောင့် ပုညာဘိသင်္ခါရ ဖြစ်၍ ဘယ်အကျိုးကို ခံစားရတယ်ဆိုတာ ဝတ္ထုကြောင်းတွေ အများကြီး မဟုတ်လား။ ဒါနကြောင့် နတ်ပြည်ရောက်၊ သီလကြောင့် နတ်ပြည်ရောက် မရှိဘူးလား။ ရှိပါတယ်။

ခပ်တိုတိုပြောကြအုံးစို့ကွယ်။ ရာဇဂြိုလ်ပြည်မှာ အဇာတသတ်မင်းတည်တဲ့ စေတီရှိတယ်။ သူဆင်းရဲမတစ်ယောက်က ပစ္စည်းကလည်း မရှိရှာဘဲကိုး၊ ပါဠိလိုကတော့ ကောသတကီ ခေါ်တယ်။ ကောသတကီ ဆိုတာ သပွတ်ခါးကို ခေါ်တာ။ အဲဒီ သပွတ်ခါးပန်းကလေး သုံးပွင့်ခူးပြီးတော့ အဇာတသတ်မင်း တည်တဲ့စေတီတော်ကို ငါပန်းလှူမယ်ဆိုပြီး သွားတော့ လမ်းမှာ နွားဝှေ့ပြီး သေတယ်တဲ့။ ပန်းတောင် မပူဇော်ရသေးဘူး။ ပုညာဘိသင်္ခါရ မဟုတ်လား။ သေသည်၏အခြားမဲ့မှာ တာဝတိံသာနတ်ပြည်သွားပြီးတော့ နတ်သမီး ဖြစ်တယ်တဲ့။ သိကြာမင်းက ဒီနေရာမှာ နတ်ဘုံတစ်ခုတိုးနေပါပေါ့ကလား။ ဘုံကအင်မတန် ကောင်းတယ်၊ နတ်သမီးကလည်း အင်မတန် ချောမောလှပတယ်။ ဘယ်လိုကုသိုလ်ရှင်များပါလိမ့်မလဲလို့... မေးတော့...

တခြားမဟုတ်ပါဘူးတဲ့။ စေတီတော်ကို သပွတ်ခါးပန်း သုံးပွင့်တင်မလို့ လာနေတုန်း လမ်းမှာနွားဝှေ့လို့ သေခြင်းကြောင့် ယခု ဒီအဖြစ်ကို ရောက်လာရပါတယ် လို့ ကောသတကီအမည်ရှိသော နတ်သမီးက သိကြားမင်းကို ပြောသတဲ့။ ဒီတော့ သိကြားမင်းက ကုသိုလ်များ တယ်ပြီးတော့

https://www.thitsarparamisociety.com/



အားထုတ်ထိုက်ပါကလား ဆိုပြီးတော့ ကောသတကီ နတ်သမီးရဲ့စည်းစိမ်ကိုမြင်သောကြောင့် အားကျပြီးတော့ စူဠာမဏိစေတီမှာ (၇)ရက်လုံးလုံး ဥပုသ်စောင့်ပြီးတော့ ပန်းတင်သတဲ့။

သိကြားမင်း (၇)ရက်လုံးလုံး ဥပုသ်စောင့်ပြီးတော့ စူဠာမဏိစေတီမှာ ပန်းတင်တာလည်းဘဲ ပုညာဘိသင်္ခါရဘဲ မဟုတ်လား။ ယခုတင်က ဆင်းရဲသူမ သပ္ပတ်ခါး ပန်းသုံးပွင့်နဲ့စေတီတော်ကို ပန်းသွားပူဇော်တာလည်းဘဲ ပုညာဘိသင်္ခါရဘဲ။ ပုညာဘိသင်္ခါရ ဖြစ်ခြင်းကြောင့် နတ်ပြည်မှာနတ်ဝိညာဉ် ဖြစ်တယ်။ ဝိညာဉ်ဖြစ်တော့ သင်္ခါရပစ္စယာ ဝိညာဏံပေါ့။ ကိုင်း... ဒါဖြင့် ကာမပုညာဘိသင်္ခါရ ပြီးသွားပြီ။

(ရူပပုညာဘိသင်္ခါရ)ကျတော့ ရူပစျာန်ကော ကုသိုလ်ပုညာဘိသင်္ခါရ မဖြစ်နိုင်ဘူးလား။ ထူးထူးဆန်းဆန်း ပြောကြပါစို့။ ဥပကကြီးဟာ ဘယ်သူ့ယောက်ျား၊ သိကြပြီးသားဘဲ။ ဆာဝါ့ယောက်ျားပေါ့။ အေး...ခု ဥပကကြီး ဘယ်ရောက်နေတယ် သိကြသလား၊ မသိပါဘူး။ သုဒ္ဓါဝါသ အဝိဟာပြဟ္မာဘုံ ရောက်နေတယ်။ ဒီတော့ သုဒ္ဓါဝါသ အဝိဟာ ပြဟ္မာဘုံရောက်နေတာ ဘာကုသိုလ်ကြောင့်လဲ။ သုဒ္ဓါဝါသဘုံ ဆိုတာ ပဉ္စမစျာန်ဘုံ၊ ရူပပဉ္စမစျာန်ကုသိုလ်သည် စတုက္ကနည်းအားဖြင့် စတုတ္ထစျာန်ခေါ်တယ်။ ပဉ္စကနည်းအားဖြင့် ပဉ္စမစျာန်ခေါ်တယ်။ အဲဒီရူပပဉ္စမစျာန် ပုညာဘိသင်္ခါရကုသိုလ်၊ ရူပ စတုတ္ထစျာန် ပုညာဘိသင်္ခါရ ကုသိုလ်ကြောင့်အဝိဟာ ပြဟ္မာဘုံရောက်သွားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ အင်မတန်ကျေးဇူးတင်စရာကောင်းတယ်နော်။ သတ္တဋ္ဌာန စံနေတော်မူပြီးသည့်နောက် ဓမ္မစကြာတရားကို အဟောသွားတော့မယ်ဆိုတော့ တစ်ဆယ်နဲ့ရှစ်ယူဇနာဝေးတဲ့ခရီး ဥပကကြီးကို ချီးမြှောက်လိုသောကြောင့် ကုန်းကြောင်းကြွတော်မူတယ်။ ကောင်းကင်ကကြွရင်ကော ခဏလေးပေါ့။ အဲဒီ ဥပကကြီးကို ချီးမြှောက်လိုတဲ့အတွက် ကုန်းကြောင်းကြွတော့ လမ်းခရီးအကြားမှာ ဥပကဆိုတဲ့ တိတ္ထိတက္ကတွန်းကြီးနဲ့ တွေ့တယ်။ ရဟန်းစင်စစ် မဟုတ်ပါဘူး။ ဒီတော့ မေးတယ်တဲ့။ ငါ့ရှင်၏

https://www.thitsarparamisociety.com/



အဆင်းဟာ အင်မတန်ကြည်လင် လှပတယ်၊ ငါ့ရှင်ဟာ ဘယ်ဆရာအမှီ ပြုပြီးတော့ ရဟန်းပြုပါသလဲ။ ဘုရားကို ဥပက မေးတာလေ။

ငါ့မှာ ဆရာ မရှိဘူးတဲ့။ ငါ့နာမည် ဇိန ခေါ်တယ်တဲ့။ ဒီလို ဘုရားကပြောလိုက်တော့ ခေါင်းညိတ်သွားတယ်တဲ့။ မင်းပြောတဲ့စကားနဲ့ မင်းနဲ့တော့ တယ်လိုက်တာဘဲကွာ၊ မင်းအရည်အချင်းကလည်း ကြည်လင်တယ်။ ဇိန နာမည်ကလည်း အကုန်လုံးကို အောင်တယ်လို့ဆိုတဲ့ အဓိပ္ပါယ်ဘဲ။ ဒီအခါတုန်းက သူဘာမှ အမှတ်မရသေးဘူး၊ အဲဒီလို ခေါင်းညိတ်ပြီးတော့ ဘယ်သွားတယ်၊ ဆာဝါတို့ရွာသွားတာဘဲ၊ ဘုရားကတော့ ဓမ္မစကြာ တရားဟောရအောင် ဗာရာဏသီပြည် မိဂဒါဝုန်တော ကြွသွားတာပေါ့။ အေး...သူကတော့ ဝင်္ကဟာရဇနပုဒ်၊ ဆာဝါတို့ရွာသွားပြီးတော့ နောက်ဆုံး ပိတ် ဆာဝါနဲ့အိမ်ထောင်ကျရော ဆိုပါတော့ ဒါတွေသိကြပြီးသားတွေ အကျယ် ပြောမနေပါရစေနဲ့၊ အိမ်ထောင်ကျတော့ ကလေးလေး တစ်ယောက်ရရော၊ ကလေးလေး တစ်ယောက်ရတော့ ဆာဝါက ဘယ့်နှယ်လုပ်တယ်၊ သူ့မျက်နှာ မမြင်ရပါစေနဲ့ ဆွဲပါ့သေမင်းဆိုသလို၊ ပေါင်းလို့သာ ပေါင်းနေရတာ ဒီအဘိုးကြီး အိုကြီး ဘယ်နှစ်သက်မလဲ၊ ဆွဲပါ့သေမင်းဆိုတာ ဆာဝါ စိတ်မှာ ရှိနေတယ်။

ဒီတော့ အဘိုးကြီးအိုကြီး အိမ်ကထွက်သွားအောင် ငါဘယ့်နှယ် လုပ်ရပါ့မလဲလို့ အကြံထုတ်ပြီးတော့ သားချော့သီချင်းဆိုတယ်တဲ့၊ မောင့်ဖရူးနှမ်း၊ ရဟန်းပေါ့ပျက်၊ ငါ့ကိုမက်၍၊ လူထွက်လာသည်၊ ပညာပေတုံး၊ ထမင်းဖြုံးသည့်၊ ကတုံးမွဲရဲ့သား၊ အိပ်ပါတော့လား၊ ဆာဝါသားချော့သီချင်းက။ ဆာဝါက အဲဒီသီချင်းနဲ့ သားချော့တော့ ဒီကောင်မဟာ ငါ့ကိုနစ်နစ်နာနာ တယ်ဆိုတယ်၊ တော်တော်ဆိုးတဲ့ ကောင်မဘဲ၊ ငါ့ကို ကိုးကွယ်ရာမဲ့ အောက်မေ့နေတယ်ထင်ပါရဲ့၊ ငါ့မှာ ဇိန ဆိုတဲ့မိတ်ဆွေကောင်းရှိတယ်၊ ရီးတီးရားတား မလုပ်နဲ့၊ ငါ ဇိနဆီသွားလိုက်လိမ့်မယ်၊ နင့်ပစ်ထားခဲ့မယ်၊ အဲဒီလိုဆိုလေ၊ ဟိုက သွားစေချင်လေ၊ ချော့လေပေါ့။

https://www.thitsarparamisociety.com/



သည့်ပြင်သားချော့သီချင်းကို ဆိုမချော့တော့ဘူး၊ အဲဒါနဲ့ချည်း ချော့တော့တာဘဲ။ အဲဒီတော့မှ သူမခံနိုင်တာနဲ့ ဘုရားဆီပြန်သွားတယ်။ ဘုရားထံသွားတော့ မြတ်စွာဘုရားက ရဟန်းတွေကို မှာထားတယ်၊ ဇီနဆိုတဲ့ နာမည်မေးပြီးတော့ အဘိုးကြီးအိုကြီးတစ်ယောက် လာလိမ့်မယ်ဟေ့၊ လာတဲ့အခါ ငါ့ဆီခေါ်ခဲ့။ ဟိုဘုရားဖြစ်စအခါက မိတ်ဆက်လိုက်တာကိုး၊ အဲဒီတော့ မြတ်စွာဘုရားထံသွားတော့မှ မြတ်စွာဘုရားတရားဟောလို့ ဥပကကြီးဟာ ဘာ,ဂါမ်တည်သွားတယ်။ အနာဂါမ်တည်သွားတယ်။ အနာဂါမ်ဆိုတာ သေတဲ့အခါ ကာမဘုံမရောက်စကောင်းဘူး။ အနာဂါမ်သေတဲ့အခါ ဗြဟ္မာ့ပြည်သာ ရောက်ရတယ်။

အဲဒီတော့ ပဉ္စမစျာန် ကုသိုလ်ကံကြောင့် ဥပကကြီးဟာ ဘယ်ရောက်သွားတယ်၊ သုဒ္ဓါဝါသဗြဟ္မာဘုံရောက်သွားသတဲ့နော်။ဒီတော့ ဥပကဆိုတဲ့ ရဟန်းကြီးမှာ ဘာသင်္ခါရ ဖြစ်တယ်၊ ရူပကုသိုလ် ပုညာဘိသင်္ခါရ၊ အဲဒီ ရူပကုသိုလ် ပုညာဘိသင်္ခါရကြောင့် ဘယ်မှာသွားပြီး ပဋိသန္ဓေဝိညာဏ်တွယ်ရတယ်၊ (သုဒ္ဓါဝါသဘုံ)။သို့ပေမယ်လို့ သူက အနာဂါမ်ဖြစ်ခြင်းကြောင့် သူ့သင်္ခါရက ကာမဘုံမှာအကျိုးမပေးတော့ဘူး။ ဒီလိုမဟုတ်လား။ သောတာပန်၊ သကဒါဂမ်တို့မှာ ဖြစ်သောသင်္ခါရသည် အပါယ်ဒုက္ခအကျိုးမပေးတော့ဘူး။ သင်္ခါရတော့ သင်္ခါရဘဲ။ ရဟန္တာကျတော့ သင်္ခါရကို လုံးလုံးမရှိတော့ဘူး။ ဘုရားရဟန္တာမှာ ဘာလို့ သင်္ခါရလုံးလုံးမရှိသလဲ။ အဝိဇ္ဇာကင်းချုပ်သွားသောကြောင့်နော်။ သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်တွေမှာ သင်္ခါရအဖြစ်ကင်းပြီလား၊ မကင်းသေးဘူး။ မကင်းသေးပေမယ်လို့ သူတို့သင်္ခါရက ဘုံသုံးပါးမှာလည်းဘို့ရာ ဒုက္ခအကျိုး မပေးတော့ဘူး။ ကျန်တဲ့ဒုက္ခကလေးဘဲ ပေးတယ်၊ သင်္ခါရနယ်တွင်းကတော့ မလွတ်ကင်းသေးပါဘူး။ ဒါ ရူပ ပုညာဘိသင်္ခါရနော်။

ကာမပုညာဘိသင်္ခါရ၊ ရူပပုညာဘိသင်္ခါရ၊ ပုညာဘိသင်္ခါရက နှစ်မျိုးကွဲပြားအောင် မှတ်ရမယ်။ အရူပကုသိုလ်၊ အာနေဉ္ဇာဘိသင်္ခါရကတော့ မြတ်စွာဘုရား ဘုရားဖြစ်စက တရားဟောတော့မယ်လို့ သဟံပတိဗြဟ္မာကြီးထံ ဝန်ခံလိုက်ပြီး ဘယ်သူ့ကို ငါ လက်ဦးဟောရပါ့မလဲလို့ ကြည့်

https://www.thitsarparamisociety.com/



လိုက်တော့ အာဠာရ ရသေ့၊ ဥဒက ရသေ့တို့ကိုဟောမယ်လို့ အကြံဖြစ်တယ်။ ဒီတော့ အာဠာရ ရသေ့၊ ဥဒက ရသေ့တို့က အရူပစျာန် ရပြီးသေတော့ သူတို့က အရူပဗြဟ္မာဘုံသွားကုန်ကြပြီ။ အာဠာရ ရသေ့၊ ဥဒက ရသေ့တို့ဟာ ဘာစျာန်။ (အရူပစျာန်)။ အရူပစျာန်ဆိုတော့ ဘာသင်္ခါရ (အာနေဉ္ဇာဘိသင်္ခါရ)။ အေး ...အရူပစျာန်ကျတော့ အာနေဉ္ဇာဘိ သင်္ခါရ ခေါ်တယ်။

ဒါကြောင့် ဟိုအောက်က လင်္ကာကလေးမှာ နည်းနည်းအမိပ္ပါယ် ကွဲပါစေတော့လို့ အရူပစျာန်၊ ပွားများပြန်က၊ အာနေဉ္ဇဟု လို့ ဒါကလေး ထည့်လိုက်တယ်။ အမှန်ကတော့ ဒါန သီလ ဘာဝနာဆိုတဲ့ ဘာဝနာထဲမှာ သူပါပြီးသားဘဲ။ သို့ပေမယ့် ကွဲပြားပါစေလို့ ဒါကလေးထည့်လိုက်တာ။

အရူပစျာန်၊ ပွားများပြန်က၊ အာနေဉ္ဇဟု၊ ဘဝနိုးရင်း၊ ပွားတုံလျှင်းသည်တဲ့။ ဘဝနိုးရင်း ဆိုတာဘာလဲ။ ဘဝရဲ့ အရင်းအနှီး၊ အပါယ်ဘုံသွားဘို့ရာ အကုသိုလ်တွေ အရင်းအနှီးလုပ်ထားတယ်၊ လူ့ဘုံနတ်ဘုံသွားဘို့ ကာမကုသိုလ် အရင်းအနှီးလုပ်ထားတယ်။ ဗြဟ္မာပြည်သွားဘို့ ရူပကုသိုလ် အရူပကုသိုလ် အရင်းအနှီးလုပ်ထားတယ်။

ဒါကြောင့် ဘဝနိုးရင်း ပွားတုံလျှင်းသည်၊ သတ္တဝါတွေသန္တာန်မှာ ဘဝရဲ့ အရင်းအနှီး ဖြစ်ပွားတယ်တဲ့။ အကုသိုလ်ဖြစ်လျှင် အပါယ်ဘဝရဲ့ အရင်းအနှီး ဖြစ်တယ်။ ကာမကုသိုလ်ဖြစ်လျှင် လူ့ဘဝ နတ်ဘဝရဲ့ အရင်းအနှီး ဖြစ်တယ်။ ရူပကုသိုလ် အရူပကုသိုလ်ဖြစ်လျှင် ဗြဟ္မာဘဝရဲ့ အရင်းအနှီး ဖြစ်တယ်။ အရင်းအနှီးပွားစီးခြင်းကြောင့် ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်းပေါ့။ ဘာလဲ ဝဋ်ခင်းဝဋ်နွယ်ဆိုတာ၊ အခင်းတဲ့၊ အမှုတဲ့၊ ဟုတ်လား။ ကိလေသာဝဋ်၊ ကာမဝဋ်၊ ဝိပါကဝဋ်တွေ သတ္တဝါသန္တာန်မှာ ရှိနေရင် ဒီသတ္တဝါဟာ အနွယ်အဆက် ဝဋ်ဆင်းရဲမှာ ရှည်မနေဘူးလား၊ ရှည်တယ်။

ဘဝနိုရင်း၊ ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း ဆိုတာက နိဂုံးသတ်လိုက်တာ၊ နိဂုံးချုပ်လိုက်တာပေါ့။ အဲဒီလင်္ကာကနေ ပြီး

https://www.thitsarparamisociety.com/



ဆုံးသွားပြီ မဟုတ်လား။ လက်ာအခိပ္ပာယ်ကို ပြီးဆုံးပြီးမှ သည့်ပြင် ပဋိစ္စ သမုပ္ပါဒ်နဲ့ ပတ်သက်တာတွေက ဟောချင်သလောက် ဟောရမှာ။ လင်္ကာ ရဲ့အဓိပ္ပါယ်က မရောက်နိုင်လို့။ ခုတော့ ရောက်သွားပြီ။

ဤသို့ ကြားနာရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့ကြောင့် အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးတို့မှ ကင်းလွတ်ရာဖြစ် သော နိဗ္ဗာန်မြတ်ကို လျှင်မြန်စောစွာ ရောက်ရပါလိုသော်...ဟု ဆုတောင်း ကြကုန်။

သာဓု–သာဓု–သာဓု ပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

ကိုယ့်ကာယကံ ကိုယ့်ထံပြန်
ကိုယ့်ဝစီကံ ကိုယ့်ထံပြန်
ကိုယ့်မနောကံ ကိုယ့်ထံပြန်
ပဲ့တင်သံနှင့်အမှန်မလွဲ တစ်ထပ်တည်း
ကိုယ့်ထံသို့ပြန်သုံးပါးကံ ကိုယ်သာ ဆင်းရဲခံရမြဲ။

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



၁၃၂၄-ခု၊ ဝါခေါင်လပြည့်နေ့တွင်
ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
တပည့်အပေါင်းတို့အား
ပဉ္စမအကြိမ် ဟောကြားဆုံးမတော်မူအပ်သော

## ပဋိစ္စသမုပ္ပါဒ် တရားတော်

မြတ်စွာဘုရား၏သာသနာတော်တွင်းမှာ လူရယ်လို့ဖြစ်လာတဲ့အခါ အသက် ရှည်တာတိုတာ ပဓာနမဟုတ်ဘူး။ **တရားသိဖို့သာ ပဓာနဖြစ်တယ်**။ တရားမသိဘဲနဲ့ အနှစ်တစ်ရာအသက်ရှည်နေပေမယ်လို့ ဒီလူဟာ လူ့ပြည်မှာ အမှိုက်ရှုတ်ရုံဘဲ ရှိတာဘဲ။ မြေကြီးပေါ် မတ်တတ် သွားလို့သာ လူခေါ်ရတယ်။ ဒီလူအဖို့ တရားမသိတဲ့အတွက် လူစာရင်းထဲ သွင်းဘို့မရှိဘူး။ တရားသိမယ် မြင်မယ်ဆိုလျှင်တော့ တစ်နေ့တစ်ရက်ဘဲ နေရစေကာမူ အလွန်တရာမြတ်တယ်လို့ ကိုယ်တော်မြတ်ဟောတော်မူတယ်။ အေး...အဲဒါ သတိထားကြပေါ့။

တရားမသိ မမြင်ဘဲနဲ့ ငါဒီလောက်အသက်ကြီးလာပြီ၊ ငါလည်း ဘာမှ မသိသေးပါတကား။ ငါ၏အသက်ရှည်ခြင်းသည် အချီးနှီးဘဲ။ တနေ့က လကုဏ္ဍကဘဒ္ဒိယ မထေရ်ဝတ္ထုမှာ ခေါင်းဖြူလို့၊ သွားကျိုးလို့၊ အရေတွန့်လိမ်လို့ ဆိုတာကို မထေရ်ကြီး မမှတ်ကြနဲ့ ချစ်သားတို့တဲ့။ အဲဒါ မောဃဇိဏ္ဏ အချီးနှီး အိုနေတာကွတဲ့။ ဆန်ကုန်မြေလေး အလကားလူစားဘဲ။ ထိရ၊ မြဲမြံခိုင်ခံ့တဲ့ သူတော်ကောင်းတရား ရင်ထဲနှလုံးထဲ ကိန်းအောင်းတဲ့ ပုဂ္ဂိုလ်မှ မထေရ်ကြီး ခေါ်ရမယ်လို့ မြတ်စွာဘုရား မိန့်တော်မူတယ်

https://www.thitsarparamisociety.com/



မဟုတ်လား။ အေး...ရင်ထဲနှလုံးထဲ တရားရောက်မှ အဘိုးတန်တယ်။ ရင်ထဲနှလုံးထဲ တရားမရောက်ကြလို့ရှိရင်ဖြင့် ဘယ်လောက်ကြီး အသက်ရှည်ရှည် အလကားဘဲ။ လူဖြစ်ကျိုး မနပ်ပါဘူး။

အဲဒါကြောင့် ဘုရားကဘယ်လိုဟောတယ်။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဉဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဉဒယဗ္ဗယံ၊
လို့...ဟောတော်မူတယ်။

ယော၊ အကြင်သူတစ်ယောက်သည်။ ဉဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ပျက်မှုကို။ အပဿံ၊ မမြင်ဘဲလျက်၊ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊ အသက်ရှင်၍နေ၏။ တတော၊ ထိုတရားမသိမမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်၍နေသောသူထက်။ ဉဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ပျက်မှုကို။ ပဿတော၊ မြင်သောသူသည်။ ဧကာဟံ၊ တစ်နေ့တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှင်ရခြင်းသည်။ သေယျော၊ အလွန်တရာမြတ်လှစွာ၏။ တရားသိမယ်ဆိုလျှင် တစ်နေ့ထဲနေရ,နေရ လူဖြစ်ကျိုးနပ်သတဲ့။ တရားမသိဘူးဆိုလျှင် အသက်ရှည်နေလို့ အလကားဘဲ...တဲ့။

သတိထားကြ။ လူတစ်ယောက် မကျန်းမမာ ဖြစ်ပြီဆိုလျှင် အောင်မယ်လေး...သေမှာစိုးလိုက်ကြရတာ၊ ပြုစုလိုက်ကြရတာ၊ စိုးရိမ်လိုက်ကြရတာ။ တကြောင့်ကျကျနဲ့။ သေများသေတော့မလား...ဟဲ့။ ရှင်မှရှင်ပါ့အုံးမလား...ဟဲ့။ ရမှရပါတော့မလား...ဟဲ့နဲ့ စိုးရိမ်ကြောင့်ကျနဲ့ စိုးရိမ်ပြီး မပြုစုကြဘူးလား။ လူမမာကတော့ သူ့ကိုယ်သူ သေမှာမစိုးရိမ်ဘူးလား။ ကိုင်း...ပြုစုလို့ ရပါပြီတဲ့။ မသေပါဘူးတဲ့။ မသေပေတဲ့ ယခုလည်း တရားမသိနောင်လည်း သိမဲ့သူမဟုတ်လျှင် ဒီလူ ဘာအကြောင်းထူးအုံးမှာလဲ။ ယခုတော့ တရားမသိသေးဘူး။ နောင်အခါ ဒီလူဟာ တရားသိလိမ့်အုံးမယ်၊ တရားသိအောင် လုပ်လိမ့်အုံးမယ်လို့ မျှော်လင့်ချက် ရှိသေးလျှင်တော့ ကောင်းပါတယ်။ ပြုစုရကျိုးလည်း နပ်ပါတယ်။

https://www.thitsarparamisociety.com/



သီလမရှိသေးတဲ့လူ သီလရှိလိမ့်အုံးမယ်၊ သမာဓိမရှိသေးတဲ့လူ သမာဓိရှိလိမ့်အုံးမယ်၊ အသိအလိမ္မာဉာဏ်ပညာ မရှိသေးတဲ့လူဟာ အသိအလိမ္မာဉာဏ်ပညာ နောင်ဖြစ်ဖို့ရှိသေးတယ်လို့ ဒီလို မျှော်လင့်စရာရှိတဲ့ ပုဂ္ဂိုလ်များကို ပြုစုရလို့ရှိရင် ပြုစုရကျိုး နပ်ပါသေးတယ်။ ဒီလူရှင်ပေမယ်လို့ သူ့မှာနောင်ဘာမှ မျှော်လင့်စရာမရှိဘူး၊ သီလလည်း စောင့်ရှောက်မဲ့လူစားမဟုတ်ဘူး။ သမာဓိပညာလည်း ရအောင်လုပ်မဲ့လူစား မဟုတ်ဘူးဆိုရင် ဒီလူဟာ မသေတတ်လျှင် ပယောဂကူပေးလိုက်တာ ကောင်းပါတယ်။ ဟင်...လူ့ပြည်နေ ရှုတ်နေတာဘဲ၊ ဘာလုပ်အုံးမှာလဲ။

အဲဒီတော့ ဒီဂါထာကို မြတ်စွာဘုရားသည် ဘယ်သူ့ကို အကြောင်းပြု၍ ဟောတော်မူသလဲ။ အကြောင်းရင်းကတော့ အများသိကြတဲ့ ပဋာစာရီကို အကြောင်းပြု၍ ဟောတော်မူတယ်။ ပဋာစာရီဆိုတာ အများသိကြတယ် မဟုတ်လား။ လင်သေလို့ လင်ကို တ,ရူးတော့ လင်တရူးပေါ့၊ သားကို တ,ရူးတော့ သားတရူးပေါ့၊ သူ့ဂုဏ်ပုဒ်ကလေးက။

ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတိမတော။
မာတာ ပိတာ စ ဘာတာစ၊ ဧကစိတမှိ ဍယှရေ၊

ဆိုတဲ့ ငိုချင်းကလေး ငိုပြီးတော့ ချာချာလည် ရူးနေတဲ့အရူးမဘဲ။ ပဋာစာရီ အကြောင်းကတော့ အထူးအကျယ် ဟောနေစရာမလိုပါဘူး။ ကိုဒါသက လည်း ကနကုတ်ကိုက်လို့ သေတယ်ဆို။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း ပရိတ်သတ်ရှစ်ပါးအလယ်ခေါင်မှာ တရားဟောနေစဉ်အခါက ဥဘောပုတ္တာကာလင်္ကတာ၊ ပန္ထေ မယှံ ပတိမတော။ မာတာပိတာစ ဘာတာစ ဧကစိတမှိ ဍယှရေ ဆိုတဲ့ ငိုချင်းကလေးငိုပြီးတော့ ပတ်ပတ်လည်ပြီး ရူးနေတဲ့ ပဋာစာရီဆိုတဲ့ အရူးမကလေး ရောက်လာတယ်။

https://www.thitsarparamisociety.com/



ပဋာစာရီဆိုတာက သာမည မိန်းမမှ မဟုတ်ဘဲကိုး။ ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူတယ်။ ထိုအခါမှ ပဒုမုတ္တရ မြတ်စွာဘုရားက ဘိက္ခုနီမတစ်ယောက်ကို "ဝိနည်းကိုဆောင်ကြတဲ့ ငါ၏ချစ်သမီးအများထဲမှာ ဒီဘိက္ခုနီမသည် အသာဆုံး၊ အလိမ္မာဆုံးဘဲ လို့ ဧတဒဂ် ထားတော်မူသတဲ့။ ဒီအခါတုန်းက အဲဒီဘိက္ခုနီမလို ဖြစ်ချင်တဲ့ ဆန္ဒ ပြင်းထန်လွန်းလို့ ကုသိုလ်ကောင်းမှုပြုပြီး တပည့်တော်မသည် အရှင်ဘုရား ဝိနည်းအရာမှာဧတဒဂ်ထားတဲ့ ဘိက္ခုနီမကဲ့သို့ နောင်တစ်ဆူသောဘုရားလက်ထက်ကျတော့ ဝိနည်းအရာမှာ ဧတဒဂ်ရတဲ့ ဘိက္ခုနီမတစ်ဦး ဖြစ်ရပါစေသား ဘုရားလို့ ပဒုမုတ္တရ မြတ်စွာဘုရားထံမှာ ဆုပန်လိုက်တော့ ပဒုမုတ္တရ မြတ်စွာဘုရားက နောင်ကမ္ဘာတစ်သိန်းလွန်တဲ့ကာလ ဂေါတမဘုရားရယ်လို့ ပွင့်လိမ့်မယ်။ အဲဒီအခါကျတော့ သင့်တောင်းတဲ့ဆု ပြည့်လိမ့်မယ်လို့ ဗျာဒိတ်ပေးလိုက်ပြီးသား၊ ဗျာဒိတ်ပေးပြီးသား ဖြစ်ခြင်းကြောင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်ခဲ့ပြီးပြီ၊ ပါရမီပြည့်ပြီးသား၊ ပါရမီ ပြည့်ပြီးသားဖြစ်တဲ့အတွက် ဂေါတမ မြတ်စွာဘုရားလက်ထက်တော်မှာ ဝိနည်းအရာ ဧတဒဂ်ရတဲ့ ဘိက္ခုနီမ ဖြစ်ရမှာကိုး။

ဒီတော့ သူ့မှာ အတ္တသမ္မာပဏိဓိစက် ပျက်သည့်အတွက် သူဌေးသမီးပင်ဖြစ်သော်လည်း အိမ်မှာခိုင်းစေတဲ့ အစေခံနဲ့လိုက်ပြေးလို့ မတော်တဆ ဒုက္ခတွေ့ရတယ်။ ပါရမီပြည့်ပြီးသား ပစ္ဆိမဘဝိက ပုဂ္ဂိုလ်မဟုတ်ရင် သေလောက်တဲ့ဒုက္ခပါဘဲ။ ခါးတောင်အဝတ်မပတ်နိုင်အောင် ချာချာလည် ရူးသွတ်ရတယ်။ သေတော့မသေဘူးတဲ့။ ဒါ သေလောက်ပါလျှက်သားနဲ့ မသေတာ ဘာဖြစ်လို့လဲ။

"အ၊ ဝိ၊ မ၊ ဉာဏ်၊ သ၊ အ၊ ကမ်၊ ပုညံဝိဇ္ဇာတတ်" တန်ခိုး(၁၀)ပါး၊ အဓိဋ္ဌာနိဒ္ဓိ၊ အဘိညာဏ်ရတဲ့ပုဂ္ဂိုလ်များဟာ မြေကိုရေဖြစ်စေသတည်း၊ ရေကိုမြေ ဖြစ်စေသတည်း။ ကောင်းကင်ကိုမြေကြီး ဖြစ်စေသတည်း။ မြေကြီးကိုကောင်းကင် ဖြစ်စေသတည်း လို့ ဓိဋ္ဌာန်လို့ရှိရင် ဖြစ်နိုင်တယ်။ အဲဒါ အဓိဋ္ဌာနိဒ္ဓိ၊ အဓိဋ္ဌာန်တန်ခိုးပေါ့။ ဝိကုဗ္ဗနိဒ္ဓိ လူကဆင်ဖြစ်အောင် ဖန်

https://www.thitsarparamisociety.com/



ဆင်းနိုင်တယ်။ လူကဂဠုံ၊ နဂါး ဖြစ်အောင် ဖန်ဆင်းနိုင်တယ်။ အဲဒီလို အမျိုးမျိုးအဖုံဖုံ ဖန်ဆင်းနိုင်တာကို ဝိကုဗ္ဗနိဒ္ဓိ တန်ခိုး ခေါ်တယ်။

မနောမယိဒ္ဓိ ဆိုတာက ဟောဒီခန္ဓာကိုယ်ကြီးထဲက ခန္ဓာကိုယ်က လေး တစ်ကောင်ဖြစ်အောင် ဖန်ဆင်းပြတယ်။ အဲဒီလို ခန္ဓာကိုယ်ကလေး တစ်ကောင် ဖန်ဆင်းပြီးတော့ ပြနိုင်တာကို မနောမယိဒ္ဓိ တန်ခိုးခေါ်တယ်။ မှတ်မိအောင် အနည်းငယ်ထပ်ပြောလိုက်အုံးမယ်။ ရေကိုမြေ ဖြစ်အောင် မြေကိုရေ ဖြစ်အောင် ဓိဋ္ဌာန်နိုင်တာက (အဓိဋ္ဌာနိဒ္ဓိ) အဓိဋ္ဌာန်ခြင်းဖြင့် ပြီး သော တန်ခိုး၊ အထူးထူးအပြားပြား နဂါး၊ ဂဠုံအစရှိသည်တို့ ဖန်ဆင်းနိုင် တာကို ဝိကုဗ္ဗနိဒ္ဓိ တန်ခိုးခေါ်တယ်။ နန္ဒောပနန္ဒ နဂါးဆုံးမစဉ်အခါတုန်းက ရှင်မောဂ္ဂလာန်မထေရ်က နန္ဒောပနန္ဒ နဂါးထက်ကြီးသော နဂါးကြီးဖြစ် အောင်ဖန်ဆင်းပြီး နန္ဒောပနန္ဒ နဂါးကြီးကို အပေါ်က ထပ်ပတ်ပြီးတော့ မြင့်မိုရ်တောင်နဲ့ဖိတယ်။ ညှပ်တယ်ဆို မဟုတ်လား။

ဒီတော့ ရှင်မောဂ္ဂလန်ကိုယ်တိုင် ရဟန်းဖြစ်ပါလျက်ကနဲ့ နဂါး ကြီးဖြစ်အောင် ဖန်ဆင်းနိုင်တာ ဝိကုဗ္ဗနိဒ္ဓိ တန်ခိုးခေါ်တယ်၊ ထိုနည်းတူ စွာ မိမိကိုယ်ကို ဂဠုံကြီးဖြစ်အောင် ဖန်ဆင်းနိုင်လျှင်လည်း ဝိကုဗ္ဗနိဒ္ဓိပေါ့။

သီဟိုဠ်ကျွန်းမှာ ရဟန်းတစ်ပါး မကျန်းမမာဖြစ်တော့ ရဟန္တာပေါင်း သုံးသောင်း လာပြီးတော့ လူမမာ ကြည့်ကြတယ်တဲ့။ ဒီအထဲမှာလည်း နဂါးတစ်ကောင်ကို လူယောင်ဆောင်ပြီးတော့ လူမမာကြည့် ပါလာတော့ ဂဠုံက သုတ်မယ်လို့ လုပ်တယ်တဲ့။ ခိပ္ပနိသန္တိ ဆိုတာ မိမိရတဲ့တန်ခိုးကို လျှင်လျှင်မြန်မြန် လိုသလို အသုံးချနိုင်တာကို ခေါ်တယ်။ အဲဒီ ရဟန္တာ သုံးသောင်းထဲမှာ ရှစ်ဝါရတဲ့ ကိုယ်တော်လေးတစ်ပါးက တန်ခိုးအရာ လျှင် မြန်လို့ ခိပ္ပနိသန္တိကို နိုင်နင်းတဲ့အတွက် ဂဠုံမသုတ်နိုင်အောင် တောင်ကြီး ဖန်ဆင်း နဂါးကို တောင်ခေါင်းထဲ ထည့်ထားလိုက်တယ်။ အဲဒီလို တောင် ကြီးဖြစ်အောင် အဓိဋ္ဌာန် ဖန်ဆင်းနိုင်တာက အဓိဋ္ဌာနိဒ္ဓိ၊ အရေးကြုံတဲ့အ ခါ မိမိ ရထားတဲ့တန်ခိုးကို လျှင်လျှင်မြန်မြန် အသုံးချနိုင်တာကိုတော့ ခိပ္ပနိသန္တိ လို့ခေါ်ပေါ့။ မနောယိဒ္ဓိ ဆိုတာကတော့ ခန္ဓာကိုယ်ကြီးထဲက ခန္ဓာကိုယ်ကလေး ဖန်းဆင်းပြီးတော့ ထုတ်ပြနိုင်တာကို ပြောတာ။

https://www.thitsarparamisociety.com/



ဉာဏဝိပ္ပါရိဒ္ဓိ၊ တစ်ဆူသောဘုရားရှင်က ဘယ်ဘုရားလက်ထက်ကျတော့ မင်းဘယ်လို ဖြစ်လိမ့်မယ်လို့ ဗျာဒိတ် ပေးလိုက်တယ်။ ပဋ္ဌာစာရီတို့လိုပေါ့။ ဂေါတမ မြတ်စွာဘုရား လက်ထက်ကျတော့ ဝိနည်းအရာ ဗျာဒိတ်ရတဲ့ ဘိက္ခုနီမ ဖြစ်လိမ့်မယ်လို့ ဒီလို ဗျာဒိတ် ပေးလိုက်တော့ ဒီပုဂ္ဂိုလ်ကို ပစ္ဆိမဘဝိက ခေါ်တယ်၊ ဒီဘဝမှာ သူနောက်ဆုံးဘဝ ဖြစ်တော့ ဘယ်လို ဘေးအန္တရာယ်နဲ့ တွေ့တွေ့၊ ရလတ့်သော အရဟတ္တမဂ်ဉာဏ်၏ တန်ခိုးပျံ့နှံ့နေသောကြောင့် မသေစကောင်းဘူး။ ဒါမျိုးကို ဉာဏဝိပ္ပါရိဒ္ဓိ ခေါ်တယ်။ ရလတ့်သော အရဟတ္တမဂ်ဉာဏ်က တားထားတယ်။ မွေးကတဲက သူ့မှာ ပီးဆေးပါလာတယ်၊ အဲဒီလို မွေးကတဲက ပီးဆေးပါလာတဲ့ ဉာဏဝိပ္ပါရိဒ္ဓိ တန်ခိုးရှင်များဟာ သတ်ပစ်တောင် မသေနိုင်ဘူး။ ဘာဖြစ်လို့တုန်း။ သူ့မှာပီးဆေးပါလာတာကိုး။ ဉာဏဝိပ္ပါရိဒ္ဓိ လေ။

ဟော…အရှင်ဗာကုလ မထေရ်အလောင်းကို ငါးကြီးမျိုသွားတယ် မဟုတ်လား။ မျိုရင် မသေထိုက်ဘူးလား။ သေထိုက်ပါတယ်၊ အေး…သေထိုက်ပေမဲ့ မသေဘူးတဲ့ ဘာဖြစ်လို့လဲ။ ရှေ့ရမဲ့ အရဟတ္တမဂ်ဉာဏ်က တားထားတယ်တဲ့။ ဒီဘဝမှာ ရဟန္တာမဖြစ်ရင် မသေဘူးဆိုတဲ့ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ကိုး။ အဲဒါတွေနဲ့ နားယောင်ပါးယောင် နေကြတယ်။ ဒီဘဝ တရားမရ မသေဘူး။ ပါရမီရှိတဲ့ပုဂ္ဂိုလ် ရမှာပေါ့။ ဒီလိုမှတ်နေကြတယ်၊ ဒီလို မမှတ်နဲ့ ပုဂ္ဂိုလ်တိုင်းမဟုတ်ဘူးနော်။

အေး…မဟာခနေသူဌေးသားဝတ္ထုမှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသားဟာ နောက်ကျတော့ ခွက်လက်ဆွဲပြီး တောင်းစားရသေးတယ် မဟုတ်လား။ ဒီအခါ မြတ်စွာဘုရား စုပ်သတ်တော်မူတယ်တဲ့။ ဘာဖြစ်လို့လဲ။ ပါရမီရှင်ကလေးကွယ်တဲ့။ နှမြောစရာတဲ့။ ပထမအရွယ်ကသာ ရဟန်းပြုလျှင် သူဟာ ရဟန္တာဖြစ်နိုင်တယ်၊ ဒုတိယအရွယ်ကျမှ ရဟန်းပြုလျှင် အနာဂါမ် ဖြစ်နိုင်တယ်။ တတိယအရွယ် ၆၆နှစ်၊ ၄လကျော်မှ ရဟန်းပြုတောင်မှ သူသောတာပန် ဖြစ်နိုင်တယ်တဲ့။ ဒီတော့ ရဟန္တာဖြစ်နိုင်လောက်အောင် ပါရမီရှိတဲ့ပုဂ္ဂိုလ်ဟာ မိမိကိုယ်ကိုမိမိ စောင့်ရှောက်တဲ့ အတ္တသမ္မာ

https://www.thitsarparamisociety.com/



ပဏီဓိစက် ပျက်ခြင်းကြောင့် ရဟန္တာမဖြစ်ရဘူး မဟုတ်လား။ စက်ဆိုတာ လည်လျှင်လည် မလည်လျှင် ကိုယ့်ပြန်ဝါးသတဲ့။

ဒီလူတွေ သာသနာတော်တွင်းကြီးမှာ လူဖြစ်ကြတယ်ဆိုရင် ပုဗ္ဗေစကတပုညတာစက် လည်းရှိတယ်၊ မရှိဘဲနဲ့ ဘယ်လူဖြစ်နိုင်ပါ့မလဲ။ သပ္ပုရိသူပနိဿယစက်၊ သူတော်ကောင်းကိုလည်း မှီဝဲကြရတယ်။ ပတိရူပဒေသဝါစက်၊ သူတော်ကောင်းတရား ထွန်းကားနေတဲ့ နေရာမှာလည်း နေကြရတယ်။ ဘာလိုနေကြသလဲ၊ အတ္တသမ္မာပဏီဓိစက်၊ မိမိကိုယ်ကို စောင့်ရှောက် ထိန်းသိမ်းဘို့ဘဲလိုတယ်။ အဲဒီ မိမိကိုယ်ကို စောင့်ရှောက်တဲ့ အတ္တသမ္မာပဏီဓိစက် ပျက်လို့ရှိလျှင် ဘယ်လိုပါရမီရှင် ဖြစ်စေကာမူ တရားမရနိုင်ဘူး။ ပုဂ္ဂိုလ်တိုင်း နိယတဗျာဒိတ်နဲ့ လာတာမဟုတ်ဘူး။ ပစ္ဆိမဘဝိက ဗျာဒိတ်နဲ့လာတဲ့ ပုဂ္ဂိုလ်ကတော့ ဟုတ်ပေတယ်။

ပဋာစာရီတို့ကျတော့ သေလောက်အောင် ဘေးဥပါဒ်အန္တရာယ်ဖြစ်ပေမယ်လို့ သေရဲ့လား။ မသေဘူး။ ဘာလို့မသေလဲ၊ ဉာဏဝိပ္ဖာရိဒ္ဓိ၊ ဟို ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်က ဗျာဒိတ်ပေးလိုက်တယ်။ ယခုဘဝမှာ ရဟန္တာမ,ဖြစ်မှာ ကေန်ဖြစ်တဲ့အတွက် မြင့်မိုရ်တောင်ကြီးနဲ့ဖိတောင် မသေဘူး။ ဒီလိုလူစားက မသေထိုက်တဲ့တန်ခိုး ပါလာတယ်တဲ့။ ဒီတန်ခိုးကို ဉာဏဝိပ္ဖာရိဒ္ဓိ ခေါ်တယ်။ ရလတ္တံ့သော အရဟတ္တမဂ်ဉာဏ် ပျံ့နှံ့တဲ့ တန်ခိုးနော်။ ဒီပုဂ္ဂိုလ်ကို ဘယ်လိုပုဂ္ဂိုလ်ခေါ်တယ်။ မစ္ဆိမဘဝိက ပုဂ္ဂိုလ် ခေါ်တယ်။ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်၏ဘဝသည် နောက်ဆုံးပိတ် ဘဝဖြစ်တယ်၊ ဒီဘဝမှာ ရဟန္တာ မဖြစ်လျှင် သေကိုမသေဘူး။ ဒီလိုပုဂ္ဂိုလ်က တစား။ အေး...အဲဒါနဲ့ ရောရောပြီး မှတ်မထားကြနဲ့။

မဟာဓနသူဌေးသားဟာ ရဟန္တာဖြစ်ထိုက်တဲ့ပုဂ္ဂိုလ် မဟုတ်လား။ သို့ပင်ဖြစ်သော်လည်းဘဲ အတ္တသမ္မာပဏီဓိစက် ပျက်လို့ မိမိကိုယ်ကို မိမိ မစောင့်ရှောက် မထိန်းသိမ်းနိုင်တဲ့အတွက် ရဟန္တာဖြစ်လောက်တဲ့ ပါရမီ ပါသော်ငြားလည်း ခွက်လက်ဆွဲ တောင်းစားပြီးတော့ လမ်းဆုံးလမ်းမ လမ်းလေးခွမှာ ခွေးသေ,သေရသ...တဲ့။

https://www.thitsarparamisociety.com/



ယခုခေတ်မှာ အတ္တသမ္မာပဏိဓိစက် ပျက်ကြလျှင် တရားရသင့်လျှင်လည်း မရဘူး။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသင့်လျှင်လည်းဘဲ မကြွယ်ဝ မချမ်းသာဘူးနော်။ ဘာဖြစ်လို့လဲ။ အတ္တသမ္မာပဏိဓိစက် ပျက်လို့ ကိုယ့်ကိုယ်ကို မစောင့်ရှောက် မထိန်းသိမ်းလို့။ ဒီပင်္ကရာစရိယာ သူဌေးသမီးဖြစ်ပါလျက်ကနဲ့၊ ဘုံခုနစ်ဆင့်မှာ တင်ထားပါလျှက်ကနဲ့၊ အခိုင်းအစေနဲ့လိုက်ပြေးတော့ သူ့မှာ အတ္တသမ္မာပဏိဓိစက် မပျက်ပေဘူးလား။ အဲဒီအတ္တသမ္မာပဏိဓိစက် ပျက်သည့်အတွက်ကြောင့် သူ့ခမျာမှာ ဆင်းရဲဒုက္ခအမျိုးမျိုး မရောက်ပေဘူးလား။ ရောက်ပင်ရောက်ငြားသော်လည်း သေရဲ့လား။ မသေဘူး။ မသေလာ ဘာဖြစ်လို့လဲ။ သေလောက်တဲ့ ဆင်းရဲဒုက္ခနဲ့ မတွေ့လို့လား။ သေလောက်တဲ့ ဆင်းရဲဒုက္ခနဲ့ တွေ့ပါတယ်။ တွေ့ပင်တွေ့သော်လည်းဘဲ ရလတံ့သော အရဟတ္တမဂ်ဉာဏ်က တားထားလို့။ ဒါမျိုးကို ဉာဏဝိပ္ဖာရိဒ္ဓိ ခေါ်တယ်။

သမာဓိဝိပ္ဖာရိဒ္ဓိ၊ တပေါဒချောက်မှာ အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ် ဝင်စားနေတယ်တဲ့။ ခေါင်းကလည်း ရိတ်ထား၊ လရောင်ကလေးကလည်း ခေါင်းမှာထိုးနေ၊ နန္ဒဘီလူးက ခေါင်းပြောင်ကလေး လရောင် ထိုးနေတာတွေ့တော့ ထိပ်ကိုတယ်ပြီးတော့ လက်သီးနဲ့ထိုးချင်ဆိုကိုး။ အဲဒီနန္ဒဘီလူး လက်သီးနဲ့ ထိုးလိုက်တာဟာ တောင်ကိုသာထိုးလိုက်လျှင် တောင်ကြီး ပြိုကွဲသွားမယ်တဲ့။ ဒီလောက်ပြင်းထန်တဲ့လက်သီး။ သို့ပေမယ်လို့ နိရောဓသမာပတ် ဝင်စားနေတဲ့ အရှင်သာရိပုတ္တရာရဲ့ ခေါင်းကို ထိုးတော့ ဘယ်နှယ်မှ မဖြစ်ဘူး။ ဒါဘာလဲ။ သမာဓိဝိပ္ဖာရိဒ္ဓိ၊ သမာဓိတန်ခိုး ပျံ့နှံ့နေတယ်။

(အရိယိဒ္ဓိ) လာဘ၊ အလာဘ၊ ယသ၊ အယသ၊ နိန္ဒ၊ ပသံသ၊ သုခ၊ ဒုက္ခ ဆိုတဲ့ လောကဓံရှစ်ပါး လောကကြီးမှာ မရှိဘူးလား။ လာတ်ရလျှင်တမျိုး၊ လာတ်မရလျှင်တမျိုး၊ ဒီလိုမဟုတ်ဘူးလား။ တရားဟောပုဂ္ဂိုလ်များမှာ တရားနာပရိတ်သတ် များလျှင်တမျိုး၊ တရားနာမယ့်သူ မရှိလျှင် ဟောရတာ ပျင်းခြောက်ခြောက်နဲ့တမျိုး၊ ဒီလိုမဖြစ်ဘူးလား။ ယသ၊ အယသ၊

https://www.thitsarparamisociety.com/



အခြံအရံ ဂုဏ်သတင်း ကျော်စောခြင်း ရှိလျှင်တမျိုး၊ မရှိလျှင်တမျိုး၊ နိန္ဒါ၊ ပသံသာ၊ အကဲ့ရဲ့ခံရလျှင်တမျိုး၊ ချီးမွမ်းခံရလျှင်တမျိုး။ သုခ၊ ဒုက္ခ၊ ချမ်းသာလျှင်တမျိုး၊ ဆင်းရဲလျှင်တမျိုး။ ဒီတော့ လောကကြီးထဲနေကြတဲ့ သတ္တဝါတွေဟာ လာဘ၊ အလာဘ၊ ယသ၊ အယသ၊ နိန္ဒါ၊ ပသံသာ၊ သုခ၊ ဒုက္ခဆိုတဲ့ လောကဓံရှစ်ပါးနဲ့ ကင်းနိုင်ကြရဲ့လား၊ မကင်းနိုင်ကြဘူး။ အဲဒီလောကဓံရှစ်ပါးနဲ့တွေ့လို့ ဖောက်ပြန်တုန်လှုပ်ခြင်းမရှိလျှင် အရိယဓိဒ္ဓိတဲ့။

အရိယာပုဂ္ဂိုလ်များဟာ လောကဓံရှစ်ပါးနဲ့တွေ့လို့ ဖောက်ပြန်တုန်လှုပ်ခြင်း မရှိဘူးတဲ့။ လောကဓံရှစ်ပါးနဲ့တွေ့လို့ ဖောက်ပြန်တုန်လှုပ်ခြင်းမရှိတာဟာ အရိယာပုဂ္ဂိုလ်တို့ရဲ့ အရိယဓိဒ္ဓိတန်ခိုး။ ငှက်တွေ ကောင်းကင်ပျံနိုင်တာကို ကမ္မဇိဒ္ဓိ တန်ခိုးခေါ်တယ်။ (ပုညိဒ္ဓိ) တန်ခိုးဆိုတာကတော့ ကုသိုလ်ရဲ့တန်ခိုး ခေါ်တယ်။

မန္ဓာတ်ဥယသူဌေး ဝတ္ထုမှာ ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူရသည့်အတွက် မန္ဓာတ်ဥသူဌေးက ဆံပင်ဖြေပြီး ကောင်းကင်မော့ကြည့်လိုက်လျှင် စပါးမိုးရွာတယ်။ သူဌေးကတော်ကလည်း တစ်ခွက်ဝင် ထမင်းတစ်အိုးကို တစ်ခါချက်ထားလျှင် ထမင်းခူးလို့ ယောက်မရာ မထင်ဘူး။ သားက ငွေတစ်ထောင်အိတ်ကို လွယ်ပြီးသကာလ လာသမျှလူတွေကို ပေးလို့မကုန်ဘူး။ ချွေးမက စပါးတစ်တောင်းကို အိမ်ရှေ့မှာတည်ပြီး လာသမျှလူတွေ ပေးလို့ မကုန်ဘူး။ ကျွန်မောင်ပုဏ္ဏက ထွန်တစ်တုံး ထွန်လိုက်လျှင် ခုနစ်တုံးရာထင်သတဲ့။ ဒါတွေဟာ ဘာလဲ။ ပုညိဒ္ဓိ။ အရှင်ပစ္စေကဗုဒ္ဓါ အားဆွမ်းလှူလိုက်ရတဲ့ ကောင်းမှုရဲ့တန်ခိုးတွေ။ ဝိဇ္ဇမယိဒ္ဓိ၊ လောကမှာအင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အစရှိသည်ဖြင့် ဝိဇ္ဇာတွေ အမျိုးမျိုးရှိတယ်။ အဲဒီ ဝိဇ္ဇာတို့၏ တန်ခိုးကို ဝိဇ္ဇာမယိဒ္ဓိ ခေါ်တယ်။

(တတ္ထ တတ္ထ သမ္မာပယောဂပ္ပဒ္ဓိတဲ့)။ လောကမှာ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်း အစရှိတဲ့ ထိုထိုအမှုတွေ ပြုလုပ်ခြင်းကြောင့် ချမ်းသာစွာ အသက်မွေးနိုင်ရန် ပိုက်ဆံရတယ်။ အဲဒီပိုက်ဆံဖြင့် အလိုရှိအပ်သော ထိုထို ကိစ္စကို ပြီးစေနိုင်တယ်။ အဲဒါကို တတ္ထ တတ္ထ သမ္မာပယောဂပ္ပဒ္ဓိ လို့

https://www.thitsarparamisociety.com/



ခေါ်တယ်။ လောကမှာ တန်ခိုးဆယ်ပါး ရှိတဲ့အနက်က ပဋ္ဌာစာရီဟာ သေ လောက်တဲ့ ဆင်းရဲဒုက္ခနဲ့ တွေ့ပေမယ်လို့ မသေတာဟာ ဘာဇ္ဈာဒ္ဓိ။ ဉာဏ ဝိပ္ဖာရိဒ္ဓိ။ ဉာဏက ရလတံ့သော အရဟတ္တမဂ်ဉာဏ်၊ ဝိပ္ဖာရက ပျံ့နှံ့တယ်။ ဇ္ဈာဒ္ဓိက တန်ခိုး။ ရလတံ့သော အရဟတ္တမဂ်ဉာဏ်က ပျံ့နှံ့နေတဲ့ တန်ခိုး။

ဒီတော့ သေလောက်တဲ့ ဆင်းရဲဒုက္ခနဲ့ တွေ့ရတာက အတ္တသမ္မာ ပဏိဓိ စက်ပျက်လို့။ မသေတာက ရလတံ့သော အရဟတ္တမဂ်ဉာဏ်၏ တန်ခိုးကြောင့် အဲဒီလိုခွဲခြားပြီး သိကြပါ။

အဲဒီ ပရိတ်သတ်ကြီး အလယ်ခေါင်မှာ မြတ်စွာဘုရား တရားဟော ပြီးနေတော့ ပဒုမုတ္တရာ မြတ်စွာဘုရားထံက ဗျာဒိတ်ရလာတဲ့ ပါရမီရှင် ကလေး ရူးနေရှာတယ်လို့ ကိုယ်တော်မြတ်က ကရုဏာတော်နဲ့သနားတော် မူသဖြင့် ကိုင်း...ငါဘုရားရှိရာသို့ လာစေသတည်းလို့ အဓိဋ္ဌာန်လိုက်တော့ ပဋ္ဌာစာရီအရူးမ ဘုရားအမှူးရှိသော ပရိတ်သတ်အနီးအနား ရောက်လာသ တဲ့။ ရောက်လာတဲ့အခါကျတော့မှ လူတွေက မောင်းကြ၊ မဲကြ၊ ပစ်ကြ၊ ခတ်ကြ၊ ဒီတော့မှ မြတ်စွာဘုရားက မလုပ်ကြနဲ့ နေပါစေလို့တားပြီးတော့ မှ ချစ်သမီး ပဋ္ဌာစာရီ သတိထားမှပေါ့လို့ ကိုယ်တော်မြတ်က မိန့်တော် မူလိုက်တော့ တခါထဲ ဘုရားတန်ခိုးနဲ့ သတိရလာတယ်။ သတိရသွားတော့ ချက်ချင်း သူ့ကိုယ်သူ အဝတ်မရှိမှန်းသိတယ်။ ဒီတော့ သိသိချင်း ကျုံ့ကျုံ့ ကလေးထိုင်၊ ထိုင်တော့ အနီးအနားရှိတဲ့ ဥပါသကာတစ်ယောက်က အ ပေါ်ရုံ တဘက်ကလေးကို ပစ်ပေးလိုက်တယ်။ အဲဒီ အပေါ်ရုံတဘက်က လေး ဝတ်ပြီးတော့ နေတယ်။ အပေါ်ရုံတဘက်ကလေး ဝတ်ပြီးတဲ့အခါ ကျတော့မှ ဘုရားကိုလျှောက်တယ်။

တပည့်တော်မမှာ လင်ကလည်း မြွေကိုက်လို့ သေပါတယ်ဘုရား။ သားကလေးကလည်း စွန်ချီလို့ သွားပါတယ်ဘုရား၊ သားကြီးကလည်း ရေ မျောသွားပါတယ်ဘုရား။ အမေရယ်၊ အဖေရယ်၊ မောင်ကလေးရယ် တိုက် ပိလို့ သေပါတယ်ဘုရား။ လောကကြီးတစ်လောကလုံးမှာ တပည့်တော်မ

https://www.thitsarparamisociety.com/



တစ်ယောက်ထဲ ကျန်ပါတော့တယ်ဘုရား။ ဒုက္ခသည် အမှုသည်ဖြစ်တဲ့ တပည့်တော်မကို မြတ်စွာဘုရား ကယ်မတော်မူပါလို့ လျှောက်ထားသတဲ့။ အေး...အဲဒါကြောင့်

> ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတိမတော။
> မာတာ ပိတာ စ ဘာတာစ၊ ဧကစိတမှိ ဍယှရေ၊

ဆိုတဲ့ဂါထာကလေးဟာ၊ ပဋာစာရီ အရှေးမရဲ့ ငိုချင်းဂါထာကလေးတဲ့။ ဥဘောပုတ္တာ၊ သားနှစ်ယောက်တို့သည်။ ကာလင်္ကတာ၊ သားကြီးရေလွှန်၊ သားငယ်စွန်နှင့် တမလွန်ပြောင်းကြွေ သေကြရလေကုန်၏။ သားကြီးလည်း ရေမှာ မျောသွားတယ်။ သားကလေးကလည်း စွန်ချီသွားတယ်။ မယှံ၊ တပည့်တော်မ၏။ ပတိ၊ လင်ဖြစ်သော ကိုဒါသသည်။ ပန္ထေ၊ လမ်းခရီး၌။ မတော၊မြွေကိုက်၍ သေရှာရလေပြီ။ တပည့်တော်မ ယောကျ်ားတော့ မြွေကိုက်သေတယ်။ သားကလေးတွေလည်း ရေမျောလို့ စွန်ချီလို့ သေတယ်။ တခါ ရွာကိုပြန်လာပြန်တော့ အမေရယ်၊ အဖေရယ်၊ မောင်ရယ်၊ ဒီသုံးယောက်ကတော့ တိုက်ပိသေလို့ တစ်ခုတည်းသောထင်းပုံမှာ အတူတူ သင်္ဂြိုလ်ကြရတယ်။

သူ့ရွာပြန်လာတဲ့အခါကျတော့ ရွာပြင်ဘက်ထွက်လာတဲ့ လူတစ်ယောက်ကို မေးတယ်၊ ဤမည်သော သူဌေးကြီးများ သိပါသလားအဘရယ်လို့ ဆိုတော့ သိပါတယ်ကွယ်၊ သိလျှင် ပြောစမ်းပါအုံး ဘယ်လိုလဲ။ သူတို့အကြောင်းကို မမေးပါနဲ့သမီးရယ်။ ဒိပြင်အကြောင်းကို မေးပါလို့ ဆိုတယ်တဲ့။ မဟုတ်ပါဘူး၊ သူတို့အကြောင်းကိုသာ သိချင်ပါတယ်၊ သူများအကြောင်းကို မသိပါရစေနဲ့၊ သူတို့အကြောင်းကိုသာ ပြောစမ်းပါ။ အော် ငါ့သမီး မေးလို့သာပြောရမယ်၊ ငါတော့ မပြောချင်ဘူး။ ပြောရမှာအလွန်တရာ ရင်နာတယ်၊ ဟောဟို ကောင်းကင်က တငွေ့ငွေ့နေတဲ့ မီးခိုးကလေး ငါ့သမီး မြင်ရဲ့လားလို့ မေးသတဲ့။ အေး...ကောင်းကင်မှာ ငွေ့ငွေ့ထိုးနေတဲ့ မီးခိုးကလေးဟာ ငါ့သမီးရဲ့အဖေ သူဌေးကြီးရယ်၊ သူဌေးကတော်ရယ်၊

https://www.thitsarparamisociety.com/



သူ့ရဲ့သားရယ်၊ အဲဒီ သုံးလောင်းပြိုင်သင်္ဂြိုလ်နေတဲ့ မီးပုံကထွက်တဲ့မီးခိုးဘဲ...ဟဲ့လို့ပြောလိုက်တဲ့အခါကျတော့ တခါထဲ ဝတ်လစ်စလစ်နဲ့ရူးသွားတာဘဲကိုး။

အဲဒီလို ရူးပြီးတော့မှ မြတ်စွာဘုရားထံရောက်တဲ့အခါ မြတ်စွာဘုရားထံမှာ သူ့အကြောင်းမျိုးစုံ ကုန်စင်အောင် လျှောက်ထားသတဲ့။ မြတ်စွာဘုရား တပည့်တော်မမှာ လင်လည်းသေခဲ့ပါတယ်၊ သားနှစ်ယောက်လည်းသေခဲ့ပါတယ်။ မိဘရယ်၊ မောင်ရယ်၊ ဆိုတာကလည်း တိုက်ပိပြီးတော့သေကြပါတယ်။ တပည့်တော်မရဲ့ သောကလုံးကြီးကို အရှင်ဘုရား ငြိမ်းအေးအောင် ကယ်မတော်မူပါ မြတ်စွာဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက ဘာပြောသလဲ။

နသန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ၊
အန္တကေနာဓိ ပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

ပဋာစာရေ၊ ချစ်သမီး ပဋာစာရီ။ တာဏာယ၊ သေခြင်းကို စောင့်ရှောက်ခြင်းငှာ။ ပုတ္တာ၊ သားသမီးတို့သည်။ နသန္တိ၊ လောကကြီးမှာ မရှိကြကုန်။ သေဘေးရောက်တာကို စောင့်ရှောက်နိုင်တဲ့ သားသမီးမရှိဘူးတဲ့။ တာဏာယ၊ သေဘေးကို စောင့်ရှောက်ခြင်ငှာ။ ပိတာ၊ မိဘနှစ်ပါးတို့သည်။ နသန္တိ၊ မရှိကြကုန်။ တာဏာယ၊ သေဘေးမရောက် ရောက်အောင် စောင့်စောင့်ခြင်းငှာ။ ဗန္ဓဝါအပိ၊ စိတ်နှလုံး အကျွမ်းဝင်တဲ့ ဆွေမျိုးမိတ်ဆွေတို့သည်လည်း။ နသန္တိ၊ မရှိကြကုန်။ လောကမှာ သားရယ်၊ အမေရယ်၊ အဖေရယ်၊ ဆွေရယ်၊ မျိုးရယ်၊ ဆိုတာတွေဟာ အလကားဟာတွေပါဟယ်။ တကယ်သေဘေးနဲ့ကျတော့ ဘယ်သူကမှ ကယ်နိုင်ကြတာ မဟုတ်ပါဘူး။ ရှိပေမဲ့ ရှိရာမကျပါဘူး။ အန္တကေနာဓိပန္နဿ၊ သေမင်းယုတ်သည် လွှမ်းမိုးနှိပ်စက်ခံရသော သူအား။ အန္တကေနာဓိပန္နဿ၊ သေခြင်းသို့ ဆိုက်ရောက်နေသူအား။ တာဏတာ၊ စောင့်ရှောက်နိုင်သောအဖြစ်သည်။ ဉာတီသု၊ဆွေမျိုးတို့၌။ နတ္ထိ၊ မရှိလေ။ ဘယ်ဆွေ၊ ဘယ်မျိုး၊ ဘယ်သား၊ ဘယ်သမီး၊

ဘယ်မိ၊ ဘယ်ဖမှ သေဘေးကျတော့ ကယ်ဆယ်စောင့်ရှောက်နိုင်တာ မရှိပါဘူးတဲ့။ ယခုလို သားသမီး မိဘဆွေမျိုးတွေ သေလို့ ငါ့သမီးငိုရတဲ့ မျက်ရည်ဟာ သမုဒ္ဒရာလေးစင်းမျှ မကပါဘူး။ လောကမှာ ဒါတွေ အဆန်း မဟုတ်ပါဘူး သမီးရယ်တဲ့။

အမေသေလို့ ငိုရတာ၊ အဖေသေလို့ ငိုရတာ၊ မောင်သေလို့ငိုရတာ၊ သားသမီးသေလို့ ငိုရတာ၊ လင်သေလို့ ငိုရတာ၊ သမုဒ္ဒရာလေးစင်းမျှ မကပါဘူး။ ငါ့သမီး ငိုခဲ့ရလှပါပြီ။ ဒါတွေဟာ ကိုးကွယ်ရာမဟုတ်ပါဘူးလို့ မြတ်စွာဘုရားက အဲဒီလိုဟောတော့မှ နဲနဲသက်သာရရသွားသတဲ့။ သက်သာခွင့် ရသွားတော့မှ...

ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော၊
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

ပဋာစာရေ၊ ချစ်သမီး ပဋာစာရီ။ ဧတမတ္ထဝသံ၊ ဤသို့ ဆွေမျိုးဉာတိတို့ ကိုးကွယ်ရာ မရှိခြင်းကို။ ဉတွာ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသည်။ သီလသံဝုတော၊ သီလကိုသာစောင့်သုံးသည်ဖြစ်၍။ နိဗ္ဗာနဂမနံ မဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်းခရီးကောင်းကို။ ခိပ္ပမေဝ၊ လျှင်မြန်စွာသာလျှင်။ ဝိသောဓယေ၊ သုတ်သင်ရှင်းလင်းရာ၏။

ချစ်သမီး လောကမှာ မိဘ ဘိုးဘွား၊ သားသမီး လင်သား စသည်တို့ဟာ ဘာမှကိုးကွယ်ရာ မရှိဘူး။ အမှန်က ကိုယ်စောင့်ရှောက်တဲ့ သီလသာလျှင် ကိုယ့်မှာ ကိုးကွယ်ရာဖြစ်တယ်။ ဒီတော့ ချစ်သမီး သီလကိုသာကြိုးစားပြီးတော့ နိဗ္ဗာန်ရောက်ကြောင်းခရီး ဖြစ်တဲ့ လမ်းခရီးကို မြန်မြန်ကြီး သုတ်သင်ပါလို့...မြတ်စွာဘုရားက ဟောတော်မူလိုက်တော့မှ အပူငြိမ်းရုံမကဘဲနဲ့ ခုတင်က ပဋာစာရီဟာ သောတာပန်အဖြစ် ရောက်သွားသတဲ့။ ဘယ်လောက်လွယ်သလဲ။ မိဘလည်း ကိုးကွယ်ရာမဟုတ်၊ သားသမီးလည်း ကိုးကွယ်ရာ မဟုတ်။ တကယ် သေဘေးဆိုက်ရောက်တဲ့အခါကျတော့ ဘယ်သူမှ ကိုးကွယ်ရာမရှိဘူးတဲ့။

https://www.thitsarparamisociety.com/



ဒီတော့ တကယ်အားကိုးရမှာက သီလသာလျှင် အားကိုးရာဖြစ်တယ်။ လောကကြီးမှာ အားကိုးရာလို့မထင်ကြပါနဲ့။ စဉ်းစားလည်းကြည့်ကြအုံးလေ။ ယခု အသက်ရှင်စဉ်အခါတုန်းက ကြပ်ကြပ် အားကိုးရတဲ့လင်၊ ကြပ်ကြပ်အားကိုးရတဲ့ မယား၊ ကြပ်ကြပ်အားကိုးရတဲ့ သားသမီး၊ ကြပ်ကြပ်အားကိုးရတဲ့ ပစ္စည်းဟာ သေခါနီးကျလေ အားကိုးရာမဲ့လေ။ သေခါနီး သူတို့များသွားအောက်မေ့မိလျှင် ဘယ့်နှယ်လဲ။ကောင်းရာသုဂတိ ရောက်နိုင်ပါအုံးမလား။ မရောက်နိုင်ဘူး။

ဟော...လူမမာက သဲ့သဲ့ကလေး မျက်လုံးကလေးကလယ်ကလယ်ဖြစ်နေပြီ။ လူမမာကြည့်တဲ့လူက ဘက်တစ်ဘက်က မျက်နှာအုပ်ထားပြီး မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်းနဲ့လုပ်တော့ ဟိုကလူမမာ မြင်နေပြီ။ ဒီလူမမာ ဘယ်ကောင်းရာသုဂတိ ရောက်နိုင်တော့မှာလဲ။ အဲဒီလူမမာ သွားပြီသာ အောက်မေ့ပေတော့။ ဒီတော့သေခါနီး တော်ရာသာ သွားနေကြ။ ကိုယ့်မျက်ရည် ကိုယ်မထိန်းနိုင်လျှင်လေ။ အေး...ရှင်တုန်းက ကြပ်ကြပ် အားကိုးရတဲ့ လင်သား၊ ရှင်တုန်းက ကြပ်ကြပ်အားကိုးရတဲ့ သားသမီး၊ သေခါနီးကျလေ အားကိုးရာမဲ့လေ။ ဒီတော့ သေခါနီး အားကိုးရာ ဖြစ်ကြရအောင် ဘာလုပ်ရမယ်။ သီလကို မပေါက်ကြားပါစေနဲ့။ သီလ ပေါက်ကြားလျှင် အတ္တသမ္မာပဏိဓိစက် ပျက်မယ်။ အတ္တသမ္မာပဏိဓိစက် ပျက်လျှင် ယခုလောကလည်း ကောင်းစားသင့်သလောက် မကောင်းစားဘူး။ ဆင်းရဲဒုက္ခ တွေ့မယ်။ ပြီးတော့ ပဋာစာရီတို့လို သေဘဲလည်း ဆိုက်ရောက်တတ်တယ်။

အဲဒီလို ပဋာစာရီဟာ မြတ်စွာဘုရားထံ ရောက်လို့ သောတာပန်ဖြစ်တဲ့အခါကျတော့မှ ပဋာစာရီက အရှင်ဘုရား တပည့်တော်မ အရှင်ဘုရားရဲ့ သာသနာဝန်ထမ်း ရဟန်းမိန်းမ ပြုပါရစေလို့ မြတ်စွာဘုရားကို လျှောက်သတဲ့။ ဒီအခါကျတော့မှ ဘိက္ခုနီမတွေ လက်အပ်ပြီးတော့ ရဟန်းမိန်းမ ပြုစေတယ်။ ဒီတော့မှ ပဋာစာရီဟာ ဘိက္ခုနီမ ဖြစ်သွားတယ်။

https://www.thitsarparamisociety.com/



ဘိက္ခုနီမ ဖြစ်တဲ့အခါကျတော့ တနေ့တ၌ ခြေဆေးတယ်တဲ့။ ခြေဆေးတော့ ပထမလောင်းလိုက်တဲ့ရေက စီးသွားပြီးတော့ ဟိုအနားကျတော့ ရပ်တယ်။ ဒုတိယတခါ တစ်ကြိမ် ထပ်လောင်းပြန်တော့ အရင်စီးတဲ့ရေထက် ရှေ့တိုးစီးသွားပြီး တခါရပ်နေပြန်တယ်။ နောက် တတိယတကြိမ် ထပ်ပြီးလောင်းလိုက်ပြန်တော့ အရင်စီးတဲ့ရေထက် တခါ ပိုစီးသွားပြီး ရပ်နေပြန်တယ်။ ပါရမီရှိလို့ ကျွတ်ချိန်တန်တော့ ဘာကမမဟုတ်တဲ့ ပထမအကြိမ်လောင်းတဲ့ရေ စီးသွားပုံ၊ ဒုတိယအကြိမ်လောင်းတဲ့ရေ စီးသွားပုံ၊ တတိယအကြိမ်လောင်းတဲ့ရေ စီးသွားပုံဟာ တနေရာထက်တနေရာ ပိုပိုစီးသွားတာကို သူကြည့်ပြီးတော့ သံဝေဂဉာဏ် ဝင်လာတယ်။

ဩော်…ပထမလောင်းလိုက်တဲ့ ရေကဲ့သို့ သတ္တဝါတွေဟာ ပထမအရွယ်မှ သေကြတယ်။ ဒုတိယလောင်းလိုက်တဲ့ ရေကဲ့သို့ သတ္တဝါတွေဟာ ဒုတိယအရွယ်မှာ သေကြတယ်။ တတိယအကြိမ်လောင်းလိုက်တဲ့ ရေကဲ့သို့ တချို့သတ္တဝါတွေဟာ တတိယအရွယ်ရောက်မှ သေကြတယ်။ လောကကြီးမှာ ဘာမှမြဲတာ မရှိပါတကား။ ပထမအရွယ်နဲ့ သေတဲ့လူနဲ့၊ ဒုတိယအရွယ်နဲ့သေတဲ့လူနဲ့၊ တတိယအရွယ်နဲ့သေတဲ့လူနဲ့။ အဲဒီလို ရေလောင်းတာအကြောင်းပြုပြီးတော့ သေခြင်းတရားကို အာရုံပြုလိုက်တဲ့အခါ မြတ်စွာဘုရားက ဂန္ဓကုဋီတိုက်ကနေပြီးတော့ ရောင်ခြည်တော်ခြောက်ပါးလွှတ်ပြီးတော့ ချစ်သမီး ပဋာစာရီ၊ သင်ဖြစ်တဲ့အတိုင်း၊ သင်သိတဲ့အတိုင်း မှန်ပေတယ်။ လောကကြီးမှာ ဘာဟာမှမြဲတာမရှိဘူး။ ဝိပဿနာတက်ပြီးတော့ နှလုံးသွင်းလိုက်ပါတော့လားလို့ အနားထိုင်ပြီး တရားဟောသကဲ့သို့ ဂန္ဓကုဋီတိုက်က လှမ်းပြီးဟောလိုက်သတဲ့။ အဲဒီအခါမှာ ပဋာစာရီဟာ ရဟန္တာမ ဖြစ်တယ်။

အေး…ရဟန္တာမဖြစ်ပြီးတဲ့နောက် တနေ့သောအခါကျတော့ ဝိနည်းဆောင်တဲ့ ဘိက္ခုနီမထဲမှာ ငါ၏ချစ်သမီး ပဋာစာရီသည် အသာဆုံး၊ အလွန်ဆုံး၊ အမြတ်ဆုံးဘဲလို့ ဧတဒဂ်ထားတော်မူတယ်။ ခေမာက ပညာအရာမှာ ဧတဒဂ်ရတယ်။ ဥပ္ပလဝဏ်က တန်ခိုးအရာမှာ ဧတဒဂ်ရတယ်။ ပဋာစာရီက ဝိနည်းအရာမှာ ဧတဒဂ် ရတယ်။

https://www.thitsarparamisociety.com/



ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဆိုတဲ့ဂါထာဟာ ပဋာစာရီကို အကြောင်းပြုပြီးတော့ ဟောထားတာတဲ့။ ပဋာစာရီ ခြေဆေးတဲ့ခဏလေးမှာ ပထမအရွယ် သေတဲ့လူ၊ ဒုတိယအရွယ် သေတဲ့လူ၊ တတိယအရွယ် သေတဲ့လူနဲ့ ယခု ငါ လောင်းလိုက်တဲ့ ရေသုံးကြောင်း စီးသွားတာနဲ့ တူလှချည်ရဲ့လို့ အဲဒါကလေး အစပေါ်ပြီးတော့ ဝိပဿနာဉာဏ် တက်သွားပြီး မြတ်စွာဘုရား ဟောတော်မူတဲ့ ယော စ ဝဿသတံ ဇီဝေ ဆိုတဲ့ ဩဝါဒဂါထာနာရင်း အဲဒီမှာ ရဟန္တာမ ဖြစ်သွားတယ်။

ဒီတော့ ပြောလိုရင်းကဘာလဲ။ တရားမသိဘဲ ဘယ်လောက်အသက်ရှည်နေနေ အလကားဘဲ။ အသက်ရှည်တာ တိုတာ ပဓာနမဟုတ်ပါဘူး။ တရားသိဘို့သာလျှင် ပဓာနပါ။ ဒီလိုဆိုလိုရင်းပါ။ ဒီတော့ ရှေ့ကိုမျှော်လင့်ချက်မရှိတဲ့လူတစ်ယောက် ဘယ်လောက်အသက်ရှည်နေနေ ဒီလူဟာ တရားသိမယ့်လူ မဟုတ်ဘူးဆိုလျှင် မပြောကောင်းလို့သာနော်။ လောကမှာ မရှိတာဘဲ အေးတယ်။ ဒီလူ ခုသာ တရားမသိသေးတယ်၊ နောင်သိအောင် သူလုံးပမ်းပါလိမ့်အုံးမယ်။ ပညာရှိအောင် ကြိုးစားပါလိမ့်အုံးမယ် ဒီလို မျှော်လင့်ချက် ရှိတဲ့လူကျလျှင် ပိုးမွေးသလို မွေးထားကြစမ်းပါ။ မသေပါစေနဲ့။ မျှော်လင့်ချက် မရှိတဲ့လူကျတော့ ကိစ္စမြန်မြန်ချောတာ အေးပါတယ် ဟုတ်လား။

အဲဒီတော့ ဘာလိုရင်းလဲ။ အသက်တိုဖို့ ရှည်ဖို့က လိုရင်းမဟုတ်ဘူး။ တရားသိဖို့လိုရင်း။ တရားသိဖို့လိုရင်းဖြစ်ခြင်းကြောင့် တရားအားထုတ်ကြစေလိုလို့ အဲဒီဝတ္ထုကြောင်းကလေး ပြောပါတယ်။ တရားမဟောရသေးပါဘူး။

ဦးဘိုးထင် အညာကအဖွားကြီးတွေ တောထဲသွားပြီးထင်းခွေတော့ ထင်းစည်းစည်းသတဲ့၊ ထင်းစည်းက စည်းတော့ ဖွဟဲ့၊ အိမ်ရောက်အောင် ပါဟဲ့...လို့ သွားကျိုးသံကလေးနဲ့ မန်းသတဲ့။ အဲဒါလို ဒို့ယခုတရားနာတဲ့ ဒို့လူတွေလည်း ဖွ အိမ်ကျအောင်ပါလို့ မန်းပြီးတော့ တရားနာဘို့ကောင်း

https://www.thitsarparamisociety.com/



တယ်။ တရားနာပြီး သုတံ၊ ကြားလိုက်ရ၏။ န ဥပလက္ခိတံ၊ မမှတ်မိ။ ဒါမျိုးနာလို့ ဘာလုပ်မှာလဲ။ ခုဒီလိုဘဲ များနေကြတာဘဲ။ ကြားတော့ကြားလိုက်တာဘဲ။ မမှတ်မိဘူး။

ဒိဋ္ဌိသက္ကာ မက္ခာသမ္ဘု၊ လေးဝအပေါယ် ရောက်အုံးမယ်၊ နင်ဝယ်သတိထား၊ သို့ဖြစ်ငြားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရမည့်သဘောကို သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ၊ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ လို့... ဟောတော်မူသ...တဲ့။

ရင်ဝလှံစူးတဲ့လူဟာ စူးတဲ့လှံ နှုတ်ဘို့အရေးထက် အခြားအရေးကို စဉ်းစားနိုင်ပါ့မလား။ ခေါင်းမီးလောင်တဲ့လူဟာ လောင်နေတဲ့မီးကို ငြိမ်းဘို့ထက် ဒိပြင်အရေးကို အရေးလုပ်အားပါအုံးမလား။ အေး...ထိုနည်းတူစွာ သက္ကာယဒိဋ္ဌိကွာဘို့ဟာ သတိထားပြီးကြိုးစားလုပ်ကြ၊ သည့်ပြင်အရေးတွေ သိပ်ပြီး အရေးလုပ်မနေကြနဲ့။ မပြောကောင်းမဆိုကောင်း သေဘို့ကလည်း နီးနေကြပြီ။ ဟိုနောက်ကလူတွေတော့ မကြားစေနဲ့။ ခုမသေလို့ရှိလျှင်ဖြင့် အပြုံလိုက်အစုလိုက် သေဘို့ရာ စုထားတယ်သာ အောက်မေ့ကြပေတော့။ ရှေ့လျှောက်ပြီး အပြုံလိုက်အစုလိုက် သေဖို့များကြလိမ့်မယ်။

သက္ကာယဒိဋ္ဌိ တန်းလန်းကြီးနဲ့ သေသွားကြလျှင်ဖြင့် ဘာရဲသွားမယ်။ ငရဲသွားမယ်။ သိလည်းသိလျှက်သားနဲ့ သက်သက်မိုက်နေကြတာ။ ကိုယ်တော်မြတ်အလိုကတော့ သက္ကာယဒိဋ္ဌိကွာဘို့ အရေးတကြီး အားထုတ်ခိုင်းနေတာ။

ဒီတော့ဘာနဲ့အားထုတ်ရမလဲ။ သတော ဘိက္ခု ပရိဗ္ဗဇေတဲ့။ ဘိက္ခု၊ သံသရာဘေးကိုကြောက်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သတော၊ သတိရှိသည် ဖြစ်၍။ ပရိဗ္ဗဇေ၊ ကျင့်ကြံအားထုတ်ရာ၏။ တရားအားထုတ်ရာမှာ ဘာမှမလိုဘူး။ **"သတိတစ်လုံးဘဲလိုတယ်"**။ သတိ

https://www.thitsarparamisociety.com/



တစ်လုံးကိုသာ ကြိုးစားပြီး အထမြောက်အောင် အားထုတ်ကြပါ။ သက္ကာယ ဒိဋ္ဌိ ကွာပါလိမ့်မယ်တဲ့။

သတ္တဝါရဲ့ ရင်ထဲနှလုံးထဲမှာ သက္ကာယဒိဋ္ဌိနာကြီး စွဲကပ်နေကြတယ်။ အဲဒီ သက္ကာယဒိဋ္ဌိနာကြီး ပျောက်ဖို့ရာ ဆေးက ပဋိစ္စသမုပ္ပါဒ်တရား။ အေး...ပဋိစ္စသမုပ္ပါဒ် ဆေးကိုသောက်မှသာလျှင် သက္ကာယဒိဋ္ဌိနာကြီးပျောက်ကြမယ်။ ကိုယ့်ရင်ထဲစွဲနေတဲ့ ဒိဋ္ဌိကိုပင် ဘယ်လိုစွဲတယ်လို့ သိကြရဲ့လား။ အဲဒီလောက် အ,တယ်နော်။ သိတဲ့လူက နည်းလိမ့်မယ်။ ဒီတော့ ကိုယ့်ရင်ထဲ စွဲပုံကလေး သိသွားအောင် နဲနဲကလေး ခွဲလိုက်ကြအုံးစို့။ ဖွ,အိမ်ကျအောင် ပါလို့ ဒီလိုလည်း မန်းလိုက်စမ်းပါအုံး။

**ရုပ်**– ၁။ ရုပ်သည် သတ္တဝါ၊
၂။ ရုပ်ရှိသော သတ္တဝါ၊
၃။ သတ္တဝါ၌ ရုပ်တည်၏၊
၄။ ရုပ်၌ သတ္တဝါတည်၏လို့ လေးမျိုးမခွဲဘူးလား၊ ခွဲတယ်။ ဝေဒနာကျတော့လည်း ဒီအတိုင်းဘဲ။

**ဝေဒနာ**– ၁။ ဝေဒနာသည် သတ္တဝါ၊
၂။ ဝေဒနာရှိသော သတ္တဝါ၊
၃။ သတ္တဝါ၌ ဝေဒနာတည်၏၊
၄။ ဝေဒနာ၌ သတ္တဝါတည်၏။

**သညာ**– ၁။ သညာသည် သတ္တဝါ၊
၂။ သညာရှိသော သတ္တဝါ၊
၃။ သတ္တဝါ၌ သညာတည်၏၊
၄။ သညာ၌ သတ္တဝါတည်၏။

**သင်္ခါရ**– ၁။ သင်္ခါရသည် သတ္တဝါ၊
၂။ သင်္ခါရရှိသော သတ္တဝါ၊
၃။ သတ္တဝါ၌ သင်္ခါရတည်၏၊
၄။ သင်္ခါရ၌ သတ္တဝါတည်၏။

https://www.thitsarparamisociety.com/



**ဝိညာဏ်–** ၁။ ဝိညာဏ်သည် သတ္တဝါ၊
၂။ ဝိညာဏ်ရှိသော သတ္တဝါ၊
၃။ သတ္တဝါ၌ ဝိညာဏ်တည်၏၊
၄။ ဝိညာဏ်၌ သတ္တဝါတည်၏။
(အတ္တရှိလျှင် သတ္တဝါရှိသည်ဖြစ်၍ ပရိယာယ်အားဖြင့်ဟောတော်မူပါသည်)။

ရုပ်မှာ လေးမျိုး၊ ဝေဒနာမှာ လေးမျိုး၊ သညာမှာ လေးမျိုး၊ သင်္ခါရမှာ လေးမျိုး၊ ဝိညာဏ်မှာ လေးမျိုး၊ လေးငါးလီ နှစ်ဆယ်။ သက္ကာယ ဒိဋ္ဌိ နှစ်ဆယ်ရှိတယ်။ ဒီရုပ်ကောင်ကြီးကို သတ္တဝါရယ်လို့ ထင်တယ်။ ခံစားနေရတဲ့ ဝေဒနာကို သတ္တဝါလို့ ထင်တယ်။ အမှတ်အသား သညာကို သတ္တဝါလို့ ထင်တယ်။ အားထုတ်မှု သင်္ခါရကို သတ္တဝါလို့ ထင်တယ်။ သိမှု ဝိညာဏ်ကို သတ္တဝါလို့ ထင်တယ်။ အေး...အဲဒီ သက္ကာယဒိဋ္ဌိဟာ ငရဲအိုး၊ ငရဲမီးဘဲ။ အဲဒါ ရင်ထဲနှလုံးထဲက ငရဲမီးတောက်ကြီးဘဲ။ အဲဒီမီးကို မြန်မြန်ငြိမ်းဘို့ အရေးကြီးတယ်။

အဲဒီမီး ငြိမ်းအောင် ဘယ့်နှယ်လုပ်ရမယ်။ ပဋိစ္စသမုပ္ပါဒ် တရားကို နားလည်အောင် လုပ်ရမယ်။ ဒီနှစ်ဝါတွင်း ပဋိစ္စသမုပ္ပါဒ် ဟောပါလျက်က နဲ့ ပဋိစ္စသမုပ္ပါဒ်ကို အခြေခံကလေးမှ မမှတ်မိကြလျှင်တော့ ဟောရတဲ့ ပုဂ္ဂိုလ်လည်းပန်း၊ နာတဲ့ ပုဂ္ဂိုလ်လည်း နွမ်း၊ ဆိုတာလို ဖြစ်ကုန်ကြမယ် နော်။ အခြေခံကလေးတော့နားလည်အောင် လုပ်ထားကြစမ်းပါ။ နဲနဲ့လျှာရှည်တယ် မအောက်မေ့ကြပါနဲ့။

“နှစ် ငါး သုံး နှစ်၊ ပေါင်းတုံလစ်၊ ဖြစ်၏အင်္ဂါ ဆယ့်နှစ်ဖြာ” ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆယ့်နှစ်ပါးရှိတယ်။ ဆယ့်နှစ်ပါး။ နှစ်ပါးနဲ့ငါးပါးပေါင်း ဘယ်လောက်ရှိသလဲ။ ခုနစ်ပါး။ နောက်တခါ သုံးပါးနဲ့နှစ်ပါးပေါင်း ငါးပါး။ ခုနစ်ပါးနဲ့ငါးပါးပေါင်းတော့ ဆယ့်နှစ်ပါး။ အေး...အင်္ဂါဆယ့်နှစ်ပါး။ အင်မတန်လွယ်တယ်။ ဒိထက်လွယ်တဲ့နည်းတော့ ဘယ်မှာသွားရှာလို့ရမလဲ။ ဒီ လင်္ကာကလေး ရထားလျှင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ဆယ့်နှစ်ပါး သိနိုင်တယ်။

https://www.thitsarparamisociety.com/



အားမလျှော့ကြပါနဲ့။ ဒီထက်လွယ်တာ ရအုံးမလား။ ဦးဘိုးထင်တို့လည်း စာပေတွေ လိုက်စားလာတာဘဲ၊ ဒီလိုလွယ်တဲ့နည်း ရှိသလားလို့။ မရှိဘူး နော်။ အင်မတန်မှလွယ်တဲ့နည်း။ ဒါဘယ်ကထုတ်သလဲ။ "ဝေဠုဝတီ"ကမ္ဗဌာန်းတိုက်က ထုတ်တာပေါ့။

"နှစ် ငါး သုံး နှစ်၊ ပေါင်းတုံလစ်၊ ဖြစ်၏အင်္ဂါဆယ့်နှစ်ဖြာ" အဲဒါ မသေမချင်း မှတ်ရမယ်။ ဖွဟဲ့၊ အိမ်ကျအောင် ပါ၊ ဒီတင်မဟုတ်ဘူး၊ ဖွဟဲ့၊ သင်္ချိုင်းကျအောင် ပါလို့ မန်းလိုက်စမ်းပါအုံး။

နှစ်က -အဝိဇ္ဇာ၊ သင်္ခါရ၊
ငါးက -ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊
သုံးက- တဏှာ၊ ဥပါဒါန်၊ ဘဝ၊
နောက်နှစ်က -ဇာတိ၊ ဇရာမရဏ၊

ဇာတိက တစ်ပါး၊ ဇရာမရဏက တစ်ပါး၊ ဇရာမရဏက နှစ်ပါးပေမယ်လို့ တစ်ပါးထဲ ယူရတယ်။ ဇရာကအိုတယ်၊ မရဏက သေတယ်၊ အိုလျှင်တော့နီးပြီပေါ့။ အေး...ဇရာနဲ့ မရဏဟာ ကပ်နေပြီ မဟုတ်လား။ ခေါင်းဖြူတဲ့လူ၊ သွားကျိုးတဲ့လူ အိုပြီမဟုတ်လား။ အိုလျှင်တော့ ဘယ်အနားနီးပြီလဲ။ သင်္ချိုင်းနားနီးပြီလို့ ဆိုပေတော့နော်။

ဒီအကောင် စကားပြောတာ လေးလုံးမကွဲပါဘူးကွယ်၊ ဒီလိုအရပ်ထဲမှာ မပြောကြဘူးလား။ ဦးဘိုးထင်ရဲ့။ အေး...ဒါ ဘာလဲ။ ပဋိစ္စသမုပ္ပါဒ်ဆယ့်နှစ်ပါးမှာ လေးပိုင်းပိုင်းပြီးတော့ လေးလုံးကွဲအောင် ဟောထားတာ။ အဝိဇ္ဇာ သင်္ခါရက တစ်ပိုင်း၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ငါးပါးက တစ်ပိုင်း၊ တဏှာ ဥပါဒါန် ဘဝ သုံးပါးက တစ်ပိုင်း၊ ဇာတိ၊ ဇရာမရဏ နှစ်ပါးက တစ်ပိုင်း၊ ဆယ့်နှစ်ပါးကို လေးပိုင်းပိုင်းပြီး လေးလုံးကွဲအောင် ပြထားတဲ့တရားတဲ့။ နားမလည်လောက်သေးဘူးလား၊ လည်လောက်ပါပြီ။

https://www.thitsarparamisociety.com/



ရှေ့ကို ပဋိစ္စသမုပ္ပါဒ်သဘာဝကို ဟောရမှာဖြစ်ခြင်းကြောင့် ဒီက အရင်းတည်၊ အင်္ဂါဘယ်နှစ်ပါးကို ခံထားရတယ်။ အရင်းတည်မပါဘဲ ဟောနေလည်း အလကားဖြစ်မှာပေါ့။

အင်္ဂါဆယ့်နှစ်ပါးပြီးတော့ ဘာလဲ ကာလသုံးပါး။ "အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ သုံးတန်ကာလသာ" အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလလို့ ကာလသုံးပါး။ အတိတ်ဆိုတာ ပြီးခဲ့ပြီးသောကာလ၊ ပစ္စုပ္ပန်ဆိုတာ ယခု ဖြစ်တုန်းဖြစ်ဆဲကာလ၊ အနာဂတ်ဆိုတာ နောင်ဖြစ်မဲ့ အနာဂတ်ကာလ၊ အဲဒီကာလကလည်း အဒ္ဒါကာလ၊ သန္တတိကာလ၊ ခဏိကကာလ၊ လို့ ကာလ သုံးမျိုးရှိတယ်။ အဲဒီကာလ သုံးမျိုးတို့တွင် ပဋိစ္စသမုပ္ပါဒ်က အဒ္ဒါကာလနဲ့ ခွဲရတယ်။ အဒ္ဒါကလနဲ့ခွဲတယ်ဆိုတော့ ဘဝနဲ့ပိုင်းခြားရတယ်။ အတိတ်ဆိုတာ ဟို...ရှေးဘဝ၊ ပစ္စုပ္ပန်ဆိုတာ ယခုဘဝ။ တစ်ဘဝလုံး မသေမချင်းနော်။ အနာဂတ်ဆိုတာ နောက်နောက်ဖြစ်ရမဲ့ ဘဝတွေ။ အေး...ဒီတော့ ကာလသုံးပါးလည်းသိပြီ။ အင်္ဂါဆယ်နှစ်ပါးလည်းသိပြီ။

ကိုင်း...ဝဋ်သုံးပါး၊ "ကိလေ, ကာမ, ဝိပါက၊ မှတ်ကြဝဋ်သုံးဖြာ" ဝဋ်ဘယ်နှစ်ပါးတဲ့ သုံးပါး။ အေး...ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။ အဲဒီ ဝဋ်သုံးပါး။

ဝဋ်သုံးပါးပြီးတော့ ဘာလိုသလဲ။ ချင်းရာ နှစ်ဆယ်တဲ့။ "ငါးပါးလေးလီ ကြောင်းကျိုးညီ ဖြစ်သည် ချင်းရာ နှစ်ဆယ်သာ" အတိတ်အကြောင်း ငါးပါး။ ပစ္စုပ္ပန်အကျိုး ငါးပါး။ ပစ္စုပ္ပန်အကြောင်းငါးပါး။ အနာဂတ်အကျိုး ငါးပါး၊ ငါးပါးလေးလီ အကြောင်းရောအကျိုးရော ညီမနေဘူးလား၊ ညီနေပါတယ်။

အင်္ဂါဆယ့်နှစ်ပါးကနေပြီးတော့ အချင်းအရာ နှစ်ဆယ်ဖြစ်သွားပြန်တယ်ဆိုတော့ တိုးမလာဘူးလား။ ပထမဆုံး နှစ်ဆိုတာ ဘယ်သူနဲ့ဘယ်သူ အဝိဇ္ဇာ သင်္ခါရ။ အေး...ပထမဆုံး နှစ်ဆိုတဲ့ အဝိဇ္ဇာ သင်္ခါရဟာ ရှေး

https://www.thitsarparamisociety.com/



အတိတ်ဘဝက အကြောင်းနှစ်ပါးတဲ့။ အဲဒီ အထင်ခံ အကြောင်းနှစ်ပါးကို တွေ့လျှင် တိတ်တိတ်ပုန်း အကြောင်းသုံးပါးကိုလည်း သိရမယ်တဲ့။ ဒီတော့ အထင်ခံအကြောင်းကနှစ်ပါး။ တိတ်တိတ်ပုန်း အကြောင်းက သုံးပါး။ ဒီလို ဆိုတော့ အတိတ်အကြောင်း ငါးပါး မဖြစ်ဘူးလား။ ဥပမာ ဒီမှာ အထင် အထင်ခံ တရားနာတဲ့လူတွေ မရှိဘူးလား။ ရှိပါတယ်။ ဟိုတိတ်တိတ်ပုန်း ချောင်ကြိုချောင်ကြားက ချောင်းပြီး တရားနာတဲ့လူကော မရှိနိုင်ဘူးလား။ ရှိနိုင်ပါတယ်။ တရားနာတာတောင် အထင်ခံ၊ တိတ်တိတ်ပုန်းနှစ်မျိုး ရှိသေးတာဘဲ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားမှာလည်း ဒီလိုဘဲ။ အထင်ခံ၊ တိတ်တိတ်ပုန်း နှစ်မျိုးရှိရမှာပေါ့။ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ အကြောင်းနှစ်ပါးက အထင်ခံ၊ တဏှာ ဥပါဒါန် ဘဝ ဆိုတဲ့ အကြောင်းသုံးပါးက တိတ်တိတ်ပုန်း။ နှစ်ပါးပေါင်းလိုက်တော့ အတိတ်အကြောင်း ငါးပါးဖြစ်တယ်။ အဲဒီ ငါးပါးထဲမှာ တိတ်တိတ်ပုန်းသုံးပါး ပါနေပုံက အဝိဇ္ဇာ ဆိုတဲ့ မသိမိုက်မဲမှု ရှိလျှင် နှစ်သက်မှု တဏှာပေါ်တယ်။ တဏှာပေါ်လာလျှင် စွဲလန်းမှု ဥပါဒါန်က နေပါ့မလား။ မနေဘူး။ သွားဖော်လာဘက်ကို မင်းသွားလျှင် ငါလိုက်မယ်တဲ့။ ငါ့ကိုတော့ မထားခဲ့ပါနဲ့ကွာ။ တရားနာသွားတာတော့ မလိုက်သေးဘူး။ ဘိုင်စကုတ် သွားလျှင်တော့ လက်တို့စမ်းပါ။ ဒီလိုဟာမျိုးပေါ့။ အဝိဇ္ဇာသွားရာ တဏှာ ဥပါဒါန် ပါရမှာကိုး။

ဒီတော့ မသိမိုက်မဲမှု အဝိဇ္ဇာရှိလျှင် ကိလေသာချင်းတူသဖြင့် တဏှာလာမယ်၊ တဏှာရှိလျှင် ဥပါဒါန်လာမယ်၊ ဟော…အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် လို့ ကိလေသာသုံးပါး ဖြစ်သွားရော။ သင်္ခါရရှိလျှင် ကံချင်းတူသဖြင့် ဘဝလာမယ်။ ဒီတော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ လို့ အတိတ်အကြောင်း ငါးပါးစုံသွားရော။ သင်္ခါရကလည်းကံဘဲ။ ဘဝကလည်း ကံဘဲနော်။ ဘဝဆိုတာ ဖြစ်ခြင်းကို ခေါ်တယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံ ပြုလုပ်ကြတဲ့အခါကျတော့ ကိုယ့်ကိုယ်မှာ ကုသိုလ် အကုသိုလ် မဖြစ်ဘူးလား။ အဲဒီ ဖြစ်တာကို ဘဝလို့ပြောတာ။ လူကောင်နတ်ကောင်ကို ဘဝပြောတာ မဟုတ်ဘူး။ အဲဒီ အတိတ်အကြောင်းထဲမှာပါတဲ့ ဘဝကလည်း ကမ္မဘဝကို ယူရတယ်နော်။ အတိတ်အကြောင်းလို့ ရှိလာလျှင်တော့ ပဋိသန္ဓေ ဝိညာဏ်ကစပြီးတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊

https://www.thitsarparamisociety.com/



ဖဿ၊ ဝေဒနာ၊ လို့ ပစ္စုပ္ပန်အကျိုး ငါးပါးလည်း ပေါ်လာပြန်တယ်။ ဝေဒနာပစ္စယာ တဏှာလို့ ဆိုတဲ့အတိုင်း တဏှာ ဥပါဒါန် ဘဝဆိုတဲ့ အထင်ခံ အကြောင်းခံ သုံးပါး။ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ တိတ်တိတ်ပုန်းအကြောင်း နှစ်ပါး။ အဲဒီလို ပစ္စုပ္ပန် အကြောင်းငါးပါးခံပြန်တယ်။ ပစ္စုပ္ပန်အကြောင်း ရယ်လို့ ရှိပြန်တော့၊ အနာဂတ်ဘဝမှာ အကျိုးပေးပြန်တယ်။ ပေးတော့ ဘယ်လိုပေးမလဲ။ ဇာတိဖြစ်မယ်၊ ဇရာ အိုမယ်၊ မရဏ သေမယ်။ ဘာဖြစ်သလဲ။ ဘာအိုသလဲ။ ဘာသေသလဲ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အဲဒီငါးပါးဖြစ်တာ။ အဲဒီငါးပါး အိုတာ၊ အဲဒီငါးပါး သေတာ၊ အနာဂတ်အကျိုးဖြစ်တဲ့ ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့စကားဟာ အမှန်က ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာကိုဘဲ ပြောတာ။

ဒီတော့ အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါး၊ ပစ္စုပ္ပန်အကြောင်းငါးပါး၊ အနာဂတ်အကျိုးငါးပါး။ "ငါးပါးလေးလီ ကြောင်းကျိုးညီဖြစ်သည် ချင်းရာနှစ်ဆယ်သာ" ဒီလင်္ကာနဲ့ ဒီအဓိပ္ပါယ် မကိုက်ဘူးလား။ ကိုက်ပါတယ်။

ချင်းရာပြီးတော့ အစပ်အလွှာ ကျန်တော့တယ်မဟုတ်လား။ အစပ်အလွှာဆိုသည်မှာ ခြင်းရာ၌သာ သိလေပါတဲ့၊ ကိုင်း...ဘယ်လိုသိမလဲ၊ အတိတ်အကြောင်း ငါးပါးတစ်လွှာ၊ ပစ္စုပ္ပန်အကျိုး ငါးပါးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်း ငါးပါးတစ်လွှာ၊ အနာဂတ်အကျိုး ငါးပါးတစ်လွှာဆိုတော့ ဘယ်နှစ်လွှာရှိသလဲ။ လေးလွှာ။ အဲဒီလေးလွှာ စပ်လိုက်စမ်း။ သုံးစပ်။ဒါကြောင့် အစပ်နဲ့အလွှာကို ချင်းရာနှစ်ဆယ်မှာ သိပါလို့ လင်္ကာက ဆိုတာ။

အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးတစ်စပ်၊ ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်းတစ်စပ်၊ ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကျိုးတစ်စပ်၊ လေးလွှာ၊ သုံးစပ်၊ အစပ်အလွှာ ဆိုသည်မှာ ခြင်းရာ၌သာ သိလေပါ။ ဒီလိုမဟုတ်ဘူးလား။ ခတ်သုတ်သုတ်ဘဲ ဟောရမယ်၊ အချိန်သိပ်မရဘူး။

https://www.thitsarparamisociety.com/



"အဝိဇ္ဇာနဲ့တဏှာတရား ဤနှစ်ပါး မှတ်သားဒွေမူလာ" ဒွေမူလာတော့ လူတိုင်းသိကြပါလိမ့်မယ်။ ဘာဖြစ်လို့လဲ။ ဖိုးစိန်သီချင်းက လူတိုင်းရနေတာကိုး။ အဝိဇ္ဇာနဲ့တဏှာ ဒွေမူလာနဟာမို့၊ တွေးပြီးသာ ကြည့်လိုက်တော့ ဒါကသေချာ၊ ဖိုးစိန်သီချင်းကလေ၊ အဲဒီတော့ ဒွေမူလာနိုက ရပြီးသား ဖြစ်နေတော့ သိကြမှာပေါ့။

ပထမအစပ်က နှစ် ငါးဆိုတော့၊ နှစ်နဲ့ငါးပေါင်း ခုနစ်၊ အဲဒီ ခုနစ်မှာ အဝိဇ္ဇာကမူလ၊ စက်က ပုဗ္ဗန္တဘဝစက်၊ တတိယအစပ်က သုံးနှစ်လို့ဆိုတော့ သုံးနဲ့နှစ်ပေါင်း ငါး။ အဲဒီငါးမှာ တဏှာကမူလ၊ စက်အမည်က အပရန္တဘဝစက်၊ အဲဒီစက်နှစ်စက်မှာ ပထမစက်က အဝိဇ္ဇာမူလ၊ ဒုတိယစက်က တဏှာမူလ၊ အေး...အဲဒါကြောင့် အဝိဇ္ဇာနဲ့တဏှာ တရားကို မူလနှစ်ပါး မှတ်ပါတဲ့။ ဒါ ပဋိစ္စသမုပ္ပါဒ် သရုပ်ခေါ်တယ်။ သင်္ဂြိုလ်မှာ အဲဒီသရုပ်ကိုဘဲ ပြတယ်။ ဒီပြင်ဟာ ဘာမှမပြဘူး။ အင်္ဂါဆယ့်နှစ်ပါး၊ ကာလသုံးပါး၊ ဝဋ်သုံးပါး၊ ချင်းရာနှစ်ဆယ်၊ အစပ်သုံးစပ်၊ အလွှာလေးလွှာ၊ မူလနှစ်ပါး၊ ဒါကို ပဋိစ္စသမုပ္ပါဒ် သရုပ်သကန်ကို နားလည်ပြီးတဲ့နောက်မှ ပဋိစ္စသမုပ္ပါဒ် တရားကိုယ်ကို သွားရတယ်။ သရုပ်မှနားမလည်ဘဲနဲ့ တရားကိုယ်ကိုသွားလို့ အလကားဘဲ။

ပါဠိတော်အလိုက အဝိဇ္ဇာပစ္စယာသင်္ခါရာ သမ္ဘဝန္တိတဲ့။ အနက်ကိုတော့လွယ်လွယ် ဒို့လူစုနားလည်အောင် ပေးမယ်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာအကြောင်းခံကြောင့်။ သင်္ခါရာ၊ ကံ သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဘဝအရင်းအနှီး စုဆောင်းသောအားဖြင့် ဖြစ်ပွား၍ နေကြကုန်၏။ သင်္ခါရဆိုတာ ကံကို ခေါ်တယ်။ ဒို့က သင်္ခါရဆယ့်နှစ်မျိုး ပြခဲ့တယ်။ ကံ သင်္ခါရ၊ ကံ၏အကျိုးသင်္ခါရ၊ ပြုလုပ်မှု သင်္ခါရ၊ ဖြစ်ဖြစ်သမျှသင်္ခါရ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ၊ သင်္ခါရခုနစ်မျိုး ခွဲခြားပြီးပြခဲ့ပြီ မဟုတ်လား။

ဒီတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာမှာပါတဲ့ သင်္ခါရက ကံသင်္ခါရဆိုတာ သိကြပြီးသား မဟုတ်လား။ ဒီတော့ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာအကြောင်းခံ

https://www.thitsarparamisociety.com/



ကြောင့်။ သင်္ခါရာ၊ ကံသင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဘဝအရင်းအနှီး စုဆောင်းသောအားဖြင့် ဖြစ်ပွား၍ နေကြကုန်၏။ ကံသင်္ခါရတွေ ဖြစ်ပွားနေကြတာဟာ နောက်ဘဝ သွားစရာမရှိဘဲနေမှာစိုးလို့ ရိက္ခာယူတဲ့သဘော။ အကုသိုလ်ကံတွေ လုပ်နေကြတာ အဲဒီအကုသိုလ်ကံကြောင့် နောက်ဘယ်ဘဝ သွားမလဲဆိုတော့ အပါယ်ဘဝ သွားရမယ်။ အပါယ်ဘဝသွားဘို့ရာ အကုသိုလ်ကံတွေ စုဆောင်းနေကြတာဘဲ။

ကုသိုလ်ကံတွေ ပြုလုပ်နေကြတာကကော ဘာလုပ်ဖို့။ လူ့ရွာ၊ နတ်ရွာ ကောင်းတဲ့သုဂတိကိုသွားဘို့ ပြုလုပ်စုဆောင်းထားကြတာ...တဲ့။ အေး...ခုလူတွေ သန္တာန်မှာ ကုသိုလ်၊ အကုသိုလ် မျိုးစုံမဖြစ်ဘူးလား။ ဖြစ်ပါတယ်။

ဝေမယံ ပဇာ တန္တာ ကုလကဇာတာ၊ ဂုဠုဂဏ္ဍိတဇာတာ၊
မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

မိစ္ဆာချည်ထွေး၊ စာသိုက်ထွေးနဲ့၊ မျက်ထွေးအတူ၊ သူငါမကြွင်း၊ လေးဘုံဆင်းခါ၊ သံသရာ၌၊ ရှည်ကြာဒုက္ခ၊ ရလေစွတကား။ ကိုင်း...ကိုင်း ရင်ထဲနှလုံးထဲမှာ အကုသိုလ်ပေါင်း မည်၍မည်မျှ ရှိတယ်၊ လောဘအကုသိုလ် ဘယ်လောက်၊ ဒေါသအကုသိုလ် ဘယ်လောက်၊ မောဟအကုသိုလ် ဘယ်လောက်ရှိတယ်လို့ ရှင်းလို့များ ရကြရဲ့လား။ ကုသိုလ်ကော မည်၍မည်မျှ ရှိတယ်လို့ ရှင်းနိုင်ကြရဲ့လား။ ကုသိုလ်တွေ အကုသိုလ်တွေဟာ ယက္ကန်းသည်မ၏ ကြွက်ကိုက်တဲ့ ချည်ထွေးကဲ့သို့ ရှုတ်ထွေးပြီးတော့ ရင်ထဲနှလုံးထဲ မနေကြဘူးလား။ အဲဒီလောက် ရှုတ်ထွေးနေတဲ့ ကံတွေရှိနေတော့ကာ ဒီပုဂ္ဂိုလ်တွေသေလျှင် ကောင်းရာသုဂတိ ကေန်သွားနိုင်မယ်လို့ ဆိုနိုင်ကြပါ့မလား။

မိစ္ဆာချည်ထွေး၊ စာသိုက်ထွေးနဲ့၊ မျက်ထွေးအတူ၊ သူငါမကြွင်း၊ လေးဘုံဆင်းခါ၊ သံသရာ၌၊ ရှည်ကြာဒုက္ခ၊ ခံရလေစွတကားတဲ့။ ရင်ထဲနှလုံးထဲမှာ ရှုတ်ထွေးပွေလီမ်နေတာကို ပြောတာ။ မိစ္ဆာချည်ထွေး၊ စာသိုက်

https://www.thitsarparamisociety.com/



ထွေးကဲ့သို့ လည်းကောင်း၊ ဖြူဆံမျက်ထွေး၊ ပြိုန်းမျက်ထွေးကဲ့သို့ လည်းကောင်း၊ ရင်ထဲနှလုံးထဲမှာ ရှုတ်ထွေးပြီးနေကြတယ်။ ရှင်းလို့မရဘူး။ ဒါကြောင့် အပါယ်ကမတက်ကြရတာ...တဲ့။

ဒီတော့ အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှု အဝိဇ္ဇာအကြောင်းကြောင့်။ သင်္ခါရာ၊ ကံသင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဘဝအရင်းအနှီး စုဆောင်းသောအားဖြင့် ဖြစ်ပွား၍ နေကြကုန်၏။ အဝိဇ္ဇာဆိုတာ ဘာလဲ။ တရားကိုယ်က မောဟ၊ မောဟဆိုတာဘာလဲ၊ မသိမှုနော်။

ဒုက္ခေအညာဏံ
ဒုက္ခသမုဒယေအညာဏံ
ဒုက္ခနိရောဓေအညာဏံ
ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ လို့...

သုတ္တန်နည်းမှာ လေးမျိုးဟောတယ်။ အဘိဓမ္မာနည်းမှာလည်း လေးမျိုးဘဲဟောတာဘဲ။ အဘိဓမ္မာနည်းကတော့ ပုဗ္ဗန္တစသော လေးပါးကို မသိတာ အဝိဇ္ဇာ...တဲ့။ သုတ္တန်နည်းကတော့ ဒုက္ခ၊ သမုဒယ၊ စသည်ကို မသိတာ အဝိဇ္ဇာတဲ့။ နှစ်ခုပေါင်းလိုက်တော့ ရှစ်မျိုး။

သို့ပေမယ်လို့ ယခုဟောတာက သုတ္တန်နည်း ဖြစ်တယ်။ ဒါကြောင့် သုတ္တန်နည်းလေးမျိုးဘဲ မှတ်ကြပေါ့နော်။ ဆင်းရဲအမှန်မသိတာ မောဟ။ ဆင်းရဲဖြစ်ကြောင်းမသိတာ မောဟ။ ဆင်းရဲချုပ်ငြိမ်းရာကိုမသိတာ မောဟ။ အဲဒီလေးပါးကို ဘာဇာ၊ အဝိဇ္ဇာပါဘုရား။ အေး...အဲဒီ မောဟ လေးပါးကို အဝိဇ္ဇာ ခေါ်တယ်။

ကိုင်း...ဒို့လူစု ဆင်းရဲသိကြရဲ့လား။ သိပါတယ်ပြောမပေါ့။ စိတ်မချမ်းသာတဲ့ ဆင်းရဲ၊ ကိုယ်မချမ်းသာတဲ့ ဆင်းရဲ၊ စိတ်အလိုမကျတဲ့ ဆင်းရဲ၊ ဇာတ်ထုတ်လဲပါလျှက်နဲ့ သွားကြည့်စရာ ပိုက်ဆံမရှိတဲ့ ဆင်းရဲ၊ အမျိုးမျိုးတွေ ရှိမှာပေါ့။ ဒီဆင်းရဲတွေ ဆင်းရဲထင် မနေကြဘူးလား။ ထင်နေ

https://www.thitsarparamisociety.com/



တယ်။ နိုင်ငံရေးသမားကလည်း မဲဆွယ်မရတဲ့ဆင်းရဲ ရှိကြမှာပေါ့၊ မရှိနိုင်ဘူးလား။ ကိုယ်အလိုမကျတာ ဆင်းရဲချည်းပေါ့။

ဟိုက ဆင်းရဲအမှန်လို့ ဆိုထားတယ်လေ။ အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ အဟာတမ၊ မှောင်ကြီးကျ၍၊ အမှန်လေးချက်တဲ့။ အမှန်ဆိုတာ ဘာလဲ။ အမှားမဟုတ်တာ။ ယခု ထင်နေကြတဲ့ ဆင်းရဲတွေဟာ ဆင်းရဲအမှားတွေ။ ပညတ်နယ်က။ ဟိုကဆိုတဲ့ ဆင်းရဲက သဘာဝသက်သက် ပရမတ်နယ်ထဲကဆင်းရဲလို့ ဆိုတာ အကောင်အထည် မရှိဘူး။ ယခုဆင်းရဲနေကြတာက ငါဆင်းရဲတယ်၊ သူဆင်းရဲတယ်၊ ဘယ်သူဆင်းရဲတယ်၊ ဘယ်ဝါဆင်းရဲတယ်၊ စသည်ဖြင့် အကောင်အထည်နဲ့ ဆင်းရဲမနေကြဘူးလား။ အကောင်အထည်နဲ့ ဆင်းရဲတာ ဆင်းရဲအမှန်မဟုတ်ဘူး။ သဘာဝသက်သက် ဆင်းရဲမှ ဆင်းရဲအမှန်ဖြစ်တယ်။

ဆင်းရဲအမှန်ဆိုတော့ ရုပ်နဲ့နာမ်ဘဲ ရှိတယ်တဲ့။ သွင်မတူပြောင်းလဲ၊ ဖြူမဲပိန်ထွား၊ ချိုခါးမွှေးနံ၊ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်သော သဘောသည် ရုပ်။ ဒီတော့ ဒို့ကရုပ်ကို မသုံးဘူးဟေ့၊ ဘယ်လိုသုံးသလဲ။ (အမျိုးမျိုး ပြောင်းလွဲနေတဲ့သဘော) ပူတမျိုး၊ အေးတမျိုး၊ စားရတမျိုး၊ မစားရတမျိုး၊ ဝမ်းသာတမျိုး၊ ဝမ်းနည်းတမျိုး၊ ဒီခန္ဓာကောင်ကြီးမှာ အမျိုးမျိုး ပြောင်းလွဲနေတာတွေ မတွေ့ဘူးလား၊ တွေ့ပါတယ်။ အဲဒီလို အမျိုးမျိုး ပြောင်းလွဲနေတဲ့ သဘောကို သိစမ်းပါ။ ရုပ်ကိုသုံးလိုက်လျှင် နဂိုသိနေတာက ဒီအကောင်ကြီးရုပ်ကို သိနေကြတော့ ဒီအကောင်ကြီးပေါ် ရောက်သွားမှာစိုးလို့ အဲဒီ အကောင်ကြီးအတွင်း၌ အမျိုးမျိုး အဖုံဖုံ ပြောင်းလွဲနေတဲ့ သဘောတွေ ဘာလဲ၊ ရုပ်။

ဒီတော့ ခန္ဓာကိုယ်ထဲမှာ စိုက်ကြည့်ကြစမ်းပါ။ ဝမ်းသာတမျိုး၊ ဝမ်းနည်းတမျိုး၊ ပူတမျိုး၊ အေးတမျိုး၊ စားရတမျိုး၊ မစားရတမျိုး၊ စိတ်အလိုကျတမျိုး၊ စိတ်အလိုမကျတမျိုး၊ ဒီခန္ဓာကိုယ်ကြီး အမျိုးမျိုး ပြောင်းလွဲနေတာ မတွေ့ကြဘူးလား။ တွေ့ပါတယ်။ အဲဒီ ခန္ဓာကိုယ်ကြီး အမျိုးမျိုး

https://www.thitsarparamisociety.com/



ပြောင်းလွဲတာဟာ ရုပ်။ ကိုင်း...ဒီလူတွေဟာ ရုပ်မသိဘူးလား၊ သိပါပြီ။ အဲဒီအမျိုးမျိုးပြောင်းလွဲတဲ့ ရုပ်တွေသည်သာလျှင် ဆင်းရဲအမှန်။ သူကောင်၊ ငါကောင်၊ သတ္တဝါကောင်က ဆင်းရဲအမှန်မဟုတ်ဘူး။ သူကောင်,ငါကောင် သတ္တဝါကောင်က ပညတ်နယ်က ဆင်းရဲနော်။

အမျိုးမျိုး ပြောင်းလွဲနေတဲ့ သဘောသာလျှင် ရုပ်။ အဲဒီ ရုပ်သာလျှင် ဆင်းရဲအမှန်၊ ဒုက္ခသစ္စာ ဒီလိုမဟုတ်လား။

အာရုံကို မျှော်လင့်တောင့်တလျက်၊ အာရုံဆီသို့ ညွတ်ကိုင်းနေသောသဘောက နာမ်။ ကိုယ့်ဟာကိုယ်လည်း စဉ်းစားကြည့်ကြစမ်းပါ။ မိမိစိတ်ဟာ ဘယ်ကိုညွတ်နေသလဲ၊ မိမိစိတ်ဟာ ဘယ်သွားနေသလဲ။ စိတ်ဟာ ဘယ်ရောက်နေတယ်၊ ဘယ်ညွတ်နေတယ်ဆိုတာ မသိဘူးလား။ သိပါတယ်။ ဟော...ဘိုင်စကုတ် ဝါသနာပါတဲ့လူက ကားသစ်လဲတာ စိတ်ညွတ်မနေဘူးလား။ ပွဲဝါသနာပါတဲ့လူက ဘယ်တော့ ပွဲလာပါ့မယ်လို့ ညွတ်မနေဘူးလား။ အေး...တရားနာဝါသနာပါတဲ့လူက တရားပွဲ စိတ်မညွတ်ဘူးလား။ ဥပုသ်စောင့်ဝါသနာပါတဲ့လူက ဥပုသ်နေ့ကို စိတ်မညွတ်ဘူးလား။ ညွတ်ပါတယ်။ တရားအားထုတ်ဖို့ဝါသနာပါတဲ့လူက တရားအားထုတ်ဖို့ စိတ်မညွတ်ဘူးလား။ ညွတ်ပါတယ်။

ဒီတော့ ကောင်းတာ ဆိုးတာအမျိုးမျိုး မျှော်လင့်တောင့်တချက်ကို ညွတ်တယ်လို့ သုံးတာ။ စိတ်ဆိုတာ အာရုံနဲ့ကင်းလို့ မဖြစ်ပါဘူး။ အာရမ္မဏ ပစ္စယော၊ တောင်ဝှေးကြိုးတန်း လူမစွမ်းကို၊ မပန်းရလေ၊ ထိုင်ထစေသို့၊ စိတ်ကလေးတန် နာမက္ခန်ကို ဖြစ်ဟန်တူစွာ၊ ရှစ်တကာတွင်၊ ဆွဲငင်ထောက်ရာ အာရုံ၏ အဖြစ်တည်း ဟူသော အာရမ္မဏ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံခြောက်ပါး ဟုတ်လား။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောဆိုတဲ့ အဲဒီအာရုံခြောက်ပါးဟာ တောင်ဝှေး ကြိုးတန်း၊ သူမစွမ်းကို မပန်းရလေ ထိုင်ထစေသို့တဲ့။ အားမရှိတဲ့ လူမမာဟာ ကြိုးတန်းကိုင်ပြီးတော့ လမ်းလျှောက်ရတယ်။ တောင်ဝှေးတို့ ကြိုးတန်းတို့ဟာ လူမမာရဲ့ ထောက်ရာ၊ တည်ရာ ဆွဲကိုင်ရာ မဟုတ်လား။ တောင်ဝှေးတို့ ကြိုးတန်းတို့ဟာ လူမမာရဲ့ ထောက်တည်ရာ

https://www.thitsarparamisociety.com/



ဆွဲကိုင်ရာ ဖြစ်ဘိသကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော ဆိုတဲ့ အာရုံတွေဟာ စိတ်စေတသိက်တို့ရဲ့ ထောက်ရာ၊ တည်ရာ၊ ဆွဲကိုင်ရာ ဖြစ်တယ်။

ဒီတော့ စိတ်စေတသိက်ဆိုတဲ့ တရားဟာ အာရုံကို အမြဲမျှော်လင့်ပြီးတော့ နေရမယ်။ အာရုံကို အမြဲတောင့်တပြီးတော့ နေရမယ်၊ အာရုံကို မျှော်လင့်တောင့်တ၍ နေခြင်းကိုပင် ညွတ်တယ်လို့ ခေါ်တယ်။ ဒီတော့ အာရုံဆီသို့ ညွတ်ကိုင်း၍ နေတဲ့သဘောတွေဟာ နာမ်။ အဲဒီ နာမ်တွေကော မိမိကိုယ်ထဲမှ မရှိဘူးလား။ တခြားသွားရှာရအုံးမလား။ ရှိပါတယ်။ ဒီတော့ ရုပ်နဲ့နာမ်ကို ဘာကနေ ခွဲမလဲဆိုတော့ ခန္ဓာငါးပါးကနေ ခွဲ။

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏ်က္ခန္ဓာ၊ ခန္ဓာဘယ်နှစ်ပါး။ ငါးပါး။ ခန္ဓာမထည့်ချင်လည်း ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ တိုတိုဆိုပါတော့။ ဒီတော့ ရုပ်ကဘာလဲ။ မြေ–ရေ–လေ–မီး၊ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်ဟာ ရုပ်ပေါ့။

မြေဆိုတာ ဘာလဲ။ လူတွေလမ်းလျှောက်တဲ့၊ လူတွေအိမ်ဆောက်တဲ့၊ သစ်ပင်တွေ ပေါက်နေတဲ့ မြေကိုသာ မြေမှန်းသိကြတယ်။ ဒါပညတ်မြေခေါ်တယ်။ ပရမတ်မြေ မဟုတ်ဘူး။ ပရမတ်ဆိုတာ လက်နဲ့ကိုင်လို့ ရတဲ့သဘော၊ လက်နဲ့ကိုင်ကြည့်လိုက်တော့ မာမာကလေး၊ ပျော့ပျော့ကလေး၊ နုနုညံ့ညံ့ကလေး၊ ကြမ်းကြမ်းတမ်းတမ်းကလေး၊ မတွေ့ဘူးလား။ တွေ့ပါတယ်။ အဲဒီသဘောဟာ အကောင်အထည် သဏ္ဌာန် ဒြပ်မရှိဘူး။ အဲဒါကို မြေ ခေါ်တယ်။ တိုင်ကိုကိုင်ကြည့်၊ သစ်ပင်ကို ကိုင်ကြည့်၊ လူ့အသားကို ကိုင်ကြည့်၊ စားပွဲ၊ ကုလားထိုင်ကို ကိုင်ကြည့်၊ ကြမ်းကြမ်းကလေး၊ နုနုကလေး၊ မာမာကလေး၊ ပျော့ပျော့ကလေးဆိုတဲ့ အတွေ့အမျိုးမျိုး။

မြေဓာတ်သည် သတ္တဝါသန္တာန်မှာ အလွန်ထင်ရှားပါတယ်။ ကိုင်ကြည့်လို့ ပူပူအေးအေးကလေး တွေ့လျှင်တော့ မီးဓာတ်ကိုမှတ်။ ဒါကြောင့် လက်ာက ခက်မာဖွဲ့စေး၊ ပူနွေးထောက်ကန်၊ ဤလေးတန် မှတ်ရန်လက္ခ

https://www.thitsarparamisociety.com/



ဏာတဲ့။ လက်နဲ့ကိုင်ကြည့်လို့ တွေ့တဲ့သဘောကို ခက်မာခြင်းသဘော ခေါ်တယ်။ ဒါမြေဓာတ်။ ဖွဲ့စေးတယ်ဆိုတာက တစ်စုံတစ်ခု အမှုန်နဲ့ရေနဲ့ ရောပြီး နယ်လိုက်တဲ့အခါကျတော့ကာ ရေကဖွဲ့စည်းထားသောကြောင့် အလုံးအခဲ ဖြစ်သွားတယ်။ ဒီအမှုန်အခဲ ဖြစ်ခြင်းဟာ ဘာကြောင့်ဖြစ်သလဲ။ ရေဖွဲ့စည်းလို့။ အဲဒီဖွဲ့စေးခြင်းသဘောကို ရေဓာတ်လို့မှတ်။ စမ်းကြည့်လို့ တွေ့တဲ့ပူခြင်း၊ နွေးခြင်း သဘောကိုတော့ မီးဓာတ်လို့မှတ်။ တွန်းကန်ခြင်း သဘောဆိုတာကတော့ ယခုထိုင်နေနိုင်တာ မတ်တတ်ရပ်နေနိုင်တာဟာ လေတွန်းကန်ထားလို့ နေနိုင်တာ။ ဒါကြောင့် တွန်းကန်ခြင်းသဘောကိုတော့ လေဓာတ်လို့ မှတ်။ အဲဒီမြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်၊ တို့ဟာ အကြမ်းဖျင်းအားဖြင့် ရုပ်။

မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်တို့၏ ပြောင်းလဲမှုတွေဟာ ရုပ်တရား။

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် အဲဒါ နာမ်တရား။ ခံစားမှု ဝေဒနာ၊ မှတ်သားမှု သညာ၊ စေ့ဆော်မှု စေတနာ၊ သိမှုဝိညာဏ် ဆိုတဲ့ တရားများဟာ အာရုံနဲ့ကင်းလို့ မဖြစ်နိုင်ဘူး။ အဲဒီလို အာရုံနဲ့ကင်းလို့ မဖြစ်နိုင်သောကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့တရားသည် အာရုံရှိရာသို့ အမြဲကိုင်းညွတ်ပြီးနေရတယ်။ အာရုံကို အမြဲမျှော်လင့်တောင့်တပြီး နေရတယ်။

ဒီတော့ ခန္ဓာငါးပါးကို ရုပ်နာမ်ခွဲလိုက်လျှင် ရူပက္ခန္ဓာက **(ရုပ်)**။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာလေးပါးက **(နာမ်)**။ ဒီတော့ ရုပ်နာမ်နှစ်ပါးဘဲ မဟုတ်လား။ ဒီရုပ်နာမ်နှစ်ပါးကလွဲလို့ ဆင်းရဲအစစ် ဆင်းရဲအမှန် မရှိဘူးတဲ့။ ဒီရုပ် နာမ်သာလျှင် ဆင်းရဲစစ် ဆင်းရဲမှန်။ ဒီတော့ ဆင်းရဲစစ်၊ ဆင်းရဲမှန်ကို သိချင်ကြလို့ရှိလျှင် ရုပ်နာမ်နှစ်ပါးကို သိအောင် လုပ်ပေါ့။

https://www.thitsarparamisociety.com/



အာယတန ဆ့ယ်နှစ်ပါးလည်း ဒုက္ခသစ္စာ ရုပ်နာမ်ဘဲ၊ ဓာတ်တစ်ဆယ့်ရှစ်ပါးလည်း ဒုက္ခသစ္စာ ရုပ်နာမ်ဘဲ၊ ယထာလာဘနည်းနဲ့ယူပါ။ လောကီဣန္ဒြေတစ်ဆယ်ကိုးပါးလည်း ဒုက္ခသစ္စာ ရုပ်နဲ့နာမ်ဘဲ။ ပဋိစ္စသမုပ္ပါဒ်ဆယ့် နှစ်ပါးလည်း ဒုက္ခသစ္စာ ရုပ်နဲ့နာမ်ဘဲ၊ ဒီတော့ ဒုက္ခသစ္စာတွေ မများဘူးလား၊ များပါတယ်။ ဒုက္ခသစ္စာကို အမှန်သိချင်လျှင် ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အဲဒီတရားတွေကို သိအောင်လုပ်၊ ဒီတရားတွေသိလျှင် ဒုက္ခသစ္စာ သိတာဘဲ၊ ဒီတရားတွေ မသိလျှင် ဒုက္ခသစ္စာ အမှားဘဲ သိမှာဘဲ။ ဒီလိုမဟုတ်လား။

အဲဒီ ရုပ်နာမ်ဆိုတဲ့ ဒုက္ခဟာ ဘာကြောင့်ဖြစ်သလဲလို့ အကြောင်းရင်း လိုက်ပြန်တော့ကာ တစ်ပါးသော ဒေသနာနည်းအားဖြင့် ဘဝတဏှာကို အကြောင်းရင်းခေါ်တယ်။ ဘဝတစ်ခုကို အပြစ်မမြင်အောင် အဝိဇ္ဇာက ဖုံးလိုက်တယ်။ ဘဝတစ်ခုကို အပြစ်မမြင်အောင် အဝိဇ္ဇာကဖုံးလိုက်တော့ တဏှာနှစ်သက်တယ်။ ဒီဘဝကိုလိုချင်လှချည်ရဲ့လို့ တဏှာကနှစ်သက်တော့မှ ကံက ကိုင်း...မင်းလိုချင် ယူပေတော့လို့ အကျိုးပေးတာကိုး။ အဝိဇ္ဇာကဖုံးလွှမ်းလို့ တဏှာက နှစ်သက်တယ်။ တဏှာက နှစ်သက်လို့ ကံကအကျိုးပေးတယ်။

ဒီတော့ ရုပ်နာမ် ဖြစ်ခြင်းဟာ ဘယ်သူကြောင့်လည်းဆိုတော့ တဏှာကြောင့်။ ဒါကြောင့်တဏှာကို ဒုက္ခဖြစ်ကြောင်းလို့ဆိုတာ။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအားဖြင့် ကိလေသာ ကံဟူသရွေ့ သမုဒယသစ္စာ။ ဝိပါက် ဟူသရွေ့ ဒုက္ခသစ္စာ၊ အဲဒီလိုမှတ်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းနဲ့ဆိုတဲ့ ဒုက္ခသစ္စာကတခြား၊ တပါးသော ဒေသနာတော်နည်းနဲ့ဆိုတဲ့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာက တခြား၊ တချို့စာပေတော်တော်လိုက်စားတဲ့ ပုဂ္ဂိုလ်တောင်မှ သစ္စာဖွဲ့နည်းကို သိပုံမရဘူး။ စာစောင်တစ်ခုမှာ ငါတခါတွေ့တယ်။ သမုဒယကြောင့် သမုဒယဖြစ်တယ်။ ဒုက္ခကြောင့် ဒုက္ခဖြစ်တယ်ဆိုတာ ဘယ်စာက ဆိုပါသလဲ။ ပညာရှင်တို့ ဖြေကြစမ်းပါတဲ့။ ဒီတော့

https://www.thitsarparamisociety.com/



ဒီလူဟာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၊ သစ္စာဖွဲ့နည်း နားလည်ပုံမရဘူးလို့ ငါ့စိတ်ထဲက အောက်မေ့လိုက်တယ်။

သစ္စပ္ပဘာဝတော ကိစ္စာ၊ ဝါရဏာ ဉပမာဟိစ၊
ဂမ္ဘီရနယဘေဒါစ၊ ဆဓာ ဝိနိစ္ဆယော မတော။

လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဝိနိစ္ဆယ ခြောက်ပါးရှိတယ်။ အကျယ်တော့ ဟောမနေပါရစေနဲ့၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ သစ္စပ္ပဘာဝ ဆိုတာရှိတယ်။ သမုဒယကြောင့် သမုဒယဖြစ်တယ်၊ သမုဒယကြောင့် ဒုက္ခဖြစ်တယ်၊ ဒုက္ခကြောင့် ဒုက္ခဖြစ်တယ်၊ ဒုက္ခကြောင့် သမုဒယဖြစ်တယ်လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဒီလိုဟောတာရှိတယ်၊ အဲဒါ အထူးဘဲလို့သာ မှတ်ပါတော့။

ကိုင်း... အဝိဇ္ဇာကကိလေသာ၊ သင်္ခါရက ကံ၊ အဝိဇ္ဇာကိလေသာလည်း သမုဒယဘဲ၊ ကံ သင်္ခါရလည်း သမုဒယဘဲ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတော့ သမုဒယကြောင့် သမုဒယဖြစ်တယ်လို့ မှတ်ရမယ်။ သင်္ခါရပစ္စယာ ဝိညာဏ်ကျတော့ သင်္ခါရက ကံ၊ သမုဒယသစ္စာ ဝိညာဏ်က ဝိပါက်၊ ဒုက္ခသစ္စာ ဖြစ်ခြင်းကြောင့် သမုဒယကြောင့် ဒုက္ခဖြစ်တာလို့ မှတ်ရမယ်။ ဝိပါက်ကို ဒုက္ခခေါ်ထားတာကိုး။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ အဲဒီဝိပါက်တရားတွေဖြစ်တာကျတော့ ဒုက္ခကြောင့် ဒုက္ခဖြစ်တာချည်းဘဲ။ ဝေဒနာကြောင့် တဏှာဖြစ်တော့ ဒုက္ခကြောင့်သမုဒယဖြစ်တာ၊ ဝိပါကဝဋ်က ဒုက္ခ၊ ကိလေသာဝဋ်က သမုဒယကိုး။

ဒီတော့ သမုဒယကြောင့် သမုဒယဖြစ်၊ သမုဒယကြောင့် ဒုက္ခဖြစ်၊ ဒုက္ခကြောင့် ဒုက္ခဖြစ်၊ ဒုက္ခကြောင့် သမုဒယဖြစ်တယ်လို့ ဒီလိုအမျိုးမျိုး အဖုံဖုံ သိရမယ်ဆိုတဲ့ စကားဟာ ပဋိစ္စသမုပ္ပါဒ်ကလာတာ။ တခြားသော ဒေသနာမှာတော့ ရုပ်နာမ်ဒုက္ခ၏အကြောင်းရင်းကား၊ တဏှာလောဘ သမုဒယနော်။ အေး...ဝိနိစ္ဆယ ခြောက်ပါးကို ဒီကနေ့တော့ အကျယ်တဝင့် မဟောအားတော့ပါဘူး။ အဲဒီအစကလေးလောက်ဘဲ။

https://www.thitsarparamisociety.com/



ရုပ်နာမ်သည် ဒုက္ခအမှန်၊ တဏှာသည် သမုဒယအမှန်၊ ဘာဖြစ်လို့လဲ။ လောဘတဏှာက ရုပ်နာမ်ကို လိုချင်တာကိုး။ ရုပ်နာမ်ကိုလိုချင်သောကြောင့် လောဘတဏှာဟာ သမုဒယအမှန်ပေါ့။

နိရောဓကျတော့ နိဗ္ဗာန်လို့ ဆိုထားတာကိုး။ ဝါနတော နိက္ခန္တံ နိဗ္ဗာနံ။ ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်တည်း။ နိဗ္ဗာနံ၊ တဏှာမှထွက်မြောက်ရာ နိဗ္ဗာန်ဆိုတဲ့တရားဟာ တဏှာမလိုက်နိုင်ဘူး။ တဏှာမှ ကင်းလွတ်သွားပြီ၊ တဏှာမှ လွတ်မြောက်သွားပြီ။ တဏှာမှကင်းလွတ်၍ တဏှာမှ လွတ်မြောက်သွားတော့ကာ၊ တဏှာကြောင့်ဖြစ်တဲ့ရုပ်နာမ် ဒုက္ခကော ရှိနိုင်ပါအုံးမလား။ မရှိနိုင်တော့ပါဘူး။ နတ္ထိရောဓော ဝတ္တတီတိ နိရောဓော၊ တွေ၊ ဤနိဗ္ဗာန်တရား၌။ ရောဓော၊ရုပ်နာမ်ဆိုတဲ့ ဒုက္ခတရားသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ နိရောဓော၊ နိရောဓမည်၏။ ဒုက္ခမရှိရာဖြစ်သောကြောင့် နိရောဓ။ စင်စစ်တော့ သမုဒယရော၊ ဒုက္ခရော နှစ်ပါးစလုံးမရှိတာ သမုဒယဆိုတဲ့တဏှာက ကင်းပြတ်သွားတော့ ဒီတဏှာရဲ့အကျိုးဖြစ်တဲ့ ရုပ်နာမ်ဒုက္ခ ပေါ်နိုင်ပါအုံးမလား၊ မပေါ်နိုင်ဘူး။ မပေါ်နိုင်လျှင် မရှိဘူးပေါ့။

အေး...ဒါကြောင့် ဒုက္ခ၊ သမုဒယ၊ နှစ်ပါးကင်းပြတ်ရာသည် နိရောဓသစ္စာအမှန်။ ဒီတော့ တဏှာကို ကင်းပြတ်အောင်လုပ်၊ တဏှာကင်းပြတ်လို့ရှိလျှင်ဖြင့် တဏှာနဲ့အပေါင်းပါ ဖြစ်တဲ့ အဝိဇ္ဇာတို့ ဥပါဒါန်တို့လည်း မခံနိုင်တော့ဘူး။ အဲဒီလို မခံနိုင်လို့ တဏှာ၊ အဝိဇ္ဇာ၊ ဥပါဒါန်ဆိုတဲ့ ကိလေသာတွေ ကုန်သွားလျှင် ၎င်းကိလေသာကို မှီနေတဲ့ ကံလည်း မရှိနိုင်တော့ပါဘူး။ ကိလေသာလည်းမရှိ၊ ကံလည်းမရှိလျှင် ဒီရုပ်နာမ်ဒုက္ခ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် " မြရိပ်ဝေဝေ၊ ပလ္လင်ဘွေကာ၊ ကမ္မက္ခယံ၊ မဂ်လေးတန်ဖြင့်၊ သသမ္ဘာရုပ်၊ ကမ္မဝဋ္ဋ်ကို ပယ်ဖြတ်ဖျက်ဆီး၊ အောင်မြင်ပြီးရကား၊ ဘဝသံသရာ နာနာဂတိတို့၌ သွားလာဖြစ်ခြင်း ရှိတော်မမူသော မြတ်စွာဘုရားဆိုတဲ့ အရဟံဂုဏ်တော်မှာ"...

https://www.thitsarparamisociety.com/



အရဟတ္တမဂ်ဉာဏ် ထိုကံကို ကုန်စေတတ်သောကြောင့် ကမ္မက္ခယ လို့ခေါ်တယ်။ တခြားသောနေရာမှာတော့ မဂ်ဉာဏ်ဟာ ကိလေသာကို သတ်တယ်လို့ ဆိုတယ်။ အရဟတ္တမဂ်ဉာဏ်က ကံကိုကုန်စေတတ်တော့ကာ ကံရဲ့အကြောင်းဖြစ်တဲ့ ရုပ်နာမ်ဒုက္ခ ပေါ်နိုင်ပါအုံးမလား။ မပေါ်နိုင်ဘူး။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအားဖြင့် ကိလေသာလည်း သမုဒယသစ္စာ၊ ကံလည်း သမုဒယသစ္စာ၊ အေး…ကိလေသာ ကံ ဟူသော သမုဒယနှစ်ပါးကုန်သွားလျှင် ဒုက္ခသစ္စာဖြစ်တဲ့ ရုပ်နာမ်မလာနိုင်တော့ဘူး။ ဒါကြောင့် ဒုက္ခ၊ သမုဒယနှစ်ပါးတို့၏ချုပ်ငြိမ်းရာသည် နိရောဓသစ္စာအမှန်။ ၎င်းနိရောဓသစ္စာသို့ ရောက်ကြောင်းဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာသည် မဂ္ဂသစ္စာအမှန်။

ဒုက္ခာဒီသု အညာဏေန၊ အာရဘေ ဒုက္ခ ဟေတဝေါ။

ဒုက္ခာဒီသု၊ ဒုက္ခ သမုဒယနှစ်ပါးတို့၌။ အညာဏေန၊ မသိသော မောဟကြောင့်။ ဒုက္ခဟေတဝေါ၊ ဒုက္ခ၏အကြောင်းတရားတို့ကို။ အာရဘေ၊ အားထုတ်၍ နေကြ၏။ ဒုက္ခအမှန်ကို မသိသောကြောင့်၊ သမုဒယအမှန်ကို မသိခြင်းကြောင့် ဒုက္ခ၏အကြောင်းဖြစ်တဲ့ ကံတွေ ပြုလုပ်အားထုတ်နေကြတာ။

ယခုကုသိုလ်တွေ အကုသိုလ်တွေ တွေ့ကရ မြင်ကရ ဘာဖြစ်လို့ လုပ်နေကြသလဲလို့ အကြောင်းရင်းရှာလိုက်တော့ ဒုက္ခ,သမုဒယမသိလို့တဲ့။

နိရောဓာဒိ အညာဏေန၊ ယညာအမတပါဓိကေ။

နိရောဓာဒိ အညာဏေန၊ နိရောဓသစ္စာ မဂ္ဂသစ္စာနှစ်ပါးကို မသိခြင်းကြောင့်။ ယညာ အမတပါဓိကေ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဟုမှတ် များစွာသတ်၍ ယဇ်နတ်ပူဇော်ခြင်းနှင့် မသေဘို့ဌာ စောစွာကျင့်

https://www.thitsarparamisociety.com/



ခြင်း ဆိုတဲ့ အကျင့်တို့ကို။ အာရဘော၊ အားထုတ်၍ နေကြ၏။ နိရောဓ အမှန် မဂ္ဂအမှန်ကို မသိခြင်းကြောင့် ဟို...ရှေးရှေးက သတ္တဝါတွေ သတ် ပြီးတော့ ယဇ်ပူဇော်တယ်။ နတ်တင်တယ်။ သူတို့အလိုက ဒါနိဗ္ဗာန်ရောက် ကြောင်းတဲ့။အေး...ဒါဘာတုန်း။ နိရောဓအမှန်၊ မဂ္ဂအမှန် မသိခြင်းကြောင့် လုပ်နေတာ။ အမတပါမိကော၊ မသေဘို့ရာ ခဲခဲယဉ်းယဉ်းကျင့်တယ်။ တ နည်းအားဖြင့် မသေနိုင်တဲ့ နတ်ဖြစ်အောင် ကျင့်တယ်။

ဒီတော့ နိရောဓသစ္စာ၊ မဂ္ဂသစ္စာနှစ်ပါးကို မသိခြင်းကြောင့် ဖောက်ဖောက်ပြန်ပြန် အကျင့်အမျိုးမျိုး လွဲနေကြတယ်လို့ ဆိုလိုတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးကို မသိခြင်းကြောင့် ဒုက္ခရောက်ကြောင်း တွေ လုပ်နေကြတယ်။ ရည်ရွယ်ချက်ကတော့ ကောင်းပါရဲ့။ နိဗ္ဗာန်ရဘို့ ဘဲ။ သို့ပေမယ်လို့ အလုပ်ကမှားနေတယ်။ ဟို...တလောက ဟောခဲ့တဲ့ သီလဗ္ဗတပရာမာသ ဆိုတဲ့ ဂေါသီလ၊ ဂေါဝတ အကျင့်လေ။ နွားလိုကျင့် တယ်။ ခွေးလိုကျင့်တယ်။ နွားလိုခွေးလို့ အဆင်းရဲခံပြီးကျင့်ခဲ့သည်ရှိသော် နောက်နောက်က ပြခဲ့တဲ့ အကုသိုလ်တွေလဲကုန်ရော၊ ရှေ့လဲ အကုသိုလ် မဖြစ်တော့ဘူးတဲ့။ ဒီလိုနွားလို၊ ခွေးလိုကျင့်တဲ့ သီလဗ္ဗတပရာမာသ အ ကျင့်ဆိုတာ ရှိတယ်။ အဲဒီအကျင့်မျိုးတွေကို မဂ္ဂသစ္စာအမှန်သိလျှင် မကျင့် တော့ဘူး။

အဲဒီနေရာမှာ နဲနဲကလေး သတိထားကြပါ။ မဂ္ဂသစ္စာ၊ အမှန်က သီလ၊ သမာဓိ၊ ပညာ လို့ဆိုတော့ နိဗ္ဗာန်ရောက်ကြောင်းတရားမှာ သီလ အရင်းခံ ဖြစ်တယ်။ သီလအရင်းခံ ဖြစ်ပါလျှက်ကနဲ့ ခုလုပ်နေကြတဲ့အလုပ် တွေဟာ သီလ မလုံလောက်ကြဘူး။ သီလမလုံလောက်ဘဲနဲ့ သမာဓိလုပ် တယ်။ ပညာလုပ်တယ်။ "သီလ"ကတော့ အောက်ခြေလွတ်နေကြတယ်။ သီလက အောက်ကမရှိဘူး။ ခုလုပ်ထုံးတွေမှာ အများအားဖြင့် တွေ့ရတာ ပြောပါတယ်။

https://www.thitsarparamisociety.com/



ဝိပဿနာလမ်းတဲ့။ သက္ကာယဒိဋ္ဌိကွာအောင် ဟောပုံကလေ။ မျက်စိ၊ အဆင်း၊ မြင်ခြင်း သုံးမျိုးထဲမှာ မျက်စိက မြင်ခြင်းမပေါ်ဘူးလား။ ပေါ်ပါတယ်။ ဒီမျက်စိက မြင်ခြင်းပေါ်တာဟာ မျက်စိအကြည်ရယ်၊ ရူပါရုံရယ်၊ အာလောကရယ်၊ မနသိကာရရယ်၊ ဒီအကြောင်းလေးပါးနဲ့ကင်းလို့ မျက်စိမြင်ခြင်း ပေါ်နိုင်ပါ့မလား။ မပေါ်နိုင်ဘူး။ ဒါဖြင့် မျက်စိရယ်၊ အဆင်းရယ်၊ အလင်းရယ်၊ မနသိကာရယ်၊ ဒီအကြောင်းလေးပါးမှာ မြင်ခြင်းပါသလား၊ မပါဘူး။ ဒီအကြောင်းလေးပါး ဆုံမိမှသာလျှင် မြင်ခြင်းပေါ်လာတယ်။ ဒီတော့ မြင်ခြင်းကို ဒီလိုသိလျှင် အနတ္တ မဆိုက်ဘူးလား၊ ဆိုက်ပါတယ်ဘုရား။ ဆိုက်လျှင် အတ္တနဲ့အတ္တနိယ ရှိအုံးမလား။ မရှိပါဘုရား။

သမထကလည်း ဒီလိုဘဲ။ အောက်ခြေလွတ်တဲ့သမထ လုပ်လျှင် ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်မှာဘဲ။ လုပ်ရမှာက ဣန္ဒြိယ သံဝရသီလခေါ်တဲ့ အခြေခံ"**သတိ**"ကို လုပ်ရမှာ။ **သတိ**မလုပ်ဘဲ သမာဓိကျော်လုပ်နေရော။ အဲဒီတော့ အောက်ခြေလွတ်ပြီး ဖောက်ပြန်ကြတော့တာပေါ့။

ဩော်...အပေါ်ကတော့ မောင့်ကျက်သရေ ခေါင်းပေါင်းကြီးနဲ့။ ရင်ဖုံးအင်္ကျီနဲ့၊ အောက်ကတော့ ပုဆိုးမပါဘူး။ ကိုးလိုးကန့်လန့်ကြီး။ ခုလုပ်နေကြပုံကလေ။ အဲဒီလို ဖြစ်နေတယ်။

ဒီတော့ သီလ သမာဓိ ပညာ ဆိုတဲ့တရားသုံးပါးဟာ "သီလ" အခြေတည်ပြီးတော့ လုပ်ကြစမ်းပါနော်။ သီလကလည်း နားလည်ဖို့မလွယ်ဘူး။ မင်းတို့က စောင့်ရှောက်ထိန်းသိမ်းတဲ့ သိက္ခာပုဒ်ကို သီလ မှတ်နေကြတာ။ ကိုင်း...မမှတ်ကြဘူးလား။ အမှန်ကတော့ စောင့်ရှောက်ထိန်းသိမ်းတဲ့ သိက္ခာပုဒ်ဟာ သီလ ဖြစ်ကြောင်း၊ သီလအစစ် မဟုတ်ဘူး။ သီလအစစ်သို့ ရောက်ကြောင်းသာဖြစ်တယ်။ သီလရှိတဲ့ပုဂ္ဂိုလ်မှာ သိက္ခာပုဒ်လုံခြုံတယ်။ သိက္ခာပုဒ် မလုံခြုံတဲ့ပုဂ္ဂိုလ်မှာ သီလက အပြည့်အစုံ မရှိဘူး။ ဒီလိုလည်း သိကြစမ်းပါ။

https://www.thitsarparamisociety.com/



ကိံသီလံ စေတနာသီလံ စေတသိကံသီလံ သံဝရောသီလံ အဝိတိက္ကမောသီလံတဲ့။ **တရားကိုယ်ချုပ်လိုက်တော့ စေတနာသာလျှင် သီလ**။ ဝိရတီသာလျှင် သီလ၊ သံဝရတရားငါးပါးသာလျှင် သီလ၊ သီလနှင့်ပတ်သက်တဲ့သိက္ခာပုဒ်ကို မလွန်ကျူးကြောင်းဖြစ်တဲ့ ကုသိုလ်စိတ္တုပ္ပါဒ်သာလျှင် သီလ။

ဒီတော့ စေတနာတို့၊ ဝိရတီတို့၊ သဒ္ဓါတို့၊ သတိတို့၊ ဝိရိယတို့၊ ခန္တီတို့၊ ဉာဏ်တို့၊ ကုသိုလ်စိတ်တို့၊ ရင်ထဲနှလုံးထဲမှာ ဖြစ်ပလား။ အဲဒီသီလတရားကိုယ်တွေ ရင်ထဲနှလုံးထဲဖြစ်တဲ့ပုဂ္ဂိုလ်သည် သိက္ခာပုဒ်ကို ဘယ်အခါမှ မကျူးလွန်တော့ဘူး။ ဒီတော့ သဘောအားဖြင့် သီလရှိတဲ့ပုဂ္ဂိုလ် မကျူးလွန်တဲ့ သိက္ခာပုဒ် မဟုတ်လား။ အေး...သီလရှိတဲ့ပုဂ္ဂိုလ် မကျူးလွန်တဲ့ သိက္ခာပုဒ်။ ဒါဖြင့် သီလမရှိတဲ့ပုဂ္ဂိုလ် စောင့်လျှင်ကောဆိုတော့၊ သီလမရှိတဲ့ပုဂ္ဂိုလ် စောင့်လျှင် သီလရှိစေတတ်တယ်။ အေး...သီလ မရှိတဲ့ပုဂ္ဂိုလ်စောင့်လျှင် သီလရှိစေတတ်တဲ့ သိက္ခာပုဒ်ကိုလည်း လက်လွှတ်မပစ်ရဘူး။ အမှန်ကိုသိစေချင်လို့ ပြောတာ။

ဒီတော့ သတိကိုသာ ကြိုးစားလုပ်။ သတိကြိုးစားလုပ်လျှင် ကိုယ်မှာ အားထုတ်မှု ဝိရိယလည်းဖြစ်မယ်၊ သည်းခံမှု ခန္တီလည်းဖြစ်မယ်။ ဥပဋ္ဌိတ သတိလည်းဖြစ်မယ်၊ သဒ္ဓါနဲ့ ပညာလည်းဖြစ်မယ်။ အေး...သဒ္ဓါ၊ ဝိရိယ၊ ခန္တီ၊ သတိ၊ ပညာဆိုတဲ့ အဲဒီသံဝရ တရားငါးပါးဖြစ်လာမှ သီလအခြေတည်မိတယ်။ သီလအခြေတည်မိလျှင် သမာဓိနဲ့ပညာက ဘာမှမခက်ဘူး။ ရှေ့တက်သွားနိုင်ပြီ။ မသွားချင်လို့ ဒီတင်လုပ်နေလည်း ဒီပုဂ္ဂိုလ်အကျိုးမနည်းတော့ဘူး။ အဲဒီတော့ သီလကို ကြပ်ကြပ်ဂရုစိုက်ကြစမ်းပါ။ သီလဆိုတာ ဘာကိုခေါ်တယ်၊ ဝတ်ကြီးဝတ်ငယ်ပြုကျင့်ခြင်းကိုတော့ စာရိတ္တသီလ ခေါ်တယ်။ သိက္ခာပုဒ်စောင့်ရှောက်ခြင်းကိုတော့ ဝါရိတ္တသီလ ခေါ်တယ်။

သီလ၏တရားကိုယ်အရင်းက ဘယ်သူလဲ။ စေတနာ။ အဲဒီ သီလ

https://www.thitsarparamisociety.com/



တရားကိုယ်မရှိဘဲနဲ့ သီလလုံခြုံတယ်ဆိုလို့ ဟုတ်မလား။ ဘီလူးယောင်ဆောင် တစ်လပေါ့။ ဘာတာရှည်ခံနိုင်မလဲ။ ခုစောင့်လိုက်ရင်း၊ တော်တော်ကြာ ကျိုးလိုက်ရင်း၊ ခုစောင့်လိုက်ရင်း တော်တော်ကြာ ကျိုးလိုက်ရင်း၊ ဒီလိုမဟုတ်လား။

အဲဒီတော့ အခြေခံသီလ ရင်ထဲရောက်အောင် ဘယ်လိုလုပ်ရမယ်၊ "**သတိ**"လုပ်ရမယ်၊ သတိကြိုးစားလုပ်လို့ သဒ္ဓါ၊ ဝီရိယ၊ ခန္တီ၊ သတိ၊ ပညာဆိုတဲ့ သံဝရတရား ရင်ထဲရောက်သွားလျှင် သမာဓိ၊ ပညာဆိုတာ လုပ်နေရတဲ့တရား မဟုတ်ပါဘူး။ အလိုလို ဖြစ်လာတဲ့တရားပါ။ **အကြောင်းပြည့်စုံလျှင် အကျိုးပေါ်ရမယ်** မဟုတ်လား။

ခုတော့ အကြောင်းမပြည့်စုံဘဲနဲ့ အကျိုးလှမ်းလှမ်း လုပ်နေလို့ မထနိုင်အောင် ကျိုးနေကြတာ။ အကျိုးတကယ် လိုချင်တာကိုး။ ဒီလောက်အကျိုးလိုချင်လျှင် သစ်ပင်ထိပ်ခေါင်ဖျားက ခုန်ချပါလား။ ဘယ်ကနေ ထွက်သွားတဲ့ စကားမှန်းတောင် မသိတော့ပါဘူး။ ပြောချင်ချင်နဲ့ပြောလိုက်တာလေ။ မဂ္ဂသစ္စာ အကျင့်မှားတာက ထွက်သွားတာ။

ဒီတော့ ဒုက္ခမှန်ကိုမသိအောင် ဖုံးလွှမ်းတဲ့ မောဟ၊ သမုဒယမှန်ကိုမသိအောင် ဖုံးလွှမ်းတဲ့ မောဟ၊ နိရောဓမှန်ကိုမသိအောင် ဖုံးလွှမ်းတဲ့ မောဟ၊ မဂ္ဂမှန်ကိုမသိအောင် ဖုံးလွှမ်းတဲ့ မောဟ။ အဲဒီ မောဟလေးပါးသည် အဝိဇ္ဇာ။ ဒီတော့ အဝိဇ္ဇာရဲ့တရားကိုယ်ကို ကောက်လိုက်တဲ့အခါကျတော့ ဘာရတယ်၊ မောဟ။ ဒီတော့ ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ်၊ သုံးပါးရှိတဲ့အနက်က ဒီမောဟကို ဘယ်အထဲထည့်မယ်။ ကိလေသာထဲထည့်မယ်။ ကိလေသာထဲထည့်တော့ကာ မောဟကိလေသာဆိုရင် အခိုက်အတန့် ဘယ်နှစ်ပါးရှိမယ်။

အနုသယအခိုက်အတန့်၊ ပရိယုဋ္ဌာနအခိုက်အတန့်၊ ဝီတိက္ကမအခိုက်အတန့်လို့ သုံးမျိုးရှိရမယ်။ အဲဒီအခိုက်အတန့်သုံးမျိုးကို နားလည်ပြီးမှ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တာပေါ်မှာ။

https://www.thitsarparamisociety.com/



"အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်"။ ဘာလို့မှောင်ကြီးကျသလဲ။ သစ္စာကိုမသိအောင် မောဟကဖုံးလွှမ်းထားလို့။ "ဘဝသိုက်မြုံ၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုည"။

ကိုင်း...သစ္စာမသိအောင် အဝိဇ္ဇာမောဟ ဖုံးလွှမ်းခြင်းကြောင့် အင်မတန်ဒုက္ခရောက်နေတဲ့၊ ဆင်းရဲပင်ပန်းတဲ့၊ တရှိန်ရှိန်အိုက်နေတဲ့၊ ရုပ်နာမ်ခန္ဓာကို ပူမှန်းမသိလျှင် ဒီရုပ်နာမ်ခန္ဓာကို မနှစ်သက်ဘူးလား၊ နှစ်သက်ပါတယ်။ ဘဝမြုံ၊ ဘဝသိုက်ဆိုတာ ပြောခဲ့ပြီမဟုတ်လား။ ကြက်ပေါက်တော့ ကြက်မြုံ၊ ငှက်ပေါက်တော့ ငှက်သိုက်၊ ဂျိုးထားတော့ ဂျိုးအိမ်၊ ခုလောက ခေါ်ကြတာလေ။ ဒီတော့ ကြက်မြုံတို့၊ ငှက်သိုက်တို့၊ ခေါ်ကြသလို ထိုနည်းတူစွာ လူတို့၏ဖြစ်ရာမြုံ၊ လူတို့၏ ဖြစ်ရာဘဝ၊ အမြုံအသိုက်ဟာ အေးချမ်းတဲ့တရား မဟုတ်ပါဘူး။ ပူပြီးတော့ တရှိန်ရှိန်အိုက်နေတဲ့ ပူပြင်းနေတဲ့တရားတဲ့။

ဘာဖြစ်လို့လဲ၊ ဇာတိဇရာအစရှိတဲ့ မီးတစ်ဆယ့်တစ်ပါးက တဟုန်းဟုန်း လောင်မနေဘူးလား။ မီးတစ်ဆယ့်တစ်ပါးက တဟုန်းဟုန်း လောင်နေတော့ ဒီဘဝမြုံ၊ ဒီဘဝသိုက်ဟာ အေးချမ်းနိုင်ပါ့အုံးမလား။ မအေးပါဘူး။ အဲဒီ မအေးချမ်းနိုင်ဘဲနဲ့ ဘာဖြစ်လို့ တဏှာကနှစ်သက်ရသလဲ။ မအေးချမ်းမှန်း မသိအောင် အဝိဇ္ဇာက ဖုံးလွှမ်းတော့ တဏှာက နှစ်သက်တယ်။ တဏှာကနှစ်သက်တော့ အကုသိုလ်အမှုတွေ ပြုကြသပေါ့။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဆိုတဲ့ ကိလေသာစိတ်၊ အကုသိုလ်စိတ်တွေနဲ့ ပါဏာတိပါတ အစရှိသော ကာယကံသုံးပါး၊ မုသာဝါဒအစရှိတဲ့ ဝစီကံလေးပါး၊ အဘိဇ္ဈာအစရှိသော မနောကံသုံးပါး ဆိုတဲ့ ဒုစရိုက်ဆယ်ပါး၊ အကုသလကမ္မပထ တရားတွေ အားထုတ်ကြတယ်။

https://www.thitsarparamisociety.com/



ဒုစရိုက်ဆယ်ပါး၊ အကုသလကမ္မပထ တရားက ပြုလုပ်ရတဲ့အမှု၊ လောဘ၊ ဒေါသ၊ မောဟက ပြုလုပ်တဲ့စိတ်၊ အဲဒီတော့ အကုသိုလ်ကံတွေ ဖြစ်မနေဘူးလား။ အကုသိုလ်ကံတွေ ဖြစ်နေတယ်။ ဘာဖြစ်လို့လဲ။ သစ္စာလေးပါးကို မသိအောင် မောဟက ဖုံးလွှမ်းထားသောကြောင့် လက်ရှိရုပ်နာမ်ခန္ဓာကို အင်မတန်တွယ်တာနှစ်သက်တဲ့ တဏှာနဲ့ အကုသိုလ်တွေ ပြုနေကြတယ်။ ဒီလိုဆိုတယ် မဟုတ်လား။

"အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကြလျက်၊ ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို ချမ်းသာအတိ"တဲ့။ "အတိ"ဆိုတာဘာတုန်း။ ချမ်းသာဖြင့်ပြီးတယ်၊ ဆင်းရဲဆို လုံးလုံးကလေးမှ မပါဘူး။ လူ့ဘဝ၊ နတ်ဘဝထဲမှာ ဒီလိုမထင်ဘူးလား။ ဒီလိုထင်ပေမယ်လို့ လက်ရှိကြည့်ကြစမ်းပါ။ လူ့ဘဝဘယ်လောက်ကောင်းသလဲလို့ ပူလိုက်ရတယ်၊ ပင်လိုက်ရတယ်၊ ဆင်းရဲဒုက္ခတွေ များလိုက်ကြတာ အဲဒီများလိုက်တဲ့ ဆင်းရဲဒုက္ခတွေကို အာရုံမပြုနိုင်ဘူး၊ လူ့ဘဝဟာကောင်းတယ်၊ နတ်ဘဝဟာကောင်းတယ်လို့ မထင်ဘူးလား။ ထင်ပါတယ်။

ငါဖြင့် နတ်ပြည်ရောက်မှာ တော်တော်ကြောက်တယ်။ ဘယ်လိုကြောက်သလဲ၊ အော်...နတ်သမီးတစ်ယောက်တည်း၊ နတ်သားတစ်ထောင်ကိုးရာ ခြံရံတဲ့နတ်ပြည်များရောက်သွားလျှင် ဒုက္ခဘဲလို့ စိတ်ထဲတော်တော်ကြောက်လာတယ်။ ဒီလိုတော့လည်း ရှိမယ်မထင်ပါဘူး။ နတ်သားတစ်ယောက်ကို နတ်သမီးငါးရာတစ်ထောင်ခြံရံတယ်ဆိုလို့ ဒီဟာကိုများ ပြောင်းပြန် တွေးကြည့်တာပါ။

ဒီတော့ ကာမဂုဏ် ခံစားတဲ့ဘဝမှာဆိုလျှင်တော့ လူလည်းမကောင်းဘူး။ နတ်လည်း မကောင်းဘူး။ အဲဒီလို မကောင်းလို့ "ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို" ငြမ်းဆိုတာဘာလဲ။ ငြမ်းဆိုတာ မှီရာပေါ့။ တစ်စုံတစ်ခု လုပ်ချင်တော့ ငြမ်းထိုးရတယ် မဟုတ်လား။

https://www.thitsarparamisociety.com/



အေး…နတ်ပြည်ကို နတ်ငြမ်း၊ လူ့ပြည်ကို လူ့ငြမ်း၊ လူတို့၏မှီရာတည်ရာ၊ နတ်တို့၏မှီရာတည်ရာကို ငြမ်းခေါ်တယ်။ လူ့ရွာနတ်နန်းလို့ ခေါ်လျှင်ကော မရဘူးလား၊ ရပါရဲ့။ ဟိုကစည်းစိမ်သွမ်းဆိုတာနဲ့ မကိုက်ဘဲနေမှာစိုးလို့ လူ့ရွာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊ သွမ်းဆိုတာဘာလဲ။ အသွမ်းတဲ့၊ အသုဦး တဲ့၊ အကာတဲ့၊ အမှိုက်သရိုက်တဲ့၊ အလကားတဲ့ ဒါတွေအတူတူဘဲ လူ့စည်း စိမ်၊ နတ်စည်းစိမ်ဆိုတာ အလကားဘဲ။

ရုပ်နာမ်ဓမ္မ သင်္ခါရတွေ ဖြစ်နေတာ အမှိုက်သရိုက်တွေပေါ့။ အဲဒါကို ဂတိနောင်ကို ကောင်းစေလိုဟု နောက်ဘဝ ငါကောင်းစားရမယ်၊ လူဖြစ်ရမယ်၊ နတ်ဖြစ်ရမယ်၊ လူ့စည်းစိမ်ခံစားရမယ်၊ နတ်စည်းစိမ်ခံစားရ မယ်၊ လူ့စည်းစိမ် နတ်စည်းစိမ်ခံစားရအောင် ကြိုးစားပြီး ဒါန–သီလတွေ ချလိုက်မဟုကိုး။ ဒီလိုလုပ်တော့လည်း ဒို့ကဝမ်းမနည်းပါဘူး။ ဒါပေမဲ့ လူ့ စည်းစိမ် နတ်စည်းစိမ်ဆိုတာ သင်္ခါရဖြစ်တဲ့အတွက် အသွမ်းတွေတဲ့။ ဒါကို လည်း သတိထားကြပေါ့။ "ကုသိုလ်အရိုး အမျိုးမျိုးကို" အရိုးဆိုတာဘာလဲ၊ အရိုးဆိုတာ လုပ်ရိုးလုပ်စဉ်ပေါ့။ လူ့ဘဝရှိတော့ လူ့ဘဝရရာရကြောင်း ကုသိုလ်၊ နတ်ဘဝရှိတော့ နတ်ဘဝရရာရကြောင်းကုသိုလ်၊ ဗြဟ္မာဘဝရှိ တော့ ဗြဟ္မာဘဝရရာရကြောင်း ကုသိုလ်တွေဟာ ကမ္ဘာမှာ လုပ်ရိုးလုပ်စဉ် ကုသိုလ်တွေ မဟုတ်လား။ ဒီလုပ်ရိုးလုပ်စဉ်တွေဟာ ဘာလဲ၊ ကာယကံ သုံးပါးမှ ရှောင်ကျဉ်ခြင်း၊ ဝစီကံလေးပါးမှ ရှောင်ကျဉ်ခြင်း၊ မနောကံ သုံးပါးမှ ရှောင်ကျဉ်ခြင်းဆိုတဲ့ သုစရိုက်ဆယ်ပါး၊ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ ဆိုတဲ့ ပုညကရိယာ ဝတ္ထုဆယ်ပါး။

ဒီသုစရိုက်ဆယ်ပါး ပုညကရိယာဝတ္ထုဆယ်ပါးတွေဟာ ပုညာဘိ သင်္ခါရကုသိုလ်တွေတဲ့၊ သူတို့၏တရားကိုယ် ကောက်လိုက်တော့ ဘာလဲ။ ကာမကုသိုလ်၊ ရူပကုသိုလ်၊ ပုညာဘိသင်္ခါရတွေ၊ အာနေဉ္ဇာသင်္ခါရကျတော့ အရူပကုသိုလ်၊ ဒီလိုမဟုတ်လား။ ဒါကြောင့် ဒို့က အရူပစျာန်၊ ဗွားများ ပြန်က၊ အာနေဉ္ဇာဟု …လို့ နဲနဲ့ကလေးပေါ်လွင်စေရန် ထပ်ထည့်လိုက်

https://www.thitsarparamisociety.com/



တယ်။ သူ့အထဲမှာလည်း အဝိပ္ပါယ်ပါပြီးသားဘဲ၊ ကုသိုလ်အရိုး၊ အမျိုးမျိုး ကို၊ ကြိုးကြိုးစားစား၊ ပြုတုံပြားက၊ ဆိုတဲ့လက်ာမှာ အရူပစျာန်လည်း ကုသိုလ်အရိုးထဲ ပါသွားတာပါဘဲ။ သို့ပေမယ်လို့ ဒို့လူစုက အင်မတန်န, နေတော့ အာနေဥ္စာဘိသင်္ခါရဆိုတာ ဘာခေါ်ပါလိမ့် လို့ မသိဘဲနေမှာစိုး လို့ အရူပစျာန်၊ ပွားများပြန်က၊ အာနေဥ္စာဟု၊ ဒါကလေးတစ်လုံး တိုးလိုက် တယ်၊ နငယ် အမြီးရှည်လိုက်တယ် ဆိုပါတော့။

မဟာတမ မှောင်ကြီးကျ၍ အကုသိုလ်ပြုတယ်၊ မဟာတမ မှောင် ကြီးကျ၍ ကုသိုလ်ပြုတယ်၊ ဒီလိုမဟုတ်လား။ ဒီတော့ အကုသိုလ်က အပု ည၊ ကာမကုသိုလ်၊ ရူပကုသိုလ်က ပုည၊ အရူပကုသိုလ်က အနေဥ္စာ၊ အ ပြည့်အစုံဆိုလျှင်တော့ အပုညသင်္ခါရ၊ ပုညသင်္ခါရ၊ အာနေဥ္စာသင်္ခါရ...လို့ ခေါ်ပေါ့။ ဒီတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရဆိုတဲ့ပုဒ်မှာ သင်္ခါရဟာ ဘာလဲ။ အကျဉ်းချုံးလိုက်တော့ အကုသိုလ်နဲ့ကုသိုလ်ဘဲ။ ကုသိုလ် အကုသိုလ်သင်္ခါရ ဟာ ဘယ်သူ့ကြောင့်ဖြစ်သလဲလို့ဆိုလျှင် မသိမိုက်မဲမှုအဝိဇ္ဇာကြောင့် ဖြစ် တယ်လို့မှတ်။

နောက်တစ်ပုဒ်၊ သင်္ခါရပစ္စယာဝိညာဏံ၊ သင်္ခါရပစ္စယာ ကံသင်္ခါရ ဟူသောအကြောင်းကြောင့်။ ဝိညာဏံ၊ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ် သည်။ သမ္ဘဝန္တိ၊ နောက်တစ်ဘဝမှာ ဖြစ်ပွားပေါ်ပေါက်ရပြန်၏။ ကံ,သင်္ခါရ ကြောင့် နောက်တစ်ဘဝမှာ ဝိညာဏ်ပေါ်ရလိမ့်အုံးမယ်တဲ့။ ဒီတော့ကာ အဝိဇ္ဇာကြောင့် ဖြစ်တဲ့သင်္ခါရကလည်း ကံသင်္ခါရ၊ ဝိညာဏ်ကိုဖြစ်စေတဲ့ သင်္ခါရကလည်း ကံသင်္ခါရ၊ ဒီသင်္ခါရနှစ်မျိုး ဘယ်လိုထူးကြသလဲ။ ဟော အဝိဇ္ဇာကြောင့်ဖြစ်တဲ့သင်္ခါရက အကျိုးသင်္ခါရ၊ ဝိညာဏ်ကိုဖြစ်စေတဲ့သင်္ခါရ က အကြောင်းသင်္ခါရ မဟုတ်လား။ ဒီအကြောင်းသင်္ခါရနဲ့ အကျိုးသင်္ခါရ အတူတူဘဲလား၊ တခြားစီလား။ ခွဲလိုက်တော့ တခြားစီ။ တူတယ်မအောက် မေ့နဲ့။ ဘယ်လိုကြောင့်လဲ။

သင်္ခါရမှန်သရွေ့ ဘယ်သင်္ခါရဖြစ်ဖြစ် အဝိဇ္ဇာကြောင့်ချည်းဖြစ်ရ

https://www.thitsarparamisociety.com/



မယ်။ ဒါပေမယ့် အကျိုးသင်္ခါရတိုင်း ဝိညာဏ်ကို မဖြစ်စေနိုင်ဘူး။ အဟော သိကံဖြစ်တဲ့ ကံသင်္ခါရ၊ မဂ်ပယ်အပ်ပြီးတဲ့ ကံသင်္ခါရ၊ အဘိညာဏ်စေတနာ ကံသင်္ခါရ၊ ပဋိသန္ဓေအခါမှာ ဥဒ္ဓစ္စစေတနာကံသင်္ခါရ၊ ဒီသင်္ခါရတွေဟာ ဝိ ညာဏ်ကို မဖြစ်စေနိုင်ဘူး။ သင်္ခါရမဟုတ်ဘူးလားဆိုတော့ ဟုတ်ပါတယ်။ အဝိဇ္ဇာပစ္စယာထဲမှာတော့ သူပါပါတယ်။ သင်္ခါရပစ္စယာဝိညာဏံဆိုတဲ့ သင်္ခါရ ထဲမှာတော့ သူမပါဘူး။ အဲဒီလို အကျိုးသင်္ခါရ အကြောင်းသင်္ခါရနှစ်ခုတို့ သတ္တိချင်း မတူပုံကိုလည်း ခွဲခြားပြီးတော့ စစ်ဆေးရမယ်နော်၊ မလွယ်ဘူး။ ပဋိစ္စသမုပ္ပါဒ်ဟာ မလွယ်ပေမယ့် နားတော့လည်ရပါစေမယ်။ စိတ်တော့ လည်း မပျက်ကြပါနဲ့။ စောစောက ဒို့ပြောထားတဲ့သရုပ်ခွဲအင်္ဂါ ဆယ့်နှစ် ပါး။ ကာလသုံးပါး၊ ဝဋ်သုံးပါး၊ ချင်းရာနှစ်ဆယ်၊ အစပ်သုံးစပ်၊ အလွှာလေး လွှာ၊ မူလနှစ်ပါး၊ အဲဒီသရုပ်ကိုတော့ ကျေကျေကလေး မှတ်မိထားကြပါစေ။

အဲဒီသရုပ်ကို ကျေကျေကလေးမှတ်မိထားလို့ရှိလျှင် ဒီပဋိစ္စသမုပ္ပါဒ် လင်္ကာဟာ တော်တော်ကောင်းတယ်။ တော်တော်အဓိပ္ပါယ်နက်တယ်။ ဝဋ် ခင်းဝဋ်နွယ် ရှည်ကြောင်းရွယ်သားတဲ့။ နောက်လင်္ကာမှာလေ။ ဝဋ်ခင်းဆို တာဘာလဲ။ ဝဋ်ခင်းဆိုတာ ဝဋ်အမှု၊ ဝဋ်ကိစ္စ၊ အခင်းရယ် အမှုရယ် ကိစ္စ ရယ်ဆိုတာ အတူတူ။ ဝဋ်ကဘာလဲ။ ကိလေသာ ကံ ဝိပါက်ပေါ့။ အဲဒီ ကိလေသာ ကံ ဝိပါက်ဆိုတဲ့ အခင်းတွေ၊ အမှုတွေ၊ ကိစ္စတွေ ရှည်လျား အောင် ရည်ရွယ်ချက် မထားဘူးလား။ ဒါကြောင့် ဝဋ်ခင်းဝဋ်နွယ်၊ ရှည် ကြောင်းရွယ်သား လို့ လင်္ကာကဆိုတာ။ အဲဒီ ဝဋ်ခင်းဝဋ်နွယ် ရှည်ဘို့ရာ ဆိုပြီးတော့ ဘာလုပ်တယ်။ ဆယ်ဖြာပုည၊ အပုညနှင့်၊ စျာန်အရူပ၊ အာ နေဉ္စဟု လို့ ဒီတစ်ပုဒ် ဒို့က တိုးထားတယ်။

ဆယ်ဖြာပုည၊ အပုညနှင့်၊ စျာန်အရူပ၊ အာနေဉ္စာဟု၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသော်၊ ပုညအပုည၊ အာနေဉ္စ ဆိုတဲ့ ဘဝအရင်းအနှီး ကုသိုလ် ကံတွေ ပွားပြီတဲ့။ သတ္တဝါသန္တာန်မှာ ဖြစ်ပြီတဲ့။ ဖြစ်လျှင် ဘာလုပ်မယ်။ လေးသင်းပါယ်ရွာ၊ အဖြာဖြာလျှင်၊ ပြဟ္မာလူနတ်၊ ဘုံသုံးရပ်၌၊ ဓာတ်ပဓာ န၊ ပြဋ္ဌာန်းလှသား၊ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ပြဟ္မာဘုံ၊ ထိုထိုဘုံ

https://www.thitsarparamisociety.com/



ဘဝမှာ ပဓာနဓာတ်အားဖြင့် ပြဌာန်းထားတဲ့တရား။ ဒီလိုမဟုတ်လား။ ဘယ်သူလဲ။ ဒွါရသခင်၊ ခြောက်ဝိညာဏ်ဟု၊ စက္ခု သောတ ဃာန ဇိဝှာ ကာယာ မန လို့ ဒွါရခြောက်ပါးရှိတယ်။ အဲဒီဒွါရခြောက်ပါးမှာ သခင်ဖြစ်တဲ့ ဝိညာဏ်ခြောက်ပါးတဲ့။ ဒွါရသခင်၊ ခြောက်ဝိညာဏ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျှင်း၊ ဒီတင်ရပ်ထားလိုက်။

ဘာဖြစ်လို့လဲ။ သင်္ခါရပစ္စယာဝိညာဏံ သမ္ဘဝန္တိကို သင်္ခါရပစ္စယာ၊ ကံသင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်ခြောက်ပါး ဟူသော အရှင်ဓာတ်မင်းသည်။ သမ္ဘဝန္တိ၊ နောက်တစ်ဘဝ၌ ဖြစ်ပွားပေါ်ပေါက်၍ လာရပြန်၏။ ဒီကိုလာရမယ်။ နောက်ပြီးတော့ ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊ အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊ ထက်မြက်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါ သူသူ၊ လူဘဲ နတ်ဘဲ၊ အထင်လွဲလျှက်၊ ငရဲပါယ်ရွာ၊ အသွယ်သွယ်လျှင်၊ ဝဋ္ဋနွယ်ရှည်လျား၊ တမားမားသည်၊ ခြောက်ပါးဝိညာဏ် စွမ်းရည်တည်း။

ဒီလို ဝိညာဏ်ခြောက်ပါး ဖြစ်ခြင်း၏ အစွမ်းသတ္တိကို နောက်ဟာက ဖော်ပြတာကို။ အဲဒါတွေကိုတော့ ဆုံးအောင်မဟောအားတော့ဘူး။

ဤသို့ကြားနာရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကို ဖောက်ထွင်းနိုင်လျက် နိဗ္ဗာန်ကို မြန်မြန်ရောက်ရပါလိုသော်...ဟု ဆုတောင်းကြကုန်။

သာဓု–သာဓု–သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

https://www.thitsarparamisociety.com/



၁၃၂၄-ခု၊ ဝါခေါင်လပြည့်ကျော်(၈)ရက်နေ့တွင်
ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
တပည့်အပေါင်းတို့အား
ဆဋ္ဌမအကြိမ် ဟောကြားဆုံးမတော်မူအပ်သော

## ပဋိစ္စသမုပ္ပါဒ် တရားတော်

ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ရတယ်မဟုတ်လားဦးဘိုးထင်။ မှန်ပါ့ဘုရား။ ရတဲ့လူများ ပါလိမ့်မယ်။

ခု ဘယ်နှစ်ခုလဲ။ ၁၃၂၄-ခုနှစ်လေ။ ဒွေ အဋ္ဌနှင့်၊ ဧက ဧကာ၊ နှောလေပါ။ သာသနာသက္ကရာဇ် အမှန်ဖြစ်၏။ ဒွေရယ်၊ အဋ္ဌရယ်၊ ဧကရယ်၊ ဧကာရယ် အစဉ်အတိုင်းနှောတဲ့။ လေးထဲကိုနှစ်နှောတော့ ခြောက်။ နှစ်ထဲကို ရှစ်နှောတော့ သုည။ ရှေ့တစ်ခုတိုး လေးဖြစ်သွားရော။ လေးထဲကို တစ်နှော ငါး။ နောက်တစ်ထဲကိုတစ်နှော နှစ်ဖြစ်ရော။ ဘယ်လောက်ဖြစ်သွားလဲ။ (၂၅၀၆) ဖြစ်ပါတယ်။ အဲဒီ ၂၅၀၆ နှစ်ဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူတဲ့နှစ်ဘဲ။ လွန်လေပြီးသော အဲဒီ ၂၅၀၆ နှစ်တုန်းက ကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန်စံခါနီးအခါ၌ မြတ်စွာဘုရားက ရဟန်းတို့ကို ခေါ်တော်မူပြီးတဲ့ နောက်ဆုံးပိတ်အသံ။ ဒီနောက် မြတ်စွာဘုရားစကား မပြောတော့ဘူး။ ပစ္ဆိမ ဗုဒ္ဓ ဝစန ခေါ်တယ်။ ပစ္ဆိမက နောက်ဆုံးပိတ်။

https://www.thitsarparamisociety.com/



ဗုဒ္ဓက ဘုရား။ ဝစနက စကားတော်။ မြတ်စွာဘုရား၏ နောက်ဆုံးပိတ် စကားတော်။ ဘယ်နှစ်ခုနှစ်က ပြောခဲ့တယ်။ လွန်ခဲ့တဲ့ ၂၅၀၆ ခုနှစ်က ပြောခဲ့တဲ့စကား။ နောက်ဆုံးပိတ် ပရိနိဗ္ဗာန်စံရာ ညောင်စောင်းပေါ်မှာ ပြောတဲ့ စကားတော်။

ဘိက္ခဝေ၊ အိုချစ်သား ချစ်သမီးတို့။ ဒါနိ၊ ပရိနိဗ္ဗာန်စံမည်ရှိရာ ယခုအခါ၌။ ဟန္ဒ၊ ကိုယ်တော်နှမ်း၍ ပန်းတော်မူလှပြီ။ ဝေါ တုမှာကံ၊ သင်ချစ်သား ချစ်သမီးတို့အား။ အာမန္တယာမိ၊ နောက်ဆုံးခေါ်တော်မူ၏။ ငါဘုရား ပန်းပြီတဲ့။ စကားများများ မပြောနိုင်ဘူး။ ခုနောက်ဆုံးပိတ် ပြောခြင်းဘဲ။ ဒီလိုဆိုလိုတာ မဟုတ်လား။ **သင်္ခါရာ၊ ရုပ်နာမ်ဝဓမ္မ သင်္ခါရတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သောသဘော ရှိကုန်၏။** ချစ်သား ချစ်သမီးတို့၊ ငါ့ကိုယ် ငါ့ဟာ ငါ့ခန္ဓာလို့ စွဲလန်းပြီးတော့ နေကြတဲ့ ရုပ်တရား နာမ်တရားတွေဟာ ခိုင်မြဲတည်တန့်ပြီးတော့ နေတဲ့တရားတွေ မဟုတ်ဘူးတဲ့။ အမြဲမပြတ် ပြောင်းလဲပျက်စီးပြီးတော့နေတဲ့တရားတွေတဲ့နော်။ တုမှေ၊ သင်ချစ်သား ချစ်သမီးတို့သည်။ **အပ္ပမာဒေန၊** ရုပ်နာမ်ဝဓမ္မ သင်္ခါရတို့၌ မမေ့မလျော့ "**သတိ**"ထားသော အပ္ပမာဒ တရားဖြင့်။ **သမ္ပာဒေထ၊** ပြည့်ပြည့်စုံစုံ နေရစ်ကြကုန်လော့။ ဘုရားမှာခဲ့တာလေ။

ဟော…မိမိကိုယ်ခန္ဓာအတွင်းမှာ ဖြစ်နေတာဘာတွေလဲ။ ရုပ်တွေ နာမ်တွေ မဟုတ်လား။ အဲဒီ ရုပ်တွေ နာမ်တွေအပေါ်မှာ မမေ့မလျော့ "**သတိ**" ထားတဲ့။ အပ္ပမာဒတရားနဲ့ ပြည့်ပြည့်စုံစုံ နေရစ်ကြလို့ ဒီလိုမှာတော်မူတယ်။ ဒီတော့ အပ္ပမာဒဆိုတာ ဘာလဲ။ သတိ အဝိပ္ပဝါသော၊ သတိ မကင်းသောနေခြင်းသည်။ အပ္ပမာဒေါနာမ၊ မမေ့မလျော့သော နေခြင်းမည်၏။ မမေ့မလျော့သော နေခြင်းဆိုတာ အခြားမဟုတ်ဘူးတဲ့။ ခန္ဓာကိုယ်ထဲကို စိတ်စိုက်ထားပြီးတော့ **သိ–သိ–သိ–သိ**–နဲ့ ခန္ဓာကိုယ်ထဲက ဖြစ်ဖြစ်သမျှကို ခန္ဓာကိုယ်နဲ့ မတွဲမစပ်စေရဘူး။ ခေါင်းတို့ ကိုယ်တို့ ခြေတို့ လက်တို့နဲ့ မတွဲမစပ်စေရဘူး။ နာမှု ကျင်မှု ကိုက်မှု ခဲမှု ပူမှု အေးမှု
စသည်ဖြင့် ခန္ဓာကိုယ်ထဲမှာ အမျိုးမျိုး ဖြစ်မနေဘူးလား။ အဲဒီ ခန္ဓာကိုယ်ထဲမှာ မှီနေတဲ့သဘာဝတွေကို ခန္ဓာကိုယ်နဲ့မတွဲမစပ်ဘဲ သူ့သဘာဝသက်

https://www.thitsarparamisociety.com/



သက် ဖြစ်နေတာကို **"သတိ"** ရှိနေရမယ်။ အေး...အဲဒါ အပ္ပမာဒ ခေါ်တယ်။ အဲဒီ အပ္ပမာဒတရားနဲ့ ပြည့်ပြည့်စုံစုံ နေရစ်ကြတဲ့နော်။

အဲဒီလို မြတ်စွာဘုရားဆုံးမတော်မူခဲ့တာကို ကြားနာရသဖြင့် သမထယောင်ယောင်၊ ဝိပဿနာယောင်ယောင် တရားတွေကို မလိုက်စားကြနဲ့ ဒါ "သတိ" ရှိကြနော်။ အခုခေတ်မှာ သမထယောင်ယောင် ဝိပဿနာယောင်ယောင်တရားတွေ များတယ်။ ဘာဖြစ်လို့လဲ။ သတိကင်းမဲ့လို့။ အောက်ခြေ**"သတိ"**မပါဘဲ သမထလုပ် ဘာဖြစ်တတ်သလဲ။ မှော်ဆန်သွားပြီးတော့ အောင်ကြူကြူ ဖြစ်သွားရော နားလည်သလား။ အောင်ကြူကြူဆိုတာ အူကြောင်ကြောင် ဖြစ်သွားတာပေါ့ ရှုးတယ်လို့ ဆိုလိုတာ။ သတိမပါဘဲနဲ့ ဝိပဿနာ လုပ်တော့လည်း ကြာတော့ အပြောသမား ဖြစ်သွားရော။ ဒီလူမှာ ဝိပဿနာဉာဏ် အစစ်ရပါ့မလား။ မရနိုင်ပါဘူး။ အေး... ဝိပဿနာဉာဏ် အစစ်မရဘဲနဲ့ စိတ်ကူးဝိပဿနာဉာဏ်တွေကို အဟုတ်မှတ်ပြီး ပြောဟောနေတတ်တယ်။

အဲဒီတော့ သမထယောင်ယောင် ဝိပဿနာယောင်ယောင်တွေ အင်မတန်မှ များတယ်။ မြတ်စွာဘုရားက ဒီယောင်ယောင်တွေလုပ်ဘို့ ဟောတာ မဟုတ်ဘူး။ ဘာဟောခဲ့သလဲ။ **"သတိ"** ကိုလုပ်ဘို့ ဟောခဲ့တာ။ အေး...သမထတွေ ဝိပဿနာတွေနဲ့ သတိနဲ့တခြားစီ။ လုပ်ထုံးက သတိ တစ်ခုဘဲရှိတယ်။ မြတ်စွာဘုရားနောက်ဆုံးမှာခဲ့တာလေ။ အေး...သမထတွေ ဝိပဿနာတွေ ထိုထိုတရားတွေကို ယောင်ချာချာ လုပ်နေကြမှာစိုးလို့ လုပ်စရာ များများမလိုဘူး...ဟေ့။ **"သတိ"** တစ်လုံးဘဲရှိတယ်။ ဒီလိုမဟုတ်လား။ အေး...သတိ အဝိပ္ပဝါသော၊ **သတိ** မကင်းသောနေခြင်းသည်။ အပ္ပမာဒေါနာမ၊ အပ္ပမာဒ မည်၏လို့ အဋ္ဌကထာ ပြောတဲ့အတိုင်း ခန္ဓာကိုယ်အတွင်း၌စိတ်သွင်းပြီးတော့ ဖြစ်ဖြစ်သမျှသဘာဝကို အမြဲမပြတ်သတိထားနေ၊ ဒါဘာလဲ အပ္ပမာဒတရား။

အဲဒီ အပ္ပမာဒတရားနဲ့ ပြည့်စုံတဲ့အခါကျတော့ သီလနဲ့ပြည့်စုံနိုင်တယ်။ သမာဓိနဲ့ပြည့်စုံနိုင်တယ်။ ပညာနဲ့ပြည့်စုံနိုင်တယ်။ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာသုံးပါးတရား၏ တည်ရာဌာနဟာ **"သတိ"** ဘဲ။ ပညာ

https://www.thitsarparamisociety.com/



လိုချင်တယ်ဆိုလျှင် သီလ၊ သမာဓိ၊ ပညာကို အသာထားပြီးတော့ **သတိ** ကို ကြိုးစားအားထုတ်လို့ ဒီလိုဆိုလိုတဲ့ အဓိပ္ပာယ်။ သတိ အထမမြောက်ဘဲနဲ့ သီလစောင့်ရှောက်ပေမဲ့ တော်တော်ကြာ ဒီသီလ ကျိုးပေါက်မှာဘဲ။ သတိ မလုံလောက်ဘဲနဲ့ သမာဓိရပြန်တော့လည်း ဒီသမာဓိပျက်မှာဘဲ၊ အားမကိုးလောက်ဘူး။

ဒီလို သာမည သမာဓိတွေမပြောနဲ့။ မြေလျှိုး မိုးပျံ တန်ခိုးထန်တဲ့ ဈာန်အဘိညာဏ်နဲ့ ကောင်းကင်မှာနေကြတဲ့ ပုဂ္ဂိုလ်တွေတောင်မှ"**သတိ**" ကင်းတော့ ချက်ချင်းလျှောကျလာတယ် မဟုတ်လား။

ဩဝါဒထူးပျို့ဆိုတာ ရှိတယ်။ ဒို့ဗမာရှင်ဘုရင်တွေ ရှိတုန်းက နန်းတွင်းသူတွေ၊ နန်းတွင်းသားတွေကို ဆုံးမတဲ့ပျို့ကို ဩဝါဒထူးပျို့ လို့ ခေါ်တယ်။ မစားသင့်တဲ့အစာ မစားရဘူး။ မသွားသင့်တဲ့အရပ် မသွားရဘူး။ မစားသင့်တဲ့အစာ စားလို့ဘေးသင့်ကြောင်း၊ မသွားသင့်တဲ့အရပ်ကို သွားလို့ ဘေးသင့်ကြောင်း၊ အဲဒီလိုအဆုံးအမတွေ ပါတယ်။ နေဝင်ကောက်လှန်း၊ ဥဒါန်းစကား၊ အဲဒါတွေဟာ ဩဝါဒထူးပျို့ကဆိုတာ နေဝင်ကောက်လှမ်း၊ ဥဒါန်းစကားဆိုတဲ့အဓိပ္ပာယ်က ဘယ်လိုလဲ။ စပါးလှမ်းတယ်ဆိုတာ နေပူတုန်း လှမ်းရတာပေါ့။ နေဝင်မှလှမ်းတော့ နောက်ကျတာပေါ့။ မိုးသောက်ကြက်တင်တဲ့၊ ကြက်ကိုအိပ်တန်းတင်တဲ့အခါကျတော့ ဘယ်အချိန်တင်ရသလဲ၊ မိုးချုပ်ချိန်တင်ရတယ်။ အေ...မိုးချုပ်တင်ရမှာကို မိုးလင်းမှ အိပ်တန်းတင်တယ်တဲ့။ ဒီတော့ နောက်မကျဘူးလား။ အဲဒီနောက်ကျတဲ့ မိုးသောက်ကြက်တင်၊ နေဝင်ကောက်လှမ်းဆိုတဲ့ ဥဒါန်းစကားတွေဟာ ဩဝါဒထူးပျို့က လာတယ်။

ပြီးတော့ မသွားသင့်တဲ့ခရီးသွားလို့ ဘေးတွေ့တယ်။ မစားသင့်တဲ့အစာ စားလို့ ဘေးတွေ့တယ်။ ဒို့ဗမာလူမျိုးတွေဟာ တောင်အရပ်ကို ခေါင်းထားပြီး အိပ်ရမယ်၊ အရှေ့ကိုခေါင်းထားပြီး အိပ်ရမယ်ဆိုတဲ့ စကားတွေဟာ အဲဒီဩဝါဒထူးပျို့က လာတဲ့စကားတွေ။ ခုတော့ ဘာမှသိကြတာမ

https://www.thitsarparamisociety.com/



ဟုတ်ပါဘူး။ နဂိုလုပ်တဲ့အတိုင်း လုပ်လိုက်ကြတာဘဲ။ အဲဒီ ဩဝါဒထူးပျို့မှာ မသွားသင့်တဲ့ခရီးသွားလို့ ဘေးတွေ့ပုံကို ကန်းမနဲ့ညားတဲ့ ကိုရင်ကလေး ဝတ္ထုထုတ်သကိုး။

အဲဒီကိုရင်ကလေးဟာ မြေလျှိုးမိုးပျံ တန်ခိုးထန်တဲ့ စျာန်အဘိညာဏ် ရတဲ့ ကိုရင်ကလေးတဲ့။ ယခုခေတ် တရားအားထုတ်ကြတဲ့ သမာဓိမျိုးလို့ သေးသေးဖွဲဖွဲ သမာဓိမျိုး မဟုတ်ဘူး။ ကောင်းကင်ပျံနိုင်တဲ့ သမာဓိဟာ အဘိညာဏ် မဟုတ်လား။ အေး...ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန် ဆိုတဲ့ ရူပစျာန်ငါးပါး အကုန်မရဘဲနဲ့ အဘိညာဏ် မရဘူး။ အဘိညာဏ်မရဘဲနဲ့ ကောင်းကင်မပျံနိုင်ဘူး။ ဒီတော့ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန် ဆိုတဲ့ စျာန်ငါးပါးကို အကုန်ရလို့ ဒီကိုရင်ကလေးဟာ ကောင်းကင်ပျံနိုင်တာ။ ဒို့မြတ်စွာဘုရားရှိသလားဆိုတော့ မရှိတော့ပါဘူးနော်။

သီဟိုဠ်ကျွန်းမှာ သူ့ဆရာက ရဟန္တာတဲ့၊ ဆရာရဟန္တာနဲ့ အဲဒီ ကိုရင်ကလေးနဲ့ မဟာဝိဟာရကျောင်းတိုက်အနီး မဟာစေတီကြီး ဆိုတာရှိတယ်။ အဲဒီ မဟာစေတီတော်ကြီး အနားမှာရှိတဲ့ ကျောင်းတိုက်ကို မဟာဝိဟာရကျောင်းတိုက် လို့ခေါ်တယ်။ အဲဒီ မဟာစေတီကြီးကို ဖူးရန်အလို့ငှာ ဆရာတပည့်နှစ်ပါး မဟာဝိဟာရကျောင်းတိုက်မှာ ဝင်တည်းကြတယ်။ ညနေကျတော့ ဆရာကသူ့တပည့်ကို မပြောဘဲနဲ့ မဟာစေတီကြီးကို သွားပြီးတော့ ဘုရားရှိခိုးတယ်။ ရှေးတုန်းက စေတီတစ်ဆူတွေ့လျှင် ဘုရားရှိခိုးတာ ဘယ်လိုခိုးရသလဲ။ အရှေ့အပေါက်က တက်မယ်ဆိုလျှင် လက်အုပ်ချီပြီး အရှေ့ပေါက်က တက်ရတယ်။ အဲဒီ အရှေ့ပေါက်ကနေ တက်ပြီး မြတ်စွာဘုရားကို ထိုင်ပြီးတော့ ရှိခိုးရတယ်။ ရှိခိုးပြီးတော့ လက်အုပ်ချီပြီး လက်ျာရစ် တောင်ဘက်သွားတယ်၊ အဲဒီ တောင်ဘက်အပေါက်ကျတော့ တစ်ခါထိုင်ပြီး ရှိခိုးရတယ်။ အဲဒီရှိခိုးပြီးနောက် တစ်ခါ လက်ျာရစ်လက်အုပ်ချီပြီးတော့ သွားရတယ်။ အနောက်ဘက်အပေါက်ကျတော့ တစ်ခါထိုင်ပြီး ရှိခိုးရတယ်။ အဲဒီလို လေးဌာနအားဖြင့်ၛင်း၊ ရှစ်ဌာနအားဖြင့်ၛင်း၊ စေတီ

https://www.thitsarparamisociety.com/



တစ်ဆူတွေ့ရာမှာ စေတီအားလျော်စွာ ငယ်လျှင်ငယ်သလို၊ ကြီးလျှင်ကြီးသလို ဒီလိုရှိခိုးမြဲထုံးစံ ဓမ္မတာရှိတယ်။

ဒီတော့ မထေရ်ကြီးဟာ တောင်ဘက်အပေါက်က တက်သွားပြီးတော့ မဟာစေတီကြီးကို ရှိခိုးတယ်၊ ရှိခိုးပြီးနေတဲ့အခါမှာ ကိုရင်ကလေးက ငါ့ဆရာဘယ်ရောက်သွားပါလိမ့်မယ်၊ နေဝင်မိုးချုပ်ကျမှ ငါ့လည်း အကြောင်းကြားမသွားဘူး။ ဘုရားများ သွားဖူးလေရော့သလား လို့ အသာနောက်က တိတ်တိတ်ပုန်း ချောင်းပြီး လိုက်သွားတယ်။

ရဟန္တာမထေရ်ကြီးက ရှိခိုးပြီး နေရာမှထကာ ဦးခေါင်း၌လက်အုပ်တင်၍ မဟာစေတီကို မျှော်လျက် ရပ်နေတဲ့အခိုက် သူကနောက်ကနေပြီး ချောင်းဟန့်လိုက်တယ်။ ချောင်းဟန့်လိုက်တော့ လှည့်ကြည့်တယ်၊ လှည့်ကြည့်တော့.... အရှင်ဘုရား ဘာလုပ်နေပါသလဲ။ ဘုရားရှိခိုးနေပါသလား။ အေး...ငါဘုရားရှိခိုးနေတယ်။ ဒါဖြင့် အရှင်ဘုရား ယခုအခါမှာ ပန်းများရလျှင် မပူဇော်ချင်ဘူးလား လို့ လျှောက်သတဲ့။ ကိုရင် ဒီစေတီတော်ကြီးကို ပန်းပူဇော်ရမယ်ဆိုလျှင် အင်မတန် ကောင်းတာပေါ့။ မပူဇော်ချင်ဘဲ ရှိပါ့မလားလို့ အမိန့်ရှိတော့...ဒါဖြင့် ခဏဆိုင်းပါအုံးဘုရား။ တပည့်တော် ပန်းသွားပြီး ယူပါအုံးမယ်ဆိုပြီး သီဟိုဠ်ကျွန်းမှ ဟိမဝန္တာကြွသွားသတဲ့။ ဟိမဝန္တာကနေပြီးတော့ ရေစစ်ကလေးနဲ့ ပန်းထည့်လာတယ်။ ရေစစ်ကလေးနဲ့ ပန်းထည့်လာပြီးတော့ အရှင်ဘုရား အလိုရှိသလို ပူဇော်တော်မူပါလို့ လျှောက်ထားပြီး ကပ်လိုက်တယ်တဲ့။ ကိုရင် ပန်းက နည်းလှချည်လား။မနည်းပါဘူးဘုရား။ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့ကာ ပူဇော်တော်မူပါဘုရားလို့ထပ်လျှောက် ဆိုတော့ အဲဒီရေစစ်ကလေးနဲ့ ထည့်လာတဲ့ပန်းကို နှိုက်နှိုက်ပြီးတော့ ဘုရားရင်ပြင်လျှောက်ပြီး ပူဇော်လိုက်တာ ပထမပစ္စယာပြည့်လို့လည်း ပန်းမကုန်ဘူးတဲ့။ ဒုတိယပစ္စယာပြည့်လို့လည်း ပန်းမကုန်ဘူးတဲ့။

ဒီတော့မှ ကိုရင် ပန်းတွေများလှချည်လားလို့ အမိန့်ရှိတော့.... များလို့ အလိုမရှိလျှင်လည်း အရှင်ဘုရား ရေစစ်ကိုမှောက်လိုက်ပေါ့ဘုရား

https://www.thitsarparamisociety.com/



လို့ လျှောက်သတဲ့။ အဲဒီတော့မှ ရေစစ်ကို မှောက်ချလိုက်လို့ ပန်းတွေ ကုန်သွားသတဲ့။ အဲဒီအခါမှာ မထေရ်ကြီးက အော်...ကိုရင်ကလေးဟာ တန်ခိုးကြီးလိုက်တာလို့ ထင်မြင်မိသတဲ့။ ဆရာကလည်း ရဟန္တာဖြစ်နေ တော့ ဒီတန်ခိုးကို မရဘူးလားဆိုတော့ ရတယ်၊ မသုံးဘူး။ သူကတော့ ပုထုဇဉ်ဖြစ်တော့ အဲဒီရတဲ့တန်ခိုး တယ်သုံးတာကိုး။ ပုဆိုးသစ်ရတဲ့လူဟာ တယ် ပွဲသွားချင် ဆိုတာလိုပေါ့။ ပုထုဇဉ်စိတ်ဟာ တော်တော်ခက်တယ်။ ကိုယ့်ရှိတဲ့တန်ခိုး တယ်သုံးချင်တာကိုး။ ကောင်းကင်ပျံနိုင်တဲ့အခါ ကောင်း ကင်ကိုဘဲ ပျံချင်တာဘဲ။ ဘေးတွေ့မှာတော့ မမြင်ဘူး။ ဆရာဖြစ်တဲ့ မထေရ် ကြီးက ကိုရင်ကလေး တန်ခိုးတော့ကြီးပါပေရဲ့။ ဒါပေမယ့် ကိုရင်တော့ ကန်းမနဲ့ညားအုံးမှာဘဲ လို့ ပြောသတဲ့။

မင်းတော့ မျက်စိမမြင်တဲ့မိန်းမနဲ့ ညားအုံးမှာဘဲလို့ ပြောတဲ့အခါ မှာ ကိုရင်က ပရိယုဋ္ဌာန ဝီတိက္ကမ အနေအားဖြင့် လုံးလုံးကို ကိလေသာ မဖြစ်ဘူး။ ဆရာမို့သာ ကြိတ်မှိတ်ခံလိုက်ရတယ်၊ ငါလိုပုဂ္ဂိုလ်များ မိန်းမ ရလိမ့်အုံးမယ်ဆိုတာ ဆတ်ဆတ်တုန်အောင် နာသတဲ့။ မခံချင်ဘူးတဲ့။ ဟို ကပြောတဲ့စကားက ဘာလဲ။ မင်းသမာဓိကို အားကိုးပြီး ဒီလိုမနေနဲ့၊ ရှေ့ ဝိပဿနာ တက်ပြီးတော့ မဂ်ဖိုလ်ရအောင် လုပ်လို့ ဆိုလိုတာ။ အဲဒီ မဂ် ဖိုလ်ရအောင် လုပ်ဘို့တော့ သူက သတိမထား။ ငါလိုပုဂ္ဂိုလ် ကိလေသာ ဖြစ်နိုင်ပါ့မလား ဆိုပြီး မာန်တက်တာကိုး။ ဆရာတောင်မှ မခံနိုင်အောင် ဖြစ်တယ်တဲ့။

အဲဒါနဲ့ အဲဒီမဟာစေတီကြီး ဖူးပြီးတဲ့နောက် မဟာဝိဟာရကျောင်း တိုက်ကနေပြီး ထွက်သွားကြတယ်။ ထွက်သွားကြတော့ တောရွာတစ်ရွာ ကျောင်းတစ်ကျောင်းမှာ ဝင်ပြီးတည်းကြတယ်။ တောကျောင်းကနေပြီးတော့ ရွာရောက်အောင် တောရကျောင်းဆိုတော့ အနည်းဆုံး ကုလားလေးတာ အပြန်ငါးရာ ကွာတယ်ပေါ့။ ရွာနဲ့ကျောင်းနဲ့ အဝေးကြီးဖြစ်တော့ ဆရာ မထေရ်ကြီးက ကျောင်းကနေပြီးတော့ ရွာတံခါးရောက်အောင် ကုန်းကြောင်း ဆွမ်းခံကြွသွားတယ်တဲ့။ သူကတော့ မထေရ်ကြီးသွားတုန်း တခါတည်း မလိုက်ဘူးတဲ့။

https://www.thitsarparamisociety.com/



မထေရ်ကြီး ရွာနားရောက်ခါနီးတဲ့အခါကျတော့ မိမိနှင့်ဆရာရဲ့ သပိတ် သက်န်းလွယ်ပြီးတော့ ကောင်းကင်က လိုက်တယ်။ ကောင်းကင်ကလိုက်တော့ လမ်းခရီးအကြား ရေကန်ထဲမှာ ကလေးမတစ်ယောက်က ရေချိုးရင်း သီချင်းဆိုလိုက်တော့ အဲဒီသီချင်းသံကို သာယာမိလို့ ကောင်းကင်ပျံနေတဲ့ဟာသ်ာကို မြားနဲ့ပစ်ချလိုက်သလို တခါထဲ လွင့်ကျလာတာဘဲ၊ ဒီက ရေကန်ထဲက သီချင်းဆိုသံဟာ သူ့ကိုသွားခိုက်တာဘဲ။ လွင့်ကျလာတော့ လေယာဉ်ပျံပျက်သလို မဟုတ်ဘူး။ ကလေးတွေလွှတ်တဲ့ လေတံခွန်များကျလာသလို လွင့်ကျလာတယ်။ ဘုံးဆိုကျလျှင်လည်း ဒီအခါမှာ တစ်ခါထဲပွဲချင်းပြီးပေါ့။ ခုလို ဘုံးဆိုလဲမကျဘူး။ လွင့်ပြီးတော့ ရေကန်ရဲ့ကန်ဘောင်ရိုးပေါ် ကျတယ်။ ကန်ဘောင်ရိုးပေါ်ကျတော့ ကလေးမကလည်း အံ့အားသင့်ပြီး ဒါ ဘယ့်နှယ်ဟာပါလိမ့်မလဲလို့ စဉ်းစားနေတုန်း သူက တခါထဲ ဆရာကြီးဆီ သွားပြီးတော့ ရွာတံခါးဝမှာ သပိတ် သက်န်းကို လိုက်ပေးရသေးတာကိုး။ အရှင်ဘုရားရဲ့ သပိတ် သက်န်းယူတော်မူပါလို့ ဆိုပြီး ပေးလိုက်တော့ ဆရာကနဂိုထဲက သိပြီးသားဖြစ်နေတော့ သူဘာမေးတော့မှာလဲ။ သူ့သပိတ် သက်န်း အသာယူထားလိုက်တာပေါ့။

ကလေးမပြန်သွားမှာစိုးလို့ ကန်ဘောင်ကို ကတိုက်ကရိုက်နဲ့ပြန်၊ ကန်ဘောင်ရိုး ကတိုက်ကရိုက်နဲ့ ပြန်ပြီးတော့ ကလေးမကိုသူ ချစ်စကားကြိုက်စကား ပြောတော့တာပေါ့၊ ပြောတော့ ကလေးမကလည်း သူ့ရှေ့တွင်ဖြစ်တာကို မြင်ရတော့ သနားတယ်။ တောင်းလည်းတောင်းပန်တယ်။ အရှင်ဘုရား တပည့်တော်မတို့မှာ ကြွယ်တောင့်ကြွယ်ဝ မရှိပါဘူး၊ ယက္ကန်းယက်နိုင်မှ စားရပါတယ်၊ ဆင်းရဲတဲ့သားသမီးပါ။ အရှင်ဘုရား တန်ခိုးဣဒ္ဓိပါဒ်ကိုမြင်ရတာ တပည့်တော်မ အလွန်နှမြောပါတယ်။ ဒီသက်န်းဝတ်နဲ့ပျော်ပျော်နေပါ။ တရားကြိုးစားအားထုတ်ပါလို့ တောင်းပန်ရှာသတဲ့။ တောင်းပန်ပေမယ့် မရဘူးတဲ့။ သိသလား။ အဲဒီမရတာ ဘာဖြစ်လို့လဲ။

စိတ်က သမာဓိထုံထားတဲ့အတွက် အင်မတန်အားကောင်းနေတယ်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်တင်မက

https://www.thitsarparamisociety.com/



အဘိညာဏ်ထိအောင် ရထားတဲ့စိတ်။ စျာန်ပျက်သွားလို့ လျှောကျပေမယ် လို့ ဒီသမာဓိရဲ့တန်ခိုးက မသေသေးဘူး။ မကောင်းတဲ့ဘက်ကို သွားအား ပေးတယ်၊ ကောင်းတဲ့ဘက် အားပေးတော့လည်း သူကကိလေသာနီဝရဏ ငြိမ်းပြီးတော့ ကောင်းကင်ပျံနိုင်တယ် မဟုတ်လား။ မကောင်းတဲ့ဘက် အား ပေးတော့လည်း ဘယ်လောက်ဆိုးသလဲ။ ပကတိစိတ်နဲ့ မိန်းမတစ်ယောက် ကိုကြိုက်လို့ ဘယ်လိုကြိုက်ကြိုက် မသေဘူး။ စျာန်သမာဓိနဲ့အားကောင်းနေ တဲ့ စိတ်ကမရဘူး။ သေမယ်။ ဟော...သေလောက်အောင်စွဲတာ။ ဘာဖြစ် လို့လဲ။ ပျက်သွားတဲ့သမာဓိတန်ခိုးဟာ အရှိန်မကင်းဘဲနဲ့သွားကပ်နေလို့တဲ့၊ ဒီနေရာမှာ အထူးမှတ်သားစရာတစ်ခုကတော့...

သန္တာယ သမာပတ္တိယာ၊ ပရိဟီနာ ဗြဟ္မစရိယဝါသေ၊
သန္တမ္ဟိတုံ နသက္ကောန္တိ။

လို့ဆိုတဲ့အတိုင်း ရှုပရုံစသော အာရုံကြောင့် စျာန်သမာပတ်မှ လျှောကျသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားသာသနာတော်၌ နေနိုင်ရိုးထုံး စံမရှိဘူး။ ဒီတော့ ကိုရင်ကလေးဟာ တရားလက်လွှတ် ငှက်တောင်ကျွတ် ဖြစ်ပြီး ဘယ်လိုဘဲ ကလေးမက အကျိုးအကြောင်း အဆိုးအကောင်းတွေ ပြ၍ ပြောဆိုတောင်းပန်သော်လည်း နားမဝင်နိုင်တော့ဘူးတဲ့။ ဒီအခါမှာ ကလေးမကလည်း မိမိကိုအကြောင်းပြုပြီးတော့ စျာန်သမာပတ် ပျက်စီးရ တာကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရတဲ့အတွက် သနားစိတ်တွေ ပေါ်ပြီး မစွန့် လွှတ်နိုင်တော့ဘဲ ကိုရင် ဒီလိုဆိုလျှင် ဒီကန်ဘောင်ရိုးမှာ ခဏနေရစ်ခဲ့အုံး လို့ ပြောပြီး ရွာထဲဝင်၊ မိဘနှစ်ပါးကို အကျိုးအကြောင်း သွားပြောတော့ မိဘနှစ်ပါးကလည်း လိုက်လာကြပြီး အမျိုးမျိုးပြောဆို တောင်းပန်ကြတယ်။ ဒါပေမယ့် တောင်းပန်လို့ မရဘူးတဲ့။

အဲဒီတော့မှ ကလေးမရဲ့ဖခင်ကြီးက ကိုရင်တပည့်တော်တို့ဟာ ကြွယ်တောင့်ကြွယ်ဝ ချမ်းသာတဲ့သူဌေးမျိုးတွေ မဟုတ်ကြပါဘူး။ ယက္ကန်း ယက်နိုင်မှ စားရတဲ့ ယက္ကန်းသည်သူဆင်းရဲမျိုးတွေ ဖြစ်တယ်။ ကိုရင် ယက္ကန်းယက်နိုင်ပါ့မလားလို့ ပြောတော့...ဒကာကြီး လူဆိုတာ ယက္ကန်းလည်း

https://www.thitsarparamisociety.com/



ယက်ရမှာဘဲ။ ကြူထရံလည်း ယက်ရမှာဘဲ၊ ကြံ့ရာလုပ်ရမှာဘဲလို့ ရဲရဲတာဝန်ခံတဲ့အတွက် ဘယ်လိုနည်းနဲ့မှ ပြောဆိုမရမှန်းသိလေတော့၊ အပေါ်ရုံပုဆိုးတစ်ထည် ဝတ်ခိုင်းပြီး အိမ်ခေါ်သွားတယ်။ အိမ်ရောက်တဲ့အခါ သမီးနဲ့ ပေးစားလိုက်တယ်။ အဲဒီအခါ ကိုရင်လူထွက်ကလေးလည်း မျိုးရိုးထုံးစံရှိတဲ့အတိုင်း ယက္ကန်းအတတ် တတ်အောင်သင်ပြီး သူများနည်းတူ နေ့စဉ်နေ့တိုင်း ယက္ကန်းရုံးသွားသွားပြီး ယက္ကန်းယက်ရသတဲ့။

တပါးသော ယက္ကန်းသည်တွေကတော့ လူ့လောက လူ့အကြောင်းသိကြပြီးသား ဖြစ်တဲ့အတွက် ယက္ကန်းရုံကပြန်တဲ့အခါ ထင်းကလေးအခန့်သင့်ရဘို့ ဟင်းရွက်ကလေး အခန့်သင့်ရဘို့၊ ထင်းခွေလာတဲ့လူနဲ့။ ဟင်းရွက်ခူးလာတဲ့လူနဲ့၊ ကိုရင်လူထွက်ကဖြင့် ဘာမှမယူခဲ့ဘူး။ လက်ချည်းပြန်လာတယ်။ မနက်ထမင်းပို့ချိန်ကျတော့ ဒိပြင်ယက္ကန်းသည်တွေရဲ့ အိမ်ရှင်မတွေကတော့ စောစောစီးစီး ပို့တယ်။ သူ့မိန်းမကတော့ စောစောစီးစီး မပို့နိုင်ဘူး။ ထင်းရှာရတာနဲ့၊ ဟင်းရွက်ရှာရတာနဲ့၊ ဘာရှာရတာနဲ့၊ ညာရှာရတာနဲ့၊ ချက်ပြုတ်နေရတာနဲ့ နေမြင့်ကုန်ရော၊ ဟိုလူတွေ စားပြီးမှ ရောက်လာတယ်။ ရောက်လာတော့ သူကလည်း ထမင်းဆာလို့ စိတ်ဆိုးဆိုးနဲ့ ဆီးပြီးမြည်သတဲ့။ သူများတွေစားပြီးကုန်ပြီ၊ နင်ခုမှလာရသလားကိုး၊ ဟိုကလည်း မခံဘူးပေါ့။ မင်းဘာသိလို့လဲ၊ သူများတွေမှာ ယက္ကန်းရုံကပြန်လာလျှင် ထင်းခွေလာတဲ့လူနဲ့၊ ဟင်းရွက်ခူးလာတဲ့လူနဲ့၊ မင်းဘာတစ်ခုများ ပါလို့လဲ၊ ဒီတော့ ငါ့ဟာငါ ရှာဖွေပြီးချက်ရတော့ နေမြင့်တာပေါ့...ဟဲ့။ ဟိုကလည်း ပြန်ရန်ထောင်သတဲ့။ ဟင်...ဒီလောက်တောင်ရှိတဲ့ ကောင်မဆိုပြီး ယက်ဖောက်ယက်နေရာက တညင်းလုံးတပ်တဲ့အတံနဲ့ လှမ်းပစ်လိုက်တော့ မျက်လုံးသွားစိုက်လို့ မျက်လုံးပျက်သွားရော။

မျက်လုံးပျက်သွားတော့ မျက်လုံးကထွက်တဲ့ သွေးတွေကိုမြင်ရတော့မှ ကိုရင်လူထွက်က ငိုတယ်တဲ့။ ကိုရင်လူထွက်က ငိုတော့ ဘေးကလူတွေက ဝိုင်းတောင်းပန်ကြတယ်။ တမင်လုပ်တာလည်း မဟုတ်ပါဘူး။ မတော်တဆဖြစ်တာ ငိုမနေပါနဲ့လို့ ဘေးကလူတွေက ဝိုင်းတောင်းပန်တော့

https://www.thitsarparamisociety.com/



ဘယ့်နှယ်ပြောသလဲ။ ကျုပ်သူ့အတွက် ငိုတာမဟုတ်ပါဘူးဗျာ။ ကျုပ်ဆရာပြောတဲ့စကား ကျုပ်အမှတ်ရလွန်းလို့ပါတဲ့။

ဟို သာသာနာမှာနေစဉ် ဆရာမထေရ်ကြီးက မင်းကန်းမနဲ့ညားလိမ့်အုံးမယ်ဆိုတာ အခုမှ ကန်းမဖြစ်တာကိုး။ အဲဒီတော့ သမာဓိဆိုတာ မခက်ဘူးလား။ သတိမရှိလျှင် ခက်တယ်။ ဒီကိုရင် ဒီလိုဖြစ်ရတာဟာ ဘာကြောင့်လဲ။ သတိအောက်ခြေလွတ်လို့၊ အေး...ဒီတော့ သမာဓိဆိုတာ သတိအောက်ခြေလွတ်လျှင် တော်တော်ခက်တယ်။

ဒီတော့ သမထဘဲလုပ်လုပ်၊ ဝိပဿနာဘဲလုပ်လုပ်၊ အောက်ခြေကဘာလဲ။ " **သတိ** "။ **သတိ** ကြိုးစားလုပ်ကြ။ ပြီးတော့ သတိ နဲ့ သမာဓိ ဘယ်လိုကွာခြားသလဲ။ ခန္ဓာကိုယ်ထဲမှာ ဖြစ်ဖြစ်သမျှသဘာဝကို **သိ-သိ-သိ** နဲ့စိုက်ပြီး လိုက်လိုက်နေတာ **သတိ**။ ဘာဖြစ်လို့ **သတိ** ခေါ်ရသလဲ။ ခန္ဓာကိုယ်ထဲမှာ ဖြစ်ဖြစ်သမျှ သဘာဝဆိုတာက တစ်ခုထဲမဟုတ်ဘူး။ ဟိုနေရာကဖြစ်လိုက်၊ ဒီနေရာကဖြစ်လိုက်၊ အမျိုးမျိုး အဖုံဖုံ၊ ပူချည်၊ အေးချည်၊ နာချည်၊ ကျဉ်ချည်၊ ကိုက်ချည်စသည်ဖြင့် ခန္ဓာကိုယ်ထဲမှာ အမျိုးမျိုး အဖုံဖုံဖြစ်နေတော့ သတိက အာရုံအများနဲ့ဆက်ဆံတယ်။ ဖြစ်တိုင်းဖြစ်တိုင်း သတိထား မလစ်စေနဲ့။

"**သမာဓိ**"က ဒီလိုမဟုတ်ဘူး။ သမာဓိသဘောက အာရုံတစ်ခုထဲမှာ စူးစိုက်နေရတယ်။ အာရုံကလည်း ပညတ်အာရုံ ဖြစ်ရမယ်။ ခုပြောတဲ့ သတိ သဘောက အမျိုးမျိုးအဖုံဖုံ ဖြစ်နေတဲ့အတွက် သဘာဝအာရုံပေါ်မှာ ဖြစ်တိုင်းဖြစ်တိုင်း သတိ ထားရမယ်။ ဒီတော့ ဒီသတိဟာ သမာဓိလည်းမဟုတ်သေးဘူး။ ဝိပဿနာလည်း မဟုတ်သေးဘူး။ အမှန်က သမထ ဝိပဿနာတို့ရဲ့ တည်ရာအကြောင်းရင်းဘဲ ဖြစ်သေးတယ်။

အဲဒီ သတိကို သီလ၊ သမာဓိ၊ ပညာ၊ သုံးပါးထဲကို ထည့်မယ်ဆိုလျှင် သမထလည်းမဟုတ်၊ ဝိပဿနာလည်း မဟုတ်သေးလျှင် သူ့ကို သီလထဲဘဲ ထည့်ရမယ်။ အဲဒီသတိဟာ သဒ္ဓါ၊ ဝိရိယ၊ ခန္တီ၊ သတိ၊ ပညာ

https://www.thitsarparamisociety.com/



ဆိုတဲ့ သံဝရတရားငါးပါးကို ပြည့်စုံစေတတ်တယ်။ဒီ သတိ ကြပ်ကြပ်လုပ်လျှင် သဒ္ဓါတရား တိုးတက်လာတယ်။ ဝီရိယ ကောင်းလာတယ်။ အရာရာမှာ သည်းခံနိုင်လာတယ်။

**"သတိ"**ကျတော့ **လုပ်ယူရတဲ့သတိ၊ အလိုလိုထင်လာတဲ့ သတိ** လို့ နှစ်မျိုးရှိတယ်။ လုပ်ယူရတဲ့သတိက အားမကိုးလောက်သေးဘူး။ ဒါပေမယ့် လုပ်ပါများလာလျှင် အလိုလိုထင်လာတဲ့ ဉပဋ္ဌိတသတိအဖြစ်သို့ ရောက်လာပါလိမ့်မယ်။

**"ပညာ"** ကသိစရာအာရုံကို အသမ္မောဟအားဖြင့် မတွေမဝေ သိနိုင်လိမ့်မယ်။ သတိအလုပ်က အဲဒီလို သဒ္ဓါ၊ ဝီရိယ၊ ခန္တီ၊ သတိ၊ ပညာ ဆိုတဲ့ သံဝရတရားငါးပါးကို ပြည့်စုံစေနိုင်တယ်။ သံဝရတရားငါးပါး ပြည့်စုံတဲ့အခါ ဒီယောဂီပုဂ္ဂိုလ်ဟာ သီလစင်ကြယ်ပြီး၊ သီလဝိသုဒ္ဓိဖြစ်ပြီး သီလစင်ကြယ်လို့ သီလဝိသုဒ္ဓိဖြစ်လျှင် သမာဓိ၊ ပညာ မခဲယဉ်းတော့ပါဘူး၊ ရှေ့တက်ချင်လည်းတက် မတက်ချင်လည်းဘဲ ဒီမှာနေ၊ ဘာမှအပြစ်မရှိတော့ဘူး။ အပြစ်ကင်းပြီး သာသနာတော်မှာ လူဖြစ်ကျိုးနပ်နေပါပြီ။ ဒီတော့ အလုပ်တကာအလုပ်တို့တွင် သာသနာနောက်ပိုင်းမှာ ဒိပြင်ဟာကိုမလုပ်ဘဲနဲ့၊ "သတိ"တစ်ခုကိုသာ ကြိုးစားလုပ်ရစ်ကြဘို့ အပ္ပမာဒေန သမ္ပာဒေထ ဆိုတဲ့ ဒေသနာတော်နဲ့ လွှန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ငါးရာခြောက်နှစ်က မြတ်စွာဘုရားက မှာခဲ့တာကို နားထဲမှာစွဲကြစမ်းပါ။ တောင်ယောင်ယောင် မြောက်ယောင်ယောင် မလုပ်ကြပါနဲ့။ သတိ ကလွဲလို့ ဘာမှအခုအခါမှာ လုပ်လျှင် အကျိုးမများနိုင်ဘူး။ အပြစ်သာဖြစ်မယ်။

ကမ္မဋ္ဌာန်းတိုင်း ကမ္မဋ္ဌာန်းတိုင်းမှာ နားထောင်ကြည့်တယ်။ ဒို့ ကမ္မဋ္ဌာန်းလည်း ဒီလိုလိုပါဘဲ။ ဒို့ရည်ရွယ်ချက်ကတော့ ဒီလိုမဟုတ်ဘူး။ အားထုတ်တဲ့ယောဂီက တရားအားထုတ်လိုက်တာနဲ့ တပြိုင်နက် စိတ်ငြိမ်ဘို့၊ စိတ်ချမ်းသာဘို့၊ စိတ်ကြည်လင်ဘို့၊ ဒီလိုရည်ရွယ်ချက်နဲ့ထုတ်ကြတာများတယ်။ စိတ်ငြိမ်ဘို့၊ စိတ်ချမ်းသာဘို့ အားထုတ်တော့ ကိုယ့်ခန္ဓာကိုယ်နဲ့မလိုက်တာ မသိဘူး။

https://www.thitsarparamisociety.com/



ကိုယ့်ခန္ဓာကိုယ်က ဘာဖြစ်နေသလဲ၊ ကိုယ့်ခန္ဓာကိုယ်က အညစ်အကြေးတွေ ငြိမ်ဝပ်ပြီးတော့ စိတ်ငြိမ်နေမယ်၊ စိတ်ချမ်းသာနေမယ်၊ စိတ်ကြည်လင်နေမယ်၊ အားထုတ်ကောင်းနေမယ်ဆိုလျှင် ဒီတရား နောင် အပြစ်ရောက်လိမ့်မယ်ဆိုတာ မသိဘူး။

အေး...ဒါကြောင့် ဒီလိုမလုပ်ကြနဲ့၊ သတိလုပ်ထုံးက ဖြစ်ချင်ရာဖြစ်ပစေ၊ လုပ်ဘို့သာ ကိုယ့်တာဝန်၊ ခန္ဓာကိုယ်ထဲက သူဖြစ်စရာရှိသလိုဖြစ်၊ ငါကဘယ်လိုဖြစ်ချင်တယ်၊ ဟိုလိုဖြစ်ချင်တယ်၊ ဒီလိုမဖြစ်ချင်ဘူး။ ဒီလိုဖြစ်မှ ငါကြိုက်မယ်၊ ဟိုလိုဖြစ်လျှင် ငါမကြိုက်ဘူး။အဲဒါတွေ မပါစေနဲ့။ ဘယ်လိုဖြစ်ဖြစ်၊ ဖြစ်စရာရှိသလိုဖြစ်၊ လုပ်ဘို့သာ ငါ့တာဝန်၊ အဲဒီလို အာရုံပြုပြီးတော့ လုပ်ရတယ်။

ခုတော့ ဒီလိုမဟုတ်ဘူး။ တရားဖြင့် အားထုတ်ခါစရှိသေးတယ်၊ စိတ်ချမ်းသာချင်တာက အရင်ဖြစ်နေတော့ စိတ်မချမ်းသာချမ်းသာအောင် ဆရာတွေကလည်း ကြံဖန်ပြီးတော့ အာရုံပြောင်းပြောင်း ပေးရော။ ပြောင်းပြောင်းပေးတော့ ထကြွရမဲ့ဓာတ်က မကြွဘူး။ စိတ်ကတဖြည်းဖြည်း ငြိမ်လိုက်ကရော၊ အဲဒီလို ငြိမ်ငြိမ်လိုက်တော့ စိတ်ကချမ်းသာလာရော၊ အဲဒီလို စိတ်ငြိမ်လို့ချမ်းသာလာတာကို အများအားဖြင့် တရားမှတ်နေကြတယ်။

ကိုင်း...မယုံလျှင်ကြည့်လေ။ တရားအားထုတ်တဲ့အခါ စိတ်တွေဟာ တောင်ရောက် မြောက်ရောက် ရောက်လှတယ်၊ စိတ်မကောင်းပါဘူးလေ၊ အာရုံပြောင်းပြီး ဘယ်သွား တရားအားထုတ်လိုက်ပါအုံးမယ်၊ ဘယ်သွားဘုရား ရှိခိုးလိုက်ပါအုံးမယ်၊ ပုတီးကောက်စိပ်လိုက်ပါအုံးမယ်နဲ့ အာရုံပြောင်းလိုက်တဲ့အခါ နဂိုရှိတဲ့စိတ် ပြောင်းမသွားဘူးလား။ ပြောင်းသွားတယ်၊ အေးအဲဒီလို အာရုံပြောင်းပြီးတော့ ပျောက်ခြင်းဟာ မကောင်းဘူး။ ဖြစ်လာတာကိုလမ်းဆုံးအောင် **သတိ** နဲ့ သည်းခံလိုက်နိုင်မှ ကောင်းတယ်။

တရားအားထုတ်လျှင် ဟိုစိတ်ဒီစိတ်တွေ ထွေထွေလာလာ ပေါ်မလာဘူးလား။ အဲဒီလို **ပေါ်လာတဲ့စိတ်ကို သတိနဲ့လမ်းဆုံးအောင်လိုက်၊ လမ်းဆုံးတော့ ရှာတွေ့ဆိုတာလို ဝေဒနာတစ်ခု လမ်းဆုံးအောင်လိုက်၊**

https://www.thitsarparamisociety.com/



လိုက်လို့ဆုံးသွားလျှင် ဒီအခါမှာ သဘောပေါက်လာမယ်။ အော်...ဒီလိုပါ ကလား၊ ခေါင်း ကိုယ် ခြေ လက် စသည်တို့နဲ့ မတွဲစပ်ဘဲ ဝေဒနာသက် သက် သဘာဝကိုသွားတွေ့တယ်၊ ခေါင်းလည်းမဟုတ်၊ ကိုယ်လည်းမဟုတ်၊ ခြေလည်းမဟုတ်၊လက်လည်းမဟုတ်၊ သဘာဝသက်သက် ဖြစ်မှုမျှပါကလား ဆိုတာ သူများမပြောဘဲနဲ့ ကိုယ်တိုင်သဘောပေါက်တယ်။

ခုလုပ်နေကြတာက သူများပြောမှ သဘောပေါက်တာ။ ဘယ့်နှယ် လုပ်မလဲ။ သူများပြောလို့ သဘောပေါက်တဲ့တရား ဘာလုပ်မှာလဲ။ ကိုယ် တိုင်ဒိဋ္ဌတွေ့မှသာလျှင် ကိုယ့်မှာ အကျိုးများမှာပေါ့။

ဒါကြောင့် အလုပ်က ဘာလုပ်ရမယ်။ “**သတိ**”လုပ်ရမယ်။ သည့် ပြင် သမထတွေ ဝိပဿနာတွေ အာရုံမရောက်ပါနဲ့။ သတိကိုသာကြိုးစား လုပ်ပါ။ သတိကြိုးစားလုပ်တော့ ဘာ,သတိလုပ်ရမလဲ။ ခန္ဓာကိုယ်ထဲက ရုပ်နာမ်ဓမ္မတို့၏ ဖြစ်မှုအပေါ်မှာ သတိကိုလုပ်၊ ခုခေတ်လုပ်ထုံးမှာ သတိ ဘဲ အကောင်းဆုံးဖြစ်တယ်။

ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူပုံကလည်း သင်္ခါရာ၊ ဖြစ် ဖြစ်သမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဝယဓမ္မာ၊ ခဏမစဲ မမြဲကေန် ဖောက်ပြန် ပျက်စီးတတ်သောသဘော ရှိကုန်၏တဲ့။ သင်တို့ခန္ဓာကိုယ် ခေါ် တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရဟာ ဖောက်ပြန်ပျက်စီးတတ်တဲ့သဘော ရှိတယ်။ **အပ္ပမာဒေန၊ မမေ့မလျော့သော “သတိ”တရားဖြင့်။ သမ္ပာဒေထ၊ ပြည့်ပြည့်စုံစုံ နေရစ်ကြကုန်လော့**။ ဒါဘာလဲ။ သတိကို လုပ်ရမယ်လို့ မှာခဲ့တဲ့အဓိပ္ပါယ် မဟုတ်လား။

ကိုင်း...ဒါဖြင့် ဒို့လူစု ဘာလုပ်ကြမယ်၊ သတိလုပ်ကြပေါ့။ သတိ ရအောင် (ရှေးဦးစွာ ပရိကံလုပ်၍ နာရီဝက် တရားအားထုတ်ကြရသည်)။

ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သား နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရ ရှိဦးခလျက်။

https://www.thitsarparamisociety.com/



သစ္စာလေးပါးကို သိတော်မူတဲ့ ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတည်းဟူသော ဒွါရသုံးပါးဖြင့် ရှိခိုးဦးချပါ၏။ အဲဒါကိုပြောတာ၊

"ဘဝသုံးပါး ဟုန်းဟုန်းသွားသည် ရထားသံသာ ယာဉ်စကြာ၏ ချင်းရာထုပ္ပတ် သမုပ္ပါဒ်ကို အတပ်သိရန် နိဒါန်းပြန်ပိမ့်" အဲဒါစကားတစ်ရပ်။

အေး...ပဋိစ္စသမုပ္ပာဒ်ကို အရင်းကစပြီးတော့ ပြမယ်တဲ့။ ပဋိစ္စသမုပ္ပာဒ်ဆိုတာ ဘာလဲ။ သံသရာစက်ရဟတ်၏ ဖြစ်ပုံအချင်းအရာကို ပဋိစ္စသမုပ္ပာဒ် ခေါ်တယ်။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနစ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

ခန္ဓာတို့၏ငင်း၊ အာယတနတို့၏ငင်း၊ ဓာတ်တို့၏ငင်း၊ မပြတ်မလပ်ဆက်စပ်၍ဖြစ်သည်ကို သံသရာတဲ့။ အဲဒီ သံသရာဟာရထား။ အဲဒီ သံသရာ ရထား၏ဖြစ်ပုံအချင်းအရာကို ပဋိစ္စသမုပ္ပာဒ် ခေါ်သတဲ့။ အဲဒီ ပဋိစ္စသမုပ္ပာဒ်ကို အစကစ၍ ငါပြမယ်လို့ ပဋိညာဉ် ဝန်ခံစကားတဲ့ဦးဘိုးထင်။ အရင်သီတင်းက ဟောခဲ့တဲ့စကားကို မှတ်မိအောင် အကျဉ်းချုပ် ဒီလိုမှတ်ရမယ်။

"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သားနတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရ ရှိဦးခလျက်"။ အဲဒီစကားက ပဏာမ။

"ဘဝသုံးပါး ဟုန်းဟုန်းသွားသည် ရထားသံသာ ယာဉ်စကြာ၏ ခြင်းရာထုပ္ပတ် သမုပ္ပါဒ်ကို အတပ်သိရန် နိဒါန်းပြန်ပိမ့်" အဲဒီစကားက ပဋိညာဉ် တာဝန်ခံတဲ့စကား။

https://www.thitsarparamisociety.com/



ပဋိစ္စသမုပ္ပာဒ်ကို အသေအချာ တပ်အပ်သိကြရအောင် အစကစ ပြီးတော့ ငါပြမယ်။ ဒီလိုဆိုလိုတယ် မဟုတ်လား။

“အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မ တမ မှောင်ကြီးကြလျက် ”အဲဒီစကားက အဝိဇ္ဇာပစ္စယာ သင်္ခါရဆိုတဲ့ပုဒ် က အဝိဇ္ဇာကို ပြတယ်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ပါဠိတော်မှာ အမှန် လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာတဲ့၊ သဘောက အဝိဇ္ဇာတဲ့။ အေး...ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ အမှန်တ ရားလေးပါးဟာ အင်မတန်မှ နက်နဲခက်ခဲတယ်။ အင်မတန် နက်နဲခက်ခဲ တဲ့ သဘာဝလေးပါးကို မသိမမြင်နိုင်အောင် ဖုံးအုပ်ထားတဲ့တရားဟာ အ ဝိဇ္ဇာဘဲ။ အဲဒီ အဝိဇ္ဇာဟာ မဟာတမ အလွန်ကြီးကျယ်သော မှောင်ကြီးဘဲ လို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ပုဒ်မှာ အဝိဇ္ဇာကို ပြတဲ့စကား။

အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကြလျက် ဘဝမြုံသိုက် ရှိန်ရှိန်အိုက်သား အမှိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုး ကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့်။

သင်္ခါရမှာ အပုညခေါ်တဲ့ သင်္ခါရ၊ ပုညခေါ်တဲ့သင်္ခါရ၊ အာနေဉ္စ ခေါ်တဲ့ သင်္ခါရ၊ အဲဒီ သင်္ခါရသုံးမျိုးတို့တွင် အပုညခေါ်တဲ့ သင်္ခါရဟာ ဘာတွေလုပ်လို့ ဖြစ်သလဲ။ အကုသိုလ်တွေလုပ်လို့ ဖြစ်တယ်။ အမှိုက်မီး စာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည် ဆိုတဲ့အတိုင်း အပါယ် သွားဘို့ရာလမ်း၊ အပါယ်မျိုးစေ့ ဖြစ်တဲ့ အပုညသင်္ခါရကို နေ့စဉ်နေ့တိုင်း သတ္တဝါတွေ ကြိုးကြိုးစားစား အားထုတ်နေကြတယ်။

အဲဒီ အကုသိုလ်ဟာ ဘယ်နှစ်မျိုးရှိတယ်၊ လောဘကုသိုလ်ရှစ်မျိုး၊ ဒေါသအကုသိုလ်နှစ်မျိုး၊ မောဟအကုသိုလ် နှစ်မျိုး၊ အားလုံးပေါင်းလိုက်

https://www.thitsarparamisociety.com/



တော့ ဆယ့်နှစ်မျိုး။ အဲဒီ အကုသိုလ်ဆယ့်နှစ်မျိုးဟာ အပုညဘဲ။ အဲဒီ အကုသိုလ်ဆယ့်နှစ်မျိုးကို အပုညခေါ်တယ်။ အဲဒီ အပုညကို သင်္ခါရနဲ့တွဲလိုက်တော့ အပုညသင်္ခါရခေါ်တယ်။

အဲဒီသင်္ခါရကလည်း ကံသင်္ခါရ၊ ကံ၏အကျိုးသင်္ခါရ၊ ပြုလုပ်အားထုတ်မှု သင်္ခါရ၊ ဖြစ်ဖြစ်သမျှ ရုပ်နာမ်အကျိုး သင်္ခါရ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ လို့ သင်္ခါရခုနစ်မျိုး ခွဲထားခဲ့တယ် မဟုတ်လား။ အဲဒီ သင်္ခါရခုနစ်မျိုးတို့တွင် ဒီအပုညသင်္ခါရဟာ ကံသင်္ခါရထဲပါတယ်။ အဲဒီ တစ်ဆယ့်နှစ်မျိုးဆိုတဲ့ အပုညသင်္ခါရဟာ ဘယ်ဘုံများမှာ ဖြစ်နိုင်သလဲလို့ အကုသိုလ် ဖြစ်နိုင်တဲ့ဘုံကို စိစစ်လိုက်တော့ ဘုံ(၃၁)ထဲမှာ အသညသတ်ဘုံ ဆိုတာရှိတယ်။ အဲဒီ အသညသတ်ဘုံမှာ နာမ်မရှိဘူး။ ရုပ်ချည်းသက်သက်ရှိတယ်။ နာမ်မရှိဘဲ ရုပ်ချည်းရှိတဲ့ဘုံဖြစ်သောကြောင့် အသညသတ်ဘုံမှာ သင်္ခါရမရှိနိုင်ဘူး။ သင်္ခါရဆိုတာ နာမ်မဟုတ်လား။

အဲဒီ နာမ်မရှိဘဲ ရုပ်ချည်းရှိတဲ့ဘုံမှာ သင်္ခါရမဖြစ်နိုင်တဲ့အတွက် အဲဒီ တစ်ဘုံကို ချန်ထား။ ဘုံသုံးဆယ်မရှိဘူးလား။ အဲဒီ ဘုံသုံးဆယ်ထဲက အပါယ်လေးဘုံမှာ အကုသိုလ်သင်္ခါရ တစ်ဆယ့်နှစ်ပါးစလုံး ဖြစ်နိုင်တယ်။ လူ့ပြည်နှင့်နတ်ပြည်ခြောက်ထပ်မှာလည်း အကုသိုလ်သင်္ခါရ တစ်ဆယ့်နှစ်ပါးလုံး ဖြစ်နိုင်တယ်။ ဒါဖြင့် အပါယ်လေးဘုံနဲ့ဘာထူးသလဲ။ အကုသိုလ် တစ်ဆယ့်နှစ်ပါးလုံး ဖြစ်နိုင်တဲ့ဘုံချည်းဘဲ။ ရူပဗြဟ္မာဘုံမှာ အသညသတ်ဘုံကို ချန်ထား၍ ပထမစျာန်သုံးဘုံ၊ ဒုတိယစျာန်သုံးဘုံ၊ တတိယစျာန်သုံးဘုံ၊ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပဘုံဆယ်ဘုံလို့ ခေါ်တယ်။ အဲဒီ ရူပဘုံဆယ်ဘုံမှာ ဘုံအားဖြင့် ဒေါသကိုပယ်ထားတယ်။ ဒါကြောင့် ဗြဟ္မာကြီးများ ဘယ်အခါမှ စိတ်မဆိုးဘူးတဲ့။ အဲဒီလို ဘုံအားဖြင့် ဒေါသကို ပယ်ထားတဲ့အတွက် ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဆယ်ဘုံမှာ နေတဲ့ ထိပ်ချွန်ကြီးတွေနဲ့ဗြဟ္မာကြီးတွေလည်း အကုသိုလ်မကင်းသေးဘူးတဲ့။ ဒေါသသာ မဖြစ်တယ်၊ ဒိပြင်ကိလေသာတော့ဖြစ်သေးတာဘဲ။ လောဘအကုသိုလ် ရှစ်ပါးစလုံး၊ မောဟအကုသိုလ်နှစ်ပါးစလုံး အဲဒီ အကုသိုလ် တစ်ဆယ် ဖြစ်နိုင်သေးသတဲ့။

https://www.thitsarparamisociety.com/



ပြီးတော့မှ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌ လို့ သုဒ္ဓါဝါသ ငါးဘုံရှိတယ်။ အဲဒီ သုဒ္ဓါဝါသငါးဘုံမှာ အနာဂါမ် ရဟန္တာသာရှိတယ်၊ သည့်ပြင်ပုဂ္ဂိုလ် မရှိဘူး။ "သုဒ္ဓါဝါသ ဘုံးမရ" ယခု လူ့ပြည် နတ်ပြည်မှာရှိတဲ့သတ္တဝါတွေဟာ သည့်ပြင်ဘုံတွေတော့ မရောက်ဖူးတာမရှိဘူးတဲ့။ သုဒ္ဓါဝါသဘုံ ရောက်ဖူးတဲ့သတ္တဝါရယ်လို့တော့ မရှိနိုင်ဘူးတဲ့။ ဘာဖြစ်လို့လည်းဆိုတော့ အနာဂါမ် ရဟန္တာသက်သက်နေတဲ့ဘုံကိုး။ သုဒ္ဓါဝါသဘုံရောက်ရင်တော့ ပရိနိဗ္ဗာန်စံဘို့ဘဲရှိတော့တယ်။ သည့်ပြင်ဘုံ ပြောင်းဖို့မရှိတော့ဘူး။ အဲဒီသုဒ္ဓါဝါသ ငါးဘုံမှာ ဒိဋ္ဌိဂတသမ္ပယုတ်လေးခု၊ ဝိစိကိစ္ဆာတစ်ခု၊ ဒေါသမူဒွေ့ အားလုံးဘယ်လောက်လဲ။ ခုနစ်ပါး။ အဲဒီ အကုသိုလ်ခုနစ်ပါးး မဖြစ်နိုင်ဘူးတဲ့။ ဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါး၊ ဥဒ္ဓစ္စတစ်ပါး၊ အဲဒီငါးပါးတော့ ဖြစ်နိုင်သေးတယ်။ ဒီတော့ သုဒ္ဓါဝါသငါးဘုံမှာ အကုသိုလ်ဘယ်နှစ်ပါးဖြစ်နိုင်သေးတယ်။ ငါးပါးဖြစ်နိုင်သေးတယ်။ အကုသိုလ်က ဘယ်လောက်သတ္တိကောင်းသလဲ။

ပြီးတော့မှ အာကာဘုံ၊ ဝိညာဘုံ၊ အာကိံဘုံ၊ နေဝသညာဘုံအားဖြင့် အရူပလေးဘုံတဲ့။ အာကာသာနဉ္စာယတနဘုံကို အာကာဘုံ ခေါ်လိုက်တာ။ ဝိညာနဉ္စာယတနဘုံကို ဝိညာဘုံ။ အာကိဉ္စညာယတနဘုံကို အာကိံဘုံ၊ နေဝသညာနာသညာယတနကို နေဝသညာဘုံ လို့ အတိုကောက်အားဖြင့် မှတ်မိအောင်ပြောတယ်။ အာကာဘုံ၊ ဝိညာဘုံ၊ အာကိံဘုံ၊ နေဝသညာဘုံ လေးဘုံ မဟုတ်လား။ အဲဒီ ရူပလေးဘုံမှာလည်းဘဲ ဒေါသမူဒွေ့ကြဉ်တဲ့ အကုသိုလ် တစ်ဆယ်ဖြစ်နိုင်တယ်တဲ့။

ဟို ရုပ်မရှိတဲ့ နာမ်ချည်းဘဲရှိတဲ့ အရူပဘုံမှာလည်းဘဲ အပြစ်ကင်းပလားလို့ ဆိုတော့ မကင်းသေးဘူး။ ဒီတော့ အပုညခေါ်တဲ့ အကုသိုလ်သင်္ခါရသည် အပါယ်လေးဘုံ၊ လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်၊ ကာမတစ်ဆယ့်တစ်ဘုံ၊ အဲဒီ ကာမတစ်ဆယ့်တစ်ဘုံမှာ တစ်ဆယ့်နှစ်ပါးလုံးဖြစ်နိုင်တယ်။ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဆယ်ဘုံမှာ အကုသိုလ်တစ်ဆယ် ဖြစ်နိုင်တယ်။ အရူပလေးဘုံမှာလည်း အကုသိုလ်တစ်ဆယ် ဖြစ်နိုင်တယ်။ သုဒ္ဓါဝါသ ငါးဘုံမှာတော့ အကုသိုလ်ငါးပါးသာ ဖြစ်တယ်။

https://www.thitsarparamisociety.com/



အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှု အဝိဇ္ဇာဟူသောအကြောင်းခံကြောင့်။ အပါယဘုမိယံ၊ အပါယ်လေးဘုံ၌။ သင်္ခါရာ၊ အကုသိုလ်သင်္ခါရ တစ်ဆယ်နှစ်ပါးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားနိုင်ကုန်၏။ ဒီလိုမဟုတ်လား။ အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှုအဝိဇ္ဇာဟူသော အကြောင်းခံကြောင့်။ကာမသုဂတိယံ၊ ကာမသုဂတိခုနစ်ဘုံ၌။ သင်္ခါရာ၊ အကုသိုလ်သင်္ခါရတစ်ဆယ်နှစ်ပါးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်နိုင်ကုန်၏။ အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှုအဝိဇ္ဇာ ဟူသော အကြောင်းခံကြောင့်။ ရူပေ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဆယ်ဘုံ၌။ သင်္ခါရာ၊ ဒေါသမူဒွေ ကြဉ်သော အကုသိုလ်သင်္ခါရ တစ်ဆယ်တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားနိုင်ကုန်၏။

အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှု အဝိဇ္ဇာဟူသော အကြောင်းခံကြောင့်။ သုဒ္ဓါဝါသဘုမိယံ၊ သုဒ္ဓါဝါသ ငါးဘုံ၌။ သင်္ခါရာ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၊ ဥဒ္ဓစ္စဟုဆိုအပ်သော အကုသိုလ်သင်္ခါရငါးပါးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားနိုင်ကုန်၏။ သုဒ္ဓါဝါသ ငါးဘုံမှာလည်း ဖြစ်နိုင်တာဘဲ။ အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှု အဝိဇ္ဇာဟူသောအကြောင်းခံကြောင့်။ အရူပဘုမိယံ၊ အရူပလေးဘုံ၌။ သင်္ခါရာ၊ ဒေါသမူဒွေကြဉ်သော အကုသိုလ်သင်္ခါရတစ်ဆယ်တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားနိုင်ကုန်၏။ အကုသိုလ်ဖြစ်နိုင်တဲ့ဘုံတွေလေ။ အပါယ်လေးဘုံမှာလည်း အကုသိုလ် ဖြစ်တယ်။ လူ့ပြည် နတ်ပြည်ခြောက်ထပ်မှာလည်း အကုသိုလ်ဖြစ်တယ်။ ဗြဟ္မာဘုံမှာလည်း အကုသိုလ်ဖြစ်တယ်။ အသညသတ်ဘုံမှတပါး အကုသိုလ်မဖြစ်နိုင်တဲ့ဘုံရယ်လို့ မရှိပါဘူး။

ဒါကြောင့် ရင်ထဲနှလုံးထဲမှာ သက္ကာယဒိဋ္ဌိ မကင်းလွတ်ကြသေးလျှင် ဘယ်ဘုံမှာဘဲနေနေ အပါယ်လေးဘုံပြန်ကျရမယ်။ ဘာဖြစ်လို့လဲ။ အကုသိုလ်မဖြစ်တဲ့ဘုံက မရှိဘဲကိုး။ အေး...ဒီတော့ သက္ကာယဒိဋ္ဌိဆိုတဲ့အစွဲက အပါယ်ကို ချသည်မဟုတ်။ သက္ကာယဒိဋ္ဌိအစွဲရှိနေတဲ့ပုဂ္ဂိုလ်က အကုသိုလ်လုပ်တယ်။ သက္ကာယဒိဋ္ဌိအစွဲရှိနေတဲ့လူက အကုသိုလ်လုပ်တော့ကာ ဒီအကုသိုလ်ကံက အပါယ်ချတာ။ ဒါကြောင့် သက္ကာယဒိဋ္ဌိ ရင်ထဲနှလုံးထဲ ရှိနေလျှင် သုဒ္ဓါဝါသဘုံကလွဲရင် ဘယ်ဘုံဘဲရောက်နေနေ တစ်နေ့ကျ အပါယ်ပြန်ကျရအုံးမှာဘဲ...တဲ့။

https://www.thitsarparamisociety.com/



စတ္တာရော အပါယာ သကဂေဟသဒိသာ၊ အဋ္ဌကထာကလေ။ စတ္တာရောအပါယာ၊ အပါယ်လေးသွယ် အောက်ရပ်နယ်တို့မည်သည်။ သကဂေဟဒိသာ၊ မိမိတို့နေအိမ်နှင့်ပမာတူကုန်၏။ သတ္တဝါတွေဟာ တခြားမြို့ရွာသွားရင် ခဏခေတ္တသာအလည်သွားကြတယ်။ တော်တော်ကြာတော့ ကိုယ့်အိမ်ကိုယ်ပြန်ကြတယ် မဟုတ်လား။ အေး...လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို ခေတ္တခဏ အလည်လာကြတာ တော်တော်ကြာတော့ ကိုယ့်အိမ်နဲ့တူတဲ့အပါယ်ကိုဘဲပြန်ကြရမှာ ဒီတော့သာသနာတော်ကြီးနဲ့တွေ့ကြုံတဲ့အခိုက် ရင်ထဲနှလုံးထဲမှာ သက္ကာယဒိဋ္ဌိကင်းဘို့ အရေးမကြီးဘူးလား။ သာသနာတော်ကြီးနဲ့တွေ့ကြုံတဲ့အခိုက်မှ သက္ကာယဒိဋ္ဌိမကင်းနိုင်သေးလျှင် ဘယ်အခါမှ ကင်းနိုင်ဘို့မရှိတော့ဘူး။ ဒီတော့ သာသနာနဲ့တွေ့တဲ့အခါ ဒိဋ္ဌိကင်းဖို့အရေးကြီးတယ်နော်။ ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင် မရှောင်အဟုတ် နောက်မဆုတ်ဘဲ အားထုတ်ရမည့်သဘောကို သတ္တိယာဝိယဩမဋ္ဌောဟု ဟောကြားတော်မူခဲ့လေပြီတကား။ မြတ်စွာဘုရားကလေ အရေးကြီးလွန်းလို့...

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္တကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။
ဘုရားတိုက်တွန်းခဲ့တာ။

ရင်ဝလှံစူးနေတဲ့လူဟာ လှံကိုနှုတ်ဖို့အပြင် သည့်ပြင်အရေး အရေးလုပ်အားပါအုံးမလား။ ခေါင်းမီးလောင်နေတဲ့လူဟာ လောင်နေတဲ့မီးငြိမ်းဖို့အပြင် သည့်ပြင်အရေး အရေးလုပ်အားပါ့မလား။ အေး...အဲဒီလိုဘဲတဲ့။ ကိုယ့်ရင်ထဲနှလုံးထဲမှာ ငါစွဲရှိနေသေးလျှင် ဒီငါစွဲဖြုတ်ဖို့ရာအရေး တစ်ခုကိုဘဲ အရေးလုပ်ပါတဲ့။ သည့်ပြင်ကိစ္စတွေကို အရေးမလုပ်ပါနဲ့တဲ့။ ဘာဖြစ်လို့လဲ။ ဒီ သက္ကာယဒိဋ္ဌိကြီးတန်းလန်းရှိနေလျှင် အကုသိုလ်ဖြစ်အုံးမယ်။ အကုသိုလ်ဖြစ်ပြီး အပါယ်ပြန်သွားရအုံးမယ်။ ဒီတော့ အပါယ်ဆိုတာ သက်သာတာ မဟုတ်ပါဘူး။ ကိုယ့်အိမ်ဆိုပေမယ်လို့ ကိုယ့်အိမ်တိုင်းလည်းကောင်းတယ်လို့ မအောက်မေ့ကြပါနဲ့။ အိမ်ကလည်း တယ်ပြန်ချင်ကြတာကိုး။ ခုတိုင်းသာနေကြလျှင်တော့ ပြန်ကြရမှာဘဲ။

https://www.thitsarparamisociety.com/



ဘဝမြုံသိုက် ရှိန်ရှိန်အိုက်သား အမှိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့်ဆိုတဲ့ ဒီစကားဟာ အပုညာဘိသင်္ခါရ ပြတဲ့စကား။

ဘဝနောင်ခါ သံသရာဝယ် လူ့ရွာနတ်ငြိမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ငြိလျက် ဂတိနောင်ကို ကောင်းစေလိုဟု ကုသိုလ်အရိုးအမျိုးမျိုးကို ကြိုးကြိုးစားစား ပြုတုံငြားက ဆယ်ပါးပုညဆိုတဲ့ ဒီစကားထဲမှာ ကုသိုလ်အရိုးဆိုတာဘာလဲ။ ကုသိုလ်အရိုးဆိုတာ ကမ္ဘာ့ဓမ္မတာအားဖြင့် ပြုရိုးပြုစဉ်ကုသိုလ်တွေကို ခေါ်တယ်။ ကမ္ဘာ့ဓမ္မတာအားဖြင့် ပြုရိုးပြုစဉ်ကုသိုလ်က ဘယ်နှစ်မျိုးရှိတယ်။ သုစရိုက်ဆယ်ပါး၊ ပုညကြိယာဝတ္ထုဆယ်ပါး၊ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးမှရှောင်ကြဉ်တာကို သုစရိုက်ဆယ်ပါးခေါ်တယ်။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌုဇုကမ္မဆိုတာကို ပုညကြိယာဝတ္ထုဆယ်ပါးခေါ်တယ်။ အဲဒီသုစရိုက်ဆယ်ပါးနဲ့ပုညကြိယာဆယ်ပါးကိုကမ္ဘာ့ဓမ္မတာအားဖြင့် ပြုရိုးပြုစဉ်ကုသိုလ်လို့ပြောတာ။ အဲဒီပြုရိုးပြုစဉ်ကုသိုလ် ပုညကြိယာဆယ်ပါးထဲမှာ ဘာဝနာဆိုတဲ့တရားပါတယ်။

အသုဘ အစရှိသော အာရုံတွေကို အာရုံပြု၍ ပွားများတဲ့အခါ ဈာန် ဖြစ်နိုင်တယ်။ အဲဒါကြောင့် ပုညကြိယာဝတ္ထုဆယ်ပါးကို အားထုတ်တဲ့အခါ ပုညာဘိသင်္ခါရ ဆိုတာ ဖြစ်နိုင်တယ်တဲ့။ ဒါကြောင့် ဆယ်ပါးပုညကို ပြောတာ။ အပုညဆိုတဲ့ အကုသိုလ်ကျတော့ ဆယ့်နှစ်ပါး။ ပုညခေါ်တဲ့ ပုညာဘိသင်္ခါရက ကာမာဝစရကုသိုလ်ရှစ်ပါး။ ရူပဈာန်ကုသိုလ်ငါးပါး၊ အဲဒါ ပေါင်းလိုက်တော့ တစ်ဆယ့်သုံးပါး။ သူလည်း ကံသင်္ခါရဘဲ မဟုတ်လား။

ကာမကုသိုလ်ရှစ်ပါးက ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ ကုသိုလ်လေးပါး၊ ငြိမ်ငြိမ်သက်သက်ဖြစ်တဲ့ ကုသိုလ်လေးပါး။ ဝေဒနာ၊ ဉာဏဘေဒေန၊ ဝေဒနာအပြား၊ ဉာဏ်အပြား၊ သင်္ခါရအပြားအားဖြင့် ခွဲရမယ်ဆိုတာကိုး။

https://www.thitsarparamisociety.com/



ကာမကုသိုလ်ရှစ်ပါးထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ ကုသိုလ်လေးပါး။ ငြိမ်ငြိမ်သက်သက်ဖြစ်တဲ့ ကုသိုလ်လေးပါး၊ အေး...နှစ်ခုပေါင်းလိုက်တော့ ရှစ်ပါး။ အေး...အဲဒါ ကာမကုသိုလ်ရှစ်ပါး ခေါ်တယ်။

ဉာဏ်ယှဉ်၍ဖြစ်တဲ့ ကုသိုလ်လေးပါး၊ ဉာဏ်မယှဉ်ဘဲဖြစ်တဲ့ ကုသိုလ်လေးပါး၊ နှစ်ခုပေါင်းလိုက်တော့ ရှစ်ပါး။ အဲဒါလည်း ကာမကုသိုလ် ရှစ်ပါးဘဲ။

ပြီးတော့မှ တိုက်တွန်း၍ဖြစ်တဲ့ကုသိုလ်လေးပါး၊ မတိုက်တွန်းဘဲဖြစ်တဲ့ ကုသိုလ်လေးပါး၊ နှစ်ခုပေါင်းလိုက်တော့ ရှစ်ပါးဘဲ။

ဝေဒနာအပြား၊ ဉာဏ်အပြား၊ သင်္ခါရအပြားအားဖြင့် ကာမဝစရ ကုသိုလ်ကို ခွဲရတယ်။

၁။ ဝေဒနာအပြားအားဖြင့်ခွဲတော့ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ ကုသိုလ်၊ ငြိမ်ငြိမ်သက်သက်ဖြစ်တဲ့ ကုသိုလ်။

၂။ ဉာဏ်နဲ့ခွဲတော့ကာ ဉာဏသမ္ပယုတ် ကုသိုလ်၊ ဉာဏဝိပ္ပယုတ် ကုသိုလ်။

၃။ သင်္ခါရနဲ့ခွဲတော့ကာ တိုက်တွန်းမှုရှိတဲ့ ကုသိုလ်၊ တိုက်တွန်းမှု ကင်းတဲ့ ကုသိုလ်။

ဒီတော့ ဘယ်လိုဘဲခွဲခွဲ ကာမကုသိုလ်ရှစ်ပါးပါဘဲ။ သုစရိုက်ဆယ်ပါး ပြုလုပ်လျှင်လည်း ကာမကုသိုလ်ရှစ်ပါးဘဲ။ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်တော့လည်း ကာမကုသိုလ် ရှစ်ပါးဘဲ။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ ဆိုတဲ့ ပုညကြိယာ ဝတ္ထုဆယ်ပါးကို ပြုပြန်တော့လည်း ကာမကုသိုလ်ရှစ်ပါးဘဲ။ အပ္ပ

https://www.thitsarparamisociety.com/



နာ ဘာဝနာရောက်တဲ့ ရူပကုသိုလ် စျာန်ငါးပါးနဲ့ ကာမကုသိုလ်ရှစ်ပါး ပေါင်းလိုက်တော့ တစ်ဆယ့်သုံးပါးကို ပုညာဘိသင်္ခါရ ခေါ်တယ်။

အကုသိုလ် တစ်ဆယ့်နှစ်ပါးက အပုညာဘိသင်္ခါရ။
ကာမကုသိုလ်၊ ရူပကုသိုလ်နှစ်ရပ်ပေါင်း တစ်ဆယ့်သုံးပါးက ပုည ဘိသင်္ခါရ။
ပြီးတော့မှ "အရူပစျာန်၊ ပွားများပြန်က၊ အာနေဉ္စဟု" ဒို့က ဆို ထားတယ်မဟုတ်လား။ အရူပစျာန်က အားထုတ်ပုံတနည်း၊ အာရုံက မတူ ဘဲကိုး။
အာကာသာနဉ္စာယတန စျာန်ရဘို့က ကောင်းကင်အာရုံပြုရတယ်။
ဝိညာဏဉ္စာယတနစျာန်ကို ရဘို့က အာကာသာနဉ္စာယတနဝိညာဏ် ကို အာရုံပြုရတယ်။
အာကိဉ္စညာယတနစျာန်ရဘို့က နတ္ထိဘောပညတ်ကို အာရုံပြုရတယ်။
နေဝသညာနာသညာယတနစျာန် ရဘို့က အာကိဉ္စညာယတနစျာန် ကို အာရုံပြုရတယ်။

အာရုံကထူးနေတော့ အရူပစျာန်ရဘို့ အားထုတ်ပုံက တမျိုးဖြစ် မနေဘူးလား။ ဒါကြောင့် "အရူပစျာန်၊ ပွားများပြန်က၊ အာနေဉ္စဟု" အာ ကာရယ်၊ ဝိညာရယ်၊ အာကိံရယ်၊ နေဝရယ်၊ အရူပစျာန်လေးမျိုး၊ အဲဒီ လေးမျိုးကို အာနေဉ္စာဘိသင်္ခါရ ခေါ်တယ်တဲ့။

အာနေဉ္စဆိုတဲ့ အရူပစျာန်လေးပါးဟာ ထိုထိုအာရုံတွေကြောင့် တုန်လှုပ်ခြင်း မရှိဘူးတဲ့။ အင်မတန်ခိုင်မြဲတဲ့ သမာဓိလို့ ဆိုတယ်။ အရူ ပကုသိုလ်တော့ အာနေဉ္စရယ်လို့ သူ့အမည်နဲ့သူ တမျိုးခေါ်ပြန်တယ်။ ဒီ တော့ အပုညသင်္ခါရ၊ ပုညသင်္ခါရ၊ အာနေဉ္စသင်္ခါရလို့ သင်္ခါရသုံးမျိုးစုံသွား ရော။ အပုညသင်္ခါရကဆယ့်နှစ်ပါး၊ ပုညသင်္ခါရက ဆယ့်သုံးပါး၊ အာနေဉ္စ သင်္ခါရက လေးပါး။ ပေါင်းလိုက်တော့ ၂၉–ပါး။ အဲဒီ သင်္ခါရ ၂၉–ပါးဟာ ဘယ်သူ့ကြောင့်ဖြစ်တယ်။ အဝိဇ္ဇာကြောင့်ဖြစ်တယ်။ အေး…အဝိဇ္ဇာကြောင့်

https://www.thitsarparamisociety.com/



သင်္ခါရ ၂၉-ပါး ဖြစ်သည်ကို သိစေလိုသောကြောင့် အဲဒီပထမပုဒ်မှာ ဒီ အဝိဇ္ဇာပစ္စယာသင်္ခါရာကို ပြတာ။ မသိမိုက်မဲမှု အဝိဇ္ဇာကြောင့် သင်္ခါရသုံး မျိုး ဖြစ်တယ်။ အကုသိုလ်အဝိဇ္ဇာကြောင့် အကုသိုလ်အပုည ဖြစ်တယ်ဆို တာတော့ ရှိပါစေတော့။ အကုသိုလ်အဝိဇ္ဇာကြောင့် ပုညကုသိုလ်သင်္ခါရ၊ အာနေဥ္စကုသိုလ်သင်္ခါရ ဖြစ်တယ်ဆိုတာ တွေးတောစရာ ဖြစ်နေတယ်။

တနေ့က စကားမသိမ်းလိုက်မိဘူး။ အဝိဇ္ဇာဆိုတာ ကိလေသာ မဟုတ်လား။ ကိလေသာဆိုတာ အခိုက်အတန့် သုံးမျိုးရှိတယ်။ အနုသယ အခိုက်အတန့်၊ ပရိယုဋ္ဌာန အခိုက်အတန့်၊ ဝီတိက္ကမ အခိုက်အတန့်လို့ ကိလေသာမှန်လျှင် ဘယ်ကိလေသာဘဲဖြစ်ဖြစ် အဲဒီလို အခိုက်အတန့် သုံးမျိုး လာရမယ်။

အနုသယဆိုတာ "အစဉ်မပြတ်၊ ငုတ်ကိန်းဝပ်၊ မျိုးဓာတ်နုသယာ" သတ္တဝါတို့ရဲ့ ခန္ဓာထဲမှာ အစဉ်မပြတ်ကိန်းပြီးတော့ နေတယ်။ ဒါနပြုလို့ ဘဲနေနေ၊ သီလစောင့်ရှောက်လို့ဘဲနေနေ၊ ဘုရားရှိခိုးလို့ဘဲနေနေ၊ ဘာကု သိုလ် လုပ်နေနေ၊ ဒီအနုသယကတော့ မျိုးဓာတ်အားဖြင့် ကိန်းလျှက်ဘဲ။ အဲဒီ အနုသယမျိုးကိုတော့ မဂ်ကျမှပယ်နိုင်တယ်။ မဂ်နဲ့မပယ်သရွေ့ ဒီ အနုသယ မပြတ်ဘူး။ အနုသယမျိုးပြတ်အောင် မဂ်နဲ့ပယ်ရမယ်။

ဒီတော့ အဝိဇ္ဇာကို မျိုးပြတ်အောင် မဂ်နဲ့ပယ်ရမယ် ဆိုလျှင်ဖြင့် သောတာပတ္တိမဂ်နဲ့တစ်ကြိမ်ပယ်၊ သကဒါဂါမိမဂ်နဲ့တစ်ကြိမ်ပယ်၊ အနာဂါမ် မိမဂ်နဲ့ တစ်ကြိမ်ပယ်၊ အရဟတ္တမဂ်နဲ့ တစ်ကြိမ်ပယ်။ လေးကြိမ်လေးခါ ပယ်မှ အဝိဇ္ဇာမျိုးပြုတ်တယ်။ လေးကြိမ်လေးခါ မပယ်လျှင် ဒီအဝိဇ္ဇာမျိုး မပြုတ်ဘူး။ အဲဒီ အဝိဇ္ဇာမျိုး မပြုတ်ခြင်းကြောင့် အဝိဇ္ဇာအနုသယဟာ သတ္တဝါသန္တာန်မှာ ကိန်းလျက် ရှိမနေကြဘူးလား။အေး...အဲဒီသတ္တဝါသန္တာန် မှာ ကိန်းလျက်ရှိနေတဲ့ အနုသယအဝိဇ္ဇာက အကုသိုလ်လည်းဖြစ်အောင် အားပေးတယ်။ ကုသိုလ်လည်းဖြစ်အောင် အားပေးတယ်။ ဒါကို ဥပနိဿ ယပစ္စည်း ခေါ်တယ်။

https://www.thitsarparamisociety.com/



ဘုရား ရဟန္တာကျတော့ အဝိဇ္ဇာပြတ်သွားတယ်။ အဝိဇ္ဇာပြတ်သွားတော့ ဘုရား ရဟန္တာများ ကုသိုလ်ကောင်းမှုလုပ်ရာမှာ ကုသိုလ်ဖြစ်သေးသလား။ မဖြစ်ဘူး။ ဘာဖြစ်လို့လဲ။ အဝိဇ္ဇာမရှိလို့နော်။ ဒီတော့ အဝိဇ္ဇာနုသယ ရှိနေသရွေ့ အဝိဇ္ဇာနုသယ မပြတ်သရွေ့ကာလပတ်လုံး အဝိဇ္ဇာနုသယဓာတ် ရင်ထဲမှာ ကိန်းဝပ်လျက် ရှိနေကြလျှင် အကုသိုလ်ကိုလည်း ဖြစ်အောင် အဝိဇ္ဇာကအားပေးလိမ့်မယ်။ ကုသိုလ်ကိုလည်းဖြစ်အောင် အားပေးလိမ့်မယ်။

ဒါကြောင့် အနုသယအဝိဇ္ဇာကြောင့် အကုသိုလ်လည်း ဖြစ်သည်။ ကုသိုလ်လည်း ဖြစ်သည်။ ပရိယုဋ္ဌနအဝိဇ္ဇာနှင့် ဝီတိက္ကမအဝိဇ္ဇာတော့ အကုသိုလ်သာ ဖြစ်သည်။ ရင်ထဲနှလုံးထဲမှာ အကုသိုလ်စိတ် ဖြစ်ပေါ်နေတဲ့အခိုက်ကို ပရိယုဋ္ဌာနအဝိဇ္ဇာ ခေါ်တယ်။ ထကြွသောင်းကျန်းတယ်။ ကာယကံ၊ ဝစီကံ အားဖြင့်တော့ မကျူးလွန်ဘူး။ ရင်ထဲမှာတော့ အဝိဇ္ဇာက ကလိကလိနဲ့ ဖြစ်နေတယ်။ အေး...ရင်ထဲမှာ ထကြွသောင်းကျန်းနေတဲ့ ပရိယုဋ္ဌာနအဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်နိုင်တယ်။

ကာယကံမှု၊ ဝစီကံမှု ကျူးလွန်တဲ့ ဝီတိက္ကမအဝိဇ္ဇာကြောင့်လည်း အကုသိုလ် ဖြစ်နိုင်တယ်။ ဒီတော့ ပရိယဋ္ဌာန အဝိဇ္ဇာ၊ ဝီတိက္ကမ အဝိဇ္ဇာလို့ နှစ်မျိုး ဖြစ်ရောမဟုတ်လား။အဲဒီ ပရိယုဋ္ဌာနအဝိဇ္ဇာ၊ ဝီတိက္ကမအဝိဇ္ဇာနှစ်ပါးကြောင့် အကုသိုလ်သင်္ခါရသာ ဖြစ်နိုင်တယ်။ ကုသိုလ်သင်္ခါရ မဖြစ်နိုင်ဘူး။ အနုသယအဝိဇ္ဇာကြောင့် အကုသိုလ်သင်္ခါရရော ကုသိုလ်သင်္ခါရရော အကုန်လုံးဖြစ်နိုင်တယ်။

ဒီတော့ အဝိဇ္ဇာကို သုံးမျိုးခွဲထားပြီး အပုညသင်္ခါရသည် မဂ်ဖြင့် မပယ်ရသေးသည်ဖြစ်၍၊ သတ္တဝါသန္တာန်မှာ အစဉ်မပြတ် ကိန်းဝပ်သောမျိုးဓာတ်၊ အနုသယအဝိဇ္ဇာ၊ သတ္တဝါ၏ ရင်ထဲနှလုံးထဲမှာ ဆူပွက်ထကြွနေသော ပရိယုဋ္ဌာန အဝိဇ္ဇာ။

https://www.thitsarparamisociety.com/



ကာယကံမှု၊ ဝစီကံမှုရောက်အောင် လွန်ကျူးနိုင်စက်သော ဝိတိက္ကမ အဝိဇ္ဇာအားဖြင့် သုံးမျိုးသောအကြောင်းတို့ကြောင့် ဖြစ်နိုင်တယ်။

ပုညသင်္ခါရနှင့် အာနေဉ္ဇသင်္ခါရနှစ်ပါးတို့သည် အစဉ်မပြတ်ကိန်းဝပ်သော မျိုးစေတ် အနုသယအဝိဇ္ဇာ အကြောင်းတစ်ပါးကြောင့်သာ ဖြစ်နိုင်တယ်။ အဲဒီလိုခွဲမှ အဝိဇ္ဇာပစ္စယာသင်္ခါရာ သဘောပေါက်လိမ့်မယ်။ အဲဒီလိုမခွဲလျှင် အဝိဇ္ဇာပစ္စယာသင်္ခါရာ သဘောမပေါက်နိုင်ဘူး။

မသိမိုက်မဲမှုအဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်တယ်ဆိုတာတော့ ဟုတ်ပါစေတော့။ မသိမိုက်မဲမှုအဝိဇ္ဇာကြောင့် ကုသိုလ်ဖြစ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား လို့ တွေးတောစရာပေါ့။

ဝိရုဒ္ဓေါစ ဝိရုဒ္ဓေါစ၊ သဒိသာ သဒိသော တထာ။

လောကမှာ မဆန့်ကျင်မှသာလျှင် အကြောင်းအကျိုးဖြစ်သည် မဟုတ်ဘူးတဲ့။ ဆန့်ကျင်လျှက်နဲ့လည်း အကြောင်းအကျိုးဖြစ်တယ်တဲ့။ တူမှသာ အကြောင်းအကျိုးဖြစ်သည် မဟုတ်။ မတူဘဲနဲ့လည်း အကြောင်းအကျိုး ဖြစ်သည်တဲ့။ ဒီတော့ အဝိဇ္ဇာကိလေသာအကုသိုလ်နဲ့ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်တို့နဲ့ ဆန့်ကျင်ပေမယ်လို့ အကြောင်းအကျိုးတော့ ဖြစ်နိုင်တယ်တဲ့...နော်။

အဝိဇ္ဇာအကုသိုလ်နဲ့ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပဝစရကုသိုလ်တို့ဟာ တူရဲ့လား။ မတူဘူး။ မတူဘဲနဲ့လည်း အကြောင်းအကျိုး ဖြစ်တယ်။ မဆန့်ကျင်မှသာလျှင် အကြောင်းအကျိုးဖြစ်တယ်လို့ ဒီလို တထစ်ချမှတ်မထားနဲ့။ ဆန့်ကျင်ဘက်လည်း အကြောင်းအကျိုး ဖြစ်တာဘဲ။ အတူဘဲနဲ့လည်း အကြောင်းအကျိုး ဖြစ်တာဘဲ။ အဝိဇ္ဇာအကုသိုလ်ကြောင့် ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပဝစရကုသိုလ်တွေ ဖြစ်တာ မတူဘဲနဲ့လည်း အကြောင်းအကျိုး ဖြစ်တာနော်။

https://www.thitsarparamisociety.com/



ဒီနေရာမှာ ထင်ရှားတာက ဘာထင်ရှားသလဲ။ အဝိဇ္ဇာကင်းပြတ်သွားတဲ့ ဘုရား ရဟန္တာကိုယ်တော်မြတ်တွေမှာ ကုသိုလ်ကောင်းမှု မဖြစ်ဘူး။ အဝိဇ္ဇာမကင်းပြတ်သေးတဲ့ ပုဂ္ဂိုလ်မှန်လျှင်တော့ ကုသိုလ် ဖြစ်ရမယ်ပေါ့။ ဒီတော့ အနုသယအဝိဇ္ဇာက သေက္ခပုထုဇဉ်တို့သန္တာန်မှာ ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုပုံထင်ရှားတယ် မဟုတ်လား။

ဒါဖြင့် တစ်ခု လာခဲ့အုံး။ လောကမှာ အကြောင်းတစ်ပါးကြောင့် အကျိုးတစ်ပါး ဖြစ်ခြင်း၊အကြောင်းတစ်ပါးကြောင့် အကျိုးအများ ဖြစ်ခြင်း၊ အကြောင်းအများကြောင့် အကျိုးတစ်ပါးဖြစ်ခြင်း ထုံးစံမရှိဘူးတဲ့။ အကြောင်းအများကြောင့်သာ အကျိုးအများ ဖြစ်ရိုးထုံးစံ ရှိတဲ့အတွက် များစွာသောအကြောင်းတို့ကြောင့် များစွာသောအကျိုးတွေပေါ်ရမယ်။ ဒါ,ထုံးစံမှတာလေ။

အဲဒီလို ထုံးစံမှတာ ရှိပါလျက်ကနဲ့ အဝိဇ္ဇာတစ်ပါးထဲကြောင့် အကုသိုလ်ကံ ကုသိုလ်ကံတွေ ဖြစ်တယ်လို့ အကြောင်းတစ်ပါးထဲကို မြတ်စွာဘုရား ဟောတော်မူတာ။ ဘာကိုအာရုံပြု၍ ဟောတော်မူသလဲဆိုတာ တွေးတတ်တဲ့ဉာဏ်ရှိတဲ့လူတွေက တွေးဘို့ပေါ့။

ဝေနေယျဇ္ဈာသယ၊ ဒေသနာဝိလာသတဲ့။ ဝေနေယျဇ္ဈာသယ ဆိုတာက ဝေနေယျတို့၏အလိုကိုလိုက်ပြီး အဝိဇ္ဇာတစ်ပါးတည်းကြောင့် အကုသိုလ်သင်္ခါရ၊ ကုသိုလ်သင်္ခါရတွေ ဖြစ်တယ်လို့ဟောလိုက်လျှင် ကျွတ်မဲ့ပုဂ္ဂိုလ်ရှိတယ်။ အဲဒီလို ကျွတ်မဲ့ပုဂ္ဂိုလ်ကိုရည်စူး၍ ဟောတာလည်း ရှိတယ်။ ဒေသနာဝိလာသ ဆိုတာက ဓမ္မိဿရ၊ ဓမ္မသာမိဖြစ်၍ တရားကိုအစိုးရတဲ့ တရားအရှင်ကိုယ်တော်မြတ်ကြီးက ဒေသနာကို တင့်တယ်အောင်တန်ဆာဆင်ပြီး ဒေသနာဝိသာသအားဖြင့် အမျိုးမျိုး ဟောလေ့ရှိတော်မူတယ်။

ဒါကြောင့် ပဓာနအကြောင်း၊ ပါကဋအကြောင်း၊ အသာဓာရဏအကြောင်းတွေကို အကြောင်းပြုပြီးတော့က ဝေနေယျဇ္ဈာသယ၊ ဒေသနာ

https://www.thitsarparamisociety.com/



ဝိလာသ အားဖြင့် ကိုယ်တော်မြတ်ဟောတော်မူတာ။ အမှန်အားဖြင့် အဝိဇ္ဇာတစ်ပါးတည်းကြောင့် သင်္ခါရဖြစ်လို့ ဟောတော်မူတာ မဟုတ်ဘူးတဲ့။ ဒါဖြင့် ဘယ်လိုပဓာန ဖြစ်သလဲ။ တဏှာလောဘနဲ့ စွဲလမ်းခြင်းဥပါဒါန် ကြောင့်လည်း ကံသင်္ခါရတွေကို ပြုလုပ်ကြတယ်။ အဲဒီ ကံ၏အကြောင်း ကိုရှာတော့ တဏှာလောဘနှင့် စွဲလမ်းခြင်းဥပါဒါန် ဖြစ်တယ်။ အဲဒီ တဏှာလောဘနဲ့ စွဲလမ်းခြင်းဥပါဒါန်ရဲ့အကြောင်းကို တခါရှာပြန်တော့ အဝိဇ္ဇာဖြစ်နေပြန်တယ်။

ဒီတော့အဝိဇ္ဇာက ကံဖြစ်ရာမှာ အကြောင်းရင်းကျမနေဘူးလား။ အဲဒီ အကြောင်းရင်းကို ပဓာနအကြောင်းလို့ ခေါ်တယ်။ အဲဒီ ပဓာနအကြောင်းကို သိစေလိုသောကြောင့် အကြောင်းအများတွေကို ထုတ်ဖော်ပြီး မဟောဘဲနဲ့ အဝိဇ္ဇာပစ္စယာသင်္ခါရာလို့ အကြောင်းတစ်ပါးထဲကို ဟောတာ။

ပဓာနအကြောင်းပြီးတော့ ပါကဋအကြောင်းနော်။ သေမှသံဃာနာ အာဗာဓာ၊ သလိပ်နည်းခြင်း၊ သလိပ်များခြင်းကြောင့် ဖြစ်တဲ့ရောဂါကို သလိပ်ရောဂါ ခေါ်တယ်။ သလိပ်ရောဂါမှာ သွေး သည်းခြေ လေ ဆိုတဲ့ ဓာတ်တွေကော ညီညွတ်ရဲ့လားဆိုတော့ သွေး သည်းခြေ လေ ဆိုတဲ့ ဓာတ်တွေလည်း မညီညွတ်ပါဘူးတဲ့။ သို့ပေမယ်လို့ သလိပ်ကထင်ရှားနေတယ်။ ဒီတော့ သလိပ်ကိုပျောက်အောင် ကုလိုက်လျှင် သွေး သည်းခြေ လေ အစရှိတဲ့ ဓာတ်တွေလည်းဘဲ အလိုလို ညီညွတ်သွားတယ်။ ထင်ရှားတဲ့အကြောင်းကိုသာ ပျောက်အောင်ကုလိုက်၊ မထင်ရှားတဲ့အကြောင်းဟာ အလိုလို ပျောက်သွားလိမ့်မယ်။ ထိုနည်းတူစွာ အဝိဇ္ဇာမှတပါး အကုသိုလ်ကိလေသာတွေ အများကြီးရှိပါတယ်။ ရှိပင်ရှိသော်လည်း အဝိဇ္ဇာကို ပျောက်အောင် တတ်နိုင်လို့ရှိလျှင် ဒိပြင်အကုသိုလ်တွေ အလိုလိုပျောက်ပါတယ်၊ သူတို့ကို ကုနေစရာ မလိုပါဘူးတဲ့။

https://www.thitsarparamisociety.com/



ဒီတော့ ကုသိုလ် အကုသိုလ်ဖြစ်ရာမှာ အဝိဇ္ဇာသည် ထင်ရှားတဲ့ ပါကဋအကြောင်းတဲ့။ ဒါကြောင့် အဝိဇ္ဇာယ တွေဝအသေသ ဝိရာဂနိရော ဓာ၊ အဝိဇ္ဇာ ချုပ်အောင်လုပ်၊ အဝိဇ္ဇာချုပ်သွားလျှင် ဒီပြင်အကုသိုလ်တွေ ဟာ "ကျွဲကူးရေပါ" အလိုလိုပါသွားတာဘဲ။ ဒီပြင်ဟာတွေ လုပ်နေစရာ မလိုတော့ဘူးတဲ့။

ဒီလို ပါကဋအကြောင်းဖြစ်သောကြောင့်လည်းဘဲ အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ အဝိဇ္ဇာအကြောင်းတစ်ပါးထဲ ဟောတာတဲ့။

ပဓာနအကြောင်း၊ ပါကဋအကြောင်းတို့ပြီးတော့ အသာဓါရဏ အကြောင်းနော်။ ဘုရား ရဟန္တာများမှာ အရဟတ္တမဂ်ဖြင့် ကိလေသာအား လုံးကို ပယ်ပြီးသည်ဖြစ်၍ အဝိဇ္ဇာမရှိတာ ထင်ရှားတယ်။ ဒါဖြင့် အဝိဇ္ဇာ ကြောင့်သင်္ခါရ ဖြစ်တယ်ဆိုတဲ့စကားဟာ ဘုရား ရဟန္တာနဲ့ မဆက်ဆံဘူး၊ ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်များနဲ့သာ ဆက်ဆံတယ်။ အဲဒီ ဘုရား ရဟန္တာနဲ့ မဆက်ဆံတဲ့ အသာဓာရဏအကြောင်းကို သိစေလို၍ အဝိဇ္ဇာပစ္စယာသင်္ခါရာ လို့ ဟောတော်မူတာ။ အကြောင်းတစ်ပါးကြောင့် အကျိုးတစ်ပါး ဖြစ်စ ကောင်းလို့၊ အကြောင်းတစ်ပါးကြောင့် အကျိုးအများ ဖြစ်စကောင်းလို့၊ အကြောင်းအများကြောင့် အကျိုးတစ်ပါး ဖြစ်စကောင်းလို့ ဟောသည်မ ဟုတ်။ ပဓာနအကြောင်း ပါကဋအကြောင်း အသာဓာရဏအကြောင်း ဖြစ် သောကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ ဟောတော်မူတာ။

ဒါဖြင့် ပဏ္ဏာမကို ပြတဲ့စကား၊ ပဋိညာဉ်ကို ပြတဲ့စကား၊ အဝိဇ္ဇာ ကို ပြတဲ့စကား၊ အပုညာဘိသင်္ခါရ၊ ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဆိုတဲ့ သင်္ခါရသုံးပါးကို ပြတဲ့စကား။ ပြီးသွားပြီ မဟုတ်လား။

နောက်ဆုံးပိတ် "အရှုပစျာန်၊ ပွားများပြန်က၊ အာနေဉ္ဇဟု၊ ဘဝ နှီးရင်း၊ ပွားတုံလျှင်းသည်"။ဒီစကားက သမ္ဘဝန္တိကြိယာကို ပြတာ။ သမ္ဘဝန္တိ၊ ဘဝအရင်းအနှီး စုဆောင်းသောအားဖြင့် ကုသိုလ်အကုသိုလ်တရားတို့သည် သတ္တဝါသန္တာန်မှာ ဖြစ်ပွားနေကြလေကုန်၏။ ဒီလိုဆိုလိုတာ။ သတ္တဝါသန္တာန်

https://www.thitsarparamisociety.com/



မှာ အကုသိုလ်ဖြစ်တယ်။ ဘာလို့ ဖြစ်ရသလဲ။ ဘဝအရင်းအနှီး စုဆောင်းထူထောင်သောအားဖြင့် ဖြစ်ရတယ်။ အကုသိုလ်မဖြစ်လျှင် ဒီသတ္တဝါ အပါယ်ဘယ့်နှယ်လုပ် သွားမလဲ။ ဒါကြောင့် အပါယ်ဘဝသွားဘို့ရာ ဘဝအရင်းအနှီး စုဆောင်းရတယ်။

ကာမာဝစရကုသိုလ်ဖြစ်တော့ ဘယ်ဘဝအရင်းအနှီးလဲ။ လူ့ဘဝ၊ နတ်ဘဝ အရင်းအနှီး။ ကာမာဝစရကုသိုလ်ကြောင့် လူ့ဘုံ၊ နတ်ဘုံကို ရောက်ရတာကိုး။ ဒီတော့ လူ့ဘဝနတ်ဘဝ စုဆောင်းသောအားဖြင့် ကာမာဝစရကုသိုလ် ပြုရတယ်။ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန် ဆိုတဲ့ ရူပကုသိုလ် ပုညာဘိသင်္ခါရက ဗြဟ္မာ့ဘုံမှာ ဖြစ်စေနိုင်တယ်။ ပထမစျာန်ကြောင့် ပထမစျာန်ဗြဟ္မာ့ဘုံ၊ ဒုတိယစျာန်၊ တတိယစျာန်ကြောင့် ဒုတိယစျာန်ဗြဟ္မာ့ဘုံ၊ စတုတ္ထစျာန်ကြောင့် တတိယစျာန်ဗြဟ္မာ့ဘုံ၊ ပဉ္စမစျာန်ကြောင့် စတုတ္ထစျာန်ဗြဟ္မာ့ဘုံလို့ သူ့စျာန်ကုသိုလ်နဲ့ သူ့ဘုံရှိတယ်။ အဲဒီလို ဗြဟ္မာ့ဘုံမှာဖြစ်ဘို့ရာ ဗြဟ္မာဘဝ ရောက်ဘို့ရာ အရင်းအနှီး စုဆောင်းသောအားဖြင့် စျာန်ကုသိုလ်လုပ်ရတယ်။ အဲဒါကို အကြောင်းပြုပြီးတော့ သမ္ဘဝန္တိ၊ ဘဝအရင်းအနှီး စုဆောင်းသောအားဖြင့် ဖြစ်ပွား၍ နေကြလေကုန်၏။ အဲဒီ အဓိပ္ပါယ်ကို ရည်ရွယ်၍ အာနန္ဒာဟု၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသည် လို့ လင်္ကာကဆိုတာ။ ပွားတယ်ဆိုတာ ဖြစ်တာကို ပြောတာ။ ဘဝအရင်းအနှီး ဖြစ်သည်တဲ့။

ဘဝအရင်းအနှီးဖြစ်လျှင် ဘာဖြစ်မှာလည်းဆိုတော့ ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း လို့ နိဂုံးချုပ်လိုက်တယ်။ ဘဝအရင်းအနှီးဖြစ်လျှင် ဒီသတ္တဝါဟာ ဝဋ်ခင်းဝဋ်နွယ် ဘယ်မှာတိုမလဲ။ ပြတ်မလဲ။ ရှည်တော့တာပေါ့။ အေး...ဘဝသံသရာ မပြတ်မစဲ ဆက်လက်ပြီးတော့ ရှည်သွားလိမ့်မယ်လို့ နိဂုံးချုပ်စကား ပြလိုက်တယ်။

ဘဝနှီးရင်း၊ ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း ဆိုတဲ့စကားဟာ နိဂုံးစကား။ ပဏာမစကားနဲ့ ပဋိညာဉ်စကားက နိဒါန်းစကား၊

https://www.thitsarparamisociety.com/



ဝဠ်ခင်းဝဠ်နွယ် ရှည်သတည်း ဆိုတာက နိဂုံးစကား။ စကားမှာ အစနိဒါန်း လည်း ပါရတယ်။ နိဂုံးလည်း ပါရတယ်။

သင်္ခါရပစ္စယာ ဝိညာဏံ၊ သင်္ခါရပစ္စယာ ပုညာဘိသင်္ခါရ၊ အပုည ဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ခဲ့ခြင်းကြောင့် ဝိညာဏံ၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိ ညာဏ် ဆိုတဲ့ ဝိညာဏ်ခြောက်ပါးသည်။ သမ္ဘဝန္တိ၊ ဘဝသစ်မှာ ဖြစ်ပွားရ ပြန်၏။ ကံသင်္ခါရတွေ ပြုလုပ်ခဲ့တော့ကာ နောက် ဘဝသစ်ကျတော့ ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်တွေ မဖြစ်ပေဘူးလား။ ဒီတော့ ထိုထို ဘဝတွေမှာ ဝိညာဏ်ဖြစ်မှုသည် ဘာကြောင့်ဖြစ်သလဲ။ ရှေးအတိတ်က ကံကို ပြုလုပ်ခဲ့လို့ ဖြစ်တာ။

ဥဒ္ဓစ္စစေတနာသည် ကြဉ်အပ်သောအကုသိုလ်ကံ တစ်ဆယ့်တစ်ပါး၊ ဥဒ္ဓစ္စစေတနာက ပဋိသန္ဓေ အကျိုးမပေးနိုင်ဘဲကိုး။ လောဘနဲ့ယှဉ်တဲ့ စေ တနာ ရှစ်ပါး။ ဒေါသနဲ့ယှဉ်တဲ့စေတနာနှစ်ပါး။ ဝိစိကိစ္ဆာနဲ့ယှဉ်တဲ့ စေတ နာ တစ်ပါး။ ဒီစေတနာတစ်ဆယ်တစ်ပါးက ပဋိသန္ဓေ အကျိုးကို ပေးနိုင် တယ်။ စိတ်ပျံ့လွင့်တဲ့ ဥဒ္ဓစ္စစေတနာက ပဋိသန္ဓေအကျိုးကို မပေးနိုင်ဘူး။ ဥဒ္ဓစ္စစေတနာကြောင့် အပါယ်လေးပါးမှာ ပဋိသန္ဓေဝိညာဏ် မဖြစ်နိုင်ဘူး။ ဒီတော့ လောဘစေတနာကြောင့် အပါယ်လေးပါးမှာ ပဋိသန္ဓေဝိညာဏ် ဖြစ်နိုင်တယ်။ ဒေါသစေတနာကြောင့် အပါယ်လေးပါးမှာ ပဋိသန္ဓေဝိညာဏ် ဖြစ်နိုင်တယ်။ ဝိစိကိစ္ဆာစေတနာကြောင့် အပါယ်လေးပါးမှာ ပဋိသန္ဓေဝိ ညာဏ် ဖြစ်နိုင်တယ်။

ဒီတော့ အပါယ်လေးပါးမှာ ပဋိသန္ဓေဝိညာဏ် ဖြစ်တဲ့အခါ ဘုံအား ဖြင့်တော့ လေးဘုံ၊ သတ္တဝါအားဖြင့်တော့ အနန္တ၊ အပါယ်လေးဘုံ သတ္တ ဝါတွေ ရေနိုင်သလား။ မရေနိုင်ဘူး။ အင်မတန်များပြားတယ်။ အပါယ်ဘုံ သတ္တဝါတွေ အလွန်များပြားနေသော်လည်း ပဋိသန္ဓေစိတ်ကတော့ တစ်ခု တည်း ရတယ်။ အကုသလဝိပါက်၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာန

https://www.thitsarparamisociety.com/



ဝိညာဏ်၊ ဇီဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ လို့ အကုသလဝိပါက် ခုနစ်ပါး ရှိတယ်။ အဲဒီ ခုနစ်ပါးထဲက သန္တီရဏဆိုတဲ့ စိတ်ကလေးဟာ အပါယ်လေးဘုံမှာ ပဋိသန္ဓေဝိညာဏ်အဖြစ်နဲ့ သွားရတာ။

ငရဲဘုံမှာလည်း ပဋိသန္ဓေဝိညာဏ်စိတ်က အကုသလဝိပါက် သန္တီရဏဘဲ။ တိရစ္ဆာန်ဘုံမှာလည်း ပဋိသန္ဓေစိတ်က အကုသလဝိပါက်သန္တီရဏဘဲ။ ပြိတ္တာဘုံမှာလည်း ပဋိသန္ဓေစိတ်က အကုသလဝိပါက်သန္တီရဏဘဲ။ အသူရကာယ်ဘုံမှာလည်း ပဋိသန္ဓေစိတ်က အကုသလဝိပါက်သန္တီရဏဘဲ။ ဟောအပါယ်လေးဘုံမှာ သတ္တဝါတွေ ဘယ်လောက်များများ ပဋိသန္ဓေ တစ်ပါးတည်းရယ်။ အဲဒီ ပဋိသန္ဓေတစ်ပါးတည်းသာ ဘယ်ကံများကြောင့် ဖြစ်ရသလဲဆိုတော့ လောဘအကုသိုလ်ကံရှစ်ပါး၊ ဒေါသအကုသိုလ်ကံ နှစ်ပါး၊ ဝိစိကိစ္ဆာ အကုသိုလ်ကံတစ်ပါး၊ အဲဒီအကုသိုလ်ကံ တစ်ဆယ်တစ်ပါးကြောင့် အပါယ်လေးပါးမှာ ပဋိသန္ဓေဝိညာဏ်တစ်ပါး ဖြစ်တယ်။

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံလို့ ဟောတော်မူသည့်အတိုင်း အဝိဇ္ဇာကြောင့်အကုသိုလ်သင်္ခါရဖြစ်၊ အကုသိုလ်သင်္ခါရကြောင့် အပါယ်လေးဘုံမှာ ပဋိသန္ဓေဝိညာဏ်ဖြစ်၊ ဒါဖြင့် ဝတ္ထုကလေးတစ်ခု ပြောကြအုံးစို့ရဲ့။ နဲနဲတော့ အချိန်နည်းသွားပြီ။ သိပ်အကြာကြီးတော့ မဟောတော့ပါဘူး၊ စိုးရိမ်မနေကြပါနဲ့။

ကဿပမြတ်စွာဘုရားရဲ့ လက်ထက်တော်က လူတစ်ယောက်ကို မိတ်ဆွေတစ်ယောက် ဘုရားဖူးသွားရအောင် သူငယ်ချင်းရေလို့ အဖော်လာညှိသတဲ့။ ဒီတော့ ဘုရားဖူးသွားရအောင်လို့ အဖော်သွားညှိတော့ လူတစ်ယောက်က ဘယ့်နှယ်ပြောတယ်။ မအားသေးဘူးသူငယ်ချင်းရေ။ လယ်ထွန်သွားစရာကိစ္စ ရှိသေးတယ်။ ဒီလောက်တင်မနေဘဲနဲ့ မင်းဘုရားက ငါ့လယ်ကူထွန်ပေးမှာ မဟုတ်ပါဘူးကွာ။ ဒီ စကားလုံးလေး ထည့်လိုက်တယ်။ ဒီတော့ မသိမိုက်မဲမှု အဝိဇ္ဇာကြောင့် မင်းဘုရားက ငါ့လယ်ကို ကူထွန်ပေးမှာ မဟုတ်ပါဘူးဆိုတဲ့ ဝစီကံအကုသိုလ်သင်္ခါရ ထိုက်သွားပြီ။ အဝိဇ္ဇာပစ္စယာသင်္ခါရပုဒ်ထဲ အကြုံးဝင်သွားပြီ၊ အဝိဇ္ဇာပစ္စယာ၊ မသိမိုက်မဲမှုဟူသော

https://www.thitsarparamisociety.com/



အကြောင်းခံကြောင့်။ သင်္ခါရာ၊ မင်းဘုရားက ငါ့လယ်ကူထွန်ပေးမှာ မဟုတ်ပါဘူးဆိုတဲ့ အကုသိုလ်သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွား၍ သွားရှာလေကုန်၏။ အေး…မလိုက်အားသေးဘူး သူငယ်ချင်းရာ၊ ကိုင်း…သွားပါတော့။ ဒီလိုဆိုလိုက်လျှင် ဘာအပြစ်မှ မရှိဘူး။ ငါ့မှာလယ်ထွန်ရအုံးမယ်ကွ၊ မင်းဘုရားက ငါ့လယ်ကူထွန်ပေးမှာ မဟုတ်ပါဘူး။ အဲဒီလိုပြောလိုက်တော့ ဝစီကံအကုသိုလ်သင်္ခါရ ဖြစ်သွားတယ်။ ဒီလူ သေတဲ့အခါမှာ တောကြီးထဲသွားပြီးတော့ နွားတစ်ယှဉ်းနဲ့ စေဟဲ့၊ တောဟဲ၊ စေဟဲ့၊ တောဟဲနဲ့ လယ်ထွန်နေရတဲ့ လယ်ထွန်ပြိတ္တာကြီး သွားဖြစ်တယ်။ လယ်ထွန်ပြိတ္တာကြီးသွားဖြစ်တော့ အဲဒီ ပြိတ္တာကြီးရဲ့ဝိညာဏ်က ဘာဖြစ်ရမယ်။ အကုသလဝိပါက်သန္တိရဏဝိညာဏ်၊ သင်္ခါရပစ္စယာ၊ မင်းဘုရားက ငါ့လယ်ကူထွန်မပေးပါဘူးဆိုတဲ့ အကုသိုလ်ကံသင်္ခါရကြောင့်။ ဝိညာဏံ၊ လယ်ထွန်၍နေရတဲ့ လယ်ထွန်ပြိတ္တာကြီး၏ဝိညာဏ်သည်။ သမ္ဘဝန္တိ၊ ပြိတ္တာဘုံမှာ ဖြစ်ပွားရှာလေ၏။

အဝိဇ္ဇာကြောင့် ဝစီကံအကုသိုလ်သင်္ခါရဖြစ်တယ်။ ဝစီကံအကုသိုလ်သင်္ခါရကြောင့် လယ်ထွန်ရတဲ့ ပြိတ္တာကြီး ဖြစ်ရတယ်။

ဒို့ဘုရားသာသနာတော်ကျတော့ ရဟန်းတော်တွေ ဗောဓိပင်ကို ဘုရားဖူးသွားကြသတဲ့။ ဗောဓိပင်ကို ဘုရားဖူးသွားကြတော့ အဲဒီတောကြီးထဲ ရောက်သွားတယ်။ အဲဒီတောကြီးထဲ ရောက်သွားတဲ့အခါ စေဟဲ့၊ တောဟဲ့၊ စေဟဲ့၊ တောဟဲ့နဲ့ လယ်ထွန်နေတဲ့ ပြတ္တာကြီးတွေ့တော့ သူတို့က လူဒကာကြီးမှတ်တာကိုး။ ဟာ…ဒီတကာကြီးတော့ မေးရအုံးမယ်၊ ဒို့လည်းမျက်စိလည် လမ်းမှားနေပြီ။ ဘယ်သွားရမှန်းမသိဘူးလို့၊ လယ်ထွန်နေတဲ့ ပြိတ္တာကြီးဆီသွားပြီးတော့ ဒကာကြီး …ဒို့မျက်စိလည် လမ်းမှားနေလို့ ဗောဓိပင်ကို ဘယ်လမ်းက သွားရမလဲလို့ မေးတယ်။ အရှင်ဘုရားတို့မျက်စိလည်တာက ခုမှပါ။ တပည့်တော်က ကဿပမြတ်စွာဘုရား လက်ထက်ထဲက ယခုထက်ထိထွန်ရတုန်း၊ လည်ရတုန်းပါဘုရား။ နောင်လည်း ဘယ်သွားရမှန်းမသိပါဘူးလို့ ပြိတ္တာကြီးက ဗောဓိပင်ကို ဘုရားဖူးသွားတဲ့ ရဟန်းတော်တွေကို လျှောက်ထားသတဲ့။

https://www.thitsarparamisociety.com/



ဒီတော့ မသိမိုက်မဲမှု အကုသိုလ်ကြောင့် ဝစီကံအကုသိုလ်ဖြစ်၊ ဝစီကံအကုသိုလ်ကြောင့် အပါယ်ပဋိသန္ဓေ ဖြစ်၊ ဒါဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာဝိညာဏံ ဆိုတဲ့အတိုင်း သင်္ခါရဟူသော အကြောင်းကြောင့် ပဋိသန္ဓေဝိညာဏ် ဖြစ်ပြီး၊ ပဋိသန္ဓေဝိညာဏ်သာ မဟုတ်ဘူး။ ပဝတ္တိဝိညာဏ်လည်း ဖြစ်ရအုံးမှာဘဲ။

ပါဠိတော်က တတ္ထ ကတမံ သင်္ခါရပစ္စယာဝိညာဏံ၊ စက္ခုဝိညာဏံ၊ သောတဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှာဝိညာဏံ၊ ကာယဝိညာဏံ၊ မနောဝိညာဏံ၊ ဣဒံ ဝုစ္စတိသင်္ခါရပစ္စယာဝိညာဏံ လို့ ဒီလိုဆိုထားတာကိုး။ ဒီတော့ အကုသိုလ်သင်္ခါရကြောင့် ပဝတ္တိအခါမှာ အကုသလဝိပါကဉာဏ် ဖြစ်ရပြန်တယ်။

ကိုင်း...ဒီအကုသလဝိပါက်ဝိညာဏ်က ပဝတ္တိအခါမှာ ဘယ်သတ္တဝါတွေ၊ ဘယ်ဘုံတိုင်အောင် ဖြစ်နိုင်ပါသလဲလို့ တခါလိုက်စမ်းအုံး။ အပါယ်လေးပါးမှာရှိတဲ့ သတ္တဝါတွေမှာ မကောင်းတာလည်း ပြုရတယ်။ မကောင်းတာလည်း ကြားရတယ်။ မကောင်းတာလည်း နံရတယ်၊ မကောင်းတာလည်း စားရတယ်၊ မကောင်းတာလည်း တွေ့ထိရတယ်၊ မကောင်းသောအိပ်ပျော်ခြင်းဖြင့်လည်း ဘဝင်ကျရတယ်။ အဲဒါ ပဝတ္တိဝိညာဏ်တွေ မဟုတ်လား။ ဒီတော့ အပါယ်လေးဘုံမှာ အကုသလဝိပါက် အကုသိုလ်၏အကျိုးဖြစ်တဲ့ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ ဘဝင်ဝိညာဏ်ဆိုတဲ့ ဝိညာဏ်ခြောက်ပါးစလုံး ပဝတ္တိအခါမှာ ဖြစ်နိုင်တယ်။

ကိုင်း...ဒါဖြင့် ရှေ့လာခဲ့အုံး။ လူ့ပြည်မှာ အကုသိုလ်ကြောင့် အကုသလဝိပါက်ဝိညာဏ် မဖြစ်နိုင်ဘူးလား။ ဖြစ်နိုင်တယ်။ လူတွေလည်း မကောင်းတာ မြင်ရတယ်၊ မကောင်းတာကြားရတယ်၊ မကောင်းတာနံရတယ်၊ မကောင်းတာစားရတယ်၊ မကောင်းတဲ့အတွေ့အထိနဲ့ တွေ့ထိရတယ်ဆိုတဲ့ အကုသလဝိပါက်တွေ မကြုံကြဘူးလား။ ကြုံကြတာဘဲ။ ဒါရှေးရှေးကကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် ပဝတ္တိအခါမှာ ကြုံရတာ။ ဘဝင်ဝိညာဏ်

https://www.thitsarparamisociety.com/



ကတော့ လူက ပဋိသန္ဓေနေတုန်းက အကုသလဝိပါက်နဲ့ ပဋိသန္ဓေနေခဲ့တာကိုး။ ဒီတော့ ဘဝင်ကျတဲ့အခါမှာ အကုသလဝိပါက် ဘဝင်မကျစကောင်းဘူး။ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း၊ တွေ့ထိခြင်း ဆိုတဲ့ ဝိပါက်ဝိညာဏ် ရတော့ လူပေမယ်လို့ ပဝတ္တိအခါမှာ အကုသိုလ်၏အကျိုးတွေခံနေရတယ်။

ဒါဖြင့် စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီ ဆိုတဲ့ နတ်ပြည်ခြောက်ထပ်မှာကော ဒီအတိုင်းဘဲ။ နတ်မျက်စေ့က သာပြီးစူးသေးတယ်။ မကြည့်ချင်ပေမယ့် မြင်မှာဘဲ။ အဲဒီတော့ မကောင်းတာ မြင်ရတယ်၊ မကောင်းတာ ကြားရတယ်၊ မကောင်းတာနံရတယ်၊ မကောင်းတာ စားရတယ်၊ မကောင်းတာ တွေ့ထိရတယ် ဆိုတော့ နတ်ပြည်မှာကော အကုသလဝိပါက်ဝိညာဏ် မဖြစ်ဘူးလား၊ ဖြစ်တာပါဘဲ။

ဗြဟ္မာပြည်က ဗြဟ္မာကြီးတွေကျတော့ နှာခေါင်းကနံခြင်း၊ လျှာက အရသာ သိခြင်း၊ ခန္ဓာကိုယ်က အတွေ့အထိ သိခြင်းတော့ မရှိဘူးတဲ့။ ဃာနာဒိတ္တယံ နတ္ထိတဲ့လေ။ နှာခေါင်းကတော့ပါတယ်။ သူတို့နှာခေါင်းက အနံ့မနံဘူး။ ထွက်လေ ဝင်လေလည်း မရှူဘူး။ လျှာတော့ပါတယ်၊ သူတို့လျှာက အရသာကို မသိဘူး။ ခန္ဓာကိုယ်တော့ပါတယ်၊ သူတို့ခန္ဓာကိုယ်က အတွေ့အထိကို မသိဘူး။

ဒီတော့ ဗြဟ္မာမှာ မျက်စိရှိတယ်၊ နားရှိတယ်၊ နှလုံးရှိတယ်၊ ဗြဟ္မာမျက်စေ့က မြင်နိုင်တယ်။ ဗြဟ္မာနားက ကြားနိုင်တယ်။ ဗြဟ္မာနှလုံးက သိနိုင်တယ်။ အဲဒီ သုံးမျိုးရှိတယ်။ မြင်ခြင်း၊ ကြားခြင်း၊ သိခြင်းရှိတယ်ဆိုလျှင် အကုသလဝိပါက်စက္ခုဝိညာဏ်၊ အကုသလဝိပါက် သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဗြဟ္မာကြီးတွေမှာလည်း ဖြစ်စကောင်းတယ်။ အရူပဘုံမှာတော့ မျက်စေ့နားကို မရှိလို့ မဖြစ်စကောင်းဘူး။ အသညသတ်ဘုံမှာလည်း နာမ်တရားကိုက မရှိလို့ မဖြစ်စကောင်းတော့ဘူး။ ဒီတော့...

https://www.thitsarparamisociety.com/



အကုသိုလ်ရဲ့အကျိုးဟာ ပဝတ္တိအခါမှာ ဖြဟ္ဗာထိအောင်လိုက်တာ။ ပဋိသန္ဓေ အခါကလေးမှာတော့ အပါယ်လေးဘုံဘဲ ပေးတယ်။ ပဝတ္တိအခါမှာတော့ အကုသိုလ်အကျိုးဟာ လူ့ဘုံရော နတ်ဘုံရော ဖြဟ္ဗာဘုံရောပေးနိုင်သလောက် လျှောက်ပေးတာဘဲ။

ဤကဲ့သို့ ကြားနာရသော ဓမ္မသဝန ကုသိုလ်ကံစေတနာကြောင့် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်၏ပြတ်ရာပြတ်ကြောင်း ဖြစ်တဲ့တရားကို လျှင်မြန်စောစွာ ရရပါလိုသော်...ဟု ဆုတောင်းကြကုန်။

သာဓု–သာဓု–သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

https://www.thitsarparamisociety.com/



# မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းကျောင်းတိုက် ကျေးဇူးတော်ရှင် ဝေဠုဝတီဆရာတော်ဘုရားကြီး၏ မေတ္တာပို့ဘာဝနာ

## မေတ္တာ ၄ ပါး။

**သဗ္ဗေသတ္တာ၊ သတ္တဝါအားလုံး..................**

၁။ အဝေရာဟောန္တု၊ ဘေးရန်ကင်းကြပါစေ။

၂။ အဗျာပဇ္ဇာဟောန္တု၊ စိုးရိမ်ကြောင့်ကြ ကင်းကြပါစေ။

၃။ အနီဃာဟောန္တု၊ ကိုယ်စိတ်ဆင်းရဲ ကင်းကြပါစေ။

၄။ သုခီအတ္တာနံ ပရိဟရန္တု၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိ၍ မိမိကိုယ်ကို ဆောင်နိုင်ကြပါစေ။

## ကရုဏာ။

၁။ ဒုက္ခာမုစ္စန္တု၊ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

## မုဒိတာ။

၁။ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ရမြဲတိုင်းသောစည်းစိမ် ဆုတ်ယုတ်ပျက်စီးခြင်း ကင်းကြပါစေ။

## ဥပေက္ခာ။

၁။ ကမ္မဿကာ၊ ကံသာလျှင် မိမိဥစ္စာ ရှိကြပေကုန်လိမ့်မည်။